www.burmeseclassic.com

# နန္ဒာသိန်းဇံ

## အတွေးအခေါ်တို့လွှင့်မျောခြင်းနှင့်
## လူ၏အသက်တည်ရာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အတွေးအခေါ်တို့လွှင့်မျောခြင်း
# နှင့်
# လူ၏ဆောက်တည်ရာ

BURMESE CLASSIC .com

ရှိုင်းသစ်စာပေ

(ပဉ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# အတွေးအခေါ်တို့လွင့်မျောခြင်း
# နှင့်
# လူ့ငါဆောက်တည်ရာ

ထာဝရသဘောကိုလည်းကောင်း၊အဆုံးစွန်သော အမှန်တရားကိုလည်းကောင်း
ရှာဖွေကြသော အရှေ့အနောက် အတွေးအခေါ် ဒဿနပညာရှင်တို့၏
အခြေခံ အယူအဆများကို လေ့လာကြည့်ခြင်း

ပြုစုသူ
နန္ဒာသိန်းဇံ

လှိုင်းသစ်စာပေ
အမှတ်-၇ ၊ ၇-လွှာ၊ ၁၅-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၀၇၃၅၊ ၀၉၅၀ ၅၁၉၉၆

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ်-၁၉၈၃-ခု၊ စက်တင်ဘာလ။
ဒုတိယအကြိမ်-၁၉၈၅-ခု၊ နိုဝင်ဘာလ။
တတိယအကြိမ်-၁၉၈၇-ခု၊ ဒီဇင်ဘာလ။
စတုတ္ထအကြိမ်-၁၉၉၀-ခု၊ မေလ။
ပဥ္စမအကြိမ်ပုံနှိပ်ခြင်း ၂၀၀၉-ပြည့်နှစ်၊ ဇူလိုင်။

အုပ်ရေ (၃၀၀၀)

**မျက်နှာဖုံးပန်းချီ**
ပေါ်ဦးသက်

BURMESE CLASSIC .com

ရောင်းဈေး (၄၀၀၀-ကျပ်)

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၉၄၁၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၈၆၅၀၅၀၉

**ထုတ်ဝေသူ**
ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ
အမှတ်-၁၁၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးတင်အောင်ကျော်(မြ-၀၇၀၅၃)
စွယ်တော်ပုံနှိပ်တိုက်
အမှတ်-၁၄၇၊ ၅၁-လမ်း(အထက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**
လှိုင်းသစ်စာပေ
အမှတ်-၇၊ ၇-လွှာ၊ ၁၅-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၁၀၇၃၅၊ ၀၉၅၀ ၅၅၉၉၆

www.burmeseclassic.com

www.burmeseclassic.com



ဘဝဖြစ်စဉ်ကို အိပ်မက်ရှည်တစ်ခုနှင့် နှိုင်းယှဉ်လေ့ရှိကြ၏။ အိပ်မက်တစ်လျှောက်၌ ပျော်စရာ၊ ဝမ်းသာကြည်နူးစရာတို့လည်း ပါဝင်၍ အလိုမကျစရာ၊ စိတ်ပျက်စရာ၊ ကြောက်လန့်တုန်လှုပ်ဖွယ်ရာ ပူပန်ဆွေးမြည့်စရာတို့လည်း ပါဝင်လျက်ရှိ၏။ ထိုအခါ အိပ်မက်ထဲ၌ ပြုံးခြင်း၊ ရယ်ခြင်းတို့ကို ပြုသကဲ့သို့ ငိုခြင်း၊ ရှိုက်ခြင်း၊ မောဟိုက် နွမ်းနယ်ခြင်းတို့လည်း ဖြစ်ရ၏။ သို့ရာတွင် အိပ်မက်သည် အိပ်မက်သာဖြစ်၍ တကယ်မဟုတ်ချေ။

လူ၏ရုပ်နာမ်တို့သည် ခဏမလပ်ဖြစ်ပျက်မှုတို့ဖြင့် ပြောင်းလဲလျက်ရှိသည်။ မြင်မှုဖြစ်ခြင်း၌ သက်ဆိုင်ရာ ရုပ်တို့နှင့်တကွ အကောင်းအဆိုး ခံစားမှု ဝေဒနာများ၊ အမျိုးမျိုးသော မှတ်သားမှုများ၊ စေတနာများ၊ သိမှုများတည်းဟူသော နာမ်သဘောတို့သည်လည်းတစ်ပေါင်းတည်းဖြစ်ကြ၏။ ထိုတစ်ပေါင်းတည်းဖြစ်ကြသော ရုပ်နာမ်ခန္ဓာတို့သည် ခဏတွင်း ပျက်၍သွားကြ၏။ ထပ်၍ထပ်၍ မြင်မှုဖြစ်ရာ၌လည်း ရုပ်နာမ်ခန္ဓာတို့သည် ထပ်၍ထပ်၍ပျက်သွားကြ၏။ ထိုနည်းတူ အခြားအခြားသော ကြားမှု၊ နံမှု၊ လျက်မှု၊ ထိမှု၊ တွေးကြံမှုတို့ ဖြစ်ကြရာ၌လည်း.... အထက်ပါ မြင်မှုမှာကဲ့သို့ပင် ရုပ်နာမ်ခန္ဓာတို့ တစ်ပေါင်းတည်း ဖြစ်ကြသည်။ ထိုရုပ်နာမ်ခန္ဓာတို့သည် ဖြစ်ကြတိုင်း ဖြစ်ကြတိုင်း ပျက်၍ပျက်၍ ချည်းသွားကြ၏။ သို့ရာတွင် ဤသို့ဖြစ်ကြတိုင်း ဖြစ်ကြတိုင်း ပျက်၍ပျက်၍သွားသော အမှန်သဘောကို နေ့စဉ်ဘဝ၌ အသုံးပြုနေသော ကျွန်ုပ်တို့၏ အသိဉာဏ်မျှဖြင့် မမြင်နိုင်ချေ။

ထိုသို့မသိမြင်သည့်အခါ ထိုမြင်ရ၊ ကြားရခြင်းတို့ကို အဟုတ်တကယ်အနေ၊ မြဲသည့်အနေဖြင့် ထပ်မြင်မိသွား၏။ ထိုသို့အဟုတ်

(ပဉ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



တကယ်မဟုတ်သည်ကို အဟုတ်တကယ်အနေဖြင့် ထင်မြင်မိသွားသောကြောင့် အဟုတ်တကယ်ပင် ချစ်စရာ၊ မုန်းစရာ၊ တပ်မက်စရာ၊ စွဲလမ်းစရာ၊ အလိုမကျစရာ၊ ဝမ်းနည်းစရာ၊ ဝမ်းသာစရာ၊ ပူပန်စရာတို့အဖြစ်ထင်မှတ်၍ တကယ်ပင်ချစ်ခြင်း၊ မုန်းခြင်း၊ တပ်မက်စွဲလမ်းခြင်း၊ အလိုမကျခြင်း၊ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ပူပန်သောက ရောက်ခြင်းတို့ ဖြစ်ရ၏။ ဤသို့ဖြစ်ရခြင်းများသည် အိပ်မက်၌ အမှန်မဟုတ်သည်တို့ကို အမှန်အဟုတ်အနေ ထင်မှတ်ခြင်းများဖြစ်၍ ဝမ်းနည်းဝမ်းသာတို့ ဖြစ်ခြင်းမျိုးကဲ့သို့ပင်တည်း။

မြင်မှုသည် မြင်ပြီး ပျက်သွားသည်ကိုလည်းကောင်း၊ ထပ်၍ထပ်၍မြင်မှုတို့သည် ထပ်၍ထပ်၍ ပျက်သွားသည်ကိုလည်းကောင်း အမှန်အကန် မသိသည့်အခါ မိမိမြင်သော အရာသည် မိန်းမဖြစ်သည်၊ ယောကျ်ားဖြစ်သည်၊ သူဖြစ်သည်၊ ငါဖြစ်သည်၊ ငါ့သားဖြစ်သည်၊ ငါ့သမီးဖြစ်သည်၊ ငါ့ဥစ္စာဖြစ်သည်၊ ငါ့အိမ်ရာ ဖြစ်သည်.... ယင်းတို့သည် ချစ်ဖွယ်ဖြစ်သည်၊ မုန်းဖွယ်ဖြစ်သည်၊ မြတ်နိုးဖွယ်ဖြစ်သည်၊ သာယာဖွယ်ဖြစ်သည် စသည်ဖြင့် အမျိုးမျိုးထင်မှတ်မှုများဖြစ်ကြရ၏။ အခြားအခြားသော ကြားမှု၊ နံမှု၊ လျက်မှု၊ ထိသိမှု၊ တွေးကြံမှုတို့၌လည်း အထက်ပါနည်းတူပင်ဖြစ်၏။

ရုပ်နာမ်ခန္ဓာတို့သည် ခဏမလပ် ဖြစ်ပျက်ပြောင်းလဲလျက်ရှိကြသည်။ မျက်တောင်တစ်ခတ်လျှပ်တစ်ပြက်အတွင်း၌ ရုပ်တို့သည် ခဏပေါင်း ကုဋေငါးထောင်မက၊ နာမ်တို့သည် ခဏပေါင်း ကုဋေတစ်သိန်းမကဖြစ်ပျက်နေရကား ကျွန်ုပ်တို့မြင်ကြား၊ ထိတွေ့ရခြင်းတစ်ခုခုကို "ဤအရာ"ဟု ထောက်ပြ ပြောဆိုလိုက်သည်နှင့် တစ်ပြိုင်နက် "ဤအရာ"သည် ဤအရာမဟုတ်တော့ဘဲ "ထိုအရာ" ဖြစ်လျက်ရှိ၏။ "ဤအရာ" ဟု သိသောအသိသည် ဤအရာကို သိသောအသိမဟုတ်တော့။ မူလအရာမဟုတ်တော့သော အရာကို သိသောအသိမျှသာ ဖြစ်လျက်ရှိသည်။

ဖြစ်ခြင်း၌ ပျက်ခြင်းသည် ထက်ကြပ်ပါနေရကား ကျွန်ုပ်တို့က "ဤမိန်းမ" "ဤယောကျ်ား" ဟု ပြောနေစဉ် ..... ထင်နေစဉ်၌ပင် ဤမိန်းမသည် ဤမိန်းမ မဟုတ်တော့။ ဤယောကျ်ားသည်လည်း ဤယောကျ်ားမဟုတ်တော့။ တကယ်အမှန်သဘာဝ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဖြစ်ပြီးပျက်နေသော ရုပ်နာမ်တို့မှတစ်ပါး အခြားမရှိချေ။ သို့ရာတွင်..... ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်သွားသည်ကို မမြင်လိုက်နိုင်သောကြောင့် တကယ်ရှိနေသေးသည့်အနေ၊ တကယ်ဟုတ်နေသေးသည့်အနေ၊ တကယ်မြဲနေသေးသည့်အနေ ထင်မှတ်သည်။ ထိုသို့ထင်မှတ်မှုအပေါ် ထပ်ဆင့်၍ "စိတ်ကူးပုံ" အမျိုးမျိုးကို ဖွဲ့စည်းဆက်စပ်တည်ဆောက်သည်။ တကယ်မဟုတ်သည်ကို အဟုတ်တကယ်အနေတည်ဆောက်မိသော "စိတ်ကူးပုံ" အမျိုးမျိုးကိုပင် ချစ်မှု၊ မုန်းမှု၊ အလိုမကျမှု၊ ကြည်နူးမှု၊ လွမ်းဆွတ်မှုတို့ဖြစ်ကြပြန်သည်။ အိပ်မက်၌ တကယ်မဟုတ်သည်တို့ကို တကယ်အဟုတ်ထင်လျက် ဝမ်းနည်းမှု၊ ဝမ်းသာမှု၊ ချစ်မှု၊ မုန်းမှု၊ ပူဆွေးမှု၊ ကြောက်ရွံ့မှု၊ ငိုရှိုက်မှုတို့ဖြစ်နေသကဲ့သို့ပင်တည်း။ သို့ဖြစ်ခြင်းကြောင့် ဘဝဟူသည်မှာ အိပ်မက်ရှည်တစ်ခုကဲ့သို့ပင် ဖြစ်လေသည်။

ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုသဘာဝ၊ ရုပ်နာမ်တို့၏ဖြစ်စဉ်ကို မှန်ကန်စွာမသိမြင်မှုကြောင့်ပင် ထိုရုပ်နာမ်တို့နှင့် ပတ်သက်၍ မိမိတို့ထင်မိထင်ရာတွေးခေါ်ကြ၏။ ဘဝအပေါ်၌ အယူအဆအမျိုးမျိုး အမြင်အမျိုးမျိုးဖြင့် ဘဝဆိုင်ရာ ဒဿနတို့ကို တည်ဆောက်ကြသည်။ ထိုသို့ တည်ဆောက်ထားသော ဘဝနှင့် ပတ်သက်သော အတွေးအခေါ် ဒဿနတို့ကို အဟုတ်အမှန် အခိုင်အမာအနေနှင့် ထင်မှတ်စွဲလမ်းယုံကြည်မိကြသည်။ ဘဝ၏ အားကိုးဆောက်တည်ရာအနေဖြင့်လည်း ဆွဲကိုင်မိကြသည်။

"....ဥပမာသော်ကား တောင်မှအစဖြစ်၍ တောင်အောက်သို့စီးဆင်းသော .... အဝေးသို့ရောက်သော.... ရေစီးသန်သောမြစ်သည် ရှိရာ၏။ ဖောင်းခါးမြက်၊ သမန်းမြက်၊ ဖြူဆံမြက်၊ ပြိတ်မြက်.... တို့သည် ထိုမြစ်ရေအလျဉ်သို့ ရေစုန်အလိုက်အဖျားများညွတ်လျက် တွဲရရွဲကျကာပေါက်ရောက်တည်နေရာ၏။ ထိုမြစ်ရေ အလျဉ်ဖြင့် မျောလာသော ယောကျ်ားသည် ထိုဖောင်းခါးမြက်ကို ဖမ်းကိုင်သည်ဖြစ်စေ.... သမန်းမြက်ကိုဖမ်းကိုင်သည်ဖြစ်စေ....မည်သည့်မြက်ကိုပင်လှမ်း၍ဖမ်းကိုင်သည်ဖြစ်စေ၊ ဖမ်းကိုင်သမျှမြက်တို့သည် အမြစ်မြေစိုင်နှင့်တကွ ပြုတ်ကျကုန်ရာ၏။ ထို



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားသည် ထိုအကြောင်းကြောင့် အကျိုးမဲ့ပျက်စီးခြင်းသို့ရောက်သကဲ့သို့ ....”

ဘဝဖြစ်စဉ် ဘဝရေစီး၌ အယူအဆ ဒဿနအမျိုးမျိုးကို ဆွဲယူကိုင်ဖမ်းကြ၏။ အချို့က လူ၌အတ္တဇီဝရှိသည်။ ထိုအတ္တဇီဝသည် မကျေမပျောက်သော၊ ထာဝရမြဲသော သဘောကိုဆောင်သည်။ ခန္ဓာတစ်ခုမှတစ်ခုသို့ ပြောင်းဝင်၍ ဘဝသံသရာကို ကျင်လည်ရသည်ဟူသော အတ္တဝါဒ(ဝါ) နာမ်ဝါဒကို ယုံကြည်၍ ထိုအတ္တဝါဒကို အဟုတ်အမှန်အခိုင်အမာအနေ၊ အားကိုးရာအနေ ဆွဲကိုင်မိသည်။

အချို့က လူသည် သက်ရှိရုပ်တို့၏ဖွဲ့စည်းမှုသာဖြစ်သည်။ သက်ဆိုင်ရာရုပ်အဖွဲ့အစည်းတို့ပြိုကွဲလျှင် ဘဝတစ်ခုသည်ထာဝရပြီးဆုံးသွားသည်။ ဘဝတစ်ဖန်ဟူ၍မရှိ။ ကုသိုလ်–အကုသိုလ်တို့၏ အကျိုးဆက်များသည်လည်းမရှိဟူသော ရုပ်ဝါဒကို အဟုတ်အမှန်အနေ၊ အခိုင်အမာဒဿနအနေဖြင့် ဆွဲကိုင်မိကြသည်။ ရုပ်ဝါဒအတွင်း၌ အမျိုးမတူသော ရုပ်ဝါဒအမျိုးမျိုး ရှိနေရကား အမျိုးမျိုးသော ဆွဲကိုင်မှုတို့ကို ပြုနေကြမည်ဖြစ်သည်။

အချို့သောအတ္တဝါဒီတို့က..... အတ္တ၌ရုပ်သဘော (ဝါ) ကံတရားတို့ စင်ကြယ်သွားရန် မိမိကိုယ်ကိုပင်ပန်းအောင် ညှဉ်းဆဲရမည်ဟု ယုံကြည်ကြသည်။ ထိုသို့ ကိုယ်ကိုပင်ပန်းအောင် ညှဉ်းဆဲပစ်ခြင်းဖြင့် (သက်ရောက်အကျိုးပေးစရာရှိသည့်ကံတို့ မြန်မြန်အကျိုးပေးသက်ရောက်သွားခြင်းကြောင့်) အတ္တ၌ ကံအနှောင်အဖွဲ့တို့ ကုန်သွားမည်။ “ကမ္မသရီရ” ဟုခေါ်သောရုပ်တို့ အတ္တ၌ နှောင်ဖွဲ့လာခြင်းကင်းသွားမည်။ ထိုအခါ အတ္တသည် ထာဝရလွတ်မြောက်ရေးကို ရရှိသွားမည်ဟု ယုံကြည်ကြသည်။ ဤသို့သော ယုံကြည်မှုဖြင့် မိမိတို့၏ ဒဿန အယူအဆကို အဟုတ်အမှန် အခိုင်အမာဒဿနအဖြစ် ဆွဲကိုင်ကြသည်။

အချို့သော အတ္တဝါဒီတို့က ယောဂကျင့်စဉ်များကို ကျင့်လျှင် အတ္တ၌ အဝိဇ္ဇာတို့ကင်းကုန်သွားမည်။ ဝေဒနာသညာတို့ ချုပ်ငြိမ်းသွားမည်။ ထိုအခါ အတ္တသည် ထာဝရလွတ်မြောက်မှုကိုရသွားမည်ဟု ယုံကြည်ကြသည်။ အတ္တဝါဒ၌လည်း အမျိုးမတူသော



www.burmeseclassic.com

www.burmeseclassic.com



အတ္တဝါဒ အမျိုးမျိုးရှိနေရကား အမျိုးမျိုးသော ယုံကြည်မှုဖြင့် ဘဝ၏ဆောက်တည်ရာအဖြစ် အမျိုးမျိုး ဆွဲကိုင်ကြမည်ဖြစ်သည်။

ရုပ်ဝါဒီများကမူ (အတ္တ၏ တည်ရှိမှုကို မယုံကြည်သော သူများဖြစ်သောကြောင့်) သေသည်၏အခြားမဲ့၊ သေသည်၏ဟိုမှာ ဘက်ကို လှမ်းမျှော်၍ တွေးခေါ်ခြင်းများသည် အချည်းနှီးသော တွေးခေါ်မှုများသာဖြစ်သည်။ ရုပ်လွန်တွေးခေါ်မှု၊ ဒိဋ္ဌလွန် တွေးခေါ်မှုများသာဖြစ်၍ တွေဝေသော အတွေးအခေါ်များသာ ဖြစ်သည်ဟု ယူဆကြသည်။ ရုပ်ဝါဒီတို့က မျက်မှောက်ဘဝတစ်ခု တည်းသာရှိသည်ဟုယုံကြည်ကြသည်။ ထိုသို့ဘဝ တစ်ခုတည်းကိုသာ ယုံကြည်သောကြောင့် ရုပ်ဝါဒီများသည် ဘဝ တန်ဖိုးတို့ကို မွေးခြင်းနှင့်သေခြင်းကြားကာလအတွင်း၌သာ ရှာဖွေကြည့်သူများ ဖြစ်သည်။တစ်နည်းအားဖြင့် .... မွေးခြင်းနှင့် သေခြင်းကြားရှိဘဝဖြစ်စဉ်နှင့် စပ်လျဉ်းသော အတွေးအခေါ် ဒဿနတို့ကိုသာ တွေးခေါ် တည်ဆောက်ကြသူများဖြစ်သည်။ ထိုသို့တွေးခေါ် တည်ဆောက်ထားသော ၎င်းတို့၏ အတွေးအခေါ် ဒဿနတို့သည် မှန်သည်၊ ရှေ့နောက်ညီညွတ်သည်ဟုလည်း ယုံကြည်ကြ၍ ထိုယုံကြည်မှုဖြင့် ၎င်းတို့၏ အတွေးအခေါ် အယူအဆ ဒဿနတို့ကို အမှန်အကန် အခိုင်အခံ့အဖြစ် မိမိတို့ ဘဝခရီး–ဘဝရေစီး၌ ဆွဲကိုင်ကြသည်။

သို့ရာတွင် လောဘ၊ ဒေါသ၊ မောဟတရားများ၊ အိုခြင်း၊ နာခြင်းများ၊ ရောဂါအန္တရာယ်များဖြင့် အဟုန်ပြင်းစွာ စီးဆင်းနေသော ဘဝရေစီး၌ အထက်ပါ ရုပ်ဝါဒ၊ နာမ်ဝါဒ (ဝါ) အတ္တဝါဒဆိုင်ရာ အတွေးအခေါ် ဒဿနတို့ကို အားကိုးရာအဖြစ် ဆွဲကိုင်ပါက လူသည် ဆောက်တည်ရာ၊ ရပ်တည်ရာ၊ ရနိုင်ပါမည်လော။ စိုးရိမ်မှု၊ ထိတ်လန့်မှု၊ ကြောက်ရွံ့မှု၊ ငြီးငွေ့ စိတ်ပျက်မှုတို့ ဖြစ်ရခြင်းမှလည်းကောင်း၊ ၎င်းဆိုင်တိုးရတော့မည့်သေခြင်းတရား ဆီသို့ ညှိုးငယ်စွာ လှမ်းကြည့်ရင်း "လူ့အဖြစ်သည် အချည်းနှီး ပါတကား" ဟူသော ခံစားမှုများဖြင့် ဆောက်တည် အားကိုးရာ မရ ဖြစ်ရခြင်းတို့မှလည်းကောင်း လွန်မြောက်နိုင်ပါမည်လော ....။ အခြားမည်သည့်အရာကို ဆောက်တည်ရာအဖြစ်ဆွဲကိုင်ဦးမည်နည်း။ ....ဖောင်းခါးမြက်၊ သမန်းမြက်၊ ပြိတ်မြက် အစရှိသည့်ဖမ်းကိုင်မိ



www.burmeseclassic.com

www.burmeseclassic.com



သမျှသော မြတ်တို့သည် အမြစ် မြေစိုင်နှင့်တကွ ပြုတ်ကျခြင်းကြောင့် အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်သောသူကဲ့သို့ ရှေ့တွင် ကျွန်ုပ်တို့ ဆွဲကိုင်ဦးမည့် အရာတို့သည် အမြစ် မြေစိုင်နှင့် တကွ ပြုတ်ကျမည့်အရာများ ဖြစ်လိမ့်မည်လော .... ကျွန်ုပ်တို့သည်လည်း အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်ရလေမည်လော ....။

ဤစာအုပ်၌ လူကို စိတ်ဝင်စားကြသော လူ့အဖြစ်ကို သတိထား၍ အလေးပေး လေ့လာကြသော အရှေ့အနောက် ဒဿန ပညာရှင်တို့၏ "လူ၏ အဆုံးစွန်သော အားကိုးဆောက်တည်ရာ" နှင့် စပ်လျဉ်းသော အတွေး အမြင်များကို လေ့လာကြည့်ထား ခြင်း ဖြစ်ပါသည်။

နန္ဒာသိန်းဇံ

ဒဿနိကဗေဒဌာန
ရန်ကုန်တက္ကသိုလ်
(၇) အောက်တိုဘာ။ ၁၉၇၁-ခု၊



www.burmeseclassic.com

www.burmeseclassic.com

## ရည်ညွှန်းချက်

တစ်ချိန်က
ရွက်ဝါတွေ မောမောဟိုက်ဟိုက်ဝဲယိုင်
လွင့်မျောနေတတ်သည့်
ရွက်ကြွေတောမှအပြန်....
ချောင်းရေပြင်ဝယ် စာရေးခဲ့ပူး၏။
မိုးထိအောင် လှေကားထောင်၍
တိမ်အရုပ်ကို ဖမ်းဆုပ်ဖို့လည်း စိတ်ကူးခဲ့ပူး၏။

အခု....

လူ့ဘဝဟူသည် ရွက်ကြွေလိုလွင့်မျောခြင်း
အမှန်တရားဟူသည် ရေစီးနှင့်စာရေးခြင်း
ဒဿနဟူသည် တိမ်အရုပ်ကိုဖမ်းဆုပ်ခြင်း
မျှသာ....ဟု ထင်မြင်နေမိသည်ဆိုသော
မောင် အတွက်....။

(ပဉ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


အခန်း စာမျက်နှာ

အမှာ.... ....

အပိုင်း (၁)

လူသည် လူကိုနားလည်ရန် ကြိုးစားရာမှ ဖြစ်ပေါ်လာသော သံသယများ

၁။ လူ၏လွင့်လွင့်မျောမျောအတွေးအခေါ်များ .... ၃

အပိုင်း (၂)

တိုးတက်လာသော နက္ခတ္တပညာကြောင့် အလယ်ခေတ် အနောက်တိုင်း အတွေးအခေါ် လောကမှ လူနှင့် လူ၏ရုပ်တည်ရာကမ္ဘာလောက၏ ဂုဏ်သိက္ခာတို့ လျှော့ကျခြင်း

၂။ လူနှင့်လူ၏ရုပ်တည်ရာ၏ ခံ့ညားထည်ဝါမှုတို့ ပျောက်ဆုံးခြင်း .... ၃၇

အပိုင်း (၃)

ဒီဇော်လျူးရှင်း သီအိုရီများကြောင့် သတ္တလောက၌ ထည်ဝါခဲ့သည့် လူ၏ဂုဏ်သိက္ခာတို့ ထပ်မံလျှော့ကျခြင်း

၃။ ရည်ရွယ်ချက်မရှိဘဲ လူ့လောကသို့ရောက်လာသူ .... ၆၃

အပိုင်း (၄)

နက္ခတ္တပညာနှင့် ဒီဇော်လျူးရှင်း အယူအဆများကြောင့်ကျဆင်းသွားခဲ့ရသည့် လူ၏ ဂုဏ်သိက္ခာကို ဆင်ခြင်ခြင်းတရားဖြင့် ပြန်၍ မြှင့်တင်ခြင်း

၄။ ဆင်ခြင်ခြင်းတရားနှင့်အတူ လျှော့ကျခဲ့သော လူ၏ဂုဏ်သိက္ခာ .... ၈၅


(ပဉ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

အခန်း စာမျက်နှာ


အပိုင်း (၅)

လူ့ဘဝအပေါ် ထားရှိသော ဘဝဖြစ်တည်မှု ပဓာနဝါဒီတို့ အယူအဆ သဘောထားများ

၅။ အဓိပ္ပာယ်မရှိခြင်း၌ အဓိပ္ပာယ်ဖော်ယူရန် ကြိုးစားခြင်း .... ၁၁၁

အပိုင်း (၆)

စိတ်အခြေခံဝတ္ထုဖြင့် လူ၏ဂုဏ်သိက္ခာကို မြှင့်တင်ခြင်း

၆။ စိတ်ကူးကြံဆမှုနယ်ပယ်၌သာရှိသော အခြေခံဝတ္ထု .... ၁၄၁

အပိုင်း (၇)

ထာဝရ အခြေခံဝတ္ထုကို လက်ခံခြင်း၊ ချေဖျက်ခြင်းပြုကြသော အနောက်တိုင်းဒဿနပညာရှင်၊ စိတ်ပညာရှင်တို့၏ အယူအဆများ

၇။ ယိမ်းယိုင်သွားသော လူ၏ အားကိုးဆောက် တည်ရာ .... ၁၆၅

အပိုင်း (၈)

လူကို ဗဟိုပြု၍ တွေးခေါ် ရှုမြင်ကြသော စောစောပိုင်း အိန္ဒိယဒဿနပညာရှင်များ၏ အယူအဆများ

၈။ လူကိုချဉ်းကပ်သောနည်းလမ်း၏ချွတ်ယွင်းခြင်း နှင့် တွေဝေသော အတွေးအခေါ်များ .... ၁၈၅

အပိုင်း (၉)

အတ္တဝါဒဖြင့်လူ၏အားကိုးဆောက်တည်ရာကိုရှာဖွေသော အိန္ဒိယဒဿနဂိုဏ်းများမှ အယူအဆများ

၉။ အဆုံးစွန်သော အမှန်တရားကို ရှာဖွေခြင်း .... ၂၁၉


(ပဋ္ဌမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

အခန်း စာမျက်နှာ


အပိုင်း (၁၀)

အတ္တ(ဝါ)စိတ်အခြေခံဝတ္ထု၊ ရုပ်အခြေခံဝတ္ထုတို့ လွှဲဆိတ်သုဉ်းကြောင်းကို –ဗုဒ္ဓဒဿနမှ ဖြေရှင်းချက်များ

၁၀။ စိတ်–ရုပ်တို့ ဆက်နွယ်ဖြစ်ပျက်မှုနှင့် လူ့ဘဝ ဖြစ်စဉ် .... ၂၄၇

အပိုင်း (၁၁)

ပြောင်းလဲခြင်းကို အမှန်တရားအဖြစ် လက်ခံသော ဒဿနအမြင်မှ လူကိုချဉ်းကပ်လေ့လာခြင်း

၁၁။ ထာဝရသဘောတို့ ရွေ့လျောခြင်း .... ၂၇၇

အပိုင်း (၁၂)

စိတ်စူးစိုက်တည်ငြိမ်ခြင်းမျှကိုသာ ဖြစ်စေနိုင်သော ကျင့်စဉ်များဖြင့် ရုပ်နာမ်တို့၏ အမှန်သဘာဝကို မသိမြင်နိုင်ခြင်း

၁၂။ ခိုင်မြဲခြင်း အခြေပြုဒဿနကို ချေဖျက်ခြင်း .... ၃၁၅

အပိုင်း (၁၃)

မဇ္ဈိမပဋိပဒါကျင့်စဉ်ဖြင့် ဉာဏ်အဆင့်ဆင့်တို့ ဖြစ်ပေါ်၍ လူ့ဘဝ၏ အမှန်သဘာဝကို သိမြင်ခြင်း

၁၃။ ဘဝ၏ဆောက်တည်ရာ .... ၃၅၇

ကျမ်းကိုးစာရင်း .... ၃၉၁

အက္ခရာစဉ်အညွှန်း .... ၄၀၁


(ပဌမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



# လူသည် လူကိုနားလည်ရန် ကြိုးစားရာမှ ဖြစ်ပေါ်လာသော သံသယများ

အနောက်တိုင်း ဘာသာရေး၊ ဒဿနပညာတို့ ဝန်းကျင်၌ ကြီးရင့်လာသော လူ၏စိတ်တွင်းသို့ အခြေအနေ အရပ်ရပ်ကြောင့် အောက်ပါ မေးခွန်းများသည် ဝင်လာတတ်ကြ၏။

''အဘယ်ကြောင့် ဤလောကလူ့ဘဝသို့ ငါရောက်လာလေသနည်း။ ဤလောကကြီးသို့ တစ်စုံတစ်ရာသော ရည်ရွယ်ချက်ဖြင့် ရောက်လာခြင်း ပေလော။ ဘာလုပ်ဖို့အတွက် ရောက်လာလေသနည်း။ ငါ့အား ဤလောကသို့ လာလိုသလား၊ မလာလိုသလား ....ကို မမေးမြန်း မဆွေးနွေးဘဲနှင့် ဤလောကသို့ ရောက်လာအောင် အတင်းအကျပ်ပို့ပေးလိုက်သူကား အဘယ်သူနည်း။ ငါ့အား ဤလောကသို့ လူအဖြစ်နှင့် လာလို၏ မလာလို၏ကို သဘောတူညီမှုမယူဘဲ ငါ့အား လူအဖြစ်ဖြင့် ရောက်လာအောင် ပို့လိုက်သူ တန်ခိုးရှင်၊ ဖန်ဆင်းရှင် ရှိလေသလော။ ထိုသို့ ပို့လိုက်သူ မရှိဟု ဆိုပါက.... ငါသည် ဤလောက လူ့ဘဝသို့ လူအဖြစ်ဖြင့် ရောက်ရှိ လာခြင်းသည် အကြောင်းမဲ့ ရှောင်တခင် အမှတ်မထင် ရောက်ရှိ လာခဲ့ခြင်းပင် လော။ ဤလောကသို့ ငါရောက်ရှိလာခြင်းသည် ကောင်းသောလာခြင်းမှ ဟုတ်ပါလေ၏လော။ ငါ ရောက်ရှိလာသော လူ့လောကကြီးသည် ကောင်းသော လောကကြီးမှ ဟုတ်ပါလေ၏လော။ ငါ ရပ်တည်နေထိုင်ရာ ကမ္ဘာလောကကြီးသည်လည်း ကောင်းသော ကမ္ဘာလောက၊ .... လူအတွက် သင့်တင့်လျောက်ပတ်သော ကမ္ဘာလောက ဟုတ်ပါလေ၏လော။ ဤကမ္ဘာလောကကြီးဖြစ်လာခြင်း၌ ရည်ရွယ်ချက် တစ်စုံတစ်ရာ ရှိပါလေ၏လော .... ....။

(ပဌမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

## လူ၏ လွင့်လွင့်မျောမျော အတွေးအခေါ်များ

လွန်ခဲ့သော နှစ်ပေါင်း ၁၅ ဘီလျံ* ( တစ် ဘီလျံတွင် သန်း တစ်ထောင် ရှိသောကြောင့် ၁၅ ဘီလျံ ဆိုပါက နှစ်သန်းပေါင်း မည်မျှ များမည်ကို ကြည့်ပါ) ခန့်က စကြဝဠာကြီးသည် ပုံသဏ္ဌာန်ဟူ၍ မရှိသေး။ ဂြိုဟ်များ၊ ကြယ်တာရာများ၊ ဂယ်လက်ဆီ[၁] ဟုခေါ်သော ကြယ်စုကြီးများလည်း မရှိသေး၊ သက်ရှိဟူ၍လည်း မရှိသေး .... နေရာတကာ၌ အမှောင်ထုကြီးသာ ရှိသည်။ ** ....ဤသို့ စကြာဝဠာကြီး မဖြစ်ပေါ်မီ အခြေအနေကို နက္ခတ္တပညာရှင် ကားလ်ဆေဂန်[၂]က တွေးဆပြသည်။ *** အခြားအခြားသော နက္ခတ္တပညာရှင်ကြီးများသည်လည်း စကြဝဠာကြီး မဖြစ်ပေါ်မီက အခြေအနေကို အမျိုးမျိုးတွေးဆခဲ့ကြသည်။

ပုံသဏ္ဌာန် ဟူ၍ မရှိသေးသော အခြေအနေမှ ပုံသဏ္ဌာန်ရှိသော စကြဝဠာကြီး ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍လည်း ပညာရှင်တို့ အမျိုးမျိုး တွေးဆခဲ့ကြ၏။ အချို့က စကြဝဠာကြီးသည် အစ ပထမက ပုံသဏ္ဌာန်

---

* billion ( In France and U.S.A a thousand millions 1,000,000,000 )

၁ galaxy,

** Time. Oct. 20, 1980, Vol : 116. No.16

၂ Carl Sagan (1935- )

*** အချို့သော ပညာရှင်တို့က ၂၀ ဘီလျံခန့်ကဟု ခန့်မှန်းကြသော်လည်း အချို့သော ပညာရှင်တို့ကမူ စကြဝဠာ၏သက်တမ်းသည် ၁၁ ဘီလျံထက် မပိုနိုင်ဟု ယူဆကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အတိအကျ မရှိသေးဘဲ ဓာတ်ငွေ့ အစုအဝေးကြီး အဖြစ် ရှိခဲ့ရာမှ နှစ်သန်းပေါင်း များစွာကြာသောအခါ ထိုဓာတ်ငွေ့ အစုအဝေးကြီးသည် တဖြည်းဖြည်း စုစည်းမိ၍ အတိုင်းမသိ သိပ်သည်းမှု ကြီးမားသော အစိုင်အခဲကြီးဖြစ်လာသည်။ နောင်အခါ ထိုရုပ်အစိုင်အခဲကြီးသည် (အချို့က လွန်ခဲ့သော နှစ်ပေါင်း ၁၀ ဘီလျံ လောက်ကဟု ခန့်မှန်းကြသည်။) ပြင်းထန်စွာ ပေါက်ကွဲ သွားသည်ဟု ဆိုကြသည်။* အချို့ကလည်း စကြဝဠာကြီးသည် မူလက ပုံသဏ္ဍာန်ဟူ၍ အတိအကျမရှိသေးဘဲ ဓာတ်ငွေ့ အစုအဝေးကြီးတစ်ခုအနေဖြင့်သာရှိခဲ့သည်။ နှစ်ကာလသန်းပေါင်းများစွာ ကြာသောအခါ ထိုဓာတ်ငွေ့ အစုအဝေးကြီးသည် တဖြည်းဖြည်း စုစည်း ကျစ်လျစ်ကာ အလွန်ပူသော အစုအဝေးလုံးကြီး အဖြစ်သို့ ရောက်ရှိလာသည်။ ထိုအလွန်ပူသော အစုအဝေးလုံးကြီးသည် လွန်ခဲ့သောနှစ် ၁၈ ဘီလျံခန့်(ဤခန့်မှန်းချက်သည်လည်း အချို့သော ပညာရှင်တို့၏ ခန့်မှန်းချက်သာ ဖြစ်ပါသည်)က ပြင်းထန်စွာ ပေါက်ကွဲသွားသည်ဟု ဆိုသည်။

ထိုသို့ ရုပ်အစိုင်အခဲကြီး (ဝါ) အလွန်ပူသော အစုအဝေးကြီး ပေါက်ကွဲရာမှ လွင့်စဉ်လာသော အစအနတို့သည် ယခုအချိန်တိုင်အောင် အပြင်သို့ ပြန့်ကားပြေးထွက်နေကြဆဲ ရှိသည်။ ဤသို့ ပြန့်ကားပြေးထွက် နေသော အစအနများသည်ပင် ဤစကြဝဠာ **ကြီး၏ ကြီးကျယ်လှသော "ဂယ်လက်ဆီ ကြယ်အုပ်စုကြီးများ" နှင့် အာကာသ လောကဆိုင်ရာ ဝတ္ထုပစ္စည်းများ[၁] ဖြစ်လာကြသည်။ အချို့ပညာရှင်တို့က အပြင်ဘက်သို့ အစအနများ အနေဖြင့် ပြန့်ကား ပြေးထွက်နေကြသော ထိုဂယ်လက်ဆီ ကြယ်အုပ်စုများ၊ အာကာသဆိုင်ရာ ဝတ္ထုများသည် တဖြည်းဖြည်းနှင့် ပြေးနှုန်း လျော့လာကြပြီ ဖြစ်သည်။ နောင် နှစ်ပေါင်း သန်းပေါင်း သုံးသောင်းခန့်ကြာလျှင် ယင်းတို့၏ ပြေးနှုန်းသည် လျော့သည် ထက်

---

* Georges E . Lemaitre က စကြဝဠာကြီးသည် အဂ်ီဂြိုဟ်ခန့် မျှသာ ရှိသော အလွန်သိပ်သည်းမှု ကြီးမားသော ဒြပ်ထု ပေါက်ကွဲရာမှ ဖြစ်ပေါ်လာသည်ဟု တွေးဆပြခဲ့ဖူး၏။

** ဤနေရာ၌ သုံးနှုန်းထားသော "စကြဝဠာ" ဟူသော ဝေါဟာရသည် ကြယ်နက္ခတ်တာရာတို့နှင့် ကာလ၊ အာကာသအပါအဝင် အားလုံးသော ရှိရှိသမျှ အရာဝတ္ထုတို့ ပါဝင်နေသော အစုအဝေးကြီး တစ်ရပ်လုံးကို ရည်ညွှန်းခြင်းဖြစ်ပါသည်။

၁ cosmic bodies



www.burmeseclassic.com

www.burmeseclassic.com



လျော့လာပြီး ရုပ်တန့်၍သွားကြမည်။ ထိုသို့ ရုပ်တန့်သွားသော အချိန်မှ စ၍ စကြဝဠာကြီးသည် မိမိ၏ ဒြပ်ဆွဲအားကြောင့်ပင် ကျုံ့၍ ကျုံ့၍ လာမည်။ နောင် နှစ်ပေါင်း သန်းပေါင်း လေးသောင်းခန့် ကြာလာပါက စကြဝဠာအတွင်းရှိ အားလုံးသော ဂယ်လက်ဆီများသည် တစ်နေရာ တည်း၌ ပြန်လည် စုစည်းမိကြပြီးနောက် ယခင်ကကဲ့သို့ပင် အတိုင်းမသိ သိပ်သည်းမှု ကြီးမားသော ရုပ်အစိုင်အခဲကြီးဘဝသို့ ပြန်လည် ရောက်ရှိ ပေဦးမည်ဟု တွေးဆကြသည်။

အထက်ပါ တွေးဆချက် အတိုင်းသာ ဆိုပါက မူလရုပ်အစိုင်အခဲ ကြီးသည် ပေါက်ကွဲပြီးနောက် စကြဝဠာကြီး အနေနှင့် ဖြစ်ပေါ်ပြေး လွှားလိုက်၊ ထို့နောက် မူလရုပ်အစိုင်အခဲကြီးဘဝသို့ ပြန်လည်ရောက်ရှိ လိုက်နှင့် စကြဝဠာ၏ သံသရာသည် အတောမသတ် လည်နေပေလိမ့် မည်။

စဉ်းစားလေ့ရှိ၍ သံသယ ပွားတတ်သော လူသည် စကြဝဠာ၏ အစသည် သိပ်သည်းခြင်း အတိုင်းမသိရှိသော ရုပ်အစိုင်အခဲကြီး ဖြစ်သည် ဟူသောအဆိုကို "ထိုသိပ်သည်းခြင်း အတိုင်းမသိရှိသော ရုပ်အစိုင်အခဲကြီး ကကော အဘယ်မှအစပြုခဲ့သနည်း၊ အဘယ်မှ စတင်ဖြစ်ပေါ်လာသနည်း" ဟု မေးတတ်၏။ အချို့က အတိုင်းမသိ သိပ်သည်းခြင်း ကြီးမားသော ထိုရုပ်အစိုင်အခဲကြီးသည် အဏုမြူအောက်သေးငယ်သော ရုပ်မှုန်များ[၁]မှ အစ ပြုသည်ဟူ၍လည်းကောင်း၊ ဒြပ်သဏ္ဌာန်မဲ့သော စွမ်းအင်[၂]မှ အစပြုခဲ့သည် ဟူ၍လည်းကောင်း တွေးဆ ဖြေရှင်းပြတတ်ကြသည်။ ထိုအခါ၌လည်း "ထိုရုပ်မှုန်၊ ထိုစွမ်းအင်တို့ကကော ဘယ်ကစ၍ ဖြစ်လာကြသနည်း" ဟု မေးနိုင်ပြန်သည်။ အချို့က ထိုရုပ်မှုန်၊ ထိုစွမ်းအင်တို့ကို တန်ခိုးတော်ရှင် တစ်ဦးက ဖန်ဆင်းသည်ဟု ဆိုကြသည်။ "ထိုတန်ခိုးရှင်ကိုတော့ မည်သူက ဖန်ဆင်းသနည်း" ဟူသော ထပ်ဆင့် မေးခွန်းကို တင်လာသော အခါ၌ "ထိုတန်ခိုးရှင်ကိုမူ မည်သူကမျှ မဖန်ဆင်း၊ မည်သူကမျှ အကြောင်းမပြု၊ ထိုတန်ခိုးရှင်သည် အကြောင်းပြုမှု ကင်းသော (ဝါ) အကြောင်းမဲ့သော အကြောင်းတရား[၃]သာဖြစ်သည်။ အစမရှိသော အစ သာဖြစ်သည်။ သူကသာ အရာရာကို အစပြုပေးသူ၊ ဖန်ဆင်းပေးသူ ဖြစ် သည်" ဟူသော အယူအဆဖြင့် နိဂုံးချုပ်လိုက်တတ်ကြ၏။ အထက်ပါ

---

၁ particles ၂ energy ၃ causeless cause



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းမျိုးတို့နှင့် ကြုံလာပါက သိပ္ပံပညာနယ်နိမိတ်မှ လွန်သွားသောအဖြေပေးချက်များ ဖြစ်သွားနိုင်သည်။ သို့ရာတွင် သိပ္ပံနယ်ပယ် အတွင်း၌ တွေးဆချက် အမျိုးမျိုးဖြင့် ပေးနေသော အဖြေများကိုလည်း တိကျသောအဖြေများဖြစ်သည်ဟု တိတိပပ မဆိုနိုင်သေးချေ။ ထိုအခါ စကြဝဠာ၏သံသရာကိုလည်း အစမမြင်သော သံသရာကြီးအဖြစ် မှန်းဆ နေရပြန်လေသည်။

စကြဝဠာကြီး၏ သံသရာထဲ၌ ပါဝင်နေသည့် လူတို့နေထိုင်ရာကမ္ဘာ၏ဖြစ်စဉ်ကကော....

တစ်ချိန်က ပြင်သစ် လူမျိုး ဒဿန ပညာရှင်နှင့် သိပ္ပံပညာရှင် ဖတ်ဗွန်[၁]က လွန်ခဲ့သော နှစ်ပေါင်းများစွာက နေသည် မိမိနှင့် အရွယ်ပမာဏ မကွာလှသော ကြယ်ကြီးတစ်ခုနှင့် အမှတ်မထင်တိုက်မိ၏။ ထိုသို့တိုက်မိသောကြောင့် နေမှ အစိတ်အပိုင်းများသည် လွင့်စဉ်ထွက်သွားကြသည်။ ထိုလွင့်ထွက်သွားသော အစိတ်အပိုင်းတို့သည် တဖြည်းဖြည်း အေးသွားသောအခါ ယင်းတို့သည် ကမ္ဘာ အပါအဝင် ဂြိုဟ်များ အဖြစ်သို့ ရောက်ရှိသွားကြသည်" ဟု တွေးဆပြဖူးသည်။ သို့ရာတွင် ပြင်သစ် လူမျိုးပင်ဖြစ်သော သင်္ချာနှင့် နက္ခတ္တပညာရှင် လာပလာစ့်[၂]ကမူ ဗတ်ဖွန်၏ အယူအဆကို လက်မခံချေ။ လာပလာစ့်၏အယူအဆမှာ အောက်ပါကဲ့သို့ ဖြစ်၏။

"အစ မူလတွင် နေ၊ လနှင့် ဂြိုဟ်တို့သည် ယခုကဲ့သို့ တစ်ခုချင်းအနေဖြင့် သီးခြားစီတည်နေကြသည် မဟုတ်။ ထိုနေ၊ လ၊ ဂြိုဟ်တို့ မဖြစ်ပေါ်မီက ယင်းတို့သည် ဓာတ်ခိုးဓာတ်ငွေ့ အစုအဝေး အဖွဲ့အစည်းကြီး အနေနှင့်သာ ရှိခဲ့သည်။" ထိုအစုအဝေးကြီးကို လာပလာစ့်က နက်ဗြူလာ[၃] ဟု ခေါ်သည်။ "ထိုနက်ဗြူလာကြီးသည် နက်ပ်ကျွန်းဂြိုဟ်[၄] သွားလမ်းလောက်ရောက်သည်အထိ ပြန့်ကားကြီးမားသော အစုအဝေးအဖွဲ့အစည်းကြီးတစ်ခုဖြစ်သည်။ ယခုကျွန်ုပ်တို့နေ၏ အချင်းထက် (နေ၏အချင်းမှာ မိုင် ၈၆၅,၀၀၀ ခန့်ရှိသည်။) အဆ လေးထောင်ခန့်ပင် ပိုသေးသည်ဟု ဆိုသည်။ ထိုနက်ဗြူလာသည် အလွန်ပူပြင်း၍ လျင်မြန်စွာလည်း လည်ပတ်လျက် ရှိ၏။

---

၁ Comte de. Buffon (1707-1788)
၂ Marquis de. Laplace (1749-1827)
၃ nebular
၄ Neptune



www.burmeseclassic.com

www.burmeseclassic.com



လည်နေရင်းလည်း အလယ်ဗဟို၌ရှိသော ဒြပ်တို့၏ ဆွဲငင်မှုကြောင့် တဖြည်းဖြည်း ကျုံ့ဝင်လျက်ရှိသည်။ ဤသို့ကျုံ့ဝင်လာလေ နက်ဗြူလာ၏ လည်ပတ်မှုသည်လည်း မြန်လာလေဖြစ်သည်။ တစ်စုံတစ်ခုသော ကျုံ့ဝင်ခြင်းနှင့် လည်ပတ်မှု အဆင့်ဆင့်တို့၌ ဓာတ်ငွေ့ကွင်းများသည် ပြတ်လွင့်၍ ပြတ်လွင့်၍ ထွက်လာကြသည်။ ယင်းသို့ ပြတ်လွင့်ထွက်လာသော ဓာတ်ငွေ့ကွင်းများသည် သိပ်သည်းကျစ်လျစ်လာသောအခါ ဓာတ်ငွေ့မှ အရည်၊ အရည်မှ အခဲသို့ ပြောင်းလာ၍ နောက်ဆုံးတွင် ဂြိုလ်များ ဖြစ်လာကြသည်။ ဤဂြိုဟ်များအနက် ကျွန်ုပ်တို့၏ ကမ္ဘာသည်လည်း တစ်ခု အပါအဝင်ဖြစ်သည်။ ဂြိုဟ်များသည် လည်ပတ်နေရသောကြောင့် ထို ဂြိုဟ်များမှ ဓာတ်ငွေ့ကွင်းများသည် ဆက်လက်၍ လွင့်စဉ် ထွက်သွားကြပြီး ယင်းဓာတ်ငွေ့ကွင်းများမှ အရန်ဂြိုဟ်ငယ်ကလေးများ[၁] ဖွဲ့စည်းဖြစ်ပေါ်လာကြပြန်သည်။ လသည် ကျွန်ုပ်တို့ကမ္ဘာ လည်ပတ်မှုကြောင့် (ဝါ)ကျုံ့ဝင်မှုကြောင့် လွင့်စဉ်ထွက်လာသော ဓာတ်ငွေ့ကွင်းအဖြစ်မှ ဖွဲ့စည်းဖြစ်ပေါ်လာသော အရန်ဂြိုဟ်ငယ်ကလေးဖြစ်သည်။"

လာပလာစ့်၏ အထက်ပါ တွေးဆချက်ကို နက်ဗြူလာဟိုက်ပေါ်သဆီး[၂] ဟုခေါ်ကြသည်။

၁၉၀၄–ခုနှစ်တွင် ချီကာဂိုမှ နက္ခတ္တပညာရှင် မော်လ်တန်[၃] နှင့် ဘူမိဗေဒပါမောက္ခချိန်ဘာလင်[၄] တို့က ကမ္ဘာအပါအဝင် နေအဖွဲ့အစည်း ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ အယူအဆ သီအိုရီတစ်ရပ်ကို တင်ပြကြပြန်သည်။ ၎င်းတို့တင်ပြသော သီအိုရီကို ပလက်နက်တယ်ဆီမယ် သီအိုရီ[၅] ဟု ခေါ်ကြသည်။ ထိုပညာရှင်နှစ်ဦးသည် နေမျက်နှာပြင်၏ မငြိမ်မသက် ဖြစ်နေမှုကို လေ့လာ၍ "လွန်ခဲ့သောနှစ်ပေါင်း သန်းပေါင်းများစွာက ကြယ်တစ်လုံးသည် ကျွန်ုပ်တို့၏ နေအနီးမှကပ်၍ ဖြတ်ကျော်သွားခဲ့ခြင်း ဖြစ်မည်"ဟု တွေးဆကြသည်။ ဤသို့ဖြတ်ကျော်သွားသော အဖြစ်အပျက်သည် ဖြစ်တောင့်ဖြစ်ခဲ အဖြစ်အပျက်ပင်တည်း။ ထိုသို့ အနီးမှကပ်၍ ဖြတ်သွားသော ကြယ်၏ ဆွဲအားကြောင့် နေတွင် (သမုဒ္ဒရာ ရေထုတွင် ဒီရေများ တက်လာ၍ ဒီလှိုင်းကြီးများ ဖြစ်လာသကဲ့သို့) ဓာတ်ငွေ့များ

---

၁ satellites
၂ nebular hypothesis
၃ Forest, R. Moulton
၄ Thomas, C.Chamberlim
၅ planetesimal theory



www.burmeseclassic.com

www.burmeseclassic.com



သည် လိုင်းကြီးများသဖွယ် ထကြွလာပြီးနောက် ယင်းဓာတ်ငွေ့ လိုင်းကြီးများသည် နေ၏ ပင်မဒြပ်ထုမှပြတ်၍ လွင့်ထွက်သွားကြသည်။ ထိုသို့ပြတ်လွင့်ထွက်သွားသော နေ၏အစိတ်အပိုင်းဓာတ်ငွေ့ လိုင်းအချို့တို့သည် အလွန်ကြီးမားသော မြန်နှုန်းဖြင့် ထွက်ခွာသွားသော ကြယ်ကြီး၏နောက်သို့လိုက်ပါသွားကြသည်။ အချို့သောနေ၏ အစိတ်အပိုင်း ဓာတ်ငွေ့လိုင်းများကမူ နေ၏ဆွဲအားကြောင့် နေ၏ပတ်လည်တွင် လှည့်ပတ်ကာ ကျန်ရစ်ခဲ့ကြသည်။

ကြယ်ကြီးဖြတ်ကျော်သွားသော အဖြစ်အပျက် ပြီးဆုံးသွားသော နောက်ပိုင်း၌ နေကိုလှည့်ပတ်လျက် ကျန်ရစ်ခဲ့သော ဓာတ်ငွေ့လိုင်းအဖွဲ့အစည်းတို့သည် ပရမ်းပတာ လှုပ်ရှားမှုများ လျော့နည်းသွားပြီး နေကို စနစ်တကျ လှည့်လည်သော အခြေအနေသို့ ရောက်လာကြသည်။ နှစ်ပေါင်းများစွာကြာလာသောအခါ ထိုဓာတ်ငွေ့အစုအဝေးကြီးများသည်အေး၍ အေး၍လာသည်။ အေးရာမှ အရည်ဘဝသို့ရောက်လာကြသည်။ အရည်ဘဝမှ တဖြည်းဖြည်းဖြင့် အစိုင်အခဲများဖြစ်လာကြသည်။ တစ်နည်းအားဖြင့် ဂြိုဟ်ငယ်များဖြစ်လာကြသည်။ နောက်တွင် ထိုဂြိုဟ်ငယ်များအချင်းချင်း ပေါင်းစုမိသွားပြီးနောက် ဂြိုဟ်ကြီးများဘဝသို့ ရောက်လာကြသည်။ ထိုဂြိုဟ်များအနက်ကျွန်ုပ်တို့ကမ္ဘာသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်ဟု တွေးဆကြသည်။ ဤတွေးဆချက်သည် အကယ်၍ မှန်ပါက ကျွန်ုပ်တို့နေအဖွဲ့အစည်းတွင် ရှိနေကြသော ဂြိုဟ်ငယ် ဂြိုဟ်မွှားကလေးများသည် ဂြိုဟ်ကြီးများဖြစ်အောင်ပေါင်းစည်းသွားရာ၌ မပါဘဲကျန်ရစ်ခဲ့သည့် အစအန အစိုင်အခဲငယ်များ ဖြစ်သည်ဟု ယူဆရမည်ဖြစ်ကြောင်း အချို့က ထင်မြင်ချက်ပေးတတ်ကြ၏။ မော်လ်တန်နှင့် ချိန်ဘာလင်တို့၏ အထက်ပါ ဒီလှိုင်းသဖွယ် ဓာတ်ငွေ့အစုအဝေးတို့မှတစ်ဆင့် ကမ္ဘာနှင့်တကွ အခြားအခြားသောဂြိုဟ်များဖြစ်လာသည်ဟူသော အယူအဆသီအိုရီကို ဒီလှိုင်းသီအိုရီ[၁] ဟုလည်း ခေါ်ကြသည်။

ဒီလှိုင်းသီအိုရီကို အင်္ဂလိပ်လူမျိုး နက္ခတ္တပညာရှင် ဆာဂျိန်းဂျင်း[၂] နှင့် ဂျက်ဖရီ[၃] တို့က အနည်းငယ်မွမ်းမံ၍ လက်ခံခဲ့ကြသည်။ ထိုပုဂ္ဂိုလ်

---

၁ the tidal theory
၂ Sir James Jeans
၃ Jaffreys



www.burmeseclassic.com

www.burmeseclassic.com

## လူ၏ လွင့်လွင့် မျှောမျှော

နှစ်ဦးက မော်လ်တန်နှင့် ချိန်ဘာလင် ယူဆသကဲ့သို့ ဂြိုဟ်ကြီးများသည် သေးငယ်သော ဂြိုဟ်ငယ် အစိုင်အခဲ ကလေများ ပေါင်းစည်းမိရာမှ ဖြစ်ပေါ်လာကြသည် မဟုတ်၊ နေအနီးမှ ကြယ်ကြီး ဖြတ်သွားသောအခါ ပြတ်လွင့် ကျန်ရစ်ခဲ့သော ဓာတ်ငွေ့ အစုအဝေးများမှပင် တစ်ဆင့်ပြီး တစ်ဆင့် (အရည်အဖြစ်မှ အစိုင်အခဲဘဝသို့ ပြောင်းခြင်းဖြင့် ) ဂြိုဟ်ကြီးများဖြစ်ပေါ်လာကြသည်ဟု ယူဆကြသည်။

အချို့သော နက္ခတ္တ ပညာရှင်တို့ကမူ စကြဝဠာကြီး အတွင်းရှိ ကြယ်တစ်လုံးပေါက်ကွဲရာမှ လွင့်စဉ်ထွက်လာသော ဓာတ်ငွေ့သဖွယ် အပိုင်းအစငယ်မှ ကျွန်ုပ်တို့ကမ္ဘာဖြစ်ပေါ်လာသည်ဟု ယူဆကြသည်။ ပေါက်ကွဲသွားသော ကြယ်၏ဘဝဖြစ်စဉ်ကို ဤနေရာ၌ အကြမ်းဖျင်း သိဖို့လိုမည် ဖြစ်ပါသည်။ ထိုကြယ်သည် မိမိ၏ဘဝကို အသေးဆုံးသော ရုပ်အမှုန်ကလေးများမှ အစပြုခဲ့၏။ ထိုအမှုန်တို့အနက်မှ လျှပ်စစ်အဖိုဓာတ်ပါသော ပရိုတွန်အမှုန်[၁]၊ လျှပ်စစ်အမဓာတ်ပါသော အီလက်ထရွန်အမှုန်[၂] တို့သည် တစ်ခုက တစ်ခုကိုဆွဲဆောင်လျက် အမအီလက်ထရွန်သည် အဖိုပရိုတွန်ကို လှည့်ပတ်လှုပ်ရှားသည်။ ထိုအီလက်ထရွန်တစ်ခုနှင့် ပရိုတွန်တစ်ခုတို့ တစ်ခုကို တစ်ခု ဆွဲဆောင်လှုပ်ရှားနေသော အတွဲတစ်တွဲကို ဟိုက်ဒရိုဂျင်အဏုမြူ[၃] ဟု ခေါ်သည်။ ထိုဟိုက်ဒရိုဂျင်အဏုမြူတို့သည် ဂယ်လက်ဆီကြယ်စုကြီးများ၏ ကြားတွင် ရွေ့လျား နေကြသည်။ ရွေ့လျားနေရာမှ တိမ်တိုက်တစ်ခုသစ်ဖွယ် ပေါင်းစည်းမိသွားကြသည်။ ထိုသို့ ပေါင်းစည်းမိသွားသော အဖွဲ့အစည်း၌ ဟိုက်ဒရိုဂျင် အဏုမြူတစ်ခုက အခြားအဏုမြူ တစ်ခုအပေါ် ဒြပ်ဆွဲအား သက်ရောက်မှုများ ရှိလာသည်။ ဒြပ်ဆွဲအား ကြီးလာလေ အဏုမြူတစ်ခုနှင့်တစ်ခု နီးကပ်လာလေ ဖြစ်လာသည်။ ထိုသို့ နီးကပ်လာလေ ဒြပ်ဆွဲအားကလည်း အားကောင်းလာလေ ဖြစ်လာသည်။ (ကြယ်တစ်ခု ဖြစ်ပေါ်လာစေနိုင်လောက်အောင် များပြားသော ) ဟိုက်ဒရိုဂျင် အဏုမြူများ ဖွဲ့စည်းမိသောဓာတ်ငွေ့တိမ်တိုက်သည် ဒြပ်ဆွဲအားကြီးမားသည်ထက် ကြီးမားလာသောအခါ ထိုဓာတ်ငွေ့တိမ်တိုက်သည် အတွင်းပိုင်းသို့ ကျုံ့၍ ကျုံ့၍ ဝင်လာသည်။ ထိုသို့ ကျုံ့ဝင်လာမှုကြောင့် အပူဓာတ်သည် ဖြစ်ပေါ်လာသည်။ ဓာတ်ငွေ့တိမ်တိုက်သည် ကြယ်တစ်ခု ဖြစ်နိုင်လောက်

---

၁ proton ၂ electron ၃ hydrogen atom



www.burmeseclassic.com

www.burmeseclassic.com



သော အချင်းမိုင်ပေါင်း သန်းပေါင်း သုံးရာခန့်ရှိပါက တိမ်တိုက်၏ ဗဟို၌ အပူချိန် ဖာရင်ဟိုက် ဒီဂရီ (၁၀,၀၀၀)ခန့် ရှိလာနိုင်သည်။ ထိုအချိန်၌ ဟိုက်ဒရိုဂျင် အဏုမြူတို့သည် တစ်ခုနှင့် တစ်ခု ပြင်းထန်စွာတိုက်ခိုက်မိကြပြီး ယင်းတို့သည် ပရိုတွန်အဖိုမှုန် အီလက်ထရွန်အမမှုန်များအဖြစ် ပြန်လည်၍ ကွဲထွက်ကြသည်။

အီလက်ထရွန်များ၊ ပရိုတွန်များ အချင်းချင်း ပြင်းထန်စွာ တိုက်ခိုက်နေကြသော တိမ်တိုက်သည် ဒြပ်ဆွဲအားကြောင့် ယခုအခါ ပို၍ ပို၍ ကျုံ့ဝင်လာပြီ ဖြစ်သည်။ အပူချိန်သည်လည်း ပို၍ ပို၍ တိုးလာသည်။ ကျုံ့သည်ထက် ကျုံ့၍ အလယ်ဗဟိုတွင် အပူချိန် ဒီဂရီ သန်း (၂၀) ခန့်မျှလောက် ရှိသောအခါ ပရိုတွန်တို့သည် တစ်ခုနှင့် တစ်ခု တိုက်ရာတွင် လွင့်စဉ်မသွားတော့ဘဲ ပူးပေါင်းမိကြသည်။ ပရိုတွန် (၄)ခုသည် အဆင့်ဆင့် ပူးပေါင်းမိ၍ (သာမိုနျူကလီးယားဖြစ်စဉ်[၁]အရ) ဟီလီယမ်[၂]ဟုခေါ်သော ဒြပ်စင်သစ်ကိုဖြစ်စေနိုင်သည်။ ထိုသို့ ဟိုက်ဒရိုဂျင်သာမိုနျူကလီးယားဖြစ်စဉ်စ၍ ဖြစ်သည့်အခါ မာတ်ငွေ့ တိမ်တိုက်ကြီးသည် ကြယ်တစ်လုံးဘဝသို့ ရောက်လာပြီဖြစ်လေသည်။ ထိုကြယ်၏ဗဟို၌ သာမိုနျူကလီးယားဖြစ်စဉ်ကြောင့် ပေါက်ကွဲထွက်ခြင်းများနှင့် ဒြပ်ဆွဲအားကြောင့် အတွင်းဘက်သို့ပြန်လည်၍ ကျုံ့ဝင်လာခြင်းများသည် ညီညွတ်လာသည်။ ထို့ကြောင့် ကြယ်၏ အရွယ်အစားသည် တည်ငြိမ်သော အခြေသို့ ရောက်လာလေသည်။

ဟိုက်ဒရိုဂျင် မာတ်ငွေ့ တိမ်တိုက်ကြီးများမှ ဖြစ်ပေါ်လာသော ကြယ်သည် နှစ်သန်းပေါင်းများစွာ တည်ငြိမ်သော အရွယ်အစားဖြင့် "ကြယ်ဘဝ"၌ နေလာခဲ့သည်။ သို့ရာတွင် တည်ငြိမ်သော အရွယ်အစားဖြင့် ကြယ်ဘဝ၌ နေလာခဲ့ရသည်ဟု ဆိုရသော်လည်း စင်စစ် ဒြပ်ဆွဲအား၏ သက်ရောက်မှုကိုမူ ပို၍ ပို၍ ခံစားနေရသည်ဟု ယူဆနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ကြယ်ဘဝ၌ အထက်ပါကဲ့သို့ နှစ်သန်းပေါင်း များစွာ နေ,နေသော ကြယ်သည် မိမိ၏ အတွင်းဒြပ်ဆွဲအားကို တည်ငြိမ်စွာမခံနိုင်တော့ဘဲ အတွင်းဘက်သို့ ကျုံ့သည်ထက် ကျုံ့လာသောကြောင့်ပင် ဖြစ်သည်။ ကြယ်အတွင်းပိုင်း၌ (အပူချိန် ဒီဂရီ သန်းပေါင်း ၈ သိန်းခန့်ရှိ

---

၁ thermonuclear process ၂ helium



www.burmeseclassic.com

www.burmeseclassic.com



အောင် နျူကလီးယား ပူးပေါင်းမှုမျိုး ဖြစ်လာနိုင်သော ကြယ်အမျိုးအစားဖြစ်သည်ဆိုပါက) အတိုင်းမသိကြီးမားသောစွမ်းအင် ထွက်ပေါ်လာပြီးနောက် ကျုံ့စေသော ဒြပ်ဆွဲအားကို ဆန့်ကျင် ကျော်လွန်ကာ ကြယ်ကြီးသည်ပေါက်ကွဲသွားလေတော့သည်။ ဤသို့ပေါက်ကွဲသွားသော ကြယ်ကို ဆူပါနိုဗာ[၁] ဟုခေါ်ကြသည်။

ကျွန်ုပ်တို့နေထိုင်သော ဤကမ္ဘာသည် အထက်ပါ ဆူပါနိုဗာမှ လွင့်စဉ်ထွက်လာသော ဓာတ်ငွေ့သဖွယ် အပိုင်းအစလေးတစ်ခုမျှသာ ဖြစ်သည်ဟု တွေးဆကြသည်။ သို့ရာတွင် ဤတွေးဆချက်ကိုလည်း မှန်ကန်လောက်ပါပေသည်ဟု လက်ခံသူများရှိသကဲ့သို့ ငြင်းပယ်သူများလည်း အများအပြားရှိပေလိမ့်မည်။ ထိုဆူပါနိုဗာမှ လွင့်စဉ်လာသော ကျွန်ုပ်တို့ကမ္ဘာဖြစ်လာမည့် "ကမ္ဘာ့လောင်းလျာ" အစအနကလေးသည် မည်ကဲ့သို့ ကျွန်ုပ်တို့၏ နေအဖွဲ့အစည်း[၂]အတွင်း၌ အဖွဲ့ဝင်တစ်ဦးဖြစ်လာ၍ မည်ကဲ့သို့ အဆင့်ဆင့် တိုးတက် ဖြစ်ပေါ်လာသည် ဟူသော အချက်များကိုလည်း သိပ္ပံပညာရှင်တို့က တွေးဆချက်အမျိုးမျိုးပေးခဲ့ကြသည်။

အချို့ကလည်း အလွန်ကြီးမားသော ဆူပါနိုဗာတစ်ခုပေါက်ကွဲခဲ့ပြီးနောက် ယင်းသို့ပေါက်ကွဲရာမှ လွင့်ထွက်လာကြသော ဓာတ်ငွေ့သဖွယ် ရုပ်ပစ္စည်းတို့သည် အသစ်အသစ်သော ကြယ်များအဖြစ်သို့ ဖွဲ့စည်းဖြစ်ပေါ်သွားကြသည်။ အရေအတွက်အားဖြင့် ကြယ်ပေါင်းတစ်ထောင်ခန့်ရှိသည်။ ယင်းတို့အနက် ကြယ်ဆယ်ခုလောက်သည် ဆူပါနိုဗာများအဖြစ် ရောက်လာပြန်ပြီးနောက် ပေါက်ကွဲလွင့်စဉ်ကြပြန်သည်။ ထိုအခါ ကြယ်အသစ်အသစ်များ ဖွဲ့စည်းဖြစ်ပေါ်ကြပြန်သည်။ ယင်းတို့အနက်မှ အချို့သည် ဆူပါနိုဗာများ အဖြစ်ဖြင့် ဆက်လက်ပေါက်ကွဲ လွင့်စဉ်ကြပြန်သည်။ ဤနည်းဖြင့် အတောမသတ် ကြယ်အသစ်တို့ ဖြစ်ပေါ်လိုက် ကြေပျက်သွားလိုက်ဖြင့် ဖြစ်ပေါ်ပြောင်းလဲနေကြသည်။ ဤသို့သော ကြယ်တို့၏ ဖြစ်စဉ်အတွင်း၌ ကျွန်ုပ်တို့ ကမ္ဘာ၏ ဖြစ်စဉ်ငယ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်*ဟု ယူဆကြ၏။ ဤအတိုင်းသာ ဆိုပါက ကျွန်ုပ်တို့ ကမ္ဘာသည်လည်း ဖြစ်ပေါ်လာလိုက်၊ ပျက်သုဉ်းသွားလိုက်နှင့် ကမ္ဘာပေါင်း အဘယ်မျှ ဖြစ်ပျက်ခဲ့သည်ကို မရေမတွက်နိုင်အောင်ပင် ရှိပေလိမ့်မည်။

---

၁ supernova ၂ solar system

* Newsweek, Jan 28, 1980



www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံပညာရှင်များသည် စကြဝဠာကြီး ဖြစ်ပေါ်လာပုံနှင့် ကမ္ဘာ ဖြစ်ပေါ်လာပုံတို့ကို တွေးဆချက် အမျိုးမျိုး ပေးကြသကဲ့သို့ ဤကမ္ဘာ ပေါ်၌ သက်ရှိဘဝတို့ ဖြစ်ပေါ်လာပုံကိုလည်း တွေးဆချက် အမျိုးမျိုး ပေးကြသည်။

အချို့က ကြယ်တံခွန်များသည် အသက် ဖြစ်ပေါ်လာစေနိုင်သော ဓာတ်သဘောများကို ဤကမ္ဘာပေါ်သို့ သယ်ဆောင်လာသည်ဟု ယူဆကြ၏။

အချို့သောပညာရှင်များက သက်ရှိဘဝတို့၏ ဖြစ်စဉ်ကို ကမ္ဘာ၏ ဖြစ်စဉ်နှင့်တွဲ၍ အောက်ပါအတိုင်း တွေးဆတတ်ကြသည်။

ကျွန်ုပ်တို့ကမ္ဘာသည် နေအဖွဲ့အစည်း၌ အဖွဲ့ဝင်အဖြစ်ပါဝင်လာစက အလွန်ပူနေသေးသော ဓာတ်ငွေ့လုံးကြီးအနေဖြင့် ရှိခဲ့သည်။ ကျွန်ုပ်တို့ ကမ္ဘာဖြစ်လာမည့် ကမ္ဘာ့လောင်းလျာ ဓာတ်ငွေ့ အစုအဝေးကြီး၌ ဟိုက်ဒရိုဂျင် ဒြပ်စင်များ အများဆုံးရှိနေပေလိမ့်မည်။ အောက်ဆီဂျင်၊ နိုက်ထရိုဂျင်၊ ကာဗွန်စသည်တို့မှာ ဟိုက်ဒရိုဂျင်ထက် လေးသောကြောင့် ဟိုက်ဒရိုဂျင်အောက် အတွင်းကျကျတွင်ရှိနေကြပေလိမ့်မည်။ ထိုဓာတ်ငွေ့ တို့ထက်လေးသော ဆီလီကွန်[၁]၊ အလျူမီနီယမ်[၂] စသည့် ဒြပ်စင်တို့သည် ဓာတ်ငွေ့လုံးကြီး၏ အတွင်းဘက် ပို၍ကျသောနေရာ၌ ရှိကြပေလိမ့်မည်။ ဓာတ်ငွေ့လုံးကြီးသည် လွန်စွာ ပူပြင်းနေသေးရကား ထိုဒြပ်စင်တို့သည် ဒြပ်ပေါင်းများအဖြစ်သို့ မှု မရောက်နိုင်ကြသေးချေ။

သို့ရာတွင် ကျွန်ုပ်တို့ကမ္ဘာ ဖြစ်လာမည့် ကမ္ဘာ့လောင်းလျာ ထိုဓာတ်ငွေ့လုံးကြီးသည် အာကာသလဟာပြင်ကြီး၏ အအေးဓာတ်ကြောင့် တဖြည်းဖြည်းအေးစပြုလာသည်။ ထိုသို့ အေးစပြုလာချိန်တွင် ယခင်က မပေါင်းစပ်နိုင်သော ဒြပ်စင်များသည် ဓာတ်ပြုလျက် ပေါင်းစပ်လာနိုင်ရ ကား ဒြပ်ပေါင်းများ ဖြစ်လာကြသည်။ အာကာသ လဟာပြင်ကြီး၏ အအေးဓာတ်ကြောင့်ပင် ဓာတ်ငွေ့လုံးကြီးသည် ဓာတ်ငွေ့ဘဝမှ အရည် ဖြစ်စပြုလာသည်။ ပို၍ အေးလာသောအခါ အရည်ဘဝမှ အစိုင်အခဲဘဝသို့ တဖြည်းဖြည်း ကူးပြောင်းလာသည်။ ထိုသို့ အရည်ဘဝမှ အစိုင်အခဲ ဘဝသို့ ကမ္ဘာကြီးကူးပြောင်းနေချိန်လောက်တွင် အဖြစ်အပျက်တစ်ခု ဖြစ် ပေါ်လာခဲ့သည်။ ယင်းမှာ အခြားမဟုတ်။ နေ၏ဆွဲအားကြောင့် အရည် ဘဝ၌ တည်ရှိနေသေးသောကမ္ဘာတွင် ဓာတ်ရည်များသည် နေရှိရာ ဘက်သို့ ကြီးမားလှသော ဒီလှိုင်းသဖွယ် စုပြုံ၍ တက်လာကြသည်။

---

၁ silicon ၂ aluminium



www.burmeseclassic.com

www.burmeseclassic.com



ထိုဓာတ်ရည်ဒီလိုင်းကြီးသည် နေ၏ဆွဲဆောင်ခြင်းကို ခံရပါများသော အခါအင်အားကြီးသည်ထက်ကြီးလာ၍ နောက်ဆုံး၌ ဓာတ်ရည်အချို့သည် ကမ္ဘာဖြစ်မည့် အရည်လုံးကြီးမှ ပြင်းထန်သော အရှိန်ဖြင့်ပြတ်ထွက်ကာ အာကာသထဲသို့ လွင့်စဉ်သွားသည်။ ပြတ်ထွက်လွင့်စဉ်သွားသော ထို ဓာတ်ရည်များသည် ကမ္ဘာကိုဝိုင်းပတ် လှည့်လည်နေသော လ အဖြစ်သို့ နောင်အခါ ရောက်ရှိသွားသည်။ အရည်မှ အစိုင်အခဲဘဝသို့ ကမ္ဘာက ကူးပြောင်းနေချိန်တွင် လသည် ကမ္ဘာမှ ပဲ့ထွက်သွားသောကြောင့် ကမ္ဘာ၌ ဒဏ်ရာနေရာကြီးပင် ကျန်ရစ်ခဲ့သည်။ ထိုပဲ့ထွက်သွားသောနေရာမှာ ယခု ပစိဖိတ်သမုဒ္ဒရာတည်ရှိနေသော နေရာဖြစ်သည်ဟု အချို့က တွေးဆကြ သည်။

ကမ္ဘာသည် တဖြည်းဖြည်းနှင့် အရည်ဘဝမှ အစိုင်အခဲဘဝသို့ ပြောင်းလဲလျက်ရှိရကား ကမ္ဘာ့အပေါ်ယံအလွှာ တင်းမာစပြုလာချိန်၌ ရေခိုးရေငွေ့များနှင့် အခြား အခြားသော ဓာတ်ငွေ့များသည် ကမ္ဘာ အထက်သို့ လွင့်တက်သွားကြပြီးနောက် တိမ်တိုက်ကြီးများ ဖြစ်လာကြ သည်။ အရည်ဘဝမှ အစိုင်အခဲအဖြစ်သို့ ရောက်သည့်တိုင်အောင် ကမ္ဘာ့ မျက်နှာပြင်သည် အလွန်ပူလျက်ပင် ရှိနေပေသေးသည်။ သို့ဖြစ်သော ကြောင့် တိမ်တိုက်မှရေခိုးရေငွေ့များသည် ကမ္ဘာ့မျက်နှာပြင်ဆီသို့ ရေစက် ရေပေါက်များအဖြစ် ကျ၍လာတိုင်း ထိုရေစက်ရေပေါက်တို့သည် ကမ္ဘာ့ မျက်နှာပြင်၏အပူရှိန်ကြောင့် ရေခိုးရေငွေ့များအဖြစ်သို့ ပြောင်း၍ တိမ် တိုက်တွင်းသို့ ပြန်လည်ရောက်ရှိသွားကြပြန်သည်။ သို့ဖြစ်၍ ကမ္ဘာ့မျက် နှာပြင်ကို ထူထပ်လှသောတိမ်တိုက်ကြီးက အမြဲလွှမ်းခြုံနေသည်။ ထို တိမ်တိုက်ကြီးကို နေရောင်ခြည်က မထိုးဖောက်နိုင်သောကြောင့် ကမ္ဘာ့ မျက်နှာပြင်တွင် မှောင်အတိကျလျက် ရှိပေလိမ့်မည်။

သို့ရာတွင် ကမ္ဘာ့မျက်နှာပြင်သည် အေးသည်ထက် အေးလာသော အခါ ကမ္ဘာကိုလွှမ်းခြုံနေသော တိမ်တိုက်မှကျလာသည့် မိုးစက်မိုးပေါက် တို့ကို အခိုးအငွေ့သို့ပြန်၍ ရောက်ရှိလောက်အောင် မတတ်နိုင်တော့ချေ။ ထိုအခါ၌ တိမ်တိုက်တွင်ရှိသော ရေခိုးရေငွေ့များသည် ရေစက်ရေပေါက် များအဖြစ်ဖြင့် အဆက်မပြတ် ကမ္ဘာ့မျက်နှာပြင်ပေါ်သို့ ကျဆင်း၍ ပထမ ဆုံး ကမ္ဘာပြုမိုးကြီးအဖြစ် သည်းထန်စွာ ရွာချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကာလ မည်မျှကြာအောင် ထိုကမ္ဘာပြုမိုးကြီး အဆက်မပြတ် ရွာချနေသည်ကို ကျွန်ုပ်တို့မခန့်မှန်းနိုင်ချေ။ အချို့သော သိပ္ပံပညာရှင်တို့က ကမ္ဘာပြုမိုးသည် အနှစ်တစ်ထောင်လောက်ကြာအောင် ရွာချနေသည်ဟုပင် ခန့်မှန်းကြသည်။ ထိုသို့ ရွာချလာသောမိုးကြီးကို အိန္ဒိယမှ ရှေးဟောင်းဒဿနပညာရှင်များက ကမ္ဘာပြုမိုး ကပ်ပြုမိုးဟု ခေါ်ခြင်းဖြစ်တန်ရာသည်ဟု တွေးသူများကလည်း တွေးကြသည်။ ထိုကမ္ဘာပြုမိုးကြောင့် လ ပဲ့ထွက်သွားသောနေရာနှင့် အခြားနေရာများသည် ရေရာဆက်၍ ပင်လယ်သမုဒ္ဒရာကြီးအဖြစ်သို့ ရောက်ရှိသွားကြပေလိမ့်မည်။ အခြားမာတ်ငွေ့လုံးများသည် ကျွန်ုပ်တို့ကမ္ဘာ၏ ဖြစ်စဉ်မျိုးကဲ့သို့ ဖြစ်မဖြစ်ကိုမူကား သေချာစွာ မပြောနိုင်သေးချေ။

ကျွန်ုပ်တို့ကမ္ဘာပေါ်သို့ ရွာချလိုက်သော ကမ္ဘာပြုမိုးရေအတွင်း၌ မီသိန်း[၁]၊ အာမိုးနီးယား[၂]၊ ကာဗွန်ဒိုင်အောက်ဆိုဒ်[၃]၊ ဟိုက်ဒရိုဂျင်ဆိုင်ရာနိုက်[၄] တို့သည်လည်း အခြားဒြပ်စင်ဒြပ်ပေါင်းများနှင့်အတူ ပျော်ဝင်လျက်ရှိသည်။ ရွာချလိုက်သောမိုးရေများသည် ဒြပ်စင်ဒြပ်ပေါင်းများစွာကို သယ်ယူလျက် ပင်လယ်သမုဒ္ဒရာအတွင်းသို့ ထပ်၍ ထပ်၍ စီးဝင်သွားကြသည်။ ကမ္ဘာတည်စဖြစ်သောကြောင့် မီးတောင်ကြီးငယ်တို့သည် အဆက်မပြတ် ပေါက်ကွဲလျက်ရှိကြသည်၊ မီးတောင်များပေါက်ကွဲတိုင်း ကမ္ဘာ့အတွင်းပိုင်းရှိ ဒြပ်စင်ဒြပ်ပေါင်းတို့သည် ချော်ရည်များနှင့် အတူ ထွက်ပေါ်လာကြသည်။ ထိုနောက် ကမ္ဘာပြုမိုးရေတွင် ပျော်ဝင်ကာ ပင်လယ်သမုဒ္ဒရာဆီသို့ပင် ရှေးရှုလိုက်ပါသွားကြသည်။ ဤအခြေအနေများကို ထောက်ခြင်းဖြင့် ပင်လယ်သမုဒ္ဒရာသည် ဒြပ်စင်ဒြပ်ပေါင်းတို့ စုဝေးထွန်းကားရာ အရပ်ကြီးဖြစ်ကြောင်း ထင်ရှား၏။ ထိုမှ ဒြပ်စင်ဒြပ်ပေါင်းတို့ ပြည့်စုံကြွယ်ဝရာ သမုဒ္ဒရာကြီးသည်ပင် အသက် စတင်ဖြစ်ပေါ်ရာ (ဝါ) သက်ရှိဘဝ စတင်မွေးဖွားရာအရပ် ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်တို့က ယူဆကြသည်။

ကမ္ဘာပြုမိုးကြီး ပြီးသည့်နောက် ပင်လယ်သမုဒ္ဒရာကြီးအတွင်း၌ ဒြပ်စင်ဒြပ်ပေါင်းတို့သည် အချင်းချင်းသော်လည်းကောင်း၊ အခြားတစ်ခုနှင့်တစ်ခုသော်လည်းကောင်း အမျိုးမျိုးဒြပ်ပြု၍ ပေါင်းကြမည်ဖြစ်သည်။

---

၁ methane ၂ amonia ၃ carbondioxide
၄ hydrogen cynide



www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံပညာရှင်များသည် ကာဗွန်ဒြပ်ပေါင်းများကို "အသက်ဇီဝ၏ အခြေခံ" ဖြစ်သည်ဟု ယူဆကြသည်။ ကာဗွန်ဒြပ်စင်များသည် အခြား ဒြပ်စင်များနှင့် ဓာတ်ပြုခြင်း ရှိပါက အသက် ဖြစ်ပေါ် လာရေး အတွက် အခြေခံ ဒြပ်ပေါင်းများ[၁] ဖြစ်လာနိုင်သည်ဟု တွေးဆကြသည်။ ကာဗွန် ဒြပ်စင်များသည် မိမိတို့ အချင်းချင်းဖြစ်စေ၊ အခြားအခြားသော ဒြပ်စင် များနှင့်ဖြစ်စေ ဓာတ်ပြု၍ အမျိုးမျိုး ပေါင်းစပ်ခြင်း ပြုနိုင်ကြသည်။ ထို နည်းဖြင့် နှစ်သန်းပေါင်းများစွာအတွင်း ကာဗွန်ဒြပ်တို့ အမျိုးမျိုးပေါင်း ဆုံကြရာမှ တစ်စုံတစ်ခုသောအချိန်အတွင်း ဒြပ်တို့ အချိုးညီစွာ ပေါင်းဆုံ သွားမိသောကြောင့် "အသက်" ဟူသော အရည်အချင်း သစ်သည် သမုဒ္ဒရာ၌ စတင်ပေါ်ပေါက် လာလေသည်။ ဤအချက်ကို ထောက်၍ ဒြပ်တို့ ရမ်းသန်းပေါင်းဆုံရာမှ "သက်ရှိဘဝ" သည် မတော်တဆ အမှတ် မထင် ဤကမ္ဘာ၌ ဖြစ်ပေါ်လာလေသလောဟု တွေးခေါ်သူများလည်း ရှိကြသည်။

သိပ္ပံပညာရှင်လည်းဖြစ်၊ ဒဿနပညာရှင်လည်းဖြစ်သော ဟတ်စလီ[၂] က "မျောက် သတ္တဝါ ခြောက်ကောင်ကို လက်နှိပ်စက်များနှင့် အတူ နှစ်သန်းပေါင်းများစွာ လွှတ်ပေးထားခဲ့လျှင် တစ်နေ့နေ့၌ ဗြိတိသျှပြတိုက် အတွင်းရှိ စာအုပ်များကို ရိုက်နှိပ်ပြီးကောင်း ရိုက်နှိပ်ပြီး ဖြစ်ပေလိမ့်မည်။ ဤရိုက်နှိပ်ထားသော စာမျက်နှာများကို စစ်ဆေးကြည့်၍ မျောက်သည် ကံအားလျော်စွာ ရမ်းသန်းရိုက်နှိပ်ခြင်းအားဖြင့် ရှိတ်စပီးယား ရေးသား ခဲ့သော လင်္ကာတစ်ပုဒ်ကို မတော်တဆ ရိုက်နှိပ်ထားမိလျှင် အံ့သြမိကြ ပေမည်။ သို့ရာတွင် နှစ်ပေါင်းများစွာ ရိုက်နှိပ်ခဲ့သော သန်းပေါင်းများစွာ သော စာမျက်နှာတို့ကို စစ်ဆေးကြည့်လျှင် ထိုစာမျက်နှာထဲတွင် ရှိတ်စပီး ယား၏ လင်္ကာကို အမှန်မုချတွေ့ရလိမ့်မည်"* ဟုဖော်ပြဖူး၏။

ထိုနည်းတူစွာ နှစ်သန်းပေါင်းများစွာ ချီ၍ ပင်လယ် သမုဒ္ဒရာ အတွင်းရှိ ကာဗွန်ဒြပ်စင်တို့သည် မိမိတို့အချင်းချင်းဖြစ်စေ၊ အခြားဒြပ်စင် တို့နှင့်ဖြစ်စေ ဓာတ်ပြု၍ အမျိုးမျိုးအထွေထွေ ပေါင်းခြင်းပြုရာမှ တစ်ချိန် ချိန်တွင် အသက်ဖြစ်ပေါ်နိုင်သော (ဝါ) သက်ရှိဘဝ ဖြစ်ပေါ်စေနိုင် သော ဒြပ်ပေါင်းအဖြစ်သို့ မတော်တဆ ရောက်ရှိလာခဲ့ခြင်း ဖြစ်မည်ဟု ယူဆရတော့မလို ရှိ၏။

---

၁ organic compound
၂ Thomas H. Huxley (1825 - 1895)
* Sir James Jeans, "The Mysterious Universe" P.3,4



www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံပညာရှင်များက ကာဗွန်ဒြပ်စင်တို့သည် မိမိတို့ အချင်းချင်းသော်လည်းကောင်း၊ အခြားဒြပ်စင်များနှင့်သော်လည်းကောင်း အမျိုးမျိုးပေါင်းဆုံရာမှ တစ်ချိန်တွင် "အက်ဒီနိုဆင်းဒိုင်ဖော့စ်ဖိတ်[၁]" (အတိုကောက်အားဖြင့် အေဒီပီ) ဒြပ်ပေါင်းများ၊ နျူကလီယိုတိုက်[၂] ဒြပ်ပေါင်းများ ဖြစ်ပေါ်လာနိုင်သည်ဟု တွေးဆကြသည်။ ထိုမှတစ်ဆင့် အက်ဆီနိုဆင်းထရိုင်ဖော့စ်ဖိတ်[၃] (အတိုကောက်အားဖြင့် အေတီပီ) တို့၏ စွမ်းအင်ကိုအားပြု၍ နျူကလိယိုတိုက်များကို ဓာတ်ပြုပေါင်းစပ်ကာ နျူကလီးယစ်အက်စစ်[၄] ဖြစ်ပေါ်လာနိုင်သည်။ ထိုနျူကလီးယစ် အက်စစ်သည် အေ–တီ–ပီ၏ စွမ်းအင်ဖြင့် ပရိုတိန်း[၅]များ၊ သကြား ဒြပ်ပေါင်းများ၊ အဆီဒြပ်ပေါင်းများကို ပြုလုပ်နိုင်သည်။ ထိုဒြပ်ပေါင်းများသည် ဓာတ်ပြုခြင်းအမျိုးမျိုးကြောင့် နောင်တွင် ပရိုတိုပလာဇမ်[၆] ဒြပ်ပေါင်း ဖြစ်လာသည်ဟု တွေးဆကြသည်။ သိပ္ပံပညာရှင်များက ပရိုတိုပလာဇမ်ဒြပ်ပေါင်း ပါဝင် ဖွဲ့စည်းနေသော ကလာပ်စည်းကို ဆဲလ်[၇] ဟု ခေါ်ကြသည်။ ပရိုတိုပလာဇမ်ဒြပ်ပေါင်း ပါဝင်ဖွဲ့စည်းနေသော ဆဲလ်သည် အသက်၏ အခြေခံပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ပရိုတိုပလာဇမ် ဒြပ်ပေါင်းပါဝင်ဖွဲ့စည်းနေသော ဆဲလ်သည် အသက်ဖြစ်ပေါ်ရာ အခြေခံရုပ်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဆဲလ်သည် အစာစားခြင်း၊ ကြီးထွားခြင်း၊ မျိုးပွားခြင်း၊ ရွေ့လျားခြင်း အစရှိသည့် အသက်၏ ယေဘုယျ လက္ခဏာများရှိသောကြောင့်ပင် ဖြစ်၏။ သို့ရာတွင် ပင်လယ်သမုဒ္ဒရာ၌ စတင်ဖြစ်ပေါ်လာသော ထိုသက်ရှိဆဲလ်သည် အပင်လောက၏ သက်ရှိ အခြေခံရုပ်မျှသာ ဖြစ်သည်။ ပထမဦးစွာ ဖြစ်ပေါ်လာသော အပင် သက်ရှိဆဲလ်သည် တစ်ခုတည်းသာ ရှိဟန်တူသော်လည်း နောင်တွင် သမုဒ္ဒရာအတွင်း၌ ဆဲလ်ပေါင်း မြောက်မြားစွာ ဖြစ်ပွား၍ ယင်းတို့ဖြင့် ဖွဲ့စည်းလာသော သက်ရှိအပင်များဖြစ်ထွန်းလာပေလိမ့်မည်။

အပင်သက်ရှိများသည် သမုဒ္ဒရာမှ တစ်ဖန် ... ဆဲလ်များစွာ ဖွဲ့စည်းထားသောအပင်များအဖြစ် ကုန်းပေါ်သို့ တဖြည်းဖြည်း ရောက်ရှိသွားကြ

---

၁ adenosine diphosphate (A.D.P) ၂ nucleutide
၃ adenosine triphosphate (A.T.P) ၄ nucleic acid
၅ protein ၆ protoplasm ၇ cell



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ဆိုရသော်လည်း ပင်လယ်သမုဒ္ဒရာမှ ကုန်းပေါ်သို့ အပင်သက်ရှိများရောက်အောင် အချိန်ကာလအားဖြင့် မည်မျှယူခဲ့ရသည်ကို အတိအကျ မပြောနိုင်ချေ။ သမုဒ္ဒရာအတွင်း၌ အပင်သက်ရှိများ ဖြစ်လာသကဲ့သို့ အကောင်သက်ရှိများ (ဝါ) သက်ရှိသတ္တဝါများလည်း ဖြစ်လာကြသည်။ တဖြည်းဖြည်းနှင့် ကုန်းတစ်ပိုင်း ရေတစ်ပိုင်း နေနိုင်သော သတ္တဝါများဖြစ်ပေါ်လာ၍ နောင်တွင် ကုန်းပေါ်၌ နေနိုင်သော သတ္တဝါများအဖြစ် ပေါ်လာကြသည်။ ထို့နောက်ကုန်းနေသတ္တဝါများသာမကလေတွင် ပျံသန်းသွားလာနိုင်သော သတ္တဝါများလည်း ပေါ်ပေါက်လာကြသည်။ ထို့နောက် နှစ်ပေါင်းများစွာကြာသောအခါ ကျွန်ုပ်တို့ လူသားများဖြစ်ပေါ် လာကြသည်။ မနုဿဗေဒပညာရှင်များ တွေ့ရှိလာသော အထောက်အထားများအရ ဤကမ္ဘာ၌ လူသတ္တဝါများဖြစ်ပေါ်လာသည်မှာ နှစ်ပေါင်း ၄ သန်းခန့်ရှိပြီဟု ခန့်မှန်းရသည်။ * ဤခန့်မှန်းချက်သည် ခန့်မှန်းချက်သာ ဖြစ်၍ "လူ" ဟူ၍ ပီပီသသ ဘယ်သောအခါက စခဲ့သည်။ မည်သို့စခဲ့သည်။ လူ၏ အစကား မည်သို့ဖြစ်သည်ဟူသော အချက်တို့ကိုမူ တိတိပပမသိနိုင်ကြသေးချေ။ မငြင်းနိုင်သောအချက်မှာ လူသည် လူအဖြစ်နှင့် ဤကမ္ဘာပေါ်တွင် ယခုအခါ၌ အမှန်ပင် ရောက်ရှိနေပြီဟူသော အချက်ပင်ဖြစ်သည်။

ဤကမ္ဘာပေါ်သို့ "အသက်" ဖြစ်ပေါ် ရောက်ရှိလာသည်ကား မှန်ပါသည်။ သို့ရာတွင် ဤကမ္ဘာကြီးတွင် "အသက်" ဖြစ်ပေါ်လာခြင်း (ဝါ) အသက်ရောက်ရှိလာခြင်းသည် ကောင်းသော ရောက်ရှိလာခြင်းပေလော၊ သို့တည်းမဟုတ် မကောင်းသော၊ ဝမ်းပန်းတသာ ကြိုဆိုဖို့ရန် မသင့်သော ရောက်ရှိလာခြင်းပေလော၊ ဤသို့ ... စဉ်းစားတတ်သော လူသည် လွင့်လွင့်မျောမျော တွေးတောမြော်မြင်တတ်၏။ တွေးတောမြော်မြင်ကြည့်လိုက်တိုင်းလည်း အသက်ဖြစ်လာခြင်း၏ ရည်ရွယ်ချက်၊ သက်ရှိဘဝဖြစ်လာခြင်း၏ ရည်ရွယ်ချက်ကို ဇဝေဇဝါနှင့် မဝေခွဲတတ်အောင် ဖြစ်နေတတ်၏။

အသက်ဖြစ်ပေါ်လာ၍ တိရစ္ဆာန်သက်ရှိဘဝ၊ တိရစ္ဆာန်လောကဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် အသည်းနှလုံးတုန်လှုပ်ဖွယ် သွေးထွက်သံယို သတ်ပွဲဖြတ်ပွဲ တိုက်ခိုက်ပွဲကြီးများသည် ကျွန်ုပ်တို့ ကမ္ဘာ၌ အစပြုခဲ့၏။ အင်အားကြီးသော သတ္တဝါတို့က အင်အားငယ်သော သတ္တဝါတို့ကို နိုင်ထက်စီးနင်းပြုကြ၏။

---

* Time Magazine, 1982, Vol. 119, No. 25



www.burmeseclassic.com

www.burmeseclassic.com



ကြီးသောသတ္တဝါတို့က ငယ်သောသတ္တဝါတို့ကို ဒေါသတကြီးဖြင့် ကိုက်ဖဲ့သတ်ဖြတ်ကြ၏။ အစာလုရင်းလည်း အချင်းချင်း မာန်ဖီကြ၏။ တိုက်ခိုက်ကြ၏။ နယ်လုရင်း၊ စာကျက်လုရင်းလည်း တိုက်ကြ၊ ခိုက်ကြ၊ ကုတ်ကြဖဲ့ကြ၊ သတ်ဖြတ်ကြ၏။ အင်အားကြီးသော အသားစားသော သတ္တဝါတစ်ကောင်က အခြား တစ်ကောင်ကို အပြင်းလိုက်၏။ အလိုက်ခံရသောသတ္တဝါက အသက်ကို လုလျက် ကြောက်ရွံ့ထိတ်လန့်လွန်းစွာဖြင့် ပြေးရ၏။ သွေးအလိမ်းလိမ်းလူးလျက် မချိတင်ကဲ အသက်ငင်လျက်ရှိသည့် သားကောင်ကို သတ္တဝါမှဆိုးကြီးတို့က မြိန်ရေရှက်ရေဖြင့် ကိုက်ဖဲ့စားမျိုကြ၏။ လောကကြီးသည် လဲသံ၊ ပြိုသံ၊ အော်သံ၊ ဟစ်သံ၊ ဟိန်းဟောက်သံ၊ ဒေါသသံ၊ ညည်းတွားသံ၊ နာကြည်းကြွေးကွဲသံ၊ အသက်ငင်နေသောအသံတို့ဖြင့်ဆူညံခဲ့ရ၏။ အသက်သည် ထိုအမင်္ဂလာသံများ၊ အနိဋ္ဌာရုံများကို ဖန်တီးပေးရန် ရည်ရွယ်ချက်ဖြင့် ဤကမ္ဘာမြေကြီး၌ ဖြစ်လာခဲ့ခြင်းပေလော။ အသက်သည် ကမ္ဘာဦး တိရစ္ဆာန်ကြီးများ၏ ဝမ်းဗိုက်တို့ကို ဆာလောင် မွတ်သိပ်စေ၍ ထိုဆာလောင်မွတ်သိပ်ခြင်းကို ဖြေဖျောက်ဖို့ တစ်ခုတည်းသာ ထောက်ထားကာ သတ္တဝါတစ်ကောင်က တစ်ကောင်ကို မညှာမတာ သတ်ဖြတ်ကိုက်ဖဲ့ ဝါးခြေစားသောက်စေရန် ဖန်တီးပေးဖို့ ရောက်လာခဲ့ခြင်းပေလော။ သက်ရှိသတ္တဝါ ဖြစ်လာပြီးနောက် ထိုဘဝမှ မသေချင်အောင်၊ ထိုသို့ မသေချင်မှု၊ ဘဝ တည်မြဲလိုမှုကြောင့် အမျိုးမျိုးတိုက်ခိုက်သတ်ဖြတ် စားသောက်ခြင်းတို့ဖြင့် ရုန်းကန်လှုပ်ရှားနေအောင် ဖန်တီးဖို့အတွက် အသက်သည် ဤလောက၌ ဖြစ်လာခဲ့ခြင်းပေလော။ အသက်၏ရည်ရွယ်ချက် (ဝါ) ဘဝဖြစ်လာမှု၏ ရည်ရွယ်ချက်ကို လူသည် ကြိမ်ဖန်များစွာ သံသယပွား၍ ထိုအသက်၏ ရည်ရွယ်ချက်နှင့် ပတ်သက်သော လွင့်လွင့်မျောမျော အတွေးအခေါ်များကို တွေးခေါ်ခဲ့၏။

လူသတ္တဝါတို့ထံ အသက်ရောက်ရှိလာခြင်း (ဝါ) သက်ရှိ လူ့ဘဝဖြစ်လာခြင်းသည်လည်း ကောင်းသော ဖြစ်လာခြင်းမှ ဟုတ်ပါလေ၏လော...

အသက်ရှိလာ၍ လူ့အဖြစ် လူ့ဘဝကို ရပြီဆိုကတည်းက လူသည် အသက်နှင့် မကွဲမကွာ အသက်ရှင် တည်တံ့နေရန်အတွက် ပင်ပန်းတကြီး ရုန်းကန်လှုပ်ရှားရ၏။ သဘာဝအန္တရာယ်များသည် လူတို့အား အသက်နှင့် ကွဲကွာအောင် အကြီးအကျယ် နှိပ်စက်ခဲ့ကြသည်။ မီးလောင်ခြင်း ဘေးအန္တရာယ်များ မြေငလျင်အန္တရာယ်များ၊ ရေကြီးခြင်းများ၊ မိုးခေါင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



များသည် လူသတ္တဝါတို့အား အပြင်းအထန်နှိပ်စက်ခဲ့ကြ၏။ အသက်နှင့် ခန္ဓာမကွဲကွာရန် ထိုသဘာဝ အန္တရာယ်အမျိုးမျိုးကို အပန်းတကြီးတွန်းလှန် တိုက်ခိုက်ခဲ့ကြရ၏။ သဘာဝအန္တရာယ်များနှင့် လူသတ္တဝါတို့၏ တိုက်ပွဲများ၌ ဘဝပေါင်းများစွာ၊ ခန္ဓာပေါင်းများစွာ ကြွေပြုန်းခဲ့ရ၏။ အသက်ရှိလာ၍ ဘဝဖြစ်လာပြီဆိုကတည်းက ထိုဘဝတည်မြဲရန် အစာရေစာကို အပန်း တကြီး မနားမနေ တလှုပ်လှုပ် တရွရွဖြင့်ရှာဖွေခဲ့ကြရ၏။ အခြားသတ္တဝါ များကဲ့သို့ပင် အစာလုရင်း၊ နယ်လုရင်း လောဘ၊ ဒေါသ၊ မောဟ အမျိုးမျိုးဖြင့် လူအချင်းချင်း သတ်ဖြတ်ကြ၏။ တိုက်ကြ၊ ခိုက်ကြ၏၊ လူ့သမိုင်း၊ လူ့ခရီးစဉ်ကို ပြန်ကြည့်လျှင် လူ့လူချင်း သတ်ပွဲကြီးများ၊ သွေးစွန်းကွက်ကြီးများကို မြင်ယောင် ထင်ယောင်လာရသည်။ ဂျာမန် ဒဿနပညာရှင် ရှိုပင်ဟောင်ဝါ[၁]က "သမိုင်းသည် နိုင်ငံများ၏ ဘဝဖြစ်စဉ် အကြောင်းကို ဖော်ပြရာ၌ စစ်ပွဲများ၊ မငြိမ်သက်မှုများအကြောင်း ကလွဲ၍ ထူးထူးခြားခြားဖော်ပြစရာအကြောင်းမရှိ၊ နိုင်ငံများ၏ဘဝခရီး စဉ်၌ ငြိမ်သက်အေးချမ်းသောကာလဟူသည်မှာ ပြဇာတ်တစ်ခုတွင်အခန်း တစ်ခုမှတစ်ခုသို့ကူးပြောင်းသည့် ကာလအပိုင်းအခြားကလေးကဲ့သို့သာဖြစ် သည်။ လူ့ဘဝခရီးစဉ်မှာလည်း အစဉ်အမြဲတိုက်ခိုက်ရန်းကန်နေရခြင်းများ သာရှိသည်။ လူသည် အလိုမပြည့်ခြင်းများ၊ ငြီးငွေ့စိတ်ပျက်ခြင်းများနှင့် လည်း တိုက်ခိုက်နေရသူဖြစ်၍ လူအချင်းချင်းနှင့်လည်း ယှဉ်ပြိုင်တိုက်ခိုက် နေရသူဖြစ်သည်။ လူသည် နေရာတကာ၌ ဆန့်ကျင်ဘက်များ၊ ပြိုင်ဘက် များနှင့်သာ တွေ့နေရသူဖြစ်သည်။ လူသည် အတောမသတ်သော ပဋိပက္ခ မှုတို့အတွင်း၌ အသက်ရှင်၍ တိုက်ရင်းခိုက်ရင်း လက်၌ ဓားကိုကိုင်ရင်း သေရသူပင်ဖြစ်သည် "* ဟု ဖော်ပြဖူး၏။

အသက်ဖြစ်လာမှု (ဝါ) ဘဝဖြစ်လာမှုကြောင့် လူတို့၏ရုပ်ခန္ဓာသည် အစာအာဟာရကို တောင်းဆိုလာခဲ့၏။ ဝတ်စရာ၊ နေစရာတို့လည်း လိုအပ်လာ၏။ ယင်းတောင်းဆိုချက်၊ ဘဝလိုအပ်ချက်များကို ဖြည့်ဆည်း ရန် လူတို့သည် ပင်ပန်းကြီးစွာ လုံးပန်းကြရ၏။ လုံးပန်းသူအချင်းချင်း အပြန်အလှန် အကျိုးပြုခြင်းများလည်း ရှိ၏။ အချို့က အချင်းချင်းအပေါ် လူလည်လုပ်ကြ၏။ အမြတ်ထုတ်ကြ၏။ စားစရာ ဝတ်စရာ နေစရာတို့ကို

---

၁ Auther Schopenhauer (1788-1860)

* Schopenhauer, "Essays and Aphorisms," P.42



www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်းတို့ထက် ပိုမိုရရှိအောင် မသမာသောနည်းမျိုးစုံဖြင့် အရယူကြ၏။ ထိုအခါ လူလည်လုပ် အမြတ်ထုတ်ခံရသူတို့က မကျေမနပ်ဖြင့် မိမိတို့အား လူလည်လုပ်သူ၊ အမြတ်ထုတ်သူများကို တော်လှန်ကြ၏။ နှိပ်ကွပ်ကြ၏။ သုတ်သင်ရှင်းလင်းသင့်က သုတ်သင်ရှင်းလင်းပစ်ကြ၏။ အစွဲဥပါဒါန်အမျိုးမျိုး၊ အကြောင်းပြချက်အမျိုးမျိုးဖြင့် လူမျိုးတစ်မျိုးက တစ်မျိုးအပေါ်၊ တစ်တိုင်းပြည်က တစ်တိုင်းပြည်အပေါ် လွှမ်းမိုးခြင်းများ ပြုလုပ်ကြ၏။ ထိုအခါ... လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည် အပြန်အလှန် အာဃာတတရားများ၊ မုန်းတီးရက်စက်ခြင်းများဖြင့် တိုက်ကြ ခိုက်ကြ ယှဉ်ပြိုင်ကြ၊ သတ်ဖြတ်ကြ၏။ သမိုင်းကြောင်း၌ ဤအဖြစ်အပျက်တို့က များလွန်းနေသောကြောင့် သမိုင်းပညာရှင် ဂစ်ဗွန်း[၁] က "လူ့သမိုင်းဟူသည်လူတို့၏ရာဇဝတ်ပြစ်မှု၊ ရက်စက်မှုနှင့် မိုက်မဲမှုများအကြောင်း မှတ်တမ်းမျှသာ ဖြစ်ပါသည်။" *ဟု ဖွင့်ဆိုမိဟန်တူသည်။ မိမိလူမျိုး၊ မိမိတိုင်းပြည် အတွက်ဟု အကြောင်းပြချက်အမျိုးမျိုးဖြင့် နယ်ချဲ့ကြ၊ အာဏာလုခဲ့ကြရာမှ တစ်စတစ်စဖြင့် ကြီးထွားလာခဲ့သည့် ဒုတိယကမ္ဘာစစ်အတွင်းက လူအချင်းချင်း သတ်ဖြတ်ပွဲများ၌ လူပေါင်း ၅၅ – သန်းမျှ သေခဲ့ကြရသည်။ စာရင်းမရဘဲ သေဆုံးသူများလည်း အများအပြား ရှိပေလိမ့်ဦးမည်။ ဤမျှ ရက်စက်နိုင်ခြင်းများ၊ ဤမျှ ဒေါသ အာဃာတတရားကြီးမားခြင်းများ ရှိနေသည့် လူလောကကြီးသည် ကောင်းသော လောကကြီးမှ ဟုတ်ပါလေ၏လောဟု လူ၌ သံသယပွားခဲ့ရ၏။

သက်ရှိလူသတ္တဝါကို တစ်ဖက်သော ရှုထောင့်မှ ကြည့်ပါက လူသည် သဘာဝ၏ ထုတ်လုပ်မှုများအနက် အသပ်ရပ်ဆုံး။ အလှပဆုံးနှင့် အဆင့်အတန်းအရည်အသွေးအမြင့်ဆုံးသတ္တဝါအဖြစ်မြင်ရ၏။ လူတွင် အခြားအခြားသတ္တဝါတို့ထက် အဆင့်မြင့်သည့်ဦးနှောက်ကွဲသို့သော ဆဲလ်အဖွဲ့အစည်းတို့ရှိသောကြောင့် အသိဉာဏ်အရာ၌ သတ္တလောကတွင် ထိပ်တန်းအကျဆုံးသတ္တဝါဖြစ်လျက်ရှိသည်။ အခြားသတ္တဝါတို့ထက် အသိဉာဏ်၊ ဆင်ခြင်ဉာဏ်နှင့်အခြားအခြားသော အရည်အချင်းများ သာလွန်မှုကြောင့် အချို့က "လူကို ထာဝရဘုရားက မိမိပုံသဏ္ဌာန်အတိုင်းဖန်ဆင်းခဲ့သည်" ဟုပင်ယူဆ

---

၁ Edward Gibbon (1737-1794)

* The Great Quotations, P.476



www.burmeseclassic.com

www.burmeseclassic.com



ကြ၍ လူကို အမြင့်မြတ်ဆုံး သတ္တဝါအဖြစ် ရှုမြင်ခဲ့ကြ၏။ စကြဝဠာ၌ ဂုဏ်သိက္ခာ အမြင့်မားဆုံးသူအဖြစ် ရှုမြင်ခဲ့ကြ၏။

လူ၏ ဦးနှောက်သည် သေးငယ်သည်မှာ မှန်သည်။ သို့ရာတွင် ထို သေးငယ်သော လူ၏ဦးနှောက်က သဘာဝ နိယာမတို့ကို သိနိုင်စွမ်းသည်။ ရောင်ပြန်ဟပ်နိုင် စွမ်းသည်။ သဘာဝ နိယာမတို့ကို သိသော အသိဖြင့် လူသည် သဘာဝ လောကကြီးအား မိမိလိုအင်များအတွက် ချုပ်ကိုင်စေ စားနိုင်စွမ်းသူ ဖြစ်သည်။ ကမ္ဘာကြီး မည်မျှ လေးကြောင်းကို လူသည် တွက်ချက် ပြနိုင်ခဲ့သည်။ အဏုမြူအောက် သေးငယ်သော ရုပ်မှုန်တို့ အကြောင်းကိုလည်း လူသည် သိနိုင်စွမ်းသူဖြစ်သည်။ အဏုမြူစွမ်းအင်တို့ကို လိုရာရာ၌ ထိန်းချုပ်စေစားအသုံးချနိုင်သူလည်း ဖြစ်သည်။ အံ့ဘနန်းသိပ္ပံ ပညာဆိုင်ရာ တီထွင်မှုတို့ကို စွမ်းဆောင်နိုင်ခဲ့သူလည်း ဖြစ်သည်။ သဘာဝ နိယာမတို့ကို သိနားလည်မှုဖြင့် လူသည် အာကာသအတွင်း၌ လမ်းလျှောက် ပြခဲ့၏။ လကမ္ဘာသို့လည်း စွန့်စား၍ အရောက်သွားနိုင်ခဲ့၏။ အနန္တ စကြဝဠာ၏ လျှို့ဝှက်ချက်များကိုလည်း တစ်ခုပြီးတစ်ခု လက်ကုန်ဆန့်၍ ဖော်ထုတ် နေသူလည်း ဖြစ်၏။ အသိဉာဏ် ဆင်ခြင်ဉာဏ် ထက်မြက်မှု စွမ်းရည်ရှိသောကြောင့် သတ္တလောက၌ လူသည် စွမ်းအား အကြီးမားဆုံး အတော်ဆုံးဖြစ်ခဲ့ရ၏။ အချို့က လူတို့၏ အဆင့်အမြင့်ဆုံးသော အသိပညာ မှာ သိပ္ပံပညာပင် ဖြစ်သည်။ သိပ္ပံပညာဖြင့် လူမှုပြဿနာ အထွေထွေကို ရှင်းနိုင်ကြမည်၊ သိပ္ပံပညာဖြင့် လောကကြီးကို တိုးတက်သည်ထက် တိုး တက်အောင်၊ သာယာသည်ထက် သာယာအောင် လောက၏ အကျည်းတန် အရုပ်ဆိုးခြင်းတို့ကို ဖယ်ရှား၍ အလှတန်ဆာတို့ဖြင့် ဆင်ယင်နိုင်အောင် ဆောင်ကြဉ်းနိုင်လိမ့်မည်ဟုပင် တစ်ချိန်က ယူဆခဲ့ကြ၏။

သို့ရာတွင် သိပ္ပံပညာသည် လူနှစ်ဦးကြား သဘောထား ကွဲလွဲနေ သည်ကိုပင် ညီညွတ်မှုရအောင် မဖြေရှင်းတတ်ဘဲ ဖြစ်လျက် ရှိသည်။ လူ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ လူမျိုး တစ်မျိုးနှင့် တစ်မျိုး အကြားတွင် ကွဲလွဲနေသော အယူအဆများ၊ သဘောထားများကို "ဤသည်သာ အမှန် ဖြစ်ပါသည်" ဟု တိတိပပထောက်ပြပြီး ညီညွတ်မှုရအောင် သိပ္ပံပညာသည် မဆောင်ကြည်းနိုင်ဘဲ ဖြစ်လျက်ရှိသည်။ သိပ္ပံပညာ ထွန်းကား တိုးတက် နေစဉ်တွင်ပင် တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား မပြေလည်မှုများ၊ ပြဿနာများ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကြ၍ တစ်ဖက်နှင့် တစ်ဖက် အမှန်တရား အတွက် ငြင်းခုံကြ၏။ အမှန်တရားကိုရှာရင်းမှ သဘောထားကွဲလွဲ၍ တိုက်ကြ၊ ခိုက်ကြ၏။ သတ်ဖြတ်ကြ၏။ အမှန်တရားအတွက် စစ်ပြင်ကြ၏။ ထိုအခါ သိပ္ပံပညာက လူ လူချင်း သတ်ဖြတ်ချေဖျက်စရာ လက်နက်ပစ္စည်းတို့ကို ထုတ်လုပ်ပေးရုံသာ တတ်နိုင်တော့၏။ ဤတွင် … လူမှုပြဿနာများကို ဖြေရှင်းမပေးနိုင်သော စိတ်ပိုင်းဆိုင်ရာ အမှန်သစ္စာတို့ကို ဖော်ထုတ်မပေးနိုင်သော သိပ္ပံပညာအပေါ် လူသည် သံသယ ပွားမိလာပြန်သည်။ သိပ္ပံပညာကြောင့် လူ့အသုံးအဆောင်များ တိုးတက်လာခြင်းကို "တိုးတက်ခြင်း" ဟု အနက်အဓိပ္ပာယ်ဖွင့်မည်လော၊ တစ်နည်းအားဖြင့် ရုပ်ပိုင်းဆိုင်ရာတို့ တိုးတက်ခြင်းကိုပင် "တိုးတက်ခြင်း" ဟု ဆိုမည်လော၊ "တိုးတက်ခြင်း" ဆိုသည်မှာ အဘယ်နည်း၊ "သိပ္ပံပညာသည် လူတို့အတွက် အဘယ်မျှလောက်အထိ အားကိုးရာ ဖြစ်သနည်း" …. …. ဤမေးခွန်းများနှင့်အတူ သိပ္ပံပညာအပေါ် သံသယပွားခဲ့ရပြန်သည်။

လူ့အသိဉာဏ် ဆင်ခြင်ဉာဏ်၏ အထွတ်အထိပ်ဖြစ်သော သိပ္ပံပညာသည် လူတို့၏ အစွဲဥပါဒါန်များကို ဖြေရှင်းရာ၌လည်း ပြောပလောက်အောင် အစွမ်းအစမရှိဘဲ ဖြစ်လျက်ရှိသည်။ ဘာသာစွဲအမျိုးမျိုး၊ လူမျိုးစွဲအမျိုးမျိုးတို့ကိုလည်း မည်သည်က အမှန်ဖြစ်ကြောင်း သက်သေပြ၍ ဖြေရှင်းချက်မပေးနိုင်ဘဲ ဖြစ်လျက်ရှိသည်။ ထိုအခါ လူတို့၌ ရှိသော လောဘ၊ ဒေါသ၊ မာနတရားတို့ကို ဖယ်ရှားမပေးနိုင်သော လူ့ဘဝဆိုင်ရာ ပြဿနာများကို ဖြေရှင်းမပေးနိုင်သော သိပ္ပံပညာကို အချို့က အားကိုးရာမဟုတ်ဟု ထင်မြင်မိလာကြပြန်သည်။

လူတို့၏ အနာဂတ်ကို လှမ်းမျှော်ပါက လူတို့၏ အသိဉာဏ်၊ ဆင်ခြင်ဉာဏ်ရှိမှုကြောင့် လူ့လောကတွင် မကောင်းမှုများလျော့နည်း၍ ကောင်းမှုများတိုးတက်လာလိမ့်မည်ဟု မျှော်လင့်စရာရှိ၏။ အသိဉာဏ်၊ ဆင်ခြင်ဉာဏ်ရှိသောကြောင့် မကောင်းမှုများ မပြုလုပ်နိုင်ရန်အတွက် စဉ်းစဉ်းစားစားဖြင့် လူမှုရေး ဥပဒေများကို လူ့လောက၌ ချမှတ်ခဲ့ကြ၏။ ကိုယ်ကျင့်တရားနှုန်းစံတို့ကို ချမှတ်ခဲ့ကြ၏။ စည်းကမ်းများ ချမှတ်ခဲ့ကြ၏။ ထိုဥပဒေ နှုန်းစံစည်းကမ်းများဖြင့် ထိန်းကွပ် ချုပ်ကိုင်ခဲ့ကြ၏။ သို့ရာတွင် လူသည် သတ္တလောက၌ အသိဉာဏ် ဆင်ခြင်ဉာဏ် အမြင့်ဆုံး ရှိမှုကြောင့်ပင် ထိုဥပဒေများ၊ နှုန်းစံစည်းကမ်းများ၏ ထိန်းကွပ်ချုပ်ကိုင်မှုကို ကျင်လည်စွာ



www.burmeseclassic.com

www.burmeseclassic.com



ရှောင်တိမ်း၍ အခြားသတ္တဝါတို့ လိုက်၍ မမီနိုင်လောက်သော ကောက်ကျစ်စဉ်းလဲမှုများ၊ လူလည်လုပ်ခြင်းများ၊ မိုက်မဲခြင်းများကို ပြုနေတတ်သည်။

ထိုအခါ လူသည် လူကိုမယုံကြည်သော သံသယမျက်လုံးများဖြင့် ကြည့်မိပြန်သည်။ လူတစ်ဦးသည် အခြားလူတစ်ဦးထံမှ အကူအညီတစ်ခုခု၊ အခွင့် အရေးတစ်ခုခု ချီးမြှောက်မှုတစ်ခုခု၊ အကျိုးရလဒ်တစ်ခုခုကို ရလိုသောကြောင့် လိမ်ညာလှည့်ပတ်ချဉ်းကပ်တတ်၏။ မျက်နှာပေး အမျိုးမျိုးဖြင့်ကြိုက်လောက်အောင်၊ ကျလောက်အောင် ပြောတတ်ဆိုတတ် မြှောက်ပင့်၍ပေါင်းသင်းဆက်ဆံတတ်၏။ လာခြင်းကောင်းသော မိတ်စစ် ဆွေစစ် မိတ်ကောင်း ဆွေကောင်းအဖြစ် ယုံကြည်လာအောင်လည်း ဟန်ဆောင်တတ်၏။ ထိုအခါ ယုံကြည်မိသောကြောင့် ထိုဟန်သမားအား အကူအညီများပင် ပေးလိုက်မိတတ်၏။ မိမိက ပို၍ သဘောကောင်းသူဖြစ်ပါက ကိုယ့်ဘက်မှပင် အနစ်နာခံ၍ ထိုဟန်သမားအား အကူအညီပေးလိုက်မိတတ်၏။ သို့ရာတွင် ထိုဟန် သမားသည် သူ၏ လိုအင်ပြည့်သည့်အခါ မိမိအား ရှောင်ခွာသွားခြင်းမျိုး ကိုလည်းကောင်း၊ မိမိ ဒုက္ခရောက်သည့်အခါ ဒုက္ခ အခက်အခဲတို့နှင့် ကြုံသည့်အခါ ပြန်စောင်းပင် လှည့်ကြည့်ဖော်မရဘဲ မိမိအား ကျောခိုင်းသွားခြင်း မျိုးကိုလည်းကောင်း ကြုံရတတ်၏။ မိမိက အဆင့်မြင့်နေသည့်အခါ မိမိအား အောက်ကျို့၍လည်းကောင်း၊ မိမိက အဆင့်နိမ့်သည့်အခါ အပေါ်စီးဖြင့် ဖိနှိပ်လျက်ဆက်ဆံလာခြင်းမျိုးကိုလည်းကောင်း၊ လိုလျှင်တစ်မျိုး မလိုလျှင်တစ်မျိုးဖြင့် ဖောက်ဖောက်ပြန်ပြန် ဆက်ဆံလာခြင်းမျိုးကိုလည်းကောင်း လူသည် ကြိမ်ဖန်များစွာ တွေ့ကြုံလာရ၏။ ထိုအခါ၌ လူသည် လူကို မယုံကြည်ထိုက်သူဟု ထင်မြင်လာသည်။ လူသည် လူကို မကိုးစားထိုက်သူဟုလည်း ထင်မြင်လာသည်။ လူသည် မကယ်ဆယ်ထိုက်သူဟုလည်း ထင်မြင်လာမိပြန်သည်။

ဤအသိ ဤအမြင် ဤအတွေ့အကြုံတို့ကို ရလာသော လူတို့သည် (လူအချင်းချင်း မဆက်ဆံ၍လည်း မဖြစ်သောကြောင့် ဆက်ဆံရသည့်အခါ) တစ်ဖက်နှင့်တစ်ဖက် သံသယကိုယ်စီ၊ ဟန်ဆောင်ချက် ကိုယ်စီဖြင့် မိမိတို့၏ ကိုယ်စီအကျိုးစီးပွားအတွက် ညာဝါးရင်း အပေးအယူ လုပ်တတ်လာကြသည်။ တစ်ဖက်က ညာလှိုင်းလာလျှင် မိမိကပြန်၍ ညာဝါးဖို့၊ တစ်ဖက်က မသမာမှုပြုလာလျှင် ရှောင်ရှားနိုင်ဖို့အတွက် လူသည် အစဉ်သတိထား နေရပြန်သည်။ မိမိတ်ဆွေဆိုသည်မှာ အပေးအယူ သဘောအရ ပေါင်းသင်း ဆက်ဆံနေသူမျိုး ဖြစ်သည်ဟုလည်း အဓိပ္ပာယ် ဖွင့်ဆိုမိပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် မယုံကြည်ဘဲ မိမိအတ္တကျိုးအတွက် အပေးအယူ လုပ်ရင်း ဆက်ဆံပေါင်းသင်းနေသည့် လောကကြီးကို " ညာဝါး ဖြန်းသန်းနေသော လူ့လောကကြီးအဖြစ်" ကြိမ်ဖန်များစွာ ထင်မြင်လာသည်။ စာရေးဆရာကြီး ဘားနဒ်ရှော[၁] က "လူတိုင်းသည် အသက်လေးဆယ်ကျော်ပါက လူယုတ်မာဖြစ်ပြီ" *ဟု ပြောင်လှောင်ဖူး၏။ လူသည် အသက်ကြီးလာလေ ... အသိဉာဏ် ဆင်ခြင်ဉာဏ်ပိုလာလေ ... မာယာပရိယာယ် များလာလေ ... လိမ်လည်ကောက်ကျစ်ညာဝါးတတ်လာလေ ... ဖြစ်လာတတ်သော သဘောကို ရည်ညွှန်းခြင်းဖြစ်ပေလိမ့်မည်။ ကာတွန်း အနုပညာရှင်ကြီး ဦးဘဂျမ်းကလည်း အောက်ပါကဲ့သို့ လူကို ပြောင်လှောင် သရော်ခဲ့ဖူး၏။

> "လူသည်လိမ်နိုင်၊ ကောက်နိုင်မှ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံနိုင်သော သတ္တဝါ ဖြစ်၏။ စိတ်ထဲတွင်ရှိသမျှကို ဖွင့်ဟပြောဆို၍ တစ်ဦးနှင့်တစ်ဦး ပွင့်ပွင့်လင်းလင်း ဆက်ဆံကြပါလျှင် (တစ်ဦးကိုတစ်ဦး သတ်ကြ၊ ဖြတ်ကြ၍) မသာချရသော အလုပ်ဖြင့် အချိန်ကုန်ကြရမည် ဖြစ်သည်။**

လူသည် အသိဉာဏ်အရာ၌၊ ဆင်ခြင်ဉာဏ်အရာ၌ ထိပ်တန်းကျသည်ဆိုပါလျက် ကြုံတွေ့လာရသော ဘဝဒုက္ခများ၊ မပြေလည်မှုများ၊ မကျေနပ်နိုင်ခြင်းများကို ခံနိုင်ရည်ရှိအောင်၊ ဖြေဆည်နိုင်အောင် လူ့အသိဉာဏ်၊ ဆင်ခြင်ဉာဏ်က မတတ်နိုင်ဘဲဖြစ်လျက်ရှိပြန်သည်။ ထိုအခါအခြားမည်သည့်သတ္တဝါတို့တွင်မျှ ရှိဟန်မတူသော အလိုမကျနိုင်၊ မကျေနပ်နိုင်ခြင်းများ၊ မျှော်လင့်ချက်ကင်းမဲ့၍ စိတ်ဓာတ်ကျခြင်းများ စသည့် စိတ်ရောဂါများနှင့် အခြားအခြားသော စိတ်ဝေဒနာများသည် လူသတ္တဝါတို့၌ ပို၍ပို၍ ဖြစ်လျက်ရှိ၏။

> "မနီလာမြို့...စိတ်ကျန်းမာရေး သုနာပြုများလုပ်ငန်းခွင်ဆွေးနွေးပွဲကျင်းပရာတွင် .... ကျန်းမာရေး ဝန်ကြီး ဂတ်မိုင်တိုင်က ၁၉၈၈ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်ကြားတွင်

---

၁ Bernard Shaw (1856-1950)

* The Penguin Dictionary of Quotations, J.M and M.J Cohen 1964 , P.358

** စန္ဒာမဂ္ဂဇင်း၊ အမှတ်–၁၃၈၊ စက်တင်ဘာလ၊ ၁၉၀၀–ခု၊



www.burmeseclassic.com

www.burmeseclassic.com

## လူ၏ လွင့်လွင့် မျောမျော

စိတ်ရောဂါသည် အများဆုံး ဖြစ်ပွားသည့် ရောဂါများထဲတွင် အပါအဝင်ဖြစ်လာလိမ့်မည်ဟု စိတ်ကျန်းမာရေးစီစဉ်သူများကခန့်မှန်းကြောင်း၊ စီးပွားရေးနှင့် မြို့ပေါ်အခြေအနေ ပြောင်းလဲမှုများကို အမီ မလိုက်နိုင်သောကြောင့် စိတ်ထောင်းကိုယ်ကြေဖြစ်ကာ စိတ်ရောဂါဖြစ်ပေါ်လာနိုင်ကြောင်း ဆွေးနွေးတင်ပြခဲ့၏။"

ထို့ပြင် မစ္စတာဂတ်မိုင်တိုင်က " ကမ္ဘာ့ကျန်းမာရေးစာရင်းအင်းများအရ ယနေ့ဖွံ့ဖြိုးဆဲကမ္ဘာတွင် စိတ်ဝေဒနာဖြစ်နေသောသူ သန်း ၄၀ ခန့်ရှိပြီး သန်း ၂၀၀ ခန့်မှာလည်း စိတ်ဝေဒနာနီးပါး ခံစားနေရကြောင်း ဆက်လက်ဖော်ပြခဲ့၏။"*

"ကမ္ဘာပေါ်တွင် လူသန်းပေါင်း ၁၀၀သည် စိတ်ဓာတ်ကျသည့်ရောဂါကို ပြင်းပြင်းထန်ထန် ခံစားနေကြရသည်။ အနောက်ဥရောပလူဦးရေ၏ ငါးရာခိုင်နှုန်းသည် ထိုစိတ်ဓာတ်ကျရောဂါ စွဲကပ်နေကြသည်ဟု ကျန်းမာရေးပါရဂူနော်မန်ဆာတိုးရီးယပ်စ်[၁] က မိုနာကိုမြို့[၂] တွင်ပြောကြားသည်။"

မိုနာကိုမြို့တွင် ကျင်းပသော စိတ်ဓာတ်ကျရောဂါဆိုင်ရာ ပထမဦးဆုံး ဥရောပညီလာခံတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် စိတ်ရောဂါဌာနခွဲ၏ အကြီးအကဲ နော်မန်ဆာတိုးရီးယပ်စ်က အနောက်ဥရောပတွင် မိမိကိုယ်ကို သတ်သေသူ ၁၀၀၀၀၀ ခန့်ရှိ၍ ယင်းတို့အနက်မှ သုံးပုံနှစ်ပုံသည် စိတ်ဓာတ်ကျရောဂါကြောင့် သတ်သေကြခြင်း ဖြစ်သည်ဟုဆိုသည်။"

"အိန္ဒိယနိုင်ငံတွင် လူ ၁၅ သန်းခန့် ဆိုးဆိုးရွားရွားစိတ္တဇရောဂါ စွဲကပ်လျက်ရှိကြောင်း နယူးဒေလီမြို့တွင်

---

* ၁၉၇၇၊ ဇွန်လ၆ရက်၊ အင်္ဂါနေ့၊ လုပ်သားပြည်သူ့နေ့စဉ်

** Working People's Daily, Wedensday, 10, December, 1980

၁ Norman Sartorius

၂ Monaco



www.burmeseclassic.com

www.burmeseclassic.com



ကျင်းပပြုလုပ်သော စိတ္တဇရောဂါပပျောက်ရေး နှီးနှော ဖလှယ်ပွဲသို့ တင်သွင်းသော စိတ္တဇရောဂါဆိုင်ရာအမျိုးသား စစ်တမ်း၌ ဖော်ပြထား၏။ လူ ၁၀၀၀ လျှင် ၁၀ မှာ စိတ္တဇရောဂါ စွဲကပ်လျက်ရှိကြောင်း၊ ထိုစိတ္တဇရောဂါရှင် များအနက် ၂၀ ရာနှုန်းခန့်မှာ သွက်သွက်ခါ ရူးသွပ်လျက် ရှိကြောင်း၊ ထိုသို့ ရူးသွပ်နေသူပေါင်း အိန္ဒိယနိုင်ငံတွင် ၁၅ သန်းခန့်ရှိကြောင်း ဖော်ပြထား၏။"*

လူ့သမိုင်းကို ကြည့်ပါက လူများစွာတို့သည် မိမိတို့ဘဝ ရပ်တည် အသက်ရှင်နေရန် အစားအစာ ရရှိရေးအတွက် နေ့စဉ်ရုန်းကန် လှုပ်ရှားရခြင်းဖြင့်သာ အချိန်ကုန်လျက်ရှိကြ၏။ ထိုသူတို့အဖို့ ဘဝ ဖြစ်လာခြင်းသည် အစာရှာရန်အတွက်မျှသာဖြစ်လျက်ရှိသည်။ ဘဝဖြစ်လာခြင်းသည် အစာ စားဖို့ရန် အတွက်သာ ဖြစ်လျက်ရှိသည်။ လူ့ဘဝကို ရောက်လာခြင်းသည် ဆာလောင်လာသောဝမ်းကို အစာဖြည့်ပေးရန်နှင့် ထိုအစာကိုရှာရခြင်း၌ ဒုက္ခအန္တရာယ်အသွယ်သွယ်ကို တွေ့ကြုံခံစားဖို့ အတွက်မျှသာ ဖြစ်လျက်ရှိသည်။ အစာအတွက်သာ ကြောင့်ကြစိုက်နေရ သည့်အတွက် ဘဝ၌ အခြားခြားသောအနှစ်သာရ၊ အခြားအခြားသော တန်ဖိုး၊ အခြားခြားသော အနက်အဓိပ္ပာယ် မရှိတော့သကဲ့သို့ ဖြစ်လျက်ရှိသည်။ ထိုသူတို့၏ ဘဝအမြင်များ၊ အတွေးအခေါ်များသည် ဝမ်းဗိုက်၏ ဆာလောင်ခြင်းနှင့် ပတ်သက်သော၊ ဆာလောင်သော ဝမ်းဗိုက်၏အနီး ဝန်းကျင်မျှလောက် အထိသာရောက်သောဘဝအမြင်များ၊ အတွေးအခေါ်များဖြစ်လျက်ရှိသည်။ ဘဝ၌စားခြင်း၊ ဝတ်ခြင်း အပြင် အခြားအခြားသော သိစရာ၊ မြင်စရာ၊ ခံစားစရာ၊ စွမ်းဆောင်စရာတို့ ရှိသည်ဟု မြင်လာပါက လည်း ယင်းတို့ကို သိရန် မြင်ရန် ခံစားရန် စွမ်းဆောင်ရန် အချိန်မရဘဲ ဖြစ်လျက်ရှိသည်။ သို့ဖြစ်သောကြောင့် ဘဝ၌ အခြားအခြားသော သိစရာ၊ မြင်စရာ၊ ခံစားစရာ၊ စွမ်းဆောင်စရာတို့ကို သိမြင်နိုင် ခံစားနိုင်၊ စွမ်းဆောင်

---

* Working People's Daily, Monday, 15 March, 1982



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရန် စား ဝတ် နေရေး အတွက် မကြောင့်ကြရသော အခြေအနေမျိုး၊ ခေတ်စနစ်မျိုးတို့ကို လူတို့သည် ကြံဆ၍ ခဲယဉ်းပင်ပန်းစွာ တည်ဆောက်ကြရသည်။ လူအချင်းချင်း ဖိနှိပ်ခြင်း ကင်းသော တရားမျှတမှု ရှိသော လူ့အဖွဲ့အစည်းမျိုး ဖြစ်အောင် အခက်အခဲ မြောက်မြားစွာကို ရင်ဆိုင်၍ တည်ဆောက်ကြရ၏။ ထိုသို့ တည်ဆောက်ရင်းမှ လောဘ၊ ဒေါသ၊ မာန၊ အစွဲဥပါဒါန် အမျိုးမျိုးတို့ကြောင့် အမြင် မတူနိုင်ခြင်းများ၊ သဘောကွဲလွဲမှုများ၊ လက်မခံနိုင်ခြင်းများဖြင့် ကမ္ဘာကြီး၌ ပဋိပက္ခမှု အမျိုးမျိုးဖြစ်ခဲ့ရ၏။ ဖြစ်ကြဆဲလည်း ရှိ၏။ ဤအဖြစ်တို့ကို ထောက်၍ လူတို့၏ ထိပ်တန်းကျလှပါသည်ဆိုသော အသိဉာဏ်၊ ဆင်ခြင်ဉာဏ်ကို မောဟတရားတို့က လွှမ်းမိုး၍ လောဘ၊ ဒေါသ၊ မာန၊ အစွဲဥပါဒါန် အမျိုးမျိုးက အနိုင်ယူနေကြောင်း ထင်ရှား၏။

လူ၌ စားဝတ်နေမှု ပြေလည်သည့် အခါတွင်လည်း အခြားအခြားသော ရုပ်ပိုင်းခန္ဓာ၏ လိုအင် အမျိုးမျိုး၊ စိတ်၏ လိုအင် အမျိုးမျိုးတို့က ထပ်ဆင့် ဖြစ်ပေါ်လာပြန်သည်။ အသက်ရှိလာ၍ ဘဝ ဖြစ်နေမှုကြောင့် လူသည် အာရုံခံဒွါရတို့ကို ရရှိနေရကား မျက်စိက လှပသောအဆင်းတို့ကို မြင်လိုသည်။ နားက သာယာဖွယ်အသံတို့ကို ကြားလိုသည်။ နှာခေါင်းက နှစ်သက်ဖွယ် ရနံ့မျိုးစုံကို နမ်းရှုလိုသည်။ လျှာက ထူးကဲသော အရသာတို့ကို ခံစားလိုသည်။ ကိုယ်က မွေ့လျော်ဖွယ် အတွေ့မျိုးစုံကို ထိတွေ့လိုသည်။ စိတ်က ကောင်းသော အသိ အတွေ့ ဝေဒနာ အထွေထွေကို သိတွေ့လိုသည်။ ထိုထို လိုချင်မှုအထွေထွေအတွက် လူသည် အစဉ်ရုန်းကန်လှုပ်ရှားလျက်ရှိ၏။ သို့ရာတွင် လိုချင်မှုအထွေထွေက အတော မသတ်နိုင်ချေ။ ရသည်ကိုကား မလိုချင်၊ မလိုချင်သည်ကိုကား ရ၊ ဖြစ်ချင်သည်က မဖြစ်၊ မဖြစ်ချင်သည်က ဖြစ်လာခြင်းမျိုးနှင့်လည်း လူသည် ကြိမ်ဖန်များစွာ ကြုံရတတ်၏။ လိုချင်ရာကို ရသောအခါ၌ လူသည် ကျေနပ်ပျော်ရွှင်မှု ဖြစ်သည်။ သို့ရာတွင် သင်္ခါရဓမ္မကြောင့် ထိုကျေနပ်ပျော်ရွှင်မှုသည် ယာယီမျှသာခံ၍ မကြာမတင် ပြယ်လွင့်သွားပြန်သည်။ လိုချင်ရာကို ရကာမျှရှိသေး .... ထိုအရာက ပျက်စီးဖောက်ပြန်သွားသောကြောင့် မပျော်လိုက်ရခြင်းမျိုးကိုလည်း လူသည် ကြုံရ၏။ လိုချင်ရာကို ရနေသော အခါတွင်လည်း စိတ်က ထိုအရာ အပေါ်၌ ကာလကြာလေ ရိုးသွားလေဖြစ်လာပြီးနောက် ကျေနပ်ပျော်ရွှင်မှုတို့ လွင့်ပါးသွားပြန်သည်။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



အသစ် အသစ်သော ပျော်ရွှင်မှုအတွက်၊ အသစ် အသစ်သော အရာတို့ကို ထပ်၍ထပ်၍ ရှာဖွေရပြန်သည်။ တဏှာလောဘကြောင့် ကြွယ်ဝ ချမ်းသာသူသည် ပို၍ပို၍ ကြွယ်ဝချမ်းသာလိုမှုဖြင့် မချမ်းမမြေ့ဖြစ်ရ၏။ ကြွယ်ဝသည်ထက် ကြွယ်ဝရန်အတွက် မဟုတ်မတရားတို့ကို လုပ်မိမှား၍ နောင်တ အထွေထွေ ပူပန်သောက အထွေထွေတို့ဖြင့် မချမ်းမမြေ့ ဖြစ်ရတတ်ပြန်၏။ ပို၍ ချမ်းသာကြွယ်ဝလာလေ ပိုင်ဆိုင်မှုတို့ များလာလေ .... ထိုအခါ ပို၍ ကြောင့်ကြစရာတို့ကလည်း များလာလေနှင့် မချမ်းမြေ့နိုင် ဖြစ်ရခြင်းမျိုး ကိုလည်း ကြုံရတတ်၏။ မတောင့်မတ မကြောင့်ကြရသည့် ဘဝမျိုး ရအောင် လူသည် ကြိုးစားသော်လည်း ထိုဘဝ ထိုအဖြစ်မျိုးသို့ မရောက် နိုင်သောကြောင့် တောင့်တရဆဲ၊ ကြောင့်ကြရဆဲတို့ဖြင့် မငြိမ်းမချမ်း ဖြစ်လျက်လည်း ရှိ၏။ ထိုအခါ၌ လူ၏ အသိဉာဏ်၊ ဆင်ခြင်ဉာဏ်က "ရောင့်ရဲ တင်းတိမ်ခြင်းသည် ကောင်း၏" ဟု တန်ဖိုးဖြတ်၍ လူအား နှစ်သိမ့်၏။ "ပြည့်စုံအောင်လည်း လုပ်၍ ခံစားသင့်သည့် သာယာချမ်းသာ တို့ကိုလည်း ခံစား ...." ဟုလည်း လမ်းညွှန်ခြင်းပြု၏။ "လိုအင်ဆန္ဒ လောဘ တဏှာတို့ကို အစွန်းမရောက်စေသင့်" ဟု ဆုံးမခြင်းလည်း ပြု၏။ သို့ရာတွင် တဏှာလောဘတရားတို့က ထိုသို့နှစ်သိမ့်ခြင်း၊ လမ်းညွှန်ခြင်း၊ ဆုံးမခြင်းတို့ ကြားမှပင် အစွန်းသို့ရောက်မြဲ ရောက်လျက်ရှိ၏။ မှတ်သိပ်စွာဖြင့် တောင့်တမြဲ တောင့်တလျက် ရှိသည်။ ထိုအခါ လူသည် လောဘသက္ကာယ တိုးပွားရေး စကားတို့ကိုသာ ပြောမြဲပြောလျက် ရှိသည်။ လုပ်မြဲ လုပ်လျက် ရှိပြန် သည်။

ဇာတက တစ်နေရာ၌ အသိဉာဏ်၊ ဆင်ခြင်ဉာဏ် မြင့်မားသည် ဆိုပါလျက် တကယ်တမ်းအားဖြင့် တဏှာ မာန၊ လောဘ သက္ကာယတို့ ဖြင့်သာ တစ်နေ့ပြီး တစ်နေ့ အချိန်ကုန်နေကြသော လူတို့ကို မျောက် သတ္တဝါများက ကဲ့ရဲ့ကြပုံအကြောင်း ဖော်ပြထားချက် တစ်ခုရှိ၏။ လူတို့ ထံမှပြန်လာခဲ့သော မျောက်အား အခြားအပေါင်းအဖော် မျောက်များက လူတို့၏ အမူအကျင့်တို့နှင့် စပ်လျဉ်း၍ တွေ့ကြုံခဲ့ရပုံကို ပြောပြပါရန် တိုက် တွန်းကြ၏။ လူတို့ထံမှ ပြန်လာခဲ့သော မျောက်က အတန်တန်ငြင်းဆန်၏။ သို့ရာတွင် အကြိမ်ကြိမ် တိုက်တွန်းနေသောကြောင့် ငြင်းဆန်၍ မရသည့် အဆုံး၌ လူတို့ထံမှ ပြန်လာခဲ့သည့် မျောက်က အောက်ပါ အတွေ့အကြုံ တစ်ခုကို ပြောပြ၏။

(ဟဋ္ဌမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



"အချင်းတို့ .... ပညာမရှိ၊ အမှန်တရားကို မသိကြသော လူတို့ နေ့ ညဥ့်ပတ်လုံး ပြောဆိုနေသော စကားတို့မှာ ငါ့ ရွှေဟောင်း၊ ငါ့ ရွှေသစ်၊ ငါ့ဟာ .... ငါ့ဥစ္စာ ငါပိုင်သည့် အရာတို့ဖြစ်၏။

အိမ်တို့၌ နှစ်ယောက် နှစ်ယောက်သော အိမ်ရှင်များ ရှိကြ၏။ ထိုနှစ်ယောက်သော အိမ်ရှင်တို့တွင် တစ်ယောက်ကား မုတ်ဆိတ်ကျင်စွယ်မရှိ၊ သားမြတ်ရှည်၏။ အထူးထူး အပြားပြား ထုံးထားသော ဆံထုံးရှိ၏။ ထို့ပြင် နားပေါက်ရှိ၏။ များစွာသော ဥစ္စာတို့ကို မိဘတို့အား ပေး၍ ဆောင်ယူအပ်သော အိမ်ရှင်ကား ကျွန်အမှုလုပ် စသော သူတို့အား 'ဟယ် ....ကျွန်ပျက် .... နင် အမှုကိစ္စကို မပြုလုပ်ကောင်းလော' ဟု နှုတ်လှန်ထိုးတတ်၏" စသည်ဖြင့် တစ်နေ့ပြီး တစ်နေ့လောဘ ဒေါသတို့ဖြင့် ရိုင်းစိုင်းရင်းအချိန်ကုန်နေကြသော လူတို့၏ အမူအကျင့်တို့အကြောင်း ပြောပြရာ နားထောင်နေသော မျောက်တို့က "ငါတို့ကား မသင့်လျော်သော စကားတို့ကို ကြားရသည်။ ရက်ဖွယ်စကားကိုကြားရသည်" ဟု ဆိုကာ လက်နှစ်ဖက်တို့ဖြင့် နားတို့ကို ကြပ်ကြပ်ပိတ်ကြ ကုန်၏။ "ဤစကားမျိုးကို ယခုကဲ့သို့ ကြားရသည့် နေရာ အရပ်သည်ပင် ကျက်သရေမဲ့သော အရပ်ဖြစ်သည်" ဟု ဆိုကာ ထိုအရပ်ကို စွန့်ခွာ၍ အခြားတစ်ပါးသို့ ပြောင်းရွှေ့သွားကြသော ဟူ၏။"*

"ဆင်းရဲ၍ မပြည့်စုံသူကမူ မပြည့်စုံမှုကြောင့် ဒုက္ခဖြစ်ရ၏။ မပြည့်စုံသောကြောင့် ပြည့်စုံလာလေအောင် အပန်းတကြီးကြိုးစားလုံးပန်းရခြင်းဖြင့် မချမ်းမမြေ့ဖြစ်ရ၏။ မိမိလိုရာကို မရသမျှ လုံ့လဝီရိယကို မလျှော့အပ်" ဟုလည်း အားမာန်တင်း၍ ကြိုးစားရ၏။ ကျဆင်းသွားသော စိတ်ဓာတ်များကို ပင်ပင်ပန်းပန်းဆွဲတင်နေရ၏။ အောင်မြင်ကြောင်း နည်းလမ်းကောင်းတို့ကိုလည်း အားကိုးတကြီးဖြင့် ရှာဖွေလျက်ရှိ၏။ "ဆင်းရဲသို့ ရောက်နေသော်လည်း ချမ်းသာခြင်း အောင်မြင်ခြင်းသို့ ရောက်ရန် တောင့်တခြင်း အာသာကိုမဖြတ်ရာ" ဟုလည်း အားမာန်တင်း၍ မျှော်လင့်ချက်

---

* ဂရဟိတဇာတ် – ဗီရဏတ္ထမ္ဘဝဂ် – ဒုကနိပါတ် – ငါးရာ့ငါးဆယ် ဇာတက။



www.burmeseclassic.com

www.burmeseclassic.com



ကို ခိုင်ခိုင်ကြီး ချထားရ၏။ အားမာန်တင်းရင်း၊ အားကိုးရှာရင်း၊ မျှော်လင့် တောင့်တရင်း၊ မငြိမ်းမချမ်း ဖြစ်ရပြန်သော အခါ၌လည်း လူ့ အသိဉာဏ်၊ ဆင်ခြင်ဉာဏ်က "တဏှာလောဘ ရှိနေသောကြောင့်သာ ဆင်းရဲဒုက္ခတို့ကို ကြုံနေရခြင်းဖြစ်သည်။ တဏှာလောဘကို အပြီးတိုင် ပယ်သတ်ခြင်းကသာ အကောင်းဆုံးဖြစ်မည်" ဟု ဆင်ခြင်သိမြင်လာတတ်၏။ သို့ရာတွင် ဆင်ခြင်မိသည့်အတိုင်း တဏှာလောဘကို တကယ် လက်တွေ့ မပယ်သတ်နိုင်ဘဲ ဖြစ်လျက်ရှိနေရကား၊ လူသည် သိလျက်နှင့် မငြိမ်းမချမ်းနိုင်ဖြစ်နေပြန်သည်။ ထိုအခါ လူသည် မိမိ၏ အတွေ့အကြုံ ဗဟုသုတ အသိဉာဏ် ဆင်ခြင်ဉာဏ်တို့ဖြင့် သုခ၊ ဒုက္ခတို့ကို ကြွံကြွံခံရန် အားမာန်တင်းပြန်သည်။ လူ့လောကကြီးကို အကောင်းဘက်မှမြင်သော အကောင်းမြင်သမား[၁] ဖြစ်အောင်လည်းကြိုးစားသည်။ သို့ရာတွင် ဘက်စုံမှလူ့ လောကကြီးကို ကြည့်မိပြန်သည့်အခါ လူ့လောက တစ်ခုလုံး၏ ရုပ်ပုံလွှာသည် မလှမပသော ရုပ်ပုံလွှာသာဖြစ်ကြောင်း တွေ့မြင်ပြန်သည်။ ရှိုပင်ဟောင်ဝါက အောက်ပါကဲ့သို့ ဖော်ပြဖူး၏။

> "အကောင်းမြင်ဝါဒီတစ်ဦးအား ဆေးရုံများသို့လည်းကောင်း၊ လူအိုရုံများသို့လည်းကောင်း၊ ခွဲစိတ်ခန်းများသို့လည်းကောင်း၊ အကျဉ်းထောင်များနှင့် ရာဇဝတ်ကောင်များအား နှိပ်စက် ညှဉ်းပန်းစစ်ဆေးသော အခန်းများသို့လည်းကောင်း၊ သေဒဏ်ပေးသော နေရာများသို့လည်းကောင်း၊ ဆင်းရဲသားများ၏ တဲကုပ်တဲစုပ်များသို့လည်းကောင်း၊ စစ်မြေပြင်သို့ လည်းကောင်း၊ ငတ်မွတ် ခေါင်းပါးသောဘေး ဆိုက်ရောက်နေသော သူများထံသို့လည်းကောင်း ပို့ပေးလိုက်ပါက ထိုသူ၏ အမြင်သည် ပြောင်းလဲသွားနိုင်ရာသည်"* ....

> "ကဗျာဆရာ ဒန်တီ[၂] သည် ငရဲဘုံအကြောင်း စပ်ဆိုရာ၌ အခက်အခဲမရှိဘဲ အောင်မြင်ကျော်ကြားအောင် စပ်

---

၁ optimist

* Will Durant, "The Story of Philosophy." P.326

၂ Dante (1256-1321)



www.burmeseclassic.com

www.burmeseclassic.com



ဆိုနိုင်ခဲ့သော်လည်း ကောင်းကင်ဘုံနှင့် ထိုကောင်းကင်ဘုံ၏ သာယာကြည်နူးဖွယ်တို့ကိုစပ်ဆိုရာ၌မူ အခက်အခဲ မြောက်မြားစွာ တွေ့ခဲ့ရသည်ဟု ဆိုသည်။ အဘယ်ကြောင့် ဆိုသော် ငရဲဘုံအကြောင်းစပ်ဆိုရာ၌ သရုပ်ဖော်စရာ အချက်အလက်အကြောင်းအရာများအဖြစ် လူ့လောကတွင် ရှိနေသော မြောက်မြားလှစွာသော အနိဋ္ဌာရုံများ၊ ဒုက္ခတရားများကို မှီငြမ်းစရာ ရခဲ့သော်လည်း ကောင်းကင်ဘုံ၏ သာယာပျော်မြူးဖွယ်ကို ရေးဖွဲ့သည့်အခါ၌မူ သာယာ ပျော်မြူးဖွယ် သုခတရားတို့ လူ့လောက၌ရှားပါးလှ၍ မှီငြမ်းရေးဖွဲ့စရာ အချက်အလက် အကြောင်းအရာ မရနိုင်ဘဲ အခက်ကြုံခဲ့ရသောကြောင့်ပင်ဖြစ်သည်။ ....ကဗျာလက်ရာကြီးများ၊ ဇာတ်များသည် လူ၏ ရုန်းကန်ရခြင်းများ၊ စွမ်းဆောင်ကြိုးပမ်းခြင်းများ၊ သာယာပျော်ရွှင်မှုရရေးအတွက် အခက်အခဲတို့ကို ကျော်လွှားခြင်းများကို ဖော်ပြကြသော်လည်း ပြည့်စုံသော ဘဝဖြင့် ကျေကျေနပ်နပ် ပျော်ရွှင် ချမ်းသာနေခြင်းကိုမူကား မဖော်ပြကြချေ။ ဇာတ်ဆောင်သည် မြောက်မြား ထွေပြားလှသည့် ဘေးရန်အန္တရာယ်များ၊ အခက်အခဲများကို မည်သို့မည်ပုံ ခက်ခက်ခဲခဲကျော်လွှားလွန်မြောက်၍ ရည်ရွယ်ရာပန်းတိုင် ... ရလိုသောအရာကို မည်သို့ရရှိသွားကြောင်း ပြပြီးနောက် ပြည့်ဖုံးကားချကာ ဇာတ်သိမ်းသွား၏။ ရောက်ရှိသောပန်းတိုင်၊ ရရှိသောအရာတို့ဖြင့် မည်သို့မည်ပုံ ပျော်ရွှင်သုခခံစားနေသည်ကိုမူ မဖော်ပြကြချေ။ အဘယ်ကြောင့် ဆိုသော် ရောက်ရှိသောပန်းတိုင်၊ ရရှိသောအရာတို့၌ ပျော်ရွှင်မှုသုခခံစားနေပုံကို ထူးထူးခြားခြား တခမ်းတနား ဖော်ပြစရာလည်းမရှိ။ ထိုပြင်ခံစားနေရသော ပျော်ရွှင်မှုသုခ၌ မကြာမတင် ငြီးငွေ့ စိတ်ပျက်လာလျက် ထိုဇာတ်ဆောင်အဖို့ "မိမိရရှိလာသော ဘဝအခြေအနေသည် ယခင်က ဘဝအခြေအနေနှင့် ဘာမျှ မခြားနားပါကလား" ဟု ထင်မြင်ကာ စိတ်ပျက်သွားသည်ဟူသော အချက်မှလွဲ၍ ထူးထူး



www.burmeseclassic.com

www.burmeseclassic.com



ခြားခြား ဖော်ပြစရာလည်း မရှိသောကြောင့် ဖြစ်လေသည်။"*

တကယ့်လူ့ဘဝ၌လည်း အထက်ပါနည်းတူပင်ဖြစ်သည်။ အောင်မြင် ပြည့်စုံမှု၏နောက်၌ ဘာမျှ ထူးထူးခြားခြား မရှိသောကြောင့် ပျင်းမုန်းခြင်းသည် လိုက်ပါလာသည်။ (ရလိုသော အရာကို ရပြီးလျှင် ထိုအရာအပေါ်၌ ရိုးသွားတတ်သော သဘော ရှိသောကြောင့်) အလိုဆန္ဒပြည့်ခြင်း၏နောက်၌ ငြီးငွေ့ခြင်းသည် လိုက်ပါလာသည်။ အသစ်အသစ်သော ဆန္ဒတို့ ပေါ်လာ၍ အသစ်အသစ်သော အရာတို့ကို ရပြန်ပါကလည်း အထက်ပါနည်းတူ လူ၌ ပျင်းမုန်းငြီးငွေ့ခြင်း ဒုက္ခတို့ ဖြစ်ပေလိမ့်ဦးမည်။

စင်စစ် လူသည် အလိုမပြည့်နိုင်ခြင်း၊ ပျင်းမုန်းငြီးငွေ့ခြင်းတို့ဖြင့်ပင် ဘဝချုပ်ငြိမ်းသွားတတ်သော သတ္တဝါဖြစ်၏။ အလိုမပြည့်နိုင်ခြင်း၊ ပျင်းမုန်းငြီးငွေ့ခြင်းတို့ ဖြစ်နေချိန်၌ပင် အိုခြင်းတရားသည် လူ့ထံသို့ ရောက်လာပြန်သည်။ ရောဂါ အန္တရာယ်တို့ကလည်း ဝင်ရောက်လာတတ်ကြသည်။ အခြားအခြားသော ပို၍ပို၍ ကြောက်မက်ဖွယ်ကောင်းသော ရောဂါများကလည်း ဝင်ရောက်ရန် အစဉ်ချောင်းမြောင်းနေကြသကဲ့သို့ ရှိနေကြသည်။ လူသည် အသိဉာဏ် ဆင်ခြင်ဉာဏ်အရာ၌ ထိပ်တန်းရောက်၍ သိပ္ပံပညာတို့ အစွမ်းကုန် တိုးတက်နေသည်ဟု ဆိုသော်လည်း လူသည် အိုခြင်း နာခြင်း သေခြင်းတရားတို့ကို မတွန်းလှန်နိုင်သေးရကား ယင်းတို့နှင့် ကြုံလာသည့်အခါ ဆောက်ရာတည်ရာမရ ဖြစ်ရသည်။ မအိုချင်ပါလျက် အိုလာရ၏။ မနာချင်ပါဘဲလျက်နာလာရ၏။ မသေချင်ပါဘဲလျက် ပင်ပန်းဆင်းရဲစွာဖြင့် သေလွန်ရ၏။ ထိုအခါ ....သက်ရှိဖြစ်လာခြင်း (ဝါ) ဘဝဖြစ်လာခြင်းသည် သေခြင်းဖြင့် အဆုံးသတ်ဖို့ရန် ဖြစ်လာခြင်းပေလော။ သေဖို့ရန်အတွက် ဖြစ်လာသော ဤသက်ရှိဘဝသည် ကောင်းသောဘဝမှ ဟုတ်ပါလေ၏လော၊ ကောင်းသောသဘောမရှိသော သာယာမှုသုခဟူ၍ မည်မည်ရရ မရှိသော ဤလူ့လောကသို့ လူအဖြစ်နှင့် အဘယ်ကြောင့် ရောက်လာခဲ့ရသနည်း။ ဘယ်သူ့ကြောင့် ရောက်လာရသနည်း။ မည်သူက ပို့လိုက်လေသနည်း .... ဤလောကသို့ သက်ရှိအဖြစ်ဖြင့် ရောက်လာအောင် ငါ့အား

* Will Durant, op. cit., P.327



www.burmeseclassic.com

www.burmeseclassic.com



ပို့ဆောင်ပေးသူရှိသည်ဆိုလျှင် ထိုသူကား အဘယ်သူနည်း။ ဤလောက လူ့ဘဝသို့ လူအဖြစ်ဖြင့် လာချင်၏၊ မလာချင်၏ကို ငါ့အား မစုံစမ်းမမေး မြန်းဘဲ အဘယ်ကြောင့် ဤလောကသို့ ပို့ဆောင်လိုက်ရသနည်း။ သေခြင်းတရားနှင့် အဆုံးသတ်ပြုရသည့် လူ့ဘဝအပေါ် အလေးအနက် တန်ဖိုးဖြတ်စရာရှိနိုင်သေးသလော၊ လူ့အဖြစ် လူ့ဘဝကို မှန်ကန်စွာ မည်သို့ အနက်ကောက်ယူရမည်နည်း၊ အမှန်တရားဟူသည်ကား အဘယ်နည်း။ အမြဲမှန်သော၊ မဖောက်မပြန်မှန်သော အမှန်တရားဆိုသည်ကော ရှိလေသလော၊ မည်သည်ကို အကောင်းဆုံး၊ အမှန်ဆုံးပန်းတိုင်အဖြစ် ချမှတ်၍ လှုပ်ရှား ကြိုးပမ်းရမည်နည်း။ လူ့ဘဝသည် မည်သို့မည်ပုံ နေပါမှ ကောင်းသောဘဝ တန်ဖိုးရှိသောဘဝ ဖြစ်မည်နည်း .... အထူးသဖြင့် ဤမေးခွန်းများကို အနောက်တိုင်းယဉ်ကျေးမှု၊ အတွေးအခေါ်ဝန်းကျင်၌ ကြီးပြင်းခဲ့ရသည့် အနောက်တိုင်းမှ လူသည် မေးလာခဲ့၏။

အစွဲ ဥပါဒါန် အမျိုးမျိုးတို့ရှိနေသမျှ လူသည် လူနှင့် ဆိုင်သော အတောမသတ် အနန္တမေးခွန်းတို့ကို တစ်နည်းမဟုတ်တစ်နည်း မေးနေမည်သာ ဖြစ်သည်။ ထိုအမေးတို့ကို အဖြေပေးရန်အတွက် အတောမသတ်သော အတွေးအခေါ်တို့ကိုလည်း တွေးခေါ်နေဦးမည်သာဖြစ်သည်။ သို့ရာတွင် လူနှင့်ပတ်သက်သော အမှန်တရားကို မတွေ့သမျှ လူ၏အတွေးအခေါ်တို့သည် ဆောက်တည်ရာမရဘဲ လွင့်မျောလျက် ရှိဦးမည်သာ ဖြစ်သည်။ လူနှင့် ပတ်သက်သော အမှန်တရားကို မတွေ့သမျှ လူသည် လူ့ဖြစ်စဉ်၌ ဆောက်တည်ရာမရ ဖြစ်နေလိမ့်ဦးမည်သာတည်း။

(ပဋ္ဌမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

**တိုးတက်လာသော နက္ခတ္တပညာကြောင့် အလယ်ခေတ် အနောက်တိုင်း အတွေးအခေါ် လောကမှ လူနှင့် လူ၏ ရပ်တည်ရာ ကမ္ဘာလောက၏ ဂုဏ်သိက္ခာတို့ လျှော့ကျခြင်း**

---

တစ်ချိန်က လူသည် စကြဝဠာ၏ အလယ်၌ ခံ့ညားထည်ဝါသူဖြစ်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် .... ....
ကြယ် နက္ခတ်တာရာတို့နှင့် တကွ အရာရာသည် လူကို ဗဟိုပြု၍သာလျှင် ဖြစ်တည်နေကြရသည်ဟု ယုံကြည်ခဲ့ကြသောကြောင့်ပင် ဖြစ်သည်။ လူ၏ ရပ်တည်ရာ ကမ္ဘာကြီးသည်လည်း စကြဝဠာ၌ ထည်ဝါခဲ့၏။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာသည် စကြဝဠာ၏ ဗဟို၌ တည်နေသည်။ ကမ္ဘာသည် စကြဝဠာ၏ဗဟိုဖြစ်သည်ဟု ယုံကြည်ခဲ့ကြသောကြောင့် ဖြစ်သည်။

သို့ရာတွင် တိုးတက်လာသော နက္ခတ္တ ပညာကြောင့် ကမ္ဘာသည် ဗဟိုအဖြစ်မှ ရွေ့လျားသွားသည်။ ဗဟိုအဖြစ် ထည်ဝါခဲ့ခြင်းမှ သေးနုပ်သိမ်ငယ်သော အစအနငယ် ဘဝသို့ရောက်ခဲ့ရသည်။ စကြဝဠာ၌ နေမိသားစု တစ်ခုလုံးသည် သိမ်ငယ်ခဲ့ရသည်။ ကမ္ဘာ၏ ဂုဏ်သိက္ခာ လျှော့ကျခြင်းနှင့် အတူ ထိုသေးငယ် သိမ်နုပ်လွန်းလှသော ကမ္ဘာပေါ်တွင် ရပ်တည်ခဲ့သော လူ၏ ဂုဏ်သိက္ခာသည်လည်း လျှော့ကျခဲ့ရပြန်သည်။ ......

(ပဥ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

## လူနှင့် လူ၏ရပ်တည်ရာ၏ ခံ့ညား ထည်ဝါမှုတို့ ပျောက်ဆုံးခြင်း

အလယ်ခေတ်* အနောက်တိုင်း အတွေးအခေါ်၌ "လူ" ကို သဘာဝ လောကကြီး တစ်ခုလုံး၏ "ဗဟို"[၁] ဖြစ်သည်ဟူသော အယူအဆ တစ်ရပ်ရှိခဲ့၏။ ယင်းအယူအဆသည် ထိုအလယ်ခေတ် ခရစ်ယာန်ဘာသာရေး အမြင်အပေါ် အခြေခံ၍ ဖြစ်ပေါ်လာသော အယူအဆပင် ဖြစ်သည်။ ထိုခေတ် ခရစ်ယာန်ဘာသာ အလိုအရ လူသည် ဖန်ဆင်းခံအရာတို့အနက် ဗဟိုအချက်အချာ အကျဆုံး၊ အမြင့်မြတ်ဆုံး ဖြစ်သည်။ ဖန်ဆင်းခံ အရာ အားလုံးသည် လူကိုအကြောင်းပြု၍ (ဝါ) ဗဟိုပြု၍သာ ဖြစ်ပေါ် နေကြသည်။ လူ၏ ရပ်တည်နေထိုင်ရာအတွက် ဖန်ဆင်းထားသော ဤကမ္ဘာကြီး သည်လည်း သဘာဝတရား၏ (ဝါ) စကြဝဠာ ** ၏ အလယ် ဗဟို၌ တည်ရှိသည်ဟု ယူဆခဲ့ကြသည်။

အထက်ပါ အယူအဆတို့ကို ခိုင်ခံ့အောင် နက္ခတ္တပညာရှင် တိုလ်မီ[၂]

---

* အလယ်ခေတ် ( medieval age) ဆိုသည်မှာ အေဒီ ၄၀၀ ခန့်မှ အေဒီ ၁၄၀၀ ခန့် အတွင်းကို ဆိုလိုပါသည်။

၁ centre

** အလယ်ခေတ်ကသုံးနှုန်းသော "စကြဝဠာ" ဟူသော ဝေါဟာရသည်နေအဖွဲ့ အစည်းနှင့် သာမန်မျက်စိအားဖြင့် မြင်တွေ့ရသလောက်သော ကြယ်နက္ခတ် တာရာတို့လောက်ကိုသာ ခြုံ၍ ရည်ညွှန်းထားသော ဝေါဟာရ ဖြစ်ပါ သည်။

၂ Claudius Ptolemy (အေဒီ ၁၂၇ ခန့်)



www.burmeseclassic.com

www.burmeseclassic.com



၏ "ကမ္ဘာဗဟိုပြု သီအိုရီ"၁ က အထောက်အကူပြုခဲ့သည်ဟု ဆိုရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တိုလ်မီ၏ သီအိုရီ "လူ၏နေရာ ကမ္ဘာကြီးသည် စကြဝဠာ၏ အလယ်ဗဟို၌ တည်ရှိသည်။ စကြဝဠာ၏ အလယ်ဗဟို၌ ကမ္ဘာကြီးသည် တည်ငြိမ်စွာဖြင့် ရပ်တည်နေသည်။ ထိုသို့ ရပ်တည်နေသော ကမ္ဘာကို နေ၊ လ၊ နက္ခတ်တာရာတို့က လှည့်ပတ်သွား လာနေကြသည်" ဟု ဆိုသောကြောင့်ပင်တည်း။*

တိုလ်မီမတိုင်မီက ဂရိဒဿနပညာရှင် အာရစ္စတိုတယ်လ်သည် ရုပ် အခြေခံဝတ္ထုများကို ၎င်းတို့၏အလေးချိန်အလိုက်.... ၁။ အောက်သို့ ရွေ့ လျားသော အရာများ (ဥပမာ–ကျောက်တုံး ကျောက်ခဲကဲ့သို့သော အရာ များ) ၂။ အပေါ်ဘက်–အထက်ဘက်သို့ ရွေ့လျားသော အရာများ (ဥပမာ– မီးကဲ့သို့သော အရာများ) ၃။ အပေါ်တွင် တည်မြဲစွာ ရပ်တည်နေသော အရာများ (ဥပမာ–ကြယ်များ) နှင့် ၄။ အောက်တွင် ရပ်တည်နေသော အရာများ (ဥပမာ–ကမ္ဘာမြေ) ဟူ၍ လေးမျိုးခွဲခြား ဖော်ပြခဲ့၏။ အာရစ္စတို တယ်လ်က အောက်ဘက်တွင် တည်နေသော ကမ္ဘာမြေသည် စကြဝဠာ၏ အလယ်ဗဟို၌ရှိသည်။ ထိုကမ္ဘာမြေသည် မပြောင်းလဲ မရွေ့လျားဘဲတည် နေသည်ဟု ယူဆသည်။ ဤအယူအဆသည် တိုလ်မီ၏ နက္ခတ္တစနစ် တည် ဆောက်နိုင်ဖို့အတွက် အခြေခံတစ်ရပ်ပင်ဖြစ်လေသည်။**

"လူ၏ရပ်တည်နေထိုင်ရာကမ္ဘာသည် စကြဝဠာ၏ အလယ်ဗဟိုတွင် ရှိသည်။ ကမ္ဘာသည် မရွေ့ မလျားတည်နေသည်" ဟူသော အယူအဆကို သိပ္ပံ တီထွင်မှုများ မတိုးတက်သေးသည့် ထိုခေတ်လူများ အနေနှင့် လက်ခံဖို့ရန် မခဲယဉ်းချေ။ အဘယ်ကြောင့်ဆိုသော် လူသည် ကမ္ဘာမှရပ်တည်၍ အာကာ သဆီသို့ ရှုမျှော်သည့်အခါ နေလနက္ခတ်တာရာတို့က ဤကမ္ဘာကြီးကို ဝန်းရံ ခြယောင်း၍ လှုပ်ရှားနေကြသကဲ့သို့ မြင်ထင်နေရသည်။ အရှေ့မှနေထွက်၍

---

၁ geo-centric theory

* တိုလ်မီမတိုင်မီက ဂရိနက္ခတ္တပညာရှင် Aristarchus (ဘီစီ ၂၀၀ ခန့်) က ကမ္ဘာသည်နေအဖွဲ့အစည်း၌ ဗဟိုမဟုတ်။ ကမ္ဘာသည် နေကိုလှည့်ပတ်နေ သော ဂြိုဟ်ငယ်တစ်ခုသာဖြစ်သည်ဟု ယူဆခဲ့ဖူး၏။ သို့ရာတွင် သူ၏ အယူ အဆသည် မထင်ရှားခဲ့ချေ။

** Harry Prosch, " The Genesis of Twentieth Century Philosophy " P.11



www.burmeseclassic.com

www.burmeseclassic.com



အချိန်တန်လျှင် အနောက်၌ နေဝင်သည်ကို နေ့စဉ် တွေ့နေရသည်။ သူ့နေ့ သူ့ညရောက်လျှင် မှန်မှန်ထွက်ပေါ်လာသော လကိုလည်း မြင်တွေ့ရသည်။ အခြားနက္ခတ်တာရာများကိုလည်း ရှိသင့်ရှိထိုက်သောနေရာများ၌ ရှိနေကြသည်ကို အစဉ်မှန်မှန်မြင်တွေ့နေရသည်။ ဤသို့ အစဉ်မှန်မှန် မြင်တွေ့နေရသောကြောင့် ထို နေ လ နက္ခတ်တာရာတို့နှင့် လူသည် ရင်းနှီးနေသည်။ အကျွမ်းတဝင်ဖြစ်နေသည်။ မိမိ၏ရပ်တည်နေထိုင်ရာ ကမ္ဘာကြီးကို ထိုနေလ နက္ခတ်တာရာတို့က တလှတပ စနစ်တကျ ဝန်းရံလှည့်ပတ် နေကြခြင်းသည် တန်ခိုးရှင် ထာဝရဘုရားက ဖန်ဆင်းပေးမှုကြောင့်သာ ဖြစ်မည်ဟုလည်း လူသည် ယုံကြည်လာခဲ့သည်။ နေ လ နက္ခတ်တာရာတို့ ဝန်းရံလှည့်ပတ်နေရလောက်အောင် အရေးတကြီး ဗဟိုအချက်အချာကျကျ ဖန်ဆင်းပေးထားသော မိမိရပ်တည်ရာ ကမ္ဘာကြီးကိုလည်း ဂုဏ်သိက္ခာအားဖြင့် မြင့်မားသော ကမ္ဘာကြီးအဖြစ် လူသည် ရှုမြင်ခဲ့၏။ "ထာဝရဘုရားသည် မိမိ၏ အသွင်သဏ္ဍာန်အတိုင်း လူကို ဖန်ဆင်းတော်မူသည် ဟူသော အယူအဆကြောင့်လည်း လူသည် 'လူ'ကို လောကအလယ်၌ ဂုဏ်သိက္ခာ အမြင့်ဆုံးသောသူအဖြစ် မြင်ခဲ့သည်။ အလယ်ခေတ် "လူ့သဏ္ဍာန်"၊ "လူ့ရုပ်ပုံလွှာ"[၁] သည် ခံ့ညားထည်ဝါခဲ့သည်။ ဤသို့ ခံ့ညားထည်ဝါအောင် တိုလ်မီ၏ ကမ္ဘာဗဟိုပြု သီအိုရီက အထောက်အကူပေးလျက် ရှိလေသည်။

သို့ရာတွင် ကိုပါးနီးကပ်စ်[၂] လက်ထက်သို့ရောက်သောအခါ လူနှင့် လူ၏ ရပ်တည်ရာ ကမ္ဘာလောကကြီးသည် အရေးကြီးသောအဖြစ်၊ မြင့်မြတ်သောအဖြစ်၊ ဗဟိုအချက်အချာ ကျသော အဖြစ်မှ လျှောကျသကဲ့သို့ ဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ကိုပါးနီးကပ်စ်က တိုလ်မီ၏ ကမ္ဘာဗဟိုပြုသီအိုရီကို ဆန့်ကျင်၍ "ကမ္ဘာသည် ဗဟိုမဟုတ်၊ နေသည်သာ ဗဟိုဖြစ်သည်။ လူ၏ ရပ်တည်နေထိုင်ရာ ကမ္ဘာသည် အခြားဂြိုဟ်များကဲ့သို့ နေကို ဗဟိုပြု၍ လှည့်ပတ်နေရသော ဂြိုဟ်တစ်ခုမျှသာဖြစ်သည်" ဟူသော နေဗဟိုပြု သီအိုရီ[၃]ကို တင်ပြလိုက်သောကြောင့်ပင်တည်း။

ကိုပါးနီးကပ်စ်၏ နက္ခတ္တစနစ်ကြောင့် အလယ်ခေတ် တစ်လျှောက် ခံ့ညားထည်ဝါ၍ ဂုဏ်သိက္ခာ မြင့်မားခဲ့သော ကမ္ဘာသည် အချက်အချာ

---

၁ the medieval image of man
၂ Nicolas Copernicus (1473-1543)
၃ heleo centric theory



www.burmeseclassic.com

www.burmeseclassic.com



ဗဟိုအဖြစ်မှ လျှောကျ၍ နေကို လှည့်ပတ် ခညောင်းနေရသည့် သိမ်သိမ်ငယ်ငယ် ဂြိုဟ်တစ်ခုဘဝသို့ရောက်သွားခဲ့သည်။ တစ်ဆက်တည်းမှာပင် ဗဟိုအချက်အချာဖြစ်သော ကမ္ဘာပေါ်၌ ဗဟိုအချက်အချာအကျဆုံး ဖန်ဆင်းခံအရာတို့အနက် အမြင့်မြတ်ဆုံး အဖြစ်နှင့် ခံ့ညားထည်ဝါစွာ ရပ်တည်ခဲ့သော လူ၏ ဂုဏ်သိက္ခာသည်လည်း ကမ္ဘာနှင့်အတူ လျှောကျ သွားလေသည်။ ဤအချက်ကို အချို့က "အလယ်ခေတ်တစ်လျှောက် ခံ့ညားထည်ဝါခဲ့သော လူ၏ "ပုံသဏ္ဍာန်"သည် ကိုပါးနီးကပ်စ်ကြောင့် အစိတ်စိတ်အမြွာမြွာ ကွဲကြေသွားခဲ့သည်" ဟုပင် ဖော်ပြတတ်ကြသည်။

ကိုပါးနီးကပ်စ်၏ အယူအဆကို ဤခေတ်အမြင်မှ ကြည့်ပါက ဘာမျှအရေးမထားလောက်သော အမြင်ဖြစ်သော်လည်း သူ့ခေတ်သူ့အခါ အနေနှင့်မူ အရေးကြီးဆုံးသော နက္ခတ္တဆိုင်ရာ တော်လှန်ရေး တစ်ရပ်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နှစ်ပေါင်းတစ်ထောင်ကျော်မျှ အခိုင်အမာယူဆခဲ့သော တိုလ်မီ၏ ကမ္ဘာဗဟိုပြုသီအိုရီကို ဆန့်ကျင်တော်လှန်လိုက်သော အယူအဆဖြစ်သောကြောင့်ပင်တည်း။ တစ်ဆက်တည်းမှာပင် ထာဝရဘုရားသည် ကမ္ဘာကို စကြဝဠာ၏ ဗဟိုအဖြစ် ဖန်ဆင်းတော်မူသည်ဟူသော အယူအဆနှင့် လူ၏ အရေးပါ အရာရောက်မှုကို ဆန့်ကျင်လိုက်ရာလည်း ရောက်သောကြောင့်ပင်တည်း။

သို့ရာတွင် 'ကိုပါးနီးကပ်စ် သီအိုရီ' ပေါ်စက "တော်လှန်သော အမြင်တစ်ရပ်" အနေနှင့် လူအများ သတိမူမိကြဟန်မတူချေ။ ၁၆ ရာစု ရောမ ခရစ်ယာန် ကျောင်းတော်သည်လည်း ကိုပါးနီးကပ်စ်၏ အယူအဆကို ဂရုစိုက်လောက်သော အယူအဆဖြစ်သည်ဟု ထင်မှတ်ခဲ့ဟန် မတူချေ။ တစ်ဖက်၌လည်း အခြားဘာသာရေးကိစ္စများအပေါ် အာရုံစိုက်နေရခြင်းများရှိသောကြောင့် ဖန်ဆင်းခြင်းကို ပရမ်းပတာ ဖြစ်သွားအောင် အန္တရာယ်ပြုနိုင်သည့် ကိုပါးနီးကပ်စ်၏အယူအဆကို သတိမပြုမိခြင်းလည်း ဖြစ်နိုင်ပေသည်။ သို့ရာတွင် ရောမ ခရစ်ယာန်ကျောင်းတော်နှင့် ဆန့်ကျင်ဘက်ဖြစ်သော ပရိုတက်စတင့်ဂိုဏ်းမှ ပုဂ္ဂိုလ်များက စတင်၍ ကိုပါးနီးကပ်စ်ကို ရှုတ်ချကြရာမှ နေ ဗဟိုပြု သီအိုရီသည် ဖန်ဆင်းခြင်း အယူအဆကို အန္တရာယ်များစေနိုင်ကြောင်း သတောပေါက်လာကြသည်။ သို့နှင့် ဤသီအိုရီကို လက်ခံသူများအား သာသနာ့ အာဏာပိုင်များက အပြင်းအထန်နှိပ်ကွပ်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စကြဝဠာတို့သည် အနန္တရှိ၍ ထိုအနန္တစကြဝဠာတို့နှင့် နှိုင်းစာပါက "ဗဟို" နေရာကို ရဖို့ရန် နေနေသာသာ ပြောပ လောက်အောင်ပင် အထုအထည်မရှိတော့သည့် ကမ္ဘာ၏ ဘဝမှန်ကိုလည်းကောင်း၊ လူ၏ သေးငယ်သိမ်နုပ်ပုံကိုလည်းကောင်း တင်ပြခဲ့မိသည့် ဗရူနို[၁] ကို "မိစ္ဆာဒိဋ္ဌိ ဖျောက်ဖျက် သုတ်သင်ရေး အဖွဲ့"က ဖမ်းဆီးလိုက်ကြသည်။ * ထို့နောက် ဗရူနိုကို ရောမမြို့ အကျဉ်းထောင်ထဲတွင် ၆ နှစ်မျှထား၍ သူ၏အမှားကို ဝန်ချတောင်းပန်ရန် ရဟန်းများ၊ သာသနာရေး ပုဂ္ဂိုလ်များက ဝိုင်းဝန်း တိုက်တွန်းကြသည်။ သို့ရာတွင် ဗရူနိုသည် လုံးဝငြင်းဆန်ခဲ့၏။ ထို့ကြောင့် ၁၆၀၀ပြည့်နှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့ (အချို့မှတ်တမ်းများ၌ ဖေဖော်ဝါရီလ ၁၉ ရက်ဟု ဖော်ပြကြသည်) တွင် သူ့ကို ကားစင်၌ တင်၍ မီးရှို့ကြ၏။ မီးတဟုန်းဟုန်း တောက်နေခိုက် လက်ဝါးကပ်တိုင် အရုပ်ငယ်ကို နမ်းရှုပ်ရန် ပေးသောအခါ ဗရူနိုသည် ဦးခေါင်းကို တစ်ဖက်သို့ လှည့်ပစ်လိုက်သည်။ သတ္တိ ပြောင်မြောက်မှုကို မော်ကွန်း ထိုးရစ်မည့် အောက်ပါစကားတို့သည် ဗရူနို နောက်ဆုံး ပြောသွားသော စကားများ ပင်တည်း။

> "ငါ့ကို အပြစ်ဒဏ် ပေးလိုက်ကြသည့် သင်တို့သည် အပြစ်ဒဏ် ခံရသူ ငါ့ထက်ပင် ပို၍ ကြောက်ရွံ့ နေကြသည်။
>
> "ငါသည် တိုက်ပွဲဝင်ခဲ့ပြီ၊ ထို့ကြောင့် ငါ့အဖို့ သေပျော်ပြီ၊ အနိုင်အရှုံးကား ကံတရား၏ လက်ထဲတွင် တည်ပါသည်။ ငါမည်သို့ပင် ခံရစေကာမူ မည်သူကပင် အနိုင်ယူစေကာမူ အနာဂတ်ကာလသည် ငါ့အား အသိအမှတ် မပြုဘဲ နေမည်မဟုတ်။ ငါ သည်သေရမည်ကို မကြောက်သောသူ၊ အမှန်တရားကို သစ္စာစောင့်ထိန်းရာ၌ မည်သူ့ အောက်မျှမကျို့သောသူ သတ္တိကင်းမဲ့စွာ အသက်ရှင်နေ

---

၁ Giordano Bruno (1548 - 1600)

* ကိုပါးနီးကပ်စ်က နေသည် "ဗဟိုအဖြစ် မရွေ့မလျား တည်ရှိနေသည်ဟု ယူဆသည်။ ဗရူနိုက နေသည်လည်း စကြဝဠာ၌ ဗဟိုမဟုတ်ကြောင်း၊ ဗဟိုအဖြစ် မရွေ့မလျား ရပ်တည်နေသော အရာလည်း မဟုတ်ကြောင်း တင်ပြခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ရခြင်းထက် သတ္တိ ပြောင်ပြောင်ဖြင့် သေရခြင်းကို နှစ်သက်သူဟူ၍ အနာဂတ်ကာလသည် ငါ့အား အသိအမှတ်ပြုရပေတော့အံ့။"*

ဗရူနို အပြစ်ဒဏ် ခံရမှုကြောင့် နက္ခတ္တပညာသည် တွန့်ဆုတ်မသွားခဲ့ချေ။ တဖြည်းဖြည်း တိုးတက်၍သာ လာခဲ့သည်။ နက္ခတ္တ ပညာရှင်များဖြစ်ကြသည့် ဂျာမန်လူမျိုး ဂျိုဟန်းနီးစ်ကက်ပလာ[၁]၊ အီတလီလူမျိုး ဂယ်လီလီယို[၂] တို့ လက်ထက်တွင် နက္ခတ္တဆိုင်ရာ အမြင်သည် ပို၍ တိုးတက်လာသည်။

ကက်ပလာသည် နက္ခတ္တပညာရှင် တိုင်ချိုဘရာ[၃] ၏ တပည့်ရင်းဖြစ်သည်။ သို့ရာတွင် နေအဖွဲ့အစည်း (ဝါ) နေစကြဝဠာနှင့် ပတ်သက်သော ၎င်း၏ဆရာ တိုင်ချိုဘရာ၏ အမြင်ကိုမူ လက်ခံသူ မဟုတ်ချေ။ တိုင်ချိုဘရာက "ဂြိုဟ် နက္ခတ်တာရာများသည် ကိုပါးနီးကပ်စ် ယူဆသကဲ့သို့ နေကိုဗဟိုပြု၍ လည်ပတ်နေသည်မှာ မှန်သည်။ သို့ရာတွင် နေကို လှည့်ပတ်နေသော ဂြိုဟ်များထဲတွင် ကမ္ဘာသည် အပါအဝင်မဟုတ်။ နေနှင့် ထိုနေကိုဝန်းရံလှည့်ပတ်နေသော အခြားဂြိုဟ်နက္ခတ်တာရာတို့ကသာ ကမ္ဘာကို ဗဟိုပြု၍ လှည့်ပတ်နေကြသည်"ဟု ယူဆသူဖြစ်သည်။ တိုင်ချိုဘရာသည် ကိုပါးနီးကပ်စ်၏ အယူအဆတစ်ဝက်နှင့် ဘာသာရေး အယူအဆတစ်ဝက်ကို ပေါင်းစည်း လက်ခံထားသူဖြစ်သည်ဟု ဝေဖန်သူတို့က ဝေဖန်ကြသည်။

ကက်ပလာသည် သူ၏ဆရာ တိုင်ချိုဘရာ၏ နက္ခတ္တဆိုင်ရာ အယူအဆကို လက်မခံဘဲ ကိုပါးနီးကပ်စ်၏ နေဗဟိုပြု စနစ်ကို လက်ခံသူ ဖြစ်သည်။ သို့ရာတွင် ကိုပါးနီးကပ်စ်၏ "နေကို ဂြိုဟ်များက စက်ဝိုင်းပုံသဏ္ဌာန်ပတ်လမ်းကြောင်းအတိုင်းရွေ့လျားနေသည်" ဟူသော အယူအဆကိုမူ ကက်ပလာက လက်မခံချေ။

---

* Horace Shipp, " Ideas that Moved the World" P.10

၁ Johannes Kepler (1571 - 1630)

၂ Galileo Galilei (1564 - 1642)

၃ Tycho Brache (1546 - 1601)



www.burmeseclassic.com

www.burmeseclassic.com



ကက်ပလာသည် ဂြိုဟ်တို့၏ ရွေ့လျားခြင်းဆိုင်ရာ နိယာမသုံးခုကို ဖော်ထုတ်ခဲ့၏။ ပထမနိယာမမှာ "ဂြိုဟ်များသည် နေကိုဗဟိုပြု၍ ဘဲဥပုံ သဏ္ဌာန် ပတ်လမ်းကြောင်း အတိုင်း လှည့်လည်လျက် ရှိသည်" ဟူသော နိယာမဖြစ်သည်။ ဒုတိယနိယာမမှာ "ဂြိုဟ်တို့သည် နေကိုလှည့်ပတ်ရာ၌ တစ်သမတ်တည်းသော အလျင်ဖြင့် လှည့်ပတ်ခြင်း မဟုတ်၊ နေနှင့်နီးသော အခါ ဂြိုဟ်တို့သည် ပို၍ လျင်မြန်လာသော အလျင်ဖြင့် လှည့်ပတ်ခြင်း ပြုသည်" ဟူသော နိယာမဖြစ်သည်။ တတိယနိယာမမှာ "နေမှ ဂြိုဟ်တစ်ခု၏ အကွာအဝေးသည် နေကို ထိုဂြိုဟ် လှည့်ပတ်ခြင်း ပြုရသော အချိန်နှင့် အချိုးညီမျှသည်" ဟူသော နိယာမဖြစ်၏။ *

ကိုပါးနီးကပ်စ်၊ ကက်ပလာ တို့သည် ကမ္ဘာဗဟိုပြု သီအိုရီကို တော်လှန်လျက် နေဗဟိုပြု သီအိုရီကို လက်ခံကြ၍ ဂြိုဟ်တို့၏ ရွေ့လျားမှုများကို သူတို့ရှုထောင့်နှင့် သူတို့ တင်ပြလာကြသော်လည်း စကြဝဠာကြီးကို ထာဝရဘုရားက ဖန်ဆင်းသည်ဟူသော အယူအဆ၊ လောကကြီး၏ အစမူလသည် ထာဝရဘုရား ဖြစ်သည်ဟူသော အယူအဆတို့ကို စွဲလမ်းခြင်းကား မကုန်နိုင်ကြချေ။ တစ်နေရာတွင် ကက်ပလာက .... "ဤလောကကြီးကိုစနစ်တကျရှိလေအောင် ထာဝရဘုရားက မည်သို့မည်ပုံ ဖန်ဆင်းထားသည်ကို သိနားလည်ရန် မိမိအနေနှင့် ကြိုးစားခဲ့ကြောင်း "** ဖော်ပြထားခြင်းများရှိသည်ကို တွေ့ရ၏။ ကိုပါးနီးကပ်စ်ရော ကက်ပလာပါ အာရစ္စတိုတယ်လ်၏ အယူအဆအချို့ လွှမ်းမိုးနေသည်ကို ခံရဆဲပင်ရှိသည်ဟု ဆိုနိုင်သည်။

အာရစ္စတိုတယ်လ်၏ ရွေ့လျားမှုနှင့် ဆိုင်သော အယူအဆအပေါ် အခြေခံ၍ လက်ခံလာခဲ့သော အစဉ်အလာအယူအဆတစ်ခုမှာ "တစ်သမတ်တည်းသော အလျင်ဖြင့် ရုပ်ဝတ္ထုတစ်ခု ရွေ့လျားနိုင်ခြင်းသည် (ယင်းသို့ ရွေ့လျားအောင်) ပြင်ပအကြောင်းတရားတစ်ခုကြောင့် (ဝါ) ပြင်ပမှ အားသက်ရောက်မှုကြောင့် ဖြစ်သည်။ ယင်းသက်ရောက်မှု (ဝါ) အကြောင်းပြုမှု

---

* Robert B. Dawns, " Books that Changed the World " P. 140

** Werner Heisenberg, " Philosophic Problems of Nuclear Science" P.88



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆိုင်းသွားခဲ့လျှင် ထိုရွေ့လျားနေသော ဝတ္ထုသည် ရပ်တန့်သွားလိမ့်မည်" ဟူသော အယူအဆပင်ဖြစ်သည်။ ဤအယူအဆရှိ "ပြင်ပအကြောင်းတရား (ဝါ) လှုပ်ရှားပေးနေသောအရာမှာ တန်ခိုးရှင် (ဝါ) ထာဝရဘုရားဖြစ်သည်" ဟု ယူဆလာခဲ့ကြသည်။ ဤအယူအဆကို ကိုပါးနီးကပ်စ်ရောကက်ပလာပါ လက်ခံခဲ့ကြဟန် တူသည်။

ကက်ပလာနှင့် စင်ပြိုင်ရှိခဲ့သည့် ဂယ်လီလီယို၏ အယူအဆများ၌ "ရုပ်ဝတ္ထု (ဝါ) ဂြိုဟ်နက္ခတ်တာရာတို့ လှုပ်ရှား ရွေ့လျား နေအောင် ယင်းတို့နောက်ကွယ် တစ်နေရာမှ တန်ခိုးရှင်တစ်ဦးဦး သို့မဟုတ် ပြင်ပမှ အကြောင်းတရားသည် မလို။ အရာဝတ္ထုတို့သည် ယင်းတို့၏ သဘာဝနိယာမအတိုင်း ရွေ့လျားလှုပ်ရှားကြခြင်းသာ ဖြစ်သည်" ဟု သဘောသက်ရောက်သော အယူအဆများကို တွေ့လာရသည်။

နယူတန်[၁] လက်ထက်သို့ ရောက်သောအခါတွင် ရွေ့လျားမှုဆိုင်ရာ အယူအဆသည် ပို၍ တိကျပေါ်လွင်လာသည်။ စကြဝဠာဆိုင်ရာ အမြင်သည်လည်း ပို၍ ကြည်လင်လာသည်။ အဘယ်ကြောင့်ဆိုသော် နယူတန်သည် ၎င်း၏ စကြဝဠာဆိုင်ရာ ဒြပ်ဆွဲအားနိယာမ[၂]ကို ဖော်ထုတ်နိုင်ခဲ့သောကြောင့်ပင် ဖြစ်သည်။ ယင်းနိယာမမှာ စကြဝဠာအတွင်းရှိ အရာဝတ္ထု (ဝါ) ဒြပ်ဝတ္ထုတိုင်းသည် အခြားဒြပ်ဝတ္ထုတိုင်းကို ဆွဲငင်လျက် ရှိသည် ဟူ၍ ဖြစ်လေသည်။ ယင်းနိယာမဖြင့် ကမ္ဘာအပါအဝင် နေစကြဝဠာတစ်ခုလုံးရှိ ဒြပ်ဝတ္ထုတို့ ရွေ့လျားနေကြပုံကို နယူတန်က ရှင်းပြနိုင်ခဲ့၏။

"နယူတန်၏ ဒြပ်ဆွဲအား နိယာမ အယူအဆကြောင့် စကြဝဠာအတွင်းရှိ အရာရာတို့ကို ရွေ့လျား လှုပ်ရှားအောင် တန်ခိုးရှင် ထာဝရဘုရား၏အကြောင်းပြုမှု၊ လှုပ်ရှားပေးမှုသည် မလိုတော့ချေ။ စကြဝဠာတစ်ခုလုံးသည် ထာဝရဘုရား၏ လက်ရာတော်မဟုတ်တော့ဘဲ သူ့သဘောသူ့နိယာမတို့ဖြင့် ဖြစ်ပေါ် လှုပ်ရှားနေသော စကြဝဠာအဖြစ် ပေါ်လွင်လာသည်။ ဒြပ်ဝတ္ထုတို့၏ အပြန်အလှန် ဆွဲအားကြောင့် ဂြိုဟ်များသည် နေကို

---

၁ Issac Newton (1642 - 1727)

၂ law of universal gravitation



www.burmeseclassic.com

www.burmeseclassic.com



လည့်ပတ်နေကြခြင်းသာ ဖြစ်ကြောင်း နယူတန် ဖော်ပြလိုက်ခြင်းသည် စကြဝဠာ၏ဖြစ်စဉ်၌ ထာဝရဘုရား မလိုတော့ကြောင်း ဖော်ပြလိုက်သော သဘောသို့ လည်း သက်ရောက်သွားသည်" ဟု ယူဆသူများ ရှိကြ၏။ သို့ရာတွင် နယူတန်ကိုယ်တိုင်ကမူ ထာဝရဘုရား၏ တည်ရှိခြင်းနှင့် ဖန်ဆင်းခြင်း အယူအဆကို ယုံကြည်သူပင် ဖြစ်လေသည်။ နယူတန်က "အစပထမ၌ ထာဝရဘုရားသည် ရုပ်မှုန်[၁] တို့ကို ဖန်ဆင်းသည်။ ထိုရုပ်မှုန်တို့ကြားရှိ အားသဘောတို့ကိုလည်း ဖန်ဆင်းသည်။ ထို့အပြင် အခြေခံ ရွေ့လျားမှု နိယာမများကို ဖန်ဆင်းသည်။ ဤနည်းအားဖြင့် စကြဝဠာကြီး တစ်ခုလုံးသည် မဖောက်ပြန်သော နိယာမဥပဒေသတို့ဖြင့် လည်ပတ်လှုပ်ရှား နေသော စက်ယန္တရားကြီးသဖွယ် ထိုအချိန်မှစ၍ ယနေ့တိုင် လှုပ်ရှား လျက်ရှိသည်"* ဟု ဖော်ပြခဲ့၏။

သို့ရာတွင် ဤကမ္ဘာနှင့်တကွ ကမ္ဘာကို ဝန်းရံနေသော ဂြိုဟ်နက္ခတ်တာရာတို့သည် ထာဝရဘုရား၏ ဖန်ဆင်းမှုဖြင့် ဖြစ်ပေါ်နေကြသည် ဟူသော ယုံကြည်ချက်အပေါ်၌ ဒြပ်ဆွဲအားနိယာမ အယူအဆကြောင့် လူသည် ပို၍ သံသယဖြစ်လာသည်။ လူနှင့်တကွ သဘာဝတရားအလုံးစုံကို ယခုကဲ့သို့ အချိုးတကျ ဖန်ဆင်းခဲ့ပြီးနောက် ထာဝရ ဘုရားသည် လူအပါအဝင် ဤသဘာဝတရားအလုံးစုံနှင့် တသီးတခြားနေလိုက်လေသလော၊ ဤကမ္ဘာလောက၊ ဤစကြဝဠာကြီးနှင့် ထာဝရ ဘုရားသည် ဘာမျှ အဆက်အဆံမပြုဘဲ နေသွားပြီလော၊ သို့မဟုတ် ဆက်လက်၍ ဖန်ဆင်းဆဲ ရှိလေသလော၊ သို့မဟုတ် ဆက်လက်၍ အသစ် အသစ်များ ဖြစ်ပေါ်အောင် ကြိုတင်ဖန်တီးထားရစ်ခဲ့ခြင်းများ ရှိလေသလော၊ ထာဝရဘုရား ဖန်ဆင်းခဲ့သော သို့မဟုတ် ဖန်ဆင်းနေဆဲရှိသော သဘာဝလောကကြီးသည် ကောင်းမွန်သော လောကကြီး ဟုတ်ပါ၏လော .... စသည့် သံသယများဖြင့် ဒဿနပညာရှင်များသည် တွေးဆလာခဲ့ကြသည်။

ကိုပါးနီးကပ်စ်၊ ဗရူနို၊ ဂယ်လီလီယို၊ နယူတန် စသည့် သိပ္ပံပညာရှင်တို့၏ အယူအဆများကြောင့် "ဗဟို" အဖြစ်မှ ရွေ့လျောခဲ့သော ကမ္ဘာ

---

၁ particles
* Fritjof Capra, " The Tao Physics" P.44



www.burmeseclassic.com

www.burmeseclassic.com



နှင့် ထိုကမ္ဘာပေါ်မှ လူသား၏ ရုပ်ပုံလွှာသည် သိပ္ပံတီထွင်မှုများ တိုးတက်သည့် ဤမှာဘက်ခေတ်၌ ပို၍ပင် သိမ်ငယ်လာပြန်သည်။

ဗိုက်ကင်းအစီအစဉ်[၁] သိပ္ပံပညာရှင်များက "အင်္ဂါဂြိုဟ်လေ့လာမှုများ၏ အကျိုးကျေးဇူးကြောင့် လူသားတို့၏ စိတ်အာရုံတွင် ကမ္ဘာကြီးသည်အမှန်စင်စစ် မရေမရာ၊ မခိုင်မြဲ၊ အချိန်မရွေး ကွဲပျက်ကြေပြုန်း သွားနိုင်သော ဂြိုဟ်ငယ် ဂြိုဟ်မွှားကလေး တစ်ခုမျှသာ ပါကလား ဟူသော မနောဖြင့် အမှန်ကို လူသားတို့ ရရှိခဲ့ကြပေမည်"ဟု ဖော်ပြကြသည်။

"....အင်္ဂါဂြိုဟ်မှနေ၍ ကမ္ဘာကို ဓာတ်ပုံ လှမ်းရိုက်လိုသည်။ သို့ရာတွင် ဗိုက်ကင်းယာဉ်များအပေါ်၌ ပါသွားသော ကင်မရာများဖြင့် မိုင် ၂၁၆ သန်း ဝေးကွာသော ကမ္ဘာကို လှမ်းရိုက်လျှင် အလှမ်းမီရုံသာရှိသဖြင့် ရိုက်၍ ရမရ မသေချာလှ။ ရိုက်၍ပုံပေါ်လျှင်ပင် အလွန်သေးငယ်သော အလင်းရောင်ပျောက်ငယ်ကလေးသာ ပေါ်မည်။ ပြာနှမ်းနှမ်း အရောင်သာ ပေါ်မည်။ ရိုက်၍သာရလျှင် အလွန်ပြောင်မြောက်သည့် ပုံအဖြစ် မှတ်တမ်း တင်ရပေမည်.... စသည်ဖြင့် ဒေါက်တာဂျိမ်းပိုးလော့က ပြောပြသည်....

"ကမ္ဘာသားများအနေနှင့် ဤကမ္ဘာသည် နိုင်ငံအမျိုးမျိုး၊ လူမျိုးအဖြာဖြာ ခွဲခြားစိတ်ပိုင်း နေထိုင်ကြသော ကမ္ဘာကြီးအဖြစ် (ခမ်းခမ်းနားနား) တွေးခေါ် စွဲမှတ်နေကြသည်။ ယင်းသို့ ယူဆတွေးမှတ်ခြင်းသည်ပင် ထူးခြားပြောင်မြောက်သည် ဟုလည်း ယူဆကြသည်။ သို့ရာတွင် နေစကြဝဠာ အတွင်းရှိ အခြား အစိတ်အပိုင်းများနှင့် စာသော် ကမ္ဘာသည် မကြီးမားလှပါ။ လူတစ်ယောက်အနေနှင့် အင်္ဂါဂြိုဟ်ပေါ်၌ ရပ်ပြီး ကမ္ဘာကိုလှမ်းကြည့်လျှင်

---

၁ Viking Programme



www.burmeseclassic.com

www.burmeseclassic.com



မိမိမြင်ရသည်မှာ ဘာမှန်းပင် သိမည်မဟုတ် .... စသည်ဖြင့်
ဒေါက်တာ ဂျိမ်းပိုးလော့က ရှင်းပြ၏။"*

လူတို့ရပ်တည်နေထိုင်ရာ ဤကမ္ဘာသည် နေအဖွဲ့အစည်း (ဝါ) နေစကြဝဠာအတွင်းရှိ ဒုတိယတန်းစားဂြိုဟ်ငယ် တစ်လုံးမျှသာ ဖြစ်ကြောင်းကို ယခုအခါ၌ ပို၍ပင် သိလာကြပြီးဖြစ်သည်။ နေကိုဗဟိုပြု၍ လှည့်ပတ်လှုပ်ရှားလျက်ရှိသည့် ဂြိုဟ်များကို နေမှ အနီးအဝေးအလိုက် စီစဉ်ကြည့်ပါက မာကျူရီ[၁] ခေါ် ဗုဒ္ဓဟူးဂြိုဟ်၊ ဗီးနပ်စ်[၂] ခေါ် သောကြာဂြိုဟ်၊ လူတို့နေထိုင်ရာ ကမ္ဘာ[၃]၊ မားစ်[၄] ခေါ် အင်္ဂါဂြိုဟ်၊ ဂျူပီတာ[၅] ခေါ် ကြာသပတေးဂြိုဟ်၊ ဆေတန်[၆] ခေါ် စနေဂြိုဟ်၊ ယူရေးနပ်စ်ဂြိုဟ်[၇]၊ နက်ပ်ကျွန်းဂြိုဟ်[၈]၊ ပလူတိုဂြိုဟ်[၉] တို့ကို အစီအစဉ်အတိုင်း တွေ့ရမည်ဖြစ်သည်။ ထိုဂြိုဟ်များအပြင် လ[၁၀] အလုံး ခြောက်ဆယ်ကျော်နှင့် ဂြိုဟ်ငယ်[၁၁] သုံးသောင်းခန့်ကို လည်းကောင်း၊ ကြယ်တံခွန်[၁၂] သန်းတစ်သိန်းခန့်ကိုလည်းကောင်း တွေ့ရသေးသည်။

နေအဖွဲ့အစည်း အတွင်း၌ နေနှင့် အနီးဆုံးသော မာကျူရီ (ဗုဒ္ဓဟူးဂြိုဟ်)သည် နေမှမိုင်ပေါင်း ၃၅၉၈၃၁၀၀ (၃၆ သန်းခန့်) အကွာတွင်ရှိ၍ ထိုအကွာမှ နေကိုလှည့်ပတ်လျက်ရှိသည်။ ဒြပ်ထုပမာဏအားဖြင့် ကမ္ဘာ၏ ဆယ့်ရှစ်ပုံတစ်ပုံခန့်ရှိသည်။ နေကို တစ်ပတ် ပတ်မိရန် ကမ္ဘာရက်အားဖြင့် ၈၈ရက်ခန့် ကြာသည်။

နေနှင့် ဒုတိယအနီးဆုံး ဂြိုဟ်မှာ ဗီးနပ်စ် (သောကြာဂြိုဟ်) ဖြစ်၍ နေမှ မိုင်ပေါင်း ၆၇ သန်းခန့် အကွာတွင် ရှိသည်။ ထိုအကွာအဝေးမှ နေကိုပတ်လျက်ရှိသည်။ ထိုဂြိုဟ်သည် ကျွန်ုပ်တို့ ကမ္ဘာနှင့် အနီးဆုံး ဖြစ်သည်။ ဗီးနစ်ဂြိုဟ်သည် ကမ္ဘာ့ဒြပ်ထု၏ ၈၂ ရာခိုင်နှုန်းခန့် ရှိသောကြောင့် အရွယ်ပမာဏအားဖြင့် ကမ္ဘာနှင့် မတိမ်းမယိမ်းပင်ရှိသည်။ ဗီးနပ်စ်သည် နေကို တစ်ပတ်ပတ်မိရန် ကမ္ဘာရက်အားဖြင့် ၂၂၅ ရက်ခန့်

---

* ၁၉၇၆၊ ဩဂုတ်လ ၁၄ရက် လုပ်သားပြည်သူ့နေ့စဉ်။

| | | | | | |
|---|---|---|---|---|---|
| ၁ | Mercury | ၂ | Venus | ၃ | Earth |
| ၄ | Mars | ၅ | Jupiter | ၆ | Saturn |
| ၇ | Uranus | ၈ | Neptune | ၉ | Pluto |
| ၁၀ | Moon | ၁၁ | asteroid | ၁၂ | comet |



www.burmeseclassic.com

www.burmeseclassic.com



ကြာသည်။ ဗီးနပ်စ်ဂြိုဟ်၏ မျက်နှာပြင်မှ မိုင် ၄၀ အကွာလောက်တွင် တိမ်တိုက်များအစဉ်ဖုံးအုပ်လျက်ရှိပြီး ယင်းတိမ်တိုက်များသည် အဝါရောင် သန်းလျက်ရှိသည်။ ဗီးနပ်စ်၏ မျက်နှာပြင်ပေါ်တွင် လေတိုက်နှုန်းသည် တစ်နာရီလျှင် မိုင် ၂၀၀ နှုန်းခန့်ပင်ရှိသည်။ သို့ရာတွင် "မျက်နှာပြင် အပူချိန်သည် ဖာရင်ဟိုက်ဒီဂရီ ၉၀၀ ရှိ၍ အပူပြင်းထန်ရကား သွပ်ကဲ့သို့ သော သတ္တုမျိုးကိုပင် အရည်ပျော်စေနိုင်သည်"။ * ရှေးခေတ်ဂရိတို့သည် ဗီးနပ်စ်ကို အေးမြခြင်း၊ ချမ်းမြေ့ကြည်သာခြင်း သဘောရှိသည့် အလှနှင့် ချစ်မေတ္တာအဖြစ် တင်စားခဲ့သော်လည်း ဗီးနပ်စ်ကိုယ်တိုင်ကမူ ပူလောင် ခြင်း၊ ကြမ်းတမ်းခြင်းကို ဖော်ပြလျက်ရှိသည်။

နေနှင့် တတိယ အနီးဆုံး ဂြိုဟ်မှာ ကမ္ဘာဖြစ်၍ နေမှ မိုင်ပေါင်း ၉၃သန်းခန့် အကွာတွင်ရှိသည်။ ထိုအကွာမှ နေကိုလှည့်ပတ်လျက်ရှိသည်။ ကမ္ဘာသည် မိမိဝင်ရိုးပေါ်တွင် ၂၃ နာရီ ၅၆ မိနစ် ၄.၀၉ စက္ကန့်လျှင် တစ်ပတ်လည်လျက်ရှိနေသည်။ နေကို ၃၆၅ ရက်၊ ၅ နာရီ ၄၉ မိနစ် ၂၀ စက္ကန့်ကြာမှ တစ်ပတ်ပတ်မိသည်။ ကျွန်ုပ်တို့ ကမ္ဘာ၌ လ တစ်စင်း ရှိသည်။

နေနှင့် စတုတ္ထအနီးဆုံးဂြိုဟ်မှာ "မားစ်ဂြိုဟ်" ဖြစ်သည်။ မားစ်သည် နေမှ မိုင်ပေါင်း ၁၄၁ သန်းခန့် အကွာတွင်ရှိ၍ ထိုအကွာမှနေကို ပတ်လျက် ရှိသည်။ မားစ်သည် ဒြပ်ထုပမာဏအားဖြင့် ကမ္ဘာ၏ ဆယ်ပုံတစ်ပုံခန့် ရှိ၍ ၂၅ ဒီဂရီခန့်စောင်းနေသော မိမိဝင်ရိုးပေါ်တွင် တစ်ပတ်လျှင် ၂၄နာရီ နှင့် ၃၇ မိနစ်ခန့်ကြာမျှ လည်ပတ်သည်။ နေကို တစ်ပတ် ပတ်ရန် ကမ္ဘာ ရက် အားဖြင့် ၆၈၇ ရက်ခန့် ကြာသည်။ မားစ်၌ အရွယ်အစား ငယ် သော လ ၂ စင်းရှိသည်။

နေနှင့် ပဉ္စမ အနီးဆုံးဂြိုဟ်မှာ ဂျူပီတာ (ကြာသပတေးဂြိုဟ်) ဖြစ် သည်။ ဂျူပီတာသည် နေမှ မိုင်ပေါင်း ၄၈၃ သန်းကျော်ခန့်အကွာ တွင်ရှိ၍ ယင်းအကွာခန့်မှ နေကို လှည့်ပတ်လျက်ရှိသည်။ ဂျူပီတာသည် ဂြိုဟ်အားလုံးတို့ အနက်တွင် အကြီးဆုံးဖြစ်သည်။ ကမ္ဘာထက် အရွယ် အစားအားဖြင့် အဆပေါင်း ၁၃၀၀ ကျော်ကြီးသည်။ တစ်ချိန်က ကမ္ဘာ သည် ဗဟိုဖြစ်၍ ကမ္ဘာသည် အကြီးမား အထည်ဝါဆုံးလည်း ဖြစ်လျက်

* Newsweek: 18 Dec: 1978



www.burmeseclassic.com

www.burmeseclassic.com



အခြားဂြိုဟ် နက္ခတ်တာရာများက ဝန်းရံလှည့်ပတ် ခစားရသည်ဟူသော အယူအဆသည် ဂျူပီတာ ရှေ့မှောက်၌ ဂုဏ်သိက္ခာဟူသမျှ လျော့ကျခဲ့လေသည်။ ဂျူပီတာသည် ကျန်ဂြိုဟ်များ ပမာဏ စုစုပေါင်း၏ နှစ်ဆထက်ပင် ပိုသေးသည်။ နေကို တစ်ပတ်ပတ်မိရန် ကမ္ဘာနှစ်ဖြင့် ဆယ့်တစ် ဒသမကိုးနှစ်ခန့် ကြာသည်။ ဂျူပီတာကို ဝန်းရံနေသော လ ၁၆ စင်းရှိ၍ ယင်းတို့အနက် လ ၂ စင်းသည် ကျွန်ုပ်တို့ကမ္ဘာ၏လထက် ပို၍ကြီးကြသည်။ ဂျူပီတာနှင့် မားစ်တို့ကြားတွင် ဂြိုဟ်ငယ်ပေါင်း ငါးသောင်းကျော်လည်း ရှိနေကြသေးသည်။

နေနှင့် ဆဋ္ဌမအနီးဆုံးဂြိုဟ်မှာ ဆေတန်ဂြိုဟ် (စနေဂြိုဟ်) ဖြစ်သည်။ ယင်းသည် နေမှ မိုင်ပေါင်း ၈၈၆ သန်းခန့် အကွာအဝေးတွင် ရှိသည်။ ထိုအကွာအဝေးမှ နေကိုဗဟိုပြု၍ ကမ္ဘာနှစ်အားဖြင့် ၂၉ နှစ်နှင့် ၆ လလျှင် တစ်ပတ်ကျ လှည့်ပတ်နေသည်။ ဆေတန်သည် ကမ္ဘာနှင့်ယှဉ်လျှင် အရွယ်အစားမှာ ကမ္ဘာထက် ၉၅ ဆခန့် ကြီးမားသည်။ ကမ္ဘာ ဒြပ်ထုပမာဏ၏ ၉၅ ဆခန့်ရှိသည်။ ကုဗပမာဏအားဖြင့်မူ ကမ္ဘာထက် ၇၄၄ ဆခန့် ကြီးမားသည်။ ယခင်အခါက "ဆေတန်၏ မျက်နှာပြင်အထက် မိုင် ၆၀၀၀ မှ ၄၇၀၀၀ အကွာမှနေ၍ ယင်းဂြိုဟ်ကို ဝိုင်းပတ်ထားသော ရေခဲ သို့မဟုတ် ကျောက်ခဲတို့ဖြင့် ဖွဲ့စည်းထားသော ဗဟိုတူစက်ဝိုင်း လေးခုရှိသည်။ ယင်းအဝိုင်း တစ်ခုချင်းစီ၏ ကြားနေရာတို့၌ လင်းချည်မှောင်ချည် ဖြစ်နေကြောင်း တွေ့ရသည်" ဟု ဖော်ပြလေ့ရှိ၏။ သို့ရာတွင် ၁၉၇၇ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု ကိပ်ကနာဗာရယ်စခန်းမှ ပစ်လွှတ်လိုက်သော အာကာသယာဉ် ဗွိုင်ယေဂျာ (၁) သည် ကမ္ဘာမှမိုင် သန်း ၉၀၀ခန့်ဝေးသည့် ဆေတန် (စနေဂြိုဟ်) သို့ ၁၉၈၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့၌ ရောက်ရှိသွားသောအခါ စနေဂြိုဟ်နှင့် ပတ်သက်၍ အသိသစ်များရလာခဲ့သည်။ စနေဂြိုဟ်၌ ယခင်က တွေ့ရှိခဲ့ရသော လများအပြင် နောက်ထပ် လအသစ်များကို တွေ့ရှိခဲ့ရာ ယခုအခါတွင် စနေဂြိုဟ်၌ လ (ဝါ) အရန်ဂြိုဟ် ၂၀ (ထိုထက်ပိုနိုင်သေးသည်) ရှိသည်ကိုတွေ့ရသည်။ လများအနက် တီတန်[၁] ဟု အမည်ပေးထားသော လသည် အကြီးမားဆုံးဖြစ်၍ မာကျူရီ ဂြိုဟ်ထက်ပင် ကြီးသည်။

---

၁ Titan



www.burmeseclassic.com

www.burmeseclassic.com



တီတန်သည် နေစကြဝဠာရှိ လများအနက် အကြီးဆုံးဖြစ်မည်ဟု ယူဆနိုင်သည်။ ထို့ပြင်စနေဂြိုဟ်တွင် ရစ်ပတ်နေသော ဓာတ်ရောင်ခြည် ခါးပတ်ကွင်းလေးခုရှိသည်ဟု ယခင်က ယူဆထားခဲ့ရာ ဗွိုင်ယေဂျာ (၁) က ရရှိသောဓာတ်ပုံအရ ခါးပတ်ကွင်း စက်ဝန်းများ ရာနှင့်ချီ၍ ရှိနေသည်ကို တွေ့ရသည်။ ထိုဓာတ်ရောင်ခြည်ခါးပတ် (ဝါ) တိမ်တိုက် ခါးပတ်ကွင်းသည် အခြားကွင်းတစ်ကွင်းကို နှစ်နေရာ၌ လိမ်ရစ်လျက်ရှိသည်ကို တွေ့ရသည် ဟု ဆိုသည်။

နေနှင့် သတ္တမအနီးဆုံးဂြိုဟ်မှာ ယူရေးနပ်စ်ဂြိုဟ်ဖြစ်၍ ယင်းဂြိုဟ်သည် နေမှ မိုင်ပေါင်း ၁၇၃၀ သန်းခန့်တွင်ရှိသည်။ ယူရေးနပ်စ်သည် အရွယ်အစားအားဖြင့် ကမ္ဘာထက် ၁၅ ဆခန့်မျှကြီးသည်။ နေကို တစ်ပတ်ပတ်မိရန် ကမ္ဘာနှစ်အားဖြင့် ၈၄ နှစ်ခန့် ကြာသည်။ ယူရေးနပ်စ်၌ လ ၈ စင်း ခြံရံလျက်ရှိသည်။ (၁၉၈၅ ခုနှစ်တွင် ထပ်မံ၍ လများတွေ့ရှိခဲ့ရာ ယခုအခါ ယူရေးနပ်စ်၌ လပေါင်း ၁၅ စင်းခန့်မျှ ရှိသည်ဟု သိရလေသည်။ အရန်လပေါင်းလည်း ၃၀ မျှ ရှိနိုင်သည်ဟုဆိုသည်။)

နေနှင့် အဋ္ဌမ အနီးဆုံးဂြိုဟ်မှာ နက်ပကျွန်းဂြိုဟ်ဖြစ်သည်။ ယင်းဂြိုဟ်သည် နေမှ မိုင်ပေါင်း သန်း ၂,၈၀၀ ခန့်တွင်ရှိသည်။ နေကိုပတ်မိရန် ကမ္ဘာနှစ်အားဖြင့် ၁၆၆ နှစ်ခန့်ကြာသည်။ နက်ပ်ကျွန်းဂြိုဟ်သည် ကမ္ဘာထက် အရွယ်အစားအားဖြင့် ၁၇ ဆခန့်မျှ ကြီးသည်။ နက်ပ်ကျွန်း၌ လ ၈ စင်းရှိပြီး ထရီတန်[၁] ဟု အမည် ပေးထားသော လမှာ ကျွန်ုပ်တို့ကမ္ဘာ၏လထက် ပို၍ ကြီးမားသည်။

နေနှင့် နဝမ အနီးဆုံးဂြိုဟ်မှာ ပလူတိုဂြိုဟ်ဖြစ်သည်။ ပလူတိုသည် နေမှ မိုင်ပေါင်း သန်း ၃,၆၆၆ ကျော် (ပလူတိုသည်နေကို မိုင်ပေါင်း သန်း ၄,၆၀၀ နှင့် ၂,၇၀၀ အကွာအဝေးခန့်မှ ပတ်လျက်ရှိသည်။) အကွာအဝေးတွင်ရှိသည်။ အရွယ်အစားငယ်သောဂြိုဟ်ဖြစ်၍ ကမ္ဘာနှင့် ယှဉ်လျှင် ကမ္ဘာ၏ တစ်ထောင်ပုံ နှစ်ပုံခန့်လောက်ရှိ၍ နေကိုတစ်ပတ်ပတ်မိရန် ကမ္ဘာနှစ်အားဖြင့် ၂၄၈ နှစ်ခန့်ကြာသည်။ ပလူတို၌ လတစ်စင်းရှိသည်။

ဂြိုဟ်များ၏ အခြားတစ်ဖက် နေအဖွဲ့အစည်း၏ အစွန်းတွင် သန်းတစ်သိန်းခန့်မျှသော ကြယ်တံခွန်များသည် ရွေ့လျားလည်ပတ်နေကြသည်။ စင်စစ်ကြယ်တံခွန်များသည် ခဲနေသော ဓာတ်ငွေ့များနှင့် ကျောက်မှုန်တို့ စုဝေးဖြစ်ပေါ်နေသာအရာများ ဖြစ်ကြသည်။ ကြယ်တံခွန်များသည်ပင်

---

၁ Triton

* ယခုအခါ ပလူတိုဂြိုဟ်ကို ဂြိုဟ်၏ အင်္ဂါရပ်နှင့် မညီညွတ်ဟု ယူဆကာ နဝမဂြိုဟ် အဖြစ်မှ ဖျက်သိမ်းခဲ့ကြသည်။

(ပြုစုသူ)

www.burmeseclassic.com

www.burmeseclassic.com



ပင်ကိုယ်အားဖြင့် အချင်းမိုင် အနည်းငယ်သာ ရှိသော်လည်း နေအနီးသို့ ရောက်လာသော အခါ ယင်းတို့၏ အပေါ်ယံလွှာသည် အငွေ့အဖြစ်သို့ ရောက်ရှိသွားပြီး အလွန်ကြီးမားသော ဦးခေါင်းပိုင်းနှင့် အလွန်ရှည်လျား သောအမြီးတန်းကြီးဖြစ်သွားသည်။ ၁၈၄၃ ခုနှစ်တွင် ကမ္ဘာမှမြင်ရသော ကြယ်တံခွန်၏ အမြီးမှာ မိုင်အားဖြင့် သန်း ၅၀၀ ကျော် ရှည်လျားသည်။ အနှစ် ၇၀ ကျော်တွင် တစ်ကြိမ်ကျ ကမ္ဘာနှင့် နေအကြားမှ ဖြတ်သွားလေ့ရှိသော ဟေလီ[၁] ကြယ်တံခွန်၏ အမြီးသည် မိုင်အားဖြင့် သန်း ၅၀ မျှ ရှည်လျားသည်။ သဘာဝဖြစ်စဉ်တို့အရ ဖြစ်ပေါ်လာကြသည့် ဤကြယ်တံခွန်တို့ကို မြင်ရသည့်အခါ လူသတ္တဝါတို့သည် (သဘာဝဖြစ်စဉ်တို့ကို သဘာဝ ဖြစ်စဉ်တို့အတိုင်း အမှန် မမြင်ခဲ့ကြမှုကြောင့်) အစွဲ ဥပါဒါန် အမျိုးမျိုးဖြင့် အနက်အဓိပ္ပာယ် အမျိုးမျိုး ကောက်ယူခဲ့ခြင်းများ ရှိခဲ့ကြသည်။

နေအဖွဲ့အစည်း၏ အလယ်တွင်ရှိသော ကျွန်ုပ်တို့၏နေသည် အချင်း မိုင်အားဖြင့် ၈၆၅,၀၀၀ ခန့်ရှိသည်။ မျက်နှာပြင် အပူချိန်သည် ၅၅၀၀ ဒီဂရီစင်တီဂရိတ်ခန့်ရှိ၍ နေ၏ အလယ်ဗဟိုတွင်မူ အပူချိန်စင်တီဂရိတ် ၁၅ သန်းခန့်ရှိသည်။ စင်စစ် နေသည် အလွန်သိပ်သည်းသော ဓာတ်ငွေ့များ ဖွဲ့စည်းနေသော အဖွဲ့အစည်း တစ်ခုဖြစ်၍ ထိုအဖွဲ့အစည်းရှိ ဟိုက်ဒရိုဂျင် အဏုမြူများသည် (ဟိုက်ဒရိုဂျင်ဗုံး ပေါက်ကွဲသည့် ဖြစ်စဉ်မျိုးနှင့် ဆင်တူသည်။) ဟီလီယမ်[၂] အဏုမြူများ အဖြစ်သို့ ပြောင်းလဲနေသောကြောင့် အပူရှိန် ထွက်ပေါ်နေခြင်းဖြစ်သည်။ *

ဤမျှအပူချိန်များ၍ လူတို့၏ကမ္ဘာကို အလင်းရောင်ပေးနေသော နေကို နေစကြဝဠာရှိ အခြားဂြိုဟ်တို့နှင့် နှိုင်းစာပါက လွန်စွာကြီးမားသည်ဟု ဆိုနိုင်သည်။ နေ၏ထုထည်ပမာဏမှာ ကမ္ဘာထက် အဆပေါင်း ၃၃၀,၀၀၀ ခန့်မျှ ကြီးမားသည်။ နေကို အကယ်၍ လိမ္မော်သီးခန့် ပမာဏ ထားပါက လူတို့နေထိုင်ရာ ကမ္ဘာသည် သဲတစ်ပွင့်မျှလောက်သာ ရှိပေလိမ့်မည်။ နေကို အကယ်၍ အိုးစရည်းကြီးသဖွယ်ထားကာ ကမ္ဘာကို

---

၁ Halley ၂ helium

* နေသည် တစ်စက္ကန့်လျှင် ဟိုက်ဒရိုဂျင် တန် ၅၆၄ သန်းမျှကို လောင်ကျွမ်းပြီး ဟီလီယမ် တန် ၅၆၀သန်း အဖြစ်သို့ ပြောင်းလဲလျက်ရှိ၍ လျော့သွားသော တန်ချိန် ၄ သန်းသည် အပူစွမ်းအင် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိုး စရည်းကြီး ထဲသို့ ထည့်မည် ဆိုပါက ကမ္ဘာ အလုံးပေါင်း (၁,၃၀၀,၀၀၀)မျှ ထည့်ရပေလိမ့်မည်။

နေစကြဝဠာ၌ ခမ်းနားထည်ဝါလှသည့် နေသည် စင်စစ် ကြယ်သန်းပေါင်းများစွာ ပါဝင်ဖွဲ့စည်းထားသော "ဂယ်လက်ဆီ" ဟု ခေါ်သည့် ကြယ်စုကြီးအတွင်းမှ အညတရကြယ်ကလေး တစ်ခုမျှသာဖြစ်သည်။ သိမ်သိမ်ငယ်ငယ် ကြယ်အဖွဲ့ဝင်ကလေးတစ်ခုမျှသာ ဖြစ်သည်။

ကျွန်ုပ်တို့၏ နေမိသားစုပါဝင်နေသော ဂယ်လက်ဆီကို မြန်မာလို နဂါးငွေ့တန်း[၁] ဟု ခေါ်ကြသည်။ ဂယ်လက်ဆီကြယ်စုကြီး၌ ကြယ်ပေါင်းသန်းတစ်သိန်းခန့် ပါဝင်လျက်ရှိသည်။ ထို့ပြင် မြူခိုးမြူမှုန်များ၊ အလွန်ကြီးမားလှသည့် ဓာတ်ငွေ့လုံးကြီးများလည်း ပါဝင်လျက်ရှိသည်။ ထိုအခါ ဝေးလံသောကြယ်တို့ကို ကြည့်သည့်အခါ ကြယ်တို့သည် ပြွတ်သိပ်လျက် ကြယ်တစ်လုံးချင်းအနေဖြင့် ခွဲခြားမမြင်နိုင်တော့ဘဲ ဖြူဖွေးနေသည့် အခိုးအငွေ့ကဲ့သို့လည်းကောင်း၊ နှံ့ရှည်ဆမ်းထားသော လမ်းကြောင်းကြီးကဲ့သို့လည်းကောင်း တွေ့မြင်ရသောကြောင့် "နဂါးငွေ့တန်း" ဟု ခေါ်ကြခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ "နေ"ပါဝင်လျက်ရှိသည့် ထိုဂယ်လက်ဆီကြယ် ကြယ်အုပ်စုကြီးသည် ဂယ်လက်ဆီ ကြယ်အုပ်စုပေါင်း ၁၇ ခုမျှ ပါဝင်ဖွဲ့စည်းထားသော ကြယ်အုပ်စုကြီးဖြစ်သည်။ ကြယ်အုပ်စု ၁၇ ခု ပါဝင်သော ထိုဂယ်လက်ဆီ အုပ်စုကြီး၏ အချင်းသည် အလင်းနှစ်[၂] တစ်သိန်းခန့် ရှိသည်။ "အလင်းနှစ်" ဆိုသည်မှာ တစ်စက္ကန့်တွင် မိုင်ပေါင်း ၁၈၆,၀၀၀ ခန့် (၁၈၇,၀၈၆ မိုင်) သွားနိုင်သော အလင်း၏ တစ်နှစ်တာ ပေါက်ရောက်သောအကွာအဝေးကိုဆိုလိုသည်။ တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၈၆,၀၀၀၊ ....ထိုနှုန်းအတိုင်းတစ်မိနစ်၊ ....တစ်နာရီ၊ တစ်ရက်၊ ....ထိုနှုန်းအတိုင်း တစ်လ၊ ....ထိုနှုန်းအတိုင်း တစ်နှစ် – သွားနေသော မိုင်အားဖြင့်ကြည့်ပါက အလင်းနှစ် တစ်သိန်းတွင် ပေါက်ရောက်သော အကွာအဝေးသည် မည်မျှဝေးကွာမည်ကို ခန့်မှန်းကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့၏ နေ ပါဝင်နေသော အချင်းအားဖြင့် အလင်းနှစ် တစ်သိန်းမျှရှိသည့် ထိုဂယ်လက်ဆီကြယ်အုပ်စုကြီးသည် လှည်းဘီးသဏ္ဌာန်

---

၁ milky way ၂ light year



www.burmeseclassic.com

www.burmeseclassic.com



ရှိ၍ ယင်း၏ အလယ်ဗဟိုတွင် မှိုမောက်လျက်ရှိသည်။ ကျွန်ုပ်တို့၏ နေသည် ထိုဗဟိုချက်မှ အလင်းနှစ် ၃၀၀၀၀ အကွာတွင် မထည်မဝါရှိနေသည်။ နေ၏ဝန်းကျင်မှ ကမ္ဘာနှင့် အခြားဂြိုဟ်များကား အဘယ်မျှသိမ်ငယ်နေမည်ကို ခန့်မှန်းကြည့်နိုင်သည်။ ကျွန်ုပ်တို့၏နေသည် ဂယ်လက်ဆီ၏ ဗဟိုကိုလှည့်ပတ်နေသော ကြယ်တစ်ခုမျှသာဖြစ်၍ ဂယ်လက်ဆီ၏ ဗဟိုကို တစ်စက္ကန့်လျှင် ၁၂ မိုင် ကျော်နှုန်းဖြင့် လှည့်ပတ်လျက်ရှိသည်။ တစ်ပတ်ပတ်မိရန် နှစ်ပေါင်းသန်း ၂၅၀ ခန့်မျှကြာသည်ဟု နက္ခတ္တပညာရှင်တို့က တွက်ချက်ပြကြသည်။ အခြားကြယ်များသည်လည်း နေကဲ့သို့ပင် ထို ဂယ်လက်ဆီ၏ ဗဟိုကိုလှည့်ပတ်လျက်ရှိ၍ အချို့ကြယ်တို့၏ အလျင်မှာ တစ်စက္ကန့်လျှင် မိုင် ၅၀၀ ကျော်ရှိသည်။

ကျွန်ုပ်တို့၏နေသည် နေဘဝ၌နေခဲ့သည်မှာ သက်တမ်း တစ်ဝက်ကျိုးခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် နောက်ထပ် သက်တမ်း တစ်ဝက်သာလျှင် နေဘဝ၌ နေရတော့မည်။ "သက်တမ်းတစ်ဝက်သာလျှင် နေရတော့မည်" ဟု ဆိုရာ၌ နောက်ထပ်နှစ်သန်းပေါင်း ၅၀၀၀ မျှ အသက်ရှင်နေနိုင်သေးခြင်းကို ဆိုလိုပါသည်။ နေသည် နှစ်ပေါင်း သန်း ၂၅၀ လျှင် တစ်ပတ်ကျဖြင့် ဂယ်လက်ဆီ၏ ဗဟိုကိုလှည့်ပတ်ခဲ့သည်မှာ ယခုအခါတွင် အပတ် ၂၀ ရှိခဲ့ပြီ။ ထို့ကြောင့် နောက်ထပ် အပတ် ၂၀ သာလျှင် လှည့်ပတ်လှုပ်ရှားရတော့မည်ဖြစ်သည်။

နေနှင့်နှိုင်းစာပါက အဖွဲ့ဝင် ဂယ်လက်ဆီကြယ်အစု ၁၇ စု ပါဝင်သော ဂယ်လက်ဆီကြီးသည် ကြီးကျယ်လှသည်။ သို့ရာတွင် ထိုဂယ်လက်ဆီကြယ်အုပ်စုကြီးသည်လည်း စကြဝဠာရှိ အခြား ဂယ်လက်ဆီတို့နှင့်နှိုင်းစာပါက သာမညဂယ်လက်ဆီမျှသာဖြစ်ပါသေးသည်။ အဖွဲ့ဝင်ဂယ်လက်ဆီ ကြယ်စုဦးရေနည်းသော အခြားဂယ်လက်ဆီ ကြယ်အုပ်စုများရှိသော်လည်း ဟာကျူလိစ်[၁]ဟု အမည်ပေးထားသော ဂယ်လက်ဆီအုပ်စုကြီးတွင် အဖွဲ့ဝင်ဂယ်လက်ဆီ အရေအတွက် ကုဋေတစ်သောင်းကျော်ပါဝင်၍ ဂယ်လက်ဆီတစ်ခုစီတွင် ကြယ်ပေါင်းကုဋေတစ်သိန်းကျော် ပါဝင်လျက်ရှိသည်။ ဂယ်လက်ဆီများသည် (ယင်းတို့၌ပါဝင်သော ဂယ်လက်ဆီကြယ်စုဦးရေ အနည်းအများမကူသော်လည်း) စကြဝဠာအတွင်း၌ ကုဋေနှင့်ချီ၍ ရှိနေကြသည်။ သိပ္ပံပညာကြောင့် ယခင်က အင်အားကောင်း

---

၁ Hercules



www.burmeseclassic.com

www.burmeseclassic.com



သော တယ်လီစကုပ်ကြီးများထက် ထွင်းဖောက်မြင်နိုင်သော တယ်လီစကုပ်များကို တီထွင်နိုင်ခဲ့သော်လည်း ထို တယ်လီစကုပ်များ အဝေးဆုံးမြင်နိုင်သည့် နေရာအထိ ဂယ်လက်ဆီများကို မလျော့ဘဲ တွေ့နေရသည်။ ယခုအခါတွင် ဂယ်လက်ဆီ ကြယ်အုပ်စုကြီးပေါင်း ကုဋေ ၁၀၀၀ ကျော်မျှ တွေ့ပြီးဖြစ်သည်။

"ကာလီဖိုးနီးယား တက္ကသိုလ်မှ နက္ခတ္တဗေဒ ပညာရှင်များသည် ကမ္ဘာမှ အလင်းနှစ်ပေါင်း ကုဋေ ၁၀၀၀ ဝေးကွာသော နဂါးငွေ့တန်း လေးခုကို ထပ်မံတွေ့ရှိထားပြီးဟု ကြေညာသည်။ ....

"အလင်းနှစ်ပေါင်း ကုဋေ ၁၀၀၀ ဝေးသည်ဆိုရာတွင် အဆိုပါ နဂါးငွေ့တန်းမှ အလင်းရောင်သည် အလင်းရောင်ပြေးနှုန်း ဖြစ်သော တစ်စက္ကန့်လျှင် ၁၈၇,၀၈၆ မိုင်နှုန်းဖြင့် ကမ္ဘာမြေပြင်သို့ ဖြတ်သန်းလာရာတွင် ထိုအလင်းရောင်သည် ကမ္ဘာမြေပြင်သို့ နှစ်ကုဋေ ၁၀၀၀ ကြာမှ ရောက်သည်ဟု ဆိုလိုသည်။"*

ထိုဂယ်လက်ဆီတို့၏ ဟိုမှာဘက်ကိုမူ သိပ္ပံပညာ၊ နက္ခတ္တပညာသည် လက်လှမ်းမမီနိုင်သေးချေ။ သို့ဖြစ်၍ မြောက်မြားလှစွာသော ဂယ်လက်ဆီတို့ ပါဝင်နေသော စကြဝဠာ၏ အပြင်နယ်နိမိတ်သည် မည်မျှအကွာအဝေးတွင်ရှိသည်ကို မပြောနိုင်ချေ။ ကိုပါးနီးကပ်စ် အစရှိသည့် သိပ္ပံပညာရှင်တို့ လက်ထက်က ကျွန်ုပ်တို့၏ နေနှင့်ဂြိုဟ်များပါဝင်နေသော နေအဖွဲ့အစည်းလောက်ကိုသာ "စကြဝဠာ" ဟု ခေါ်ခဲ့ကြသော်လည်း ယခုအခါတွင်မူ အတိုင်းမသိ အနာဒိ အနန္တကျယ်ပြောလှသော အာကာသကြီးနှင့် မြောက်မြားလှသော ဂယ်လက်ဆီတို့ကို ခြုံ၍ "စကြဝဠာ"ဟု ခေါ်ရမည်ဖြစ်လေသည်။

တိုလ်မီက ကမ္ဘာကို "ဗဟို"ဟု ယူဆခဲ့၏။ သို့ရာတွင် ကမ္ဘာသည် ဗဟိုအဖြစ်မှ ရွေ့လျော့ခဲ့သည်။ ကိုပါးနီးကပ်စ်က "နေသည်ဗဟို" ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ ဤဖော်ပြချက်သည်လည်း မှားယွင်းခဲ့ပြီဖြစ်သည်။

"ကျွန်ုပ်တို့၏ နေအဖွဲ့အစည်းတည်ရှိရာ ဂယ်လက်ဆီကြီးအတွင်း၌ ကျွန်ုပ်တို့၏ နေအဖွဲ့အစည်းကဲ့သို့သော နေအဖွဲ့အစည်းပေါင်း ၁၃၀ ခန့် ရှိနေကြောင်း ဆိုဗီယက် နက္ခတ္တ ပညာရှင်များက ကြေညာခဲ့သည်။

* လုပ်သားပြည်သူ့နေ့စဉ်၊ မတ်လ ၄ ရက်၊ ဗုဒ္ဓဟူးနေ့ ၁၉၇၁ – ခု။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာလည်း လူတို့၏ လက်လှမ်းမမီနိုင်သမျှ စူးစမ်းရာမှ သိရှိရသော နေ အဖွဲ့ အစည်းများ ဖြစ်၍ ယင်းတို့ထက် ပို၍ ရှိကောင်း ရှိပေလိမ့်ဦးမည်။"*

"ကျွန်ုပ်တို့၏ ဂယ်လက်ဆီအတွင်းရှိ မြူမှုန်တိမ်မည်းများ ကြားတွင် နေကဲ့သို့သောကြယ်များ ခြောက်လုံး သို့မဟုတ် ခုနစ်လုံးခန့် ဖြစ်ပေါ်ဖွံ့စည်းလာသည်ကို ဂြိုဟ်တုမှတစ်ဆင့် သိပ္ပံပညာရှင်များ တွေ့လာကြသည်။ ထိုကြယ်များ (ဝါ) နေအသစ်များသည် နှစ်ပေါင်းတစ်သန်းထက် သက်တမ်းမကြာသေးဟုဆိုသည်။ နေအသစ်များသည် လက်ရှိ နေ စတင်ပေါ်ပေါက်ခါစ လွန်ခဲ့သောနှစ် ၄ ဒသမ ၆ ဘီလျံ (နှစ်သန်းပေါင်း ၄၆၀၀) က အနေအထားမျိုးနှင့် ဆင်တူသည်။ ၎င်းနေအသစ်များသည် ကျွန်ုပ်တို့၏ကမ္ဘာမှ အလင်းနှစ် ၁၀၀၀ ခန့် အကွာ၌ တည်ရှိကြသည်။ ထိုနေများ၏ဝန်းကျင်တွင် ဂြိုဟ်များ ဖွံ့စည်းတည်ရှိနိုင်သည်ဟု သိပ္ပံပညာရှင်တို့က ယုံကြည်ကြသည်။"**

အထက်ပါ အချက်အလက်တို့ကို ထောက်၍ သိမ်ငယ်လှသော အများဟာကာဂြိုဟ်တို့အနက်မှ သာမညဂြိုဟ်တစ်လုံးမျှသာ ဖြစ်သောကျွန်ုပ်တို့၏ကမ္ဘာကို ဗဟိုအဖြစ် မှတ်ယူ၍ ဂုဏ်ယူဝင့်ကြွားစရာလည်း မရှိတော့။ ကျွန်ုပ်တို့၏ နေကိုလည်း ဗဟိုအဖြစ်မှတ်ယူရန် မဖြစ်နိုင်ချေ။ ကျွန်ုပ်တို့၏ ဂယ်လက်ဆီကိုလည်း အနန္တစကြဝဠာ၏ မည်သည့် နေရာလောက်တွင် ရှိသည်ကို မပြောနိုင်ချေ။ အတိုင်း မသိ စကြဝဠာကြီး၏ အကြောင်း၊ စကြဝဠာကြီး ဖြစ်ပုံ ပျက်ပုံ၊ တည်နေပုံ အကြောင်းကို ကျွန်ုပ်တို့ တိတိပပသိဖို့ ခဲယဉ်းနေလိမ့်ဦးမည်သာဖြစ်သည်။

စကြဝဠာကြီး၏သဘောသဘာဝ၊ စကြဝဠာကြီးအစ၊ စကြဝဠာကြီး၏ ဖြစ်စဉ်ကို အတိအကျ ဖော်ထုတ်ရန် ခဲယဉ်းမှုကြောင့် အချို့က "စကြဝဠာကြီးကို ယာဝေ ဘုရားက ဖန်ဆင်းတော်မူသည်" ဟူသော အယူအဆကိုပင် လက်ခံလျက်ရှိကြသည်။ အချို့က "အတိုင်းမသိ စကြဝဠာ

---

* NAB/ Reuter (29-7-82)

** The Working People's Daily, Monday, 23, May, 1983



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ထာဝရဘုရားသည် မည်သို့သော ရည်ရွယ်ချက်ဖြင့် ဖန်ဆင်းပါလိမ့်" ဟု သံသယဖြစ်ကြသည်။ အချို့က "လူအတွက်ဘာမျှ အကျိုးမရှိသော ဤအနန္တစကြဝဠာကြီးကို ဆင်ခြင်ဉာဏ်ကင်းမဲ့စွာဖြင့် ထာဝရဘုရားက ဖန်ဆင်းလိမ့်မည်မဟုတ်"ဟု ဆိုကြသည်။

စကြဝဠာကြီးအတွင်း၌ အချို့ကြယ်တို့သည် သက်တမ်းကုန် ချုပ်ငြိမ်းနေကြခိုက် အသစ်အသစ်သော ကြယ်တို့သည် မွေးဖွားလျက် ရှိကြသည်။ အသစ်အသစ်သော ကြယ်တို့ကိုကော ထာဝရဘုရားသည် အဘယ်သို့သော ရည်ရွယ်ချက်ဖြင့် ဖန်ဆင်းနေလေသနည်းဟု အချို့က သံသယဖြစ်ကြပြန်သည်။ သိပ္ပံပညာရှင်တို့က စကြဝဠာကြီးသည် အပြင်ဘက်သို့ ပြန့်ကားပြေးထွက်လျက် ရှိသည်ဟုဆိုသည်။ အချို့နက္ခတ္တ ပညာရှင်တို့က အချို့သော ဂယ်လက်ဆီများသည် အခြားသော ဂယ်လက်ဆီများမှ တစ်စက္ကန့်လျှင် မိုင် ၉၀၀၀၀ အထိ အလွန်လျင်မြန်သော နှုန်းဖြင့် ပြေးထွက်နေကြသည်ဟု ဆိုသည်။ စကြဝဠာကြီးသည် တည်ငြိမ်သော အခြေသို့ မရောက်သေးဟုဆိုသည်။ ဤတွင်လည်း "စကြဝဠာကို ယခုတိုင် စနစ်တကျဖြင့် တည်ငြိမ်သော စကြဝဠာကြီးအဖြစ်သို့ ရောက်အောင် ထာဝရဘုရားက မဖန်ဆင်းသေးလေသလော" ဟု သံသယ ဖြစ်ကြသည်။ အချို့က "ဤသို့ဖြစ်ပျက်နေသော စကြဝဠာကြီးသည်ပင် အံ့ဖွယ်ကောင်းသော ထာဝရဘုရား၏လက်ရာတော်ဖြစ်သည်" ဟု ဆိုကြသည်။ အချို့က "ဤသို့သော အတိုင်းမသိ စကြဝဠာကြီးကို ထာဝရဘုရား ဖန်ဆင်းနိုင်ပါလျက် ဘာမျှမပြောပလောက်သည့် လူ၏ ရပ်တည်နေထိုင်ရာ ကမ္ဘာငယ်ကို လူအတွက် သင့်တင့်ကောင်းမွန်အောင် (ကြောက်ခမန်းလိလိ လူတို့သေကြေကြရသော မြေငလျင်လှုပ်ခြင်းများ၊ မိုးခေါင်ခြင်းများ၊ ရေကြီးခြင်းများ၊ ယင်းတို့မှ ဆင့်တိုးဖြစ်ပေါ်လာသည့် ငတ်မွတ်ခြင်းများ၊ ရောဂါအန္တရာယ်များ ကင်းသော ကမ္ဘာဖြစ်အောင်) အဘယ့်ကြောင့် မဖန်ဆင်းပါသနည်း။ အဘယ့်ကြောင့် မွမ်းမံမပေးပါသနည်း" ဟု သံသယ ဖြစ်ကြပြန်သည်။ လွင့်လွင့်မျောမျော အတွေးအခေါ်တို့ကို တွေးခေါ်ကြပြန်သည်။

အစဉ်အလာအတွေးအခေါ်ဟောင်းကို စွဲယူထားသူသည် သိပ္ပံပညာတိုးတက်လာသည်နှင့်အမျှ ကမ္ဘာသည် စကြဝဠာ၏ "ဗဟို"မှ လျှောကျသွားခြင်းနှင့်အတူ မိမိဘဝသည်လည်း ဘာမျှထည်ဝါမှုမရှိသော အနေရး



www.burmeseclassic.com

www.burmeseclassic.com



မပါသောဘဝအဖြစ်သို့ လျှောကျသွားသကဲ့သို့ ခံစားလာရသည်။ လူနှင့် လူ၏ရပ်တည်ရာ ထောက်တည်ရာ ကမ္ဘာကို ထာဝရဘုရားက ဖန်ဆင်း ပေးသည်ဟူသော အယူအဆအပေါ် သံသယ ဖြစ်ရာမှ .... အချို့သည် ထာဝရဘုရားနှင့် ဖန်ဆင်းခြင်းကိုပစ်ပယ်လိုက်ကြသည်။ ထိုသို့ပစ်ပယ်လိုက် သည့်အခါ လောကအလယ်၌ အားကိုးဆောက်တည်ရာ၊ ယုံကြည် ကိုးစား ရာမရှိသကဲ့သို့ ခံစားလာရပြန်သည်။ အချို့ကလည်း ထာဝရဘုရားကို ပစ်ပယ်ပြီးနောက် သိပ္ပံပညာကို အားကိုးပြုကြသည်။ သို့ရာတွင် သိပ္ပံပညာ သည် လူ၏သံသယတို့ကို အကုန်ပယ်ရှားပေးနိုင်သည်မဟုတ်ချေ။ ထိုအခါ.... မိမိဘဝ၊ မိမိလောကကို လုံးဝဂရုမစိုက်သော အနန္တစကြဝဠာကြီးသို့ "ဘာလုပ်ဖို့များ မိမိရောက်လာပါလိမ့်" ဟူသော သံသယကို ပွားကြသည်။ ထိုသို့သံသယများပွားရာမှ လောကအလယ်၌ အသက်ရှင်နေရသည့် ဘဝကို အဓိပ္ပာယ်မဲ့သော၊ အထီးကျန်သော ဘဝအဖြစ် မြင်ထင်လာပြန်သည်။

ဘာထရန်ရပ်ဆယ်လ်[၁] သည် တစ်ချိန်က စကြဝဠာကြီးအား အတိုင်း မသိ ကြီးမားသည့် စက် ယန္တရားကြီး သဖွယ် ရှုမြင်ခဲ့ဖူး၏။ ရပ်ဆယ်လ်က "စကြဝဠာတည်းဟူသော ယန္တရားကြီးသည် မပြောင်းမလဲ နိုင်သော နိယာမတို့အတိုင်း လှုပ်ရှား လည်ပတ်နေသည်။ လူသည် ထို ယန္တရားစနစ်ကြီးအတွင်းမှ သိမ်ငယ်လှသည့် အစိတ်အပိုင်းငယ်ကလေးတစ်ခု မျှသာဖြစ်သည်။ စကြဝဠာယန္တရားကြီး၏ လည်ပတ်လှုပ်ရှားမှုဖြစ်စဉ်၌ လူတည်းဟူသော အစိတ်အပိုင်းကလေး ပေါ်ထွက်လာသည်ကို ခဏ တစ်ဖြုတ်အားဖြင့် မြင်တွေ့လိုက်ရသည်။ ခဏတစ်ဖြုတ်ပေါ်ထွက်လာသည့် အခိုက်ကလေး၌ လူတည်းဟူသော အစိတ်အပိုင်းငယ်သည် မိမိကိုယ်မိမိ တစ်စုံတစ်ရာသော အရေးပါမှုရှိသယောင်ယောင်၊ အဓိပ္ပာယ် တစ်စုံတစ်ရာ ရှိသလိုလိုထင်မြင်လိုက်ပေသေးသည်။ သို့ရာတွင် ပေါ်ထွက်လာပြီးနောက် ချက်ချင်းပင် စကြဝဠာယန္တရားကြီး၏ လှုပ်ရှားလည်ပတ်မှုအစဉ်၌ လိုက် ပါ ပျောက်ကွယ်သွားသည်။ စကြဝဠာ ယန္တရားကြီးသည် လူတည်း ဟူ သော အစိတ်အပိုင်းငယ်ကို အရေးလည်းမစိုက်၊ သိလည်းသိပုံမပေါ်ဘဲ ဆက်လက်၍သာ လှုပ်ရှားလည်ပတ်သွားလေသည်။ .... .... ....

---

၁ Bertrand Russell, (1873-1970)



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆယ်လ်က ဆက်လက်၍ "ညအချိန် အပြောကျယ်သော ပင်လယ်ပြင်ကြီး၌ သင်္ဘောပျက်၍ ဖောင်တစ်ခုတွင် တွယ်နေရသော သင်္ဘောသားတစ်စုနှင့် လူသားတို့သည် တူလှသည်။ ဝန်းကျင်တစ်ခုလုံးသည်လည်း မည်းမှောင်လျက်ရှိသည်။ ဖောင်ပေါ်မှ တစ်ဦးပြီးတစ်ဦး ပင်လယ်ထဲသို့ ကျ၍ကျ၍ ပျောက်ကွယ်သွားကြသည်။ နောက်ဆုံးတစ်ဦးသည်လည်း ကျသွားပြန်သည်။ သူတို့ကျသည့်အခါ ပင်လယ်ပြင်၌ တစ်ကိုယ်စာ၊ တစ်ကိုယ်စာကျရာနေရာကလေးပင် အမှတ်ထင်ထင် မကျန်ခဲ့။ ပင်လယ်လှိုင်းကြီးတို့က ဖုံး၍ ဖုံး၍ အုပ်သွားကြသည်။ သဘာဝတရားသည် လူကို ဂရုစိုက်သည် မဟုတ်" * စသည်ဖြင့် ဖော်ပြခဲ့၏။

စကြဝဠာကြီး၏ ဖြစ်စဉ်၊ စကြဝဠာကြီး၏ လှုပ်ရှားနေမှုတို့နှင့် နှိုင်းစာပါက လူအဖြစ်ဖြင့် သက်ရှင်လှုပ်ရှားရသည့် အချိန်ကလေးသည် တိုတောင်းလွန်းလှသည်။ ခေတ္တခဏကလေးသာဖြစ်ပေါ်လာသည့်လူ့အဖြစ်၌ မည်မျှကြီးကျယ်သော ပုဂ္ဂိုလ်ဖြစ်စေ၊ ဖြစ်ပျက် ပြောင်းလဲလျက်ရှိသော သဘာဝဖြစ်စဉ်တွင် မကြာမတင်ပျောက်ကွယ်သွားမြဲဖြစ်ရကား လူ့ဘဝ လူ့အဖြစ်၌ ထူးခြားသောတန်ဖိုးတစ်စုံတစ်ရာ၊ ထူးခြားသော အနှစ်သာရတစ်စုံတစ်ရာမရှိဟု ရပ်ဆယ်လ်က ရှုမြင်ခဲ့ဟန်တူလေသည်။

အချို့က ဘဝပြဿနာများကို ဖြေရှင်းမပေးနိုင်သော သိပ္ပံပညာကိုပါ ပစ်ပယ်လိုက်ကြသည်။ ထိုသို့ပစ်ပယ်လိုက်ပြီးနောက် မွေးဖွားခြင်း နှင့် သေခြင်းကြားရှိ တိုတောင်းသော မိမိဘဝ၌ ကောင်းသည် မှန်သည် ထင်သော တန်ဖိုးများကို ရှာပြန်သည်။ ကောင်းသည်မှန်သည်ထင်သော အမှန်တရားကိုရှာပြန်သည်။ တစ်နည်းအားဖြင့် မည်သည့်အပေါ်၌လူသည် ယုံယုံကြည်ကြည်ဖြင့် ရပ်တည်ရမည်နည်းဟု ရှာဖွေပြန်သည်။ သို့ရာတွင် ရှာဖွေရင်း ရှာဖွေရင်းဖြင့် အနောက်တိုင်း လူသားသည် ရပ်ရာတည်ရာ ထောက်ရာတည်ရာ ပျောက်သကဲ့သို့ ဖြစ်နေပြန်သည်။

နက္ခတ္တ ပညာက ဖော်ပြနေသော စကြဝဠာ၏ အတွင်းမှ သိမ်ငယ်လွန်းလှသည့် မိမိဘဝကို လူသည် မည်သို့ တန်ဖိုးဖြတ်ရမှန်း မသိသလို ဖြစ်

---

* J.R. Frost, "Basic Teachings of the Great Philosophers" P . 85



www.burmeseclassic.com

www.burmeseclassic.com



လာရာမှ "အတိုင်းမသိ စကြဝဠာကြီးအတွင်းတွင် အမှတ်မထင်ဘဝတစ်ခု ဖြစ်လာပြီးနောက် အမှတ်မထင်ပင် ပျောက်ကွယ်သွားတတ်သည့် ဘဝ၏ အနက်အဓိပ္ပာယ် တစ်စုံတစ်ရာရှိပါသေး၏လော။ မွေးခြင်းနှင့်သေခြင်း၏ ကြားမှ တိုးတောင်းသည့် ဘဝကလေး၌ မည်သို့သော ရည်ရွယ်ချက်ဖြင့် အသက်ရှင်နေသင့်သနည်း" ဟူသော မေးခွန်းများကိုလည်း လူသည် မေးရင်းဖြင့် ဘဝ၌ ထောက်ရာတည်ရာ မရနိုင်ဘဲဖြစ်လျက် ရှိနေပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

## အီဗော်လျူးရှင်း သီအိုရီများကြောင့် သတ္တလောက၌ ထည်ဝါခဲ့သည့် လူ၏ဂုဏ်သိက္ခာတို့ ထပ်မံလျှော့ကျခြင်း

အလယ်ခေတ် အနောက်တိုင်းအတွေးအခေါ်တွင် လူကို သတ္တလောက၌ အမြင့်မြတ်ဆုံးသတ္တဝါအဖြစ် ရှုမြင်ခြင်းများရှိခဲ့၏။ သတ္တလောက၌ လူကိုခံ့ညားထည်ဝါသောသူအဖြစ် ယူဆခြင်းများလည်းရှိခဲ့၏။ ဤအယူအဆများကြောင့် လူသည် လူဖြစ်ရခြင်းအတွက် ဂုဏ်ယူရမည့်ကဲ့သို့ဖြစ်ခဲ့၏။ လူဖြစ်လာရခြင်း၏တန်ဖိုး၊ လူဖြစ်လာရခြင်း၏ရည်ရွယ်ချက်၊ လူ့အဖြစ်၏ အနက်အဓိပ္ပာယ်တို့ကို အလေးအနက် ဖွင့်ဆိုစရာများလည်း ရှိခဲ့၏။ သို့ရာတွင် ချားလ်စ်ဒါဝင် အစရှိသော ပညာရှင်တို့၏ "သက်ရှိတို့၏ ဆင့်ကဲဖြစ်စဉ် အယူအဆများ"ကြောင့် လူသည် တိရစ္ဆာန်သတ္တဝါတို့နှင့် ဆွေမျိုးတော်စပ်သူ အဖြစ်သို့ ရောက်ခဲ့ရသည်။ တိရစ္ဆာန်တို့၏ အသင်းဝင်တစ်ဦး အဖြစ်သို့ ရောက်ခဲ့ရသည်။ ဆင့်ကဲဖြစ်စဉ် အယူအဆများကြောင့် လူသည် လူအဖြစ်သို့အမှတ်မထင်၊ ရှောင်တခင် ရောက်လာသူသာ ဖြစ်သည်ဟုလည်း ထင်မြင်ခံစားမိလာပြန်သည်။ ရည်ရွယ်ချက်တစ်စုံတစ်ရာမရှိဘဲ လူ့လောကသို့ ယောင်လည်လည်ဖြင့် အဓိပ္ပာယ်မဲ့ရောက်လာသူ ဖြစ်သည်ဟုလည်း ထင်မြင်ခံစားမိလာပြန်သည်။ ထို့ထက် ရည်ရွယ်ချက်မဲ့စွာဖြင့် လူ့အဖြစ်သို့ ရောက်လာပြီးနောက် အိုမူနာမှုတို့၏ နှိပ်စက်မှုဖြင့် အဓိပ္ပာယ်မဲ့ သေလွန်ရသည့် အဖြစ်ကို တွေးမြင်မိရာမှ လူသည် လူဖြစ်ရခြင်းကို မကျေမနပ် ဖြစ်နေပြန်သည်။ .... .... ....

(ဟူမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

## ရည်ရွယ်ချက်မရှိဘဲ လူ့လောကသို့ရောက်လာသူ

အလယ်ခေတ် အနောက်တိုင်း ဒဿနလောက၌ လူ၏ ရပ်တည်နေထိုင်ရာ ကမ္ဘာလောကကြီးသည် စကြဝဠာ၏ ဗဟိုဖြစ်သည်။ လူသည် ဖန်းဆင်းခံအရာတို့အနက် အမြင့်မြတ်ဆုံးဖြစ်သည်။ လူကို ဗဟိုပြု၍ အရာရာသည် ဖြစ်ပေါ်တည်နေရသည် .... စသည့် အယူအဆများ အပေါ်၌ တိုးတက်လာသော နက္ခတ္တပညာကြောင့် သံသယများဖြစ်ခဲ့ရသကဲ့သို့ သိပ္ပံနည်းကျ ကြည့်ရှုလေ့လာခြင်း[၁] နှင့် လက်တွေ့စမ်းသပ်မှု[၂] တို့အပေါ် အခြေခံသော ဆင့်ကဲဖြစ်စဉ်သီအိုရီ "အီဗော်လျူးရှင်းသီအိုရီ"[၃] များ ပေါ်လာပြန်သောကြောင့် လူသည် မိမိရပ်တည်ရာ ကမ္ဘာလောကအပေါ်၌လည်းကောင်း၊ ထိုကမ္ဘာလောကအပေါ် ရပ်တည်နေသော မိမိဘဝအပေါ်၌လည်းကောင်း သံသယဖြစ်စရာများ ပိုလာခဲ့ပြန်သည်။

ဖန်ဆင်းခြင်းကို လက်ခံသူများအနက် အချို့က ကမ္ဘာကြီးနှင့်တကွ သက်ရှိသက်မဲ့အဖွဲ့အစည်း[၄] တို့သည် မူလက ထာဝရဘုရားဖန်ဆင်းတော်မူခဲ့သည့်အတိုင်း ဒြပ်သဏ္ဌာန်အားဖြင့် မပြောင်းမလဲဘဲ ဆက်လက်ဖြစ်ပေါ်နေကြခြင်းဖြစ်သည်ဟု ယူဆကြသည်။ အချို့ကလည်း အသစ်အသစ်ဖြစ်ပေါ်လာသော လက်ရှိသက်မဲ့တို့သည် ထာဝရဘုရား၏ အသစ်

---

၁ scientific observation ၂ experiment
၃ evolution theory ၄ organic & inorganic forms



www.burmeseclassic.com

www.burmeseclassic.com



အသစ် ဖန်ဆင်းခံနေမှုကြောင့် ဖြစ်ပေါ်လာကြခြင်းဖြစ်သည်ဟု ယူဆကြသည်။ ဤအယူအဆများကို ဆင့်ကဲဖြစ်စဉ်သီအိုရီ "အီဗော်လျူးရှင်း သီအိုရီ"ကို လက်ခံသော သိပ္ပံပညာရှင် အများအပြားက လက်မခံကြချေ။ စကြဝဠာဆိုင်ရာ ဆင့်ကဲဖြစ်စဉ်[၁] ကို လက်ခံကြသော သိပ္ပံပညာရှင်တို့က ဤစကြဝဠာကြီးသည် မူလဒြပ်သဏ္ဍာန်၊ မူလသွင်ပြင်အခြေအနေအတိုင်း ယခုအခါ၌လည်း ဆက်လက်၍ ရှိနေ ဖြစ်နေသည် မဟုတ်၊ လက်ရှိပုံသဏ္ဍာန်၊ လက်ရှိ သွင်ပြင်အခြေအနေသို့ ရောက်အောင် အချိန်ကာလ မြောက်မြားစွာအတွင်း အီဗော်လျူးရှင်း သဘောအရ ဒြပ်သဏ္ဍာန် အမျိုးမျိုးဖြင့် အဆင့်ဆင့် တိုးတက် ပြောင်းလဲ ဖွံ့စည်းလာခဲ့ရသည်။ ဤကမ္ဘာနှင့် နေအဖွဲ့အစည်းသည်လည်း လက်ရှိဒြပ်သဏ္ဍာန်၊ လက်ရှိအခြေအနေသို့ရောက်အောင် အချိန်ကာလမြောက်မြားစွာကို ဖြတ်ကျော်ခဲ့ရသည်ဟု ဖော်ပြကြသည်။ သက်ရှိတို့၏ ဆင့်ကဲဖြစ်စဉ်သီအိုရီ[၂]ကို လက်ခံကြသော "အီဗော်လျူးရှင်းဝါဒီ" တို့ကလည်း လူအပါအဝင် သတ္တလောကတစ်ခုလုံးသည် အီဗော်လျူးရှင်းသဘောအရ လက်ရှိပုံသဏ္ဍာန်သို့ ရောက်အောင် အချိန်ကာလမြောက်မြားစွာကို ဖြတ်ကျော်၍ အဆင့်ဆင့် တိုးတက်ပြောင်းလဲခဲ့ရသည်ဟု ဖော်ပြကြ၏။

ဖန်ဆင်းခြင်းကို လက်ခံသူများအနက် သီးခြားဖန်ဆင်းခြင်း သီအိုရီ[၃]ကို လက်ခံကြသူများက ထာဝရဘုရားသည် သတ္တဝါတို့ကို ဖန်ဆင်းရာ၌ သူ့မျိုးစု[၄]နှင့်သူ၊ သူ့အနွယ်နှင့်သူ သီးသီးသန့်သန့်ခြားနား၍ ဖန်ဆင်းတော်မူခဲ့သည်။ ထိုသို့ ဖန်ဆင်းထားသောကြောင့် မျိုးတူစုတစ်ခုသည် အခြားသော မျိုးတူစုတစ်ခုမှ ပေါက်ဖွားဆင်းသက်ခြင်းမရှိ၊ သူ့အနွယ်နှင့်သူ၊ သူ့အမျိုးနှင့်သူ သီးခြားပြု၍ ဖန်ဆင်းသောကြောင့် သတ္တဝါတို့၌ ကိုယ်ပိုင်သီးသန့်ပုံသဏ္ဍာန်များရှိကြသည်။ လူကိုလည်း ယခုလက်ရှိ ပုံသဏ္ဍာန် အတိုင်း သီးသန့်ဖန်ဆင်းထားတော်မူသည်ဟု ယူဆကြ၏။ ဤသီးခြားဖန်ဆင်းခြင်းသီအိုရီကို အီဗော်လျူးရှင်းဝါဒီအများအပြားက လက်မခံကြချေ။

---

၁ cosmic evolution
၂ organic evolution
၃ special creation theory
၄ species



www.burmeseclassic.com

www.burmeseclassic.com



၁၉–ရာစု၌ ဆင့်ကဲဖြစ်စဉ် အီဗော်လျူးရှင်း သီအိုရီကို လူသိများအောင် ဖန်တီးခဲ့သူ ဒါဝင်[၁] က "....မျိုးတူစုများ အားလုံးသည် ရိုးရိုးရှင်းရှင်း ကလာပ်စည်း ဆဲလ်တစ်ခုတည်းဖြင့် ဖွဲ့စည်းထားသော သတ္တဝါအဖြစ်မှ ကလာပ်စည်း ဆဲလ်တို့ ရှုပ်ထွေးစွာ ဖွဲ့စည်းလာသော မျိုးတူစုများအဖြစ်သို့ (ဝါ) သတ္တဝါများအဖြစ်သို့ အဆင့်ဆင့်တိုးတက်ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်" ဟု ဖော်ပြလိုက်၏။ ဤဖော်ပြချက်သည် အလယ်ခေတ်တစ်လျှောက် လက်ခံ ယုံကြည်ခဲ့သော သီးခြား ဖန်ဆင်းခြင်း သီအိုရီကို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လိုက်ရာရောက်ခဲ့သော အယူအဆပင်ဖြစ်သည်။

ဒါဝင်၏ အထက်ပါ အယူအဆအရ လူအပါအဝင် သတ္တဝါတို့သည် အစမူလကတည်းက ဒြပ်သဏ္ဌာန်အတိုင်း၊ မူလကတည်းက အမျိုးအနွယ်အတိုင်း ယခုလည်း မပြောင်းမလဲဘဲ ဆက်လက်ဖြစ်ပေါ် တည်ရှိနေကြခြင်းမဟုတ်။ အီဗော်လျူးရှင်းသဘောအရ အဆင့်ဆင့်ပြောင်းလဲခြင်းဖြင့်သာ ယခုကဲ့သို့သော ဒြပ်သဏ္ဌာန်များ အဖြစ်သို့ ရောက်ရှိလာခြင်းဖြစ်သည်ဟု ဆိုလိုရာရောက်လျက်ရှိသည်။ တစ်ဆက်တည်းမှာပင် သတ္တဝါတို့ကို ထာဝရ ဘုရားက ဖန်ဆင်းသည်မဟုတ်။ ဖန်ဆင်းသူမရှိ။ အီဗော်လျူးရှင်း သဘောဖြင့်သာ ဖြစ်ပေါ်လာခြင်း ဖြစ်သည်ဟုလည်း ဆိုလိုရာ ရောက်လျက်ရှိသည်။ သို့ဖြစ်၍ သူ့ခေတ်သူ့အခါက ဒါဝင်၏ အီဗော်လျူးရှင်း သီအိုရီသည် အရေးကြီးသော အတွေးအခေါ်ဆိုင်ရာ တော်လှန်ရေး တစ်ရပ်ပင်ဖြစ်သည်။

တိရစ္ဆာန်တို့၏ ခန္ဓာသွင်ပြင်လက္ခဏာတို့ကို လေ့လာသော ရုပ်သွင်ပညာ[၂]က "ပရိုတိုပလာဇမ် သက်ရှိရုပ်ကို ကလာပ်စည်း ဆဲလ်အဖြစ်ဖြင့် စုပေါင်းဖွဲ့စည်း နေခြင်းသည် သတ္တဝါတိုင်း၌ တစ်သဘောတည်း တူညီမှု ရှိကြောင်းတွေ့လာသည်။ ထိုအချက်ကိုအမှီပြု၍ .... "ထာဝရဘုရားသည် မူလက သတ္တဝါတို့ကို (ဝါ) မျိုးတူစုများကို သီးခြားစီဖန်ဆင်းခဲ့သည်" ဟု ယူဆသော "သီးခြားဖန်ဆင်းခြင်း သီအိုရီ" သာ မှန်ပါက သတ္တဝါတို့၏ ပရိုတိုပလာဇမ် သက်ရှိရုပ်ကို ကလာပ်စည်း ဆဲအဖြစ် ဖွဲ့စည်းနေမှုသည် သတ္တဝါတိုင်း၌ တစ်သဘောတည်းတူညီမှုဖြစ်နေစရာမလို။ တသီးတခြားစီ မတူမညီ ဖွဲ့စည်းနေရမည်သာဖြစ်သည်။ ယခုမူ ပရိုတိုပလာဇမ် သက်ရှိ

---

၁ Charles Darwin (1809 - 1882)

၂ morphology



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကို ဆဲလ်များအဖြစ် ဖွဲ့စည်းနေမှုသည် သတ္တဝါတိုင်း၌ သဘောချင်း တူညီနေသည်ကို တွေ့ရသည်။ ထို့ကြောင့် သီးခြားဖန်ဆင်းခြင်း သီအိုရီ သည် မမှန် ဟု အီဗော်လျူးရှင်း ဝါဒီတို့က ယူဆကြသည်။ ထို့ပြင် အကောင်အုပ်စုကြီးကျယ်သော တိရစ္ဆာန်များသည် ခန္ဓာကိုယ်သွင်ပြင်ချင်း ခြားနားကြသော်လည်း အစာချေခြင်း၊ အညစ်အကြေး စွန့်ခြင်းနှင့် ခန္ဓာ ကိုယ်၏ လိုအပ်သော လုပ်ငန်းတို့အတွက် ဖွဲ့စည်းထားသော အင်္ဂါရုပ် ဖွဲ့စည်းပုံ စနစ်များမှာမူ တူညီနေတတ်ကြသည်ကို တွေ့ရသည်။ အုပ်စုမျိုး စုံတွင် ပါဝင်သော တိရစ္ဆာန်များသည် သက်ဆိုင်ရာ အုပ်စုအတွင်းရှိ အကောင်အချင်းချင်း သွင်ပြင်ညီညွတ်မှု အတော်များများ ရှိနေတတ်ကြ သည်။ ဥပမာအားဖြင့် အင်းဆက်ပိုးကောင်တိုင်း၌ ဦးမှင်တစ်စုံစီ၊ ခြေ ခြောက်ချောင်းစီနှင့် အခြားတူညီသော အင်္ဂါရုပ်များရှိနေသည်ကို တွေ့ရ သည်။ အကယ်၍သာ သီးခြားဖန်ဆင်းခြင်း သီအိုရီ မှန်ပါက အဖွဲ့တစ်ဖွဲ့၌ ရှိသော သတ္တဝါတို့၏ အင်္ဂါရုပ် ဖွဲ့စည်းပုံများသည် အခြားအဖွဲ့၌ရှိသော သတ္တဝါတို့၏ အင်္ဂါရုပ် ဖွဲ့စည်းပုံတို့နှင့် တူညီစရာမလိုချေ။ တသီးတသန့်သာ ဖြစ်ရမည်ဟု ဆင့်ကဲဖြစ်စဉ် ဝါဒီများက ဝေဖန်ကြသည်။

ရုပ်သွင်ပညာရှင်များသည် တိရစ္ဆာန်တို့၏ ရုပ်သွင်လက္ခဏာအဆင့် ဆင့် ပြောင်းလဲတိုးတက်လာပုံကိုလေ့လာရာ၌ "ဆင်းသက်ပုံ အခြေခံတူ၍ တည်ဆောက်မှုစနစ်လည်းတူသော လက္ခဏာရုပ်များ"နှင့် "လုပ်ငန်းတူ သော်လည်း ဆင်းသက်မှု အခြေခံ ကွဲပြားသည့် လက္ခဏာရုပ်များ" ကို လေ့လာကြသည်။ လင်းနို့များ၊ ငှက်များနှင့် ယခုအခါတွင် ကမ္ဘာ၌ ပျောက်ကွယ်ကုန်ပြီဖြစ်သော တယ်ရိုဒက်တိုင်း[၁] ခေါ် ပျံနိုင်သော တွား သွား သတ္တဝါများ၏ အတောင်ပံတို့တွင်ရှိသည့် အရိုးဖွဲ့စည်းပုံ အားလုံး သည် ကုန်းပေါ်တွင်နေသော ကျောရိုးရှိ သတ္တဝါများ၏ ရှေ့လက်အရိုး ဖွဲ့စည်းပုံစနစ်ကို အခြေခံလာကြောင်း တွေ့ရသည်။ ဤအချက်များသည် "ဆင်းသက်ပုံ အခြေခံတူ၍ တည်ဆောက်မှု စနစ်ပါတူခြင်း"ကို ဖော်ပြ သည်။ သို့ရာတွင် အင်းဆက်ပိုးကောင်များ၏ တောင်ပံများမှာမူ ပျံသန်းမှု အလုပ်အတွက် ဖြစ်သော်လည်း ယင်းတောင်ပံတို့သည် ခြေလက်များမှ ပြုပြင်ပြောင်းလဲလာခြင်းတော့မဟုတ်။ ယင်းတို့၏ ခန္ဓာကိုယ်အရေလွှာ၏

---

၁ pterodactyl



www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်ပြောင်းလဲမှုမှ ဖြစ်ပေါ်လာကြခြင်းသာ ဖြစ်ကြောင်း တွေ့ရသည်။ ဤအချက်သည် ကျောရိုးရှိ သတ္တဝါများနှင့် "လုပ်ငန်းတူသော်လည်း ဆင်းသက်မှု အခြေခံကွဲသည့် လက္ခဏာရပ်" ပင်ဖြစ်သည်။

တစ်ဖန် ငါးမန်းနှင့် အရိုးမာငါး[၁] များ၏ ဆူးတောင်များသည် ကော်ဒါတာ[၂] များ၏ နံဘေးအတက်အလက်များမှ ဆင့်တိုးပြောင်းလဲလာကြောင်းတွေ့ရသည်။ ထို့ပြင် အချို့သော ကျောက်ဖြစ်ရုပ်ကြွင်းငါးများ (ခရော့ဆော့တယ်ရီဂျိုင်[၃])၏ ဆူးတောင်များတွင် ပါဝင်သော အရိုးဖွဲ့စည်းမှုတို့သည် ကုန်းပေါ်နေ ကျော်ရိုးရှိ သတ္တဝါများ၏ ခြေရိုး လက်ရိုးများနှင့် ဆင်းသက်ပုံအခြေခံရော၊ တည်ဆောက်မှု စနစ်ပါ တူညီကြောင်း တွေ့ကြရသည်။ ပတ်ဝန်းကျင်နှင့် ဆီလျော်အောင် ပြုပြင်ပြောင်းလဲခြင်းဖြင့် ကျောရိုးရှိ သတ္တဝါတို့၏ ခြေလက်တို့ အရှည်မတူတော့ခြင်းများ၊ ခြေချောင်း လက်ချောင်းတို့ ပူးသွားသောကြောင့် ခြေလက်အရေအတွက် လျော့သွားခြင်းများရှိသည်ကိုလည်းတွေ့ရသည်။ သို့ရာတွင် ၎င်းတို့ အားလုံးသည် "ငါးချောင်းစုံ ခြေလက်အင်္ဂါ"[၄]မှ ဆင်းသက်လာခြင်းသာ ဖြစ်သည်ဟု ရုပ်သွင်ပညာရှင်တို့က ယူဆကြသည်။ အထက်ပါ အချက်တို့ကိုထောက်၍ အီဗော်လျူးရှင်းဝါဒီတို့က "မျိုးတူစုတို့ကို အစကတည်းက သီးသီးခြားခြားဖန်ဆင်းခဲ့၍ ဖန်ဆင်းစက ဒြပ်သဏ္ဌာန်အတိုင်း ယခုလည်း မပြောင်းမလဲတည်ရှိနေသည်" ဟု ယူဆသော သီးခြားဖန်ဆင်းခြင်း သီအိုရီမမှန်ကြောင်း၊ သတ္တဝါတို့သည် လက်ရှိပုံသဏ္ဌာန်၊ လက်ရှိသွင်ပြင် လက္ခဏာတို့ ရှိသည့်အဆင့်သို့ရောက်အောင် အီဗော်လျူးရှင်းသဘောအရ ဆင့်ကဲပြောင်းလဲ တိုးတက်လာခဲ့ကြရခြင်းသာ ဖြစ်ကြောင်း ဖော်ပြကြသည်။

သတ္တဝါတို့၏ ပဋိသန္ဓေတည်နေမှုကို လေ့လာသောပညာရပ်[၅] (သန္ဓေဗေဒ)၌လည်း သီးခြားဖန်ဆင်းခြင်း သီအိုရီ မမှန်ကန်ကြောင်း အထောက်အထားများကို တွေ့လာကြရသည်။ ထူးထူးခြားခြား မျိုးပြန့်ပွားတတ်သော အမျိုးအစားအနည်းငယ်မှ လွဲ၍ ကလာပ်စည်းဆဲလ်များဖြင့် ဖွဲ့စည်းထားသော တိရစ္ဆာန်တိုင်းသည် သန္ဓေဥ[၆]မှ ပေါက်ဖွားကြမြဲ

---

၁ bony fish ၂ chordate ၃ crossopterygii
၄ pentadactyl limb ၅ embriology ၆ ovum



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သတ္တဝါတို့၏ သန္ဓေသည် ဖြစ်တည်စဉ်၌ တစ်ခုနှင့်တစ်ခုတူညီမှုများ ရှိကြသည်။ နောင်အခါကျမှသာ အကောင်အမျိုးအစားကိုလိုက်၍ခြားနား မှုများဖြစ်လာသည်။ ဆက်လက်၍ အင်္ဂါရပ်များ မတူပုံလည်း ထင်ရှား လာသည်။ ဤအချက်အလက် များကိုထောက်၍ "အစမူလကတည်းက သတ္တဝါတို့ကို တစ်မျိုးနှင့်တစ်မျိုးမတူအောင် သီးခြားဖန်ဆင်းပေးခဲ့သည်" ဟူသော အယူအဆမမှန်ကြောင်း အီဗော်လျူးရှင်းဝါဒီတို့ကတင်ပြကြ၏။ သို့ရာတွင် ထိုပညာရပ်တို့မှ တွေ့ရှိချက်များသည် ခိုင်လုံမှု နည်းပါးလေ သည်။ သို့ဖြစ်၍ သီးခြားဖန်ဆင်းခြင်း သီအိုရီက ယူဆသကဲ့သို့ သတ္တဝါ တို့သည် မပြောင်းလဲသော ခန္ဓာဖွဲ့စည်းမှုပုံသဏ္ဌာန်တို့ဖြင့် တစ်သမတ်တည်း ရှိလာခဲ့ခြင်းသည် မမှန်ကြောင်း၊ ဆင့်ကဲဖြစ်စဉ်အားဖြင့် အဆင့်ဆင့်တိုး တက် ပြောင်းလဲဖြစ်ပေါ်လာရကြောင်း တင်ပြရာ၌ အီဗော်လျူးရှင်းဝါဒီ တို့သည် သတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်း[၁] များကို ပိုမိုခိုင်လုံသော အထောက်အထားများအဖြစ် အားကိုးပြုခဲ့ကြ၏။

သတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာသော ကျောက် ဖြစ် ရုပ်ကြွင်းပညာရှင်များ[၂]သည် ဘူမိဗေဒ၏ အကူအညီဖြင့် ကမ္ဘာ့ ကျောက်လွှာများကိုခွဲခြား၍ ယင်းကျောက်လွှာတို့အပေါ်၌ ကျောက်ဖြစ် ရုပ်ကြွင်းများအဖြစ် ကျန်ခဲ့သည့် ရုပ်ကြွင်းများကို လေ့လာကြသည်။ ဘူမိဗေဒပညာရှင်များသည် သမိုင်းမှတ်တမ်းများမပေါ်မီ လွန်ခဲ့သည့် နှစ်သန်းပေါင်း ၆၀၀ ခန့်က အဖြစ်အပျက်များကို အတော်အတန်ဖော်ပြ နိုင်ခဲ့ကြ၏။ ထိုပညာရှင်တို့က လွန်ခဲ့သည့်နှစ်သန်း (၄၀၀)ခန့်တွင် ကုန်း ပေါ်၌ သက်ရှိသတ္တဝါများ စတင်ဖြစ်ပေါ်လာခဲ့သည်ဟု ဆိုကြသည်။ ကမ္ဘာတွင် ပထမဆုံးဖြစ်တည်ခဲ့သည် ကျောက်လွှာကို "သက်မဲ့ကျောက် လွှာ"[၃] ဟု ခေါ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုကျောက်လွှာ၌ သက်ရှိတို့၏ သဲလွန်စကို မတွေ့ရသောကြောင့်ဖြစ်၏။ ဤနေရာ၌ ...သက်ရှိ တို့၏ သဲလွန်စကို ကျောက်ဖြစ်ရုပ်ကြွင်းများအနေဖြင့် မတွေ့ရခြင်းကိုသာ ဆိုလိုခြင်း ဖြစ်ပါသည်။ ထိုသက်မဲ့ ကျောက်လွှာ၏ အထက်တွင်ရှိသော ကျောက်လွှာကို "သက်စကျောက်လွှာ"[၄] ဟု ခေါ်၍ ထိုကျောက်လွှာ၌

---

၁ fossils ၂ palconto logists
၃ azoic ၄ proterozoic



www.burmeseclassic.com

www.burmeseclassic.com



ကျောရိုးမဲ့ သတ္တဝါတို့၏ သဲလွန်စကို စတင်တွေ့ရှိရသည်ဟု ဆိုသည်။ ယင်းကျောက်လွှာအထက်ရှိ ကျောက်လွှာကို "သက်ဦး (ဝါ) သက်လွှမ်းကျောက်လွှာ"[၁]ဟု ခေါ်ကြသည်။ ထိုကျောက်လွှာ ဖြစ်ပေါ်ချိန်၌ အသွင်သဏ္ဌာန် အမျိုးစုံသော သတ္တဝါ အတော်များများ ဖြစ်ထွန်းပေါ်ပေါက်လာပြီဟူ၍လည်းကောင်း၊ သက်ရှိသတ္တဝါများ ကမ္ဘာပေါ်တွင် လွှမ်းမိုးလာပြီဟူ၍လည်းကောင်း ယူဆနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ခရုကမာကဲ့သို့သော အကောင်အမျိုးမျိုး၊ ဂဏန်းကဲ့သို့သော အကောင်အမျိုးမျိုး၊ တွားသွားတတ်သော အကောင်အမျိုးမျိုးနှင့် ငါးအမျိုးမျိုးတို့၏ ရုပ်ကြွင်းများကို တွေ့ရသောကြောင့်ပင်ဖြစ်သည်။ ထို့မျှမက ထိုကျောက်လွှာပေါ်လာသည့်အချိန်၌ ကမ္ဘာမြေပေါ်တွင် ပထမဆုံးပေါက်ရောက်သော အပင် အမျိုးမျိုးနှင့် ပထမဆုံး ပေါ်ပေါက်သော ကုန်းသတ္တဝါတို့၏ ရုပ်ကြွင်းများကိုလည်း စတင်တွေ့ရှိရသည်။ ထိုကျောက်လွှာ၏ အထက်ရှိ ကျောက်လွှာကို သက်လယ် ကျောက်လွှာ[၂] ဟု ခေါ်သည်။

ထိုသက်လယ်ကျောက်လွှာ၌လည်းရုပ်ကြွင်းအမျိုးအစားတော်တော်များများကိုတွေ့ရသည်။ ပထမဆုံးငှက်များ၏ ရုပ်ကြွင်းများကိုလည်း တွေ့ရသည်။ ရုပ်ကြွင်းများအနက်အထင်ရှားဆုံးမှာအလွန်ကြီးမား၍ ရေချိုရေငန်နှင့်ကုန်းမြေဒေသတို့တွင်ကျက်စားသော မိချောင်းကဲ့သို့သော သတ္တဝါကြီးများ၊ ဒိုင်နိုဆော[၃]၊ ဗရွန်ဆော[၄]၊ ပလီဆီယိုဆော[၅] စသည့်သတ္တဝါကြီးများ၏ ရုပ်ကြွင်းများ ဖြစ်ကြသည်။ ထိုသတ္တဝါတို့ ပေါ်ပေါက်သည့်သက်လယ်ကပ်ကို အချိန်ကာလအားဖြင့် လွန်ခဲ့သည့် နှစ် သန်း (၂၂၅) မှ (၁၃၅) အထိ ကာလဝန်းကျင်ဖြစ်မည်ဟု ခန့်မှန်းသတ်မှတ်ကြသည်။

သက်လယ်ကပ်၏ အထက်တွင်ရှိ ကျောက်လွှာကို "သက်နှောင်းကျောက်လွှာ"[၆] ဟု ခေါ်၍ ယင်း ကျောက်လွှာတွင် ယခုရှိနေသော သတ္တဝါတို့၏ အစဉ်အဆက်ဖြစ်သည့် သတ္တဝါတို့၏ရုပ်ကြွင်းများကို အများအပြားတွေ့ရသည်။ ထိုကျောက်လွှာပေါ်ပေါက်လာသည့် သက်နှောင်းကပ်ကို ဘူမိဗေဒပညာရှင်တို့က အချိန်ကာလများထပ်မံခွဲခြား၍ လေ့လာ

---

၁ paleozoic ၂ mesozoic ၃ dinosaur
၄ brontosaur ၅ plesiosaur ၆ cenozoic



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သက်နှောင်းကပ်အတွင်းမှ ပူနွေးသော ရာသီရှိသည့် အီအိုဆင်း[၁] ခေါ်သော အချိန်ကာလ (လွန်ခဲ့သော နှစ်သန်း ၆၀ မှ ၄၀ ဝန်းကျင်) တွင် ကမ္ဘာမြေပေါ်၌ နို့တိုက် သတ္တဝါများ ပေါ်ပေါက်လာသည်။ ယင်းတို့အထဲတွင် ယခုတိုင်ရှိနေသေးသော မျိုးစဉ်များနှင့် ထိုစဉ်ကသာ ရှိနေမည်ဖြစ်သော အကောင်အချို့တို့ ပါဝင်နေသည်။ ရှေးဦးကျသော အကောင်တို့၏ နေရာကို ၎င်းတို့ထက်ပို၍ နောက်ကျသော အကောင်တို့က အစားဝင်လာသောအခါ နို့တိုက်သတ္တဝါတို့၏ ခြားနားမှုသည် အသိသာဆုံး အခြေအနေသို့ ရောက်လာသည်။ ရိုးသားရှင်းလင်းသော ခန္ဓာအဖွဲ့အစည်းမှ နေ၍ ပိုမိုရှုပ်ထွေးသော ခန္ဓာဖွဲ့စည်းမှုတို့သို့ ဆင့်ကဲဖြစ်စဉ်အရ ရောက်ရှိလာကြောင်း ပို၍ထင်ရှားလာသည်။

သက်နှောင်းကပ် အတွင်းမှ အောလီဂိုဆင်း[၂]ဟု ခေါ်သော အချိန်ကာလ (လွန်ခဲ့သော နှစ်သန်း ၄၀ မှ ၂၅ ဝန်းကျင်) တွင် သမသော ရာသီဥတုရှိသည်။ သက်နှောင်းကပ်အတွင်းမှ မိုင်အိုဆင်း[၃] ခေါ် အချိန်ကာလ (လွန်ခဲ့သည့် နှစ်သန်း ၂၅ မှ ၁၁ သန်း ဝန်းကျင်) တွင် အေးသောရာသီဥတုရှိ၍ ထိုကာလ ဝန်းကျင်လောက်တွင် ကမ္ဘာပေါ်၌ သိသိသာသာ မြင့်မားသော တောင်တန်းကြီးများ ပေါ်ပေါက်လာကြသည်။ သက်နှောင်းကပ်အတွင်းရှိ ပလိုင်းအိုဆင်း[၄] ခေါ် အချိန်ကာလ (လွန်ခဲ့သည့် နှစ် ၁၁ သန်းမှ ၁ သန်း ဝန်းကျင်) ၏ ရာသီဥတုသည် ယခု လူတို့ကမ္ဘာ၌ရှိနေသော ရာသီဥတုမျိုးပင်ဖြစ်သည်။ ပလိုင်းအိုဆင်း၏ နောက်တွင် ပလိုင်းစတိုးဆင်း[၅]ခေါ် ရေခဲခေတ်သို့ ရောက်လာသည်။ ပလိုင်းစတိုးဆင်း၏ အဆုံးပိုင်းလောက်၌ အကောင်တော်တော်များများ ဆိတ်သုဉ်းပျောက်ကွယ်ခဲ့သည်။ ဤအချိန်သည် ကျွန်ုပ်တို့ ယခုနေထိုင်ကြသည့် ခေတ်မတိုင်မီကာလကပင် ဖြစ်မည်ဟု အချို့က ယူဆကြသည်။

အထက်ပါအချိန်ကာလတို့အတွင်း၌ ဖြစ်ပျက်ခဲ့သော သတ္တဝါတို့၏ ဖြစ်စဉ်ကို လေ့လာ၍ အပင်နှင့်အကောင် သက်ရှိတို့၏ ရုပ်အဖွဲ့အစည်းများသည် ကမ္ဘာဦးတည်စကတည်းက ပုံသဏ္ဌာန်အတိုင်း အပြောင်းအလဲမရှိ တစ်သမတ်တည်း ဖြစ်တည်ခဲ့ကြသည်ဟူသော အယူအဆ မမှန်ကြောင်း

---

၁ eocene
၂ oligocene
၃ miocene
၄ pliocene
၅ pleistocene



www.burmeseclassic.com

www.burmeseclassic.com



မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် အဆင့်ဆင့် ဖြစ်ပေါ်ပြောင်းလဲလာခဲ့ခြင်းသာဖြစ်ကြောင်း အီဗော်လျူးရှင်းဝါဒီများက သက်သေပြလာကြသည်။

မြင်းသတ္တဝါတို့၏ အီဗော်လျူးရှင်း ဖြစ်စဉ်ကို သာဓကအဖြစ်ယူကြည့်ပါက .... ယခုမြင်တွေ့နေရသော မြင်းသတ္တဝါတို့သည် အီအိုဆင်းအချိန်ကာလအတွင်း မြောက်အမေရိကနှင့် ဥရောပတိုက်တွင် ပေါ်ပေါက်ခဲ့ကြောင်း အထောက်အထားများကို တွေ့ရသည်။ မြင်းသတ္တဝါသည် အီအိုဟစ်ပတ်စ်[၁] သတ္တဝါငယ်တို့နှင့် အဆက်အစပ်ရှိသည်ဟု အီဗော်လျူးရှင်း ဝါဒီတို့က ယူဆကြသည်။ ထိုအီအိုဟစ်ပတ်စ် သတ္တဝါငယ်သည် ဆယ့်တစ်လက်မ (၁၁ လက်မ) ခန့်မြင့်၍လည်ပင်းတိုသည်။ သွား ၄၄ချောင်းရှိသည်။ ထိုသတ္တဝါငယ်၏ ရှေ့လက်တွင် လက်ချောင်း လေးခုရှိသည်။ နောက်ခြေများတွင် ခြေချောင်း သုံးချောင်းစီသာရှိ၍ ပထမနှင့် ပဉ္စမမြောက် ခြေချောင်းများအဖြစ် သေးငယ်သော အရိုးပြားများကို တွေ့ရသည်။ မြင်းသတ္တဝါ၏ အခြားအဆက်အစပ်အဖြစ် တွေ့ရသည်မှာ အော်လီဂိုဆင်းကာလအတွင်း ရှိခဲ့သော မက်ဆိုဟစ်ပတ်စ်[၂] သတ္တဝါပင် ဖြစ်သည်။ ထိုမက်ဆိုဟစ်ပတ်စ်သည် ယခုခေတ် သိုးတစ်ကောင်ခန့်ရှိသည်။ ရှည်လျားသော သွားများရှိသည်။ ခြေထောက်တိုင်းတွင် ခြေချောင်းသုံးချောင်းစီရှိ၍ ဘေးဘက်ခြေချောင်းများသည် အခြားခြေချောင်းတို့ထက်ငယ်သည်။ ရှေ့လက်တွင်ရှိသော ပဉ္စမလက်ချောင်းသည် အရိုးပြားအဖြစ် ရှိနေသည်။ မိုင်အိုဆင်း အချိန်ကာလသို့ ရောက်သောအခါ သစ်ကိုင်း သစ်ရွက်စားမြင်းနှင့် မြက်ကိုစားသော မြင်းများဟု ခေါ်နိုင်သော သတ္တဝါများပေါ်ထွန်းလာသည်။

ပလိုင်းအိုဆင်း အချိန်ကာလသို့ ရောက်သောအခါ မြောက်အမေရိကတိုက်၏ လွင်ပြင်များတွင် ကျက်စားသည့် မြင်းအုပ်များပင် ရှိလာခဲ့ကြောင်း အထောက်အထားများတွေ့ရသည်။ ၎င်းတို့အနက် အချို့တို့သည် အာရှ၊ ဥရောပသို့ ပျံ့နှံ့သွားကြ၍ အချို့တို့မှာ တောင်အမေရိကတိုက်သို့ ပျံ့နှံ့သွားကြသည်။ တောင်အမေရိကတိုက်သို့ ပျံ့နှံ့သွားသော အကောင်များအနက် အချို့သည် ခြေများတိုသော မျိုးစုများ ဖြစ်သွားကြသည်။ ၎င်းတို့၏ ဘေးဘက်ခြေချောင်းများသည် မြေသို့မထိအောင်ပင် တိုသွားကြသည်။ ဤပလိုင်းအိုဆင်း အချိန်ကာလအတွင်း၌ပင် ခြေချောင်းတစ်ခု

---

၁ eohippus ၂ mesohippus



www.burmeseclassic.com

www.burmeseclassic.com



တည်း (ခွာတစ်ခုတည်း) ရှိသော မြင်းသတ္တဝါများ မြောက်အမေရိကတွင် ပေါ်ပေါက်လာကြသည်။ ထိုမြင်းတို့သည် နောင်အခါ အခြားဒေသများသို့ ပျံ့နှံ့ သွားကြပြန်သည်။ ပလိုင်းစတိုးဆင်း အချိန်အခါသို့ရောက်သောအခါ မြောက်အမေရိကတိုက်တွင် (မျိုးအားဖြင့် ဆယ်မျိုးမကသော) မြင်းများပေါ်ပေါက်လာသည်ကို တွေ့ရသည်။ သို့ရာတွင် ထိုမြင်းများသည် သမိုင်းမတင်မီကာလကပင် မျိုးဆက်သုဉ်းသွားခဲ့ကြ၏။

ဆင်သတ္တဝါတို့၏ အီဗော်လျူးရှင်း ဖြစ်စဉ်ကို လေ့လာရာ၌ .... ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ ဆင်သတ္တဝါတို့သည် အီအိုဆင်း အချိန်ကာလ၏ နောက်ပိုင်း၌ ပေါ်ပေါက်လာသည့် မိုရစ်သီရီယမ်[၁] သတ္တဝါမျိုးမှ အစပြုခဲ့ခြင်းဖြစ်မည်ဟု ယူဆကြသည်။ ထိုမိုရစ်သီရီယမ် သတ္တဝါတို့၏ကျောက်ဖြစ် ရုပ်ကြွင်းများကို အီဂျစ်ပြည်မြောက်ပိုင်း၌တွေ့ရသည်။ ထိုသတ္တဝါသည် နှစ်ပေခန့် (၂၅ လက်မခန့်) သာ မြင့်သော သတ္တဝါငယ် ဖြစ်သည်။ သွား ၃၆ ချောင်းရှိ၍ မေးရိုးတစ်ခုစီ၏ ဒုတိယရှေ့သွားများသည် အစွယ်တိုများအဖြစ် ရှိခဲ့ကြသည်။ အော်လီဂိုဆင်း အချိန်ကာလရောက်သောအခါ အီဂျစ်၌ပင် ရှေးဆင်တစ်မျိုး၏ အထောက်အထားကို တွေ့ရသည်။ ထိုဆင်ကို ပလီယိုမတ်စ်တိုဒွန်[၂] ဟု အမည်ပေးကြသည်။ ထိုဆင်သတ္တဝါသည် သုံးပေကျော်ခန့် (၄၂ လက်မခန့်) မြင့်၍ ဦးခေါင်းနှင့် ဦးခေါင်းခွံသည် ပို၍မြင့်တက်နေသည်။ ၎င်းဆင်သတ္တဝါ၌ နှာတံရှည် သို့မဟုတ် နှာမောင်းတစ်ခုရှိမည်ဟု ခန့်မှန်းရသည်။ အစွယ်လည်းရှိသည်။ ရှေ့သွားများနှင့် ဘေးစွယ်များ မရှိသောကြောင့် သွား ၂၆ ချောင်းသာရှိသည်။ မိုင်အိုဆင်းအချိန်တွင် ထရိုင်လိုဖိုဒွန်[၃] ဟု ခေါ်သော ဆင်သတ္တဝါ၏ အထောက်အထားကို မြောက်အမေရိကတွင် တွေ့ရပြန်သည်။ ၎င်း ဆင်သတ္တဝါသည် ခြောက်ပေကျော် (၇၂ လက်မ) မြင့်၍ အောက်မေးရိုးတွင် အံသွား ၂ ချောင်းစီသာ ရှိသည်။ ကျောက်ဖြစ်ရုပ်ကြွင်း ပညာရှင်တို့က နောင်ဖြစ်လာကြသည့် ဆင်များသည် အထက်ပါ ထရိုင်လိုဖိုဒွန်ဆင်မျိုးမှ ဆင်းသက်လာသည်ဟု မယူဆချေ။ မိုင်အိုဆင်းနှင့် ပလိုင်းအိုဆင်း အချိန်ကာလတို့အတွင်း အများအပြား ပေါ်ပေါက်ခဲ့သော ဂွန်ဖိုသီရီယမ်[၄] ဆင်မျိုးတို့မှ နေ၍သာ အရပ် ကိုးပေကျော်

---

၁ moeritherium ၂ paleomastodom
၃ trilophodon ၄ gomphotheorium



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ပေနီးပါးမြင့်သော မက်စ်ဒိုဒွန်[၁] ခေါ် ရှေးဆင်ကြီးများ၊ ယခုဆင်များနှင့် သဏ္ဌာန်တူသော ဆင်များ ဆင်းသက်ပေါက်ဖွားလာခြင်းဖြစ်မည်ဟု ယူဆကြသည်။

မန်းမတ်[၂] ခေါ် ရှေးဆင်ကြီးများသည် အရပ်ကိုးပေခန့် ရှိကြ၍ ကိုယ်ပေါ်တွင် အမွေးအမှင်များ ဖုံးလွှမ်းလျက်ရှိကြောင်း အထောက်အထားများတွေ့ရသည်။ ဆိုက်ဗေးရီးယားနှင့် အလာစကား ပြည်နယ်တို့ရှိ ရေခဲဖုံးနေသော မြေလွှာအောက်တွင် ထိုဆင်ကြီးများ၏ အသားတစ်အကြွင်းအကျန်များကိုပင် တွေ့ကြရသေးသည်။ အီး-ကိုလမ်ဘီ[၃] ခေါ် ဆင်များမှာ အရပ် ဆယ့်တစ်ပေခန့်မြင့်၍ အတွင်းဘက်သို့ ကွေးနေသော အစွယ်များ ရှိကြသည်။ ထိုဆင်များသည် ပလိုင်းစတိုးဆင်း ကာလ စောစောပိုင်းတွင် မြောက်အမေရိကတိုက်၏ အေးသော အပိုင်းများ၊ ဖလော်ရီဒါပြည်နယ် တောင်ပိုင်းနှင့် မက္ကစီကန် ကုန်းပြင် မြင့်များတွင် ကျက်စားခဲ့ကြသည်။ အီး-အင်ပါရေတာ[၄] ခေါ် ဆင်ကြီးများမှာ အရပ်ဆယ့်သုံးပေခန့်မြင့်ကြ၍ ပလိုင်းအိုဆင်းကာလနှင့် ပလိုင်းစတိုးဆင်း ကာလ အလယ်ပိုင်းလောက်အထိ လှင်ပြင်နေသတ္တဝါများ ဖြစ်ခဲ့ကြသည်။

အထက်ပါသတ္တဝါတို့၏ ဆင့်ကဲပြောင်းလဲလာမှုတို့သည် သီးခြားဖန်ဆင်းခြင်း သီအိုရီက ယူဆသကဲ့သို့ မျိုးစုများသည် မူလကတည်းက အတိုင်း အပြောင်းအလဲမရှိတည်ရှိခဲ့သည်ဟူသော အယူအဆမမှန်ကြောင်း ဖော်ပြလျက်ရှိသည်။

အီဗော်လျူးရှင်းသီအိုရီကို လက်ခံသော ပညာရှင်အများအပြားက လူသတ္တဝါသည်လည်း ယခုလက်ရှိ လူအဖြစ်သို့ ဆင့်ကဲဖြစ်စဉ်အားဖြင့်သာ ရောက်လာခြင်းဖြစ်ကြောင်း အထောက်အထားများဖြင့် ဖော်ပြကြ၏။ ကျောက်ဖြစ်ရုပ်ကြွင်းမှတ်တမ်းများအရ လူသည် ယခု မြင်တွေ့နေရသော ပုံသဏ္ဌာန်အတိုင်း အစဉ်အဆက်တစ်သမတ်တည်း တည်ရှိခဲ့ခြင်း မဟုတ်ကြောင်း ပို၍ သိသာထင်ရှားလာခဲ့သည်။ ၁၈၄၈ခုနှစ်တွင် ဂျီဘရော်တာ[၅] ၌ လူဦးခေါင်းခွံ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို တွေ့ခဲ့ရသည်။ ယင်းဦးခေါင်းခွံသည် ယခု လူတို့၏ ဦးခေါင်းခွံထက် ငယ်၍ မျောက်ဝံတို့၏ဦးခေါင်းခွံထက် ကြီးသည်ကို တွေ့ရသည်။

---

| | | | | | |
|---|---|---|---|---|---|
| ၁ | mastodom | ၂ | mammoth | | |
| ၃ | E.columbi | ၄ | E.imperator | ၅ | Gibraltar |



www.burmeseclassic.com

www.burmeseclassic.com



၁၈၅၆ ၌ ဂျာမနီနိုင်ငံ ဒူဆယ်[၁] မြို့ပြင်ရှိ နီယန်ဒါတောင်ကြား[၂] တွင် ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို ထပ်မံတွေ့ရှိရသည်။ ယင်းကို နီယန်ဒါ သယ်လူ[၃] ဟု အမည်ပေးခဲ့ကြသည်။ ထိုဦးခေါင်းကို လေ့လာကြည့်ရာ၌ နိမ့်၍ ပြေးဆင်းနေသော နဖူးနှင့် နိမ့်လျှောသော မေးစေ့ရှိသည်။ မျက်ခုံး ရိုးသည် ထူထဲသည်ကို တွေ့ရသည်။ ၁၈၉၁ ခုနှစ်၌ ဒတ်ချ်အမျိုးသား ပါရဂူတစ်ဦးသည် ဂျာဗားကျွန်း၌ လူခေါင်းခွံ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခု ကို တွေ့ပြန်သည်။ ၎င်းကိုဂျာဗားလူ[၄]ဟု အမည်ပေးခဲ့သည်။ထိုအရပ်တွင်ပင် ၁၈၉၂ ခုနှစ်၌ ပေါင်ရိုးတစ်ခုကို ထပ်မံတွေ့ပြန်သည်။ ၁၉၂၀ တွင် တရုတ် နိုင်ငံ ချိုကူတီယန်[၅] ဂူထဲ၌ ဦးခေါင်းခွံနှင့် သွားများ၊ အရိုးအစအနများကို တွေ့ခဲ့ပြန်သည်။ ယင်းဦးခေါင်းခွံကို ပီကင်းလူ[၆] ဟု အမည်ပေးခဲ့သည်။

၁၉၂၄ ခုနှစ်တွင် ရေမွန်ဒတ်[၇]ဆိုသူသည် တောင်ဆွာနာ[၈] ဒေသ တွင်ကျောက်ဖြစ်ရုပ်ကြွင်း ခေါင်းခွံ တစ်ခုကို တွေ့ရှိပြန်သည်။ ရေမွန်ဒတ်က ယင်းခေါင်းခွံသည် ပရိုင်းမိတ်[၉]ခေါ် နို့တိုက်သတ္တဝါအနွယ်တွင် ပါဝင် သောသတ္တဝါ၏ ဦးခေါင်းခွံဖြစ်၍ ငါးနှစ်သားလောက်တွင် သေဆုံးခဲ့ ခြင်း ဖြစ်မည်။ ယင်းဦးခေါင်းခွံကို ထောက်ခြင်းအားဖြင့် ထိုဦးခေါင်းခွံ ပိုင်ရှင်သတ္တဝါသည် ယနေ့လူတို့၏ ပုံသဏ္ဍာန်နှင့် အတော်နီးကပ်နေပြီ။ ယင်းသတ္တဝါသည် ဂျာဗားလူထက် ပို၍ပင် ရှေးကျနေပေသေးသည်ဟု ကောက်ချက်ချခဲ့သည်။ ယင်းသတ္တဝါကို အော်စထရာလိုပီးသီးကပ်စ် အာဖရိကန်နပ်စ်[၁၀] ဟု အမည်ပေးခဲ့သည်။ ယင်းဦးခေါင်းခွံသည် မျောက်ဝံ နှင့် လူ၏သွင်ပြင်လက္ခဏာများ ရောထွေးနေသည်။ အဘယ်ကြောင့်ဆိုသော် မျက်နှာအနေအထားသည် မျောက်ဝံနှင့်တူ၍ သွားများကမူ ယနေ့လူတို့ ၏ သွားများကဲ့သို့ အချိုးအစားပြေပြစ်နေသည်။ ၎င်း၏ ဦးနှောက်မှာ ကလေးငယ်တစ်ဦး၏ ဦးနှောက်ထက် သေးငယ်သော်လည်း မျောက်ဝံ၏ ဦးနှောက်ထက် ပို၍ကြီးနေသည်ကို တွေ့ရသည်။ ထို့ပြင် ဦးခေါင်းခွံနှင့်

---

| | | | |
|---|---|---|---|
| ၁ | Dusseldorf | ၂ | Neander Valley |
| ၃ | Neanderthal Man | ၄ | Java Man |
| ၅ | Choukoutien | ၆ | Pekin Man |
| ၇ | Raymond Dart | ၈ | Taung Tswana |
| ၉ | Primate | ၁၀ | Australopithecus africanus |



www.burmeseclassic.com

www.burmeseclassic.com



ကျောရိုးဆက်သည့် အပေါက်[၁] ၏ အနေအထားကို ကြည့်ခြင်းအားဖြင့် ထိုသတ္တဝါသည် မတ်တတ်ရပ်၍ လမ်းလျှောက်နိုင်ကြောင်းလည်း ထင်ရှားသည်။

၁၉၃၆ ခုနှစ်တွင် တောင်အာဖရိက ထရန်စဗားလ်[၂] ပြည်နယ် စတတ်ဖွန်တိန်[၃] မြို့ သတ္တုတွင်းတစ်ခုမှ အော်စထရာ လိုပီးသီးကပ်စ်ဟုပင် ခေါ်ဝေါ် သတ်မှတ်နိုင်သော မျောက်ဝံ ဦးခေါင်းခွံ တစ်ခုကို တွေ့ရပြန်သည်။ ရောဘတ်ဗရွန်း[၄] ဆိုသော မနုဿ ဗေဒ ပညာရှင်က ထိုဦးခေါင်းခွံကို ဆက်စပ် လေ့လာပြီးနောက် ရေမွန်ဒတ်တွေ့ခဲ့သည့် ဦးခေါင်းခွံနှင့် ဆင်တူကြောင်း၊ ထိုမျောက်ဝံသတ္တဝါသည် အရပ်အားဖြင့် တစ်မီတာ (၃ပေ နှင့် ၃ လက်မခန့်) ကျော်ကျော်သာ ရှိမည်ဖြစ်ကြောင်း၊ လူကဲ့သို့ပင် မတ်မတ်လျှောက်၍ ၎င်း၏သွားများမှာလည်း လူ၏သွားများနှင့်တူကြောင်း၊ နဖူးမှာနိမ့်၍ ငယ်သောဦးနှောက်ရှိကြောင်း ဖော်ပြခဲ့သည်။ ထိုမျောက်ဝံ သတ္တဝါသည် လူနှင့် အတော်ဆင်တူနေပြီဖြစ်သည်။ လူမကျ မျောက်မကျ သတ္တဝါဟုခေါ်လိုက ခေါ်နိုင်ပေလိမ့်မည်။

၂ နှစ်ခန့်အကြာတွင် ထိုအရပ်မှ တစ်မိုင်ခန့် အကွာ၌ လူဝံခေါင်းခွံ ကျောက်ဖြစ် ရုပ်ကြွင်းတစ်ခုကို ထပ်မံတွေ့ရှိခဲ့သည်။ ယင်းကို အော်စထရာ လိုပီးသီးကပ်စ်ရိုဘတ်စတပ်စ်[၅]ဟု အမည်ပေးခဲ့သည်။ ထိုမျောက်ဝံ၌ ယခင် မျောက်ဝံများထက် ပို၍ကြီးသော သွားများ၊ အရိုးအဆစ်များ ရှိသည်ကို တွေ့ရသည်။

၁၉၅၀ ပြည့်နှစ်တွင် မနုဿဗေဒ ပညာရှင် လူးဝစ်လိကီ[၆]နှင့် အဖွဲ့သည် အော်ဒူဗေးဂျော့[၇]နှင့် အာဖရိက အရှေ့ဘက် နယ်မြေများတွင် ရုပ်ကြွင်းများကို ရှာဖွေကြရာမှ ရောဘတ်ဗရွန်း တွေ့ခဲ့သည့် အထောက် အသားမျိုးတို့နှင့် ဆင်တူသော အထောက်အထားများကို တွေ့ခဲ့ကြသည်။ အော်စထရာလို ပီးသီးကပ်ရိုဘတ်စတပ်စ် လူဝံ (ကိုယ်အလေးချိန်ပေါင် ၁၀၀ မှ ၁၅၀ ခန့်ရှိ) သည် လွန်ခဲ့သည့် နှစ်သန်း ၂၀ နီးပါးက ထိုဒေသ တွင် ရှိခဲ့ကြောင်း အခိုင်အမာ ဖော်ပြကြ၏။

---

၁ foramen magnum
၂ Transvall
၃ Sterkfontein
၄ Robert Broon
၅ Australopithecus robustus
၆ Louis Leakey
၇ Olduvai George



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၁ ခုနှစ်တွင် ဂျိုနသန်လိကီ[၁]သည် နှစ် (၁.၈) သန်း ရှိသည့် ဦးခေါင်းခွံ တစ်ခုကို တွေ့ရှိပြန်သည်။ ၁၉၆၉ ခုနှစ်တွင် အိန္ဒိယပြည် စီဝါလစ် အရပ်၌ ရာမာပီးသီးကပ်စ်[၂] မျိုးစုဝင်အဖြစ် သတ်မှတ် နိုင်သော ရုပ်ကြွင်းများကို တွေ့ရပြန်သည်။ ဆိုင်မွန်နှင့် ပီးလ်ဘင်း[၃] တို့က ထိုရာမာပီးသီးကပ်စ်၏ သွားများသည် လူ၏သွားများနှင့် ပို၍တူကြောင်း၊ လူသည် ထိုရာမာပီးသီးကပ်စ်မျိုးစုမှ ဆင်းသက်လာခြင်း ဖြစ်နိုင်ကြောင်း ဖော်ပြခဲ့၏။ ဆိုင်မွန်နှင့် ပီးလ်ဘင်းတို့၏ ဖော်ပြချက်သာ မှန်ပါက လူ၏ အစမူလကို သက်တမ်းအားဖြင့် ပို၍ နောက်သို့ ဆုတ်ကာ စဉ်းစားရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အထက်ပါ ရာမာပီးသီးကပ်စ် ရုပ်ကြွင်းကို တွေ့သော ဒေသများရှိ မြေလွှာသည် သက်တမ်းအားဖြင့် အနည်းဆုံး (၁၄) သန်း ရှိနေသောကြောင့် ဖြစ်၏။

၁၉၇၂ ခုနှစ်တွင် ရစ်ချက်လိကီ[၄] (လူးဝစ်လိကီ၏သား) နှင့်အဖွဲ့သည် တာကာနာရေအိုင်[၅]အနီးတွင် ကျောက်ဖြစ်ရုပ်ကြွင်း အစအနများကို တွေ့ခဲ့ကြပြန်သည်။ ယင်းတို့ကို ဆက်စပ်လေ့လာသောအခါ ရှေးဦးလူ၏ ခေါင်းခွံနှင့် တူနေကြောင်း တွေ့ရသည်။ ဦးနှောက် အရွယ်အစားမှာ (၈၀၀)ကုဗစင်တီမီတာ ရှိမည်ဟုလည်း ခန့်မှန်းရသည်။ လိကီနှင့် အဖွဲ့အား အံ့အားသင့်စေသော အချက်မှာ အထက်ပါ တာကာနာရေအိုင် အနီးမှ တွေ့ရှိသော ဦးခေါင်းခွံ၏ သက်တမ်းသည် နှစ်ပေါင်း ၂ သန်းကျော်နေသောအချက်ပင် ဖြစ်လေသည်။ ထိုအချက်ကို အမှီပြု၍ လိကီနှင့် အဖွဲ့က လွန်ခဲ့သော နှစ်ပေါင်း ၂ သန်းကျော်ကပင် လူသည် ဤကမ္ဘာ၌ ရှိနေပြီဟု မှတ်ချက်ချကြသည်။

၁၉၇၅ ခုနှစ် လိကီနှင့်အဖွဲ့သည် တာကာနာရေအိုင် အနီး၌ပင် ဦးခေါင်းခွံ အထက်ပိုင်းတစ်ခုနှင့် တင်ပါးဆုံရိုး တစ်ခုကို တွေ့ခဲ့ကြပြန်သည်။ ဤရုပ်ကြွင်းများသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁.၅ သန်း ခန့်ရှိသည်။ ဤရုပ်ကြွင်းပိုင်ရှင် သတ္တဝါသည် ခြေနှစ်ချောင်းဖြင့် မတ်မတ်

---

၁ Jhonthan Leakey ၂ Ramapithecus
၃ Elwyn Simons & David Pilbean
၄ Richard Leakey
၅ Lake Turkana's eastern shore



www.burmeseclassic.com

www.burmeseclassic.com



ရပ်၍ လမ်းလျှောက်နိုင်သော လူတူသတ္တဝါ ဟိုမိုအီရက်တပ်စ်[၁] ဖြစ်ကြောင်း သိရှိခဲ့ရသည်။

အထက်ပါ အထောက်အထားများကို တွေ့လာမှုကြောင့် လူ၏ အီဗော်လျူးရှင်းဖြစ်စဉ်နှင့် ပတ်သက်သော ယခင်က အယူအဆများကို ပြန်လည်ပြင်ဆင်ရတော့မည့်ကဲ့သို့ ဖြစ်လာသည်။ ယခင်က အယူအဆတို့ အလိုအရ "အော်စထရာလိုပီးသီးကပ်စ်မှ ဟိုမိုအီရက်တပ်စ် သတ္တဝါတို့ ပေါက်ဖွားဆင်းသက်လာသည်။ ထိုဟိုမိုအီရတ်တပ်စ်မှ ယနေ့ လူတို့ ဆင်းသက်လာသည်"ဟု ယူဆခဲ့၏။ ယခုမူ ရစ်ချက်လိကီနှင့်အဖွဲ့၏ တွေ့ရှိချက်များကြောင့် လွန်ခဲ့သောနှစ်ပေါင်း သန်း ၂၀ က ရှိခဲ့သော ဒရိုင်ယိုပီးသီးကပ်စ်[၂] မျောက်ဝံမျိုးစုအထိ နောက်ပြန်ဆုတ်၍ လူ၏မူလကို စဉ်းစားရတော့မည့်ကဲ့သို့ ဖြစ်လာသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၁၄ သန်းက ရှိခဲ့သော ထိုဒရိုင်ယိုပီးသီးကပ်စ် သတ္တဝါတို့မှနေ၍ အုပ်စုသုံးစုခွဲ၍ ထွက်လာခဲ့သည်။ ပထမအုပ်စုမှာ ဂေါ်ရီလာလူဝံများ၊ ချင်ပင်ဇီးမျောက်ဝံများ၊ အော်ရန်ဂူတန်[၃] မျောက်ဝံများ ဖြစ်ကြသည်။ ၎င်းတို့သည် ယနေ့တိုင် အသက်ရှင်နေကြသောလူတို့၏ ဝမ်းကွဲညီအစ်ကိုမောင်နှမများ ဖြစ်သည်ဟု ယူဆရတော့မည်ဖြစ်၏။ ဒုတိယအုပ်စုမှာ အာရှတိုက် တောင်ကြားဒေသများတွင် နေထိုင်ခဲ့ကြသည့် ဂီဂန်တိုပီးသီးကပ်စ်[၄] မျိုးစုဝင် မျောက်ဝံများ ဖြစ်သည်။ ၎င်းတို့သည် ယခုအခါ ကမ္ဘာမှ ကွယ်ပျောက်သွားကြပြီဖြစ်သည်။ တတိယအုပ်စုမှာ လူတို့၏ ဘိုးဘေးများ ဖြစ်ကြသည်ဟု ယူဆရတော့မည့် ရာမာပီးသီးကပ်စ်တို့ပင်ဖြစ်သည်။

၁၉၇၂ ခုနှစ်၌ပင် မောရစ်တိ[၅] နှင့် အဖွဲ့သည် အီသီယိုပီးယားနိုင်ငံရှိ အေဖာ[၆] ဒေသတွင် သက်တမ်းအားဖြင့် နှစ်ပေါင်း (၂.၆)သန်း ရှိသော ကျောက်လက်နက်ပစ္စည်းများကို တွေ့ကြသည်။ နောက် ၂ နှစ်ခန့် အကြာတွင် ထိုကျောက်လက်နက်ပစ္စည်းတို့ကို တွေ့ခဲ့သည့် နေရာနှင့်မဝေးလှသော နေရာ၌ အသက် ၂၀ အရွယ်ရှိ အော်စထရာလိုပီးသီးကပ်စ်မျောက်ဝံမတစ်ကောင်၏ ရုပ်ကြွင်းများကို တွေ့ကြသည်။ ထိုမျောက်ဝံမကို လူစီ[၇]ဟု အမည်ပေးကြသည်။ ထိုမျောက်ဝံမ၏ ရုပ်ကြွင်းများကို ဆက်စပ်လေ့လာ

---

၁ Homo erectus ၂ Dryopithecus
၃ orangutons ၄ Gigantopithecus
၅ Maurice Taieb ၆ Afar ၇ Lucy



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ ခြေထောက်များ ထူးထူးခြားခြား တိုကြောင်း၊ မတ်မတ်ရပ်၍ လမ်းလျှောက်ကြောင်း သိရသည်။ ထိုမျောက်ဝံမ၏ ရုပ်ကြွင်းများကို တွေ့ရသည့် ကျောက်လွှာ၏ သက်တမ်းမှာ နှစ်ပေါင်း (၃) သန်းမျှ ရှိကြောင်း တွေ့ရသည်။ ဤရုပ်ကြွင်းနှင့် အခြားတွေ့ရှိချက် အချို့ကို ထောက်၍ လူသည် လွန်ခဲ့သော နှစ်ပေါင်း (၃.၅)သန်းခန့် ကတည်းက ကမ္ဘာပေါ်တွင် ဖြစ်ပေါ်ခဲ့သည်ဟု အချို့က ခန့်မှန်းကြ၏။ မကြာမီက ကာလီဖိုးနီးယားတက္ကသိုလ်မှ မနုဿပညာရှင် ဒက်စ်မွန်ကလပ်[၁] သည် အာဖရိကအရှေ့ပိုင်းတစ်နေရာမှလူ၏မျိုးဆက်ရုပ်ကြွင်းတစ်ခုကိုတွေ့ခဲ့၏။နှစ်အားဖြင့် ၄ သန်းခန့်ကရှိခဲ့သော ရုပ်ကြွင်းဖြစ်ကြောင်း သိရသည်။ သို့ဆိုပါက ကမ္ဘာပေါ်တွင် လွန်ခဲ့သော ၄ သန်းခန့်ကတည်းက လူသည် ရှိခဲ့ပြီဟု ယူဆရမည်ကဲ့သို့ရှိ၏။* ဤခန့်မှန်းချက်နှင့် တစ်ချိန်က ဂျိမ်းစ်အပ်ရှား[၂]ဆိုသူ ဘုန်းတော်ကြီးတစ်ပါး၏ "ဘီစီ ၄၀၀၄ ခုနှစ် အောက်တိုဘာလ ၂၆ ရက် နံနက် ၉ နာရီအချိန်တွင် လူကို ထာဝရဘုရားသခင်က ဖန်ဆင်းတော်မူသည်" **ဟု ဖော်ပြခဲ့ခြင်းတို့သည် ကွာခြားလွန်းလျက် ရှိသည်ဟု အချို့က ဝေဖန်ကြသည်။

ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများက လူသည် ယခုလက်ရှိပုံသဏ္ဌာန်အတိုင်း အစဉ်သဖြင့် မရှိခဲ့ကြောင်း *** ဆင့်ကဲဖြစ်စဉ်သဘောဖြင့် အဆင့်ဆင့်ပြောင်းလဲ၍ ယနေ့လူပုံသဏ္ဌာန်သို့ ရောက်လာခြင်းသာဖြစ်ကြောင်း ပိုမိုခိုင်လုံအောင် ဖော်ပြသကဲ့သို့ရှိ၏။ သို့ရာတွင် တစ်ဖက်မှပုဂ္ဂိုလ်များကလည်း ဆင်ခြေအမျိုးမျိုးဖြင့် လူသည် ဆင့်ကဲဖြစ်စဉ်အရ ယနေ့လူအဖြစ်သို့ ရောက်လာခြင်းမှာ မဟုတ်မမှန်ကြောင်း ငြင်းဖျက်ဆဲပင် ရှိကြသည်။

ချားလ်စ်ဒါဝင်၏ သတ္တဝါတို့ မူလအစ (၁၈၅၉) ခုနှစ် ကျမ်း[၃] နှင့် လူဖြစ်ပေါ်လာပုံကျမ်း[၄] ပေါ်ထွက်လာသောအခါ အနောက်တိုင်းမှ

---

၁ Desmond Clark ၂ James Ussher (1581-1656)

* Time Magazine, 1982, Vol. 119, No.25

** F.H.T. Rhodes. "The Evolution of Life." p.284

*** Puzzling Out Man's Assent: Time Magazine, Nov: 20, 1977

၃ The Origin of Species ၄ The Decent of Man



www.burmeseclassic.com

www.burmeseclassic.com



လူသည် မိမိကိုယ်မိမိ သံသယဒွိဟတို့ဖြစ်ရာမှ မိမိဘဝကို မိမိ ပြန်လည်သုံးသပ်စရာများ ရှိလာခဲ့၏။

သူ့ခေတ်သူ့ အခါအနေနှင့်မူ ဒါဝင်တပ်ပြခဲ့သည့် သက်ရှိတို့၏ဆင့်ကဲဖြစ်စဉ် သဘောတရား အီဗော်လျူးရှင်း သီအိုရီသည် အတွေးအခေါ်တော်လှန်ရေးတစ်ရပ်ပင်ဖြစ်ကြောင်းရှေ့တွင်ဆိုခဲ့သည်။ ဒါဝင်မတိုင်မီက ရှေးခေတ်ဂရိဒဿနပညာရှင်အချို့နှင့် အာရစ္စတိုတယ်လ်၏ အယူအဆများအပေါ် အမှီပြု၍လက်ခံထားသော အယူအဆအချို့ရှိသည်။ယင်းတို့မှာ....

"အရာရာတို့သည် ရည်ရွယ်ချက်တစ်စုံတစ်ရာကြောင့် ဖြစ်ပေါ်နေခြင်းဖြစ်သည်။ အရာရာတိုင်း၌ အစမူလကပင် ကြိုတင်သတ်မှတ်ထားသော ရည်ရွယ်ချက်[၁] ကိုယ်စီရှိသည်။ ထိုရည်ရွယ်ချက် ပြည့်စုံခြင်းသို့ရောက်သည်အထိ (သို့မဟုတ်) ရည်ရွယ်ထားပြီး ဖြစ်သော ပန်းတိုင်သို့ မရောက်မချင်း အရာရာတိုင်းသည် ပြောင်းလဲ တိုးတက်လျက် ရှိသည်" ဟူသော ယူဆချက်[၂]ဖြစ်သည်။ ဤအယူအဆအရ မျိုးတူစုတိုင်းတွင် ၎င်းတို့အတွက်ကြိုတင်သတ်မှတ် ထားပြီးသော ရည်ရွယ်ချက် ရှိသည်။ ထိုရည်ရွယ်ချက်၏ အဆုံးပန်းတိုင်သို့ မရောက်မချင်းပြောင်းလဲသွားကြရမည်။ တစ်နည်းအားဖြင့် ကြိုတင်သတ်မှတ်ပြီး ရှိနေပြီး 'ပုံစံ'[၃] ဆီသို့ မရောက်မချင်း ပြောင်းလဲသွားရမည်။ ထိုကြိုတင်သတ်မှတ်ပြီး ရှိနေပြီးဖြစ်သော ပုံစံသည် ပြီးပြည့်စုံသော၊ မပြောင်းလဲသောပုံစံဖြစ်သည်ဟု ယူဆကြ၏။

ဤအယူအဆအပေါ် အခြေခံ၍ အလယ်ခေတ် တစ်လျှောက်တွင် "လူဆိုသည်မှာ ရည်ရွယ်ချက်တစ်ခုကို ပြည့်စုံဖို့အတွက် ဖြစ်ပေါ်နေသော သတ္တဝါဖြစ်သည်။ လူ့ဘဝ၊ လူ့လောက၌ လူဖြစ်လာရခြင်းတွင် ရည်ရွယ်ချက် ရှိသည်" ဟုလည်း ယူဆခဲ့ကြ၏။

သို့ရာတွင် ဒါဝင်၏ အီဗော်လျူးရှင်း သဘောတရားကြောင့် အထပ်ပါအယူအဆများပျက်ခဲ့ရ၏။ အဘယ်ကြောင့်ဆိုသော် ဒါဝင်၏ သီအိုရီက မျိုးတူစုများ၌ ကြိုတင် တည်ရှိနေသော ပြီးပြည့်စုံသော ပုံစံဟူ၍ မရှိကြောင်း၊ အီဗော်လျူးရှင်းဖြစ်စဉ်အားဖြင့်သာ မျိုးတူများ ဖြစ်လာခဲ့ရကြောင်း ဖော်ပြလိုက်ရာ ရောက်သောကြောင့်ပင်တည်း။

---

၁ telos ၂ design theory
၃ from or type



www.burmeseclassic.com

www.burmeseclassic.com



ဒါဝင်က.... ရနိုင်သော အစားအစာနှင့် အချိုးမညီလောက်အောင် သတ္တဝါ ဦးရေတို့ ဤကမ္ဘာ၌ တိုးပွားလာသောအခါ သတ္တဝါများသည် မိမိတို့၏ ဘဝရပ်တည် အသက်ရှင်ရေးအတွက် ရုန်းကန်ကြရသည်။[၁] ထိုသို့ ရုန်းကန်လာရာမှပတ်ဝန်းကျင်နှင့် ဆီလျော်အောင်နေနိုင်သော သတ္တဝါတို့ သည်သာ ဆက်လက် အသက်ရှင်နိုင်ကြသည်။[၂] ပတ်ဝန်းကျင်နှင့် ဆီလျော် အောင်နေနိုင်ရန် ကြိုးစားရာမှ သတ္တဝါတို့တွင် အမှတ်မထင်စွမ်းရည် သစ်များ ဖြစ်ပေါ်လာခဲ့ကြသည်။[၃] တစ်နည်းအားဖြင့် မျိုးတူစုများသည် အမှတ်မထင် မတော်တဆဖြစ်ပေါ်လာကြခြင်းဖြစ်သည်ဟု ဖော်ပြ ခဲ့၏။ ဤဖော်ပြချက်သည် "မျိုးတူစုများ၌ ကြိုတင်သတ်မှတ်ထားသော ရည်ရွယ်ချက်ရှိသည်" ဟူသော အယူအဆကို ဆန့်ကျင်လိုက်ရာရောက်နေ သည်။ တစ်ဆက်တည်းမှာပင် သတ္တဝါများ၊ မျိုးစုများ ဖြစ်ပေါ်လာရခြင်း သည် တန်ခိုးရှင်၊ ဖန်ဆင်းရှင်က ဖန်ဆင်းမှု၊ အကြောင်းပြုမှုကြောင့် ဖြစ် ပေါ်လာရသည်ဟူသော အယူအဆကိုလည်း ဆန့်ကျင်လိုက်ရာ ရောက် သွားလေသည်။

တစ်ချိန်က လူသည် ဖန်ဆင်းခံ အရာတို့အနက် အမြင့်မြတ်ဆုံး၊ ဗဟို အကျဆုံးသောသူအဖြစ်ဖြင့်ဂုဏ်သိက္ခာ မြင့်မားခဲ့၏။ သို့ရာတွင် ဒါဝင်၏ အီဗော်လျူးရှင်းသီအိုရီအရ လူသည်ဖန်ဆင်းခံရ၍လူအဖြစ်သို့ထည်ထည်ဝါ ဝါရောက်လာသူမဟုတ်ဘဲ အခြားသတ္တဝါများကဲ့သို့ပင် နိမ့်ကျသောအဖြစ် မှ တဖြည်းဖြည်း တရွေ့ရွေ့ပြောင်းလဲရင်း လူဖြစ်လာရသူသာ ဖြစ်သည်။ ယနေ့ မနုဿဗေဒပညာရှင်များ၏တွေ့ရှိချက်များအရ လူ၏ အဆက်အနွယ် အဖြစ် ဒရိုင်ယိုးပီးသီးကပ်စ်မျောက်ဝံ တို့ကိုပါ ထည့်သွင်းစဉ်းစားလာခဲ့ရ သည်။လူသည်ဒရိုင်ယိုးပီးသီးကပ်စ်မျောက်ဝံမျိုးရိုးမှဆင်းသက်လာခြင်းသည် အမှန်ဖြစ်ပါက လူကို ဂုဏ်သိက္ခာမြင့်မားသော ဖန်ဆင်းခံ ပုဂ္ဂိုလ်အဖြစ် မမြင်နိုင်တော့ဘဲ ဒရိုင်ယိုးပီးသီးကပ်စ် မျောက်ဝံတို့နှင့် သွေးသားတော်စပ် သည့်အထင်အမြင်သေးဖွယ်ရာ တိရစ္ဆာန်သတ္တဝါအဖြစ်ထင်မြင်ရမည်ကဲ့သို့ ဖြစ်လာသည်။ ထို့ကြောင့်ပင် အချို့က "ကိုပါးနီးကပ်စ်ကြောင့် လူ၏ ဂုဏ်သိက္ခာကျခဲ့ရာမှ ဒါဝင်နှင့် အီဗော်လျူးရှင်း ဝါဒီတို့ကြောင့် လူသည်

---

၁ the struggle for existence

၂ survival of the fittest

၃ chance variations due to natural selection



www.burmeseclassic.com

www.burmeseclassic.com



ဗဟိုအကျဆုံး ဖန်ဆင်းခံ ပုဂ္ဂိုလ်အဖြစ်မှ လျှောကျရပြန်သည်''ဟု ဆိုကြသည်။ အချို့က ''လူသည် မျောက်မျိုးရိုးစုထဲတွင် အပါအဝင်ဖြစ်သော တိရစ္ဆာန်မျှသာဖြစ်သည်။ လူသည် အခြားတိရစ္ဆာန်များထက် ကောက်ကျစ်စဉ်းလဲတတ်ခြင်း အချို့မှအပ ဘာမျှထူးခြားသော တိရစ္ဆာန်မဟုတ်ပါ''*ဟုပင် ပြောတတ်ကြသည်။

တစ်ချိန်က လူအဖြစ်ဖြင့် လူ့လောကသို့ ရောက်လာရခြင်း၌ ရည်ရွယ်ချက်ရှိသည်။ လူသည် လူ့လောကကို ရည်ရွယ်ချက်ပြီးမြောက်ဖို့ ရောက်လာခြင်းဖြစ်သည်။ သို့ရာတွင် ဒါဝင်ကြောင့် (ဝါ) အီဗော်လျူးရှင်း သီအိုရီကြောင့် လူသည် လူ့လောကသို့ ''ဘာလုပ်ဖို့လာခဲ့ရမှန်းမသိ''ဖြစ်ရသည်။ လူဖြစ်လာခြင်း၌ မည်သို့သော ရည်ရွယ်ချက်ရှိသည်ကို မဝေခွဲတတ်အောင်ဖြစ်ရသည်။ မည်သည့်ရည်ရွယ်ချက်ဖြင့် လူဖြစ်လာသည်ကို မတွေးတတ်အောင်လည်း ဖြစ်နေပြန်သည်။ လူ့ခန္ဓာ၏ အစိတ်အပိုင်းတစ်ခုစီကို ကြည့်ပါက.... ထိုအစိတ်အပိုင်းတို့ ဖြစ်ပေါ်လာမှု၌ ရည်ရွယ်ချက်ရှိသယောင်ထင်ရ၏။ လူ၏သွားများသည် ကိုက်ဖဲ့ဝါးခြေဖို့အတွက် ဖြစ်လာသည်။ လက်သည် ကိုင်တွယ်ဖို့ ဖြစ်လာသည်။ ခြေထောက်သည် ရပ်ဖို့ သွားဖို့အတွက် ဖြစ်လာသည်....စသည်ဖြင့် ပြောလိုက ပြောနိုင်၏။ သို့ရာတွင် လူဖြစ်လာခြင်း၌မူ....အဘယ်သို့ ဆိုမည်နည်း။ ''ဘာရည်ရွယ်ချက်နှင့် လူဖြစ်လာသနည်း၊ ဘာလုပ်ဖို့လူဖြစ်လာသနည်း၊ မည်သည်ကို ရည်မှန်းချက်ထား၍ မည်သည့်ပန်းတိုင်သို့ ဦးတည်၍ သက်ရှင် လှုပ်ရှားရမည်နည်း'' စသည့် မရေရာသော သံသယများသည်လည်း လူ၌ ဖြစ်လာရပြန်သည်။

အီဗော်လျူးရှင်း အယူအဆကိုလက်ခံသူ၏ အမြင်၌ ရုပ်သည်ပဓာနတရားဖြစ်သည်။ ရုပ်သည်သာ အရှိတရားဖြစ်သည်ဟု ယူဆရန် လွယ်ကူလျက်ရှိသည်။ လူဆိုသည်မှာလည်း သက်ဆိုင်ရာ ရုပ်တို့ဖွဲ့စည်းမိ၍ ယာယီမျှ သက်ရှင်တည်တံ့နေသော အဖွဲ့အစည်းတစ်ခုမျှသာ ဖြစ်သည်ဟု ခံယူရန်လည်း လွယ်ကူလျက်ရှိသည်။ လူ၌ ဘဝတစ်ခုသာ ရှိသည်။ သက်ဆိုင်ရာရုပ်တို့၏ ညီညွတ်မှုပျက်စီးလျှင် လူသည် သေ၍ အကောင်းအဆိုး ကုသိုလ်အကုသိုလ်ဟူသမျှသည် ထိုသေခြင်းနှင့်အတူ ကုန်ဆုံး ပြတ်စဲသွားသည်ဟု ခံယူရန်လည်း လွယ်ကူလျက်ရှိသည်။ လူအဖြစ်ဖြင့် ''လူဖြစ်နေချိန်'' သည်

---

* G , G Simpson " The Meaning of Evolution" P.283



www.burmeseclassic.com

www.burmeseclassic.com



ကြာလှသည် မဟုတ်ချေ။ ထိုမကြာလှသော တိုတောင်းသော ကာလအတွင်း၌ ကြီးကျယ်လေးနက်သော ကိုယ်ကျင့်တရား နှုန်းစံတို့ကိုချ၍ တပင်တပန်း လိုက်နာကျင့်သုံးရခြင်းများ၊ ကိုယ်ကျိုးစွန့်ခြင်း၊ အနစ်နာခံခြင်းများကိုလည်း အဓိပ္ပာယ်မရှိသကဲ့သို့ ထင်မြင်ရန်လည်း လွယ်ကူလျက်ရှိသည်။ တစ်ဆက်တည်းမှာပင်....သေခြင်းဆီသို့ အိုခြင်း၊ နာခြင်းတို့ဖြင့် လျင်မြန်စွာ ဦးတည်ရွေ့လျားနေသော တိုတောင်းသည့် ကာလအတွင်း၌ အသက်ရှင်နေရခြင်းသည် ကောင်းသော အသက်ရှင်နေရခြင်းမှ ဟုတ်ပါလေ၏လော၊ လူဖြစ်လာခြင်းသည် သဘာဝ၏အမှားတစ်ရပ်ပင် ဖြစ်လေသလော၊ တိုတောင်းသော လူ့ဘဝသည် မှန်မြတ်သော ရတောင့်ရခဲဖြစ်သော ဘဝမျိုး ဟုတ်မှဟုတ်ပါလေ၏လော.... စသည်ဖြင့် လူ့ဘဝကို တန်ဖိုးဖြတ်ရင်း သံသယ ပွားနိုင်ပေသေးသည်။

အချို့က လူသတ္တဝါ၏ အစမူလကိုလည်းကောင်း၊ လူဖြစ်စဉ်အကြောင်းကိုလည်းကောင်း တိတိပပရှင်းမပြနိုင်သော အီဗော်လျူးရှင်းအယူအဆကို လုံးဝပစ်ပယ်ကြသည်။ ထိုသို့ပစ်ပယ်ပြီးနောက် ဖန်ဆင်းခြင်းအယူအဆကိုပင် လက်ခံကြသည်။ အချို့ကမူ ဖန်ဆင်းခြင်းကိုရော အီဗော်လျူးရှင်း သီအိုရီကိုပါ လက်မခံဘဲ နှစ်ခုစလုံးကိုပင် ပစ်ပယ်လိုက်ကြသည်။ ထိုအခါ၌လည်း လူသည် လူကိုနားမလည်ဘဲ သံသယတို့အတွင်း၌ ကြောင်လည်လည် ဖြစ်နေပြန်သည်။ သံသယတို့အတွင်း၌ ဆောက်တည်ရာမရဖြစ်လျက်လည်း ရှိနေပြန်သည်။ လူသည် လူကိုမှန်ကန်စွာ သိနားလည်ခြင်းမရှိသေးသမျှ လူနှင့်ပတ်သက်သော သံသယများသည် ရှိနေဦးမည်သာဖြစ်သည်။ လူနှင့်ပတ်သက်သော လူ၏ အတွေးအခေါ်များသည်လည်း ရေရာခိုင်မာခြင်းမရှိဘဲ အတောမသတ် လွင့်မျောနေလိမ့်ဦးမည်သာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

[၄]

## နက္ခတ္တပညာနှင့် အီဗော်လျူးရှင်း အယူအဆများကြောင့် ကျဆင်းသွားခဲ့ရသည့် လူ၏ဂုဏ်သိက္ခာကို ဆင်ခြင်ခြင်းတရားဖြင့် ပြန်၍မြှင့်တင်ခြင်း

---

"သတ္တလောကတွင် လူသည် အခြားသတ္တဝါတို့ထက် အသိဉာဏ် ဆင်ခြင်ဉာဏ် ရှိမှုကြောင့် အမြင့်မြတ်ဆုံးသူသာဖြစ်သည်။ လူသည် စကြဝဠာတွင် ဗဟိုနေရာကို ရမြဲရနေသူသာဖြစ်သည်" ....ဟူသော အယူအဆများဖြင့် လူ၏ဂုဏ်သိက္ခာကို ထိန်းမတ်ဖို့ ကြိုးစားကြ၏။ ဆင်ခြင်နိုင်မှုစွမ်းရည်ကြောင့် လူသည် လူ့သမိုင်းတွင် တိုးတက်သည်ထက် တိုးတက်လာမည့်သူသာ ဖြစ်သည်ဟူသော အယူအဆဖြင့်လည်း လူ၏ဂုဏ်သိက္ခာကို မြှင့်တင်ဖို့ ကြိုးစားခဲ့ကြ၏။ သို့ရာတွင် လူ၏ အသိဉာဏ် ဆင်ခြင်ဉာဏ်သည် ပြင်ပ ရုပ်လောကကြီးကို မိမိအလိုကျ ထိန်းချုပ်ကြိုးကိုင် စေစားနိုင်ကောင်း စေစားနိုင်မည်ဖြစ်သော်လည်း လူ၏ လောဘ၊ ဒေါသ၊ မာန၊ အာဃာတတို့ကိုမူ မထိန်းချုပ်နိုင်ဘဲဖြစ်လျက် ရှိနေပြန်သည်။ အသိဉာဏ် ဆင်ခြင်ဉာဏ်သည် တဏှာလောဘ အစွဲဥပါဒါန်တို့၏ နောက်မြီးဆွဲသာဖြစ်၍ လက်တွေ့ဘဝတွင် ထိုတဏှာလောဘ အစွဲဥပါဒါန်တို့၏ ဆွဲဆောင်ရာသို့ ဆင်ခြင်ခြင်းတရားက လိုက်ပါနေသည်ကို တွေ့မြင်လာရပြန်သည်။ တဏှာလောဘအစွဲဥပါဒါန်တို့က လူတို့၏ အသိဉာဏ် ဆင်ခြင်ဉာဏ်ကို အနိုင်ယူနေသောကြောင့် လောကကြီးတွင် မိုက်မဲရက်စက်ခြင်းများ၊ အလိုမကျခြင်းများ၊ ဆင်းရဲဒုက္ခများ၊ ပူပန် သောကများက အများဆုံး စိုးမိုးနေသည်ကို တွေ့မြင်လာရသည်။ ထိုအခါ .... တဏှာလောဘ အစွဲဥပါဒါန်တို့၏ ကျေးကျွန်သဖွယ် ဖြစ်နေရသော "လူ" ကို မြင့်မြတ်သူအဖြစ် ရှုမြင်ရန်သဘောမတူဖြစ်လာရပြန်သည်။

(ယွမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

## ဆင်ခြင်ခြင်းတရားနှင့်အတူ လျှောကျခဲ့သော လူ၏ဂုဏ်သိက္ခာ

လူသည် တိုးတက်လာသော နက္ခတ္တပညာကြောင့် စကြဝဠာ၌ သိမ်ငယ်ခဲ့ရ သကဲ့သို့ အီဗော်လျူးရှင်း သီအိုရီများကြောင့်လည်း သတ္တလောက၌ လူ၏ဂုဏ်သိက္ခာသည် ညှိုးမှိန်ခဲ့ရသည်။ သို့ရာတွင် အချို့သော ခေတ်ဦးပညာရှင်များ၊ ဘာသာရေးဒဿနပညာရှင်များနှင့် သိပ္ပံပညာရှင်များကပင် လူ၏ ဂုဏ်သိက္ခာကို မြှင့်တင်ဖို့ ကြိုးစား ကြပြန်သည်။ ၎င်းတို့က "လူသည် ပထဝီသဘောအရ စကြဝဠာ၏ ဗဟိုမဟုတ်သည်မှာ မှန်ပါ၏။ စကြဝဠာနှင့် နှိုင်းစာပါက လူသည် ပြောပ လောက်သော ဒြပ်သဏ္ဌာန်မျှပင် မရှိခြင်းသည်လည်းမှန်ပါ၏။ သို့ရာတွင် လူ၌ရှိသောအသိဉာဏ် ဆင်ခြင်ဉာဏ်[၁] ကြောင့် လူသည် အတိုင်းမသိ စကြဝဠာကြီး၏ လျှို့ဝှက်နက်နဲမှုကို သိမြင်နားလည်နိုင်စွမ်းသူ ဖြစ်သည်။ လူသည်သဘာဝ နိယာမတို့ကို ဖော်ထုတ်နိုင်စွမ်းသူ ဖြစ်သည်။ ထိုသဘာဝ နိယာမတို့ကို သိသောအသိဖြင့် သဘာဝလောကကြီးကို ကြိုးကိုင်စေစားနိုင်စွမ်းသူ ဖြစ်သည်။ သို့ဖြစ်၍ စကြဝဠာ၏ ဗဟိုမဟုတ်သော၊ ခမ်းနားထည်ဝါမှု မရှိသော ကမ္ဘာပေါ်၌ ရပ်တည်နေသောလူသည် ရုပ်ခန္ဓာကိုယ် အခြေအနေ အရ သိမ်ငယ်စေကာမူ .... လူသည် အသိဉာဏ်အရာ၌ မြင့်မြတ်သူသာဖြစ်သည်။

---

၁ reason and intellect



www.burmeseclassic.com

www.burmeseclassic.com



ကြီးကျယ်သူသာ ဖြစ်သည်။ စကြဝဠာ၌ အရေးအပါဆုံး ဗဟိုအကျဆုံးသူသာ ဖြစ်သည်"ဟု ဆိုကာ လူ့ဂုဏ်သိက္ခာမြှင့်တင်ကြ၏။

တစ်ခါတွင် နက္ခတ္တပညာရှင်တစ်ဦးက အိုင်စတိုင်းအား "စကြဝဠာကြီးနှင့် နှိုင်းစာပါက လူသည် ဘာမျှ မပြောပလောက်သော အစက်အပြောက်ကလေး သဖွယ်သာ ဖြစ်သည်ဟု ထင်မြင်ခံစားမိကြောင်း ...." ပြောပြရာ အိုင်စတိုင်းက "ဟုတ်တယ်.... ကျုပ်လဲ ဒီလို ခံစားမိပါတယ်။ ဒါပေမယ့် ....ဒီလို ခံစားမိနေရင်းက....နောက်တော့ .... စကြဝဠာကြီးကို သိနားလည်နေသူဟာ အဲဒီ ဘာမျှမပြောပလောက်ဘူးဆိုတဲ့ လူကပဲ သိနားလည်နေတာလို့ သဘောပေါက်လာတယ်" * ဟု ပြန်ပြောဖူး၏။ လျှို့ဝှက်နက်နဲသည့် စကြဝဠာကြီးကိုပင် သိနားလည်နိုင်စွမ်းသူ ဖြစ်သောကြောင့် လူသည် အသိဉာဏ် ဆင်ခြင်ဉာဏ် ရှိသူအဖြစ် ထည်ထည်ဝါဝါနေရန် အားမာန်ရလာသကဲ့သို့ ဖြစ်လာခဲ့ရပြန်သည်။

ထို့ပြင် " အီဗော်လျူးရှင်း သီအိုရီများကြောင့်လည်း လူသည် ဘာမျှ အားငယ်သွားရန်မလို၊ လူသည် ဇီဝဗေဒ သဘောအရ အခြားသတ္တဝါတို့နှင့် မခြားနားလှသော သတ္တဝါမျှသာ ဖြစ်သည်ဟူ၍လည်းကောင်း၊ ရုပ်ခန္ဓာကိုယ်အားဖြင့် အခြားသတ္တဝါတို့အနက်မှထူးမခြားနားအညတရ သတ္တဝါတစ်ဦးမျှသာ ဖြစ်သည်ဟူ၍လည်းကောင်း ပြောဆိုကာမျှဖြင့် လူသည် သတ္တလောက၌ အမြင့်မြတ်ဆုံး၊ ဗဟိုအချက်အချာ အကျဆုံးအဖြစ်မှ လျှောကျသွားစရာမရှိ။ အဘယ်ကြောင့်ဆိုသော် လူ၌ အခြားမည်သည့်သတ္တဝါ တိရစ္ဆာန်တို့တွင်မှ မရှိသော ဆင်ခြင်ဉာဏ် အသိဉာဏ်စွမ်းရည်ရှိသောကြောင့်ပင် ဖြစ်သည်။ အသိဉာဏ် ဆင်ခြင်ဉာဏ်စွမ်းရည်ရှိသောကြောင့်ပင် အခြားမည်သည့်သတ္တဝါတို့မှ မစွမ်းဆောင်နိုင်သော အနုပညာတီထွင် ဖန်ဆင်းမှုများကို လူသည် တီထွင်ဖန်ဆင်းနိုင်စွမ်းသည်။ အသိဉာဏ် ဆင်ခြင်ဉာဏ် စွမ်းရည်ရှိမှုတို့ကြောင့် မည်သည့် သတ္တဝါတို့မှ မတည်ဆောက်နိုင်သော ဒဿနအတွေးခေါ် စနစ်များ၊ ကိုယ်ကျင့်တရား နှုန်းစံများ၊ စာပေ ယဉ်ကျေးမှုများကို လူသည် တည်ဆောက်နိုင်ခဲ့သည်။ ထို့ကြောင့် လူသည် သတ္တလောက၌ ထည်ဝါသူ၊ မြင့်မြတ်သူ၊ ဗဟိုကျသူ

---

* Reader's Digest, April, 1975



www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်သည်''ဟုလည်း ယူဆကာ လူသည် လူ၏ဂုဏ်သိက္ခာကို မြှင့်တင်ခဲ့ပြန်သည်။

အနောက်တိုင်း အတွေးအခေါ်သမိုင်း၌ ခေတ်သစ် * ဒဿနပညာရှင်များအနက်မှ ဆင်ခြင်ခြင်းအဓိကဝါဒီ[၁] တို့သည် လူ၏ ဆင်ခြင်နိုင်မှုစွမ်းရည်ကို အခြေခံ၍ လူ၏ဂုဏ်သိက္ခာကို မြှင့်တင်ခဲ့ကြသည်။ ၎င်းတို့က လူ၌ ဆင်ခြင်နိုင်မှုစွမ်းရည်ရှိသည်။ လူသည် ဆင်ခြင်နိုင်မှု စွမ်းရည်ဖြင့် အဆုံးစွန်သော အမှန်တရားကို သိမြင်နိုင်သူဖြစ်သည်။ လူ၌ထိုကဲ့သို့အမှန်တရားကို သိမြင်နိုင်သော ဆင်ခြင်နိုင်မှု စွမ်းရည်ရှိသောကြောင့် လူသည် သတ္တလောက၌ အကြီးမြတ်ဆုံးသော အဆင့်၌ ရှိမြဲရှိနေသည်ဟု ဖော်ပြကြ၏။

စင်စစ် စောစောပိုင်းကတည်းက ပလေတို၊ အာရစ္စတိုတယ်လ်တို့သည် လူ၏ ဂုဏ်သိက္ခာကို ဆင်ခြင်ခြင်းတရားဖြင့် မြှင့်တင်ခဲ့ကြဖူး၏။ ပလေတို၊ အာရစ္စတိုတယ်လ်တို့ မတိုင်မီကလည်း လူကို လောကအလယ်၌ သိမ်ငယ်သူ၊ မျှော်လင့်ချက် ကင်းမဲ့နေသူအဖြစ် မြင်ခဲ့ကြဟန် တူသည်။ အီလီယက်[၂]၌ ''လောကတွင် လူထက် သနားစရာ ကောင်းသောသူသည် မရှိ .... '' စသည်ဖြင့် ဖော်ပြ ထားချက်များကို တွေ့ရ၏။ ဘဝ၏ တိုတောင်းမှုများ၊ တိုတောင်းသော ဘဝ၌ မြောက်မြားစွာ တွေ့ကြုံရင်ဆိုင် ရသော ဒုက္ခများကြောင့် ထိုခေတ် လူများစွာသည် လူ့အဖြစ်၊ လူ့ဘဝကို စိတ်ပျက်ဖွယ်ရာအဖြစ် မြင်ခဲ့ကြသည်။ ရှေးခေတ်ဂရိ အလွမ်းပြဇာတ်များ၌ ''လူ့ဘဝဆိုသည်မှာ ငြိမ်းအေးမှု ကင်းမဲ့၍ အစဉ်အမြဲ ရုန်းကန်လှုပ်ရှား တိုက်ခိုက် နေရသည့် တိုက်ပွဲ သဖွယ်ဖြစ်ကြောင်း ** ကြေကွဲရခြင်း၊ နာကျည်းရခြင်း၊ မပြေလည်ဖြစ်ရခြင်း၊ ပူပန်သောက ရောက်ရခြင်းတို့ဖြင့် ဒုက္ခရောက်ရသော ဘဝဖြစ်ကြောင်းဖော်ပြကြ၏။ စီနေကာ[၃] ၏ ဆုတောင်း၌ 'လူတို့အား ခွင့်လွှတ်တော်မူပါ၊ လူတို့သည် အားလုံးပင် မိုက်မဲရူးသွပ်သူများ ဖြစ်ကြပါသည်။''***

---

* ၁၆-ရာစုနှင့် ၁၇-ရာစု ကာလဝန်းကျင်ကို ဆိုလိုပါသည်။

၁ rationalist ၂ Iliad

** Reinhold, Niebulr, " The Nature and Destiny of Man." p-10

၃ Seneca ( 4 - 65 AD)

*** R.Niebula, op, cit., P.10



www.burmeseclassic.com

www.burmeseclassic.com



ဟု တွေ့ရ၏။ လူကို အချည်းနှီး သတ္တဝါအဖြစ် လူ့ဘဝကို စိတ်ပျက်ဖွယ်ရာအဖြစ် ထိုခေတ်လူများ ထင်မြင်နေမှုကို အာရစ္စတိုတယ်လ်၏ "လူသည် စဉ်းစားဆင်ခြင်တတ်သော သတ္တဝါဖြစ်သည်"ဟူသော အယူအဆ.....ပလေတို၏ "လူသည် အစစ်အမှန်တရားကို သိနိုင်သူ ဖြစ်သည်။ လူ၌ မကျေပျောက်နိုင်သောအတ္တရှိသောကြောင့် အခြားသတ္တဝါတို့ထက် မြင့်မြတ်သည်" ဟူသော အားပေးချက်များက မပြောင်းလဲ နိုင်ခဲ့ချေ။ တစ်နေရာတွင် အာရစ္စတိုတယ်လ် ကိုယ်တိုင် "လူဖြစ်မလာခြင်းသည် အကောင်းဆုံးပင် ဖြစ်သည်။ သေခြင်းသည် အသက်ရှင် နေခြင်းထက် ကောင်းသည်" * ဟုပင် ဝန်ခံခဲ့လေသည်။ လူသည် အသိဉာဏ်ဆင်ခြင်ဉာဏ်ရှိသော သူအဖြစ်ဖြင့် မိမိဘဝကို ထည်ဝါခံ့ညားသူ၊ ဂုဏ်သိက္ခာမြင့်မားသူဟု ထင်မြင်ဂုဏ်ယူရတော့မလိုလို ရှိနေရာမှ လူဖြစ်လာရခြင်းကိုပင် စိတ်ပျက်ဖွယ်ရာအဖြစ် မြင်မိပြန်သည်။ လူကို သိမ်ငယ်သော၊ လောကအလယ်၌ ညှိုးငယ်သောသူ အဖြစ်ဖြင့်လည်း မြင်မိပြန်သည်။

ခေတ်သစ် ဒဿန ပညာရှင်များသည်လည်း လူ၏ ဂုဏ်သိက္ခာကို ဆင်ခြင်ခြင်းတရားဖြင့် မြှင့်တင်ကြသည်။ သို့ရာတွင် ထိုခေတ်သိပ္ပံပညာရှင်တို့က ဆင်ခြင်ခြင်းတရားအပေါ်၌ သံသယ ဖြစ်ကြသည်။

ထိုခေတ်သိပ္ပံပညာရှင်တို့က အစစ်အမှန်တရားကို ရှာဖွေရာ၌ဆင်ခြင်ခြင်းတရားမျှဖြင့် မရနိုင်ကြောင်း၊ ဆင်ခြင်နိုင်မှု စွမ်းရည်လောက်မျှဖြင့် မသိမြင်နိုင်ကြောင်း ဖော်ပြလာကြပြန်သည်။ ၎င်းတို့က အမှန်တရားကိုတွေ့သိလိုပါက အာရုံငါးပါးကို အသုံးပြုရသော သိပ္ပံနည်း (ဝါ) အာရုံတွေ့နည်းကို အသုံးပြုရမည်ဟု ယူဆလာကြ၏။ ထိုသို့ အာရုံတွေ့(ဝါ) အာရုံသိကို ရှေ့တန်းတင်လာသောသိပ္ပံပညာရှင်တို့၏ အယူအဆများကြောင့် လူ၏ဆင်ခြင်နိုင်မှုစွမ်းရည်ကို သေးသိမ်သွားစေသော်လည်း စကြဝဠာ၌ လူ၏ ကြီးမြတ်ခြင်းသည် လုံးလုံးလျားလျား ကျသွားခြင်းတော့ မရှိချေ။ အဘယ်ကြောင့်ဆိုသော် လူသည် အာရုံတွေ့နည်း (ဝါ) သိပ္ပံနည်းဖြင့် စကြဝဠာကြီး၏ လျှို့ဝှက်ချက်တို့ကို သိနိုင်စွမ်းသူဖြစ်သည်ဟု ထိုသိပ္ပံပညာရှင်တို့ကပင် လူ၏သိက္ခာကို မြှင့်တင်ခဲ့ပြန်သောကြောင့်ပင်တည်း။

---

* Ibid., P.10



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် လူ၏ ကြီးမြတ်မှုဂုဏ်သိက္ခာသည် မကြာမီပင် လျော့ကျသွားပြန်သည်။ ထိုသို့လျော့ကျရခြင်းမှာ .... ခေတ်သစ် ကာလ၌ပင် ပေါ်လာသော အာရုံတွေ့ အခြေပြုဒဿနပညာရှင်များ[၁] ကြောင့်ဖြစ်သည်။ ထိုအာရုံတွေ့ (ဝါ) သိပ္ပံနည်းကို အခြေပြု တွေးခေါ်သော ဒဿနပညာရှင်များသည် အာရုံများအားဖြင့် (သို့မဟုတ်) သိပ္ပံနည်းအားဖြင့် အဆုံးစွန်သော အမှန်တရားတို့ကို မတွေ့သိနိုင်ဟု ယူဆလာကြသည်။

အာရုံတွေ့ကို အခြေပြုတွေးခေါ်သည့် ဒဿနပညာရှင် ဂျွန်လော့ခ်[၂] က လူသည် ရုပ်လောကကို သိသည်ဆိုရာ၌ ရုပ်လောက၏ အနှစ်သာရ၊ ရုပ်အခြေခံဝတ္ထု[၃]ကို သိသည်မဟုတ်၊ ရုပ်အခြေခံဝတ္ထုအပေါ်တွင် တည်မှီနေသောဂုဏ်ရည်များကိုသာ သိခြင်းဖြစ်သည်။ လော့ခ်က "ရုပ်အခြေခံဝတ္ထုသည် ရှိသော်လည်း လူသည် ထိုအခြေခံဝတ္ထုကို မသိနိုင်"ဟု ဆိုသည်။ အာရုံတွေ့ အခြေပြု ဒဿနပညာရှင်တစ်ဦးပင်ဖြစ်သူ ဂျော့ဘာကလီ[၄]သည် အာရုံတွေ့နည်းကိုသုံးရင်းမှ "ပြင်ပရုပ်လောကကြီးသည် ထာဝရဘုရား၏ စိတ်အသိများဖြင့် တည်ဆောက်ထားသော လောကကြီးဖြစ်သည်"ဟု နိဂုံးပြုလိုက်၏။ အာရုံတွေ့နည်းကိုအသုံးပြု၍ အာရုံဖြင့်မြင်တွေ့ရမှ မှန်မည်ဟု ခံယူထားပါလျက်....အာရုံဖြင့်လုံးဝမမြင်တွေ့နိုင်သော ထာဝရဘုရားအား ပြင်ပလောကကြီးကို တည်ဆောက်ပေးသူအဖြစ် ဆွဲယူ စဉ်းစားခြင်းသည် ဘာကလီ၏ ယုတ္တိမတန်လွန်းသော စဉ်းစားမှုပင်ဖြစ်သည်။ အာရုံတွေ့နည်းကို အစွမ်းကုန် အသုံးပြုသော ဒဿနပညာရှင်ဒေးဗစ်ဟျူမ်း[၅]ကမူ အာရုံတွေ့နည်းကိုသာ အသုံးပြုပါက ပြင်ပ ရုပ်လောကနှင့် စိတ်ဝိညာဉ်တို့ရှိသည်ဟုပင် မပြောနိုင်တော့ကြောင်း၊ ကြောင်းကျိုး ဆက်နွယ်မှုနှင့် ကိုယ်ကျင့်တရား တန်ဖိုးတို့လည်း ရှိနိုင်တော့မည် မဟုတ်ကြောင်း ဖော်ပြခဲ့၏။

အာရုံတွေ့နည်းကို အသုံးပြုကြသော အခြားအာရုံတွေ့ ဝါဒီများ၏ ဒဿနအယူအဆတို့ကို လေ့လာကြည့်ပါက အခြားအာရုံတွေ့ (ဝါ) သိပ္ပံနည်းသည် အမှန်တရားကို တိတိပပမသိနိုင်ကြောင်း ဖော်ပြနေသည်ကို တွေ့ရမည်ဖြစ်သည်။

---

၁ empiricists
၂ John Locke (1632-1714)
၃ material substance
၄ George Berkeley(1685-1753)
၅ David Hume (1711-1776)



www.burmeseclassic.com

www.burmeseclassic.com



၌တွင်...“အာရုံတွေ့ကိုအခြေပြုရသော သိပ္ပံနည်းပညာကို အသုံးပြုသော်လည်း အမှန်တရားကိုမတွေ့နိုင်၊ လူ၏အသိဉာဏ်သည် ဘာမျှထက်မြက်မှု မရှိသော အသိဉာဏ်ဖြစ်သည်”ဟု ယူဆစရာဖြစ်လာသည်။ ထိုအခါလူ့အသိဉာဏ်၏ သိမ်ငယ်မှုနှင့်အတူ ခံ့ညားထည်ဝါပါသည်ဟု ယူဆခဲ့သော လူ့ရုပ်ပုံလွှာသည်လည်း မှေးမှိန်သွားပြန်သည်။

သို့ရာတွင် ဂျာမန်ဒဿနပညာရှင် ဟေဂယ်[၁]လက်ထက်တွင် လူ၏ဂုဏ်သိက္ခာသည် ပြန်လည်မြင့်တက်ခဲ့ပြန်သည်။ အဘယ်ကြောင့်ဆိုသော် ဟေဂယ်က လူသည် ဆင်ခြင်ခြင်းတရားအားဖြင့် (ဝါ) ဒိုင်ယာလက်တစ်နည်းကျ စဉ်းစားခြင်းဖြင့် အမှန်တရားကိုသိနိုင်သူဖြစ်သည်။ ဆင်ခြင်ခြင်းအားဖြင့် လိုအပ်မှုသဘော[၂] (ဝါ) အမှန်ဖြစ်ပျက်လေ့ရှိသော သဘောကို သိနိုင်သူလည်းဖြစ်သည်ဟု ဆိုသောကြောင့် ဖြစ်သည်။ ဆင်ခြင်နိုင်ခြင်းစွမ်းရည်ရှိမှုကြောင့် လူကို စကြဝဠာ၌ အမြင့်မြတ်ဆုံးသော ဗဟိုအကျဆုံးသောသူအဖြစ် ဟေဂယ်ကရှုမြင်ခဲ့ဟန်တူသည်။ အချို့က ဟေဂယ်ကြောင့် လူ၏ဂုဏ်သိက္ခာသည် ၁၉–ရာစုတွင် ယခင်ဒဿနပညာရှင်များလက်ထက်ကထက် မြင့်မားခဲ့သည်ဟု ဆိုကြသည်။

ဟေဂယ်က“ဆင်ခြင်နည်းကျခြင်းသည် အစစ်အမှန် တရားဖြစ်၍ အစစ် အမှန်တရားသည် ဆင်ခြင်နည်းကျခြင်း ဖြစ်သည်”ဟု ဆိုသည်။ ဟေဂယ်အလိုအရ ဆင်ခြင်နည်းကျခြင်းဆိုသည်မှာ ဒိုင်ယာလက်တစ်ဖြစ်စဉ်[၃]ကို သိခြင်းကို ဆိုလိုသည်။ တစ်နည်းအားဖြင့် ဆင်ခြင်နည်းကျခြင်းဆိုသည်မှာ ဒိုင်ယာလက်တစ်နည်းကျခြင်းပင်ဖြစ်သည်။ ဤသို့ ဒိုင်ယာလက်တစ်နည်းကျ ဆင်ခြင်မှုဖြင့် အစစ်အမှန်တရား (ဝါ) အစစ်အမှန်လောကကို သိနိုင်သည်ဟု ဟေဂယ်ကဆိုသည်။

တစ်ဖန်....ဟေဂယ်သည် အစစ်အမှန် တရားကို ဒိုင်ယာလက်တစ်နည်းကျ ပြောင်းလဲတိုးတက်နေသော ဖြစ်စဉ် အဖြစ် ရှုမြင်သည်။ အစစ်အမှန်တရားသည် ဒိုင်ယာလက်တစ်နည်းကျ (ဝါ) ဆင်ခြင်နည်းကျစွာ ဖြစ်ပေါ် တိုးတက်ပြောင်းလဲနေသော ဖြစ်စဉ်ဖြစ်သည်ဟု မြင်သည်။ ဟေဂယ်က “အစစ်အမှန်အရှိတရား[၄] ဖြစ်သော စကြဝဠာကြီးနှင့်တကွ အရာခပ်သိမ်းသည် ဒိုင်ယာလက်တစ် နည်းကျစွာ ဆင်ခြင်နည်းကျစွာဖြင့် ဖြစ်ပေါ် တိုးတက်ပြောင်းလဲနေသော အစဉ်ကြီးဖြစ်သည်။ သို့ဖြစ်၍ .... ဆင်ခြင်နည်း

---

၁ G . W, F. Hegel (1779-1831)
၂ necessity
၃ dialectical process
၄ reality



www.burmeseclassic.com

www.burmeseclassic.com



ကျခြင်း၊ ဒိုင်ယာလက်တစ် နည်းကျခြင်းဆိုသည်မှာ အစစ်အမှန် တရား၏ သဘောသဘာဝပင်ဖြစ်၍ အစစ်အမှန် တရားဆိုသည်မှာလည်း ဆင်ခြင် နည်းကျခြင်း၊ ဒိုင်ယာလက်တစ် နည်းကျခြင်း သဘောပင် ဖြစ်သည်''ဟု ယူဆသည်။ ဤယူဆချက်ကိုထောက်၍ ဟေဂယ်သည် ဆင်ခြင်ခြင်းတရား နှင့် အစစ်အမှန် တရားကို တပေါင်းတည်းပြု၍ ရှုမြင်သည်ဟု ယူဆနိုင် လေသည်။

ဟေဂယ်က ဆင်ခြင်ခြင်းတရားကို အနန္တဝိညာဉ်[၁] ဟူ၍လည်း ကောင်း၊ အကြွင်းမဲ့ဝိညာဉ်[၂] ဟူ၍လည်းကောင်း၊ ကမ္ဘာ့ဝိညာဉ်ကြီးဟူ၍ လည်းကောင်း အမျိုးမျိုး ခေါ်ဝေါ် သုံးနှုန်းခဲ့၏။ ဟေဂယ်အလိုအရ ဆင်ခြင်ခြင်း တရားလည်းဖြစ်သော၊ အစစ်အမှန် တရားလည်းဖြစ်သော ထိုအနန္တဝိညာဉ်တော်အတွင်း၌ လူသည် အမြင့်ဆုံးနေရာကို ရရှိနေသူဖြစ် သည်။ လူ၌ဆင်ခြင်ခြင်း တရားတည်းဟူသောအနန္တဝိညာဉ်တော်၏ အစိတ် အပိုင်းတို့ ရှိနေသောကြောင့် လူသည် အမှန်တရားကို သိနိုင်သူဖြစ်သည်။ အမှန်တရားကို သိနိုင်သောလူသည် စကြဝဠာအတွင်း၌ဘာမျှ သိမ်ငယ်စရာ မရှိဟု ဟေဂယ်က ယူဆဟန်တူသည်။

ဟေဂယ်အလိုအရ ဆင်ခြင်ခြင်းတရားတည်းဟူသော အနန္တဝိညာဉ် သည် အစဉ်အမြဲတိုးတက်ရွေ့လျားနေသောသဘောရှိသည်။ တစ်နည်းဆိုပါ က ဆင်ခြင်ခြင်းတရားတည်းဟူသော အနန္တဝိညာဉ်သည် ဒိုင်ယာလက်တစ် သဘောအားဖြင့် ရွေ့လျားတိုးတက်လျက်ရှိသည်။ ဟေဂယ်က သမိုင်း၌ ရွေ့လျားနေသော အနန္တဝိညာဉ်၏ ပြည့်ဝမှုကို လူတို့၏ လွတ်လပ်မှုဖြင့် တိုင်းတာနိုင်သည်။ လူတို့ပို၍ လွတ်လပ်လာလေ အနန္တဝိညာဉ်သည်လည်း ပို၍ပြည့်ဝလာသည့်သဘောကို ဆောင်လာလေဖြစ်သည်။ လွတ်လပ်ခြင်း သည် အနန္တဝိညာဉ်၏ အနှစ်သာရဖြစ်သည်ဟု ဆိုသည်။

ဟေဂယ်က လူတို့၏ လွတ်လပ်ခြင်းဆိုသည်မှာ "လိုအပ်ချက်များ (ဝါ) အမှန် ဖြစ်ပျက်လေ့ရှိသော သဘောများကို နားလည်ပြီး မိမိ ကိုယ် မိမိ အဆုံးအဖြတ် ပေးနိုင်ခြင်းပင်ဖြစ်သည်။" လူ့သမိုင်းကြီးသည် လွတ်လပ်ခြင်းဆီသို့ ဦးတည်လျက် အစဉ်တိုးတက် ရွေ့လျားနေသည်။ လူတို့သည် ဆင်ခြင်ခြင်းတရားကို ပို၍အသုံးပြုလေ၊ လူ့သမိုင်းကြီးသည် တိုးတက်လေ သဘောရှိသည်။ ဆင်ခြင်ခြင်းတရားကို ပို၍ အသုံးပြုလေ၊

---

၁ the absolute ၂ absolute spirit



www.burmeseclassic.com

www.burmeseclassic.com



လူ့သမိုင်းကြီးသည် လွတ်လပ်ခြင်းဆီသို့ ပို၍ တိုးတက်နီးကပ် သွားလေ့သဘောရှိသည်ဟု ဆိုသည်။ သို့ဆိုပါက လူသည် လောကအလယ်၌ ဘာမျှ အားငယ်စရာမရှိသော သတ္တဝါဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သမိုင်း၏ တိုးတက်စဉ်၌ တိုးတက်ရာသို့ လူသည် မလွဲမသွေရောက်ရှိသွားရမည့်သူ၊ လိုအပ်မှု သဘောတို့နှင့် အမှန်တရားကိုလည်း သိနိုင်မည့်သူဖြစ်နေသောကြောင့်ပင်တည်း။ ဟေဂယ်၏ အတွေးအခေါ် အရ လူသည် တန်ခိုး အင်အား ကြီးမားသော၊ မြင့်မြတ်သော သူအဖြစ်ဖြင့် လောကအလယ်တွင် ထည်ထည်ဝါဝါ နေနိုင်သူ ဖြစ်လေသည်။

ဟေဂယ်၏ အနန္တဝိညာဉ်တော် ဝါဒသည် ဂျာမန်အတွေးအခေါ် လောက၌သာမက အမေရိကန်၊ အင်္ဂလန် အတွေးအခေါ် လောက၌ပါ လွှမ်းမိုးခဲ့သည်။ သို့ရာတွင် ၁၉-ရာစု အဆုံးမှစ၍ ဩဇာကြီးမားသော ဟေဂယ်၏ အနန္တဝိညာဉ်တော်ဝါဒသည် တဖြည်းဖြည်းယိမ်းယိုင်လျော့ကျလာသည်။ အနန္တဝိညာဉ်တော်ဝါဒအပေါ် ဒဿနပညာရှင်အများအပြားက သံသယပွားလာကြသည်။ ဟေဂယ်နှင့်ခေတ်ပြိုင်ရှိခဲ့သည့် ဂျာမန်ဒဿနပညာရှင် ရှိုပင်ဟောင်ဝါသည် ဟေဂယ် အထင်ကြီး အမွှမ်းတင်ခဲ့သည့် ဆင်ခြင်ခြင်းတရားကို အစွမ်းကုန် နှိမ့်ချ ပစ်ပယ်ခဲ့သူဖြစ်သည်။

ရှိုပင်ဟောင်ဝါက လူနှင့်တကွ အရာရာကို ပြဋ္ဌာန်းပေးနေသော အရာမှာ ဆင်ခြင်ခြင်းတရား(ဝါ)အနန္တဝိညာဉ် မဟုတ်၊ လူနှင့်တကွ အရာရာကို ပြဋ္ဌာန်းပေးနေသော အရာမှာ...ဆင်ခြင်နည်းကျခြင်း သဘောကို မဆောင်သောစိတ်ဆန္ဒ(ဆန္ဒတဏှာ)သာဖြစ်သည်။ စိတ်ဆန္ဒ (ဆန္ဒတဏှာ) သည်သာ လူနှင့်တကွ တစ်လောကလုံး၏ အခြေခံအကြောင်းတရားဖြစ်သည်ဟုဖော်ပြခဲ့သည်။ ဤနေရာ၌ဟေဂယ်နှင့် ရှိုပင်ဟောင်ဝါတို့သည် တစ်ဦးနှင့် တစ်ဦး ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိကြောင်း ထင်ရှားသည်။

ရှိုပင်ဟောင်ဝါက "ဒဿနပညာရှင် အားလုံးလိုလိုသည် အသိဉာဏ်ဆင်ခြင်ဉာဏ်* ကို ရှေ့တန်းတင်၍ လူကို အသိဉာဏ်ရှိသောသတ္တဝါဖြစ်သည်ဟု ယူဆခဲ့ကြသည်။ လူ့စိတ်၏ အနှစ်သာရမှာသိတတ်၊ ဆင်ခြင်တတ်

* ဤနေရာ၌ အသိဉာဏ်ဆင်ခြင်ဉာဏ်ဟု တွဲ၍ သုံးထားသော်လည်း ပဓာနအားဖြင့်ဆင်ခြင်၍သိသောအသိ "ဆင်ခြင်ဉာဏ်" ကိုသာ ဆိုလိုပါသည်။ တစ်နည်းအားဖြင့် အသိဉာဏ် ဆင်ခြင်ဉာဏ် ဟူသည်မှာ "စိန္တာမယဉာဏ်" ကိုဆိုလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြင်းပင်ဖြစ်သည်ဟု ယူဆခဲ့ကြသည်။ ဤယူဆချက်များသည် မှားသည်။ ဤမှားယွင်းချွတ်ချော်သော အယူအဆများကို ကျွန်ုပ်တို့ အရင် ဦးစွာ ပယ်ရမည်။ စင်စစ် အသိဉာဏ်၊ ဆင်ခြင်ဉာဏ်(ဝါ)ဆင်ခြင်သိသည် စိတ်၏ အပေါ်ယံ၊ အပေါ်လွှာသာဖြစ်၍ ယင်း၏အောက်၌စွမ်းအင်သတ္တိကြီးမားသော စိတ်ဆန္ဒ(ဆန္ဒတဏှာ)သည် ရှိနေသည်။ ထိုစိတ်ဆန္ဒ (ဆန္ဒတဏှာ) သည် အစဉ်လှုပ်ရှားနေသော သဘောရှိသည်။ ထိုဆန္ဒတဏှာသည် လူအား စိုးမိုးချုပ်ကိုင်နေသော စွမ်းအားဖြစ်သည်။ ထိုဆန္ဒတဏှာသည် မည်သည့်အခါတွင်မျှ အလိုမပြည့်နိုင်သော မွတ်သိပ်ဆာလောင်ခြင်းများ၊ တောင့်တခြင်းများရှိနေသည်။ ဆင်ခြင်ဉာဏ်၊ အသိဉာဏ်က ထိုဆန္ဒတဏှာအား ဦးဆောင်သည်ဟု တစ်ခါတစ်ရံထင်ရသော်လည်း စင်စစ် တဏှာဆန္ဒကသာ ဆင်ခြင်ဉာဏ်(ဝါ)ဆင်ခြင်ခြင်း တရားကို လမ်းညွှန် ဦးဆောင်လျက်ရှိသည်။ အစေအပါးကျေးကျွန်က အရှင်သခင်ကို ပြန်၍ လမ်းညွှန်ရှေ့ဆောင်နေသကဲ့သို့ပင်ဖြစ်သည်။ ဆန္ဒတဏှာသည် အလွန်ခွန်အားကြီးမားသော အကန်းနှင့်တူ၍ ဆင်ခြင်ဉာဏ်၊ အသိဉာဏ်မှာမူ (အမှားအမှန် အဖြူအမည်း ခွဲခြားသိနိုင်သော) မျက်စိအမြင်ရှိသော်လည်း မသွားလာမလှုပ်ရှားနိုင်သည့် ခြေကျိုးနေသူနှင့် တူသည်။ ခြေကျိုးသူသည် အကောင်းအဆိုး အမှားအမှန် ခွဲခြားနိုင်သော်လည်း လှုပ်ရှားနိုင်သော စွမ်းအားမရှိသောကြောင့် အကန်းက မိမိအား ပခုံးထက်၌ ထမ်းယူ၍ ခေါ်ဆောင်သွားရာသို့ ဘာမျှမဟန့်တားနိုင်ဘဲ လိုက်ပါနေရှာသကဲ့သို့ အသိတရား (ဝါ) ဆင်ခြင်ခြင်းတရားသည်လည်း တဏှာဆန္ဒ၏ ရှေ့ဆောင်ရာ၊ ခေါ်ယူရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါနေရသည်။ ဆင်ခြင်ခြင်းတရားသည် အစွဲဉပါဒါန် တဏှာလောဘတို့၏ နောက်မြီးဆွဲမျှသာဖြစ်သည်။ စင်စစ် လူကို အသိဉာဏ်၊ ဆင်ခြင်ဉာဏ်က လွှမ်းမိုးသည်မဟုတ်၊ ဟေဂယ်ယူဆသကဲ့သို့ လူအား ဆင်ခြင်ခြင်းတရားက ပြဋ္ဌာန်းသည်မဟုတ်၊ လူကိုလွှမ်းမိုးရှေ့ဆောင် ပြဋ္ဌာန်းနေသည်မှာ တဏှာဆန္ဒအစွဲဉပါဒါန်တို့သာ ဖြစ်သည်။ လူသည် တဏှာဆန္ဒ၏ ကျေးကျွန်သာ ဖြစ်သည်"* ဟု ရှိုပင်ဟောင်ဝါက ဆိုသည်။

အထက်ပါ အယူအဆတို့ကို ကြည့်ပါက ရှိုပင်ဟောင်ဝါသည် ဆင်ခြင်ခြင်းတရား(ဝါ)ဆင်ခြင်သိကို အပြင်းအထန် ဆန့်ကျင်နေကြောင်း

* Will Durant, op.cit., P.312



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားသည်။ ထို့ကြောင့် သူ၏အယူဝါဒကို ဆင်ခြင်မှုဆန့်ကျင် ဝါဒ [၁] ဟု ခေါ်ကြခြင်းဖြစ်သည်။ ဆက်လက်၍ ရှိုပင်ဟောင်ဝါက "ကျွန်ုပ်တို့သည် အကြောင်းရှိ၍ တစ်စုံတစ်ခုကို လိုချင်ဆန္ဒဖြစ်သည် မဟုတ်၊ လိုချင်ဆန္ဒဖြစ်သောကြောင့်သာ ဆင်ခြေဆင်လက်ပေး၍ အကြောင်းရှာလာခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ တဏှာလောဘများကို ဖုံးကွယ်ရန် ဒဿနများ၊ ဘာသာတရားများကိုပင် တမင် ဖန်တီး ထားကြပေသေးသည်။"* "အခြားတိရစ္ဆာန်များသည် ၎င်းတို့၏ တဏှာလောဘများကို ဖုံးကွယ်မနေဘဲ ဖော်ပြကြသော်လည်း လူသတ္တဝါကမူ မိမိ၏ တဏှာလောဘများကို ယုတ္တိနည်းများ၊ ဆင်ခြင်ဆင်လက်များဖြင့် ဖုံးကွယ်ဖော်ထုတ်ကြသည်။ စင်စစ် ယုတ္တိဗေဒသည် ဘာမျှ အသုံးမကျသော ပညာဖြစ်သည်။ လူတစ်ဦးသည် လူတစ်ဦးအား ယုတ္တိဗေဒဖြင့် မည်မျှပင်အကြောင်းအကျိုး ဆင်ခြင်ပြနေသော်လည်း နားဝင်လိမ့်မည်မဟုတ်၊ ယုံကြည်လက်ခံမည်လည်းမဟုတ်၊ လူတစ်ဦးကို လက်ခံယုံကြည်သွားစေရန်မှာ သူ၏တဏှာလောဘတည်းဟူသော သူ့လိုအင်ဆန္ဒ၊ သူ့အကြိုက်ကိုလိုက်၍ ပြောဖို့သာလိုလေသည်။ လူသည် ဆင်ခြင်ခြင်းတရား (ဝါ) အသိတရား၏ အလိုသို့မလိုက်ဘဲ တဏှာလောဘစိတ်ဆန္ဒ၏ အကြိုက်နောက်သို့ လိုက်နေရသူသာဖြစ်သည်။"**

"မိမိဝမ်းရေး အတွက် လည်းကောင်း၊ သားမယားတို့ အတွက်လည်းကောင်း၊ အပြင်းအထန် လူတို့ရုန်းကန်လှုပ်ရှားနေခြင်းသည် အသိဉာဏ်၊ ဆင်ခြင်ဉာဏ်၏ လှုံ့ဆော် စေစားချက်ကြောင့် မဟုတ်၊ ဘဝတဏှာကြောင့်သာဖြစ်သည်။ အလုပ်ကိစ္စတို့ကို လုပ်ကိုင်ဆောင်ရွက်နေခြင်းသည် အသိဉာဏ်၊ ဆင်ခြင်ဉာဏ်တို့၏ တိုက်တွန်းမှုတို့ကြောင့် လုပ်ကိုင်ဆောင်ရွက်နေခြင်းမဟုတ်၊ အတွင်းသန္တာန်ရှိ စိတ်ဆန္ဒ (တဏှာဆန္ဒ) ကြောင့်သာ လုပ်ကိုင်ဆောင်ရွက်နေကြခြင်းဖြစ်သည်။ လူတို့သည် မိမိတို့ သိမြင်မှု၊ ဆင်ခြင်မှုတို့ဖြင့် ပြုမူလုပ်ဆောင် နေကြသည်ဟုလည်း ထင်တတ်ကြသည်။ စင်စစ်အားဖြင့် စိတ်ဆန္ဒ၏ (ဝါ) တဏှာလောဘ၏ ခိုင်းစေမှုကြောင့် လုပ်ကိုင်ဆောင်ရွက်နေခြင်းသာ ဖြစ်သည်။ သို့ရာတွင် တဏှာဆန္ဒ

---

၁ anti-rationalism

* Will Durant. op.cit., P.312

** Ibid., P.312



www.burmeseclassic.com

www.burmeseclassic.com

က ခိုင်းစေနေခြင်းဖြစ်ကြောင်းလူတို့က မသိမမြင်ဘဲဖြစ်လျက်ရှိသည်။ အမှန်အားဖြင့် သဘာဝတရားသည် ဆင်ခြင်ခြင်းတရား (ဝါ) အသိဉာဏ်ကို လူတွင်ရှိသော ဆန္ဒတဏှာ၏ အလိုကို ဖြည့်တင်းပေးရန်အတွက် ဖန်တီးပေးထားသော အရာဖြစ်သည်။ တဏှာကို အလုပ်အကျွေးပြုရန် အစေအပါးအဖြစ် ပေးထားခြင်းသာဖြစ်သည်။ ဆင်ခြင်ခြင်းတရားသည် တဏှာ၏ အလိုအရ အကြောင်းယုတ္တိရှာပေးသော အရာဖြစ်သည်။'' * ....

"ဆင်ခြင်မှု၊ သိမှုကိုပြုရသော ဦးနှောက်သည် နွမ်းနယ်မောပန်းသော်လည်း ဆန္ဒတဏှာကမူ မည်သည့်အခါမျှ မောပန်း နွမ်းနယ်သည် မရှိ။ ဆင်ခြင်မှု၊ သိမှုကိုပြုရသော ဦးနှောက်သည် နွမ်းနယ်သောကြောင့် အိပ်စက်ခြင်းဖြင့် အနားယူရသည်။ သို့ရာတွင် စိတ်ဆန္ဒတဏှာကမူ နွမ်းနယ်ခြင်း မရှိသောကြောင့် အိပ်စက်ချိန်၌ပင် ဆက်လက် လှုပ်ရှားနေနိုင်သည်။ ဦးနှောက်သည် သိနိုင်၊ ဆင်ခြင်နိုင်ဖို့အတွက် အနားရမှုတည်းဟူသော အစာအာဟာရကို အိပ်စက်ခြင်းဖြင့် ရယူရသည်။ တဏှာကမူ မည်သည့် အာဟာရမှမလိုဘဲ လှုပ်ရှားနေနိုင်စွမ်းလေသည်။''**

ရှိုပင်ဟောင်ဝါအလိုအရ အသက်ရှင်လိုသော စိတ်ဆန္ဒ (ဘဝတဏှာ)သည် လူ၌အရင်းမူလအကျဆုံး၊ အခြေခံအကျဆုံး အရာဖြစ်သည်။ လူကိုစိုးမိုးနေသော အရာလည်းဖြစ်သည်။ ထိုဆန္ဒသည် ဘဝတည်မြဲမှု၊ အသက်ရှင်မှုကို အပြင်းအထန်လိုလားတောင့်တလျက်ရှိသည်။ ထို့ကြောင့် သေခြင်းတရားသည် အသက်ရှင်လိုဆန္ဒ၏ ထာဝရရန်သူဖြစ်လျက်ရှိသည်။ သို့ရာတွင် အသက်ရှင်လိုသော ဆန္ဒတဏှာသည် သေခြင်းတရားကို အရှုံးပေးလိုက်ရလေသလော၊ ထိုအသက်ရှင်လိုဆန္ဒသည် သေခြင်းတရားကို နည်းနည်းမျှ အရှုံးမပေးချေ။ လူအား သားသမီးမျိုးဆက်တို့ မွေးဖွားပေးစေခြင်းဖြင့် အသက်ရှင်လိုသောဆန္ဒတဏှာက သေခြင်းတရားကို အနိုင်ယူလိုက်ပေသေးသည်။

"သတ္တဝါတိုင်းသည် အရွယ်ရောက်လာသောအခါ သားသမီးများရရှိရေးအတွက် မိမိတို့ဘဝကို အနစ်နာခံကြသည်။ ပင့်ကူဖိုသည် ပင့်ကူမ၏ စားခြင်းကိုခံ၍ မျိုးဆက်တို့ကိုပေးသည်။ နကျယ်ကောင်သည် မိမိ

---

* Ibid., P.313

** Ibid., P.315



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အခါမျှ မြင်တွေ့ရမည်မဟုတ်သော သားငယ်သမီးငယ်တို့ အတွက် တစ်နေ့မှ ပျက်ကွက်ခြင်းမရှိဘဲအစဉ်တစိုက်အစာရှာဖွေပေးသည်။ လူသည် (မိမိကိုယ်တိုင်ကမူ အဆင်းရဲ အပင်ပန်း အနစ်နာခံ၍) မိမိသားသမီးတို့၏ စားဝတ်နေရေး၊ ပညာရေးတို့အတွက် အပန်းတကြီး အလုပ် လုပ်ကာ ငွေကြေးရှာဖွေပေးသည်။ သားသမီးရလိုမှုသည် သတ္တဝါတို့၏ နောက်ဆုံး ရည်ရွယ်ချက်ဖြစ်သည်။ အပြင်းထန်ဆုံးသော ဇာတိစိတ်လည်းဖြစ်သည်။ ထိုရည်ရွယ်ချက်၊ ထိုဇာတိစိတ်တို့ဖြင့် သားသမီးမျိုးဆက်တို့ ရလာအောင် ဖန်တီးပေးခြင်းဖြင့် ဆန္ဒတဏှာသည် သေခြင်းတရားကို အနိုင်ယူလိုက် နိုင်လေသည်။"* ရှိုပင်ဟောင်ဝါက ဆက်လက်၍ .... ....

စိတ်ဆန္ဒ (ဝါ) တဏှာသည် အသိဉာဏ်၊ ဆင်ခြင်ဉာဏ်ကို လုံးဝ ဂရုစိုက်ခြင်းမရှိဘဲ ထင်သလို လှုပ်ရှားကြီးစိုးလျက်ရှိသည်။ ဤသို့တဏှာက လွှမ်းမိုးကြီးစိုးနေသောကြောင့် လူတို့သည် ဆင်းရဲဒုက္ခရောက်နေကြရခြင်း ဖြစ်သည်။ တဏှာလောဘကြောင့် လူသည် တစ်စုံတစ်ခုကို အစဉ်တောင့်တ လျက်ရှိသည်။ တောင့်တသည့်အရာကို မရသည့်အခါ လူသည်ဆင်းရဲဒုက္ခဖြစ် ရသည်။ တောင့်တသည့်အရာကိုရပြန်သည့်အခါ၌လည်း ကျေနပ်မနေနိုင်ဘဲ နောက်အသစ်အသစ်တို့ကို တောင့်တပြန်သည်။ တဏှာလောဘကြောင့် လူသည် မည်သည့်အခါမျှ အလိုမပြည့်နိုင်ဖြစ်လျက်ရှိသည်။ အလိုမပြည့်မှု၊ လိုချင်သည်ကို မရမှုကြောင့် လူသည် ဒုက္ခဖြစ်ပြန်၏။ လူ့လောက၌ ချမ်းသာသုခသည် အမှန်ရှိသော အရာမဟုတ်၊ ဆင်းရဲဒုက္ခ သည်သာ ထင်ရှားရှိသော အရာဖြစ်သည်။ စင်စစ် ချမ်းသာသုခ ဆိုသည်မှာ ဆင်းရဲဒုက္ခဖြစ်မှု လျော့နေသော အခိုက်အတန့် အခြေအနေတစ်ရပ်မျှသာ ဖြစ်သည်။ ဆင်းရဲဒုက္ခဖြစ်ခြင်းမှ ဆင်းရဲဒုက္ခ လျော့သွားသော အခြေ အနေကို ချမ်းသာသုခဟု ထင်မှတ်မှားခြင်းသာ ဖြစ်သည်။ ခရီးသည် တစ်ယောက်သည် လမ်းခရီး တစ်လျှောက် တွေ့ကြုံ လာရသည့် ဒုက္ခ အန္တရာယ်တို့ကို ရှောင်ရင်း ရှားရင်း၊ ရုန်းကန်လှုပ်ရှားရင်း အဆုံး၌ ပျက်စီးခြင်းဖြင့် အဆုံးသတ် ရသကဲ့သို့ ဒုက္ခအတိပြီးသော လူ့ဘဝ ခရီး၌လည်း လူသည် ရုန်းကန်လှုပ်ရှားရင်း ဘေးရန်အန္တရာယ်များကို

---

* Ibid., P.318



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ကျော်လွှား ရှောင်ရှားရင်းနှင့်ပင် အဆုံး၌ ဒေသခြင်းတရားတွင် နစ်မြုပ်ကြေပြုန်းသွားသူ ဖြစ်လေသည်။

ရှိုပင်ဟောင်ဝါက ဆင်းရဲဒုက္ခအတိပြီးသောဘဝမှ လွတ်မြောက်အောင် စိတ်ဆန္ဒ (ဝါ) တဏှာဆန္ဒကို ဖယ်ရှားရမည်ဟု ဆိုသည်။ ရှိုပင်ဟောင်ဝါက လူသည် အနုပညာကို လိုက်စား၍ အနုပညာရပ်တို့ကို ခံစားနေပါက တဏှာဆန္ဒကို ယာယီအားဖြင့် ပယ်ရှားနိုင်မည်။ ပန်းချီလက်ရာတစ်ခုခု၌ဖြစ်စေ၊ ဂီတ၏ သာယာသံ၌ဖြစ်စေ၊ ခံစားနစ်မျောနေခြင်းဖြင့် တဏှာလောဘတို့ကို ယာယီအားဖြင့် ဖယ်ရှားထားနိုင်သည်။ ထို့ပြင် သဘာဝ အလှတရားများ၌ ခံစားနစ်မျောနေခြင်းဖြင့်လည်း တဏှာလောဘတို့ကို ယာယီအားဖြင့်ပယ်ဖျောက်ထားနိုင်မည်။ ထို့ပြင် ကိုယ်ကျင့်တရားနယ်ပယ်၌ပါဝင်သည့် ပရဟိတအကျိုးတို့ကို ဆောင်ရွက်ခြင်းဖြင့်လည်း အတ္တစွဲများ ကင်းပျောက်နေနိုင်သည်။ တဏှာလောဘများ ကင်းပျောက်နေနိုင်သည်။ ဘာသာတရားသည်လည်း တဏှာဆန္ဒကို ချုပ်ထိန်းနိုင်စွမ်းသည်ဟု ဆိုသည်။ ဆက်လက်၍ ရှိုပင်ဟောင်ဝါက ရုပ်ပိုင်းဆိုင်ရာ တပ်မက်မှု ကာမဂုဏ်တရားများ၊ ကြောက်ရွံ့မှုများ၊ မနာလိုမှုများစသည်တို့ကို ပယ်ရှားရမည်။ ထိုသို့ ပယ်ရှားခြင်းဖြင့် စိတ်၏ တည်ငြိမ်မှုကို ရလာနိုင်မည်။ ဒုက္ခတို့မှ လုံးဝ လွတ်မြောက်ရေးကိုမူ လောကကြီးအကြောင်း အမှန်အတိုင်းသိပါမှ ရနိုင်မည်ဖြစ်သည်ဟုလည်း ဖော်ပြထားသည်ကို တွေ့ရသည်။ ရှိုပင်ဟောင်ဝါသည် ဗုဒ္ဓဝါဒကိုလည်း ဒုက္ခတို့မှ လွတ်မြောက်ရေးကို ရနိုင်သော ဘာသာတရားတစ်ခုအဖြစ် ဖော်ပြထား၏။ သို့ရာတွင် ဝေဖန်သူများက "ရှိုပင်ဟောင်ဝါသည် ဒုက္ခအကြောင်း လှိုင်လှိုင်ကြီးပြောနိုင်သော်လည်း ဒုက္ခတို့မှ လွတ်မြောက်နိုင်သော နည်းကိုမူ ရေရေရာရာဖော်ပြနိုင်ခြင်းမရှိ။ ဗုဒ္ဓဘာသာကို ဒုက္ခမှ လွတ်မြောက်ရေးကို ပေးနိုင်သောဘာသာအဖြစ် ဖော်ပြသော်လည်း ဗုဒ္ဓဘာသာရှိ ဒုက္ခ လွတ်မြောက်ရေးဆိုင်ရာ ကျင့်စဉ်နှင့် စပ်လျဉ်း၍မူ သေသေချာချာ နားလည်သူမဟုတ်" ဟု ဝေဖန်ကြသည်။

ရှိုပင်ဟောင်ဝါကဲ့သို့ပင် ဟေဂယ်၏ဆင်ခြင်ခြင်းတရားကိုဆန့်ကျင်ခဲ့သူ ဂျာမန်တွေးခေါ်ရှင်တစ်ဦးမှာ နီရှေး[၁] ဖြစ်သည်။ ဟေဂယ်က အရာ

---

၁ Friedrich Nietzsche (1544-1900)



www.burmeseclassic.com

www.burmeseclassic.com



ရာကို ဆင်ခြင်ခြင်းတရားတည်းဟူသော အနန္တဝိညာဉ်က ပြဋ္ဌာန်းသည်။ အဆုံးအဖြတ်ပေးသည်ဟု ဆိုသည်။ ဟေဂယ်အလိုအရ ဆင်ခြင်ခြင်းတရားတည်းဟူသော အနန္တဝိညာဉ်တော်သည် အရာရာကို ပြဋ္ဌာန်းသည်။ အဆုံးအဖြတ်ပေးသည်ဟု ဆိုရာ၌ သီးခြားလူတစ်ဦးစီတွင်ရှိသော ဆင်ခြင်ခြင်းတရားက ပြဋ္ဌာန်းဆုံးဖြတ်သည်ဟု ဆိုလိုခြင်းမဟုတ်ချေ။ အလုံးစုံသဘောကိုဆောင်သော ဓမ္မဓိဋ္ဌာန်သဘောကို ဆောင်သော ဆင်ခြင်ခြင်းတရား (ဝါ) အနန္တဝိညာဉ်က ပြဋ္ဌာန်းဆုံးဖြတ်ပေးခြင်းကို ဆိုလိုခြင်းဖြစ်သည်။

နီရှေးကမူ အရာရာကို လူ၏စိတ်ဆန္ဒ (ဝါ) အလိုဆန္ဒက ပြဋ္ဌာန်းသည်၊ အဆုံးအဖြတ်ပေးသည်ဟု ဆိုသည်။ သို့ဖြစ်၍ ဟေဂယ်သည် အားလုံးနှင့် ဆိုင်သော၊ ဓမ္မဓိဋ္ဌာန်သဘောနှင့် ဆိုင်သော ဆင်ခြင်ခြင်းတရားကို ရှေ့တန်းတင်၍ နီရှေးကမူ သီးခြားလူတစ်ဦးစီ၏စိတ်အလိုဆန္ဒကို ရှေ့တန်းတင်သည်ဟု ဆိုနိုင်ပေလိမ့်မည်။ စိတ်အလိုဆန္ဒကို ရှေ့တန်းတင်သောကြောင့် နီရှေး၏စိတ်ဆန္ဒအယူအဆသည် ရှိုပင်ဟောင်ဝါ၏စိတ်ဆန္ဒအယူအဆနှင့်မူ အတူတူပင်ဖြစ်သည်ဟု ထင်မှတ်ဖွယ်ရှိ၏။ သို့ရာတွင် ခြားနားကြလေသည်။ ရှိုပင်ဟောင်ဝါအလိုအရ စိတ်အလိုဆန္ဒဟူသည်မှာ ပဓာနအားဖြင့် ဘဝတဏှာတည်းဟူသော အသက်ရှင်နေလိုမှုဆန္ဒ[၁]ပင် ဖြစ်သည်။ ဤအချက်ကို နီရှေးက လက်မခံချေ။ နီရှေးဆိုလိုသော အလိုဆန္ဒမှာ တန်ခိုးကြီးလိုသော၊ အာဏာကြီးလိုသောဆန္ဒ[၂] မျိုးဖြစ်သည်။ နီရှေးက.... လူ၌ရှိနေသောဆန္ဒသည် ရှိုပင်ဟောင်ဝါပြောသကဲ့သို့ အသက်ရှင်လိုသော ဆန္ဒမဟုတ်၊ အဘယ်ကြောင့်ဆိုသော် ဆန္ဒရှိသည်ဆိုကတည်းက အသက်ရှင်နေ၍သာ ရှိနေနိုင်ခြင်းဖြစ်သောကြောင့် အသက်ရှင်လိုဆန္ဒတည်းဟူသော "ဘဝတဏှာ" ကို ထည့်ပြောနေစရာ မလိုတော့။ စင်စစ် လူ၌ရှိနေသောဆန္ဒမှာ တန်ခိုးအင်အား ကြီးလိုသော၊ အာဏာကြီးလိုသော ဆန္ဒသာဖြစ်သည်။

နီရှေးက....တန်ခိုးကြီးလိုသော အာဏာကြီးလိုသော ဆန္ဒသည် လူ၏အမြင့်မားဆုံးသော ရည်မှန်းချက်ဖြစ်သည်။ တန်ခိုးကြီးလိုမှုသည် လူတိုင်း၌ရှိသော အမှတ်သိပ်ဆုံးသော ဆန္ဒပင်ဖြစ်သည်။ ဤတန်ခိုးကြီးလိုသောဆန္ဒသည် အခြေခံအကျဆုံးသော ဆန္ဒပင်ဖြစ်သည်။ ဆက်လက်၍ နီရှေးက....အလိုဆန္ဒကို လူသည် ထိန်းချုပ်၍မရနိုင်။ ထိုသို့ ထိန်းချုပ်မရ

[၁] will to live [၂] will to power



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည့်တူတူ ထိုအလိုဆန္ဒကို မြင့်မားသည်ထက် မြင့်မားအောင် တိုးမြှင့်ရမည်ဟု ဆိုသည်။

နိရှေးအလိုအရ တန်ခိုးကြီးလိုဆန္ဒသည် လူရှိနေသမျှ ရှိနေမည့်ဆန္ဒမျိုးဖြစ်သည်။ ကျွန်လူတန်းစား၏ စိတ်ကိုကြည့်လျှင် သခင်ဖြစ်လိုသောဆန္ဒရှိကြောင်း တွေ့ရမည်။ အင်အားနည်းသူ၏ စိတ်ကိုကြည့်လျှင် အင်အားကြီးလိုသော ဆန္ဒရှိသည်ကို တွေ့ရမည်။ အဆင့်အတန်း နိမ့်သူ၌ အဆင့်အတန်းမြင့်လိုသော ဆန္ဒရှိသည်ကို တွေ့ရမည်။ မပြည့်စုံသူ၏စိတ်ကိုကြည့်လျှင် ပြည့်စုံကြွယ်ဝလိုသော ဆန္ဒရှိသည်ကို တွေ့ရမည်။ လူတို့သည် ထိုတန်ခိုး ကြီးလိုသောဆန္ဒကို ဘယ်အခါမျှစွန့်လွှတ်ကြမည်မဟုတ်။ တန်ခိုးအင်အားရလိုမှုအတွက် လူသည် အသက်ကိုပင်စွန့်သူဖြစ်သည်။* နိရှေးအလိုအရ ဘဝဆိုသည်မှာ အသက်ရှင်ရပ်တည်ရေးအတွက်ကြိုးစားလုံးပန်းရုန်းကန်နေခြင်းမဟုတ်၊ တန်ခိုးအင်အား (ဝါ) တန်ခိုးအာဏာရအောင် တန်ခိုးအာဏာ ပို၍ပို၍ရအောင် ရုန်းကန် လှုပ်ရှားနေခြင်းသာ ဖြစ်သည်။**

နိရှေးသည် ထာဝရဘုရားတည်ရှိခြင်းကို မယုံကြည်သူဖြစ်သည်။ "ထာဝရဘုရားသည်မရှိတော့၊ ထာဝရဘုရားသည်သေဆုံးခဲ့ပြီ"***ဟုပင် နိရှေးကဆိုသည်။ နိရှေးအလိုအရ ထာဝဘုရားမရှိတော့ပြီ ဖြစ်သည့်အတွက် လူသည် လွတ်လပ်သွားပြီ ထာဝရဘုရား၏ ပြဋ္ဌာန်းစီမံမှုကို ခံနေစရာမရှိတော့ဘဲ လူသည်လုပ်ချင်ရာကို လွတ်လွတ်လပ်လပ်လုပ်နိုင်ပြီဖြစ်သည်။ သို့ရာတွင် ထာဝရဘုရားရှိသည်ဟု ယုံကြည်လာခဲ့သူ၌ ထာဝရဘုရားမရှိတော့ဟု သိမြင်လိုက်ပါက ထိုသူသည် အားကိုး မရှိတော့သကဲ့သို့ ထောက်ရာတည်ရာမဲ့သွားသကဲ့သို့ ခံစားလာနိုင်သည်။ ထာဝရဘုရားတည်ရှိခြင်းကို ယုံကြည်သူ၌ အားကိုးရှိသည်။ မိမိနှင့်တကွ လောကကိုဖန်ဆင်းသူ၊ မိမိကံကြမ္မာကို ဖန်တီးမည့်သူ၊ မိမိအား ကယ်တင်မည့်သူ ထာဝရဘုရားရှိနေသည်ဟူသော ယုံကြည်ချက်ဖြင့် ထာဝရဘုရားအပေါ် အားကိုးပြုနိုင်သည်။ အဆုံး၌ ထာဝရ ကောင်းကင်ဘုံသို့ ရောက်ရှိရေးအတွက် ဦးတည်ချက် မျှော်လင့်ချက်လည်း ရှိသည်။ ထာဝရဘုရား

---

* R. T. Hollingdale, Trans: "F. Nietzsch, Thus spake Zarathustra" p. 137-9

** Life is the struggle for power and over - power.

*** F. Nietzsche, "The Joyful Wisdom".P. 167 f.



www.burmeseclassic.com

www.burmeseclassic.com



ချမှတ်ပေးသော ကိုယ်ကျင့်တရားဆိုင်ရာ စည်းမျဉ်းများလည်းရှိနေသောကြောင့် အကောင်းအဆိုး အမှားအမှန် ပြဿနာတို့ကို အလွယ်တကူ ဖြေရှင်းနိုင်သည်။ သို့ရာတွင် ထာဝရဘုရားမရှိတော့ဟု ဆိုပါက လူသည် အဘယ်သူကို အားကိုးမည်နည်း၊ အဘယ်ဦးတည်ချက် မျှော်လင့်ချက်ကို ထား၍ ဘဝ၌ အသက်ရှင်ရမည်နည်း၊ မည်သည့်အရာတို့ကို မည်ကဲ့သို့ အကောင်းအဆိုးအမှားအမှန် ဆုံးဖြတ်မည်နည်း.... ဤပြဿနာများ လူ၌ ပေါ်လာမည် ဖြစ်သည်။

အထက်ပါကဲ့သို့သော ပြဿနာများ ပေါ်လာမည်ကို နီရှေးကလည်း မြင်သည်။ သို့ဖြစ်၍ နီရှေးက ....“ထာဝရဘုရားဟူသည် စင်စစ်မရှိ၊ လူတို့၏ စိတ်မှ ထင်မြင်ချက်သာ ဖြစ်သည်။ ထာဝရဘုရားသည် လူတို့၏စိတ်တွင် သေဆုံးခဲ့ပြီ၊ ကိုယ်ကျင့်တရားဆိုင်ရာ ဆုံးဖြတ်ချက်များ အမှားအမှန် အကောင်းအဆိုး အယူအဆများအားလုံးသည်လည်း ပျောက်ကွယ်ကုန်ကြပြီ။ တစ်ချိန်က လက်ခံထားသော ထာဝရဘုရားမရှိတော့သည့်အတွက် လူတို့၌ ဦးတည်ချက် ပျောက်သွားပြီ။ ဦးတည်ချက် ပျောက်ခဲ့၍ လူတို့သည် ထင်မိထင်ရာ ရောက်တတ်ရာရာသို့ ဦးတည်နေကြပြီလော၊ မည်သည့်နေရာဆီသို့ လူသည် ဦးတည်လှမ်းလျှောက်ရမည်နည်း” စသည်ဖြင့် ဆန်းစစ်သည်။ ဤသို့ ဆန်းစစ်ပြီးနောက် နီရှေးက“....ထာဝရဘုရားမရှိတော့သဖြင့် လူသည် မိမိကိုယ် မိမိအားကိုးရန်သာ ရှိတော့သည်။ ကိုယ့်ကြမ္မာ ကိုယ်သာ ဖန်တီးရမည်။ လူသည် မိမိကိုယ်သာမိမိကယ်တင်ရမည်။ ထာဝရဘုရားမရှိတော့သောကြောင့် ထာဝရဘုရားနေရာတွင် လူကပင် အစားဝင်ရမည်။ ထိုသို့ အစားဝင်ပြီးနောက် ကိုယ်ကျင့်တရား ဆိုင်ရာ အကောင်းအဆိုး တန်ဖိုးတို့ကိုလည်း လူကပင် ပြင်ဆင်ဖန်တီးရမည် ဖြစ်သည်” ....စသည်ဖြင့် နီရှေးက ဖော်ပြခဲ့၏။ ရှုထောင့်တစ်ခုမှ ကြည့်ပါက ဤဖော်ပြချက်များသည် လူကို တန်ဖိုးထားသော အမြင်၊ လူ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးသော အမြင်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။

နီရှေးအလိုအရ ထာဝရဘုရားမရှိတော့ပြီ ဖြစ်သည့်အတွက် ထိုမရှိတော့သည့် နေရာ၌ နေရာဝင်ယူရမည့် လူသည် မိမိကိုယ်မိမိအစွမ်းဆောင်နိုင်ဆုံးသူ၊ အတော်ဆုံးသူ အထူးချွန်ဆုံးသူ[၁] ဖြစ်အောင် ကြိုးစားရမည်။ အတော်ဆုံး အစွမ်းဆောင်နိုင်ဆုံးသူ ဖြစ်လာလျှင် ထိုသူသည်

---

၁ Superman



www.burmeseclassic.com

www.burmeseclassic.com

ထာဝရဘုရား နေရာ၌ အစားဝင်နိုင်သူဖြစ်သည်။ အစွမ်းဆောင်နိုင်ဆုံး၊ အတော်ဆုံးသူ ဆိုသည်မှာ တန်ခိုးအင်အား ကြီးမားလိုသော ဆန္ဒကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်သူဖြစ်သည်။ အစွမ်းဆောင်နိုင်ဆုံး၊ အတော်ဆုံးသူသည် မည်သူ့ကိုမျှ အားကိုးမပြုဘဲ ကိုယ့်အားကိုယ်ကိုးလျက် ကိုယ့်လမ်းကို ကိုယ်ထွင်၍ လျှောက်နိုင်စွမ်းသူဖြစ်သည်။ လမ်းသစ်ထွင်နိုင်စွမ်း၍ အန္တရာယ်အသွယ်သွယ်ကို ကျော်လွှားနိုင်သူလည်းဖြစ်သည်။

နိရှေးက အင်အားကြီးသူ များသည် မြင့်မြတ်သူများဖြစ်၍ အင်အားနည်းသူများသည် ယုတ်ညံ့သူများဖြစ်သည်။ ကောင်းခြင်း၊ မှန်ခြင်းတို့သည် တန်ခိုးအင်အား ကြီးသူတို့နှင့်သာ သက်ဆိုင်သော တန်ဖိုးများဖြစ်သည်။ အင်အားကြီးသူတို့၏ ကိုယ်ကျင့်တရားများသည်သာ ကောင်းသော၊ မှန်သော ကိုယ်ကျင့်တရားများဖြစ်သည်ဟု ဆိုသည်။

နိရှေးသည် သူကြုံတွေ့နေရသော ခေတ်ကြီးကို ပျက်စီးယိုယွင်းနေသော၊ တရားမျှတမှုမရှိသော ခေတ်ပျက်ကြီးအဖြစ် မြင်သည်။ လူမှုရေးအမှန်တရားများ ပျောက်ဆုံးနေသော ဥရောပလူနေမှုဘဝကို ဆုတ်ယုတ်ပျက်စီးနေသော လူနေမှုဘဝအဖြစ် မြင်သည်။ ထိုအမြင်ကိုမူတည်၍ လူ့လောကကြီးတစ်ခုလုံးသည် သုခကင်းသော၊ အနိဋ္ဌာရုံတရားများ လွှမ်းမိုးနေသော လောကကြီးဖြစ်သည်ဟုမြင်သည်။ နိရှေးက သူ့ခေတ်က ခရစ်ယာန်ဘာသာနှင့် ထိုခရစ်ယာန်ဘာသာအပေါ် အခြေပြုသော ကိုယ်ကျင့်တရားကိုလည်း ယိုယွင်းပျက်စီးနေသော ကိုယ်ကျင့်တရားအဖြစ်မြင်သည်။ ထိုခရစ်ယာန်ဘာသာအပေါ် အခြေခံသော ကိုယ်ကျင့်တရားသည် လူ့ဘဝကို ဘာမျှ အထောက်အကူမပြုနိုင်ဟု ဆိုသည်။ ထိုခရစ်ယာန်ဘာသာအပေါ် အခြေခံသော ကိုယ်ကျင့်တရားသည် သနားကြင်နာခြင်း၊ ကိုယ်ကျိုးစွန့်ခြင်းကို တန်ဖိုးအမြင့်ဆုံးထားသော ကိုယ်ကျင့်တရားဖြစ်သည်။ စင်စစ်ကြင်နာသနားခြင်း၊ ကိုယ်ကျိုးစွန့်ခြင်းတို့သည် ခွန်အားနည်းခြင်း၏ အမှတ်လက္ခဏာပင်ဖြစ်သည်။ လူ့ဘဝတိုးတက်ရေးကို အဟန့်အတားပြုသော သဘောကိုလည်းဆောင်သည်။*

---

* F. Nietzsche, Ecce Homo, (Clifton P. Fadiman, Trans, Newyork, The Modern Library, Inc, 1917), Why I Am a Fatality, Sec ; 7



www.burmeseclassic.com

www.burmeseclassic.com



နီရှေးက …. …. ကြင်နာသနားခြင်း၊ ကိုယ်ကျိုးစွန့်ခြင်း အစရှိသည့် ခွန်အားနည်းသော၊ ပျော့ညံ့သော စိတ်ထားမျိုးတို့ကိုပယ်၍ ဤအနိဋ္ဌာရုံလောကကြီး၌ လူသည် အခြားသူများအပေါ် လွှမ်းမိုးနိုင်အောင်၊ အနိုင်ယူနိုင်အောင်၊တန်ခိုးအင်အားကြီးအောင် ကြိုးစားရမည်ဖြစ်သည်။ အကောင်းအဆိုး အမှန်အမှားတို့ကို ဆုံးဖြတ်ရာ၌ တန်ခိုးအင်အား ကြီးခြင်း၊ မကြီးခြင်းအပေါ် အခြေတည်၍ ဆုံးဖြတ်နိုင်သည်။ အကယ်၍ အပြုအမူတစ်ခုသည် တန်ခိုးအင်အားကြီးမားမှုကို အထောက်အကူပြုလျှင် ယင်းအပြုအမူသည် ကောင်းသော၊ မှန်သောသဘောရှိသည်။ အကယ်၍ အပြုအမူတစ်ခုသည် တန်ခိုးအင်အားကြီးမားမှုကို အထောက်အကူမပြုလျှင် ယင်းအပြုအမူသည် မကောင်းသော၊ မမှန်သော သဘောရှိသည်ဟု ဆိုသည်။

နီရှေးက အစွမ်းဆောင်နိုင်ဆုံးသူ၊ အတော်ဆုံး၊ အထူးချွန်ဆုံးသူဆိုသည်မှာ တန်ခိုးအင်အားကြီးလိုသော ဆန္ဒရှိသူဖြစ်သည်ဟု ဆိုခဲ့၏။ သို့ရာတွင် နီရှေးဖော်ပြသော "တန်ခိုးအင်အားကြီးခြင်း" ဟူသော စကားလုံးနှင့် စပ်လျဉ်း၍ သံသယပွားစရာများ ရှိနေသည်။ တန်ခိုးအင်အားကြီးခြင်းဆိုသည်မှာ နိုင်ငံရေး၌ တန်ခိုးအင်အားကြီးခြင်းလော၊ စီးပွားရေး၌ အောင်မြင်ပြည့်စုံ ချမ်းသာခြင်းကိုပင် တန်ခိုးအင်အားကြီးခြင်းဖြစ်သည်ဟု ဆိုခြင်းလော၊ သို့မဟုတ် လက်ရုံးရည်အားဖြင့် ခွန်အားဗလကြီးခြင်းကိုပင် တန်ခိုးအင်အားကြီးခြင်းဟု ဆိုလိုသလော သို့မဟုတ် နှလုံးရည်အရာ၌ မြင့်မြတ်ခြင်းကိုပင် တန်ခိုးအင်အား ကြီးခြင်းဟု ဆိုမည်လော။ ကိုယ်ကျင့်တရားခိုင်မြဲ၍ မကောင်းမှုတို့အပေါ် အနိုင်ယူနိုင်သောစိတ်၏ ခွန်အားကြီးမြတ်ခြင်းကိုပင် တန်ခိုးအင်အားကြီးမားခြင်းဟု ဆိုလိုသလော၊ အခြားသူတစ်ပါးတို့အား နှိပ်စက်ညှဉ်းပန်း အနိုင်ယူခြင်းဖြင့် ထိပ်တန်းသို့ ရောက်ခြင်း၊ ရာထူးအာဏာရခြင်းကိုပင် တန်ခိုးအင်အားကြီးမားခြင်းဖြစ်သည်ဟု ဆိုလိုသလော …..နီရှေးသည် တန်ခိုးအင်အားကြီးခြင်းနှင့် စပ်လျဉ်း၍ တိတိကျကျ မရှင်းပြခဲ့ချေ။

ဘာထရန်ရပ်ဆယ်လ်ကမူ နီရှေး၏ 'အထူးချွန်ဆုံးလူ' အယူအဆသည် သူရဲကောင်းကိုးကွယ်မှု[၁] ဝါဒကို ရည်ညွှန်းခြင်းဖြစ်သည်။ သူရဲကောင်းဖြစ်ရေးအတွက် တိုက်တွန်းနေရာ ရောက်သည်ဟု ဝေဖန်သည်။

---

၁ the cult of heroism



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆယ်လ်က ဆက်လက်၍.....“အထူးချွန်ဆုံး၊ အတော်ဆုံးလူဖြစ်ရေးတည်းဟူသော သူရဲကောင်းဖြစ်ရေး ဝါဒသည် လူအား ကြောက်ရွံ့စိတ်၊ စိုးရိမ်ထိတ်လန့်စိတ်ကို ပေးနိုင်သောဝါဒသာဖြစ်သည်။ သူရဲကောင်းဖြစ်လာသူတို့သည် မိမိတို့အား သူတစ်ပါးက လျှို့ဝှက်လုပ်ကြံ သတ်ဖြတ်မည်ကို ကြောက်ရွံ့နေကြသည်။ မိမိအနီးဝန်းကျင်ရှိ လူတို့ကို မိမိအား လုပ်ကြံသတ်ဖြတ်မည့်သူများ ဖြစ်လိမ့်မည်ဟူသော မယုံသင်္ကာစိတ်များ သံသယများဖြစ်နေတတ်သည်။ အနီးဝန်းကျင်ရှိလူများကလည်း မိမိတို့အား ဤသို့မယုံသင်္ကာဖြစ်လာမည်ကို မခံလို၊ သံသယအဖြစ် မခံလိုကြချေ။ ဤသို့ မယုံသင်္ကာနှင့် သံသယအဖြစ် မခံရခြင်းသည်လည်း စင်စစ် ကြောက်ခြင်းပင် ဖြစ်သည်။ သို့ဖြစ်ရကား သူရဲကောင်းဖြစ်ရေး အယူအဆသည် လူအားကြောက်ရွံ့စေတတ်သော အယူအဆမျိုးသာ ဖြစ်သည်”* ဟု ဝေဖန်ဖူး၏။ သူရဲကောင်းဖြစ်ရခြင်း၌ စိုးရိမ်ကြောင့်ကြမှု မျိုးစုံဖြင့် စိတ်၏ ငြိမ်းအေးချမ်းသာခြင်း မရှိသောကြောင့် ထိုသူရဲကောင်း ဖြစ်ရခြင်းသည် တန်ဖိုးရှိသော ဘဝမှ ဟုတ်ပါလေ၏လောဟုလည်း သံသယ ပွားဖွယ်ရာရှိ၏။ သူရဲကောင်းဖြစ်ရခြင်း မဟုတ်ဘဲ အခြားသော နယ်ပယ်တို့၌ အထင်ပေါ် ဆုံးသူများ ဖြစ်လာရခြင်း၌လည်း ထိုထင်ပေါ် ကျော်ကြားသော ဘဝမှလျှောကျသွားမည်ကို စိုးရိမ်နေရခြင်း၊ ကြောင့်ကြနေရခြင်း၊ လျှောမကျလေအောင် ထိန်းနေရခြင်းတို့ရှိသော ဘဝမျိုးသည် ကောင်းသော ဘဝမျိုးမှ ဟုတ်ပါလေ၏လောဟုလည်း သံသယဖြစ်ဖွယ်ရှိသည်။

အချို့သော စိတ်ပညာရှင်တို့ အလိုအရ လူ၌ အပြင်းပြဆုံးသော ဆန္ဒမှာ ထင်ပေါ်ကျော်ကြားလိုခြင်း ဖြစ်သည်ဟုဆိုကြသည်။ အကျော်ကြားဆုံး ဖြစ်လာပြန်သည့် အခါ၌လည်း ထိုကျော်ကြားမှုနှင့် ထိုက်တန်အောင် ကြိုးစားရခြင်း၊ ရရှိလာသော ကျော်ကြားမှုမှ လျှောကျမည်ကို ကြောင့်ကြစိုးရိမ်ခြင်း၊ ကျော်ကြားမှုမှ လျှောမကျရအောင် ထိန်းရခြင်းတို့ဖြင့် စိတ်မငြိမ်း မအေးနိုင် ဖြစ်ရ၏။ ထင်ပေါ်ကျော်ကြားသော အနုပညာရှင်သည် ထင်ပေါ်ကျော်ကြားမှုမှ လျှောကျမည်ကို စိုးရိမ်ကြောင့်ကြရ၏။ လျှောမကျရအောင် ပင်ပန်းကြီးစွာထိန်းရ၏။ ထို့အတူ စီးပွားဥစ္စာချမ်းသာသူသည် ထိုချမ်းသာသူအဖြစ်မှ လျှောကျမည်ကို စိုးရိမ်ကြောင့်ကြဖြစ်ရ၏။ လျှောမကျအောင် ကြိုးစားထိန်းသိမ်းနေရ၏။ နယ်ပယ်အများ

---

* Bertrand Russell : “Power : A New Social Analysis,” P. 177



www.burmeseclassic.com

www.burmeseclassic.com



အပြား၌ အထူးချွန်ဆုံး၊ အတော်ဆုံး၊ အချမ်းသာဆုံး၊ တန်ခိုးအကြီးဆုံး အဖြစ်တို့သို့ ရောက်ရခြင်းသည် လူ့ဘဝ၏ အဆုံးစွန်သော၊ အကောင်းဆုံးသော ပန်းတိုင် ဟုတ်ပါလေ၏လောဟု လူသည် သံသယ ပွားရ၏။ နိရှေးကိုယ်တိုင် အထူးချွန်ဆုံးသူ ဖြစ်အောင် အစွမ်းကုန် ကြိုးစားခဲ့လေသလော၊ မကြိုးစားခဲ့လေသလော ဟူသော အချက်ကို တိတိကျကျ မသိရချေ။ သို့ရာတွင် နိရှေးသည် ရူးသွပ်သော ဝေဒနာဖြင့် ဘဝဆုံးခဲ့ရသူ ဖြစ်သည်။ ထိုသို့ ရူးသွပ်သွားရခြင်းသည် အတော်ဆုံး အထူးချွန်ဆုံးသူဖြစ်အောင် ကြိုးစားမှု လွန်ခဲ့ခြင်းကြောင့်ပေလော၊ သို့တည်းမဟုတ် သူ၏ အတွင်းသန္တာန်မှ တန်ခိုးကြီးလိုခြင်းတည်းဟူသော တဏှာလောဘကပင် သူ့အား ရူးသွပ်သွားအောင် ဖန်တီးလိုက်ခြင်းကြောင့်ပေလောဟု စဉ်းစားစရာရှိ၏။ တဏှာလောဘနှင့် ယှဉ်သော အလိုဆန္ဒသည် လူအား ငြိမ်းအေးစေခြင်းထက် ဖောက်ဖောက်ပြန်ပြန်ဖြစ်အောင် ဖန်တီးမည်သာဖြစ်လေသည်။

နိရှေးသည် တန်ခိုးအာဏာ ရရှိရေးကို လူ့ဘဝ၏ ရည်မှန်းချက် ပန်းတိုင်အဖြစ် ယူဆခဲ့ဟန်ရှိသော်လည်း "တန်ခိုးအာဏာ ရရှိရေးသည် အဆုံးပန်းတိုင်[၁] မဟုတ်ချေ။ အခြားအခြားသော ရည်မှန်းချက် ပန်းတိုင်များကို ရရှိရေးအတွက် အသုံးချဖို့ရန် အတွက်သာ တန်ခိုးအာဏာကို ရလိုကြခြင်းဖြစ်သည်။ သို့ဖြစ်သောကြောင့် တန်ခိုးအာဏာ ဆိုသည်မှာ ရည်မှန်းချက်ပန်းတိုင် တစ်ခုခုအတွက် နည်းလမ်း[၂]မျှသာ ဖြစ်သည်" * ထင်ပေါ် ကျော်ကြားလိုခြင်းသည် စင်စစ် ပန်းတိုင်မဟုတ်ဘဲ မိမိအား လူအများက ဂရုစိုက်ခြင်း၊ အထင်ကြီးခြင်းကို ခံလိုမှုသည်သာ ပန်းတိုင်ဖြစ်သည်။ ပစ္စည်းဥစ္စာ ချမ်းသာလိုခြင်းသည် ပန်းတိုင်မဟုတ်ဘဲ စင်စစ်ထိုပစ္စည်းဥစ္စာဖြင့် အာရုံငါးပါး၌ သာယာခံစားလိုမှုသည်သာ ပန်းတိုင်ဖြစ်သည်။ ထို့အတူ တန်ခိုးအာဏာကြီးလိုခြင်း (ဝါ) တန်ခိုးအာဏာရရေးသည် ရည်ရွယ်ချက် ပန်းတိုင်မဟုတ်ဘဲ ထိုတန်ခိုးအာဏာဖြင့် အခြား အခြားသော လိုအင်တို့ကို ဖြည့်ရန် လုပ်ဆောင်စရာ ရှိသည်တို့ကို လုပ်ဆောင်ရန် အတွက် သည်သာ ရည်ရွယ်ချက် ပန်းတိုင် ဖြစ်သည်ဟု အချို့က

---

၁ end ၂ means

* Herold, " H. Titus, Ethic for Today " P.165



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်ကြ၏။ သို့ဆိုပါက နိရှေးရည်ညွှန်းသော တန်ခိုးအာဏာကြီးလိုမှုသည် မည်သို့သော ရည်ရွယ်ချက်ပန်းတိုင် ရရှိရေး ရောက်ရှိရေးအတွက် ရည်ညွှန်းသော တန်ခိုးအာဏာကြီးလိုမှု ဖြစ်သနည်းဟု မေးစရာရှိလာပြန်သည်။ ထိုမှတစ်ဆင့် တိုတောင်းလှသည့် လူ့ဘဝ၌ အချည်းနှီးအသက်ရှင်ခြင်း မဖြစ်ရအောင် အဘယ်သို့သော ရည်ရွယ်ချက်ပန်းတိုင်မျိုးကို အကောင်းဆုံး အမှန်ဆုံးသော ရည်ရွယ်ချက်ပန်းတိုင်ဟု ယူဆ၍ ယင်းသို့ ရအောင် ရောက်အောင် ကြိုးစားရမည်နည်း ဟုလည်း မေးမြန်းနိုင်ပြန်သည်။ နိရှေး အနေဖြင့် "ကိုယ်ထင်ရာကောင်းသည်၊ မှန်သည်" ဟု ဆိုလေမည်လော မပြောတတ်ချေ။ အဘယ်ကြောင့်ဆိုသော် ....

နိရှေးက သူ့အလိုလို စမ္မဓိဋ္ဌာန်ကျကျ မှန်နေသော အမှန်တရားမျိုးသည် လောက၌ မရှိ၊ အမှန်တရားသည် ပုဂ္ဂိုလ်တစ်ဦးစီ အပေါ်တွင် မူတည်နေသည်။ ပုဂ္ဂိုလ်တစ်ဦးစီ၏ အမြင်ရှုထောင့်များ အပေါ်တွင်သာ မူတည်နေသည်ဟု ဖော်ပြသောကြောင့်ပင်တည်း။

နိရှေးက .... လူတို့သည် သူ့ရှုထောင့်နှင့်သူ ကြည့်၍ အမှန်တရားကို ပြောနေခြင်းသာဖြစ်သည်။ သူ့ရှုထောင့်နှင့်သူ မှန်နေကြမည်သာဖြစ်သည်။ လောကဆိုသည်မှာလည်း အမြင်ရှုထောင့်နှင့် ဆက်နေသောလောကဖြစ်သည်။ ထိုလောက၌ စနစ်ဟူ၍ ဘာမျှမရှိ။ စနစ်မရှိသော လောကကြီးကို လူတို့က ကိုယ့်ရှုထောင့်နှင့်ကိုယ် ပိုင်းဖြတ်ရှုမြင်သုံးသပ်ဆုံးဖြတ်နေကြခြင်း ပင်ဖြစ်သည်။ လူချင်းမတူသည့်အလျောက် အမြင်ရှုထောင့်တို့သည်လည်း တူကြမည်မဟုတ်။ ရှုထောင့်ပေါင်းစုံ ရှိနေမည်သာ ဖြစ်သည်။ အမှန်တရားဆိုသည်မှာ ရှုထောင့်တစ်ခုမှ ရှုမြင် သုံးသပ် ဆုံးဖြတ်ထားချက်မျှသာ ဖြစ်သည်ဟု ဆိုသည်။ သို့ဆိုပါက ရှုထောင့်မျိုးစုံနှင့် သုံးသပ်ဆုံးဖြတ်မှုမျိုးစုံ ရှိနေလျှင် အမှန်တရားသည်လည်း အမျိုးမျိုး ရှိနေမည်ဖြစ်သည်။ ထိုအခါ မိမိအကြိုက်၊ မိမိအစွဲတို့ဖြင့် မိမိအတ္တကျိုးအတွက်သာ ကြည့်သော အမြင်သည်လည်း မှန်သောအမြင် ဖြစ်သည်ဟု ယူဆရတော့မည်ကဲ့သို့ ဖြစ်လာသည်။ "ငါ့လှေ ငါထိုး ပဲခူးရောက်ရောက်၊ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်" ဟူသော စိတ်မျိုးဖြင့် မိမိထင်ရာကို လုပ်သော အပြုအမူမျိုးသည်လည်း မှန်သောအပြုအမူပင်ဖြစ်သည် ဟု ပြောရမလိုဖြစ်လာသည်။ တန်ခိုးအာဏာကြီးလိုဆန္ဒဖြင့် နယ်ချဲ့ခြင်းများ၊ လူမျိုးတို့အား နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်ခဲ့ခြင်းများနှင့် တကွ ရက်စက်မှု



www.burmeseclassic.com

www.burmeseclassic.com



မိုက်မဲမှုပေါင်းစုံကို ပြုခဲ့သည့် ဟစ်တလာ[၁]၏ လုပ်ရပ်များကိုလည်း မှန်သော၊ ကောင်းသော အပြုအမူများဖြစ်သည်ဟု ပြောရမည်ကဲ့သို့လည်း ရှိသည်။ * ထို့အတူ.... ရည်ရွယ်ချက်ပန်းတိုင် ထားချင်ရာကို ထား၊ကိုယ်ကောင်းသည်၊ မှန်သည်ထင်သော ရည်ရွယ်ချက်ပန်းတိုင်သည် ကောင်းသော မှန်သော ပန်းတိုင်သာဖြစ်သည်။ ထိုရည်ရွယ်ချက်ပန်းတိုင်ကို ရရှိရေး၊ ရောက်ရေးအတွက် ဖြစ်နိုင်သည့်နည်းတို့ဖြင့် လုပ်သာလုပ်.... ထိုသို့လုပ်သမျှသည် "ကောင်းတာမှန်တာချည်းဖြစ်သည်" ဟုလည်း ယူဆလာနိုင်သည်။ ထိုသို့ ရည်ရွယ်ချက်ပန်းတိုင်ကို ရရန် ရောက်ရန်အတွက် "ဘယ်သူတွေ ဘာပဲဖြစ်ဖြစ် တန်ခိုးအာဏာရအောင်သာ လုပ်၊ ထိုလုပ်သမျှတို့သည် ကောင်းသည်မှန်သည်" ဟုလည်း ယူဆစရာ ဖြစ်လာနိုင်လေသည်။

နီရှေးသည် ဓမ္မဓိဋ္ဌာန် ကျမ္မသဘောကို ပစ်ပယ်ခဲ့သည်။ တစ်နည်းအားဖြင့် ဆင်ခြင်ခြင်းတရားကို ပစ်ပယ်ခဲ့သည်။ ထိုသို့ပစ်ပယ်ပြီးနောက် စိတ်ဆန္ဒကို ရှေ့တန်းတင်ခဲ့သည်။ ထိုသို့ရှေ့တန်းတင်ရင်း နီရှေးသည် လူ၏ တန်ဖိုး၊ လူ၏ အခန်းကဏ္ဍ၊ လူ၏ဂုဏ်သိက္ခာကို မြှင့်တင်ခဲ့သည်မှာ မှန်ပါ၏။ သို့ရာတွင် ဓမ္မဓိဋ္ဌာန်ကျမ္မကို ပစ်ပယ်၍ လူ၏စိတ်ဆန္ဒကို ရှေ့တန်းတင်သည့် အခါ အတ္တနောမတိ ထင်မိထင်ရာစွဲယူ၍ ထင်မိထင်ရာတို့ကို ပြုလုပ်သော ဘဝမျိုးသို့ရောက်ဖို့ အခွင့်အလမ်း များလျက်ရှိ၏။ တဏှာ လောဘတို့၏ ကျေးကျွန်ဖြစ်သွားဖို့ အခွင့်အလမ်း များလျက်ရှိ၏။ ဤတွင်....စိတ်ဆန္ဒကို ရှေ့တန်းတင်၍ စိုးရိမ်ကြောင့်ကြ များစွာဖြင့် ကြိုးစားရုန်းကန်ရခြင်း၊ အသက်ရှင်ရခြင်းကို မကျေနပ်နိုင်ဖွယ်ရာအဖြစ် လူသည် မြင်နေမိပြန်သည်။ ဆင်ခြင်ခြင်းတရားကို ပစ်ပယ်ကာ အလိုဆန္ဒကို ရှေ့တန်းတင်၍ အသက်ရှင်ခြင်း၊ လှုပ်ရှားရုန်းကန်ခြင်းသည် မှန်ကန်ပါ၏လော၊ မည်ကဲ့သို့ အသက်ရှင်နေခြင်းသည် ကောင်းသော မှန်သော အသက်ရှင်နေခြင်း ဖြစ်လေသနည်း။ မည်သည့်အရာကို အခိုင်အမာအဖြစ် စွဲကိုင်ရမည်နည်း။ လူ့ဘဝ၌ "အမှန်"ဟူ၍ ဆွဲကိုင် ထောက်တည်နိုင်သော အရာကော ရှိပါသေး၏လော....စသည့် မရေမရာ သံသယများသည်လည်း လူ၌ဖြစ်လာရပြန်သည်။

---

၁ Hitler ( 1889 - 1945 )

* ဟစ်တလာအား နီရှေး၏ အတွေးအခေါ်များက လွှမ်းမိုးခဲ့သည်ဟု သုတေသီအချို့က ယူဆကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နိရှေး အစရှိသော အနောက်တိုင်းမှ ဒဿနပညာရှင် အများအပြားသည် ဆင်ခြင်ခြင်းတရားကို ပစ်ပယ်ကြသည်။ အချို့က ဆင်ခြင်ခြင်းတရားကို ပစ်ပယ်ပြီးနောက် လူ၏ ခံစားမှုများကို ရှေ့တန်းတင်ကြသည်။ ဆင်ခြင်ခြင်းတရားထက် ခံစားမှုများက အရေးပါသည်ဟု ဆိုကြသည်။ ထိုသူများသည် ခံစားမှုများဖြင့် "ဘဝ"ကို ကြည့်ကြသည်။ ထိုသို့ ကြည့်သည့်အခါ လူ့"ဘဝ"၌ အနှစ်သာရဟူ၍ ဘာမျှမတွေ့မြင်ရဘဲ ဖြစ်နေကြသည်။ ထိုအခါ လူ့ဘဝဆိုသည်မှာ အချည်းနှီးတည်း၊ အဓိပ္ပာယ်မဲ့သာတည်းဟု ထင်မြင်ယူဆလာကြသည်။ ထိုပုဂ္ဂိုလ်များ၏ ထင်မြင်ယူဆချက်တို့ကို ခံယူမိသူသည် တွေဝေခြင်းအမျိုးမျိုးအတွင်း၌ ဆောက်တည်ရာမရ ဖြစ်နေလိမ့်မည်သာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

## လူ့ဘဝအပေါ် ထားရှိသော ဘဝဖြစ်တည်မှု ပဓာနဝါဒီတို့၏ အယူအဆသဘောထားများ

ဘဝဖြစ်တည်မှုဝါဒီများသည် ဆင်ခြင်ခြင်းတရားကို ပစ်ပယ်၍ လူ၏ခံစားမှုများကို ရှေ့တန်းတင်ကြသူများ ဖြစ်သည်။ အချို့ဘဝဖြစ်တည်မှု ပဓာန ဝါဒီများက ဆင်ခြင်ခြင်းတရားကို ပစ်ပယ်၍ ထာဝရ ဘုရားကို ဘဝ၏ အားကိုးရာအဖြစ်လက်ခံကြသည်။ အချို့က ထာဝရဘုရားကိုပါ မယုံကြည်တော့ဘဲ အားကိုးရာအဖြစ်မှ ပစ်ပယ်လိုက်ကြသည်။ အချို့က ဆင်ခြင်ခြင်းတရားနှင့် ထာဝရဘုရားကိုသာမက သိပ္ပံပညာကိုလည်းကောင်း၊ ဓလေ့ ထုံးစံများကိုလည်းကောင်း၊ လူမှုရေးနှုန်းစံ တန်ဖိုးများကိုလည်းကောင်း၊ လူမှုအဖွဲ့အစည်းကိုလည်းကောင်းပစ်ပယ်ကျောခိုင်းလိုက်ကြသည်။ ထိုအခါ လောက၌ အားကိုးရာယုံကြည်ရာမရှိတော့ဘဲ လွတ်လွတ်လပ်လပ်ဖြစ်သွားသည်။ ဤသို့ လွတ်လွတ်လပ်လပ် ဖြစ်သွားရခြင်းကပင် ထိုဘဝဖြစ်တည်မှုပဓာနဝါဒီအား "လွတ်လပ်နေရခြင်းဒုက္ခ" ကိုပေးပြန်သည်။ အထီးကျန်သကဲ့သို့ ဖြစ်နေရသော "အထီးကျန်ဒုက္ခ" ကိုလည်း ခံစားလာရသည်။ အားငယ်ခြင်းဝေဒနာကိုလည်း ခံစားနေရသည်။ ဘဝဖြစ်တည်မှု ဝါဒီအချို့သည် "ဘဝ"ဟူသော အရာကို ခံစားကြည့်သည့်အခါ ထို"ဘဝ" ၌ အချည်းနှီးသဘာဝမှ လွဲ၍ အခြားအခြားသော ထူးထွေဆန်းပြားလေးနက်သော သဘောတို့ကို မတွေ့ရဘဲဖြစ်နေသည်။ လူသည်သေခြင်းတရားဆီသို့ အဓိပ္ပာယ်မဲ့ ပင်ပန်းခက်ခဲစွာ သွားဖို့ရန်အတွက် မွေးဖွားလာသူမျှသာ ဖြစ်သည်ဟုလည်း ခံစားမိပြန်သည်။ လူကိုထည်ဝါခံ့ညားစွာဖြင့် လူ့လောကသို့ ရောက်လာသူအဖြစ် မမြင်နိုင်ဘဲလည်း ရှိနေပြန်လေသည်။

(ပုံမအကြိမ်)

www.burmeseclassic.com

အခန်း ( ၅ )

## အဓိပ္ပာယ်မရှိခြင်း၌ အဓိပ္ပာယ်ဖော်လူရန် ကြိုးစားခြင်း

နီရှေး၏ လူကိုပဓာနပြုသော အယူအဆ၊ လူကို တန်ဖိုးထားသော အမြင်တို့ကို ဘဝဖြစ်တည်မှု ပဓာနဝါဒီများ[၁] (အတ္တဘဝအမှန် ဝါဒီများ)က လက်ခံကြသည်။ ဘဝဖြစ်တည်မှု ပဓာနဝါဒီများသည် လူ့အဖြစ်၊ လူ့ဘဝကို ဗဟိုပြု၍ လေ့လာကြသည်။ သက်ရှိအနေဖြင့် ဤကမ္ဘာလောကကြီးသို့ ရောက်ရှိဖြစ်တည်လာသော လူကို အဓိကထား၍ စူးစမ်းကြသည်။ ထို့ကြောင့် ၎င်းတို့၏ ဒဿနကို လူဗဟိုပြု ဒဿန[၂] ဟု ခေါ်ကြခြင်း ဖြစ်သည်။ သို့ရာတွင် လူကိုဗဟိုပြုလေ့လာရင်းမှ လူ့အဖြစ် လူ့ဘဝအပေါ် မကျေမနပ်နှင့် ခံစားမှု အမျိုးမျိုးဖြစ်နေကြပြန်သည်။ လူ့အဖြစ် လူ့ဘဝသို့ ရောက်လာရခြင်း၏ အနက်အဓိပ္ပာယ်ကိုလည်း မသိနိုင် ဖြစ်နေကြပြန်သည်။ ဘဝဖြစ်တည်မှု ပဓာနဝါဒီတစ်ဦးဖြစ်သူ ကဲကီဂတ်[၃]က တစ်နေရာ၌ အောက်ပါကဲ့သို့ ဖော်ပြထား၏။

"…. တစ်စုံတစ်ဦးသောသူသည် မည်သည့်မြေပေါ်၌ မိမိ ရောက်ရှိနေကြောင်း သိရန် မြေကြီးကို လက်ဖြင့်ထိုးနှိုက်၍

---

၁ Existentialists ၂ man-center philosophy
၃ Soren Kierkegard ( 1813 - 1855 )



www.burmeseclassic.com

www.burmeseclassic.com



အနံ့ခံ စူးစမ်းကြည့်၏။ ကျွန်ုပ်သည်လည်း ဘဝတည်းဟူသော ဖြစ်တည်ခြင်းအတွင်းသို့ ထိုးနှိုက်စူးစမ်းကြည့်၏။ သို့ရာတွင် မည်သို့သော အနံ့ကိုမျှမရ။ သို့ဖြစ်၍ မည်ကဲ့သို့သော ဘဝမျိုးဖြစ်သည်ဟူ၍ ကျွန်ုပ်မသိ၊ ကျွန်ုပ်ရောက်ရှိနေသောဘဝ၌ မည်သည့် အနက်အဓိပ္ပာယ်ရှိသည်ကိုလည်း ကျွန်ုပ်မသိ၊.. ငါသည် အဘယ်မှာနည်း၊ ငါကား၊ အဘယ်သူနည်း၊ ငါသည် ဤအရပ်–ဤလောကကြီးသို့ လူအဖြစ်ဖြင့် မည်သို့မည်ပုံ ရောက်လာခဲ့လေသနည်း၊ လောကကြီးဟု ခေါ်သော အရာကား အဘယ်သို့သော အရာဖြစ်သနည်း၊ လောကဆိုသည်မှာ မည်သို့သော အနက်အဓိပ္ပာယ်ရှိသနည်း....

ဤလောကကြီးသို့ လူအဖြစ်ဖြင့် ငါရောက်လာအောင် ငါ့အား မည်သူက ဖြားယောင်းသွေးဆောင်ခဲ့ပြီးနောက် ငါ့အား ဤအရပ်၌ ထားရစ်ခဲ့လေသနည်း၊ ဤလောကကြီးသို့ ငါလာချင်သည်၊ မလာချင်သည်ကို ငါ့အား မတိုင်ပင်၊ မမေးမြန်း၊ မဆွေးနွေးဘဲ အဘယ့်ကြောင့် ဤလောကကြီးသို့ ငါ့ကို ပို့လိုက်ရသနည်း။... ဤလောကကြီး၏ အမူအကျင့် ဓလေ့ထုံးစံတို့နှင့် ငါ့ကို ကျွမ်းဝင်ရင်းနှီးအောင် ကြိုတင်ပြီး လုပ်ဆောင်မပေးခဲ့ဘဲနှင့် ဤတစိမ်းဆန်သည့် လောကကြီးသို့ အဘယ်ကြောင့် ငါ့အား အတင်းအကျပ်ပို့ဆောင်ရသနည်း။ .....ငါသည် ဤလောကကြီး အပေါ် အဘယ်သို့လျှင် စိတ်ဝင်စားရ မည်နည်း။ ဤလောကကြီး၌ ငါ့ကို စိတ်သောကရောက်အောင် တမင် ဖန်တီးလိုက်ခြင်းပင် မဟုတ်ပါလော။ ဤလောကဇာတ်ခုံကြီး၌ မလွဲမသွေ ငါပါဝင် လှုပ်ရှားရမည်ဆိုလျှင်.... ငါ့ကို ညွှန်ကြားသင်ပြမည့်သူကား အဘယ်မှာနည်း။ ထိုသူကား အဘယ်လိုပုဂ္ဂိုလ်မျိုးနည်း...." * စသည်ဖြင့် ဖော်ပြထား၏။

---

* Soren Kierkegard, " Repetition " p. 112



www.burmeseclassic.com

www.burmeseclassic.com



ဘဝဖြစ်တည်မှု ပဓာနဝါဒီတစ်ဦးပင် ဖြစ်သည့် ပါစ်ကယ်လ်[၁] ကလည်း "ကျွန်ုပ်သည် ဤလောကသို့ ရောက်လာရခြင်းအတွက် ထိတ်လန့်လျက်ရှိသည်။ ဤလောကသို့ ရောက်လာအောင် မည်သူက ကျွန်ုပ်အား ပို့ဆောင်လိုက်သနည်း။ မည်သူ၏ အမိန့်၊ မည်သူ၏ ညွှန်ကြားချက်ဖြင့် ဤအချိန် ဤနေရာတို့ကို ကျွန်ုပ်အတွက် ကန့်သတ်ချမှတ်ပေးလိုက်သနည်း။ လူ့အဖြစ်လူ့ဘဝကို ရလာ ရောက်လာခြင်းသည် အမှတ်မထင် ရှောင်တခင် ရလာ ရောက်လာရသည် ဆိုပါက ကျွန်ုပ်၌ တာဝန်ဝတ္တရားရှိသည်ဟု အဘယ်သို့လျှင် ယူဆနိုင်ပါမည်နည်း"* ဟု လူ့အဖြစ် လူ့ဘဝ၏ အနက်အဓိပ္ပာယ်ကို စူးစမ်းသည်။

လူနှင့် လူ့ဘဝ ဖြစ်စဉ်အပေါ် အလေးပေး လေ့လာကြသော ဘဝဖြစ်တည်မှု ဝါဒီများသည် ဤကမ္ဘာလောကသို့ လူအဖြစ်ဖြင့် ရောက်ရှိဖြစ်တည်လာသော "ဘဝ" အပေါ် နားမလည်နိုင်ဖြစ်ကြသည်။ "ကျွန်ုပ်သည် အခြားခေတ်ကာလ၊ အခြားနိုင်ငံအတွင်း၌ မမွေးဖွားမလာဘဲ၊ ဤနိုင်ငံ ဤခေတ်ကာလတွင်မှ အဘယ့်ကြောင့် မွေးဖွားကာ လူဖြစ်လာရသနည်း။ ကျွန်ုပ်က လိုလိုလားလားဖြင့် လာချင်ပါသည်ဟု ရွေးချယ်ခြင်းမပြုသော အိမ်ထောင်စုအတွင်းသို့ အိမ်သားတစ်ဦးအဖြစ် အဘယ့်ကြောင့် ဖြစ်လာရပြီးနောက် ကျွန်ုပ်လိုလားသော စရိုက်လက္ခဏာတို့ကိုမူ မရရှိဘဲ ကျွန်ုပ်မလိုလားသော စရိုက်လက္ခဏာတို့ကိုကား အဘယ့်ကြောင့်ရလာခဲ့သနည်း .... ဟူသော ပြဿနာတို့ကို မည်သူမျှ ဖြေရှင်းချက်မပေးနိုင်ချေ။ ရူပဗေဒဆိုင်ရာ၊ ဇီဝဗေဒဆိုင်ရာ၊ စိတ်ပညာဆိုင်ရာ၊ လူမှုရေးဆိုင်ရာ အချက်အလက်တို့ကို အထက်ပါပြဿနာများအား ဖြေရှင်းရန်အတွက် အထောက်အထား ယူနိုင်သော်လည်း ယင်းအထောက်အထားများသည် ကျွန်ုပ်တို့ လက်လှမ်းမမီနိုင်သော၊ ပို၍ အခြေခံကျသော အကြောင်းတရားများနှင့် ဆက်စပ်လျက်ရှိနေပြန်သည်ကို တွေ့ရမည်ဖြစ်သည်။"**

ကဲကီဂတ်က လူ့ပြဿနာတို့ကို ဆင်ခြင်ခြင်းတရားဖြင့် ဖြေရှင်း၍ မရနိုင်ဟု ယူဆခဲ့သည်။ ဤနေရာ၌ ကဲကီဂတ် ဆိုလိုသော ဆင်ခြင်ခြင်းတရားမှာ ဒြပ်မဲ့ဆင်ခြင်မှု (ဝါ) ဒြပ်မဲ့တွေးခေါ်မှု[၂] ကို ဆိုလိုပါသည်။

---

၁ Blaise Pascal (1623 - 1662)

* Paul Roubiczek, "Existentialism For and Against" P. 57

** Ibid., P. 57

၂ abstract thinking



www.burmeseclassic.com

www.burmeseclassic.com



ကဲကီဂတ်သည် နီရှေးကဲ့သို့ပင် ဟေဂယ်၏ ဆင်ခြင်ခြင်းတရား (ဝါ) အနန္တဝိညာဉ်ကို ဆန့်ကျင်ငြင်းပယ်သူ ဖြစ်ရကား ဆင်ခြင်ခြင်းတရားသည် လူ့ဘဝအတွက် အားကိုးရာမဟုတ်ဟု ယူဆကာ ပစ်ပယ်ခဲ့သူ ဖြစ်သည်။ ကဲကီဂတ်က ဆင်ခြင်မှုအပေါ် အခြေပြုသော သချ်ာပညာသည် ဘဝ ပြဿနာများကိုဖြေရှင်းပေးနိုင်ခြင်းမရှိ၊ ဘဝဖြစ်လာပြီးနောက် သေခြင်း တရားကို မလွဲမသွေ ရင်ဆိုင်ရမည့်လူအား သချ်ာပညာက မည်သို့သော အကူအညီကိုမျှ ပေးနိုင်ခြင်းမရှိဟု ဆိုသည်။

ကဲကီဂတ်အလိုအရ လူ့ဘဝ လူ့အဖြစ်သည် အဓိပ္ပာယ်ကင်းမဲ့သည်။ လူ့ဘဝ လူ့ဖြစ်စဉ်သည် ယုတ္တိမဲ့သော၊ ရှေ့နောက်ညီညွတ်မှု ကင်းမဲ့သော သဘောကိုဆောင်သည်။ သို့ရာတွင် ဤကဲ့သို့သော ယုတ္တိမတန်ဖြစ်နေခြင်း၊ ရှေ့နောက်မဆီလျော်ဘဲ အဓိပ္ပာယ်မဲ့နေခြင်းသည်ပင် ဘဝ၏ အမှန်သဘာဝ ဖြစ်သည်။ ဤသို့ယုတ္တိမတန်သော အဓိပ္ပာယ်မရှိသော ဘဝ၌ လူဖြစ်နေ ရခြင်းကြောင့် လူသည် မသာယာဖွယ်သော စိတ်ဝေဒနာများကို ခံစား လာရသည်။ မလွဲမသွေ ရင်ဆိုင်ရမည့် သေခြင်းတရားဆီသို့ တရွေ့ရွေ့ သွားနေသော လူ့ဘဝ၌ မည်သို့သောအရာကို အခိုင်အမာ ထောက်ရာ တည်ရာ အားကိုးရာ ဖြစ်သည်ဟု လူသည်မသိဘဲဖြစ်လျက်ရှိသည်။ သေဖို့ရန် အတွက် မွေးဖွားလာရခြင်း သဘောကို ဆောင်လျက်ရှိသော ဘဝ၌ အနှစ်သာရ တစ်စုံတစ်ရာ၊ အနက်အဓိပ္ပာယ်တစ်စုံတစ်ရာ ရှာမရနိုင်အောင် ဖြစ်လျက်ရှိသည်။ ထိုအခါ လူ့ဘဝလူ့အဖြစ်ကို အချည်းနှီးသော နတ္ထိ သဘာဝ[၁] အဖြစ် ထင်မြင်လာသည်။ လူ့ဘဝ လူ့အဖြစ်၌ အဓိပ္ပာယ် မည်မည်ရရ မရှိဘဲ နတ္ထိသဘာဝကို ရင်ဆိုင်ရင်း အချည်းနှီး အသက် ရှင်နေရသောအဖြစ်ကို ရွံ့ကြောက်သော ဝေဒနာ[၂] သည်လည်း လူ၌ ဖြစ်လာသည်။ မလွဲမသွေသေရမည့် လူ့အဖြစ်၌ မျှော်လင့်စရာကင်းမဲ့သည့် ဝေဒနာ[၃] ကိုလည်း လူသည် ခံစားလာရသည်။

ကဲကီဂတ်က ထိုကဲ့သို့ဘဝ၏ မသာယာဖွယ် အချည်းနှီးသဘောနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ထာဝရဘုရားဟူသည် ရှိသည်။ ထိုထာဝရဘုရား သည် အကြွင်းမဲ့ အလုံးစုံကောင်းမြတ်သော သဘောကို ဆောင်သည်။ အဆုံးစွန်သော အန္တိမအစစ်အမှန် သဘောကိုလည်း ဆောင်သည်။ ထိုထာ

---

၁ nothingness ၂ dread ၃ despair



www.burmeseclassic.com

www.burmeseclassic.com



ဝရ ဘုရားထံသို့ ရောက်လျှင် လောက၌တွေ့ကြုံခံစားရသော မနှစ်မြို့ဖွယ် ဘဝ ဝေဒနာအထွေထွေမှ လွတ်မြောက်နိုင်သည်ဟုဆိုသည်။ ဤတွင် လူသည် မနှစ်မြို့ဖွယ် ဘဝဝေဒနာ အထွေထွေ၊ ဒုက္ခအထွေထွေမှ လွတ်မြောက်နိုင်သော ထာဝရဘုရားထံ ရောက်ရှိရေးကို ရွေးချယ်မည်လော၊ သို့တည်းမဟုတ် အချည်းနှီး အဓိပ္ပာယ်မဲ့ သဘောတို့နှင့် ရင်ဆိုင်နေရသော ဘဝမျိုးနှင့်ပင် ဆက်လက်နေဖို့ရန် ရွေးချယ်မည်လောဟူသော ပြဿနာကို ရင်ဆိုင်လာရသည်။ တစ်နည်းအားဖြင့် ထာဝရဘုရားကို ရွေးမည်လော၊ သို့တည်းမဟုတ် ယခုကဲ့သို့ပင် အချည်းနှီးဘဝတွင် နေဖို့ကို ရွေးမည်လောဟူသော ရွေးစရာ ပြဿနာကို ရင်ဆိုင်လာရသည်။ ကဲကီဂတ် အလိုအရ ထာဝရဘုရားနှင့် အချည်းနှီးဘဝတည်းဟူသော ရွေးစရာ ၂ မျိုးအပြင် အခြားရွေးစရာလည်းမရှိ၊ လူသည် ထိုရွေးစရာ ၂မျိုးအနက် တစ်မျိုးမျိုးကိုရွေးရတော့မည်သာ ဖြစ်သည်။ သို့ရာတွင် ထိုရွေးချယ်စရာ နှစ်မျိုးအနက် မည်သည့်အမျိုးအစားကို ရွေးချယ်လိုက်ပါက၊ မည်သည်ကို ရွေးချယ်လိုက်ပါက လူ၌ စိတ်ချမ်းသာမှုရအောင်၊ အောင်မြင်မှုရမည် ဟူ၍ကား မည်သူကမျှ အာမခံချက်မပေးနိုင်။ လူသည် ဤကဲ့သို့ အာမခံချက်မရှိဘဲ ရွေးယူရမည့် ပြဿနာကို ရင်ဆိုင်ရင်း မျှော်လင့်ချက်မဲ့နေသော ဝေဒနာကိုပါခံစားနေရသူဖြစ်သည်။ ဤသို့သော စိတ်ပျက်ဖွယ် ဝေဒနာတို့မှ လွတ်မြောက်ရန် နည်းလမ်းတစ်ခုသာရှိတော့သည်။ ယင်းမှာ အခြားမဟုတ်၊ မိမိဘဝကိုထာဝရဘုရားအား အကုန်ပုံအပ်ပြီး ယုံလိုက်ဖို့ပင်ဖြစ်သည်ဟု ဆိုသည်။

ကဲကီဂတ်က ....ထာဝရဘုရားတည်ရှိမှုကို လက်ခံသော ခရစ်ယာန်ဘာသာသည် (ဝေဖန် စိစစ်ခြင်းတည်းဟူသော ဆင်ခြင်မှုရှုထောင့်မှ ကြည့်ပါက) ယုတ္တိမရှိသော အဓိပ္ပာယ်မရှိသော ဘာသာဖြစ်သည်။ သို့ရာတွင် "ဤသို့ ယုတ္တိမရှိမှု အဓိပ္ပာယ် မရှိမှုကြောင့်ပင် ခရစ်ယာန် ဘာသာသည် မှန်ကန်ခြင်းဖြစ်သည်။"* (ဆင်ခြင်မှုရှုထောင့်မှ ကြည့်နေပါက) ထာဝရဘုရား တည်ရှိမှုသည် အဓိပ္ပာယ်မရှိသော ယုတ္တိမတန်သော တည်ရှိမှုပင်ဖြစ်သည်။ ထို့ကြောင့် (ဆင်ခြင်မှုကိုဖယ်၍) မိမိဘဝတစ်ခုလုံးကို ထာဝရဘုရားအား ပုံအပ်ကာ အကြွင်းမဲ့ ယုံလိုက်ဖို့ လိုသည်။ "ယုံကြည်သော

---

* Christianity is true because it is absurd.



www.burmeseclassic.com

www.burmeseclassic.com



အပြုအမူ ဖြစ်ဖို့ရန်မှာ မျက်စိတို့ကိုပိတ်၍ ထိုအဓိပ္ပာယ်မဲ့ခြင်း အတွင်းသို့ စိတ်ချလက်ချ ခုန်ဆင်းလိုက်ဖို့ပင် ဖြစ်သည်။ "*

ကဲကီဂတ်၏အမြင်ကို လက်ခံပါမည်ဆိုပါက လူသည် "ယုံကြည်မှု" ကိုသာ ဘဝ၏အားကိုးရာ ဆောက်တည်ရာရှိတော့သကဲ့သို့ ထင်မြင်လာရ၏။ သို့ရာတွင် ကဲကီဂတ် ယုံကြည်ခိုင်းသော ယုံကြည်မှုအပေါ် လူသည် မယုံကြည်နိုင်မှုကြောင့် "မယုံကြည်နိုင်သော စိတ်ဝေဒနာ" တစ်မျိုးကို ထပ်မံခံစားရသကဲ့သို့ ဖြစ်နေပြန်သည်။ "ရွေးချယ်စရာ နှစ်မျိုးသာရှိသည်" ဟူသော ပြဿနာသည် ကဲကီဂတ်နှင့် ကဲကီဂတ်ကဲ့သို့ သဘောထားရှိသူများသာ ရင်ဆိုင်နေရသော ပြဿနာဖြစ်ပေလိမ့်မည်။ အခြားပုဂ္ဂိုလ်များအတွက်မူ အခြားအခြားသော ရွေးချယ်စရာများ ရှိမည်ဖြစ်သောကြောင့် ကဲကီဂတ် အတင်းယုံခိုင်းသည်ကို မယုံဘဲနေနိုင်ကြမည်သာ ဖြစ်သည်။

ဘဝဖြစ်တည်မှု ပဓာနဝါဒီများသည် ဆင်ခြင်ခြင်းတရားကို ဘဝ၏ အားကိုးရာ ဆောက်တည်ရာ မဟုတ်ဟု ပစ်ပယ်ရုံမျှမက သိပ္ပံပညာကို လည်း ဘဝ၏ အားကိုးရာ အဖြစ်မှ ပစ်ပယ်လာကြသည်။ ဘဝဖြစ်တည်မှု ပဓာနဝါဒီ တစ်ဦးပင် ဖြစ်သော ယာစ့်ပါစ်[၁]က သိပ္ပံပညာရပ်များ (သဘာဝသိပ္ပံ၊ လူမှုရေးသိပ္ပံပညာရပ်များ)သည် လူ့ဘဝပြဿနာများကို ဖြေရှင်း ပေးနိုင်သော ပညာရပ်များ မဟုတ်၊ လူ့အတွင်း သန္တာန် အကြောင်းကိုလည်း တိတိပပ ရှင်းပြနိုင်သော ပညာရပ်များ မဟုတ်ဟု ယူဆခဲ့သည်။** ယာစ့်ပါစ်က လူ့အဖြစ်၏ ယုတ္တိကင်းမဲ့နေမှု၊ အဓိပ္ပာယ်မရှိ ဖြစ်နေမှုတို့ကို ကြုံတွေ့နေရသောသူသည် ပြင်းထန်သောဒုက္ခဝေဒနာ တို့ကို ခံစားနေရသည်။ ဤသို့သော လူ၏ မနှစ်မြို့ဖွယ် ဝေဒနာများကို ဟန့်တားရန် သိပ္ပံပညာသည်ဘာမျှမတတ်နိုင်။ ဘာမျှဖြေရှင်းမပေးနိုင်ဟု ယူဆခဲ့သည်။ ဤနေရာ၌ ထာဝရဘုရားတည်ရှိမှုကို လက်ခံသော ယာစ့်ပါစ် သည်လည်း ကဲကီဂတ်ကဲ့သို့ပင် လူ့ဘဝပြဿနာကို "ယုံကြည်မှုဖြင့်" ဖြေရှင်း

---

* Paul Roubiczek, "Existentialism For and Against" P, 58,61

၁ Karl Jaspers, (1883 - 1969)

** D,M, Datta, "The Chief Currents of Contemporary Philosophy" P. 528-529



www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်သည်။ သို့ရာတွင် ယာ့စ်ပါစ်က ယုံကြည်မှု၏သဘောကို ဆင်ခြင်မှု လုံးဝမပါသော ဒဿနဆိုင်ရာ ယုံကြည်မှု[၁] ဖြစ်သည်ဟု ထပ်မံဖွင့်ဆို ဖော်ပြခဲ့၏။ ဤနေရာ၌လည်း ယာ့စ်ပါစ်၏ ယုံကြည်မှုဆိုင်ရာ အယူအဆသည် "ဟုတ်မှ ဟုတ်ပါလေ၏လော" ဟု မယုံကြည်နိုင်ဘဲ ထပ်၍ သံသယ ပွားနိုင်လေသည်။

အခြားဘဝဖြစ်တည်မှု ပမာနဝါဒီ တစ်ဦးဖြစ်သူ မာတင်ဟိုင်ဒက်ဂါး[၂]ကမူ ဆင်ခြင်ခြင်း တရားကိုသာမက ထာဝရဘုရား တည်ရှိခြင်း ကိုပါ ငြင်းပယ်သူ ဖြစ်သည်။ ဟိုင်ဒက်ဂါးက ....လူသည် လူ့လောကသို့ ထာဝရဘုရားက ဖန်ဆင်းသောကြောင့် ရောက်လာခြင်းမဟုတ်၊ လူ့ဘဝ ဖြစ်ရပ်များသည်လည်း ထာဝရဘုရားက ကြိုတင်ဖန်တီး စီစဉ်ထားသော ဖြစ်ရပ်များမဟုတ်၊ လူသည် လောကအတွင်းသို့ ဝင်ရောက်လာခြင်းသည် "အရာဝတ္ထုတစ်ခုကို ဖြစ်လိုရာ ဖြစ်စေတော့" ဟု ပစ်ချလိုက်၍ ကျရောက် လာသကဲ့သို့ ဤလူ့လောကသို့ ရောက်လာခြင်းမျိုးသာ ဖြစ်သည်။* မိမိက ဤလောကကြီးသို့ လိုလိုလားလားဖြင့် လာချင်ပါသည်ဟု ရွေးချယ်ခြင်း လည်းမရှိပါဘဲလျက် ရောက်လာခြင်းမျိုးသာဖြစ်သည်။ သို့ဖြစ်၍ လူသည် တစ်နေရာရာက စွန့်ပစ်လိုက်၍ ရောက်လာခြင်းမျိုးသာဖြစ်သည်။ လူ့ဘဝကို ရောက်ရှိလာခြင်းသည် စနစ်တကျ ကြိုတင်သတ်မှတ် စီစဉ်ထားပြီးသား အခြေအနေများ အတွင်းသို့ အဆင်သင့် ဝင်ရောက်လာခြင်း မဟုတ်၊ လူ့ဘဝဖြစ်ဖို့အတွက် မည်သည့် အရာမျှ ကြိုတင်စီမံထားခြင်းလည်းမရှိ၊ လူသည် ဤလောက ဤကမ္ဘာကြီး၌ လူဖြစ်လာရခြင်းသည်ပင် သူ၏ ကံကြမ္မာဖြစ်သည်ဟု ဆိုသည်။ ဟိုင်ဒက်ဂါးအဖို့ လူ၏ တည်ရှိခြင်း (ဝါ) လူဖြစ်ရခြင်းသည် စင်စစ် စွန့်ပစ်ခံရခြင်းပင် ဖြစ်သည်။ **

---

၁ immediate philosophic faith

၂ Martin Heidegger ( 1889 - 1976)

* "This stage of being in the world at a definite place, yet without there being a comprehension of why this place, is termed "thrownness" by Heidegger." (Quoted from "Existentialism As Philosophy" by Fernando Molina, P. 61) —

** Julian Marias, "History of Philosophy" P. 431



www.burmeseclassic.com

www.burmeseclassic.com



လူသည် ကမ္ဘာလောကကြီးအတွင်း ရောက်ရှိလာသည့်အခါ အခြား အခြား တည်ရှိခြင်းများနှင့် ဆက်ဆံလာရသည်။ မိမိ၏ ဝန်းကျင်တွင် တည်နေရှိနေကြသော အခြားလူများနှင့် မလွှဲမသွေ ထိတွေ့ဆက်ဆံလာရသည်။ အခြားသူများနှင့် မိမိပတ်သက်စပ်ဆိုင်နေရပြန်သည်။ ဟိုင်ဒက်ဂါး အလိုအရ မိမိပြုမူ လှုပ်ရှားမှု အားလုံးအတွက် မိမိ၌ပင် တာဝန်ရှိသည်။ မိမိနှင့် ပတ်သက်သော အပြုအမူမှန်သမျှကို မိမိကသာ ဆုံးဖြတ်ရသည်။ မိမိသာလျှင် တာဝန်အရှိဆုံးသူ ဖြစ်ပါလျက် ပတ်ဝန်းကျင်ရှိ လူတို့၏ လှုပ်ရှားမှု ကြားတွင် ရောယောင် မျောပါ နေပါက မိမိ၏ တာဝန် ရှိခြင်းကို ရှောင်တိမ်းရာ ရောက်သည်။ လူသည် လူ့လောက အတွင်းသို့ စွန့်ပစ် ခံလိုက် ရခြင်းသည်ပင် တာဝန်ရှိသောသူ ဖြစ်လာ ရခြင်းပင် ဖြစ်သည်။ သို့ဖြစ်၍ လူသည် မိမိတာဝန်ကို မိမိယူရမည်သာ ဖြစ်သည်။ တာဝန်မယူဘဲ ရှောင်တိမ်းနေပါက အသုံးမဝင်သော၊ အသုံးမကျသော၊ ကျဆုံးသောသူအဖြစ်[၁]သို့ ရောက်သွားမည် ဖြစ်သည်။ သို့ဖြစ်၍ လူသည် အသုံးဝင်သောသူ[၂] အဖြစ်ရောက်အောင် အမြဲကြိုးစားနေရမည်ဟု ဆို သည်။ ဤအဆိုကို ထောက်၍ ဟိုက်ဒက်ဂါးသည် လူကို လူ့လောက၊ လူ့ဘဝ၌ အားနှင့်မာန်နှင့် နေနိုင်အောင် မြှင့်တင်ပေးသယောင်ရှိ၏။

ဟိုက်ဒက်ဂါးက .... လူတို့သည် သေခြင်းတရားကို တစ်နေ့နေ့ တစ်ချိန်ချိန်၌ တွေ့ကြရမည်ဖြစ်သည်။ ဤသို့ တွေ့ရမည့်အဖြစ်ကိုလည်း အစဉ်ပင် တွေးသိထိုက်၏။ ဘဝဟူသည်မှာ သေခြင်းတရားဖြင့် အချည်းနှီးဖြစ်သွားရမည့် သဘောပါတကား ....ဟု တိတိပပ ခံယူထားဖို့လိုသည်။ သေခြင်းတည်းဟူသော အချည်းနှီးသဘောကို အချည်းနှီးသဘောအဖြစ် အမှန်တကယ်မြင်ပါက လောက၌ အဘယ်သို့သော ဒုက္ခမျိုးကို အရေးကြီးသော အရာဟု မြင်ပါဦးမည်နည်း။ သေခြင်းတရားသည် ဘဝ၌ အမှန်ကြုံတွေ့ရမည့်အရာ ဖြစ်သည်။ ဘဝဖြစ်လာလျှင် သေရမည်မှာ ဓမ္မတာပင်ဖြစ်သည်။ သေခြင်း တရားသည် ဘဝ၏ အမှန်တရားသာဖြစ်သည်။ ဤအမှန်တရားကို အမှန် တရားအဖြစ် မြင်ထားဖို့လိုသည်။ ဤအမှန်တရားကို ဘဝ၌ အမှန်ရင်ဆိုင် ရမည်သာဖြစ်၍ ဘာမျှတွေဝေနေစရာမလို။ ရွံ့ကြောက်နေစရာမလို၊ ကြုံရ မည့်အရာကို ကြုံဖို့သာရှိသည်ဟု ခံယူထားဖို့ လိုသည်။ ဤသို့ ခံယူထားခြင်း

---

၁ on handness

၂ at handness



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မိမိရောက်ရှိနေသောလောက၌ အသုံးကျသူအဖြစ် လုပ်ဆောင်စရာရှိသည်တို့ကို လုပ်ဆောင်နိုင်သူအဖြစ်သို့ ရောက်လာမည်ဟု ဟိုက်ဒက်ဂါးက ယူဆသူဖြစ်သည်။*

ဟိုက်ဒက်ဂါးက .... သေခြင်းတရားသည် အချည်းနှီးသဘောဆောင်သည်မှာမှန်ကန်သော်လည်း ထိုအချည်းနှီးသဘောသည်ပင် ဘဝ၏အမှန်တရားဖြစ်၍ ထိုအမှန်တရားကို အမှန်တရားအဖြစ် ခံယူခြင်း၊ ထိုအမှန်တရားကို အမှန်အတိုင်း ရင်ဆိုင်ခြင်းသည် ဘဝကို အဓိပ္ပာယ်ရှိစေခြင်း ဖြစ်သည်။ ဘဝကို လေးနက်စေခြင်းဖြစ်သည်။ ** အိမ်တစ်အိမ်သို့ ဧည့်သည်အဖြစ် ရောက်လာသူသည် အချိန်တန်သည့်အခါ ထိုအိမ်မှ ပြန်ရခြင်းသည် ထုံးစံပင်ဖြစ်သည်။ ထိုအိမ်မှ ထွက်ခွာရခြင်းသည် ဧည့်သည်၏ထုံးစံပင်ဖြစ်သည်။ ထို့အတူ ဘဝဧည့်သည်အဖြစ် ဤလောကကြီးသို့ ရောက်လာပြီးနောက် အချိန်တန်သည့်အခါ သေရခြင်းဖြင့် ဤလောကမှ ထွက်ခွာရခြင်းသည် လူ၏ထုံးစံပင်ဖြစ်သည်။ သေဖို့ရန် ဘဝဖြစ်လာခြင်းကြောင့် သေရမည်ကို ဘာမျှ တွေဝေနေစရာမလို .... ဟူသော သဘောကို တင်ပြသည့် ဟိုက်ဒက်ဂါး၏ အယူအဆကို လက်ခံရမည်ကဲ့သို့ ရှိပါ၏။

သို့ရာတွင် ဤသို့ ဟိုက်ဒက်ဂါး တင်ပြနေခြင်းသည် စိတ်ကူးဖြင့် တင်ပြနေခြင်း၊ အယူအစွဲတစ်မျိုးမျိုးဖြင့် တင်ပြနေခြင်းသာ ဖြစ်ပေလိမ့်မည်။ ဤသို့ တင်ပြနေသည်ကို သဘောကျရုံမျှဖြင့် သေခြင်းတရားကို ကျွန်ုပ်တို့မတုန်မလှုပ်ဘဲ အောင်မြင်စွာဖြင့် ရင်ဆိုင်နိုင်လိမ့်မည်မဟုတ်ချေ၊ အစွဲဥပါဒါန် အလုံးစုံချုပ်ငြိမ်းပါမှ သေခြင်းတရားကို ရင်ဆိုင်နိုင်မည်ဟုသာ ယူဆရမည်ဖြစ်သည်။ ဟိုက်ဒက်ဂါးသည် အစွဲဥပါဒါန်နှင့် ခံစားမှုတို့ကို ချုပ်ငြိမ်းစေနိုင်သည့် နည်းလမ်းကို (စိတ်ကူးဖြင့် ပြောပြခြင်းမှလွဲ၍) ရေရေရာရာ တင်ပြနိုင်ခဲ့ခြင်း မရှိဟု ဆိုရပေလိမ့်မည်။

ဘဝဖြစ်တည်မှု ပဓာနဝါဒီဟု သတ်မှတ်ခြင်းခံရသည့် အယ်လ်ဘက်ကမြူး[၁] သည်လည်း "ကျွန်ုပ်တို့ ဤလောကကြီးသို့ အဘယ်အကြောင်းကြောင့် ရောက်လာသနည်း။ သေဖို့ရန် ပြစ်ဒဏ်ခတ်ခံရသည့်အဖြစ်ဖြင့် ဤလောကကြီးသို့ အဘယ်ကြောင့် ကျွန်ုပ်တို့ ရောက်လာခဲ့ရသနည်း"***

* John Macquarrie, "Existentialism" P.155

** Paul Roubiczek, op. cit, P.135

၁ Albert Camus ( 1913 - 1960 )

*** Paul Roubiczek, op. cit., P. 6



www.burmeseclassic.com

www.burmeseclassic.com



ဟူသောမေးခွန်းများဖြင့် လူ့ဘဝကို ဆန်းစစ်ခဲ့သူဖြစ်သည်။ လူ့လောကသို့ လူအဖြစ်ဖြင့်ရောက်လာသော "လူ့အဖြစ်" လူ့ဘဝကို ဘာမျှအဓိပ္ပာယ်မရှိသော ဘဝဖြစ်သည်ဟု ကမြူး က မြင်ပုံရသည်။ သို့ရာတွင် နောက်ပိုင်း၌ ကမြူး၏ အမြင်များပြောင်းလဲသွားသည်။ ဘဝသည် အဓိပ္ပာယ်မရှိသည်မှာ မှန်သော်လည်း ထိုအဓိပ္ပာယ်မရှိခြင်းကို ကြံ့ကြံ့ခိုင်ခိုင်ရင်ဆိုင်၍ နေနိုင်ဖို့ လိုသည်ဟု ခံယူလာပုံရသည်။* ကမြူး က အောက်ပါအဖြစ်အပျက် တစ်ခုကို ဖော်ပြထား၏။

"တန်ခိုးရှင်နတ်များက စီစီဖော့စ်[၂]အား အပြစ်ဒဏ်တစ်ခု ပေးခဲ့၏။ ပေးသောပြစ်ဒဏ်မှာ.... ကျောက်တုံးကြီးတစ်တုံးကို တောင်ထိပ်သို့ ရောက်အောင် စီစီဖော့စ်အား လှိမ့်တင်ခိုင်းခြင်းပင်ဖြစ်၏။ စီစီဖော့စ်သည် ကျောက်တုံးကို တောင်ထိပ်သို့ရောက်အောင် ပင်ပန်းကြီးစွာဖြင့် လှိမ့်တင်ရ၏။ သို့ရာတွင် ထိုသို့ပင်ပန်းကြီးစွာဖြင့် လှိမ့်တင်ခဲ့သော ကျောက်တုံးကြီး တောင်ထိပ်သို့ ရောက်သောအခါ တောင်အောက်သို့ လျှောကျလိမ့်ဆင်းသွားသည်။ ထိုအခါ စီစီဖော့စ်က ထိုကျောက်တုံးကြီးကို တောင်ထိပ်သို့ တစ်ဖန်ခက်ခဲစွာ လှိမ့်တင်ရပြန်သည်။ တောင်ထိပ်သို့ ရောက်ပြန်သောအခါ ကျောက်တုံးကြီးက တောင်ခြေသို့ပြန်၍ ကျသွားပြန်သည်။ စီစီဖော့စ်ကလည်း ခက်ခဲပင်ပန်းစွာဖြင့် တစ်ဖန်ပြန်၍ လှိမ့်တင်ရပြန်သည်။ လှိမ့်တင်၍ တောင်ထိပ်သို့ရောက်လေတိုင်း ကျောက်တုံးကြီးက ပြန်၍ပြန်၍ ကျကျသွားသောကြောင့် စီစီဖော့စ်အတွက် ကျောက်တုံးကြီးကို လှိမ့်၍လှိမ့်၍ တင်ရခြင်းသည် မဆုံးနိုင်ဘဲဖြစ်လျက်ရှိ၏။ တန်ခိုးရှင်နတ်တို့အနေနှင့် စီစီဖော့စ်အား ဤသို့ မဆုံးနိုင်အောင် ကျောက်တုံးကို လှိမ့်တင်နေစေခြင်းဖြင့် ပင်ပန်းဒုက္ခရောက်စေရန် အပြစ်ပေးခြင်းထက်ကောင်းသော အခြားအပြစ်ပေးဖွယ်ရာမရှိဟု ယူဆကြသည်။ ကျောက်တုံးကြီးကို တလှိမ့်တည်း လှိမ့်၍ အစဉ်မပြတ်တင်နေသော စီစီဖော့စ်ကို "အဓိပ္ပာယ်မရှိသော သူရဲကောင်း" အဖြစ် မှတ်ယူမိကြမည်သာဖြစ်သည်။ အချည်းနှီး အဓိပ္ပာယ်မဲ့ အပြစ်ဒဏ်

---

* ကမြူးကို စောစောပိုင်းကမြူး the former Camus နှင့် နောက်ပိုင်းကမြူး the latter Camus ဟု ခွဲခြား၍ လေ့လာကြ၏။ စောစောပိုင်း၌ ကမြူးသည် ဘဝကိုအဆိုးဘက်မှ ရှုမြင်ခဲ့သော်လည်း နောက်ပိုင်း၌ သူ့အမြင်များ ပြောင်းသွားခဲ့သည်။

၂ Sisyphus



www.burmeseclassic.com

www.burmeseclassic.com



အပေးခံရသောကြောင့် အချည်းနှီးသူရဲကောင်းဖြစ်လျက်ရှိသည်မှာ အမှန်ပင်ဖြစ်သည်။ တန်ခိုးတော်ရှင်နတ်များကို မုန်းတီးခြင်း၊ သေခြင်းတရားကိုရွံ့မုန်းခြင်း၊ ဘဝအပေါ် ခင်တွယ်ခြင်းတို့က စီစီဖော့စ်အား ကျောက်တုံးကြီးကို အောင်အောင်မြင်မြင် လှိမ့်တင်နေစေနိုင်ခဲ့သည်။''*

ကမြူးသည် စီစီဖော့စ်၏ အဖြစ်ကိုအမှီပြု၍ "အဓိပ္ပာယ်မဲ့ခြင်းတို့အတွင်း၌ပင် လူသည်ကြံ့ကြံ့ခိုင်နေနိုင်သူဖြစ်အောင် ကြိုးစားဖို့လိုကြောင်း" အားပေးလိုသည့် သဘောထားရှိပုံရ၏။ သို့ရာတွင် အချို့က "စီစီဖော့စ်သည် ကျောက်တုံးကြီးကို ဤသို့ လှိမ့်တင်နိုင်တော့ကော ဘာဖြစ်သနည်း။ အောင်အောင်မြင်မြင် မနားမနေ လှိမ့်တင်နေနိုင်ခြင်း၏ အကျိုးရလဒ်ကိုကြည့်ပြန်တော့လည်း ဘာမျှအဓိပ္ပာယ်မရှိ။ အချည်းနှီး သဘောသာ ဖြစ်သည်။ လူသည်လည်း လူ့ဘဝ – လူ့လောက၌ အတောမသတ်သည့် ကြိုးစား ရုန်းကန်ခြင်းတို့ကို ပြုရသည်။ ထိုသို့ ကြိုးစားရုန်းကန်ခြင်းတို့ကြောင့် ရလာသော အောင်မြင်မှုတို့ကို စိစစ်ကြည့်ပြန်တော့လည်း ဘာမျှမည်မည်ရရမရှိ။ အချည်းနှီးသဘောတို့သာ ဖြစ်သည်။ စင်စစ် ဘဝဖြစ်လာခြင်းသည် အဓိပ္ပာယ်မဲ့သည်" ဟု ယူဆကြ၏။

စာရေးဆရာကြီး ဟယ်မင်ဝေး[၁] သည် သူ၏ "ပင်လယ်ပြာနှင့် တံငါအို[၂]" ဝတ္ထု၌ တံငါသည်ကြီး စန်တီရာဂို[၃] ၏ ဇွဲလုံ့လနှင့် ကြိုးစားရုန်းကန်မှုတို့ကို ပြောင်ပြောင် မြောက်မြောက် ဖော်ပြခဲ့၏။ တံငါသည်ကြီး စန်တီရာဂိုသည် မိမိ၌ရှိသမျှအားမာန်ဇွဲလုံ့လတို့ကို အစွမ်းကုန်ထုတ်၍ ငါးကြီးတစ်ကောင်ကို ပင်ပန်းခဲယဉ်းစွာ ဖမ်းယူလာခဲ့သည်။ သို့ရာတွင် အပြန်လမ်းတစ်လျှောက်၌ ငါးမန်းတို့က သူဖမ်းယူလာခဲ့သည့် ငါးကြီးကိုလိုက်၍ကိုက်ဖြတ်စားသောက်ကြသည်။ စန်တီရာဂိုသည် ငါးမန်းတို့ကို အပြင်းအထန် တိုက်ခိုက်ထိုးခုတ် မောင်းနှင်ခဲ့ရ၏။ သို့ရာတွင် ကမ်းခြေသို့ရောက်သည့်အခါ ဖမ်းယူလာခဲ့သော ငါးကြီးသည် ငါးမန်း

---

* Albert Camus, "The Myth of Sisyphus and Other Essays" P. 14

၁ Ernest Hemingway (1899 - 1961)
၂ The Old Man and the Sea
၃ Santiago



www.burmeseclassic.com

www.burmeseclassic.com



တို့၏ ကိုက်ဖြတ်စားသောက်မှုကြောင့် အရိုးပြိုင်းပြိုင်းသာ ကျန်လေတော့သည်။

လူ့အဖြစ် လူ့ဘဝကို ရလာသောအခါ စန်တီရာဂိုကဲ့သို့ လုပ်ရှားရ၊ ကြိုးပမ်းရ၊ ရုန်းကန်ရ၏။ မိမိရလိုဖြစ်လိုရာအတွက် မနားတမ်း အားသွန်ခွန်စိုက် ကြိုးစားရ၏။ အားမာန်တင်း၍ ရှိသမျှ ဇွဲလုံ့လတို့ကို စိုက်ထုတ်ရ၏။ သို့ရာတွင် ကြိုးစားလှုပ်ရှား ရုန်းကန်ရခြင်း၏ နောက်ဆုံးရလဒ်ကား အသားမကျန်သော အရိုးကဲ့သို့ အချည်းနှီးသဘောသာ ဖြစ်သည်။ လူ့အဖြစ် လူ့ဘဝကိုရ၍ လုပ်ကိုင် လှုပ်ရှားကြိုးစား နေရခြင်းတို့ကို သေခြင်းတရားဆီမှ ရပ်တန့်ကြည့်ပါက အချည်းနှီးသော၊ အဓိပ္ပာယ်မဲ့သော လုပ်ကိုင် လှုပ်ရှား ကြိုးစားမှုများသာ ဖြစ်သည်ဟု မြင်ရမည်ဖြစ်သည်။ ထိုလုပ်ကိုင် လှုပ်ရှား ကြိုးပမ်းမှုတို့မှ ရရှိလာသော ရလဒ်များကိုလည်း အချည်းနှီးသော ရလဒ်များအဖြစ် မြင်လာမည် ဖြစ်သည်။ ဟယ်မင်ဝေးက စန်တီရာဂို၏ ဇွဲလုံ့လတို့ကိုသာ ကြည့်၍ .... "လူသည် ပျက်စီးနိုင်ပါ၏။ သို့သော် မရှုံးနိမ့်ပါ "* ဟု ဆိုခဲ့၏။ ဟယ်မင်ဝေးက လူသည် လူ့လောက၌ ဇွဲသတ္တိတို့ဖြင့် ဂုဏ်သိက္ခာရှိရှိ ကြံ့ခိုင်သူဖြစ်ဖို့လိုသည်ဟု ယူဆခဲ့ဟန်ရှိသည်။ အယ်လ်ဘတ်ကမြူးသည်လည်း နောက်ပိုင်း၌ ထို့အတူပင်ယူဆဟန်ရှိသည်။ အဘယ်ကြောင့်ဆိုသော်...."ဘဝဖြစ်လာခြင်း၌ အဓိပ္ပာယ်မရှိလှသော်လည်း လူဖြစ်လာပြီ ဆိုမှတော့ ထိုအဓိပ္ပာယ်မရှိ ဖြစ်နေသည်ကို ကြိတ်မှိတ် ရင်ဆိုင်ဖို့သာ ရှိသည်။ ** .... ကြုံလာသမျှ ဒုက္ခတို့ကို အရှုံးမပေးဘဲ ကြံ့ကြံ့ခံဖို့သာရှိသည်"ဟူသော သဘောတရားများကို သူ၏စာပေအချို့၌ တွေ့ရသောကြောင့်ပင်ဖြစ်သည်။ သို့ရာတွင် ....

ဒုက္ခနှင့်တကွ သေခြင်းတရားကို ကြိတ်မှိတ်ခံခြင်း၊ အရှုံးမပေးဘဲ ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ခြင်းသည် မှန်သောနည်းလမ်းမှ ဟုတ်ပါလေ၏လော ....ဟု စဉ်းစား တတ်သောလူ၌ သံသယပွားတတ်၏။ သေခြင်းသည် ဘဝကိစ္စ ဘဝဒုက္ခဟူသမျှကို ပြီးပြတ်ချုပ်ငြိမ်းသွားစေသော ဖြစ်ရပ်တစ်ခု ဖြစ်သည်ဟု တထစ်ချ ယူဆနိုင်ပါမည်လောဟုလည်း သံသယဖြစ်ဖွယ်ရှိသည်။ ဟယ်မင်ဝေးသည် သူ့ကိုယ်သူ သတ်၍ အဆုံးစီရင်သွားသူဖြစ်သည်။ သူ၏စိတ်၌ "သေလျှင် ဘဝကိစ္စဟူသမျှ၊ ဘဝ၏မသာယာ မလှပမှု

* Colin Wilson, "Beyond the Outsider" P. 46

** Ibid ., P. 47



www.burmeseclassic.com

www.burmeseclassic.com



ဟူသမျှ ကုန်ဆုံးချုပ်ငြိမ်း သွားပြီ" ဟူသော ယူဆချက်တို့ဖြင့် ထိုသို့ သူ့ကိုယ်သူ အဆုံးစီရင်သွားခြင်းလော မပြောတတ်ချေ။

ပြင်သစ် ဘဝဖြစ်တည်မှု ပဓာနဝါဒီတစ်ဦးဖြစ်သူ ယန်ပေါလ်ဆတ်[၁] သည်လည်း လူ့ဘဝကို အဓိပ္ပာယ်မဲ့သော ဘဝအနေဖြင့် မှတ်ယူလိုဟန်ရှိသူ ဖြစ်သည်။ လူ့ဘဝ လူ့လောကသို့ လူအဖြစ်ဖြင့် ရောက်လာခြင်းကို ကောင်းသောလာခြင်း အနေဖြင့် မကြိုဆိုလိုသူ ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ ဆတ်သည် ထာဝရဘုရားတည်ရှိခြင်းကို လက်မခံသူလည်းဖြစ်သည်။ ဟေဂယ်၏ဆင်ခြင်ခြင်းတရား (ဝါ) အနန္တဝိညာဉ်တော် ဝါဒကို ငြင်းပယ်သူလည်း ဖြစ်သည်။

ဆတ်သည် ထာဝရဘုရားနှင့် ဖန်ဆင်းခြင်းအယူအဆကို လက်မခံသူ ဖြစ်သည့်အလျောက် "လူသည် ဤလောက အတွင်းသို့ ထာဝရဘုရား၏ ဖန်ဆင်းမှုကြောင့် ရောက်လာခြင်းမဟုတ်၊ ဤလောကသို့ လူအဖြစ်ဖြင့် လာလိုပါသည်ဟု မိမိသဘောဆန္ဒအရ ရွေးချယ်ယူလိုက်ခြင်းဖြင့် ရောက်လာခြင်းလည်းမဟုတ်၊ လူသည် လူ့လောကသို့ မည်သည့်အကြောင်းကြောင့် ရောက်လာရသည်ကို မသိဘဲနှင့် ရောက်လာခဲ့ရသူသာ ဖြစ်သည်။ သို့ဖြစ်၍ လူ့လောကသို့ လူအဖြစ်ရောက်လာခြင်းဆိုသည်မှာ.... "ခန္ဓာကိုယ်တစ်ခုကို ရလာခြင်းသဘောသာဖြစ်သည်"ဟု ယူဆရမည်သာ ဖြစ်သည်။ ဤသို့ ခန္ဓာကိုယ်တစ်ခု ရလာခြင်းနှင့်အတူ မိမိဝန်းကျင်တွင်ရှိသော အရာဝတ္ထုများ၊ အခြားသူများကိုမြင်တွေ့လာရသည်။ ဤခန္ဓာကိုယ်ဖြင့်ပင် အရာဝတ္ထုများ ..... လူများကို ဆက်ဆံလာရသည်။ ထိုအရာဝတ္ထုများ၊ ထိုသူများကလည်း မိမိအား ပြန်လည် ဆက်ဆံပတ်သက်မှုများ ဖြစ်လာခြင်း သဘောသည်ပင် လူ့ဘဝ၌ လူဖြစ်လာခြင်း သဘောဖြစ်သည်။ ....

ဆတ်က...."လူအားလုံးသည် ဘာရည်ရွယ်ချက်မျှမရှိဘဲနှင့် လူ့ဘဝ၌ မွေးဖွားဖြစ်တည်လာရသည်။ ရရှိလာသောဘဝ၌ ချွတ်ယွင်းချက်၊ အားနည်းချက်များဖြင့် ဆက်လက်၍ အသက်ရှင်ကြပြီးနောက် အမှတ်မထင် သေဆုံးသွားကြပြန်သည်။ စင်စစ် ကျွန်ုပ်တို့သည် လူ့ဘဝသို့ လူအဖြစ်အဓိပ္ပာယ်မဲ့ မွေးဖွားရောက်ရှိလာကြ၏။ သေရခြင်း၌လည်း အဓိပ္ပာယ်မရှိ၊ လူ့အဖြစ်

---

၁ Jean Paul Sartre (1905 - 1980)



www.burmeseclassic.com

www.burmeseclassic.com



သည် ဘာမျှ အသုံးမကျသော အဖြစ်သာ ဖြစ်သည်။"* လူသည်လူ့ဘဝ လူ့အဖြစ်သို့ ထာဝရဘုရား၏ ဖန်ဆင်းမှုကြောင့် ရောက်လာသူမဟုတ်၊ လူသည် လူ့လောကသို့ မည်သူ၏အကြောင်းပြုမှုမှ မရှိဘဲ လွတ်လွတ်လပ်လပ် ရောက်လာသူဖြစ်သည်။ ထာဝရဘုရား၏ စီမံပြဋ္ဌာန်းမှု၊ အဆုံးအဖြတ်ပြုမှု မရှိသောကြောင့် လူသည် လွတ်လပ်သူဖြစ်သည်။ "လူသည် မိမိ၏ ကံကြမ္မာကို မိမိကပင် ဖန်တီးရသူဖြစ်သည်။"** လူသည် လူဖြစ်လာပြီး နောက်မှ လွတ်လပ်ခြင်း ဖြစ်လာသည်မဟုတ်၊ လူဖြစ်ခြင်းသည်ပင် လွတ်လပ်ခြင်း ဖြစ်သည်။*** လူဖြစ်ခြင်း၌ လွတ်လပ်ခြင်းသည် ထက်ကြပ်ပါလာသော သဘောရှိသည်။ လူဖြစ်ခြင်းနှင့် လွတ်လပ်ခြင်းသည် ထပ်တူသဘော ဖြစ်သည်ဟုဆိုသည်။

သို့ရာတွင် လူသည် လွတ်လပ်သောကြောင့်ပင် ဘဝ၏ မသာယာ မနှစ်မြို့ဖွယ် တို့ကို တွေ့ကြုံခံစားလာရသည်။ လွတ်လပ်သောကြောင့် လူသည် မိမိ၏ အပြုအမူတို့ကို လွတ်လပ်စွာ ကြိုက်ရာရွေးချယ်၍ လုပ်ဆောင်နိုင်သည်။ သို့ရာတွင် ဤသို့လွတ်လပ်စွာ ရွေးချယ်လုပ်ဆောင်မှု အားလုံးအတွက် လူ၌တာဝန်ရှိလာသည်။ မိမိရွေးချယ် လုပ်ဆောင်သော အပြုအမူတို့အတွက် လူသည် လုံးဝ တာဝန်ယူလာရသည်။ ဆတ်က .... တာဝန် သိသောလူတိုင်းသည် ပူပန် သောက ရောက်ရသည်။ အချို့ လူများသည် တာဝန်တို့ကို ရင်မဆိုင်ရဲကြသောကြောင့် ခေါင်းရှောင်ခြင်း ပြုကြသည်။ တာဝန်ကို ရှောင်လိုသောကြောင့် ထိုသူတို့သည် အခြားသူများ၊ အခြားအခြေအနေများအပေါ် အပြစ်ဖို့တတ်ကြသည်။ အပြုအမူတို့ကို မိမိအနေနှင့် လွတ်လွတ်လပ်လပ် ရွေးချယ်နိုင်ပါလျက် (တာဝန်ကို ရှောင်လိုခြင်း၊ တာဝန်ကိုကြောက်ခြင်းကြောင့်) မိမိတို့ကိုယ်ကို မိမိ "မလွတ်လပ်သူများ"ဟု ထင်မြင်လာတတ်ကြသည်။ .... မိမိတို့၏ လွတ်လပ်သောအဖြစ်ကို မမြင်သူများသည် မိမိတို့ကိုယ် မိမိ လိမ်ညာသူများသာဖြစ်သည်။ ဤသို့ မိမိတို့ကိုယ် မိမိ လိမ်ညာလှည့်စားမှုသည်ပင် မရိုးသားမှု[၁] ဖြစ်သည်ဟု ဆိုသည်။

---

* Paul Roubiczek, Op. cit., P. 125
** Ibid., P. 122
*** John Macquarrie, Op., cit., P. 138
၁ bad faith



www.burmeseclassic.com

www.burmeseclassic.com



ဆတ်အလိုအရ လူသည် မည်သူ့ကြောင့်မျှ မဟုတ်ဘဲ ဤလောကသို့ အထီးတည်းရောက်ရှိလာသူ ဖြစ်ရကား မိမိဘဝအတွက် မိမိ၌ပင် တာဝန်ရှိသည်။ သို့ရာတွင် "မိမိဘဝအတွက် မိမိ၌ပင် တာဝန်ရှိသည်" ဟု ဆိုခြင်းသည် မိမိတစ်ဦးတည်းအတွက်သာ တာဝန်ရှိသည်ဟု မဆိုလို၊ လူအားလုံးအတွက်ပါ တာဝန်ရှိသည်ဟု ဆိုလိုသည်။ * လူသည် အပြုအမူတို့ကို မိမိတစ်ဦးတည်းအတွက်သာ လုပ်ဆောင်နေခြင်း မဟုတ်၊ အခြားသူများအတွက်ပါ တာဝန်ယူလုပ်ဆောင်နေရသူဖြစ်သည်။ "မိမိအတွက် ရွေးချယ်လုပ်ဆောင်ခြင်းသည် တစ်ချိန်တည်းမှာပင် အခြားသူများ အတွက်ပါ ရွေးချယ်လုပ်ဆောင်ရာ ရောက်နေသည်။"**

လူသည် အပြုအမူ တစ်ခုကို ကောင်းသည်ဟု ထင်မှတ်ဆုံးဖြတ်၍ လုပ်ဆောင်နေသူဖြစ်သည်။ သို့ဖြစ်၍ ထိုသို့ပြုမူလုပ်ဆောင်နေသော အပြုအမူသည် ကောင်းသည် မကောင်းသည်ကို အတိအကျ မသိနိုင်သေးချေ။ မိမိကသာ ကောင်းသည်ထင်ပြီး လုပ်နေခြင်းသာဖြစ်ရကား မည်သို့မည်ပုံ ထိုအပြုအမူမှနေ၍ အကျိုးသက်ရောက်မှု ဖြစ်လာမည်ကို တိတိပပ မသိနိုင်သေးချေ။ ဤသို့ "မသိနိုင်" ဖြစ်နေရသော အခြေအနေကပင် လူအား ပူပန်သောကရောက်အောင် ဖန်တီးပေးလျက်ရှိသည်။ ဥပမာအားဖြင့် တိုက်ခိုက်ရေးအတွက် တာဝန်ယူထားရသော စစ်ဘက်အရာရှိတစ်ဦးသည် မိမိလက်အောက် ရဲဘော်များအား တိုက်ခိုက်ရန် အမိန့်ပေးလိုက်၏။ ဤသို့ အမိန့်ပေးခြင်းသည် မိမိက ကောင်းသည် မှန်သည်ထင်သော ရွေးချယ်ဆုံးဖြတ်ချက်ဖြင့် အမိန့်ပေးခြင်းပင် ဖြစ်သည်။ ဤကဲ့သို့ မိမိ၏ ရွေးချယ်ဆုံးဖြတ်ချက်ဖြင့် ပေးလိုက်သော အမိန့်အပေါ်၌ မိမိနှင့် မိမိရဲဘော်များ၏ ကံကြမ္မာသည် မူတည်လျက်ရှိသည်။ မိမိက အမိန့်သာ ပေးလိုက်ရသည်၊ တိုက်ပွဲ၌ အောင်မြင်မည်၊ ဆုံးရှုံးမည်ကို တိတိပပကြိုတင် မသိနိုင်သေး။ ထိုသို့မသိနိုင်မှုကြောင့် ထိုစစ်ဘက်အရာရှိတွင် ပူပန်သောက[၁] များဖြစ်လာရသည်။ ထို့အတူ လူတို့သည်လည်း နေ့စဉ်ဘဝ၌ ရွေးချယ်ဆုံးဖြတ်မှုတို့ဖြင့် ပြုမူဆောင်ရွက် နေကြရသည်။ ထိုသို့ဆောင်ရွက်သာ နေရသည်။ ထိုဆောင်ရွက်ချက် အောင်မြင်မည်၊ မအောင်မြင်မည်ကို အတိအကျ

* Leonard, M.Marsak, "French Philosophers" P. 482

** Ibid., P. 432 ၁ anguish



www.burmeseclassic.com

www.burmeseclassic.com



မသိနိုင်သေး။ ထိုအခါ အထက်ပါ စစ်ဘက်အရာရှိကဲ့သို့ပင် ပူပန်သောက တည်းဟူသော စိတ်ဝေဒနာများကို ခံစားနေကြရသည်။.... လူသည် လွတ်လပ်သူ ဖြစ်သောကြောင့် လွတ်လပ်စွာ ရွေးချယ်ပြုမူလုပ်ဆောင် နိုင်သော်လည်း ထိုရွေးချယ် ပြုမူမှုတို့အတွက် လူသည် အစဉ်အမြဲ ပူပန် သောကရောက်နေရသော သတ္တဝါဖြစ်သည်။ ထို့ကြောင့် ဆတ်က လူ၏ လွတ်လပ်မှုသည် အချည်းနှီးသော လွတ်လပ်မှုသာ ဖြစ်သည်ဟု ဆိုသည်။

ဆတ်၏အမြင်၌ လူသည် ဤလောက လူ့ဘဝသို့ ဘာကြောင့်မှန်း မသိဘဲ ရောက်လာသူဖြစ်၍ လူ၌ အားကိုးရာ ထာဝရဘုရားလည်း မရှိ၊ လူအား ကယ်တင်မည့်သူလည်းမရှိ၊ လူ့အပြုအမူတို့ကို မှားသည် မှန်သည်ဟု တိုင်းတာဆုံးဖြတ်စရာ နှုန်းစံတို့ကို ချမှတ်ထားပေးသူလည်းမရှိ၊ ထိုသို့မရှိ ခြင်းများကြောင့် လူသည် "လွတ်လပ်"နေသူ ဖြစ်လျက်ရှိသည်။ ဤသို့ လွတ်လပ်နေသောအဖြစ်ကို ကြုံနေရသောကြောင့်ပင် လူသည် လောက အလယ်၌ အားကိုးရာမဲ့သော၊ အထီးကျန်သော ဝေဒနာကို ခံစားလာရ သည်။ ဘဝ၌ ဆောက်ရာတည်ရာ၊ ခိုးကိုးရာဟုမရှိတော့ဘဲ၊ စွန့်ပယ်ခံရခြင်း[၁] ဝေဒနာမျိုးကိုလည်း ခံစားလာရသည်။ "လွတ်လပ်မှု" သည် ကြောက် ဖွယ်ကောင်းသော လွတ်လပ်မှုမျိုးပင် ဖြစ်သည်ဟုလည်း ခံစားလာရ သည်။ ထိုသို့သော လွတ်လပ်ခြင်းမျိုးသည် "ပြစ်ဒဏ် ခတ်ထားသော လွတ်လပ်ခြင်း"[၂] (ဝါ) ထိုလွတ်လပ်ခြင်းမျိုးသည် လူအား ပြစ်ဒဏ်ခတ် ထားသကဲ့သို့ ဖန်တီးနှိပ်စက်နေသော လွတ်လပ်ခြင်းမျိုး ဖြစ်သည်ဟု ဆတ်ကဆိုသည်။ လူဖြစ်ရခြင်းသည်ပင် လွတ်လပ်မှုဒဏ်ခံရသောသူ ဖြစ်နေ သည့် သဘောပင် ဖြစ်သည်။*

လူသည် လွတ်လပ်နေသူဖြစ်သောကြောင့် မိမိက ကောင်းသည်ဟု ထင်သည့်အရာကို မိမိကပင်ရွေးချယ်ပြုလုပ်နေရသူဖြစ်သည်။ အပြုအမူများ ကို ပြုမူလုပ်ဆောင်နေရသော်လည်း ထိုအပြုအမူတို့သည် "မည်သို့သော အကျိုးသက်ရောက်မှုများရှိလာမည်၊ အဘယ်မျှလောက်အထိ အကျိုးရှိမည်" ဟု တထစ်ချ မျှော်လင့်ချက်မျိုး မထားနိုင်ချေ။ အကျိုးရှိချင်လည်း ရှိမည်။ ရှိချင်မှလည်းရှိပေလိမ့်မည်။ ထွက်ပေါ် သက်ရောက်လာမည့် အကျိုးရလဒ် သည် မရေမရာလှချေ။ ဤသို့ မရေမရာမသေချာခြင်းတို့ကို ရင်ဆိုင်နေရသော

---

၁ abandonment ၂ freedom condemned

* Man is condemned to be free.



www.burmeseclassic.com

www.burmeseclassic.com

လူသည် စိတ်ပျက်ခြင်းဝေဒနာ[၁] ကိုလည်း ခံစားလာရသည်။ သို့ဖြစ်၍ ဆတ်က "ကျွန်ုပ်တို့သည် ဘာမျှ မျှော်လင့်ချက် မထားဘဲ ပြုလုပ်စရာ ရှိသည်ကို ပြုလုပ်ဆောင်ရွက်ဖို့သာ ရှိတော့သည်" ဟု သဘောပိုက်လိုဟန် ရှိသည်။

အဘယ်ကြောင့် ဆိုသော် လူတို့၏ လုပ်ဆောင်ချက် များသည် မည်မျှ ကြိုးကြိုးစားစား လုပ်ဆောင်ထားသော လုပ်ဆောင်ချက်များပင် ဖြစ်စေ အရာထင်ချင်မှထင်မည်။ မိမိလုပ်ဆောင်ချက်များကို လူအများက လေးလေးစားစားနှင့် အသိအမှတ်ပြုချင်မှပြုမည်။ ထို့ကြောင့် လူ့လောကသို့ လူလာဖြစ်၍ ပြုမူလုပ်ကိုင်ဆောင်ရွက်နေရခြင်းများသည် စိတ်ပျက်ဖွယ်ပင် ဖြစ်သည်ဟု ဆတ်ကမြင်သည်။

မာ့က်စ်ဝါဒီများက ဆတ်အား "လူ၌ သေခြင်းတရား ရှိနေသော ကြောင့် လူ၏ ပြုမူ လုပ်ဆောင်ချက်များသည် အကန့် အသတ် ရှိနေသော သဘောကို ဆောင်လျက်ရှိသည်။ မိမိပြုမူ ဆောင်ရွက်ချက်များ မအောင် မြင်မီ ဆုံးခန်းမတိုင်မီ လူသည် သေသွားတတ်သော သဘောရှိသည်။ သို့ရာတွင် မိမိ လုပ်ဆောင်ချက်များ ဆုံးခန်းတိုင် မရောက်ခြင်းအတွက် စိတ်ပျက်စရာ မလိုပါ။ ကျန်ခဲ့သည့် လူများက ဆက်လက်၍ လုပ်ဆောင် သွားကြမည်သာ ဖြစ်သည်"ဟု အားပေးကြသည်။ ဤအားပေးချက်ကို ဆတ်က အစ ပထမတွင် လက်ခံခဲ့သော်လည်း နောင်အခါ .... လူများ အပေါ် ယုံကြည်မှု ကင်းမဲ့လာဟန်ရှိသည်။ မိမိသေပြီးနောက် မိမိလုပ်ရပ် များကို ကောင်းသော အဆုံးပန်းတိုင်သို့ ရောက်အောင် ဆက်လက်လုပ် ဆောင်လိမ့်မည်ဟု ဆတ်က မယုံကြည်ချေ။ ကျန်ခဲ့သော လူများသည် သူတို့သဘောနှင့် သူတို့ထင်ရာ လုပ်ကြမည်သာ ဖြစ်သည်ဟု မြင်သည်။ အားကြိုးမာန်တက် ပြုလုပ်ထားသော လူတစ်ဦး၏ လုပ်ဆောင်ချက်များ သည် ထိုလူမရှိသည့်အခါ ဘာမျှ အသိအမှတ်ပြု မခံရသော လုပ်ဆောင်မှု များ ဖြစ်ချင်လည်းဖြစ်သွားနိုင်သည်။ မည်မျှကြိုးပမ်းလုပ်ဆောင်ခဲ့သော လုပ်ရပ်ဖြစ်စေ နောက်လူများက ဘာမျှသုံးမရသော လုပ်ရပ်အနေဖြင့် စွန့်ပစ်ချင်လည်း စွန့်ပစ်လိုက်ကြမည်။ သို့ဖြစ်၍ တာဝန် အမျိုးမျိုးကို ယူကာ ပြုလုပ်ဆောင်ရွက်နေရသော လူ့ဘဝကို စေ့စေ့ကြည့်ပါက စိတ် ပျက်ဖွယ်ရာကောင်းသည်ဟု ဆတ်က ဖော်ပြခဲ့၏။

---

၁ despair



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်ဖွယ်ကောင်းသော လူ့အဖြစ်ကို ဆတ်သည် သူ၏စာပေများ၌ ဖော်ပြခဲ့သော်လည်း သူကိုယ်တိုင်ကမူ "ကျွန်ုပ် ဘယ်အခါမျှ စိတ်မပျက်ခဲ့ပါ" * ဟု ဆိုသည်။ "စိတ်ပျက်ဖွယ်ဘဝ ဖြစ်သော်လည်း အရှုံးမပေးဘဲ လူသည် မိမိတာဝန်ကို မိမိ ရဲရဲယူ၍ ဘဝကို မမှိတ်မသုန် ရင်ဆိုင်သွားရန် ဆတ်က တိုက်တွန်းခဲ့သူဖြစ်သည်။ လူသည် ဘဝ၏ အချည်းနှီးသဘောတို့ကို ရင်ဆိုင်နိုင်သူဖြစ်သည်ဟူသော အယူအဆဖြင့် လူ့ဂုဏ်သိက္ခာကို ဆတ်က မြှင့်တင်ခဲ့သည်။"**

ဆတ် ဖော်ပြသကဲ့သို့ ဘဝကိုမြင်၍ အချည်းနှီးသဘောများ၊ စိတ်ပျက်ဖွယ်များ၊ အဓိပ္ပာယ် ကင်းမဲ့မှုများနှင့်တကွ သေခြင်း တရားကိုပါ ရဲရဲဝံ့ဝံ့ ရင်ဆိုင်မည်ဆိုလျှင်လည်း ထိုရင်ဆိုင်ခြင်းမျိုးသည် တစ်စုံတစ်ခုသော အတိုင်းအတာအထိမူ ကောင်းသော မှန်သော ရင်ဆိုင်ခြင်းမျိုး ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ သို့ရာတွင် လူ၌ အစွဲဥပါဒါန်တို့ မကင်းသေးသမျှ သေခြင်းတရားနှင့် ဘဝ၏ အချည်းအနှီးသဘောများ၊ အဓိပ္ပာယ်ကင်းမဲ့ခြင်းများ အစရှိသည့် ဒုက္ခတို့ကို တည်ငြိမ်စွာ ရင်ဆိုင်နိုင်လိမ့်မည်ဟူ၍ကား မယုံကြည်အပ်ချေ။ ရင်ဆိုင်ဖို့ရန် အားတင်းရမည် ဆိုလျှင်လည်း ....ထိုသို့ အားတင်းနေရခြင်းသည် တုန်လှုပ်ချောက်ချားသော အမှတ်လက္ခဏာဖြစ်သည်။ မိမိကိုယ်ကိုမိမိ ရဲဝံ့သူအဖြစ် လှည့်စားနေခြင်းသာဖြစ်သည်။ ဘဝအပေါ်၌ ကျေနပ်ခြင်း၊ မကျေနပ်ခြင်း၊ ဘဝကို အကောင်းမြင်ခြင်း၊ အဆိုးမြင်ခြင်း အစရှိသည့် ထင်မှတ်စွဲလမ်းမှုတို့ လူ၌ ရှိနေသေးသမျှ သေခြင်းတရားနှင့် ဘဝဒုက္ခအထွေထွေကို ရင်ဆိုင် တိုးသည့်အခါ လူသည် ဆောက်တည်ရာမရ ဖြစ်ဖို့ရန် အခွင့်အလမ်း များလျက်ပင် ရှိနေသေးသည်။

ဘဝဖြစ်တည်မှု ပဓာနဝါဒီများသည် ဆင်ခြင်ခြင်းတရားကို လူ၏ အားကိုးရာ ဆောက်တည်ရာ မဟုတ်ဟု ပစ်ပယ်ကြသူများ ဖြစ်သည်။ ဟေဂယ် အမွှမ်းတင်၍ ဖော်ပြခဲ့သော ဆင်ခြင်ခြင်းတရားကို အစွမ်းကုန် ပစ်ပယ်ခဲ့ကြသူများဖြစ်သသည်။ ထိုသို့ ပစ်ပယ်အောင် ခေတ်ကာလ အခြေအနေများကလည်း ဖန်တီးလာခဲ့သည်ဟု ဆိုရမည် ဖြစ်သည်။ ဟေဂယ်က လူသည် ဆင်ခြင်ဉာဏ်ကို ပို၍ ပို၍ အသုံးပြုလာရလေ၊ လူသည် ပို၍ ပို၍

---

* Newsweek, April, 1980

** Paul Roubiczek, op. cit., P.126



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လပ်လာလေဖြစ်သည်။ ဆင်ခြင်ခြင်းတရား (ဝါ) အနန္တ ဝိညာဉ်၏ သက်ဝင်လှုပ်ရှားမှုကြောင့် လူ့သမိုင်းကြီးသည်လည်း ပို၍ပို၍ တိုးတက်လာသည်ဟု ဆိုသည်။ ဤအဆိုကိုထောက်၍.... ဟေဂယ်သည် လူ၏ဂုဏ်သိက္ခာကို ဆင်ခြင်ခြင်းတရားနှင့် အစွမ်းကုန် မြှင့်တင်ပေးခဲ့သည်ဟု ယူဆရမည်ဖြစ်သည်။ ဟေဂယ်၏ အယူအဆအရ ဆိုပါက လူသည် လူ့ဖြစ်စဉ် လူ့သမိုင်း၌ ဘာမျှအားငယ်စရာမရှိသူ ဖြစ်သည်။ လူ့အဖြစ် လူ့ဘဝသည် အဓိပ္ပာယ်ရှိသောဘဝ၊ မျှော်လင့်ချက်ရှိသောဘဝ ဖြစ်လျက်ရှိသည်။

သို့ရာတွင် ဥရောပတစ်ခွင်ကိုကြည့်ပါက ၁၉–ရာစု၏ ပထမကာလမှစ၍ လူ၏ဂုဏ်သိက္ခာသည် ကျဆင်းသည်ထက်ကျဆင်းလာသည်ကို တွေ့လာရသည်။ လူတို့၏ တွေဝေ မိုက်မဲခြင်းများ၊ မကျေနပ်နိုင်ခြင်းများ၊ စိတ်ပျက်ငြီးငွေ့ခြင်းများ၊ မျှော်လင့်ချက် ကင်းခြင်းများကိုသာ တွေ့လာရသည်။ ထို ၁၉ ရာစုမှစ၍ နိုင်ငံရေး စီးပွားရေး မတည်ငြိမ်မှုများဖြင့် လူ့သမိုင်းကို စိုးမိုးလာသော လူမှု အနိဋ္ဌာရုံများက လူ့သမိုင်း၏ကျဆင်းမှု၊ ချွတ်ခြုံကျမှုကို ဖော်ပြလျက်ရှိသည်။ ထိုအခါ ဟေဂယ်၏ သမိုင်းသည် ပို၍ပို၍ တိုးတက်လာသည်ဟု ဆိုသော ဒဿနအပေါ် သံသယပွားဖွယ်ရာ ဖြစ်လာသည်။ ပြင်သစ်တော်လှန်ရေးသည် မကောင်းမှု အနိဋ္ဌာရုံတို့ကို ဖယ်ရှင်းနိုင်လိမ့်မည်ဟု လူတို့ ယုံကြည်ခဲ့ကြ၏။ မျှော်လင့်ချက်များထားခဲ့ကြ၏။ သို့ရာတွင် လက်တွေ့၌ ပို၍ပို၍ဆိုးရွားသော လူမှုအနိဋ္ဌာရုံများကိုသာ ဖြစ်ပေါ်လာစေသည်ကို တွေ့ကြုံကြရသည်။ ထိုအခါ လူများစွာသည် မျှော်လင့်ချက်မဲ့သွားကြသည်။ ထိုခေတ်လူများသည် ဘဝ၏ မရေရာမှုသဘောတို့ကို ကြုံတွေ့ရာမှ ရှေ့အနာဂတ်ကို မည်သို့ မျှော်လင့်ရမှန်းမသိဘဲ တွေဝေနေကြသည်။ နပိုလီယံ၏ စစ်ပွဲများကြောင့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ လက်ရုံးရည်နှလုံးရည်နှင့် ပြည့်စုံသူပုဂ္ဂိုလ်များ သန်းနှင့် ချီ၍ ဤလောကမှ သေဆုံးပျောက်ကွယ်သွားခဲ့ရသည်။ ကေသန်းပေါင်းများစွာသော လယ်မြေများသည် စစ်ပွဲများကြောင့် မထွန်ယက် မစိုက်ပျိုးရဘဲ ဖုန်းဆိုးမြေများ ဖြစ်ကုန်ကြသည်။ ဥရောပတစ်ခွင်၌ လူတို့၏ဘဝ၊ လူတို့၏ ယဉ်ကျေးမှုကို အစမှပြန်၍ စရမည်ကဲ့သို့ဖြစ်နေသည်။ မော်စကိုမြို့ကြီးသည် ပြာအတိကျခဲ့သည်။ အင်္ဂလန်နိုင်ငံ၌ ဂျုံဈေးမကောင်းမှုကြောင့် လယ်သမားများ အတိဒုက္ခရောက်လျက် ရှိကြသည်။ လူ၏လုပ်အားအစား စက်များကို အသုံးချလာမှုကြောင့် လူများစွာသည် အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လက်မဲ့ဖြစ်ကာ ညည်းညူစိတ်ပျက်နေကြသည်။ "ထိုသို့စိတ်ပျက်ရာမှ .... "လူ့ဘဝ လူ့အဖြစ်သည် ပင်ပန်းဆင်းရဲခြင်း၊ စိတ်မချမ်းမြေ့ခြင်းတို့ဖြင့် အဓိပ္ပာယ်မဲ့ လျက်ရှိသည်။ လောကကြီးသည် ပရမ်းပတာနှင့် ဖြစ်ချင်တိုင်း ဖြစ်လျက်ရှိသည်" ဟုလည်း ထင်မြင်လာကြသည်။

အနုပညာရှင်များ၏ လက်ရာများ၌လည်း ထိုခေတ်ကာလ၏ ဘဝ အနိဋ္ဌာရုံများသည် ရောင်ပြန်ဟပ်လျက်ရှိသည်။ လောကကြီးကို အဆိုး ဘက်မှ ရှုမြင်သောအမြင်[၁] ဖြင့် ဖွဲ့နွဲ့စပ်ဆိုသော ကဗျာလင်္ကာ တေးဂီတ တို့၌လည်း ဘဝ၏ကြေကွဲဖွယ် စက်ဆုပ်ဖွယ်တို့ကို လွှမ်းလျက်ရှိသည်။ ဒဿန လောက၌လည်း လူ့ဘဝကို အဆိုးဘက်မှရှုမြင်သော အယူဝါဒတို့ လွှမ်း မိုးလျက်ရှိသည်။ အထူးသဖြင့် ရှိုပင်ဟောင်ဝါ၏ ဒဿနများတွင် ဘဝကို အဆိုးဘက်မှရှုမြင်သော အမြင်များကို တွေ့နိုင်မည်ဖြစ်သည်။ ရှိုပင်ဟောင် ဝါက ဟေဂယ်ရှေ့တန်းတင်ခဲ့သော ဆင်ခြင်ခြင်းတရားသည် လူ့အစွဲ ဉပါဒါန်၊ တဏှာကိလေသာတရားတို့၏ နောက်လိုက်မျှသာဖြစ်ကြောင်း၊ လူတို့၏ တဏှာလောဘတို့ကြောင့် လူ့သမိုင်း၌ အနိဋ္ဌာရုံတရားများ လွှမ်းမိုးနေကြောင်း ဖော်ပြခဲ့၏။

ထိုခေတ်ဒဿနပညာရှင်များ၊ အနုပညာရှင်များသည် လူ့လောက၏ ရက်စက်မှုများ၊ မတရားမှုများ၊ လူ့ဘဝ၏ မရေရာ မသေချာမှုများ၊ မျှော်လင့်ချက် ကင်းမဲ့မှုများကို ခံစားကြုံတွေ့လာရသည့်အခါ "လောက ကြီးကို ထာဝရဘုရားက ဖန်ဆင်းသည်" ဟူသော အယူအဆအပေါ်၌လည်း သံသယပွားလာကြသည်။ လောကကြီးတစ်ခုလုံးကို ဖောက်ဖောက်ပြန်ပြန်နှင့် အစီအစဉ်မရှိဘဲ ပရမ်းပတာဖြစ်နေသည်ကိုကြည့်၍ .... ထာဝရဘုရားသည် လောကကြီးအား အစီအစဉ်တကျ ဖန်ဆင်းသည် ဆိုသည်မှာ မဖြစ်နိုင် .... ဟုလည်း ယူဆထင်မြင်လာကြသည်။ ထာဝရဘုရားက ကယ်တင်လိမ့်မည်ဟု မျှော်လင့်စရာလည်းမရှိ။ ဤမျှစက်ဆုပ်ဖွယ် အနိဋ္ဌာရုံတို့ကို လောက၌ ဖြစ်ပေါ် နေသည်ကို ထာဝရဘုရားသည် အဘယ်ကြောင့်ကြည့်နေနိုင်ရက် ပါသ နည်း။ ထာဝရဘုရားရှိကောရှိပါသေး၏လော။ "ရှိသည်ဆိုလျှင်လည်း ထို ဘုရားသည် မျက်စိကန်းနေသူ ဖြစ်ရမည်။ .... ကမ္ဘာပေါ်တွင် မကောင်းမှု

၁ Pessimistic outlook



www.burmeseclassic.com

www.burmeseclassic.com



သည် စိုးမိုးခဲ့ပြီ။" * ဤသို့ .... ဘိုင်ရွန်[၁]၊ ဟိန်း[၂]၊ လာမွန်တော့ဖ်[၃]၊ လီယိုပါဒီ[၄] စသည့် အနုပညာရှင်များနှင့် ဒဿနပညာရှင်များသည် ထာဝရဘုရား အပေါ် သံသယဒွိဟ ပွားကြရာမှ မိမိတို့ ထင်မြင်ရာတို့ကို ဖော်ပြရေးသား စပ်ဆို ဖွဲ့နွဲ့လာကြသည်။

၁၈၅၃ ခုမှ ၁၈၆၄ ခုအထိ ဖြစ်ပွားခဲ့သော တိုင်ပင်[၅] ပုန်ကန်မှု အရေးအခင်း၌ အသက်ဆုံး ရှုံးခဲ့သော လူပေါင်းသည် ၂၀,၀၀၀,၀၀၀ နှင့် ၃၀,၀၀၀,၀၀၀ ကြားတွင်ရှိသည်။ ၂၀ရာစု ဆန်းစ ကာလတွင် ပထမကမ္ဘာစစ်ကြီး ဖြစ်လာပြန်သည်။ "ပထမကမ္ဘာစစ်သည် ယခင်က လူသားတို့ တိုက်ခိုက်ခဲ့သော စစ်ပွဲများထက် အတိုင်းအဆ ပမာဏကြီးမား သည်။ ထိခိုက်နစ်နာမှုများကလည်း ပို၍ပြင်းထန်သည်။ ဤကမ္ဘာစစ်ကြီး အတွင်း ပစ္စည်းပျက်ယွင်းမှုများ၊ စာရိတ္တပျက်ယွင်းမှုများကို အပထား၍ အတိအကျ သေဆုံးသော စစ်သား ၁၀ သန်း၊ သေပြီဟု ယူဆရသော စစ်သား ၃ သန်း၊ စစ်ကြောင့် မိဘမဲ့ ဖြစ်သွားကြရသော ကလေးပေါင်း ၉ သန်း၊ စစ်ကြောင့် မုဆိုးမ ဖြစ်ရသော မိန်းမ ၅ သန်း ရှိခဲ့လေသည်။" ** ၁၉၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ပထမ ကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သော်လည်းရုရှားပြည်၌ကား ၁၉၁၉ ခုနှစ်မှ ၁၉၂၀ ပြည့်နှစ်အထိ ဆက်တိုက်ပင် တန်ပြန်တော်လှန်ရေးများကို ဆိုဗီယက်များက နှိမ်နင်း တိုက်ခိုက်နေကြရပြန်သည်။

ခေတ်တစ်ဝက်မျှမကျိုးမီ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြန်သည်။ ဒုတိယ ကမ္ဘာစစ်သည် ပထမ ကမ္ဘာစစ်ထက် ထိခိုက်နစ်နာမှုများ ပိုလာသည်။ ဒုတိယကမ္ဘာစစ်၌ သေဆုံးခဲ့သော လူပေါင်း ၅၄,၀၀၀,၀၀၀ ခန့် ရှိ၍ ယင်းတို့အနက်တွင် ရုရှားမှ သေဆုံးသူ ၂၅,၀၀၀,၀၀၀ မျှ ပါဝင်၍ တရုတ်ပြည်မှ အရပ်သား ၇,၈၀၀,၀၀၀ သေဆုံးကြသည်။ အဆိုးရွားဆုံးမှာ

---

* Will Durant, op. cit., p. 302

၁ G. G, Byron (1788 - 1824)

၂ H. Hein (1797 - 1856)

၃ M. Y, Lermontov (1814 - 1841)

၄ G. Leopardi (1798 - 1837)

၅ T'ai-p'ing

** ဗိုလ်အေးမောင်၊ ကမ္ဘာ့တော်လှန်ရေးသမိုင်း၊ စတုတ္ထအကြိမ် – စာ ၄၁၈ (ပဥ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



ပိုလန်ပြည်မှဖြစ်၍ လူပေါင်း ၆,၀၂၈,၀၀၀ (လူဦးရေ ၂၇,၀၀၇,၀၀၀ ၏ ၂၂.၂ ရာနှုန်း) မျှ သေဆုံးကုန်ကြသည်။*

ဟေဂယ်က "လူတို့သည် ပို၍ပို၍ ဆင်ခြင်ခြင်းတရားကို အသုံးပြုလာသည်။ ထို့ကြောင့် လူ့သမိုင်းစဉ်ကြီးသည်လည်း ပို၍ပို၍ တိုးတက်လာသော သဘောကိုဆောင်သည်"ဟု ဆိုခဲ့သည်။ သို့ရာတွင် လူ့လောကရှိ လူမှုအနိဋ္ဌာရုံတို့ကို ထောက်၍ ဟေဂယ်၏ အဆိုအမိန့်၊ ဟေဂယ်၏ အယူအဆ အပေါ် သံသယ ပွားစရာများ ရှိလာသည်။ လူ့သမိုင်းကြီးသည် ဆင်ခြင်ခြင်း တရားအပေါ် အခြေခံ၍ တိုးတက် ပြောင်းလဲနေသည် ဆိုပါလျှက် စစ်ပွဲများ၊ လူသတ်ပွဲများ၊ အနိုင်ကျင့်မှုများ၊ လူမှုအနိဋ္ဌာရုံများ စသည့်လူသမိုင်း၏ ကျဆင်းနိမ့်လျော့မှု သဘောတို့သည် အဘယ်ကြောင့် ပို၍ပို၍ ဖြစ်လာရသနည်း။ လူတို့သည် သဘောထား ကွဲလွဲချက်များကို ဆင်ခြင်ခြင်းတရား အပေါ် အခြေခံ၍ ပြေပြေ လည်လည် ဆွေးနွေး ဖြေရှင်းခြင်းမပြုနိုင်ကြဘဲ အဘယ်ကြောင့် လက်နက်စွဲကိုင်လျှက် သတ်ဖြတ်နေကြသနည်း၊ ဟေဂယ်ဆိုလိုသော "တိုးတက်ခြင်း" ဟူသည်မှာ အဘယ်သို့သော တိုးတက်ခြင်းမျိုးနည်း၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ခြင်းများ၊ လူလူချင်း ဖျက်ဆီးနိုင်သည့် လက်နက်ပစ္စည်းတို့ တိုးတက်ခြင်းများကိုပင် "တိုးတက်ခြင်း"ဟု ဆိုမည်လော စသည့် မေးခွန်းများနှင့်အတူ ဟေဂယ်၏ ဒဿနအပေါ် သံသယပွားလာကြသည်။ သံသယပွားရာမှ အယုံအကြည် ကင်းမဲ့ခြင်းဆီသို့ ရောက်သွားပြီးနောက် ဟေဂယ်၏ဒဿန အယူအဆတို့ကို ပစ်ပယ်လိုက်ကြသည်။

ဘ၀ဖြစ်တည်မှု ပမာနဝါဒီများသည်လည်း "ဆင်ခြင်ခြင်းတရားသည် လူ့ဘ၀ လူ့ပြဿနာတို့ကို ဖြေရှင်းမပေးနိုင်၊ လူမှုအနိဋ္ဌာရုံများကို ဖယ်ရှားမပေးနိုင်"ဟု ယူဆကာ ဆင်ခြင်ခြင်းတရားကို ပစ်ပယ်လိုက်ကြသည်။ အချို့သော ဘ၀ဖြစ်တည်မှု ပမာနဝါဒီများက ဆင်ခြင်ခြင်းတရားကို ပစ်ပယ်ပြီးနောက် ထာဝရဘုရားကို အားကိုးယုံကြည်မှုပြု၍ ဘ၀၏ ထောက်ရာ တည်ရာကို ရှာကြသည်။ အချို့ဘ၀ဖြစ်တည်မှု ဝါဒီများကမူ ထာဝရဘုရားကို အယုံအကြည်မရှိဘဲ ပစ်ပယ်လိုက်ကြသည်။ ထာဝရဘုရား အပေါ် အခြေခံ၍ ဖြစ်ပေါ်လာသော ကိုယ်ကျင့်တရားဆိုင်ရာ အမှား

---

* Book of World Records (1977 Edit) p. 388



www.burmeseclassic.com

www.burmeseclassic.com



အမှန်နှုန်းစံတန်ဖိုးများ၊ အစဉ်အလာလက်ခံခဲ့သော လူမှုရေးနှုန်းစံတန်ဖိုး များကိုလည်း အယုံအကြည်မရှိဘဲ ပစ်ပယ်လိုက်ကြသည်။

ဘဝဖြစ်တည်မှု ပဓာနဝါဒီများသည် မိမိတို့ဝန်းကျင်မှ လူများ၊ လူမှုအဖွဲ့အစည်းများကိုလည်း အားကိုးရာများ မဟုတ်ဟု မြင်လာကြသည်။ အယုံအကြည်လည်းကင်းမဲ့ လာကြသည်။ ဝေဖန်သူများက "ဤသို့ အယုံအကြည်ကင်းမဲ့လာခြင်း ၎င်းတို့နေထိုင် အသက်ရှင်ရာ အရင်းရှင် လူမှုအဖွဲ့အစည်း၏ မသမာမှုများ၊ တရားမျှတမှု ကင်းမဲ့ခြင်းများ၊ ဖောက်ပြန်ခြင်းများကိုဖြစ်စေသော စီးပွားရေးစနစ်ကြောင့်ဖြစ်သည်" ဟု ဆိုကြသည်။ ထိုခေတ်အနုပညာရှင်များသည် ဘဝဖြစ်တည်မှုပဓာနဝါဒီများ ထက်ပို၍ပင် အရင်းရှင် လူမှုအဖွဲ့အစည်းအပေါ် အယုံအကြည်မဲ့ကြသည်။ မကျေနပ်ခြင်း တရားများ ပွားကြ၍ ထိုအရင်းရှင် လူမှုအဖွဲ့အစည်းကို ပစ်ပယ်ကျောခိုင်းကြသည်။ ထိုသို့ပစ်ပယ် ကျောခိုင်း လိုက်သောကြောင့် အနုပညာရှင်များသည် ၎င်းတို့၏ လူမှုအဖွဲ့အစည်းများနှင့် ကင်းကွာ သွားကြသည်။ မတော်လောဘတို့ဖြင့် အရာရာကို ငွေဖြင့် အဆုံးအဖြတ် ပြုနေကြသော အရင်းရှင်တို့ကို အချည်းနှီးသော လူများအဖြစ် မြင်ကြသည်။ အနုပညာ၏ တန်ဖိုး၊ အမှန်တရား၏ မှန်မြတ်မှုတို့ကို နားမလည် သူများအဖြစ် မြင်ကြသည်။ အရင်းရှင်နားလည်သောအရာမှာ ငွေသာဖြစ် ကြောင်း ပညာရှင်တစ်ဦးက အောက်ပါကဲ့သို့ ပြောင်လှောင်ထား၏။

" ဆန် .... ဆန် ဆိုတာကို ကျွန်ုပ် ဘယ်လိုနားလည် ရမှာလဲ
ဆန်ဆိုတာ ဘာလဲလို့ သိသူကိုကော ကျွန်ုပ်သိသင့်သေးသလား
ဆန် ဆို တာ ကို ဘယ် လို ယူ ဆ ရ မှန်း ကျွန်ုပ် မသိ
ကျွန်ုပ်သိတာက .... ဆန်ဈေး ...."*

အရင်းရှင်သည် မိမိအကျိုးစီးပွားအတွက် ငွေရရန်သာပစ္စည်းများ ကို ထုတ်လုပ်သည်။ ကုန်ထုတ်ခြင်းဟူသည် အရင်းရှင်အဖို့ အမြတ်ရဖို့

---

* Ernst Fischer, "The Necessity of Art" P. 82



www.burmeseclassic.com

www.burmeseclassic.com



တွက်သာဖြစ်သည်။ ထုတ်ကုန်ပစ္စည်းဟူသည် ငွေကိုရစေသော အရာဝတ္ထုသာဖြစ်သည်။ ငွေရဖို့သာ ကြည့်တတ်သော အကျင့်ပါနေသည့် အရင်းရှင်တို့သည် အနုပညာပစ္စည်းတို့ကိုလည်း ရောင်းကုန်ပစ္စည်းအဖြစ် သဘောထားကြသည်။ ရောင်းကုန်ပစ္စည်းသည် အသုံးကျမှုဆိုင်ရာ တန်ဖိုး[၁] သာ ရှိသည်ဟုမြင်သကဲ့သို့ အနုပညာပစ္စည်းကိုလည်း အသုံးကျပစ္စည်းတစ်ရပ်အနေဖြင့်သာ မြင်ကြသည်။ အနုပညာရှင်များမှာမူ မိမိတို့၏ အနုပညာလက်ရာများကို အခြားထုတ်ကုန် ပစ္စည်းများကဲ့သို့ ဈေးကွက်၌ ချ၍ ရောင်းနိုင်သူများမဟုတ်။ အနုပညာလက်ရာ ဆိုသည်မှာ အမြတ်အစွန်းရမှု ရှုထောင့်မှနေ၍ နေ့စဉ်သုံးပစ္စည်းကဲ့သို့ တန်ဖိုးဖြတ်အပ်သော အရာမျိုးလည်းမဟုတ်၊ နေ့စဉ်သုံးပစ္စည်းကဲ့သို့ လျင်လျင်မြန်မြန် ထုတ်လုပ်၍ ရသောအရာမျိုးလည်း မဟုတ်ချေ။ ထိုအခါ ငွေရဖို့ရန်သာ ရှေးရှု၍ အရာရာကို အသုံးကျ တန်ဖိုးအနေဖြင့် နားလည်နေသော လူ့အဖွဲ့အစည်း၌ အနုပညာရှင်များသည် စားဝတ်နေမှု မပြေလည်ခြင်းများနှင့် အတူ အားငယ်စိတ်များဖြစ်လာခဲ့ကြသည်။ အနုပညာရှင်များသည် မိမိတို့ကျင်လည်ရာ လူနေမှုအဖွဲ့အစည်းနှင့် မစပ်ဟပ်တော့သကဲ့သို့ ဖြစ်လာသည်။ အနုပညာရှင်များနှင့် လူ့အဖွဲ့အစည်းသည် ကင်းကွာသည်ထက် ကင်းကွာသွားကြသည်။

အနုပညာရှင်များသည် ၎င်းတို့အသက်ရှင် နေထိုင်ရာ ခေတ်ကို ခေတ်ဆိုး ခေတ်ပျက်ကြီးဟု မြင်သည်။ အမှန်တရား ပျောက်ကွယ်ဆိတ်သုဉ်းနေသော ခေတ်ကြီးအဖြစ် မြင်သည်။ မိမိတို့ဘဝကိုလည်း အချည်းနှီးသောဘဝ၊ အဓိပ္ပာယ်မဲ့သောဘဝ၊ တန်ဖိုးမဲ့သောဘဝ၊ ဆောက်တည်ရာမဲ့သောဘဝအဖြစ် မြင်လာကြသည်။ "အနောက်တိုင်း ဘူဇွာ အရင်းရှင်လောကကြီးသည် စိတ်ညစ်ညူးဖွယ် ကောင်းသော လောကကြီးဖြစ်သည်။ ....ဤလောကကြီး၌ အသက်ရှင် နေရခြင်းသည် မိမိအတွက် အဓိပ္ပာယ်တစ်စုံတစ်ရာ၊ တန်ဖိုးတစ်စုံတစ်ရာ ရှိသည်ဟုမြင်သောသူသည် ရူးသောကြောင့်သာဖြစ်မည်။ လူအားလုံးသည် မိုက်မဲကြသည်။ ကောက်ကျစ်စဉ်းလဲနေကြသည်"* ဟု မြင်လာကြသည်။

---

၁ instrumental value
* Ernst Fischer, op. cit., P.88



www.burmeseclassic.com

www.burmeseclassic.com



အလိုလောဘတို့ဖြင့် အရာရာကို ရောင်းကုန်ပစ္စည်းအဖြစ် သဘောထားနေသော ထိုခေတ် လူ့အဖွဲ့အစည်း၌ လူကိုလည်းလူအဖြစ်မမြင်တော့ဘဲ ရုပ်ဝတ္ထုပစ္စည်းအဖြစ် မြင်လာကြသည်။ လူ၏အရည်အသွေး၊ လူ၏ဂုဏ်သိက္ခာသည် ထိုအမြင်နှင့်အတူ လျော့ကျသွားခဲ့ရသည်။ ထိုသို့ လူ့အရည်အသွေး လူ့အခန်းကဏ္ဍ လျော့ကျရခြင်းကို အနုပညာရှင်တို့ ခံစားတွေ့ကြုံလာရာမှ ပန်းချီပညာရှင်တို့၏ လက်ရာများ၌ လူကို အလင်းအမှောင်နှင့် ဆေးရောင်များကြားတွင် မပီမသ မထင်မရှားဖြင့် မှေးမှေးမှိန်မှိန် ရေးဆွဲဖော်ပြလာသည်ကို တွေ့ရသည်။ ပန်းချီပညာရှင် စေဇန်း[၁]က "လူကိုပေါ်လွင်အောင် မဖော်ထုတ်သင့်" ဟုပင် ဆိုသည်။ ပန်းချီကားများ၌ လူသည် ဆေးရောင်များကြားတွင် တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ ရှုခင်းပုံများတွင် လူပုံမပါဘဲ အထီးကျန်နိုင်လျက်ရှိသည်။ မြို့တော်တွင်းလမ်းများကို ရေးဆွဲထားသော ပန်းချီကားများမှာလည်း "လူ"မပါသောကြောင့် ထိုမြို့တော်တွင်းလမ်းများသည် လူသူကင်းဆိတ်၍ အစွန့်ပစ်ခံ လမ်းများသဖွယ် ဖြစ်လျက်ရှိသည်။ *

အနုပညာရှင်များသည် အမှန်တရား ကင်းမဲ့နေသော ၎င်းတို့၏ လူနေမှု အဖွဲ့အစည်းကို အားကိုးရာ ယုံကြည်ရာ မဟုတ်ဟု မြင်ကြသည်။ ထိုလူမှု အဖွဲ့အစည်းအတွင်း၌ အသက်ရှင် နေရသော ဘဝကို ဘာမျှ အဓိပ္ပာယ်မရှိသော တန်ဖိုးမရှိသော ဘဝဟု မြင်ကြသည်။ ထိုအမြင်တို့ဖြင့် ၎င်းတို့၏ လူမှုအဖွဲ့အစည်းကို ပစ်ပယ်ကျောခိုင်းကြသည်။ ၎င်းတို့၏ လူမှုအဖွဲ့အစည်းမှ ပြေးရှောင်ကြသည်။ ထိုသို့ပြေးရှောင်ပြီးနောက် "အနုပညာသည် အနုပညာအတွက်" ဟူသော ကြွေးကြော်သံဖြင့် လူမှုကိစ္စများကို မျက်ကွယ်ပြုကြသည်။

ဘဝဖြစ်တည်မှု ပဓာနဝါဒီ များသည်လည်း ၎င်းတို့အသက်ရှင်နေထိုင်ရာ လူ့အဖွဲ့အစည်းကြီးကို ဘဝ၏ အားကိုးရာမဟုတ်ဟု ယူဆကာ ပစ်ပယ်ကျောခိုင်း သူများဖြစ်ကြသည်။ အချို့က ထာဝရဘုရားအပေါ် သက်ဝင်ယုံကြည်မှုဖြင့် အားကိုးပြု၍ လူ့ဘဝ၏ အနက်အဓိပ္ပာယ်ကိုရှာကြသည်။ဘဝ၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုကြည့်ကြသည်။ သို့ရာတွင် ယန်ပေါလ်ဆတ် အစရှိသော ဘဝဖြစ်တည်မှု ပဓာနဝါဒီတို့ကမူ ထာဝရဘုရားကို

---

* Ibid ., P.90 ၁ P. Cezanne (1839 - 1906)



www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်ကြရကား ထိုထာဝရဘုရားကိုလည်း ဘဝ၏ အားကိုးဆောက်တည်ရာမဟုတ်၊ထာဝရဘုရားသည် ဘဝကို မှန်မှန်ကန်ကန် အနက်အဓိပ္ပာယ်ဖွင့်ပေးနိုင်သူမဟုတ်ဟု ယူဆကာ ပစ်ပယ်လိုက်ကြသည်။

အနောက်တိုင်းမှ လူအတွက် ထာဝရဘုရားသည် ဘဝ၏ အားကိုးရာဆောက်တည်ရာဖြစ်ခဲ့၏။ ဆင်ခြင်ခြင်းတရားသည်လည်း ဘဝ၏ အားကိုးရာ၊ ဆောက်တည်ရာဖြစ်ခဲ့၏။ သို့ရာတွင် ထာဝရဘုရား၏ တည်ရှိမှုနှင့် ဆင်ခြင်ခြင်းတရားကို အယုံအကြည် ကင်းမဲ့၍ ပစ်ပယ်လိုက်သောအခါ လူ၌ အားကိုးဆောက်တည်ရာမရှိသကဲ့သို့ ဖြစ်သွားသည်။ ထိုမျှမက လူမှုအဖွဲ့အစည်းကို လည်းကောင်း၊ အစဉ်အလာ နှုန်းစံ တန်ဖိုးများကိုလည်းကောင်း၊ သိပ္ပံပညာကိုလည်းကောင်း၊ ယုံစားအားကိုးရာများ မဟုတ်ဟု ပစ်ပယ်လိုက်သည့်အခါ လူသည်ဘဝ၌ မည်သည့်အရာကိုထောက်ရာတည်ရာ အားကိုးရာအဖြစ်ဖမ်းကိုင်ရမှန်း မသိဘဲဖြစ်နေသည်။ ထိုအခါ ....အားကိုးရာကင်းမဲ့သည်ထက် ကင်းမဲ့ကာ အားငယ်ခြင်းဝေဒနာကို ခံစားလာရသည်။ အထီးကျန်ဝေဒနာကိုလည်း ခံစားလာရသည်။ တွေဝေသူလည်း ဖြစ်လာသည်။ မျှော်လင့်ချက်ကင်းမဲ့ သူလည်း ဖြစ်လာသည်။ လူ့ဘဝ၌ မည်ကဲ့သို့သော အနက်အဓိပ္ပာယ်ဖြင့် နေရမည်ကို မသိသကဲ့သို့ ဖြစ်လာသည်။ မည်သည့်အရာကို ပန်းတိုင်ထား၍ သက်ရှင်လှုပ်ရှားရမည်ကိုလည်း မသိသကဲ့သို့ ဖြစ်လာသည်။ "ဘဝပန်းတိုင်ကား အဘယ်နည်း" ဟူသောမေးခွန်းကို ပြင်သစ်မှ ဘဝဖြစ်တည်မှု ပဓာနဝါဒီအချို့က "သေခြင်းသည် ဘဝ၏ အဆုံးပန်းတိုင်ဖြစ်သည်" ဟု ဖြေကြသည်။ "ဘဝပန်းတိုင်အတွက် လုပ်ဆောင်စရာကား အဘယ်နည်း" ဟူသောမေးခွန်းကို မေးလာသူအားလည်း ထိုဘဝဖြစ်တည်မှု ပဓာနဝါဒီတို့က ...."ဘဝ၏ ပန်းတိုင်ဆိုသည်မှာ သေခြင်းသာဖြစ်၍ ထိုပန်းတိုင်အတွက် လုပ်ဆောင်လိုလျှင် .... လုပ်ဆောင်စရာတစ်ခုတော့ရှိပါသည်။ ယင်းမှာအခြားမဟုတ်၊ သင့်အသုဘအတွက် ကြိုတင်ပြင်ဆင်ဖို့ပင် ဖြစ်ပါသည်"ဟု ဖြေကြသည်။*

စာရေးဆရာကြီး တော်လ်စတွိုင်[၁]၏ ပုံပြင်တစ်ခု[၂]၌ ဘုရင်တစ်ပါးက လူတစ်ဦးအား မည်သို့မျှ ရှောင်၍မရသော အပြစ်မျိုးကို ပေးလိုသော

---

* Time Magazine, vol. 110, 1976

၁ Leo Tolstoy (1828 - 1910) ၂ The Empty Drum

(ဟူမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် "သင်သည် ဘယ်အရပ်မှန်း မသိသော အရပ်သို့သွား၍ ဘယ်အရာမှန်း မသိသော အရာကိုယူခဲ့ ...." ဟု အမိန့်ပေးလိုက်ပုံကို ဖော်ပြထား၏။ ဘယ်အရပ်မှန်းမသိသော အရပ်သို့ သွားရမည် ဆိုသောကြောင့် ထိုအပြစ်ပေးခံရသောလူသည် မည်သည့်အရပ် မည်သည့်နေရာသို့ ဦးတည်မျှော်မှန်း၍ သွားရမည်ကို မသိနိုင်ချေ။ ဘာမှန်းမသိသည်ကို ယူခဲ့ဟု ဆိုပြန်သောကြောင့် ထိုလူသည် မည်သည့်အရာကို မည်သို့ ရှာဖွေယူရမှန်းလည်း မသိနိုင်ချေ။ 'ဘာမှန်းမသိသောကြောင့် ဘာလုပ်ရမှန်းမသိဘဲ' ထိုလူသည် တွေဝေနေမည်သာ ဖြစ်သည်။ ဘာမှန်းမသိသောကြောင့် သူ၏လုပ်ဆောင်ချက်များသည်လည်း ပရမ်းပတာ ဖြစ်နေဖို့သာ ရှိပေလိမ့်မည်။ ထို့အတူ ဘဝဖြစ်တည်မှု ပဓာနဝါဒီများ ဖွင့်ဆိုသည့် ဘဝ၏ အမှန်သဘာဝကို အသေအချာနားမလည်ဘဲ ဘဝဖြစ်တည်မှု ဝါဒ သဘောတရားတို့ကို အစွန်းရောက် လက်ခံမိသူအဖို့ .... လူသည် လူ့လောကသို့ အဓိပ္ပာယ်မဲ့အချည်းနှီး ဘာမှန်းမသိဘဲ ရောက်လာသူ၊ မည်သည့်ပန်းတိုင်သို့ ဦးတည်မျှော်လင့်၍ သွားရမှန်းမသိသူ၊ လူ့ဘဝ၌ မည်သို့သော အနက်အဓိပ္ပာယ်ဖြင့် သက်ရှင်လှုပ်ရှားရမည်ကို မသိသူအဖြစ်ဖြင့် ဆောက်တည်ရာမရ ဖြစ်နေလိမ့်မည်သာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

## စိတ်အခြေခံဝတ္ထုဖြင့် လူ၏ဂုဏ်သိက္ခာကို မြှင့်တင်ခြင်း

အနောက်တိုင်းမှ စောစောပိုင်း ဒဿနပညာရှင် အများအပြားသည် လူ၌မကျေပျောက်နိုင်သော၊ ထာဝရ မြဲသော ခိုင်သောအတ္တ (ဝါ) စိတ်အခြေခံဝတ္ထုရှိသည်ဟု ယုံကြည်ကြသည်။ ၎င်းတို့အလိုအရ လူ၌သာ စိတ်အခြေခံ ဝတ္ထုတည်းဟူသော အတ္တရှိသည်။ သို့ဖြစ်၍ လူသည် အခြားအခြားသောသတ္တဝါတို့နှင့် မတူသောသူဖြစ်သည်။ အတ္တရှိသူ ဖြစ်သောကြောင့် လူသည် သတ္တလောက၌ ထူးခြားသူ၊ မြင့်မြတ်သူဖြစ်သည်။ လူသည် ကောင်းအောင် ကြိုးစားပါက တစ်ချိန်တွင် ထိုလူ၏အတ္တသည် မသိမှု၊ တွေဝေမှုတို့ဖြင့် လွင့်မျောရာမှ ထာဝရလွတ်မြောက်မှုကို ရ၍ဆောက်တည်ရာကို ရသွားမည်ဟုလည်း ယုံကြည်သည်။ အတ္တတည်းဟူသော စိတ်အခြေခံဝတ္ထု၏ တည်ရှိမှုကို ဒေးကား အစရှိသော ဒဿနပညာရှင်များက ၎င်းတို့ ခေတ်ကရေပန်းစားခဲ့သည့် သင်္ချာပညာအပေါ် အခြေ ခံကာ သက်သေပြခဲ့ကြသည်။ သို့ရာတွင် နောက်ပိုင်းတွင် ပေါ်လာသော သင်္ချာစနစ်သစ်များကြောင့် ထိုဒဿန ပညာရှင်တို့၏ သက်သေပြချက်များ မှားယွင်းကြောင်း တွေ့လာရသည်။ ထိုအခါ စိတ်အခြေခံဝတ္ထု အပေါ်၌ လည်း သံသယပွားစရာများ ရှိလာပြန်သည်။ အတ္တ၏ တည်ရှိမှုဖြင့် လူ၏ဂုဏ်သိက္ခာကို မြှင့်တင်ခြင်းအပေါ်၌ လည်း သံသယများ ရှိလာပြန်သည်။

(ပန်းမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၆ )

## စိတ်ကူးကြံဆမှုနယ်ပယ်၌သာရှိသော အခြေခံဝတ္ထု

အနောက်တိုင်းမှ ဘာသာရေး တွေးခေါ်ပညာရှင်များသည် လူ၌ ထာဝရ မကျေပျောက်နိုင်သော "အတ္တ" (ဝါ) ဝိညာဉ်ရှိသည်ဟု ယုံကြည်ကြသည်။ ထိုပုဂ္ဂိုလ်တို့ အလိုအရ နက္ခတ္တ ပညာကြောင့် လည်းကောင်း၊ အီဗော်လျူးရှင်း သီအိုရီများကြောင့် လည်းကောင်း လူ၏ဂုဏ်သိက္ခာသည် လျော့ကျ သွားစရာ အကြောင်းမရှိ။ လူ၏ မြင့်မြတ်မှုသည် သိမ်ငယ်သွားစရာမရှိ။ လူ၏ ဆင်ခြင်ခြင်းတရားကိုလက်မခံဘဲ ငြင်းဖျက်ပစ်လိုက်ခြင်းဖြင့်လည်း လူ၏ဂုဏ်သိက္ခာသည် ကျဆင်းသွားစရာမရှိ။ လူသည် လောကအလယ်၌ဆောက်တည်ရာမဲ့ ဖြစ်သွားစရာမရှိ။ အဘယ်ကြောင့်ဆိုသော် လူ၌ ထာဝရမြဲသော ခိုင်သော အတ္တရှိနေသောကြောင့်ပင်ဖြစ်သည်။ လူ၌ ရုပ်ခန္ဓာရှိသောကြောင့် တပ်မက်မှုလောဘတဏှာများ၊ အစွဲဥပါဒါန်များ၊ ဒေါသ တရားများ ရှိသည်မှာ မှန်သည်။ ရုပ်ခန္ဓာကိုယ် ရှိခြင်းကြောင့် အိုမင်းရခြင်း၊ ခန္ဓာကိုယ် တစ်မျိုးတစ်ဖုံ ဖောက်ပြန်ခြင်းတို့ရှိသည်မှာလည်းမှန်သည်။ သို့ရာတွင် အတ္တသည် ထိုတပ်မက်မှုလောဘတရားများ၊ အစွဲဥပါဒါန်များ၊ ဒေါသတရားများနှင့်တကွ ဖောက်ပြန်ရွေ့လျောတတ်သည့် ရုပ်ခန္ဓာမှ လွန်မြောက်အောင် ကျော်လွှားနိုင်စွမ်းရှိသည်။ ထိုသို့ လွန်



www.burmeseclassic.com

www.burmeseclassic.com



မြောက်အောင်ကျော်လွှားနိုင်စွမ်းသော အတ္တ လူ၌ရှိသောကြောင့် လူသည် လောက၌ ထည်ဝါသူ ဂုဏ်သိက္ခာမြင့်မားသူသာ ဖြစ်သည်ဟု ဆိုကြသည်။

မကျေပျောက်နိုင်သော အတ္တရှိသည်ဟု ယူဆသူ "အတ္တဝါဒီ" အဖို့ "အတ္တ" သည် ဘဝ၏ ဆောက်ရာ တည်ရာပင် ဖြစ်သည်။ အစွဲ ဥပါဒါန်များ၊ တဏှာလောဘများ၊ ဒေါသတရားများမှ လည်းကောင်း၊ ရုပ်ခန္ဓာမှ လည်းကောင်း အတ္တ လွန်မြောက် သွားလျှင် ဒုက္ခအလုံးစုံ၊ ပြောင်းလဲ ဖောက်ပြန်မှု အလုံးစုံမှ ကင်းဝေး၍ ထာဝရ မြဲသော "ဆောက်တည်ရာ"ကို ရပြီဟု အတ္တဝါဒီသည် ယုံကြည်ပေလိမ့်မည်။

"လူ၌ အတ္တ သို့မဟုတ် ဝိညာဉ်သည် ရှိသည်။ ထိုအတ္တသည် မကျေပျောက်သော ထာဝရတည်မြဲသော သဘောရှိသည်။ ရုပ်ခန္ဓာပျက်စီး ယိုယွင်းသော်လည်း အတ္တမှာမူ ယိုယွင်းပျက်စီးခြင်း သဘောမရှိ" ဟူသော အယူအဆများသည် သိပ္ပံပညာ မဖွံ့ဖြိုးသေးသည့် လူ့သမိုင်းအစလောက် ကပင် ယုံကြည်လာခဲ့သော အယူအဆများဖြစ်သည်။ ဘာသာရေးစိုးမိုးသော အနောက်တိုင်း အလယ်ခေတ် တစ်လျှောက်လုံး၌လည်း လူတွင် ထာဝရမြဲသော မကျေပျောက်သော အတ္တသည် ရှိသည်ဟု လက်ခံခဲ့၍ မျက်မှောက်ခေတ်၌လည်း အတ္တ၏ တည်ရှိမှုကို လက်ခံသူ အမြောက်အမြား ရှိနေဆဲပင်ဖြစ်သည်။ အရှေ့တိုင်းတွင်ရှိသော ဘာသာအယူဝါဒ[၁] အများအပြားသည်လည်း အတ္တ၏တည်ရှိမှု၊ အတ္တ၏တည်မြဲမှုကို လက်ခံယုံကြည်ခဲ့ကြသည်။ လက်ခံယုံကြည်ကြဆဲလည်း ရှိသည်။

စောစောပိုင်း ဂရိတွေးခေါ်ရှင် အများအပြားသည်လည်း လူ၌ အတ္တရှိသည်ဟု လက်ခံကြသည်။ ပလေတိုမတိုင်မီ အတွေးအခေါ် ဒဿန ပညာရှင်များသည် လူ၌ရှိသော အတ္တကို ရုပ်သဘောအနေဖြင့် (ဝါ) ရုပ်သဘောကိုဆောင်သော မကျေမပျောက်သော အရာအဖြစ် မှတ်ယူခဲ့ကြ သည်။ အနက်ဇီမင်းနီးစ်[၂]က အတ္တ သို့မဟုတ် ဝိညာဉ်သည် အလွန် သိမ်မွေ့သည့် လေကဲ့သို့သော ရုပ်မျိုးဖြစ်သည်။ ထိုအတ္တရုပ်သည် လူ့ခန္ဓာ ကိုယ်မှ ထွက်ခွာသွားသောအခါ ကျန်ရစ်ခဲ့သော ခန္ဓာကိုယ်သည် ပြိုကွဲပျက် စီးသောအဖြစ်သို့ ရောက်သွားသည်ဟု ဆိုသည်။ ဟာရာကလိုက်တပ်စ်[၃]

---

၁ religion ၂ Anaximenes (6 th Cent, B.C.)
၃ Heraclitus (536 - 470 B.C.)



www.burmeseclassic.com

www.burmeseclassic.com



သည်လည်း လူ၌ရှိသော အတ္တကို အသိမ်မွေ့ဆုံးသော ရုပ်တစ်မျိုးအဖြစ်[၁] လက်ခံသူဖြစ်သည်။ ဟာရာကလိုက်တပ်စ်က "အရာရာသည် ပြောင်းလဲနေသည်။ အတ္တသည်လည်း အစဉ်ပြောင်းလဲနေသည်။ အတ္တသည် ထိုသို့ ပြောင်းလဲနေသော်လည်း ထိုပြောင်းလဲနေသော အတ္တကို လုံးဝမရှိတော့သည့် အဖြစ်သို့ ရောက်သွားအောင်၊ ပျောက်ကွယ် ကျေပျက်သွားအောင် ဖျောက်ဖျက်ပစ်၍လည်းမရ၊ ချေဖျက်ပစ်၍လည်း မရ"* ဟု ယူဆသည်။

လူစီပတ်စ်[၂]၊ ဒီမောခရိတပ်စ်[၃] နှင့် အခြားသော အဏုမြူဝါဒီများ[၄] က ကမ္ဘာလောကကြီးသည် သေးငယ်လှသော အဏုမြူရုပ်များဖြင့် ဖွဲ့စည်းထားသကဲ့သို့ အတ္တသည်လည်း အသိမ်မွေ့ဆုံးသော အသန့်စင်ဆုံးသော အဏုမြူတို့ဖြင့် ဖွဲ့စည်းထားသည်။ အတ္တတည်းဟူသော အဏုမြူ[၅] တို့သည် လူ၏ခန္ဓာကိုယ် အတွင်းရှိ အခြား အခြားသော အဏုမြူများနှင့်အတူ အများအပြား ရှိနေကြသည်။ အတ္တအဏုမြူတို့သည် အခြား အခြားသော အတ္တအဏုမြူမဟုတ်သည့် နှစ်ခု–နှစ်ခုသော အဏုမြူတို့၏ ကြားတွင် တည်ရှိနေကြသည်။ လူသေသောအခါ ထိုအတ္တအဏုမြူတို့သည် စကြဝဠာအတွင်းသို့ ကြဲပြန့်လွင့်ထွက်သွားကြသည်။ လူ၏ ရုပ်ခန္ဓာကိုယ်သည် အိုးတစ်ခုဆိုပါက အတ္တအဏုမြူတို့သည် ထိုအိုးထဲမှ ပစ္စည်းများဖြစ်ကြမည်။ အကယ်၍ အိုးသည်ကွဲကြေသွားပါက ထိုအိုးအတွင်းမှ ပစ္စည်းတို့သည် ကြဲလွင့်သွားကြမည်။ ထို့အတူ အိုးတည်းဟူသော ခန္ဓာကိုယ်သေလွန်ကွဲပြိုသွားပါက ခန္ဓာအတွင်းမှ အဏုမြူတို့သည်လည်း ကြဲလွင့်သွားကြမည်။ သို့ရာတွင် ထိုလွင့်ကြဲထွက်သွားသော အတ္တအဏုမြူတို့သည် စကြဝဠာအတွင်း၌ ပျောက်ကွယ်သွားကြသည်မဟုတ်၊ ထိုအတ္တအဏုမြူတို့သည် တစ်နေရာရာ၌ အချင်းချင်း ပေါင်းစုဖွဲ့စည်းမိကြရာမှ ဘဝသစ်၊ ခန္ဓာသစ်များ ဖြစ်ပေါ်လာကြဦးမည်။ ထိုအတ္တအဏုမြူတို့သည် မပျောက်ပျက်နိုင်သော ထာဝရတည်မြဲသော သဘောရှိသည်။ အတ္တအဏုမြူတို့သည် နိစ္စသဘောကို ဆောင်ကြသည်ဟု ဆိုသည်။

---

၁ the finest (most rarified form of fire.)
* Frost, Jr., op. cit., p. 173
၂ Leucippus (a, 450 B.C.)
၃ Democritus (460-360 B.C.)
၄ atomists ၅ soul atoms



www.burmeseclassic.com

www.burmeseclassic.com



"အရာရာသည် ပြောင်းလဲ ဖြစ်ပျက်ခြင်း 'အနိစ္စ' သဘောကို ဆောင်သည်"ဟူသော အယူအဆကို အဏုမြူဝါဒီများက လက်မခံကြချေ။ ၎င်းတို့က "အဏုမြူ တို့၏ အပေါ်ယံ အသွင်သဏ္ဌာန် တို့သည် ပြောင်းလဲခြင်း ရှိကြသော်လည်း အတွင်းအနှစ်သာရတို့ကမူ ပြောင်းလဲခြင်းမရှိ" ဟု ယူဆကြသည်။ အတ္တအဏုမြူတို့ အမျိုးမျိုးဖွဲ့စည်းပေါင်းစပ်၍ ဘဝ အမျိုးမျိုး သဏ္ဌာန်အမျိုးမျိုး ဖြစ်ပေါ်ပုံကိုကြည့်လျက် "ပြောင်းလဲခြင်း သဘောရှိသည်"ဟု ထင်မြင်ခြင်းသာဖြစ်သည်။ အတ္တအဏုမြူတို့၏ အတွင်းသဘောကမူ မပြောင်းလဲ၊ ထာဝရတည်မြဲသော သဘောရှိသည်ဟု ယူဆကြသည်။ ဤအယူအဆသည် သူတို့ခေတ်က "အဏုမြူကို ထပ်မံခွဲစိတ်၍မရ၊ အဏုမြူသည် အန္တိမရုပ်ဖြစ်သည်"ဟု ခံယူထားခြင်း အပေါ်၌ အမှီပြု၍ ဖြစ်ပေါ်လာသော အယူအဆပင်ဖြစ်သည်။

ပလေတိုကမူ အတ္တကို နာမ်သဘောသက်သက် အနေဖြင့် ယူဆသူဖြစ်သည်။ ဤသို့နာမ်သဘော သက်သက် အဖြစ် ယူဆခြင်းသည် ဆင်ခြင်ခြင်းတရား တည်ရှိရာ အပိုင်းကိုဆိုလိုပါသည်။ ဤအချက်ကို ရှင်းပါဦးမည်။

ပလေတို အလိုအရ အတ္တ၌ဆင်ခြင်ခြင်း[1]၊ ခံစားခြင်း[2] နှင့် ဆန္ဒတဏှာ[3] ဟူ၍ အပိုင်း (၃)ပိုင်း ရှိသည့်အနက် ဆင်ခြင်ခြင်းသည် အတ္တ၏ အနှစ်သာရ အကျဆုံးသော အပိုင်းဖြစ်သည်။ သို့ဖြစ်၍ ဆင်ခြင်ဉာဏ်၊ အသိဉာဏ်သည် အတ္တအတွက် အမြင့်မြတ်ဆုံးသော သဘောကို ဆောင်သည်။ ထိုသို့ အမြင့်မြတ်ဆုံးသော သဘောကို ဆောင်သည့် ဆင်ခြင်ဉာဏ်တည်နေသော အပိုင်းသည် ထာဝရမြဲသော၊ ခိုင်သော၊ မကျေပျောက်သော သဘောကိုဆောင်သည်။ အတ္တ၏ ထာဝရမြဲသော အပိုင်းသည် ရုပ်ခန္ဓာအပေါ်၌ မတည် မမှီဘဲ သီးခြား တည်နေနိုင်သည်။ သို့ရာတွင် ခံစားမှု တည်ရှိသော အပိုင်းမှာမူ ထာဝရတည်မြဲသော အပိုင်းမဟုတ်၊ အဘယ်ကြောင့်ဆိုသော် ခံစားမှုသည် ပြောင်းလဲသော သဘောရှိသော ရုပ်ခန္ဓာကိုယ်နှင့် ဆက်စပ်နေသောကြောင့် ဖြစ်သည်။ ဆန္ဒတဏှာသည်လည်း ခံစားမှုနည်းတူ ပြောင်းလဲသော သဘောကို ဆောင်သည်။

ပလေတိုက ကျွန်ုပ်တို့၏ အာရုံ (၅) ပါးဖြင့် မြင်တွေ့ နေရသော ဤမျက်မြင် လောကကြီးကို အစဉ်ပြောင်းလဲ ဖောက်ပြန်နေသော လောက

---

၁ reason ၂ feeling ၃ willing



www.burmeseclassic.com

www.burmeseclassic.com



ကြီးဖြစ်သည်ဟု ဆိုသည်။ ပြောင်းလဲ ဖောက်ပြန်မှုတို့ရှိသော လောက ကြီး ဖြစ်သောကြောင့် စစ်မှန်ခိုင်မာသော၊ ကောင်းမြတ်သော လောက ကြီးမဟုတ်၊ အနှစ်အသားရှိသော လောကကြီးမဟုတ်၊ အသွင်သဏ္ဍာန် လောကကြီးသာ ဖြစ်သည်။ မာယာသဖွယ် လောကကြီးသာ ဖြစ်သည်။ သို့ရာတွင် ဤဖောက်ပြန် ပြောင်းလဲနေသော လောကကြီးနှင့် မတူသော အခြားလောက တစ်ခုသည် ရှိသေးသည်။ ထိုလောကကို ပလေတိုက အစစ်အမှန် လောက[၁] ဟု ခေါ်သည်။ ထိုအစစ်အမှန် လောက၌ စစ်မှန် ခိုင်မာသော ကောင်းမြတ်သော အရာများ ရှိသည်။ ယင်းတို့ကို ပလေတိုက စိတ်ကူးသဘောများ[၂] ဟူ၍လည်းကောင်း၊ ယေဘုယျနာမ် များ[၃] ဟူ၍ လည်းကောင်း၊ ပုံစံများ[၄] ဟူ၍လည်းကောင်း အမျိုးမျိုး ခေါ်သည်။ ပလေတိုက ကျွန်ုပ်တို့၏ အာရုံ (၅)ပါးဖြင့် မြင်တွေ့နေရ သော လောကသည် ထိုယေဘုယျနာမ်များ သို့မဟုတ် ပုံစံများ၏ အသွင် သဏ္ဍာန်များ ဖြစ်ကြသည်ဟု ဆိုသည်။ ထို့ကြောင့်ပင် ပလေတိုက အာရုံ (၅) ပါးဖြင့် မြင်တွေ့ရသော ဤရုပ်လောကကြီးကို အသွင်လောက[၅] ဟု ခေါ်ခြင်း ဖြစ်လေသည်။

ပလေတိုက တစ်နေရာတွင် "ဤကမ္ဘာလောကကြီးကို ဖန်တီးစီစဉ် ပေးသူ ကမ္ဘာ့ဗိသုကာ[၆] သည် ရှိသည်။ ထိုဗိသုကာ တန်ခိုးရှင်က ကမ္ဘာ ကြီးနှင့်အတူ ကမ္ဘာ့အတ္တ[၇] ကို ဖန်တီးပေးသည်။ ဤသို့ ဖန်တီးပေးသော ကမ္ဘာ့အတ္တကြီးသည် ယေဘုယျနာမ်များနှင့် ကျွန်ုပ်တို့၏ကမ္ဘာ (ဝါ) အသွင် လောကတို့၏ ကြားတွင် တည်ရှိသည်။ ထိုသို့တည်ရှိသော ကမ္ဘာ့အတ္တ သည် နိယာမတရား အလုံးစုံတို့၏ အကြောင်းတရားများဖြစ်၍ သက်ရှိ သက်မဲ့ ဟူသမျှကို သူ့အစီအစဉ်နှင့်သူ ညီညွတ်စွာ ဖြစ်ပေါ် လှုပ်ရှားနေ အောင် ဖန်တီးပြဋ္ဌာန်းပေးသည်" * ဟု ဆိုသည်။ ဆက်လက်၍ ပလေတိုက ကမ္ဘာ့ဗိသုကာတန်ခိုးရှင်သည် ကမ္ဘာ့အတ္တကိုသာမက လူသတ္တဝါတစ်ဦးစီ၊ တစ်ဦးစီ၏ ခန္ဓာအတွင်းသို့လည်း သီးခြား အတ္တများကို ထည့်သွင်း ဖန်တီး ပေးသည်။ ဤသို့ ဖန်တီးလိုက်သောကြောင့် လူတို့၏ခန္ဓာအတွင်းသို့ ရောက်

---

| | | | |
|---|---|---|---|
| ၁ | world of reality | ၂ | ideas |
| ၃ | universal | ၄ | pure forms |
| ၅ | world of appearance | ၆ | Demiurge |
| ၇ | world soul | * | Frost Jr.,op,cit., P.8-9 |



www.burmeseclassic.com

www.burmeseclassic.com



ရှိလာသော သီးခြားအတ္တများသည် (ဤကဲ့သို့ လူ့ခန္ဓာများ အတွင်းသို့ ရောက်မလာမီက) ယေဘုယျ နာမ်များရှိရာ အစစ်အမှန် လောကတွင် တည်နေခဲ့ကြဖူးသည်။ ဤသို့ တည်နေခဲ့ကြဖူးသော အတ္တများ ဖြစ်သော ကြောင့် အစစ်အမှန် လောကအကြောင်း (ဝါ) ယေဘုယျနာမ်တို့၏ သဘောသဘာဝကို သိခဲ့ကြသော အတ္တများဖြစ်သည်။ တစ်နည်းအားဖြင့် အမှန်တရားကို သိဖူးကြသော အတ္တများဖြစ်သည်။

သို့ရာတွင် ရုပ်ခန္ဓာများ အတွင်းသို့ ဝင်ရောက်လာရခြင်းသည် ထိုအတ္တများအဖို့ အကျဉ်းထောင်များအတွင်း ဝင်လာရခြင်းမျိုးနှင့် တူသည်။ အဘယ်ကြောင့်ဆိုသော် ရုပ်၏ကန့်သတ်မှု၊ နှောင်ဖွဲ့မှုတို့ကို ခံလာရသောကြောင့်ပင်ဖြစ်သည်။ ထိုသို့ အနှောင်အဖွဲ့ခံရမှုကြောင့် အတ္တတို့သည် မြင့်မြတ်ခြင်းသဘောမှ လျှောကျသွားရသည်။ ယင်းသို့ လျှော ကျသွားမှုကြောင့် ယခင်က မိမိတို့သိခဲ့သော အစစ်အမှန် လောက အကြောင်း၊ ယေဘုယျနာမ်တို့ အကြောင်းကို မေ့လျော့ခြင်းဖြစ်သွားသည်။ တစ်နည်းအားဖြင့် သိခဲ့ပြီးသော အမှန်တရားကို ပြန်လည် မမှတ်မိဘဲ ဖြစ်သွားသည်။

ပလေတိုက "ရုပ်ခန္ဓာ၏ နှောင့်ဖွဲ့မှုကို ခံနေရသော အတ္တသည် ထိုအနှောင်အဖွဲ့မှ လွတ်မြောက်အောင် ရုန်းကန်သည်။ ရုန်းကန်၍ လွတ် မြောက်မှုရသွားသော အတ္တသည် မိမိမူလနေထိုင်ခဲ့သော နေရာသို့ ပြန် လည် ရောက်ရှိပြီးနောက် ထိုအရပ်တွင် ထာဝရ တည်မြဲသွားလေသည်။ လွတ်မြောက်မှု မရနိုင်သေးသော အတ္တတို့မှာမူကား ခန္ဓာတစ်ခုမှတစ်ခုသို့ ပြောင်း၍ ကျင်လည်နေကြရသည်ဟု ဆိုသည်။"*

အာရစ္စတိုတယ်လ်သည်လည်း သူ၏ဆရာ ပလေတိုကဲ့သို့ပင် နာမ်သ ဘော ဆောင်သော အတ္တ၏ တည်မြဲမှုကို လက်ခံသူ ဖြစ်သည်။ သို့ရာတွင် အာရစ္စတိုတယ်လ်က အတ္တကို အသက်သဘောအနေဖြင့်ပါ လက်ခံသည်။ ထိုအတ္တသည် လှုပ်ရှားခြင်း၊ ကြီးထွားခြင်းတို့ကို ဖြစ်စေသော အခြေခံ စွမ်းအားဖြစ်သည်။ ထိုအတ္တသည် ဆင်ခြင်တုံတရား၊ အသိအလိမ္မာတရား တို့ကို တိုးတက်အောင် ဖန်တီးပေးသော အခြေခံ စွမ်းအားလည်း

---

* Ibid., p.175



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်*ဟု ယူဆသည်။ အာရစ္စတိုတယ်လ်က .... သက်ရှိဟူသမျှ၌....အတ္တ ရှိသည်။ အပင်တို့၌ရှိသော အတ္တမှာမူ အနိမ့်ကျဆုံးဖြစ်၍ လူ၌ရှိသော အတ္တမှာမူ အမြင့်မြတ်ဆုံးဖြစ်သည်။ လူ၏အတ္တ၌ ပညတ်[၁] များကို အသုံး ပြု၍ စဉ်းစားနိုင်သော စွမ်းရည်သည် တည်ရှိသည်။ စဉ်းစားနိုင်သော စွမ်းရည်ရှိခြင်းကြောင့် လူ၏အတ္တသည် အခြားအခြားသော သက်ရှိတို့တွင် ရှိသော အတ္တများနှင့် ခြားနားသွားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် လူသည်သာ လောကဓမ္မသဘာဝတ္ထုတို့ကို စဉ်းစားဆင်ခြင်ခြင်းဖြင့် ထွင်း ဖောက်သိမြင်နိုင်သော သတ္တဝါဖြစ်သောကြောင့် လူသည် သတ္တလောက၌ အမြင့်မြတ်ဆုံးသောသူ ဖြစ်သည်ဟု ယူဆသည်။

အာရစ္စတိုတယ်လ်သည် ပလေတို ကဲ့သို့ပင် အတ္တကို (၂) ပိုင်း ခွဲခြား၍ ရှုမြင်သူ ဖြစ်သည်။ တစ်ပိုင်းမှာ ရုပ်ခန္ဓာကိုယ်နှင့် ဆက်စပ်နေ သော အပိုင်း ဖြစ်သည်။ ကျန်တစ်ပိုင်းမှာ ရုပ်ခန္ဓာမှ သီးခြားတည်နေသော၊ လောက၏ သဘာဝတ္ထုတို့ကို သိနိုင်စွမ်းသော ဆင်ခြင်ခြင်းတရား[၂] တည် နေရာအပိုင်းဖြစ်သည်။ ထိုအပိုင်းသည် ထာဝရတည်မြဲသော သဘောကို ဆောင်သည်။ မပျောက်ပျက် နိုင်သော နိစ္စသဘောကို ဆောင်သည်။ ထိုအပိုင်း၌ရှိသော ဆင်ခြင်ခြင်းတရားသည် လောကကို ဖန်တီးသူ တန်ခိုး ရှင်၏ ကိုယ်ပွားသဖွယ်ဖြစ်သော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ တန်ခိုးရှင် (ဝါ) ထာဝရဘုရား၏ ကိုယ်ပွားသဖွယ်ဖြစ်သော ထိုဆင်ခြင်ခြင်းတရား သည် လူ၏ အတ္တအတွင်းသို့ ဝင်ရောက်နေခြင်း ဖြစ်သည်။ လူသေသော အခါ ရုပ်ခန္ဓာ ပျက်စီးသွားသော်လည်း ထိုဆင်ခြင်ခြင်းတရား ဝင်ရောက် တည်ရှိနေသော အတ္တမှာမူ မူလ ထာဝရဘုရားထံသို့ ပြန်လည်ရောက်ရှိ သွားသည်။ ထိုအတ္တသည် ထာဝရမြဲသော အဖြစ်ဖြင့် ထာဝရဘုရားထံ၌ ထာဝရတည်နေသည်ဟု အာရစ္စတိုတယ်လ်က ယူဆသည်။

ပလေတို၊ အာရစ္စတိုတယ်လ်တို့ နောက်တွင် ပေါ်လာကြသော အက်ပီကျူးရီးယန်းဂိုဏ်းသားများ[၃]သည် ရှေ့တစ်နေရာတွင် ဖော်ပြခဲ့သော အဏုမြူဝါဒအပေါ် အခြေခံ၍ အတ္တကို ရုပ်သဘောဆောင်သော အရာ

---

* Patrick, G.T.W., "Introduction to Philosophy" p. 234

၁ concept

၂ creative reason

၃ Epicureans



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်ဟု ယူဆကြသည်။ "အတ္တသည် ရုပ်ဖြစ်သည်"ဟု ယူဆသူများပင် ဖြစ်သည်ဆိုရမည်ဖြစ်သည်။ သို့ရာတွင် အဏုမြူဝါဒီနှင့် အက်ပီကျူးရီးယန်းတို့ အယူအဆ ခြားနားသည်မှာ .... အဏုမြူဝါဒီတို့က အတ္တကို ထာဝရ မြဲသော အတ္တအဖြစ် ယူဆ၍ အက်ပီကျူးရီးယန်းတို့က အတ္တကို တစ်ဘဝသာ မြဲသည့် အနေ ယူဆသော အချက်ပင် ဖြစ်သည်။ အက်ပီကျူးရီးယန်းတို့က အတ္တသည် စကြဝဠာရှိ အခြားအရာများကဲ့သို့ပင် အဏုမြူတို့၏ ပေါင်းစည်းမှုကြောင့် ဖြစ်ပေါ်လာသည်။ သို့ရာတွင် အတ္တ အဖြစ်သို့ ရောက်အောင် ဖွဲ့စည်းပေးသော 'အတ္တအဏုမြူများ' မှာမူ လွန်စွာ သေးငယ်သော သိမ်မွေ့ဆုံးသော ရုပ်များဖြစ်သည်ဟု ဆိုသည်။

အက်ပီကျူးရီးယန်းတို့က.... ရုပ်သည် ပြောင်းလဲသော သဘော ရှိသည်။ သိမ်မွေ့ဆုံးသော ရုပ်သဘောတို့ ပေါင်းစည်းဖြစ်ပေါ်နေသည့် အတ္တသည်လည်း ရုပ်သဘောမျှသာဖြစ်သောကြောင့် အတ္တသည်ပြောင်းလဲခြင်းသဘော ရှိသည်။ ရွေ့လျားခြင်းသဘောရှိသည်။ ပလေတို၊ အာရစ္စတိုတယ်လ်တို့ ယူဆသကဲ့သို့ အတ္တသည် ထာဝရခိုင်မြဲသော သဘောကို မဆောင်။ မပျက်မစီးသော သဘောကိုလည်း မဆောင်။ လူသေသည့်အခါ ရုပ်ခန္ဓာပြိုကွဲပျက်စီးခြင်းနှင့်အတူ အတ္တရုပ်သည်လည်း ပြိုကွဲပျက်စီးလွင့်ကြဲသွားသည်။ စင်စစ် သေခြင်းသည် ရုပ်ခန္ဓာကိုယ်နှင့် အတ္တတို့၏ အဆုံးသတ်ပင် ဖြစ်သည်။ တမလွန်ဘဝဟူသည်မရှိ၊ အရာရာသည် သေခြင်းတရားနှင့် အတူ ချုပ်ငြိမ်းပြတ်စဲသွားသည်ဟု ယူဆကြသည်။ အက်ပီကျူးရပ်စ်[၁] (ထိုအက်ပီကျူးရီးယန်းဂိုဏ်းကို စတင်တည်ထောင်သူ)က "သေခြင်းတရား (ဝါ) သေရမှာကို ကြောက်စရာမလို၊ အဘယ်ကြောင့်ဆိုသော် သချိုင်း၏ ဟိုမှာဘက်၌ ဘာမျှမရှိသောကြောင့် ဖြစ်သည်"* ဟု ဆိုသည်။ သေခြင်းတရားကဲ့သို့သော ဒုက္ခမျိုးကိုပင် မကြောက်ဘဲ ပျော်ပျော်နေရန် အက်ပီကျူးရပ်စ်က လူတို့ကို အထက်ပါကဲ့သို့ အားပေးစကား ပြောဟန်ရှိသည်။ သို့ရာတွင် ဘဝ၏ တိုတောင်းမှု၊ ဘဝ၏မပြေလည်မှုတို့ကို ကြုံတွေ့နေရသော ထိုခေတ်လူများက သူ၏စကားကို နားမဝင်နိုင်ကြဟု ဆိုသည်။

---

၁ Epicurus ( 341 - 270 B.C)

* Reinhold Niebulr,, op., cit., p.9



www.burmeseclassic.com

www.burmeseclassic.com



အက်ပီးကျူးရီးယန်းတို့နှင့် မရေးမနှောင်း ရှိခဲ့ကြသည့် စတိုးဝစ်[၁] များက လူ၌အတ္တရှိသည်။ ထိုအတ္တသည် သိမြင်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ခံစားခြင်း၊ တဏှာဆန္ဒဖြစ်ခြင်းတို့၏ အခြေခံဖြစ်သည်။ တစ်နည်းအားဖြင့် အတ္တသည် သိမြင်မှု၊ ခံစားမှုနှင့် တဏှာဆန္ဒဖြစ်မှုတို့ကို ပြုလုပ်သူဖြစ်သည်။ အတ္တသည် အမှတ်သညာတို့ဖြင့် စဉ်းစားဆင်ခြင်မှုအမျိုးမျိုးကိုလည်း ပြုသည်။ ဆင်ခြင်ဉာဏ်၊ အသိဉာဏ်တို့ဖြင့် အတ္တကရုပ်ခန္ဓာကိုယ်ကို 'ဤသို့ပြု၊ ဤသို့ပြော' ဟု ထိန်းကျောင်းလမ်းညွှန်မှုကိုလည်း ပြုလုပ်သည်ဟု ယူဆကြသည်။

စတိုးဝစ်များသည် အတ္တ၏တည်မြဲမှုနှင့်ပတ်သက်၍ တစ်ဦးနှင့်တစ်ဦးမတူသော အမြင်များရှိကြသည်။ အချို့က ကောင်းမြတ်သော၊ အသိပညာပြည့်စုံသော အတ္တသည်သာ ဘဝတစ်ဖန် ဆက်လက်ဖြစ်ပေါ်တည်ရှိနိုင်၍ အခြားအတ္တများမှာမူ ခန္ဓာကိုယ်သေခြင်းနှင့်အတူ ပျောက်ပျက်သွားကြသည်ဟု ဆိုသည်။ အချို့စတိုးဝစ်များကမူ ကောင်းသော၊ အသိပညာရှိသော အတ္တပင်ဖြစ်စေ၊ မကောင်းသော၊ အသိပညာမဲ့သော အတ္တပင်ဖြစ်စေ ကမ္ဘာတည်သရွေ့ တည်မြဲနေနိုင်သည်ဟု ဆိုကြသည်။ သို့ဆိုပါက စတိုးဝစ်များသည် "အချို့အတ္တသည် မြဲ၍ အချို့အတ္တသည် မတည်မြဲ" ဟူသော အယူဝါဒ[၂]ကို လက်ခံသူများဟု ဆိုနိုင်လေသည်။

ပလေတို၏ အယူအဆကို တိုးချဲ့၍ ပလေတို ဝါဒသစ်[၃] တည်ထောင်သူဟုဆိုနိုင်သော ပလောတီးနပ်စ်[၄]က လူ၌ရှိသော သီးခြားအတ္တသည် ကမ္ဘာ့အတ္တကြီး၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ မူလက လူတို့တွင်ရှိသော သီးခြားအတ္တတို့သည် အစစ်အမှန် လောက၌ နေခဲ့ကြရကား ထိုအစစ်အမှန် လောက၌ရှိသော ယေဘုယျနာမ်များ (ဝါ) အမှန်တရားများ၊ ကောင်းမြတ်သော အရာများကို သိခဲ့ကြသော အတ္တများဖြစ်ကြသည်။ သို့ရာတွင် ထိုအတ္တတို့သည် ရုပ်ခန္ဓာကိုယ်ကို တောင့်တ တပ်မက်မှုဖြစ်ကြသောကြောင့် ရုပ်ခန္ဓာအတွင်းသို့ ဝင်ရောက်ကြရသည်။ ရုပ်ခန္ဓာအတွင်းသို့ ရောက်လာကြသော အတ္တများသည် မြင့်မြတ်ခြင်းမှ လျော့ကျသော အတ္တများအဖြစ်သို့ ရောက်သွားကြသည်ဟု ဖော်ပြခဲ့၏။ ဤနေရာ၌ ကောင်းမြတ်သော၊စစ်မှန်သောတရားတို့ကို သိသော အတ္တများသည် အဘယ်

---

၁ Stoic
၂ ဧကစ္စသဿတဝါဒ
၃ neo-platonism
၄ Plotints (205-270)



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရုပ်ခန္ဓာကိုယ်များကို တောင့်တကြသနည်းဟု မေးပါက ပလေတိုးနပ်စ် မည်သို့ အဖြေပေးလိမ့်မည် မသိချေ။

ပလေတိုးနပ်စ်က ထိုသို့ ရုပ်ခန္ဓာအတွင်း ဝင်ရောက်လာမှုကြောင့် အတ္တာတို့သည် ရုပ်၏နှောင်ဖွဲ့ကန့်သန်မှုကို ခံကြရသည်။ ထိုနှောင်ဖွဲ့ကန့်သတ်မှုတို့မှ လွတ်မြောက်အောင် အတ္တာတို့သည် ရုန်းကန်ကြသည်။ လွတ်မြောက်အောင် မရုန်းကန်နိုင်သော အတ္တာတို့သည် လူသေသောအခါ အခြားလူ့ဘဝ ရုပ်ခန္ဓာသစ်အတွင်းသို့ဖြစ်စေ၊ တိရစ္ဆာန် ခန္ဓာအတွင်းသို့ဖြစ်စေ၊ သစ်ပင်ခန္ဓာအတွင်းသို့ဖြစ်စေ သက်ဆိုင်ရာ ခန္ဓာတို့အတွင်းသို့ဝင်ရောက်၍ ဘဝသစ်များ ဖြစ်ကြပြန်သည်။ လွတ်မြောက်အောင် ရုန်းကန်နိုင်သော အတ္တာတို့မှာမူ ထာဝရဘုရားထံသို့ ပြန်လည်ရောက်ရှိ သွားကြသည်ဟု ဆိုသည်။ ပလေတိုးနပ်စ်က အတ္တာသည် ထာဝရဘုရား၏ ကိုယ်ပွားအစိတ်အပိုင်း ဖြစ်သောကြောင့် ထာဝရ မကြေပျက်သော သဘောကို ဆောင်သည်။ နိစ္စသဘောကိုဆောင်သည်ဟု ယူဆလေသည်။

အလယ်ခေတ် ပထမပိုင်းကာလအတွင်း ထင်ရှားသော အတွေးအခေါ်တစ်ရပ်ကို ဖန်တီးခဲ့သူဟု ယူဆနိုင်သည့် စိန့်အော်ဂတ်စတင်း[၁]ကမူ လူ၌ ရုပ်နှင့်စိတ် (ဝါ) ရုပ်နှင့်အတ္တာတို့သည် ဒွန်သဘောအားဖြင့် ရှိနေသည်။ ရုပ်ခန္ဓာကိုယ်သည် မကောင်းမှု[၂] အလုံးစုံ စတင်ဖြစ်ပေါ်ရာ အခြေခံပင်ဖြစ်သည်။ အတ္တာသည် (အဏုမြူဝါဒီများနှင့် အခြားပုဂ္ဂိုလ်များ ယူဆသကဲ့သို့) ရုပ်ဖြင့် ဖွဲ့စည်းထားသော အရာမဟုတ်၊ အတ္တာသည် နာမ်သဘောသက်သက်ဖြစ်၍ ရုပ်နှင့် လုံးဝခြားနားသော သဘောကိုလည်း ဆောင်သည်ဟုဆိုသည်။ အတ္တာသည် ရုပ်ခန္ဓာကိုယ်ကို ထိန်ကျောင်း လမ်းညွှန်သည်ဟုလည်း ယူဆသည်။ သို့ရာတွင် အတ္တာသည် မည်သို့မည်ပုံ လမ်းညွှန်သည်၊ မည်သို့မည်ပုံ ရုပ်ခန္ဓာကိုယ်နှင့် ဆက်သွယ်နေသည်ကို အော်ဂတ်စတင်းက တိတိပပ ရှင်းမပြခဲ့ချေ။

စိန့်အော်ဂတ်စတင်းက ထာဝရဘုရား၏ တည်ရှိခြင်းကို ဆင်ခြင်ခြင်းအားဖြင့် (ဝါ) ဆင်ခြင်ဉာဏ်မျှဖြင့် မသိနိုင်၊ ထာဝရဘုရားကို ယုံကြည်သက်ဝင်ခြင်း[၃] အားဖြင့်သာ သိနိုင်သည်။ လူတို့အတွက် အမှန်မြတ်ဆုံး

---

၁ St. Augustine (A.D. 334 - 430)

၂ evil ၃ faith



www.burmeseclassic.com

www.burmeseclassic.com



သော အလေးအနက် ဆုံးသော အသိပညာ ဆိုသည်မှာ ထာဝရဘုရား အကြောင်းနှင့် မိမိဘဝအကြောင်းကို သိခြင်းပင်ဖြစ်သည်။ စင်စစ် အမှန် မြတ်ဆုံးသော အသိပညာဆိုသည်မှာ ထာဝရဘုရားနှင့် လူတို့ဆက်သွယ် နေပုံကို သိခြင်းပင်ဖြစ်သည်။ ကိုယ်ကျင့်တရားပညာ၊ ယုတ္တိဗေဒနှင့် အခြား ပညာရပ်များသည် ထာဝရ ဘုရားအကြောင်းကို သိရန် အတွက် အထောက်အကူပေးမှသာ တန်ဖိုးရှိသော ပညာများ ဖြစ်ကြ မည်ဟု ဆိုသည်။ ဘာသာတရားကို ယုံကြည် သက်ဝင် ခြင်းသည် ဆင်ခြင်ခြင်း (ဝါ) ဆင်ခြင်ဉာဏ်ထက်ပို၍ အရေးကြီးသည်။ ယုံကြည် သက်ဝင်မှုဖြင့်သာ အဆုံးစွန်သော အမှန်တရားကို သိနိုင်သည်။ လူသည် အကယ်၍ ထာဝရဘုရား အလိုတော်အတိုင်း နေခဲ့သူ၊ ကိုယ်ကျင့်တရား ကောင်းမွန်စွာဖြင့် နေခဲ့သူ ဖြစ်ပါက သေသည့်အခါ ထာဝရဘုရား၏ ကောင်းချီးပြုမှုကို ခံရမည်။ ကောင်းမွန်စွာ မနေခဲ့ပါက ထာဝရအပြစ် ဒဏ်ကို ခံရမည်ဟု ယူဆသည်။

အော်ဂတ်စတင်းက ထာဝရဘုရားသည် လူတို့ကို ဖန်ဆင်းတော်မူ စက စိတ်ဆန္ဒလွတ်လပ်မှု[၁] ကို ပေးခဲ့၍ တစ်ဦးနှင့်တစ်ဦး တန်းတူရည်တူပင် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် လူတို့၏ မကောင်းမှုဒုစရိုက်များကြောင့် လူအချင်းချင်း အဆင့်အတန်း ကွာဟခြားနားမှုများ ဖြစ်ပေါ်လာခဲ့ရ သည်။ ထို့ကြောင့် အချို့က သခင်ဖြစ်ပြီး အချို့က ကျွန်ဖြစ်လာရသည်။ မကောင်းမှုပြုသူများကို ထာဝရဘုရားက ဒဏ်ခတ်ခြင်းဖြင့် ကျွန်များဖြစ် လာကြခြင်း ဖြစ်သည်ဟုလည်း ဖော်ပြခဲ့၏။

အလယ်ခေတ် ဒုတိယပိုင်းတွင် ထင်ရှားသော ဘာသာရေး တွေး ခေါ်ရှင်များဖြစ်သည့် သောမတ်စ် အကွိုင်းနပ်စ်[၂] က လူ၌ ရှိသော အတ္တ (ဝါ) ဝိညာဉ်ကို ထာဝရဘုရားက ဖန်ဆင်းသည်။ အတ္တသည် ရုပ်သဘောကို မဆောင်ဘဲ နာမ်သဘောကိုသာဆောင်သည်။ ဤအတ္တသည် သိမှု၊ ခံစားမှု တို့ကိုပြုသူ၊ ခန္ဓာကိုယ် သက်ရှင် လှုပ်ရှားနေအောင် တွန်းအားပြုနေသူ ဖြစ်သည်။ ထိုအတ္တသည် ထာဝရ တည်မြဲခြင်း သဘောကိုဆောင်သည်။ သေလွန်၍ ရုပ်ခန္ဓာကိုယ် ပြိုကွဲပျက်စီးသော်လည်း အတ္တမှာမူ ဆက်လက် တည်မြဲနေနိုင်သည်ဟု ဆိုသည်။

---

၁ freedom of will ၂ Thomas Aquinas (1225 - 1274)



www.burmeseclassic.com

www.burmeseclassic.com



အကျိုင်းနပ်စ်သည် ဆင်ခြင်ခြင်းတရား (ဝါ) ဆင်ခြင်ဉာဏ်ကို အလေးထားသူဖြစ်သော်လည်း အဆုံးစွန်သော အမှန်တရားကိုမူ ထာဝရဘုရားအပေါ် သက်ဝင်ယုံကြည်မှုဖြင့်သာ သိနိုင်သည်၊ ရနိုင်သည်ဟု ယူဆသူဖြစ်လေသည်။ အလယ်ခေတ် တွေးခေါ်ရှင်များသည် ဆင်ခြင်ခြင်းတရားနှင့် အခြားအချက်အလက်များ အပေါ် သဘောထား ကွဲလွဲချက်များရှိသော်လည်း အများအားဖြင့် လူ၌အတ္တရှိသည်၊ အတ္တသည် ထာဝရမြဲသော သဘောကိုဆောင်သည်။ သို့ဖြစ်၍ လူသေသည့်အခါ အရာရာသည် သေခြင်းတရားနှင့်အတူ ချုပ်ငြိမ်းပြတ်စဲသွားသည် မဟုတ်၊ အတ္တသည် ထာဝရမြဲသောသဘောရှိသောကြောင့် ခန္ဓာကိုယ်ပျက်စီးသော်လည်း ထိုအတ္တသည် မပျက်စီးနိုင်ဘဲ ကျန်ရှိနေနိုင်သည်။ ထိုအတ္တအတွက် ဘဝတစ်ဖန်သည်လည်းရှိသည်။ ကောင်းမှုသုစရိုက်တို့ကို ပြုကျင့်၍ ထာဝရဘုရား၏ အလိုတော်ကျနေလျှင် အတ္တသည် ကောင်းသောဘဝသို့ ရောက်နိုင်သည်ဟူသော အယူအဆတို့၌ အများအားဖြင့် သဘောတူညီမှုရှိသည်ကို တွေ့ရမည် ဖြစ်သည်။

ရီနေးဆန့်ခေတ်[၁] သိပ္ပံပညာရှင်များသည် မိမိတို့ သိရှိလာသမျှသော သိပ္ပံအသိ၊ သိပ္ပံအမြင်တို့ဖြင့် အတ္တ (ဝါ) ဝိညာဉ်ကို ရှုမြင်ကြည့်ကြပြန်သည်။ ရီနေးဆန့်ခေတ်၏ ရှေ့ပြေးသိပ္ပံပညာရှင်များအနက်မှ သိပ္ပံပညာရှင်တစ်ဦး ဖြစ်သည့် တယ်လီဆီယို[၂]က အတ္တသည် ရုပ်သဘောသာဖြစ်သည်။ ထိုအတ္တရုပ်သည် အခြားရုပ်များကဲ့သို့ပင် ရုပ်ပိုင်းဖြစ်စဉ်အရ (ယန္တရားဖြစ်စဉ်အရ) ဖြစ်ပျက်နေခြင်းသာဖြစ်သည်ဟု (သူ့ခေတ်ကသိပ္ပံအမြင်ဖြင့်) ရှင်းလင်းပြခဲ့၏။ တယ်လီဆီယိုက အတ္တသည် 'အပူ'[၃]ကဲ့သို့သော လွန်စွာသိမ်မွေ့သော ရုပ်မျိုးဖြစ်သည်။ ထိုအတ္တသည် ဦးနှောက်၏အလယ်တွင် တည်ရှိသည်။ တစ်ချိန်တည်းမှာပင် ထိုအတ္တသည် အာရုံကြောများနှင့် ခန္ဓာကိုယ်တစ်ခုလုံးတွင် ဖြန့်၍ နေနိုင်ပြီး လူအား လှုပ်ရှားသက်ရှင်နေအောင် ဖန်တီးပေးနေသည်ဟုဆိုသည်။ တယ်လီဆီယိုသည် အတ္တကို အထက်ပါကဲ့သို့ ရှင်းပြရန် ကြိုးစားရင်းမှ တစ်နေရာသို့ ရောက်သောအခါ ရုပ်သဘောဆောင်သော အတ္တအပြင် လူ၌ နာမ်သဘောကိုလည်း ဆောင်သော ထာဝရမြဲသော သဘောကိုလည်းဆောင်သော အတ္တသည် ရှိသေးသည်။

---

၁ the age renaissance (၁၅ နှင့် ၁၆ ရာစု ဝန်းကျင်)

၂ Telesio Bernardino (1608 - 1588) ၃ heat



www.burmeseclassic.com

www.burmeseclassic.com



ထိုအတ္တကိုမူ ထာဝရဘုရားက လူ့ခန္ဓာအတွင်းသို့ ဖြည့်စွက်ချက်အနေဖြင့် ဖြည့်စွက် ထည့်သွင်းပေးထားခြင်းဖြစ်သည်ဟု ဖော်ပြထားလေသည်။

ဗရူနိုကမူ အတ္တကို ရုပ်သဘောအနေဖြင့်ပင် ယူဆသည်။ ဗရူနိုက အတ္တသည် စကြဝဠာ၏အခြေခံဖြစ်သော ဒြပ်စင်တို့ကဲ့သို့ ထာဝရတည်မြဲသော သဘောကို ဆောင်သည်ဟု ယူဆသည်။ ဗရူနိုသည် ဒြပ်စင်တို့ကို ထာဝရမြဲသော ရုပ်များအဖြစ် ခံယူထားသောကြောင့် အထက်ပါကဲ့သို့ ယူဆခြင်းဖြစ်ပေလိမ့်မည်။

ခေတ်သစ်အတွေးအခေါ်များ ပေါ်ပေါက်လာအောင် လမ်းခင်းပေးသူ တစ်ဦးအဖြစ် ထင်ရှားခဲ့သော ဖရန့်ဆစ်ဘေကွန်[၁]က လူ၌ အတ္တနှစ်ခုရှိသည်။ တစ်ခုမှာ မြင့်မြတ်သောအတ္တ[၂] ဖြစ်၍ ထိုအတ္တသည် ဘာသာတရားနယ်ပယ်နှင့်သာ ဆိုင်သည်။ ဘာသာတရားအားဖြင့်သာ နားလည်နိုင်သော၊ ဘာသာတရားအားဖြင့်သာ ရှင်းပြနိုင်သော အတ္တဖြစ်သည်။ ကျန်အတ္တကိုမူ သိပ္ပံနည်းဖြင့် နားလည်နိုင်သည်။ သိပ္ပံနည်းဖြင့်ဖြေရှင်းနိုင်သော အတ္တဖြစ်သည်ဟု ဆိုသည်။ သိပ္ပံနည်းကို အသုံးပြုခြင်းဖြင့် အတ္တသည် ရုပ်သဘောဆောင်ကြောင်း၊ သို့ရာတွင် မြင်နိုင်သော အရာမဟုတ်ကြောင်း၊ ထိုအတ္တသည် ဦးနှောက်အတွင်းတွင် တည်ရှိ၍ တစ်ချိန်တည်းမှာပင် အာရုံကြောများမှတစ်ဆင့် ခန္ဓာကိုယ်တစ်ခုလုံး ပျံ့နှံ့တည်နေနိုင်ကြောင်း သိလာနိုင်လိမ့်မည်ဟု ဘေကွန်က မျှော်လင့်ခဲ့သည်။ ရုပ်သဘောဆောင်သော အတ္တသည် စဉ်းစားခြင်း၊ စိတ်ကူးယဉ်ခြင်း၊ နားလည်ခြင်း၊ မှတ်သားခြင်း၊ အကောင်းအဆိုး ဝေဒနာတို့ကို ခံစားခြင်း၊ အစွဲဆန္ဒများဖြစ်ခြင်းတို့ကို ပြုလုပ်သည်။ တစ်နည်းအားဖြင့် ထို 'ရုပ်သဘောဆောင်အတ္တ' က စဉ်းစားခြင်း၊ စိတ်ကူးခြင်းတို့ကို ပြုလုပ်သည်။ အကောင်းအဆိုးကိုလည်း အတ္တကခံစားသည်။ နားလည်မှု၊ မှတ်သားမှု၊ အစွဲဆန္ဒတို့ကိုလည်း အတ္တကပြုလုပ်သည်ဟု ဘေကွန်က ယူဆခဲ့သည်။

သို့ရာတွင် ဟော့ဘ်[၃] ကမူ စကြဝဠာတစ်ခုလုံးသည် ရုပ်သဘောဆောင်သည်။ ရုပ်တို့၏ အဖွဲ့အစည်းပင်ဖြစ်သည်။ ရုပ်အဖွဲ့အစည်းသာ လောက၌ရှိသည်။ ဤရုပ်လောကကြီးအတွင်း၌ ရုပ်မဟုတ်သော (ဝိ)

---

၁ Francis Bacon (1561 - 1626)

၂ Divine Soul

၃ Thomas Hobbes (1588 - 1679)



www.burmeseclassic.com

www.burmeseclassic.com



နာမ်သဘောဆောင်သောအရာ ဟူ၍ မရှိ၊ နာမ်သဘော ဆောင်သော အတ္တဟူ၍မရှိဟုယူဆသည်။ ဤအယူအဆရှိနေသူ ဟော့ဘ်အဖို့ လူသည် သေသောအခါ ဘဝကိစ္စ အလုံးစုံပြီးပြတ်သွားသည်။ သေသည့်အခါ လူ၏ ခန္ဓာကိုယ်မှ တခြားတစ်ပါးသို့ ထွက်သွားစရာ အတ္တလည်းမရှိ၊ ဝိညာဉ်လည်း မရှိ၊ သေခြင်းတည်းဟူသော ရုပ်ခန္ဓာကိုယ် ပြိုကွဲပျက်စီးခြင်းသည် ဘဝ၏ နိဂုံးအဆုံးသတ်ပင် ဖြစ်သည်ဟု ယူဆမည်သာ ဖြစ်လေသည်။

သို့ရာတွင် ခေတ်သစ် ဒဿနပညာရှင်များအနက် အထင်ရှားဆုံး ပညာရှင်တစ်ဦးဖြစ်သည်ဟု ယူဆနိုင်သည့် ဒေးကား[၁]က လူ၌ အတ္တ (ဝါ) ဝိညာဉ်တည်းဟူသော ထာဝရ မကျေပျောက်သော စိတ်အခြေခံဝတ္ထု[၂] သည် ရှိကြောင်း ဖော်ပြပြန်သည်။

ဒေးကားသည် သူ့ခေတ်က သင်္ချာပညာကို အထူးစိတ်ဝင်စားခဲ့သူ ဖြစ်သည်။ သင်္ချာဆိုင်ရာနည်းဗေဒသည် အမှန်တရားကို ပေးနိုင်သည်ဟု ထင်မှတ်သူဖြစ်သည်။ အခြားနည်းတို့၏ အကူအညီဖြင့် ထပ်မံသက်သေ ပြစရာမလိုတော့ဘဲ မှန်ကန်သေချာ၍ စနစ်ကျသော အသိတရားကို သင်္ချာ ပညာဖြင့်သာရနိုင်သည်။ အခြားနည်းများအားဖြင့် မရနိုင်ဟု ဒေးကားက ယူဆသည်။ ဒေးကားက...သင်္ချာနည်းသည် သံသယဖြစ်စရာ အငြင်းပွား စရာမရှိသည့် နိဂုံးတစ်ခုမှ အခြားနိဂုံးတစ်ခုသို့ တစ်ဆင့်ပြီးတစ်ဆင့် ရှင်း လင်းသွားရသော နည်းဖြစ်သည်။ တစ်နည်းအားဖြင့် သင်္ချာ၌ ရရှိလာသော မှန်ကန်မှုများသည် သက်သေပြစရာမလိုဘဲ မှန်နေသောအဆိုများ[၃] (အက် စီယမ်များ[၄]) မှ တစ်ဆင့်ပြီးတစ်ဆင့် ထုတ်ယူဆင်ခြင်ခြင်း[၅] အားဖြင့် ရရှိလာ ခြင်းများ ဖြစ်ကြသည်။

ဒေကားက သင်္ချာနည်းကို ဒဿနပညာ၌ အသုံးပြုပါက သင်္ချာ ပညာ၌ ခိုင်ခံ့တိကျသည့် မှန်ကန်မှုများကို ရရှိသကဲ့သို့ ဒဿနပညာ၌လည်း ရရှိလာလိမ့်မည်ဟု ယုံကြည်သည်။ သို့ဖြစ်၍ သင်္ချာ၌ရှိသော သက်သေပြရန် မလိုဘဲ သူ့အလိုလို မှန်နေသောအဆို (ဝါ) အက်စီယမ်မျိုးကို ဒဿန

---

၁ Rene Descartes (1596 - 1680)

၂ mental substance

၃ self-evident truth

၄ axiom

၅ deductive method



www.burmeseclassic.com

www.burmeseclassic.com



နယ်ပယ်၌လည်းရရှိအောင် ရှာဖွေရမည်။ ဒဿန နယ်၌ သင်္ချာမှာကဲ့သို့ သူ့အလိုလို မှန်နေသောအဆို (အက်စီယမ်)နှင့် အလားတူသော အဆိုကို ရှာဖွေတွေ့ရှိပါမှ ဒဿနဆိုင်ရာ မှန်ကန်မှုများကို ရရှိလာမည်ဟု ဒေးကား က ယူဆသည်။

သို့နှင့် ဒေးကားသည် ဒဿနနယ်၌ သင်္ချာမှာကဲ့သို့ သက်သေပြရန်မလိုဘဲ မှန်နေနိုင်သည့် အဆိုကိုရအောင် ရှာဖွေလေတော့သည်။ ထိုသို့ ရှာဖွေရာ၌ ဒေးကား က အောက်ပါ ဥပဒေသ စည်းမျဉ်းလေးခုကို ချမှတ်၍ ရှာဖွေခဲ့၏။

ပထမစည်းမျဉ်းမှာ ....သက်သေပြရန် မလိုတော့အောင် မှန်သည့် အဆို (ဝါ) သဘောတရားကို မရမချင်း အခြား မည်သည့်အဆို၊ မည်သည့် သဘောတရားကိုမျှ လက်မခံမိစေဖို့အတွက် သတိထား ရှောင်ရှားရမည်။ အဆိုတစ်ခု သဘောတရားတစ်ခုသည် လုံးဝသံသယဖြစ်ဖွယ်မရှိ၊ မှန်ကန်တိကျပြီဟု စိတ်၌ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား ထင်မြင်လာပါမှ ထိုအဆို ထိုသဘောတရားကို လက်ခံရမည်။

ဒုတိယစည်းမျဉ်းမှာ ရှုပ်ထွေးသော၊ အဖြေရှာမရနိုင်သေးသော အယူအဆ သဘောတရားများကို တွေ့ပါက အဖြေရှာဖို့ လွယ်ကူစေရန် အတွက် ယင်းအယူအဆ သဘောတရားများကို တတ်နိုင်သမျှ အစိတ်အပိုင်းများအဖြစ်သို့ ခွဲခြားထုတ်ရမည်။

တတိယစည်းမျဉ်းမှာ ....လွယ်ကူ ရှင်းလင်းသော သဘောများကို ဖြေရှင်းပြီးမှ လေးနက် ရှုပ်ထွေးသော သဘောများကို ဖြေရှင်းရမည်။ အစီအစဉ်မရှိသော သဘောများ၌လည်း အစီအစဉ် ကျအောင် ပြုလုပ်၍ စူးစမ်းဆင်ခြင်ရမည်။

စတုတ္ထစည်းမျဉ်းမှာ ....မည်သည့် အချက်အလက်မှ မကျန်ရစ်စေရအောင် ပြည့်ပြည့်စုံစုံ လေ့လာသုံးသပ်ရမည်။

အထက်ပါ စည်းမျဉ်းလေးခု၌ ပထမ စည်းမျဉ်းသည် အဓိကပင် ဖြစ်သည်။ သက်သေပြရန် မလိုတော့အောင် မှန်ကန်သည့်အဆို (ဝါ) အယူအဆ သဘောတရားကိုရဖို့ရန် ရှာဖွေရာ၌ ဒေးကားသည် သံသယနည်း

---

၁ the method of doubt



www.burmeseclassic.com

www.burmeseclassic.com



ကို အသုံးပြုခဲ့၏။ သံသယနည်း ဆိုသည်မှာ သက်သေပြစရာ မလိုတော့အောင် မှန်ကန်သည့် အဆိုတစ်ခု၊ သဘောတရားတစ်ရပ်ကို မရမချင်း မည်သည့်အရာကိုမျှအတည်အဖြစ် လက်မခံသေးဘဲ သံသယဖြင့်စူးစမ်းနေခြင်း၊ လေ့လာနေခြင်း မလိုသည်များ အငြင်းပွားဖွယ်ရာများကို ဖယ်ထုတ်နေခြင်း သဘောဖြစ်သည်။ အဆိုတစ်ခု၊ သဘောတရားတစ်ခုသည် စိတ်၌လုံးဝသံသယပွားဖွယ်၊ မကျေနပ်ဖွယ် လုံးဝမရှိတော့ဘဲ ကြည်ကြည်လင်လင်ထင်ထင်ရှားရှား ပြတ်ပြတ်သားသား ထင်ပေါ်လာသည်အထိ စူးစမ်းနေသည့် သဘောပင် ဖြစ်သည်။

သံသယနည်းဖြင့် ဒေးကားသည် သံသယဖြစ်နိုင်ဖွယ်ရှိသော အရာဟူသမျှအပေါ် သံသယဖြစ်ကြည့်သည်။ သူမြင်သမျှ ကြားသမျှ နံသမျှ လျက်သမျှ ထိတွေ့နေမှု မှန်သမျှ တို့အပေါ် သံသယဖြစ်ကြည့်သည်။ ဒေးကားသည် တစ်ခုသော ဆောင်းရာသီနံနက်ခင်း၌ အိပ်ရာမှ ထပြီး မီးဖိုအနီး၌ အချမ်းခိုသည်။ ဤသို့ အချမ်းခိုနေသော မိမိကိုယ်မိမိ "ငါ အခု အချမ်းခိုနေခြင်းသည် အိပ်မက်ထဲ၌ အချမ်းခိုနေခြင်း မဖြစ်နိုင်ပါသလော၊ မီးဖိုကြောင့် ပူနွေးမှုကို ခံစားရခြင်းသည်လည်း အိပ်မက်ထဲ၌ ပူနွေးခြင်း မဖြစ်နိုင်ပါသလော၊ ယခု ငါမြင်တွေ့နေရခြင်း တို့သည်လည်း အိပ်မက်ထဲ၌ မြင်တွေ့နေရခြင်းများ မဖြစ်နိုင်ပါသလော" စသည်ဖြင့် ဒေးကားသည် အာရုံတို့အပေါ်၌လည်း သံသယ ဖြစ်ကြည့်သည်။ စိတ်ပိုင်းရှိ အယူအဆ သဘောတရားတို့အပေါ်၌လည်း သံသယဖြစ်ကြည့်သည်။

သံသယတို့အပေါ်၌ပင် ဒေးကားက သံသယဖြစ်ကြည့်သည်။ ထိုအခါ... "သံသယတွေဖြစ်နေသည်ကို သံသယဖြစ်နေစရာမလို၊ ယခု... သံသယတွေဖြစ်နေခြင်းကား အမှန်ပင်ဖြစ်သည်" ဟူသော အသိဖြစ်လာသည်။ ထိုမှဆက်၍ "အဘယ်ကြောင့် ဤသံသယတွေ ဖြစ်နေရသနည်း" ဟု ဒေးကားက စူးစမ်းပြန်သည်။ ထိုသို့စူးစမ်းကြည့်သောအခါ "သံသယတွေဖြစ်နေခြင်းသည် တွေးနေ စဉ်းစားနေသောကြောင့်ပင် ဖြစ်သည်" ဟူသော အသိကို ရလာပြန်သည်။ ထိုမှဆက်၍...."ယခု ငါသည် အမှန်ပင် တွေးနေ၊ စဉ်းစားနေသည်။ ဤသို့ တွေးနေခြင်း၊ စဉ်းစားနေခြင်းရှိလျှင် ထိုတွေးနေခြင်း၊ စဉ်းစားနေခြင်းကို လုပ်နေသော ငါ (ဝါ) အတ္တသည် ရှိရမည်" ဟူသော အသိကို ရလာခဲ့၏။ ဤသည်ကို ဒေးကား



www.burmeseclassic.com

www.burmeseclassic.com



က "ငါစဉ်းစားသည်၊ ထို့ကြောင့် ငါရှိသည်" * ဟူသော စာကြောင်းဖြင့် ဖော်ပြခဲ့၏။ တစ်နည်းအားဖြင့် "ငါ စဉ်းစား တွေးခေါ်သည်၊ ထို့ကြောင့် ငါ (ဝါ) အတ္တတည်းဟူသော စိတ်အခြေခံဝတ္ထု[၁] သည် ရှိသည်" ဟူသော စာကြောင်းဖြင့် ဖော်ပြခဲ့၏။

ဒေးကားအလိုအရ "အတ္တသည် ခိုင်မြဲသော အရာဖြစ်သည်။ ချေချက်၍မရသောအရာ ဖြစ်သည်။ ထိုအတ္တ၌ သိခြင်း (ဝါ) စဉ်းစားခြင်းသဘောရှိ၍ ထိုသိခြင်းသည် အတ္တ၏ အခြေခံအကျဆုံးသော ဂုဏ်ရည်ဖြစ်သည်။ သိခြင်းနှင့် ကင်းသောစိတ်၊ ဝိညာဉ် သို့မဟုတ် အတ္တဟူ၍မရှိနိုင်သကဲ့သို့ ထိုစိတ်ဝိညာဉ် (ဝါ) အတ္တတည်းဟူသော အခြေခံဝတ္ထုနှင့်ကင်း၍လည်း သိခြင်း၊ စဉ်းစားခြင်းသည် မဖြစ်နိုင်ချေ။"**

"ငါ စဉ်းစားတွေးခေါ်သည်၊ ထို့ကြောင့် ငါ (ဝါ) အတ္တတည်းဟူသော စိတ်အခြေခံ ဝတ္ထုရှိသည်" ဟူသော အသိ (ဝါ) အဆိုသည် သင်္ချာပညာက အက်စီယမ်ကဲ့သို့ သက်သေပြစရာ မလိုတော့အောင်မှန်နေသော အဆိုဖြစ်သည်ဟု ဒေးကားက ယူဆသည်။ ထိုသို့ယူဆပြီးနောက် ထိုအဆို–ထိုမှန်ကန်မှု (ဝါ) ထိုသဘောတရားကို အခြေခံ၍ မိမိ၏ စိတ်အခြေခံဝတ္ထု (ဝါ) စိတ် *** ၌ရှိသော အခြား အခြားသော အသိများမှန် မမှန်ကို ဆက်လက်၍ ဆန်းစစ်ခဲ့၏။

ဒေးကားသည် သူ၏ စိတ်(ဝါ) အတ္တ၌ သိရှိထင်ပေါ်နေသော 'ထာဝရဘုရား'ဟူသော အသိပညာ[၂]ကို ဆန်းစစ်ကြည့်သည်။ ဒေးကားက.... "ထင်ရှားပြတ်သားစွာ တွေ့သိနေသော ထိုထာဝရဘုရားဟူသော သဘော (ဝါ) အသိသညာသည် မိမိစိတ်ကူးမှုဖြင့် မိမိ၏ စိတ်အခြေခံဝတ္ထုသို့ ရောက်ရှိနေခြင်းမဖြစ်နိုင်၊ မိမိ စိတ်အခြေခံဝတ္ထု၏ ပြင်ပတွင်ရှိသော ပြင်ပ အကြောင်းတရား ကြောင့်သာ ဤသို့ ရောက်ရှိနေခြင်း

---

* I think, therefore I am, (Cogito ergo sum.)

၁ mental substance

** Jadunath Sinha, " Introduction to Philosophy " P. 232

*** ဒေးကား၏ အယူအဆကို ဖော်ပြနေစဉ်အတွင်း သုံးနှုန်းနေသော "စိတ်" "အတ္တ" "ငါ" "စိတ်အခြေခံဝတ္ထု" စသည့် စကားလုံးများသည် သဘောအနက်အဓိပ္ပာယ်အားဖြင့် အတူတူဖြစ်သည်ဟု မှတ်စေလိုပါသည်။

၂ idea of God



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမည်။ ထိုပြင်ပအကြောင်းတရားမှာ ထာဝရဘုရားပင် ဖြစ်ရမည်။ ထို့ကြောင့် ထာဝရဘုရားသည် အမှန်တကယ်ရှိသည်....'' ဤသို့ ဒေးကားက သက်သေပြခဲ့သည်။ ဤနေရာ၌ ''သံသယမဖြစ်ဘဲ မည်သည့်အရာကိုမျှ လက်မခံရန် အထပ်ထပ်ပြောခဲ့သော ဒေးကားသည် ထာဝရဘုရားတည်ရှိခြင်းကိုမူ သံသယပွားမနေဘဲ အလွယ်တကူ လက်ခံခဲ့သည်မှာ ထင်ရှားလျက်ရှိသည်။''*

ထို့နောက် ဒေးကားသည် ပြင်ပရုပ်လောကကြီး အမှန်တကယ်ရှိမရှိကိုလည်း ဆက်၍စူးစမ်းကြည့်ပြန်သည်။ ''....အတ္တသည် ပြင်ပ ရုပ်လောကနှင့် ပတ်သက်သော အာရုံအမျိုးမျိုးကို ထိတွေ့ခံစားလျက်ရှိသည်။ ဤကဲ့သို့ အတ္တက ခံစားထိတွေ့နေသော အာရုံ အမျိုးမျိုးတို့သည် အမှန်တကယ်ရှိသော အာရုံများ ဖြစ်သလော၊ သို့မဟုတ် အာရုံတို့သည် အမှန်မရှိပါဘဲလျက် အမှန်တကယ်ရှိလေဟန် ထင်မြင်အောင် ထာဝရဘုရားက မိမိအား လှည့်စားထားခြင်းပေလော ....''ဟု ဒေးကားက စိစစ်ဆင်ခြင်မှုပြုသည်။ ထိုသို့ စိစစ်ပြီးနောက် ဒေးကားက ''ထာဝရဘုရားသည် လှည့်စားသူမဖြစ်နိုင်၊ လိမ်ညာသူ မဖြစ်နိုင်၊ အမှန်မရှိပါဘဲလျက် အမှန်ရှိလေသယောင် လှည့်စားလိမ်ညာတတ်သူ မဖြစ်နိုင်၊ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသည် လှည့်စားလိမ်ညာခြင်းမှ ကင်းဝေးတော်မူသော၊ အမှန်မရှိပါဘဲလျက် အမှန်တကယ် တည်ရှိနေသယောင် လိမ်ညာ လှည့်စားတတ်ခြင်းမှ ကင်းဝေးတော်မူသော ကောင်းမြတ်သူ ပြည့်စုံသူ မဖောက်ပြန်သူ ဖြစ်သည်။ သို့ဖြစ်၍ မဖောက်ပြန် မလှည့်စားသော ထာဝရဘုရားက ဖန်ဆင်းသည်ဆိုသော ပြင်ပလောကကြီး (ဝါ) ကမ္ဘာလောကကြီးသည်လည်း အမှန်တကယ်ရှိသော လောကကြီးသာ ဖြစ်ရမည်။ (အတ္တက ခံစားထိတွေ့နေသော အာရုံအမျိုးမျိုးတို့၏ အကြောင်းတရားဖြစ်သော) ပြင်ပရုပ်လောကကြီးသည် အမှန်တကယ်မရှိသော်လည်း အမှန်တကယ် တည်ရှိလေသယောင် လှည့်စားလိမ်ညာထားသော လောကကြီး မဟုတ်၊ အမှန်တကယ်ပင် တည်ရှိသော လောကကြီးသာ ဖြစ်ရမည်'' ဟု သက်သေပြခဲ့၏။

ဤသက်သေပြမှုအပေါ် မူတည်၍ ....

ဒေးကားသည် ပြင်ပရုပ်လောကကြီး၌ အပါအဝင်ဖြစ်သော လူ၏ ရုပ်ခန္ဓာကိုယ်ကိုလည်း အမှန် အရှိတရားအဖြစ် လက်ခံသူ ဖြစ်လေသည်။

---

* Collin Wilson., op cit., P. 123



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင်သင်္ချာစနစ်အပေါ် အခြေခံ၍ သက်သေပြခဲ့ခြင်းတို့အပေါ်၌လည်းကောင်း၊ "ငါတွေးသည်၊ ထို့ကြောင့် ငါရှိသည်" ဟူသော အဆိုတစ်ခုတည်းကို အခြေခံ၍ သက်သေပြနေခြင်းအပေါ်၌လည်းကောင်း ပုဂ္ဂိုလ်အများအပြားသည် သံသယဖြစ်လာခဲ့ကြပြန်သည်။ ဒေးကားယူဆသကဲ့သို့ သင်္ချာသဘောသည် တကယ်ပင်အမှန်တရားကို ပေးနိုင်ပါ၏လော၊ သက်သေပြစရာမလိုတော့ဘဲ သူ့အလိုလိုမှန်နေသော အမှန်တရားမျိုး သင်္ချာပညာ၌ ရှိသကဲ့သို့ ဒဿန နယ်ပယ်၌ ရှိနိုင်ပါမည်လော.... ဤအမေးများဖြင့် ဒေးကား၏ အတွေးအခေါ် အယူအဆကို ဆန်းစစ်ကြည့်ကြပြန်သည်။

ဒေးကား၏ ခေတ်ကာလ ဝန်းကျင်က သင်္ချာပညာရှင်များသည် "ယူကလစ် အခြေခံခဲ့သော အက်စီယမ်များနှင့် ထို အက်စီယမ်များမှ တစ်ဆင့်ထုတ်ယူသော သီအိုရမ်များသာ ရှိနိုင်သည်"ဟု ယူဆခဲ့ကြ၏။ သို့ရာတွင် ၁၉ ရာစု၌ သင်္ချာစနစ်နှင့် ပတ်သက်၍ အမြင်သစ်များကို တင်ပြလာနိုင်သော သင်္ချာပညာရှင်များက ထိုယူဆချက်ကို လက်မခံကြချေ။ ထိုသင်္ချာပညာရှင်တို့က.... ယူကလစ်၏ သင်္ချာစနစ်၌ တြိဂံတစ်ခု၏ ထောင့်သုံးထောင့်ပေါင်းခြင်းသည် ၁၈၀ံ ဖြစ်သည်မှာ မှန်သည်။ ဤမှန်ကန်မှုသည် သူ၏စနစ်အတွင်း၌ မှန်ကန်မှုသာဖြစ်သည်။ သို့ရာတွင် ခုံးနေသောနေရာများ (မြင်းကုန်းနှီးကဲ့သို့ခုံး၍ အပေါ်သို့ကော့နေသောနေရာများ) ၌ ရေးဆွဲသည့် တြိဂံတို့၏ ထောင့်သုံးထောင့် ပေါင်းခြင်းမှာမူ ၁၈၀ံ မရှိချေ။ ၁၈၀ံ ထက်ပိုနေခြင်း၊ လျော့နေခြင်းများ ရှိနိုင်ကြောင်း တင်ပြလာကြသည်။ ဤတင်ပြချက်၏ မှန်ကန်မှုကို နောင်အခါတွင် အိုင်စတိုင်းက သက်သေပြနိုင်ခဲ့၏။ ဤတွင်....သင်္ချာပညာဟူသည်မှာ ယူကလစ်တင်ပြခဲ့သော စနစ်တစ်မျိုးတည်းသာမဖြစ်နိုင်၊ ယူကလစ်၏ အက်စီယမ်များနှင့် မတူသော၊ ဆန့်ကျင်ခြားနားသော အက်စီယမ်များကို အခြေခံ၍ သက်ဆိုင်ရာသီအိုရမ်များကိုလည်း ထုတ်ယူနိုင်ကြောင်း သိမြင်လာကြသည်။

သင်္ချာစနစ်တစ်ခုသည် သက်ဆိုင်ရာအက်စီယမ်မှနေ၍ သီအိုရမ်များကို ရှေ့နောက်ညီညွတ်စွာ ထုတ်ယူနိုင်လျှင် ထိုစနစ်သည် မှန်သော စနစ်ပင်ဖြစ်သည်။ ထိုကဲ့သို့ သက်ဆိုင်ရာ အက်စီယမ်မှနေ၍ သီအိုရမ်များကို ရှေ့နောက်ညီညွတ်စွာ ထုတ်ယူနိုင်သော အခြားအခြား သင်္ချာစနစ်များရှိနေကြသည်ကို ထိုပညာရှင်တို့ တွေ့လာကြသည်။ ဤသို့ တွေ့ရှိလာမှုကြောင့် တစ်ခုတည်းသော သင်္ချာစနစ်သည်သာ မှန်သည်ဟု မယူဆနိုင်တော့ချေ။ ဤအချက်ကို ထောက်၍ ဒေးကား၏ "ငါ တွေးသည်၊ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ငါရှိသည်'' ဟူသော အက်စီယမ်သည်လည်း တစ်ခုတည်းသော အမှန်တရားဖြစ်ပါသည်ဟု မယူဆနိုင်ကြောင်း ထင်ရှားသည်။

သချၤာဆိုင်ရာ မှန်ကန်မှုများသည် ပုံစံအရ မှန်ကန်မှုများသာ ဖြစ်ကြသည်။ ပုံစံအရ မှန်ကန်မှုအတိုင်း လက်တွေ့ဘဝ ဖြစ်ရပ် များလည်း မှန်ကန်ရမည်ဟု မဆိုနိုင်ချေ။ သို့ဖြစ်၍ ဒေးကား၏ ဆင်ခြင်နည်းသည်လည်း သူ၏ ဆင်ခြင်မှုဘောင်အတွင်း၊ စနစ်အတွင်း၌ ယုတ္တိနည်းကျချင်ကျနေမည်၊ရှေ့နောက်ဆီလျော်မှု ရှိချင်ရှိနေမည်။ သို့ရာတွင် တကယ့်ဖြစ်ရပ်၊ တကယ့်ဘဝ၌ သူ၏ဆင်ခြင်နည်းစနစ်အတွင်းမှ အတ္တ (ငါ) ငါ ဟူသော စိတ်အခြေခံ ဝတ္ထုသည် အမှန်တကယ်ရှိသော အရာဟုတ်ချင်မှဟုတ်ပေလိမ့်မည်။ ရုပ်လောက (ငါ) ရုပ်ဟူသောအရာသည်လည်း အခြေခံဝတ္ထုအနေ ဖြင့် အမှန်တကယ်ရှိသောအရာ ဟုတ်ချင်မှ ဟုတ်ပေလိမ့်မည်။ ဒေးကားက ဟုတ်ပြီ မှန်ပြီဟု ယူဆခဲ့သော အတ္တ၏တည်ရှိမှု၊ ရုပ်အခြေခံဝတ္ထုတည်ရှိမှု၊ ထာဝရဘုရားတည်ရှိမှုတို့ကို ၁၉–ရာစုနှင့် ၂၀–ရာစု ဒဿနပညာရှင် အများအပြားသည် လက်မခံကြတော့ချေ။ ထို့ပြင်.... စိတ်နှင့် ရုပ်သည် အခြေခံဝတ္ထုများ ဖြစ်သောကြောင့် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်နွှယ်မှု၊ အကြောင်းပြုမှုမရှိဘဲ သီးခြားစီ တည်ရှိနေကြသည်ဟု ဒေးကားက ယူဆသည်။ ဤယူဆချက်ကိုလည်း လက်မခံကြတော့ချေ။ စိတ်ပညာရှင် အများစုသည်လည်း ဒေးကား၏ အတ္တတည်ရှိမှု အယူအဆကို လက်မခံကြတော့ချေ။

ဒေးကား သက်သေပြခဲ့သကဲ့သို့ လူ၌ အတ္တတည်းဟူသော မကျေပျောက်နိုင်သော စိတ်အခြေခံဝတ္ထုရှိသည်ဆိုပါက တစ်နည်းတစ်လမ်းအားဖြင့် လူ၌ ဆောက်တည်ရာရနိုင်ပါသေး၏။ ထိုအတ္တကို ကောင်းရာသုဂတိသို့ ရောက်စေနိုင်သော ကျင့်ဆောင်မှု၊ ထိုအတ္တကို မြင့်မြတ်သောအတ္တဖြစ်အောင် ကျင့်ဆောင်မှုတို့ဖြင့် လူ၏ဂုဏ်သိက္ခာကိုလည်း မြှင့်တင်နိုင်ပါသေး၏။ သို့ရာတွင် ဤနေရာ ''ထိုအတ္တကို ထာဝရကောင်းသောနေရာ၊ ထာဝရကောင်းသော အဖြစ်ဖြင့် ထာဝရ တည်နေရန် ဘယ်သို့ ပြုမည်နည်း၊ ကောင်းသောကိုယ်မှု၊ ကောင်းသောနှုတ်မှုတို့ကိုပြုမှ အတ္တသည် ကောင်းသော အတ္တအဖြစ်ဖြင့် ကောင်းသောနေရာ၌ ထာဝရတည်နေနိုင်မည်မဟုတ်ပါလော....'' ဟူသော ပြဿနာများ ရှိနေပြန်သည်။ ဒေးကားက အတ္တနှင့် ရုပ်သည် တစ်ခုနှင့် တစ်ခု ဘာမျှ မသက်ဆိုင်သော ဘာမျှ ကြောင်းကျိုး



www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်မှု မရှိသော အခြေခံဝတ္ထု နှစ်ခုသာ ဖြစ်သည်ဟု ယူဆခဲ့၏။ ထိုသို့ယူဆပါက ရုပ်ခန္ဓာမှပြုနေသော ကောင်းမှု၊ နှုတ်မှပြုသောကောင်းမှု တို့သည် အတ္တ အတွက် ဘာမျှ ပတ်သက် ဆက်စပ်မှုလည်းမရှိ၊ အကျိုး သက်ရောက်မှုလည်း ရှိလိမ့်မည်မဟုတ်ချေ။ ထို့အတူ မကောင်းမှုကို ကိုယ် ခန္ဓာက ပြုလုပ်သော်လည်း မကောင်းမှုသည် အတ္တနှင့် ဘာမျှ မသက်ဆိုင် သကဲ့သို့ ဖြစ်လျက် ရှိသည်။ ထို့အပြင် အတ္တ တည်ရှိပါသည် ဆိုသော သက်သေပြချက်ကို တထစ်ချမှန်ပြီဟု ဒေးကားကဲ့သို့ သံသယ မဖြစ်ဘဲ လူသည် လက်ခံနိုင်မည်မဟုတ်ချေ။ ယူဆနိုင်မည် မဟုတ်ချေ။ ထိုသို့ မယူ ဆနိုင်ခြင်းကို ကြုံတွေ့လာသော လူသည် မည်သည်ကား အမှန်တရားဖြစ် သည်ဟူ၍လည်းကောင်း၊ မည်သည်ကား ဘဝ၏ဆောက်တည်ရာဖြစ်သည် ဟူ၍လည်းကောင်း မသိဘဲ တွေဝေ၍ နေဦးမည်သာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

## ထာဝရအခြေခံ ဝတ္ထုကို လက်ခံခြင်း၊ ချေဖျက်ခြင်းပြုကြသော အနောက်တိုင်း ဒဿနပညာရှင်၊ စိတ်ပညာရှင်တို့၏ အယူအဆများ

အချို့သော ခေတ်သစ် တွေးခေါ် ပညာရှင်များသည် လူ၌ စိတ်အခြေခံ ဝတ္ထုနှင့် ရုပ်အခြေခံ ဝတ္ထုတို့ရှိသည်ဟု တွေးခေါ် ယူဆကြသည်။ အချို့က ရုပ်အခြေခံဝတ္ထုကို ပစ်ပယ်ပြီးနောက် စိတ်အခြေခံဝတ္ထုကို လက်ခံကြသည်။ အချို့က စိတ်အခြေခံ ဝတ္ထုကိုရော၊ ရုပ်အခြေခံဝတ္ထုကိုပါ ပစ်ပယ်လိုက်ကြသည်။ ၁၉-ရာစုနောက်ပိုင်းတွင် ပေါ်လာသော သိပ္ပံပညာရှင်များ၊ စိတ်ပညာရှင်များ၊ ဒိုင်ယာလက်တစ် ရုပ်ဝါဒီများနှင့် ဒဿန ပညာရှင်အများအပြားသည် စိတ်အခြေခံဝတ္ထု၊ ရုပ်အခြေခံဝတ္ထုကို ပစ်ပယ်ကြသည်။ တစ်နည်းအားခြင့် အတ္တဝါဒကို ပစ်ပယ်ကြသည်။ ထိုသို့ပစ်ပယ်ကြပြီးနေ:က် အချို့က စိတ်နှင့် ရုပ်တို့ကို "ဖြစ်စဉ်" အနေဖြင့် လက်ခံကြသည်။

စိတ်အခြေခံဝတ္ထု (ဝါ) အတ္တဇီဝသည် ထာဝရမြဲသော မကျေပျောက်နိုင်သော အရာဖြစ်သည်ဟု စွဲလမ်းထင်မြင်နေသော အတ္တဝါဒီသည် မိမိအတ္တ စင်ကြယ်ရေး၊ ကောင်းရာသို့ မိမိအတ္တ ရောက်ရေးအတွက် ကြိုးစားနေခြင်းကို အဓိပ္ပာယ်ရှိသည်ဟု ထင်မှတ်သည်။ ထိုအတ္တ ထာဝရ လွတ်မြောက်မှုရ၍ ထာဝရခိုင်မြဲမှုရသွားခြင်းသည်ပင် .... လူ၏ နောက်ဆုံးဆောက်တည်ရာ ရခြင်းဖြစ်သည်ဟုလည်း ထင်မှတ်ယုံကြည်သည်။ ထိုသို့ ထင်မှတ်ယုံကြည်နေသူသည် အကယ်၍ စိတ်အခြေခံဝတ္ထု (ဝါ) အတ္တသည် မရှိဟု မြင်လာပါက မည်သည်ကို မျှော်မှန်း၍ မည်သည်ကို အားကိုးရာအဖြစ် ကိုင်စွဲရမှန်း မသိသူဖြစ်သွားနိုင်သည်။ အတ္တဝါဒကို ပစ်ပယ်ကြသူများသည် စိတ်ရုပ်တို့ကို ပြောင်းလဲနေသော ဖြစ်စဉ်အဖြစ် လက်ခံတတ်ကြ၏။ သို့ရာတွင် လူ၏မြင်မှု၊ ကြားမှု၊ ထိတွေ့မှု အစရှိသည့် ရုပ်နာမ်တရား ခန္ဓာငါးပါးတို့ ခဏမလပ် ဖြစ်ပျက်နေသော အနတ္တ သဘာဝကိုမူ တိတိပပ မသိမြင်ကြချေ။ ထိုအခါ မြင်ကြား ထိတွေ့မှုတို့၌ မြဲသည်ဟူသော အစွမ်းမကုန်မှုကြောင့် လောကဓံတို့နှင့် ကြုံတွေ့သည့်အခါ တုန်လှုပ်မြဲ တုန်လှုပ်လျက်ရှိ၏။ ဆောက်တည်ရာမရဘဲ ဖြစ်မြဲဖြစ်လျက်ရှိ၏။ ....



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

## ယိမ်းယိုင်သွားသော လူ၏ အားကိုး ဆောက်တည်ရာ

ဒေးကား၏ ဒဿနၥ္ဈ အတ္တ(ဝါ)စိတ် ဝိညာဉ်နှင့် ရုပ်အခြေခံ ဝတ္ထုများအဖြစ် လက်ခံထားကြောင်း ဖော်ပြခဲ့ပြီးဖြစ်၏။ ဒေးကားနှင့် တကွ ထိုခေတ် ဒဿန ပညာရှင်များသည် အခြေခံဝတ္ထုသဘောကို "မည်သည့်အခြေခံ အပေါ် တွင်မှ အမှီပြုခြင်းမရှိဘဲ မိမိကိုယ်တိုင် ရပ်တည်နိုင်သော အရာဖြစ်သည်" ဟု ထင်မှတ်ယူဆခဲ့ကြသည်။ ထိုထာဝရ အခြေခံဝတ္ထုသည် မိမိကိုယ်တိုင် သီးခြားတည်နေနိုင်၊ လှုပ်ရှားနိုင်သော အရာဖြစ်သည်။ ထိုအခြေခံဝတ္ထုသည် အခြေခံ ဝတ္ထုအနေဖြင့် ထာဝရ တည်မြဲသော သဘောကို ဆောင်သည်ဟုလည်း ထင်မြင်ယူဆကြသည်။

ဒေးကားအလိုအရ ရုပ်အခြေခံဝတ္ထု ဆိုသည်မှာ ထုထည်ရှိသော အရာဖြစ်သည်။ အာကာသ၌ နေရာယူသော အရာဖြစ်သည်။ စိတ်အခြေခံဝတ္ထု (အတ္တဝိညာဉ်) မှာမူ ထုထည်မရှိ၊ အာကာသ၌ နေရာယူမှုမရှိ။ သို့ရာတွင် ထိုအတ္တ၌ စဉ်းစားနိုင်သော ဂုဏ်ရည်ရှိသည်။ လူ၌ ထိုအတ္တ (ဝါ) စိတ်နှင့် ရုပ်ခန္ဓာသည် ဒွန်သဘောအားဖြင့် တည်ရှိနေကြသည်ဟုဆိုသည်။ ဒေးကားသည် လူ၌အတ္တနှင့် ရုပ်တို့ ဒွန်သဘောအားဖြင့် တည်ရှိနေသည် ဆိုသောကြောင့် ဒွိတ္တဝါဒ [၁] ကို လက်ခံနေကြောင်း ထင်ရှားသည်။ ဒွိတ္တဝါဒကို လက်ခံသောကြောင့်ပင် " ထိုစိတ် (ဝါ) အတ္တနှင့် ရုပ်

---

၁ dualism



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာသည် အဘယ်ကဲ့သို့ ဆက်သွယ်နေသနည်း" ဟူသော ပြဿနာကို ဒေးကား ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ဒေးကားသည် အတ္တနှင့် ရုပ်ကို အခြေခံဝတ္ထုများ ဖြစ်သည်ဟု ဆိုခဲ့သည်။ ထိုသို့ဆိုပါက အတ္တနှင့် ရုပ်ခန္ဓာသည် မိမိတို့ကိုယ်တိုင် တသီးတခြားစီ ရပ်တည်နေနိုင်သောအရာ နှစ်ခုဖြစ်နေကြသည်။ တစ်ခုနှင့်တစ်ခု ဆက်သွယ်မှု၊ မှီခိုမှုပြုရန် မလိုသော သီးခြားအရာနှစ်ခု ဖြစ်လျက်ရှိသည်။ သို့ဖြစ်နေပါလျက်နှင့် ဒေးကားက "စိတ် (ဝါ) အတ္တနှင့် ရုပ်သည် အပြန်အလှန် ဆက်သွယ်မှုရှိသည်၊ စိတ် (ဝါ) အတ္တနှင့် ရုပ်အကြားတွင် အကြောင်းအကျိုး ဆက်နွယ်မှုရှိသည်"*ဟုဆိုသည်။ ဤအဆိုသည် လက်မခံနိုင်သော အဆိုပင်ဖြစ်သည်။ စိတ်နှင့်ရုပ်ကို တသီးတခြားစီ ရပ်တည်နိုင်သော အခြေခံများ အဖြစ် လက်ခံယူဆနေရာမှ ထိုစိတ်နှင့် ရုပ်သည် တစ်ခုကိုတစ်ခု အပြန်အလှန် ဆက်နွယ်နေသည်ဟု ယူဆ လက်ခံခြင်းသည် အဘယ်သို့လျှင် ရှေ့နောက်ဆီလျော်သော ယူဆချက် ဖြစ်နိုင်ပါအံ့နည်း။ ဤအမေးပြဿနာနှင့် ကြုံတွေ့လာသောအခါ ဒေးကားက "အတ္တ (ဝါ) စိတ်သည် ဦးနှောက်၏ တစ်နေရာတွင်ရှိသော ပင်နီယယ်ဂလင်း၁၌တည်ရှိနေ၍ ယင်းနေရာမှ ရုပ်ကိုဆက်သွယ်မှုပြုသည်၊ ဦးနှောက်၏ လှုပ်ရှားမှုအစဉ်ကလည်း ထိုအတ္တ (ဝါ) စိတ်ကို ဆက်သွယ်မှုပြုသည်"** ဟု မရေမရာ ယူဆချက်များဖြင့် ရှင်းလင်းခဲ့သည်။

ဒေးကား၏ဒဿနကို လက်ခံလိုသော ဒေးကား နောက်လိုက်တွေးခေါ်ရှင်များသည်လည်း အတ္တနှင့် ရုပ်တို့၏ ဆက်သွယ်မှုကို ဖြေရှင်းနိုင်ရန် ကြိုးစားခဲ့ကြသည်။ သူတို့အလိုအရ "စိတ် (ဝါ) အတ္တနှင့် ရုပ်တို့သည် တစ်ခုက တစ်ခုကို အပြန်အလှန် ဆက်နွယ်နေကြခြင်းမဟုတ်၊ စိတ်၏လှုပ်ရှားမှုနှင့် ရုပ်၏လှုပ်ရှားမှုတို့ တစ်ခုနှင့်တစ်ခု တစ်ချိန်တည်း၌ တစ်ပြိုင်တည်းတိုက်ဆိုင် ကြုံကြိုက်နေအောင် ထာဝရဘုရားက စီမံပေးထားခြင်းသာ ဖြစ်သည်။"***ဟုဖော်ပြကြသည်။ ဥပမာအားဖြင့် လက်ကိုမြှောက်လိုသောစိတ်ဖြစ်သည် ဆိုပါစို့၊ ထိုသို့လက်ကို မြှောက်လိုသောစိတ်ဖြစ်သောအခါ၌ လက်

---

* S. Chakravarti, " An Introduction to General Philosophy " p.148

၁ pineal gland

** S. Chakravarti, op. cit., p.149. *** Ibid.,



www.burmeseclassic.com

www.burmeseclassic.com



မြှောက်မှုသည်လည်း ဖြစ်ပေါ်လာသည်။ ဤတွင်… လက်ကိုမြှောက်လိုသော စိတ်နှင့်မြှောက်လိုက်သောလက်၏ အကြားတွင်တစ်စုံတစ်ရာသော အကြောင်း ဆက်နွှယ်မှုသည်မရှိ၊ လက်မြှောက်လိုသောစိတ်နှင့် လက်မြှောက်ခြင်းတို့ သည် အခန့်သင့်ပြိုင်တူ တိုက်ဆိုင်ကြုံကြိုက်သွားခြင်းသာ ဖြစ်သည်။ ယင်း ကဲ့သို့ တိုက်ဆိုင်ကြုံကြိုက်ဖြစ်ပေါ်နေအောင် ထာဝရဘုရားက ဖန်တီးပေး ထားသည်ဟု ဆိုသည်။ အထက်ပါ ဖြေရှင်းချက်နှင့် ခပ်ဆင်ဆင် တူသော ဖြေရှင်းချက်မျိုးကို ဒဿနပညာရှင် လိုက်ဗနီးစ်[၁] ကလည်း ပေးခဲ့ဖူး၏။

လိုက်ဗနီးစ်က …စိတ်နှင့် ရုပ်တို့ အပြန်အလှန် ဆက်နွှယ်နေမှုသည် အသွင်သဘောသာဖြစ်သည်။ အစစ်အမှန်သဘောမဟုတ်။ စိတ် (ဝါ) အတ္တ သည် ချိန်ကိုက်ထားသော အလွန်မှန်ကန်သည့် နာရီနှစ်လုံးနှင့် တူသည်။ ချိန်ကိုက်ထားသော နာရီနှစ်လုံးကို မည်သည့် အခါတွင် ကြည့်ကြည့် တစ်လုံးနှင့် တစ်လုံးတစ်ပြိုင်တည်း ကိုက်ညီသော 'အချိန်တူ'ကို ပြနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ တစ်ပြိုင်တည်းကိုက်ညီမှုကို ပြနေသော်လည်း ထိုနာရီနှစ်လုံးသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အဆက်အသွယ် အထိ အတွေ့ရှိသည်ကားမဟုတ်၊ ထို့အတူ စိတ်နှင့် ရုပ်သည်လည်း တစ်ခု၏ လှုပ်ရှား မှုနှင့်ကျန်တစ်ခု၏ လှုပ်ရှားမှုတို့ ကိုက်ညီမှန်ကန်စွာပြိုင်တူလှုပ်ရှားနေကြခြင်း ဖြစ်သည်။ ယင်းကဲ့သို့ ပြိုင်တူကိုက်ညီစွာ လှုပ်ရှားနေသော်လည်း စိတ်နှင့် ရုပ်တို့သည် တစ်ခုကိုတစ်ခု ဆက်သွယ်ထိခိုက်ခြင်းမရှိ။ တစ်ခုနှင့်တစ်ခု ပတ် သက်ဆက်စပ်ခြင်းမရှိ။ နာရီနှစ်လုံးတစ်ပြိုင်တည်း၌ အချိန်မှန်ပြမှုသည် နာရီ လုပ်သောသူ၏ ကျွမ်းကျင်မှုကြောင့် ဖြစ်သကဲ့သို့ စိတ်နှင့်ရုပ်၏ လှုပ်ရှား မှုများ ကိုက်ညီစွာ ဖြစ်ပေါ်နေမှုသည်လည်း စိတ်နှင့်ရုပ်ကိုဖန်ဆင်းသော ထာဝရဘုရား၏ ကျွမ်းကျင်မှုကြောင့် ဖြစ်သည်ဟုဆိုသည်။ လိုက်ဗနီးစ်က… စိတ်လှုပ်ရှားမှု အားလုံး၌ ကိုက်ညီမှုများရှိနေအောင် ထာဝရဘုရားက လောကကြီးကို မဖန်ဆင်းမီကတည်းက ကြိုတင်၍စီစဉ်ထားသည်။ တစ်နည်း အားဖြင့် ညီညွတ်မှု ကြိုတင်စီစဉ် နိယာမ[၂] ကြောင့် စိတ်နှင့် ရုပ်သည် ကိုက် ညီစွာ လှုပ်ရှားနေကြခြင်းဖြစ်သည်ဟု ဆိုသည်။

လိုက်ဗနီးစ်သည် ညီညွတ်မှုကြိုတင် စီစဉ်နိယာမကို လက်ခံသူ ဖြစ် သောကြောင့် စိတ်ရုပ်ဆက်နွှယ်မှု ပြဿနာ၊ သိမှုဆိုင်ရာ ပြဿနာတို့ကို

---

၁ G.W. Leibnitz (1646 - 1716)

၂ the law of pre - established harmony



www.burmeseclassic.com

www.burmeseclassic.com



ပြေလည်အောင် မရှင်းနိုင် ဖြစ်ခဲ့ရပြန်သည်။ ညီညွတ်မှုကြိုတင်စီစဉ်နိယာမ ကို လက်မခံသောကြောင့်ပင် ကိုယ်ကျင့်တရားဆိုင်ရာပြဿနာများကို ရင်ဆိုင်လာရပြန်သည်။ ထာဝရဘုရားသည် အတိုင်းမသိ ကောင်းမြတ်ခြင်း အသိဉာဏ်ရှိခြင်းတို့ဖြင့် ပြည့်စုံသူဖြစ်ပါလျက် ဤလောကကို ဖန်ဆင်းရာ၌ မကောင်းမှုတို့ကို အဘယ်ကြောင့်ထည့်သွင်းဖန်ဆင်းခဲ့ရသနည်း။ ထာဝရဘုရားသည် အတိုင်းမသိအသိဉာဏ်ရှိသူဖြစ်ပါကဤလောကကြီး၌ မကောင်းမှုများ၊ အနိဋ္ဌာရုံများ ပါဝင်ဖြစ်ပေါ်လာမည်ကို ကြိုတင်၍ မသိလေသလော။ ကြိုတင်သိသည်ဆိုလျှင် ဤလောကကြီးကို မဖန်ဆင်းမီကတည်းက မကောင်းမှုများ မပါဝင် မဖြစ်ပေါ်အောင် အဘယ်ကြောင့် ကြိုတင်၍ မစီစဉ်သနည်း။ ထို့ပြင် အကုသိုလ် စိတ်များနှင့် ဒုစရိုက် အပြုအမူများကို ကိုက်ညီဖြစ်ပေါ် နေအောင်လည်း ထာဝရဘုရားကပင် ကြိုတင် စီစဉ်လိုက်လေသလော။ မကောင်းသည်ကို တွေးကြံမိအောင်၊ ထိုသို့တွေးကြံမှုနှင့် မကောင်းသည်ကို ပြောခြင်း၊ မကောင်းသည်ကို ပြုခြင်းတို့ ကိုက်ညီစွာဖြစ်ပေါ်နေအောင်လည်း ထာဝရဘုရားကပင် ကြိုတင်၍ ဖန်တီးလေသလော စသည့်အမေးပြဿနာများကို ဒဿနပညာရှင်များက မေးလာကြသည်။ ထိုအမေးများနှင့်အတူ လိုက်ဗနီးစ်၏ ညီညွတ်မှုကြိုတင်စီစဉ်နိယာမ၊ ထိုနိယာမကို ချမှတ်သော ထာဝရဘုရားအပေါ်၌ သံသယများဖြစ်ခဲ့ရသည်။ ထိုသံသယများနှင့်အတူ အချို့သော ဒဿနပညာရှင်များက လိုက်ဗနီးစ်၏ အယူအဆကို ပစ်ပယ်လိုက်ကြသည်။

စပင်နိုဇာ[၁] သည်လည်း ထာဝရအခြေခံ ဝတ္ထုတည်ရှိသည်ဟုပင် ယုံကြည်၍ ထိုယုံကြည်မှုကို ဆုပ်ကိုင်ထားသူဖြစ်သည်။ ထို့ကြောင့် စိတ်ရုပ် ဆက်သွယ်မှုပြဿနာနှင့် ကြုံသည့်အခါ မပြေလည်ခြင်းများနှင့် ရင်ဆိုင်ခဲ့ရပြန်သည်။ စပင်နိုဇာက လောက၌ ထာဝရ ဘုရားတည်းဟူသော အခြေခံဝတ္ထု တစ်ခုတည်းသာရှိသည်။ လောကရှိ အရာရာတို့သည် ဤတစ်ခုတည်းသော အခြေခံဝတ္ထု၏ ဂုဏ်ရည်များ[၂]နှင့် ယင်းအခြေခံ ဝတ္ထု၏ ဖော်ဆောင်ချက်များ (ဝါ) ဖော်ဆောင် လက္ခဏာများ[၃] သာဖြစ်ကြသည်။ သို့ဖြစ်၍ ထာဝရဘုရားသည် သဘာဝတရား (ဝါ) စကြဝဠာကြီး၏ အခြေခံအကြောင်းတရားပင် ဖြစ်သည်။ ဤနေရာ၌... "ထာဝရ

---

၁ B. Spinoza (1632-1677) ၂ qualities ၃ modes



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဟူသော အခြေခံအကြောင်းတရား” ဟု ဖော်ပြရာတွင် ထာဝရဘုရားက အလျှင်ဦးစွာရှိနေပြီးမှ သဘာဝတရား (ဝါ) စကြဝဠာကြီးက အကျိုးတရားအနေဖြင့် နောက်မှဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု မဆိုလိုချေ။ ဤအချက်ကို ရှင်းပါဦးမည်။

သာမန်အားဖြင့် အကြောင်းတရားနှင့် အကျိုးတရားတို့တွင် အကြောင်းဟူသည်မှာ အလျှင်အဦးစော၍ဖြစ်သော သဘောရှိ၍ အကျိုးဟူသည်မှာ နောက်မှဖြစ်လာသော သဘောရှိသည်ဟု ထင်မြင်တတ်ကြသည်။ သို့ရာတွင် စပင်နိုဇာ၏ ထာဝရဘုရားသည် သဘာဝတရား (ဝါ) စကြဝဠာကြီး၏ အကြောင်းဖြစ်သည်ဟု ဆိုရာ၌ ထာဝရဘုရားက အလျှင်ဦးစွာ ရှိနေနှင့်ပြီးမှ သဘာဝတရား (ဝါ) စကြဝဠာကြီးကနောက်မှ ဖြစ်ပေါ်လာသည်ဟု မဆိုလိုချေ။ အကြောင်းတရား တည်းဟူသော ထာဝရဘုရားနှင့် အကျိုးတရားတည်းဟူသော သဘာဝတရားသည် အတူတူပင်ဖြစ်သည်။ တစ်နည်းအားဖြင့် အခြေခံဝတ္ထုတည်းဟူသော ထာဝရဘုရားနှင့် သဘာဝတရားသည် အတူတူပင်ဖြစ်သည်။ ထာဝရဘုရားသည် သဘာဝတရားကို ဖန်ဆင်းခြင်းမဟုတ်။ မိမိကိုယ်တော်တိုင်သည်ပင် သဘာဝတရားဖြစ်သည်။ သို့ဖြစ်၍ ထာဝရဘုရားကို သဘာဝတရားဟု ခေါ်နိုင်၍ သဘာဝတရားကိုလည်း ထာဝရဘုရားဟု ခေါ်နိုင်ကြောင်း စပင်နိုဇာက ဖော်ပြခဲ့၏။

စပင်နိုဇာက အခြေခံဝတ္ထုဖြစ်သော ထာဝရဘုရား (ဝါ) သဘာဝတရား၏ အနှစ်သာရများကို ဂုဏ်ရည်များဟုခေါ်သည်။ ထိုဂုဏ်ရည်များကိုထောက်၍ ထာဝရဘုရား (သို့မဟုတ်) သဘာဝတရားကို သိနားလည်နိုင်သည်။ ထိုထာဝရဘုရား၌ မရေမတွက်နိုင်သော ဂုဏ်ရည်များရှိသည်။ သို့ရာတွင် လူတို့အနေနှင့် သိနိုင်သော ဂုဏ်ရည်နှစ်ခုသာရှိသည်။ ယင်းတို့မှာ စိတ် (သို့မဟုတ်) အတ္တနှင့် ရုပ်တို့ဖြစ်သည်။ ထိုစိတ်နှင့် ရုပ်သည် သဘာဝတရားဟုလည်း ခေါ်အပ်သော ထာဝရဘုရားဟုလည်း ခေါ်အပ်သော တစ်ခုတည်းသော အခြေခံဝတ္ထုပေါ်တွင် တည်မှီနေသော ဂုဏ်ရည်နှစ်ရပ်ဖြစ်သည်။ လောကရှိ အရာရာတိုင်း၌ ထိုစိတ်နှင့် ရုပ်ဂုဏ်ရည်နှစ်ခု ပါဝင်လျက်ရှိသည်။ စပင်နိုဇာသည် စိတ် (ဝါ) အတ္တကို ဂုဏ်ရည်အဖြစ် ယူဆသော်လည်း ထိုအတ္တကို ထာဝရမြဲသော မကျေပျောက်နိုင်သော အရာ



www.burmeseclassic.com

www.burmeseclassic.com



အနေနှင့်ပင် လက်ခံသူဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအတ္တသည် ထာဝရမြဲသော ထာဝရဘုရား၏ ဂုဏ်ရည်ဖြစ်သောကြောင့်ပင်တည်း။

စပင်နိုဇာက စိတ်နှင့်ရုပ်သည် တစ်ခုတည်းသော ထာဝရဘုရား (သို့မဟုတ်) သဘာဝတရားတည်းဟူသော တစ်ခုတည်းသောအခြေခံဝတ္ထု အပေါ်၌ မတူသောအသွင်နှစ်ရပ်အနေဖြင့် ယှဉ်ပြိုင်တည်ရှိနေကြသည်ဟု ဆိုခဲ့သည်။ သို့ဆိုခြင်းကြောင့် စပင်နိုဇာ၏ အယူအဆကို စိတ်ရုပ် ယှဉ်ပြိုင်ဝါဒ[၁]ဟု ခေါ်ကြသည်။ အတ္တနှင့် ရုပ်ခန္ဓာကိုယ်သည် မတူသောအသွင် နှစ်ရပ်အဖြစ် ယှဉ်ပြိုင်တည်ရှိနေခြင်းဖြစ်၍ တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်သွယ်ခြင်းမရှိ၊ စိတ်ဖြစ်စဉ် ရုပ်ဖြစ်စဉ်တို့သည် တစ်ခုဖြစ်လျှင် တစ်ခုက လိုက်ပါ ယှဉ်ပြိုင်ဖြစ်ပေါ်နေကြသော်လည်း တစ်ခုနှင့်တစ်ခုကား အပြန် အလှန်ထိခိုက်ဆက်စပ်မှု၊ အကြောင်း အကျိုးပြုမှုမရှိ၊ စိတ်ဆိုသည်မှာ ဒြပ်မရှိ၊ ထုထည်မရှိ၊ အာကာသ၌ နေရာယူခြင်းမရှိ၊ သို့ရာတွင် စိတ်သည် စဉ်းစားနိုင်သည်။ ရုပ်မှာမူ ဒြပ်ရှိသည်။ ထုထည်ရှိသည်။ အာကာသ၌ နေရာယူသည်။ သို့ရာတွင် စိတ်ကဲ့သို့ စဉ်းစားနိုင်ခြင်းကားမရှိ။ ထိုသို့မတူ သောဂုဏ်ရည်နှစ်ရပ်သည် တစ်ခုတည်းသော အခြေခံဝတ္ထု၏ ဘက်နှစ်ဖက် အဖြစ် တည်ရှိနေကြသည်။ ထိုသို့တည်မှီနေသော ဘက်နှစ်ခုသည် တစ်ခုက တစ်ခုကို ဆက်နွယ်မှုမရှိ၊ ပတ်သက်မှုမရှိဟု စပင်နိုဇာက ယူဆသည်။ ဤ နေရာ၌ စပင်နိုဇာသည် စိတ်နှင့်ရုပ်ကို ဂုဏ်ရည်နှစ်ရပ်အဖြစ် ယူဆနေသော် လည်း ယင်းတို့နှစ်ခုအကြား၌ အပြန်အလှန် ဆက်နွယ်မှုမရှိဟု ဆိုသော ကြောင့် ဒွိတ္တဝါဒကို လက်ခံနေရာရောက်လျက်ပင်ရှိသည်။

ဒေးကား၊ လိုက်ဗနီးစ်၊ စပင်နိုဇာတို့သည် အခြေခံဝတ္ထုနှင့် ပတ်သက်၍ ယူဆပုံချင်း မတူကြသော်လည်း အတ္တကို ထာဝရမြဲသော မကျေပျောက်နိုင်သော အရာအဖြစ် ယူဆရာ၌မူ တူကြသည်။ ရှေ့ တစ်နေရာတွင် ဖော်ပြခဲ့ပြီးဖြစ်သော အတွေ့အကြုံ အဓိကဝါဒီဗြိတိသျှ ဒဿနပညာရှင် လော့ခ်၊ ဘာကလီတို့သည်လည်း အတ္တ၏ တည်မြဲမှုကို လက်ခံကြသူများဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် အတွေ့အကြုံအာရုံအားဖြင့် အမှန်တရားကို ရှာကြသည်။ အတွေ့အကြုံဖြင့် ခံစားတိုက်ဆိုင်ကြည့်သည့် နည်းသည်သာ အမှန်သစ္စာကို သိနိုင်သောနည်းဖြစ်သည်ဟု ယူဆကြသည်။

---

၁ psycho-physical parallelism



www.burmeseclassic.com

www.burmeseclassic.com



လော့ခ်သည် အတ္တဟူသောအရာကို အာရုံ ခံစားကြည့်သည်။ ထိုသို့အာရုံ ခံစားကြည့်သည့်အခါ အတ္တကိုမတွေ့ရဘဲ ဖြစ်နေသည်။ သို့ရာတွင် လော့ခ်က သိခြင်း၊ ခံစားခြင်းတို့ကို ပြုလုပ်နိုင်သော အတ္တ (ဝါ) စိတ်ကို အာရုံ တွေ့အားဖြင့် မပြနိုင်သော်လည်း ယုံကြည်မှု[၁]အားဖြင့် တည်ရှိကြောင်း လက်ခံနိုင်သည်* ဟု ဆိုသည်။

ဘာကလီကမူ ရုပ်အခြေခံဝတ္ထုကို လက်မခံဘဲ ပစ်ပယ်လိုက်သည်။ (အတွေ့အကြုံ အဓိက ဝါဒီဖြစ်ပါလျက်) ဘာကလီက.... စိတ် (ဝါ) နာမ်သဘောသည်သာ အစစ်အမှန်ရှိသော အရာဖြစ်သည်။ လူ၏ အတ္တသည် ထာဝရမြဲသော မကျေပျောက်နိုင်သော အရာဖြစ်သည်ဟု ယူဆလိုက်သည်။

ဗြိတိသျှ တွေးခေါ်ရှင် တစ်ဦးပင်ဖြစ်သော ဒေးဗစ်ဟျူမ်းကမူ အတွေ့အကြုံ အာရုံသက်သက်ဖြင့် စိတ်အခြေခံဝတ္ထု၊ ရုပ်အခြေခံဝတ္ထု တို့ကို စစ်ဆေးကြည့်သူဖြစ်သည်။ ရုပ်သဘောကို သိရန်အတွက် ပြင်ပ လောက၊ ပြင်ပအရာဝတ္ထုတို့ကို ဟျူမ်းက အာရုံ ခံစားကြည့်သည်။ အာရုံသိအဆင့်မှ ရပ်၍ ကြည့်သည်။ ထိုအခါ ပျော့ခြင်း၊ မာခြင်း၊ ကြမ်းခြင်း၊ နူခြင်း အစရှိသည့် ခံစားချက်တို့ကိုသာ တွေ့နေရသည်။ ထိုပျော့ခြင်း၊ မာခြင်း၊ ကြမ်းခြင်း၊ နူခြင်းစသော ခံစားချက်တို့နောက် ကွယ်၌ ရပ်တည်ပေးနေသော ရုပ်အခြေခံဝတ္ထုဆိုသည့်အရာကို မည်သို့မျှ မတွေ့ရဘဲဖြစ်နေသည်။ ထို့နောက်စိတ်အခြေခံဝတ္ထုတည်းဟူသော အတ္တကို လည်း အာရုံဖြင့် ခံစားကြည့်ပြန်သည်။ ထိုအခါ၌လည်း သာယာဖွယ် ခံစားမှု၊ မသာယာဖွယ်ခံစားမှု၊ ချစ်မှု၊ မုန်းမှု၊ ဆန္ဒဖြစ်မှု၊ စိတ်လှုပ်ရှားမှု စသည့် ဖြစ်စဉ်များကိုသာ တွေ့ရ၍ ၎င်းတို့၏နောက်ကွယ်၌ အတ္တတည်း ဟူသော အခြေခံဝတ္ထုကို မတွေ့ရ မခံစားရဘဲ ဖြစ်နေလေသည်။ ထို့ပြင် အာရုံတွေ့အဆင့်မှရပ်၍ ထာဝရဘုရားကို အာရုံခံစားကြည့်သောအခါ၌ လည်း ထာဝရဘုရားကို မြင်တွေ့ခံစား၍ မရနိုင်ဘဲ ဖြစ်လျက်ရှိသည်။ ထိုအခါ အတ္တတည်းဟူသော စိတ်အခြေခံဝတ္ထု၊ ရုပ်အခြေခံဝတ္ထုတို့ကို အမှန်တည်ရှိသော အခြေခံဝတ္ထုများမဟုတ်ဟု ပစ်ပယ်ရတော့မည့်ကဲ့သို့ ဖြစ်လာသည်။ ထာဝရဘုရားကိုလည်း အမှန်တည်ရှိသော ဘုရားအဖြစ်မှ ပစ်ပယ်ရတော့မည့် အခြေသို့ ဆိုက်လာသည်။

---

၁ belief

* Frost, Jr. op. cit., p. 184



www.burmeseclassic.com

www.burmeseclassic.com



"သို့ရာတွင် ဒေးဗစ်ဟျူမ်းကိုယ်တိုင်ကမူ အတ္တကိုလည်း လက်ခံသူဖြစ်သည်။ ရုပ်အခြေခံကိုလည်းလက်ခံသည်။ ထာဝရဘုရားကိုလည်း အမှန်ရှိသည်ဟု လက်ခံသူဖြစ်သည်။ အာရုံတွေ့ကိုသာ အသုံးပြုပါက ( ဝါ ) အာရုံသိအဆင့်မှရပ်၍ ရှုမြင်ပါက အတ္တအစရှိသောအရာတို့ကို မတွေ့နိုင်ဘဲ ပစ်ပယ်ဖို့သာလျှင် ရှိနိုင်ကြောင်း တင်ပြခြင်းဖြစ်သည်ဟု ဆိုသည်။"*

၁၈–ရာစုအတွင်း ဂျာမန်ဒဿနပညာရှင်များသည် စိတ်အခြေခံဝတ္ထုတည်းဟူသော အတ္တ၏တည်မြဲမှု၊ ထာဝရ မကျေပျောက်နိုင်မှုအကြောင်းကို အလေးပေး ဆွေးနွေးကြသော်လည်း ထိုရာစုအဆုံးပိုင်းလောက်၌ ဒဿနပညာရှင်များသည် အတ္တအကြောင်းကို စိတ်ဝင်စားမှုနည်းလာကြသည်။ ဒဿနပညာရှင် ကန့်၁၊ ဟေဂယ်တို့သည် လူ၌ အတ္တရှိသည်ဟူသော အချက်ကို မပစ်ပယ်ကြသော်လည်း ထိုအတ္တနှင့် ပတ်သက်၍ ရေးကြီးခွင်ကျယ်လုပ်ကာ မဆွေးနွေးကြတော့ချေ။ ထိုအချိန်က အင်္ဂလန်တွင် လူနှင့် သဘာဝလောကကို စက်ယန္တရားသဖွယ် ရှုမြင်သောသူများပေါ်လာကြသည်။ ထိုသူတို့က လူသည် ရုပ်ပိုင်းဆိုင်ရာနိယာမများ၊ ဥပဒေသများအရ လှုပ်ရှားနေသော အဖွဲ့အစည်းတစ်ရပ်မျှသာဖြစ်သည်၊ လူသည် ယန္တရားသဖွယ် သူ့စနစ် သူ့နိယာမတို့အရ လှုပ်ရှားနေသော အဖွဲ့အစည်းတစ်ရပ်သာဖြစ်သည်ဟု ယူဆလာကြသည်။ ယန္တရားဝါဒ၂ ကို လက်ခံပါက အတ္တ၏ အခန်းကဏ္ဍသည် မှေးမှိန်သွားဖို့သာရှိသည်။ ယန္တရားရုပ်ဝါဒီများနှင့် မာ့က်စ်ဝါဒကို လက်ခံကြသော ဒိုင်ယာလက်တစ် ရုပ်ဝါဒီများ၃ လက်ထက်တွင် လူ၌ အတ္တတည်ရှိသည်ဟူသော အယူအဆကို လုံးဝငြင်းဆိုပစ်လိုက်ကြသည်။

ဒိုင်ယာလက်တစ်ရုပ်ဝါဒသည် ရုပ်အခြေခံဝတ္ထုနှင့် စိတ်အခြေခံဝတ္ထုအယူအဆနှစ်ရပ်လုံးကို ပစ်ပယ်သောဝါဒဖြစ်သည်။ ဒိုင်ယာလက်တစ် ရုပ်ဝါဒ အလိုအရ ရုပ်ဆိုသည်မှာ ပြောင်းလဲနေသော ဖြစ်စဉ်ဖြစ်သည်။ အကြောင်းအကျိုးတရားတို့အရ (ဝါ) ဒိုင်ယာလက်တစ် သဘောအရ ပြောင်းလဲနေသော ဖြစ်စဉ်ပင် ဖြစ်သည်။ ရုပ်ပိုင်း နိယာမကြောင်းကျိုး ဓမ္မတို့ဖြင့် ဒိုင်ယာလက်တစ်နည်းကျ ပြောင်းလဲနေသော

* Philosophy Encyclopedia, Vol . 4 . p . 236
၁ Immanuel Kant ( 1724 - 1804 )
၂ mechanism
၃ dialectical meterialists



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဖြစ်စဉ်၏ နောက်ကွယ်၌ ရပ်တည်ပေးနေသော၊ အကြောင်းပြုပေးနေသော ဓာတုဝရ အခြေခံဝတ္ထုဟူသည်မရှိဟု ယူဆကြသည်။ စိတ်ဆိုသည်မှာလည်း ပြင်ပတွင် ဓမ္မဓိဋ္ဌာန်ကျကျ ရှိနေသော ရုပ်တရား၊ အာရုံများနှင့်လူသတ္တဝါ၏ အာရုံကြောအဖွဲ့အစည်း၊ နာဗ်ကြောအဖွဲ့အစည်း၊ ဦးနှောက်အဖွဲ့အစည်းတို့ ထိတွေ့ဆက်ဆံမိရာမှ ဖြစ်ပေါ်လာသော သိမှုအစဉ်သာဖြစ်သည်။ ယင်းသိမှုဖြစ်စဉ် နောက်ကွယ်၌ ရပ်တည်၍ အခြေခံပေးနေသော အတ္တ (ဝါ) စိတ်အခြေခံဝတ္ထုသည် မရှိဟု ယူဆကြသည်။

ဒိုင်ယာလက်တစ် ရုပ်ဝါဒအရ သက်ရှိရုပ်အဖွဲ့အစည်းသည် သက်မဲ့ရုပ်အဖွဲ့အစည်းမှ အီဗော်လျူးရှင်း သဘောအရ ဖြစ်ပေါ်လာသည်။ စိတ်ဆိုသည်မှာလည်း အီဗော်လျူးရှင်းသဘောအရ "ရုပ်၏ ထုတ်လုပ်မှုတစ်ရပ်ပင်ဖြစ်သည်" အဆင့်မြင့်ဖွဲ့စည်းမိသောရုပ်တို့၏ ထုတ်လုပ်မှုတစ်ရပ်ပင်ဖြစ်သည်။ *

အီဗော်လျူးရှင်း ဖြစ်စဉ်အားဖြင့် အဆင့်မြင့်ဖွဲ့စည်းလာသောသက်ရှိ ရုပ်အဖွဲ့အစည်း၌ သိမ်မွေ့သော နာဗ်ကြော အဖွဲ့အစည်းဖြစ်ပေါ်လာသည်။ ထိုမှ ဗဟိုနာဗ်ကြောစနစ် ဖွဲ့စည်းမိပြန် ပြီးနောက် ဦးနှောက်ကဲ့သို့သော သိမ်မွေ့သည့် ရုပ်အဖွဲ့အစည်း ဖွဲ့စည်းမိလျှင် သိတတ်သော သဘောဖြစ်ပေါ်လာသည်။ လူမှာကဲ့သို့ အဆင့်မြင့် ရုပ်အဖွဲ့အစည်းဖြစ်သည့် ဦးနှောက်ရုပ်မျိုး ဖွဲ့စည်း ဖြစ်ပေါ်လာပါက တွေးခေါ်မှု (ဝါ) ကြံသိမှု၊ ပညတ်များကို ဖွဲ့စည်းနိုင်မှု အစရှိသည့်စိတ်ဖြစ်စဉ်သည် ဖြစ်ပေါ်လာနိုင်သည်။ ဤနေရာ၌ စိတ်သည် (ဝါ) စိတ်ဖြစ်စဉ်သည် ဦးနှောက်ရုပ်မှ တသီးတသန့် တည်နေနိုင်သော အဖြစ်သို့ ပေါ်ထွက်ရောက်ရှိလာသည်ဟု ကားမဆိုလိုချေ။ ဦးနှောက်ရုပ်မှ သီးခြားကင်းကွာလာသောအရာဖြစ်သည်ဟုလည်း မဆိုလိုချေ။ ရုပ်ကြမ်းဝါဒီများကဲ့သို့ ဦးနှောက်ရုပ်သည်ပင် စိတ်ဖြစ်သည်။ သိတတ်သောရုပ်သည်ပင် စိတ်ဖြစ်သည်" ဟုလည်း မဆိုလိုချေ။ အဆင့်မြင့် ရုပ်အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းဖြစ်ပေါ်လာသော လူ၏ဦးနှောက်သည် စိတ်အစဉ် ဖြစ်ပေါ်စေဖို့အတွက် ပေးလာသော အခြေအနေမျှသာ ဖြစ်သည်ဟု ဆိုလိုသည်။ သို့ဖြစ်၍ ....

"တွေးခေါ်မှု၊ စဉ်းစားမှု စသည့် စိတ်ပိုင်း အလုပ်များသည်

---

* Maurice Conforth, "Dialectical Materialism" Vol. 3, P. 145



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်၏ အလုပ်လုပ်မှုများသာဖြစ်သည်။"* "ဦးနှောက်သည် တွေးခေါ်ကြံသိမှု၏ အင်္ဂါဖြစ်သည်" ** စသည်ဖြင့် ဒိုင်ယာလက်တစ် ရုပ်ဝါဒီတို့၏ ဖော်ပြချက်သည် ရုပ်ကိုစိတ်နှင့်ထပ်တူပြု၍ ဖော်ပြခြင်းမဟုတ်ဘဲ တွေးခေါ်မှုစသည့် စိတ်အစဉ်တို့ကို ဖြစ်ပေါ်စေသော ရုပ်အခြေအနေများအဖြစ် ဖော်ပြခြင်းမျှသာ ဖြစ်လေသည်။ ***သို့ဖြစ်၍ တွေးခေါ်ကြံသိမှုကို ရုပ်နှင့်ထပ်တူပြု၍ မယူဆသင့်ကြောင်းကို လီနင်က "တွေးခေါ်ကြံသိမှုကို ရုပ်ဖြစ်သည်ဟု ယူဆခြင်းသည် ရုပ်ဝါဒနှင့် နာမ်ဝါဒကို ရောထွေး သွားစေနိုင်သည်" ဟု သတိပေးထားသည်ကို တွေ့ရ၏။****

ဒိုင်ယာလက်တစ် ရုပ်ဝါဒအလိုအရ လောကဋ္ဌ အမှန် အရှိတရား၁ မှာ ရုပ်တစ်ခုတည်းသာရှိသည်။ "ရုပ်သည် စိတ်၏ထုတ်လုပ်မှုမဟုတ်၊ (စိတ်ကြောင့် ဖြစ်လာခြင်းမဟုတ်) စိတ်သည် သဘာဝတရားတည်းဟူသော ရုပ်၏ထုတ်လုပ်မှုဖြစ်သည်"***** "ရုပ်သည် ပဓာန ဖြစ်သည်။ ရုပ်သည် အာရုံခံစားမှုများ၊ စိတ်ကူးများ၊ သိမှုများ၏ အခြေခံဖြစ်သည်။ စိတ်သည် "သာမညသဘော"ဖြစ်သည်၊ စိတ်သည် ရုပ်၏ ရောင်ပြန်ဟပ်မှု သဘောသာဖြစ်သည်"****** ဒိုင်ယာလက်တစ် ရုပ်ဝါဒသည် ဒိုင်ယာလက်တစ် သဘောအရ ပြောင်းလဲလျက်ရှိသော ရုပ်ကိုသာ အဂ္ဂတရားအဖြစ် လက်ခံသောကြောင့် လူ့ဌမကျေပျောက်နိုင်သော၊ ခိုင်မြဲသော၊ အတ္တဇီဝအတွက် နေရာအလျှင်းမရှိချေ။ ထို့ကြောင့် သတ္တဝါသေသောအခါ ဘဝသစ်တစ်ဖန်ဖြစ်ပေါ်သည်ဟူသော အယူအဆ၊ ဘဝသစ်သို့ အတ္တကကူးပြောင်းသွားသည်ဟူသော အယူအဆများကို လုံးဝပယ်သော ဝါဒဖြစ်လေသည်။

၁၉-ရာစု နောက်ပိုင်းနှင့် နှစ်ဆယ်ရာစု အနောက်တိုင်း တွေးခေါ်ရှင်များသည် စိတ်အခြေခံဝတ္ထုတည်းဟူသော အတ္တ(ဝါ) ဝိညာဉ်၏ တည်ရှိမှုကို အများအားဖြင့် လက်မခံကြချေ။ ပြင်သစ် ဒဿနပညာရှင် ကွန့်၂

---

* Ibid, p.20 ** Ibid., p.15

*** O. Yakhot, "What is Dialectical Materialism" p. 67 - 68

****"Fundamentals of Maxism - Leninism," P. 39

၁ reality

***** M. Conforth. op, cit., p 34

****** Ibid., p. 38

၂ Auguste Comte ( 1798 - 1857 )



www.burmeseclassic.com

www.burmeseclassic.com



က....အတ္တရှိသည်ကို ယုံကြည်ခြင်းနှင့် "အတ္တကို မကျေပျောက်နိုင်သော ထာဝရတည်မြဲသော အရာဖြစ်သည်ဟု လက်ခံယုံကြည်ခြင်းသည် လူ့သမိုင်း မတိုးတက်မီကာလက ယုံကြည်မှုမျိုးသာ ဖြစ်ကြောင်း ....သို့ဖြစ်၍ ဤအယူ အဆ ဤယုံကြည်ချက်ကို လက်မခံသင့်ကြောင်း"* ဖော်ပြခဲ့၏။

အမေရိကန်မှ စိတ်ပညာရှင်နှင့် ဒဿနပညာရှင်ဖြစ်သူ ဝီလျံဂျိမ်း[၁] သည်လည်း အတ္တ၏ တည်ရှိမှုကို လက်မခံသူ ဖြစ်သည်။ ဂျိမ်းသည် ပြောင်းလဲခြင်း[၂]ကို အမှန်တရားအဖြစ် မြင်သူဖြစ်သောကြောင့် စိတ်ရုပ် တို့ကို ပြောင်းလဲနေသော ဖြစ်စဉ်များအဖြစ်သာ မြင်သည်။ ထိုသို့ပြောင်း လဲနေသော "စိတ်ပိုင်းဖြစ်စဉ်တို့၏ နောက်၌ ထာဝရအခြေခံအဖြစ်တည်ရှိ နေသော စိတ်အခြေခံဝတ္ထု (ဝါ) အတ္တတည်ရှိသည်ဟူသော အယူအဆ ကို လက်မခံသူ ဖြစ်သည်။"** ပြင်သစ်ဒဿနပညာရှင် ဘာ့ဂ်ဆွန်[၃] သည်လည်း ပြောင်းလဲခြင်းကို အမှန်တရားအဖြစ် ယူဆသူဖြစ်သည်။ "လောက၌ ပြောင်းလဲနေခြင်းသာ ရှိသည်။"*** ပြောင်းလဲနေ သော အစဉ်ကြီးအတွင်း၌ ရုပ်အခြေခံဝတ္ထုမရှိသကဲ့သို့ အတ္တကဲ့သို့သော မပြောင်းလဲသော ခိုင်ခံ့တည်မြဲနေသော စိတ်အခြေခံ ဝတ္ထုလည်းမရှိ၊ "အကောင်းအဆိုး၊ ဝမ်းနည်း ဝမ်းသာ ခံစားမှုများ၊ လိုလားတောင့်တ ခြင်းများ စသည့် စိတ်ပိုင်း ဖြစ်စဉ်တို့ ဖြစ်ပေါ်အောင် ဖန်တီးပေး သော အတ္တရှိသည်ဟု အများက ထင်မှတ်တတ်ကြ၏။ ဥပမာအားဖြင့် လည်ဆွဲပုတီးကုံး၌ ဆိုခဲ့သည့်ခံစားမှုများ၊ လိုလားမှုများ စသည့် စိတ် ဖြစ်စဉ်တို့သည် ပုတီးစေ့များနှင့် တူသည်ဆိုပါက ပုတီးကြိုးသည် ထို ပုတီးစေ့များ အစီအစဉ်ဖြစ်ပေါ်တည်နေအောင် ဖန်တီးပေးနေသကဲ့သို့ စိတ်အစဉ်တို့ အစဉ်အဆက် ဖြစ်ပေါ်အောင်လည်း အတ္တက ဖန်တီး ပေးနေသည်ဟု ထင်မှတ်တတ်ကြ၏။ စင်စစ်....ပုတီးကြိုးနှင့် တူသော အတ္တသည် မရှိ...."****

ဒဿနပညာရှင်များကဲ့သို့ပင် စိတ်ပညာရှင် အများအပြားသည် လည်း အတ္တ၏ တည်ရှိမှုကို ပစ်ပယ်ကြသည်။ ၂၀ – ရာစု ပထမကာလ

---

* Frost, Jr., op. cit., 191

၁ William James ( 1842 - 1910 ) ၂ change

** D.M. Datta, op. cit., P. 183

၃ Henary Bergson ( 1859 - 1941 )

*** C.E.M.Joad, "Guide to Modern Philosophy" p. 180

**** Ibid., P. 176



www.burmeseclassic.com

www.burmeseclassic.com



စိတ် ပညာရှင်များအနက်မှ ပါမောက္ခဝပ်ဆင်[၁] သည် အတ္တဝိညာဉ်ကို ပစ်ပယ်ရုံမျှမက....ရုပ်နှင့်မတူသော သိမှုသဘောရှိသည်ဟူသော အယူအဆကိုပါ ငြင်းပယ်သူဖြစ်သည်။ "စိတ်" ဟူသမျှကို လုံးဝ အသိအမှတ်မပြုသူ ဖြစ်သည်။ ဝပ်ဆင်အလိုအရ တွေးခေါ်ကြံသိမှု၊ မှတ်သားမှု၊ ခံစားမှုစသော စိတ်ဖြစ်စဉ်အလုံးစုံသည် ဦးနှောက်ဗဟိုအဖွဲ့အစည်း (ဦးနှောက်ဗဟို နာဗ်ကြော အဖွဲ့အစည်း) နှင့် အခြားအခြားသော သက်ဆိုင်ရာ ကိုယ်အင်္ဂါ အစိတ်အပိုင်းများ၌ လှုပ်ရှားဖြစ်ပေါ်သော ရုပ်ဖြစ်စဉ်များသာဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့်ပင် ဝပ်ဆင်၏ အယူဝါဒကို အပြုအမူဝါဒ[၂] ဟု ခေါ်ကြသည်။ ဝပ်ဆင်အလိုအရ တွေးခေါ်ခြင်း ကြံသိခြင်းသည် စင်စစ် ရုပ်ခန္ဓာကိုယ်ရှိ သက်ဆိုင်ရာ ရုပ်များ၏ ပြုမှု လှုပ်ရှားခြင်းများသာ ဖြစ်သည်။ သို့ဖြစ်၍ ကိုယ်အပြုအမူ၊ နှုတ်အပြုအမူသည် စိတ်ပင်ဖြစ်သည်။ အသံမထွက်သော ရုပ်တို့၏လှုပ်ရှားခြင်းသည် တွေးခေါ်ကြံစည်ခြင်းပင်ဖြစ်သည်ဟု ဆိုလေသည်။

စိတ်အခြေခံဝတ္ထု (ဝါ) အတ္တနှင့် စပ်လျဉ်း၍ ဖြေရှင်းကြသော ဒဿနပညာရှင်များ၊ စိတ်ပညာရှင်များအနက် အချို့ကလည်း မသိဝါဒ[၃] သံသယဝါဒ[၄] ဘက်သို့ ရောက်သွားရာမှ စိတ်ဝါဒ (ဝါ) နာမ်ဝါဒ[၅]၏ နောက်လိုက်များ ဖြစ်သွားတတ်ကြသည်။ အချို့ကလည်း ရုပ်ပိုင်းကျကျ ဖြေရှင်းရင်းမှ ရုပ်ဝါဒဘက်သို့ရောက်၍ ရုပ်ဝါဒ၏ နောက်လိုက်များဖြစ်သွားတတ်ကြသည်။ သိပ္ပံပညာ၏ နောက်လိုက်များလည်း ဖြစ်သွားတတ်ကြသည်။ ၂၀ ရာစု ဒဿနပညာရှင်များအနက်မှ ဒဿနပညာရှင် ဘာထရန် ရပ်ဆယ်လ်ကမူ စိတ်အခြေခံဝတ္ထု၊ ရုပ်အခြေခံဝတ္ထုတို့ ရှိမရှိ ပြဿနာကို ဖြေရှင်းရာ၌ ရုပ်ဝါဒ ဘက်သို့လည်းကောင်း၊ နာမ်ဝါဒ ဘက်သို့လည်းကောင်း မယိမ်းယိုင်သူဖြစ်သည်ဟု ဖော်ပြကြသည်။ ရပ်ဆယ်လ်၏ အယူအဆကို ဤနေရာ၌ လိုရင်းမျှ ဖော်ပြပါဦးမည်။

ဒဿနပြဿနာများကျမ်း[၆]၌ သူ၏အတွေးအခေါ် ပထမအဆင့် အနေဖြင့် အာရုံသိနှင့် ပတ်သက်သော သဘောတရားများကို ရပ်ဆယ်လ်က တင်ပြထားသည်။

---

၁ J.B. Watson

၂ behaviourism

၃ agnoticism

၄ skepticism

၅ idalism

၆ The Problems of Philosophy (1912- ခုနှစ်တွင်ပုံနှိပ်သည်)



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆယ်လ်က "အာရုံသိ ဖြစ်ပေါ်လာရန် အတွက် စိတ်ရှိရမည်။ ရုပ်ဝတ္ထုလည်းရှိရမည်ဟု ယူဆသည်။ ဤနေရာ၌ စားပွဲတစ်လုံးကိုသိသော အသိဖြစ်ပုံကို ဥပမာယူကြည့်ပါက....စားပွဲကို သိသည်ဆိုရာ၌ ရုပ်ဝတ္ထုကို ကျွန်ုပ်တို့ တိုက်ရိုက်သိသည်မဟုတ်၊ ကျွန်ုပ်တို့ တိုက်ရိုက်သိရခြင်းမှာ အာရုံများ[၁]ကိုသာ သိရခြင်းဖြစ်သည်။ စားပွဲကို ကိုင်ကြည့်သည့်အခါ မာခြင်း၊ ပျော့ခြင်း၊ ချောမွတ်ခြင်း၊ ကြမ်းတမ်းခြင်းဟူသော အာရုံ (ဖောဋ္ဌဗ္ဗာရုံ) တို့ကို တွေ့ရသည်။ ထိုအမာ၊ အပျော့၊ အနုအကြမ်းရုပ်တို့က စိတ်ထဲသို့တိုးဝင်ရောက်ရှိသွား၍ တွေ့သိရခြင်းမဟုတ်၊ အာရုံများ အဖြစ်ဖြင့်သာ တွေ့သိရခြင်း ဖြစ်သည်။

တစ်ဖန်....စားပွဲကို တီးခေါက်ကြည့်သည့်အခါ နား၌ အသံ အာရုံ (သဒ္ဒါရုံ)ကို ကြားရသည်။ ဤနေရာ၌လည်း ....အသံတို့က စိတ်ထဲသို့ တိုးဝင်ရောက်ရှိသွား၍ ကြားသိရခြင်းမဟုတ်၊ အာရုံအဖြစ်ဖြင့်သာ ကြားသိရခြင်းဖြစ်သည်။ ထို့နောက် စားပွဲကို မျက်စိဖြင့်ပြန်ကြည့်ပါက စားပွဲ၏ အညိုအဖြူ စသည့် အရောင်များ ၊ အဝိုင်း လေးထောင့် စသည့် ပုံသဏ္ဌာန်များကို မျက်စိ စက္ခုဒွါရ၌ အမြင်အာရုံ (ရူပါရုံ) အဖြစ် မြင်သိရသည်။ ဤတွင်လည်း အရောင်များနှင့်တကွ အဝိုင်း (သို့မဟုတ်) လေးထောင့်စားပွဲကိုယ်တိုင်က စိတ်အတွင်းသို့ တိုးဝင်ရောက်ရှိသွား၍ မြင်သိရခြင်းမဟုတ်။ အာရုံအဖြစ်ဖြင့်သာ မြင်သိရခြင်းဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ထိသိ၊ ကြားသိ၊ မြင်သိနေရခြင်းသည် အာရုံများကိုသာ တိုက်ရိုက်သိနေရခြင်း ဖြစ်သည်။ ရုပ်အကောင်အထည်ကို တိုက်ရိုက်သိနေရခြင်းမဟုတ်....ဟူသော အယူအဆသို့ ရပ်ဆယ်လ်ရောက်လာခဲ့သည်။ အာရုံများကိုသာ တိုက်ရိုက်သိမြင်ခံစားနေရ၍ ရုပ်ကိုကား တိုက်ရိုက်မသိနိုင်၊ မခံစားနိုင်သောကြောင့် ရပ်ဆယ်လ်သည် သူ၏ အတွေးအခေါ် ဒုတိယအဆင့်၌ ရုပ်ကို အရှိတရားအဖြစ် လက်မခံဘဲ ပစ်ပယ်လိုက်သည်။

ရပ်ဆယ်လ်၏ အတွေးအခေါ် ဒုတိယအဆင့်ကို "ပြင်ပလောကနှင့် စပ်လျဉ်းသော ကျွန်ုပ်တို့၏ အသိတရားများ ကျမ်း"[၂]၌ တွေ့ရမည်ဖြစ်သည်။

---

၁ sense data

၂ Our knowledge of the Esternal World ( 1914 ခုနှစ်တွင် ပုံနှိပ်သည် )



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆယ်လ်သည် သူ၏အတွေးအခေါ် ဒုတိယအဆင့်၌ အာရုံများကိုသာ အမှန်ရှိသောတရားများအဖြစ် လက်ခံ၍ ရုပ်ကိုမူ အရှိတရားအဖြစ်မှ ပစ်ပယ်လိုက်သည်။ (ဝါ) အာရုံများကို ဖြစ်ပေါ်အောင် အခြေခံပြုပေးနေသော ရုပ်အခြေခံ ဝတ္ထုဟူသည်မရှိ၊ အာရုံများမှ သီးခြားလွတ်ကင်းစွာ တည်နေသော ရုပ်အခြေခံဝတ္ထုသည်မရှိ၊ စင်စစ် ရုပ်ဝတ္ထုဆိုသည်မှာ အာရုံများကိုပင် ယုတ္တိသဘောအားဖြင့် ဆက်စပ်တည်ဆောက်လိုက်သော ယုတ္တိဖွဲ့စည်းမှု "[၁] သာ ဖြစ်သည်....ဟု ရပ်ဆယ်လ်က ယူဆကာ ရုပ်အခြေခံဝတ္ထု ပစ်ပယ်လိုက်သည်။ ထိုသို့ ရုပ်အခြေခံ ဝတ္ထုကို ပစ်ပယ်လိုက်ပြီးနောက် ရပ်ဆယ်လ်က သူ၏အတွေးအခေါ် ဒုတိယအဆင့်၌ အမှန်အရှိတရားနှစ်ခုကိုသာ လက်ခံထားလိုက်သည်။ ယင်းတို့မှာ စိတ်နှင့် အာရုံများဖြစ်သည်။ သို့ရာတွင် ရပ်ဆယ်လ်သည် သူ၏အတွေးအခေါ် တတိယဆင့်သို့ ရောက်သောအခါ စိတ်ကိုလည်း အခြေခံ ဝတ္ထုအဖြစ် လက်မခံတော့ဘဲ ပယ်ထုတ်ပစ်လိုက်သည်။

ရပ်ဆယ်လ်၏ အတွေးအခေါ် တတိယအဆင့်ကို ၁၉၂၁ ခုနှစ်ထုတ် သူ၏ "စိတ်ကိုခွဲခြမ်းစိတ်ဖြာကျမ်း"[၂] ၌ တွေ့နိုင်သည်။ ဤတတိယဆင့်၌ ရပ်ဆယ်လ်က "အာရုံများကို သိနေ ခံစားနေသော စိတ်အခြေခံဝတ္ထု (ဝါ) အတ္တဆိုသည်မှာလည်း အမှန်အရှိတရားမဟုတ်၊ စိတ်ဟူသည်မှာ အာရုံခံစားနေသော ဖြစ်စဉ်သာဖြစ်သည်။ ထိုဖြစ်စဉ်နောက်ကွယ်မှ နေ၍ သိပေးနေသော ခံစားပေးနေသော စိတ်အခြေခံဝတ္ထု (ဝါ) အတ္တဟူသည် မရှိ၊ အတ္တဆိုသည်မှာလည်း ခံစားမှုတို့ကို ယုတ္တိသဘောဖြင့် ဖွဲ့စည်းထားသော ယုတ္တိဖွဲ့စည်းမှုတစ်ခုသာ ဖြစ်သည်ဟု ယူဆကာ အတ္တကို အရှိတရားအဖြစ်မှ ပစ်ပယ်လိုက်သည်။ ထိုအခါ ရပ်ဆယ်လ် အဖို့ အမှန် အရှိတရားတစ်ခုသာ ကျန်တော့သည်။ ယင်းမှာ အာရုံများပင်ဖြစ်လေသည်။

ရပ်ဆယ်လ်က အာရုံများသည် အကောင် အထည်ရုပ်သဘောလည်း မဟုတ်သော စိတ်သဘောလည်းမဟုတ်သော (ဝါ) အတ္တသဘောလည်း မဟုတ်သော အရှိတရားမျိုးဖြစ်သည်ဟုဆိုသည်။ ရုပ်သဘောလည်းမဟုတ် စိတ်သဘောလည်းမဟုတ်သော အရှိတရားဟု ဆိုသောကြောင့် "အာရုံ

---

၁ logical construction

၂ The Analysis of Mind ( 1921 - ခုနှစ်တွင်ပုံနှိပ်သည် )



www.burmeseclassic.com

www.burmeseclassic.com



များ'' တည်းဟူသော ရပ်ဆယ်လ်၏ အရှိတရားသည် ''မဇ္ဈေကတ္တ အရှိတရား'' မျိုးဖြစ်လျက်ရှိသည်။ ဤသို့ရုပ်လည်းမဟုတ်၊ စိတ်လည်းမဟုတ်သော အရှိတရားမျိုးကို လက်ခံထားသောကြောင့် ရပ်ဆယ်လ်၏ ဝါဒကို မဇ္ဈေကတ္တဝါဒ[၁]ဟု ခေါ်လေသည်။ ရပ်ဆယ်လ်သည် တစ်ခုတည်း တစ်မျိုးတည်းသော အရှိတရားအဖြစ် အာရုံများကိုသာ လက်ခံ၍ စိတ်အခြေခံဝတ္ထုနှင့် ထာဝရဘုရားကိုပါ ပစ်ပယ်သူ ဖြစ်သောကြောင့် ဒေးကားနှင့် တကွအခြားဒဿနပညာရှင်များအတွက် ပြဿနာတက်ခဲ့သော ''စိတ်–ရုပ် ပြဿနာ'' မျိုးကို ရင်ဆိုင်စရာမရှိသူ ဖြစ်လေသည်။

ရုပ်အခြေခံဝတ္ထု၊ စိတ်အခြေခံဝတ္ထုတို့သည် ''မြဲသည် ခိုင်သည်၊ ထာဝရ တည်နေသည်''ဟု ယူဆသော ''အတ္တဝါဒ''ကို ရပ်ဆယ်လ်က ပစ်ပယ်ဆန့်ကျင်နိုင်ခဲ့သည်ကားမှန်သည်။ သို့ရာတွင် အတ္တဝါဒကို အပြီးတိုင် ပစ်ပယ်နိုင်သူတော့ မဟုတ်သေးချေ။ ဤအချက်ကို အနည်းငယ် ရှင်းပါဦးမည်။

အယူဝါဒတစ်ရပ်သည် အကယ်၍ ရုပ်အခြေခံဝတ္ထုကို မြဲသည် ခိုင်သည် ထာဝရ တည်နေသည်၊ တကယ်ဟုတ်သည်၊ တကယ်ရှိသည် ဟူ၍ ထင်မြင်စွဲယူလျှင် ထိုအယူဝါဒ တစ်ရပ်ကို အတ္တဝါဒဟု ခေါ်ရသည်။ ထိုနည်းတူ စိတ်အခြေခံဝတ္ထုကိုလည်း မြဲသည်၊ ခိုင်သည်၊ ထာဝရတည်နေသည် တကယ်ဟုတ်သည်၊ တကယ်ရှိသည်ဟူ၍ ထင်မြင်စွဲယူလျှင် ထိုအယူဝါဒတစ်ရပ်ကို အတ္တဝါဒဟု ခေါ်ရမည်ဖြစ်သည်။ အတ္တဝါဒီသည် ရုပ်အခြေခံဝတ္ထု၊ စိတ်အခြေခံဝတ္ထု ၂ ခုလုံးကို လက်ခံချင်လည်း လက်ခံမည်၊ သို့မဟုတ် တစ်ခုကို လက်ခံချင်လည်း လက်ခံမည်။

စိတ်အခြေခံဝတ္ထုကို လက်ခံသော အတ္တဝါဒီသည် ''လူ၌ တွေးတောခြင်း စဉ်းစားခြင်းတို့ကို ပြုလုပ်ပေးနေသော၊ အကောင်းအဆိုး ဝေဒနာတို့ကို ခံစားပေးနေသော၊ အမှတ်သညာတို့ကို ပြုလုပ်ပေးနေသော၊ စေ့ဆော်မှုအမျိုးမျိုးကို ဖန်တီးပေးနေသော စိတ်အခြေခံဝတ္ထု ( ဝါ ) ဇီဝအတ္တ ( ဝါ ) ဝိညာဉ်သည်ရှိသည်။ ထိုဇီဝအတ္တ ( ဝါ ) ဝိညာဉ်သည် မြဲသည်၊ ခိုင်သည်၊ တကယ်အဟုတ်၊ တကယ်အမှန်ရှိသည်။ ထိုအတ္တ (ဝိညာဉ်) သည် မကြေပျက်နိုင်သော ထာဝရမြဲသော သဘောကို ဆောင်သည်ဟု ယူဆတတ်သည်။ ထိုသို့မယူဆပါကလည်း....''လူ၌အတ္တရှိသည်၊ ထိုအတ္တသည်

---

၁ neutral monism



www.burmeseclassic.com

www.burmeseclassic.com



ပကတိအားဖြင့် လူ၏ရုပ်ခန္ဓာနှင့်လည်းကောင်း၊ စဉ်းစားမှု ခံစားမှုအစရှိသည်တို့နှင့်လည်းကောင်း၊ လုံးဝမဆက်စပ် မပတ်သက်ဘဲ သီးသန့်တည်နေသည်''ဟု ယူဆတတ်သည်။ ယူဆမှုကွဲလွဲနိုင်သော်လည်း အတ္တဇီဝသည် ထာဝရမြဲသည်၊ တကယ်အဟုတ် ဖြစ်သည်ဟူသော ခံယူချက်မှာမူ မပြောင်းလဲချေ။ ရုပ်ဆယ်လ်သည် ဤကဲ့သို့ခံယူသောအတ္တဝါဒကို ဖြိုဖျက်ပစ်ပယ်နိုင်ခဲ့သည်ဟု ဆိုနိုင်ပါ၏။ အဘယ်ကြောင့်ဆိုသော် ရုပ်အခြေခံဝတ္ထုကိုသာမက စိတ်အခြေခံဝတ္ထုကိုပါ ပစ်ပယ်သောကြောင့်ပင်ဖြစ်၏။

သို့ရာတွင် အတ္တဝါဒီ၏ ခံယူချက်သည် ထိုမျှနှင့် မရပ်သေးချေ။ အတ္တဝါဒီသည် မိမိ၏ကြားခြင်း၊ မြင်ခြင်း၊ နံခြင်း၊ စားသိခြင်း၊ ထိသိခြင်း၊ တွေးသိခြင်း တို့ကိုလည်း မြဲသည် ခိုင်သည် တကယ်ဟုတ်သည် တကယ်ဖြစ်သည်ဟု ခံယူချက်ရှိသေး၏။ ကြားခြင်း၌.... အသံရုပ်တို့သည် ဖြစ်ပျက်....ဖြစ်ပျက် အစဉ်ဖြင့် ကြောင်းကျိုးဆက်စပ်ကာ နားရုပ်တို့သို့ ထိ၏။ နားရုပ်မှ ဦးနှောက်ရုပ်သို့လည်း အသံအာရုံတို့သည် ဖြစ်ပျက်၊ဖြစ်ပျက် အစဉ်ဖြင့် ရောက်ကြ၏။ ထိုအသံအာရုံကို နှလုံးသွင်းသော၊ သိသောစိတ်သည်လည်း ဖြစ်ပျက်၊ ဖြစ်ပျက် အစဉ်တို့ဖြင့် ''ကြားသိမှု''ဖြစ်၏။ ဤကြားသိမှုအစဉ်ကို ကြည့်ပါက...ဖြစ်ပျက်မှုတို့၏ အစဉ်သာဖြစ်သည်။ မြဲနေသော တစ်ခုတည်းသဘော၊ တကယ် အဟုတ်အမှန် သဘော မဟုတ်ချေ။ နားသို့ထိလာသော အသံရုပ်တို့သည် နားသို့မထိမီက မူလ အသံရုပ်တို့ မဟုတ်ကြတော့။ အာရုံ အဖြစ် ဦးနှောက်သို့ ရောက်သွားသော အသံ အာရုံတို့သည် နားကို ထိစဉ်က အသံရုပ်တို့ မဟုတ်ကြတော့၊ သို့ရာတွင် အသံရုပ် အသံအာရုံတို့၏ ဖြစ်ပျက်မှု၊ မမြဲမှု၊ မူလအဖြစ်မှ ပြောင်းလဲမှုကို မမြင်နိုင်သည့်အခါ ထိုအသံကို မူလအသံအနေ–အဟုတ်တကယ်မပြောင်းမလဲသည့် အနေ၊ တစ်ခုတည်း တစ်ဆက်တည်းအနေ ထင်မှတ်လျက် သာယာမှု မသာယာမှု၊ ကြိုက်မှု–မကြိုက်မှု၊ ကြည်နူးမှု၊ ဒေါသဖြစ်မှု စသည်တို့ ဖြစ်ရသည်။

အကယ်၍ အတ္တဝါဒီသည် အသံရုပ်–အသံအာရုံရုပ်တို့၏ မမြဲမှုကိုလည်းကောင်း၊ ထိုအသံကိုသိသည့် အသံသိစိတ်–ထိုအသံနှင့် ပတ်သက်၍ဖြစ်ပေါ်သော ခံစားမှုဝေဒနာတို့၏ မမြဲမှုကိုလည်းကောင်း၊ အမှန်တကယ်သိမြင်ပါက သာယာမှု မသာယာမှု အစရှိသည့် လောဘဒေါသတို့ ဖြစ်စရာမရှိချေ။ ယခုမူ...အသံရုပ် အသံအာရုံတို့နှင့်တကွ အသံသိစိတ်၊ ခံစားမှု



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာ စသည်တို့ကို မြဲသည့်အနေ (အတ္တအနေ) တကယ်အဟုတ် အနေ ထင်မှတ်နေမှုကြောင့် တကယ်သာယာဖွယ်အဖြစ်၊ တကယ်မသာယာဖွယ် အဖြစ် ခံစားနေရခြင်းဖြစ်၏။

ထိုနည်းတူ မြင်ခြင်း၊ နံခြင်း၊ စားသိခြင်း၊ ထိသိခြင်းတို့၌လည်း အထက်ပါအတိုင်းပင်ဖြစ်၏။ တွေးသိခြင်း၌လည်း အထက်ပါ အတိုင်းပင် ဖြစ်၏။ မမြဲမှု တကယ်မဟုတ်မှု (ဝါ) အတ္တမဟုတ်မှုကို အမှန်မသိသည့် အခါ သူ- ငါ ယောကျ်ား၊ မိန်းမ၊ ရွှေ၊ ငွေ ဟု တကယ့် အနေထင် သည် ။ ချစ်စရာ၊ မုန်းစရာ၊ စိတ်ပျက်စရာ၊ အားငယ်စရာ၊ ပူပန်စရာ၊ ကြောင့်ကြစရာဟုလည်း တကယ်အနေ ထင်မြင်စွဲလမ်းသည်။ စင်စစ် လူ၏ ရုပ်နာမ်တို့ကို မမြဲကြောင်း၊ တကယ်မဟုတ်ကြောင်း ထိုးထွင်း မသိသော ကျွန်ုပ်တို့ ပုထုဇဉ်အားလုံးသည် အတ္တဝါဒကို လက်ခံသော အတ္တဝါဒီတို့ ချည်းပင် ဖြစ်သည်။ သို့ဖြစ်၍ စိတ်အခြေခံဝတ္ထု ရုပ်အခြေခံဝတ္ထုသည် အမှန်မရှိပါဘဲလျက် အမှန်တကယ်ရှိသည်ဟု ထင်မြင် လက်ခံသူ၊ အသက် ဇီဝ၊ လိပ်ပြာ၊ ငါကောင် လူ၌ရှိသည်ဟု ထင်မှတ်လက်ခံသူကိုသာ အတ္တ ဝါဒကို လက်ခံသူဖြစ်သည်ဟု မဆိုလိုချေ။ ရုပ်နာမ်ခန္ဓာတို့အပေါ်၌ မြဲသည် ခိုင်သည်၊ တကယ်ဟုတ်သည်ဟု ထင်မှတ်စွဲလမ်းမှု တစ်မျိုးမျိုးရှိနေသေးသူ မှန်သမျှကို အတ္တဝါဒကို လက်ခံသူဖြစ်သည်ဟု ဆိုရမည် ဖြစ်လေသည်။

ဘာထရန်ရပ်ဆယ်လ်သည် လူ၏ရုပ်နာမ်တို့ကို မမြဲကြောင်း အတ္တ မဟုတ်ကြောင်းကိုမူ စဉ်းစားတွေးခေါ်ခြင်း အားဖြင့် (စိန္တာမယဉာဏ် အားဖြင့်) သိမြင်ခြင်း ဖြစ်တန်ရာသည်။ သူ၏ အတွေးအခေါ် အဆင့် ဆင့် ပြောင်းလဲပုံကိုထောက်၍ ရပ်ဆယ်လ်၏ သိမြင်မှုသည် လက်တွေ့အား ထုတ်ခြင်းဖြင့် သိမြင်လာသော (ဘာဝနာမယဉာဏ်) အသိအမြင်မျိုးဖြစ် သည်ဟု မဆိုနိုင်ချေ။ အကယ်၍ ရပ်ဆယ်လ်သည် ရုပ်နာမ်ခန္ဓာတို့၌ အစွဲ မကုန်သေးသမျှ၊ လောကဓံတို့ကို ခံနိုင်ရည်မရှိသေးသမျှ အတ္တဝါဒကို အလုံးစုံပစ်ပယ်နိုင်သည်။ အမှန်တကယ် ချေဖျက်နိုင်ခဲ့သည်ဟု မဆိုနိုင်ချေ။ လူသည် အတ္တဝါဒကို မစွန့်ပစ်မချေဖျက်နိုင်သမျှ အစွဲဥပါဒါန်အမျိုးမျိုး၊ သံယောဇဉ် အထွေထွေတို့ မကုန်နိုင်ကြရကား လောကဓံတို့နှင့် ကြုံလာ သည့်အခါ ဆောက်တည်ရာမရ ဖြစ်နေလိမ့်မည်သာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

[၈]

## လူကိုဗဟိုပြု၍ တွေးခေါ်ရှုမြင်ကြသော စောစောပိုင်း အိန္ဒိယဒဿနပညာရှင်များ၏ အယူအဆများ

အိန္ဒိယ ဒဿနပညာရှင်များသည် ဆင်ခြင်ခြင်းတရားဖြင့် လည်းကောင်း၊ အာရုံတွေ့နည်းဖြင့် လည်းကောင်း၊ သမထကျင့်စဉ်၌ အကျုံးဝင်သောနည်းများဖြင့် လည်းကောင်း၊ ရုပ်ခန္ဓာကိုယ်ကို ပင်ပန်းအောင် ညှဉ်းဆဲသော နည်းများဖြင့် လည်းကောင်း၊ လူ့ဘဝဆိုင်ရာ အမှန်တရားကို ရှာဖွေခဲ့ကြ၏။ ထိုသို့ရှာဖွေရာမှ တစ်ဦးနှင့် တစ်ဦး မတူသော၊ တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းပေါင်းစပ်ရန် မဖြစ်နိုင်သော အမှန်တရားမျိုးစုံကို ရရှိနေကြသည်။

ထိုသို့ရရှိနေသော အမှန်တရားတို့သည် သူ့အမြင်နှင့်သူ၊ သူ့ရှုထောင့်နှင့်သူ မှန်နေသော အမှန်တရားများဖြစ်နေကြသည်။ သူ့အမြင် သူ့အယူအဆကို မဖောက်မပြန် မှန်ကန်သော ပရမတ္ထသစ္စာအနေဖြင့် ခိုင်ခိုင်မာမာ အားကိုးရာ ဒဿနအဖြစ် စွဲကိုင်ခြင်း ကိုလည်း ပြုလျက်ရှိသည်။ သို့ရာတွင် မှတ်တမ်းများအရ အထက်ပါ ဒဿနပညာရှင်တို့၏ ဘဝဇာတ်သိမ်းပုံ များသည် ကောင်းလှသည်မဟုတ်ချေ။ လာဘ်မရခြင်း၊ အခြံအရံမရှိခြင်း၊ ကဲ့ရဲ့-ရှုတ်ချလာခြင်း၊ ဆင်းရဲခြင်း စသည်တို့နှင့် ကြုံတွေ့ရသည့်အခါ ဆောက်တည်ရာမရ ဖြစ်ကြ၏။ ဆောက်တည်ရာမရဘဲ ဘဝဇာတ်သိမ်းခဲ့ကြရ၏။ ထိုအခါ... ၎င်းတို့၏ ဒဿနအယူအဆများကို အားကိုးယုံကြည်စရာ မဟုတ်ပါလေ၏လောဟု သံသယပွားရ၏....

(ယူမွအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

## လူကိုချဉ်းကပ်သောနည်းလမ်း၏ ချွတ်ယွင်းခြင်းနှင့် တွေဝေသော အတွေးအခေါ်များ

အရှေ့တိုင်းမှ ဘာသာရေး အတွေးအခေါ် ပညာရှင်အများအပြားသည် "လူ၌ အတ္တဇီဝတည်းဟူသော စိတ်အခြေခံဝတ္ထုသည်ရှိသည်။ ထိုအတ္တသည် မကျေပျောက်သော၊ ထာဝရမြဲသော သဘောရှိသည်။ လူသေသောအခါ ထိုအတ္တသည် အခြားခန္ဓာသစ်သို့ ကူးပြောင်းသည်။ ခန္ဓာအသစ်အသစ်သို့ ကူးပြောင်းကျင်လည်၍ သံသရာလည်ရခြင်းမှ အတ္တသည် လွတ်မြောက်နိုင်သည်။ လွတ်မြောက်မှု ရသွားခြင်းသည် လူသတ္တဝါအတွက် ခိုင်မြဲသော ဆောက်တည်ရာကို ရသွားခြင်းဖြစ်သည်" စသည်ဖြင့် ယုံကြည်ခဲ့ကြ၏။ ယုံကြည်ဆဲလည်းရှိကြ၏။ အတ္တ၏ မကျေပျောက်နိုင်မှု၊ ထာဝရမြဲမှုနှင့်ပတ်သက်၍ အလေးအနက် ယူဆသူများကို အိန္ဒိယဒဿနသမိုင်း၌ အများအပြားတွေ့ရမည် ဖြစ်သည်။

သုတေသီများသည် အိန္ဒိယဒဿနသမိုင်းကို ဝေဒခေတ်[၁] အတွေးအခေါ်၊ မဟာကဗျာခေတ်[၂] အတွေးအခေါ်၊ သုတ္တန်ခေတ်[၃] အတွေးအခေါ်၊ စာပေခေတ်[၄] အတွေးအခေါ်စသည်ဖြင့် ခေတ်များပိုင်းခြား၍ လေ့လာတင်ပြလေ့ရှိ၏။ ဝေဒခေတ်ကို ဘီစီ ၂၅၀၀ နှင့် ၆၀၀ ကြား သတ်မှတ်ကြသည်။ ဝေဒခေတ် နောက်ဆုံးပိုင်းအတွေးအခေါ်မှာ ဥပနိ

---

၁ vedic period
၂ epic period
၃ suttra period
၄ scholaristic period



www.burmeseclassic.com

www.burmeseclassic.com



သျှဒ် အတွေးအခေါ်များဖြစ်သည်။ ထိုဥပနိသျှဒ် အတွေးအခေါ် (ဝါ) ဒဿနအယူအဆများ ထွန်းကားခြင်းသည် ဘီစီ ၇၀၀ ခန့်လောက်တွင် ဖြစ်မည်ဟု အချို့က ခန့်မှန်းကြ၏။*

မဟာကဗျာခေတ် အတွေးအခေါ်ထွန်းကားချိန်ကို ခန့်မှန်းခြေအားဖြင့် ဘီစီ ၆၀၀၊ ၅၀၀ နှင့် အေဒီ ၂၀၀ ကြား သတ်မှတ်ကြသည်။ အချို့သောသုတေသီတို့ အလိုအရ မဟာကဗျာခေတ်သည် အိန္ဒိယ ဒဿနသမိုင်း၌ အကျယ်ပြန့်ဆုံးသော အနက်နဲဆုံးသော အတွေးအခေါ်ဒဿနများ ပေါ်ပေါက်ခဲ့သော ခေတ်ကြီးဖြစ်သည်ဟု ယူဆကြသည်။ မဟာကဗျာခေတ်ဟု သတ်မှတ်ရခြင်းသည် ရာမာယန[၁] နှင့် မဟာဘာရတ[၂] ကဗျာလင်္ကာကြီးများ ပေါ်ထွန်းလာခြင်းအပေါ် အမှီပြု၍ ခေါ်ဝေါ်သတ်မှတ်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ မဟာကဗျာခေတ်၌ ဗုဒ္ဓဝါဒ ပေါ်ပေါက်လာသည်။ ဂျိန်းဝါဒ[၃] သည်လည်း ပေါ်ပေါက်လာသည်။ ထိုဗုဒ္ဓဝါဒ၊ ဂျိန်းဝါဒတို့နှင့်အတူ သံသယဝါဒ[၄]၊ သဘာဝဝါဒ[၅]၊ ရုပ်ဝါဒ[၆] တို့သည်လည်း ပေါ်ပေါက်လာသည်။ ထို့ပြင် ဝေဒခေတ် အတွေးအခေါ် အယူအဆများကို တစ်နည်းမဟုတ် တစ်နည်း လက်ခံ၍ နောင်တွင် ဟိန္ဒူဘာသာဟု စုစည်းခေါ်လာရသော ဒဿနဂိုဏ်းများသည်လည်း ထိုမဟာကဗျာခေတ်တွင် စတင်ပေါ်ပေါက်လာကြပြီဟု ယူဆကြသည်။ သို့ဖြစ်၍ မဟာကဗျာခေတ်သည် ဒဿန အတွေးအခေါ်များ တစ်ခုနှင့်တစ်ခု ယှဉ်ပြိုင်တည်ရှိ၍ တစ်ခုနှင့်တစ်ခု အားပြိုင်လျက်လည်း ရှိနေသော ခေတ်ကြီးပင်ဖြစ်သည်။

သုတ္တန်ခေတ်ကို အချို့က ခရစ်သက္ကရာဇ် (၁) ရာစုနှင့် (၂) ရာစု ဝန်းကျင်တွင် ဖြစ်မည်ဟု ခန့်မှန်းသတ်မှတ်ကြသည်။ အချို့သောသုတေသီတို့ အလိုအရ နောင်အခါတွင် ဟိန္ဒူဘာသာဟု စုစည်းခေါ်လာရသော ဒဿနဂိုဏ်း (၆) ဂိုဏ်းသည် ထိုသုတ္တန်ခေတ်သို့ရောက်မှ စနစ်တကျပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ယူဆကြသည်။ အချို့ကမူ ထိုဂိုဏ်း (၆)

---

* M.F., Muller, "The Six systems of Indian Philosophy" Vol , I ., p.4

၁ Ramayana
၂ Mahabharata
၃ Jainism
၄ skepticism
၅ naturalism
၆ materialism



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းသည် ဗုဒ္ဓဝါဒထက်စော၍ပင် ပေါ်ထွန်းခဲ့သောဂိုဏ်းများဖြစ်သည်ဟု ယူဆကြသည်။

စာပေခေတ်အတွေးအခေါ် (ဝါ) ဒဿန အတွေးအခေါ်ဂိုဏ်းများကို ဝေဖန်သောခေတ်ကို ခန့်မှန်းခြေအားဖြင့် သုတ္တန်ခေတ်မှ (၁၇) ရာစုခေတ်အချိန်အခါအထိ ဖြစ်သည်ဟု ယူဆသတ်မှတ်ကြ၏။ ဤခေတ်သည် သုတ္တန်ကျမ်းများ (ဝါ) ဒဿနဂိုဏ်းအသီးသီးတို့မှ အယူအဆများကို ရှင်းပြရန်အတွက် ဋီကာများရေးသားသောခေတ် ဖြစ်လေသည်။

ဝေဒခေတ်၏ခေတ်ဦးပိုင်းက ဝေဒကျမ်းများ၌ "အတ္တနှင့် ပတ်သက်၍ စနစ်တကျဖော်ပြချက်များကို မတွေ့ရချေ။ သို့ရာတွင် လူ၌ အတ္တရှိသည်ဟူသော ယုံကြည်ချက်များ ရှိနေနှင့်ပြီဟု ခန့်မှန်းရသည်။ သေခါနီး မေ့မြောနေသောအချိန်၌ အတ္တသည် ရုပ်ခန္ဓာမှခွဲခွာသွားနိုင်ကြောင်း၊ သေသောအခါ၌ ထိုအတ္တသည် အခြားဘဝသစ်တစ်ခုသို့ ပြောင်းရွှေ့ တည်နေနိုင်ကြောင်းတို့နှင့် ပတ်သက်သော ယုံကြည်မှုများသည် ဝေဒကျမ်းများ၌ ရှိဟန်တူသည်။.... သို့ရာတွင် ဘဝကူးပြောင်းခြင်းနှင့် ပတ်သက်၍ စနစ်တကျဖော်ပြမှုမျိုးကိုကား မတွေ့ရချေ။"* ဗြာဟ္မဏကျမ်းများ[၁]၌လည်း မကောင်းမှုအလိုက် "အတ္တသည် ဘဝတစ်ဖန်သို့ ကူးပြောင်းကြောင်း ဖော်ပြခြင်းများ ရှိသော်လည်း အတ္တ၏ သဘောသဘာဝအကြောင်းကိုမူ တိတိကျကျ ဖော်ပြထားခြင်းများကို မတွေ့ရချေ။ ဝေဒခေတ်၏ နောက်ပိုင်း၌ ပေါ်လာသော ဥပနိသျှဒ်ကျမ်းများ[၂] (ဝါ) ဥပနိသျှဒ် အတွေးအခေါ်များ၌မူ အတ္တနှင့် ပတ်သက်သော အယူအဆများ၊ အတ္တ၏ လွတ်မြောက်မှုနှင့် ပတ်သက်သော ဒဿနအယူအဆများကို တွေ့လာရသည်။

ဥပနိသျှဒ်ကျမ်းတစ်စောင်[၃]၌ "အစပထမတွင် ပရမတ္တ (ဝါ) ဗြဟ္မာသည်သာရှိသည်။ အခြားမည်သည့်အရာမျှမရှိ။ ထိုပရမတ္တ (ဝါ) ဗြဟ္မာသည် 'လောကတို့အားဖန်ဆင်းရလျှင်ကောင်းမည်' ဟု တွေး၍လောကတို့ကို ဖန်ဆင်းလိုက်၏။ ရေကို လည်းကောင်း၊ အလင်းရောင်ကိုလည်း

* S., Dasgupta, "A History of Indian Philosophy" Vol. I., P.25

၁ Brahmanas ၂ Upanisads

၃ Aitareya



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ သေခြင်းတရားကိုလည်းကောင်း ဖန်ဆင်း၏။ ထို့နောက် 'လောကတို့ကိုကားဖန်ဆင်း၍ပြီးပြီ၊ ယခု....လောကတို့ကို စောင့်ရှောက်သူတို့အား ဖန်ဆင်းဦးမည်'ဟု ကြံစည်ကာ ရေမှနေ၍ လူသတ္တဝါတို့ကို ဖန်ဆင်းလိုက်၏"* ဟု ဖော်ပြထားသည်။

ဥပနိသျှဒ်ကျမ်းများ၌ ဗြဟ္မာတည်းဟူသော ပရမအတ္တနှင့် ပတ်သက်၍လည်းကောင်း၊ ထိုဗြဟ္မာ၏ ဖန်ဆင်းမှုနှင့် ပတ်သက်၍လည်းကောင်း ခြားနားသော အယူအဆများရှိကြသည်။ သို့ရာတွင် ဥပနိသျှဒ်ကျမ်းများတွင် အများအားဖြင့် "ဗြဟ္မာသည်ထာဝရမြဲသော သဘောကိုဆောင်သည်။ ထိုဗြဟ္မာသည် အမှန်တရားဖြစ်သည်" ဟု လက်ခံကြသည်။ လူနှင့်တကွ ဤလောကကြီးသည် ထိုဗြဟ္မာ၏ ဖန်ဆင်းမှုကြောင့် ဖြစ်ပေါ်လာသည်ဟုလည်း လက်ခံကြသည်။

မန္ဒက[၁] ဥပနိသျှဒ်ကျမ်း၌ "ဗြဟ္မာမှနေ၍ အသက်ရှုမှုသည်လည်းကောင်း၊ စိတ်သည် လည်းကောင်း၊ အာရုံခံဒွါရများသည်လည်းကောင်း၊ အီသာမာတ်[၂] သည်လည်းကောင်း၊ မီး၊ ရေ၊ လေ၊ မြေကြီးသည်လည်းကောင်း မွေးဖွားလာ၏။ ယင်းတို့အား အတူတကွရှိနေအောင် ဗြဟ္မာက ဖန်တီးထားသည်။ ကောင်းကင်သည် ဗြဟ္မာ၏ဦးခေါင်းဖြစ်၍ နေ လ သည် ဗြဟ္မာ၏မျက်လုံးများဖြစ်သည်။ အရပ်လေးမျက်နှာသည် ဗြဟ္မာ၏ နားဖြစ်၍ ဝေဒအစရှိသောတရားများသည် ဗြဟ္မာ၏ အသံဖြစ်သည်။ လေသည် ဗြဟ္မာ၏ အသက်ရှုခြင်း ဖြစ်၍ စကြဝဠာသည် ဗြဟ္မာ၏နှစ်လုံးသားဖြစ်သည်။ ဤကမ္ဘာမြေသည် ဗြဟ္မာ၏ ခြေထောက်မှ ဖြစ်ပေါ်လာသည်။ ဗြဟ္မာသည် အလုံးစုံသော အတ္တတို့၏ အခြေခံဖြစ်သည်။ ဗြဟ္မာသည် အလုံးစုံသော အတ္တတို့အနက် အခြေခံအကျဆုံးသော အတ္တဖြစ်သည်။"** ဆက်လက်၍....

---

* S., Radhakhrishnan, and charles, A.Moore ( Edited ) "A Source Book in Indian Philosophy" p.63.

၁ Mundaka ၂ ether

** S ., Prabhavananda, " The Spiritual Heritage of Idia" p.25



www.burmeseclassic.com

www.burmeseclassic.com



"ဗြဟ္မာသည် လောကရှိ အရာရာတို့၏ အတွင်း၌ အစဉ်အမြဲ သက်ဝင် ပျံ့နှံ့တည်နေလျက်ရှိသည်။ ဗြဟ္မာသည် အရာရာတို့၏ ခိုကိုးရာဖြစ်သည်။ ဆောက်တည်ရာဖြစ်သည်။ ဗြဟ္မာသည် အမြင့်ဆုံးသော ပန်းတိုင်ဖြစ်သည်။ ဗြဟ္မာ၏အတွင်း၌ လှုပ်ရှားသော အရာမှန်သမျှ အသက်ရှူသော အရာမှန်သမျှသည် တည်ရှိနေသည်။ လောက၏ တည်ရှိမှု မှန်သမျှသည် ဗြဟ္မာ၏ အတွင်း၌ တည်နေလျက်ရှိသည်။ ....ဗြဟ္မာသည် မည်သည့်အခါမျှ ပျက်စီးနိုင်သူမဟုတ်၊ ဗြဟ္မာသည် အသက်၏ အခြေခံတရားလည်းဖြစ်သည်။ ဗြဟ္မာသည်ပင် စကားပြောဆိုမှု ဖြစ်၍ ဗြဟ္မာသည်ပင် စိတ်သဘောလည်းဖြစ်သည်။ ဗြဟ္မာသည်ပင် အဆုံးစွန်သော အမှန်တရားဖြစ်သည်။ ဗြဟ္မာသည်ပင် မသေမပျောက်ဘဲ ထာဝရ တည်နေသော အရာဖြစ်သည်။ ဗြဟ္မာထံသို့ ရောက်ရှိရေး ( သို့မဟုတ် ) ဗြဟ္မာနှင့် ပြန်လည်ပေါင်းစည်းရေး၊ ဗြဟ္မာအဖြစ်သို့ ရောက်ရှိရေးသည် အဆုံးပန်းတိုင်ပင် ဖြစ်သည်" ဟု ဖော်ပြထား၏။ ဥပနိသျှဒ်ကျမ်းများအလိုအရ ဗြဟ္မာသည်ပင် ဤလောကကြီး ဖြစ်၍ ဤလောကကြီးသည်ပင် ဗြဟ္မာဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ "ဤဗြဟ္မာသည် အကြောင်းအကျိုးတရားမရှိသူဖြစ်သည်။"** (ဤဗြဟ္မာကိုဖြစ်စေသူ ဖန်ဆင်းသူမရှိ၊ ဤဗြဟ္မာကိုဖြစ်စေအောင် ဖန်တီးပေးသော အကြောင်းတရားမရှိ။ ဤဗြဟ္မာသည် အကြောင်းမဲ့သော အကြောင်းတရားသာ ဖြစ်သည်။ ဤဗြဟ္မာကသာ အရာရာကို ဖြစ်စေနိုင်သော အကြောင်းတရားဖြစ်သည်။)

ဗြိဟဒါရညကာ ဥပနိသျှဒ်ကျမ်း၌ ဗြဟ္မာသည် မူလက တစ်ဦးတည်း အထီးတည်းသာ ရှိနေသူဖြစ်သည်။ ထိုဗြဟ္မာသည် မိမိဝန်းကျင်ကို လှမ်းမျှော်ကြည့်ရှုလိုက်သည့်အခါ မိမိမှလွဲ၍ ဘာမျှ မရှိကြောင်း သိမြင်သည်။ "ငါသာရှိနေပါကလား"ဟု ပထမဆုံးသော စကားကို ဗြဟ္မာကဆိုသည်။ ....ဗြဟ္မာသည် မိမိတစ်ကိုယ်တည်း အထီးကျန်ရှိနေခြင်းကို ကြောက်ရွံ့ထိတ်လန့်နေသည်။သို့ရာတွင် "ငါမှတစ်ပါး အခြားသူ၊ အခြားအရာ မရှိပါဘဲလျက် ငါသည်မည်သည့်အရာကိုကြောက်ရွံ့နေရအံ့နည်း"....ဟု ဗြဟ္မာသည် တွေးမိ၏။ ထိုအတွေးကို တွေးမိသောအခါ အကြောက်တရားပြေပျောက်

---

* Ibid ., p. 25

** Radhakrishnan, and Moore, op. cit., p.77

၁ Brhadaranyaka



www.burmeseclassic.com

www.burmeseclassic.com



သွားပြန်သည်။ သို့ရာတွင် "ဘာအတွက်ကြောင့် ငါသည် ကြောက်ရွံ့ခဲ့ခြင်း ဖြစ်သနည်း"ဟု တွေးမိပြန်သည်။ ကြောက်ရွံ့ခဲ့ခြင်းမှာ တစ်ကိုယ်တည်းရှိမှုကြောင့် ကြောက်ရွံ့ခြင်း ဖြစ်ရသည်။ တစ်ကိုယ်ထီးတည်း ရှိနေမှုကြောင့် မပျော်မွေ့ခြင်း ဖြစ်ရသည်ဟု သိရသည်။ ယင်းသို့ တစ်ကိုယ်ထီးတည်း ရှိနေမှုကို မပျော်မွေ့နိုင်သောကြောင့် ဗြဟ္မာသည် မိမိကိုယ် မိမိ ယောကျ်ားနှင့် မိန်းမအဖြစ် ဖန်ဆင်းလိုက်သည်။ ထိုယောကျ်ားနှင့် မိန်းမတို့ ပေါင်းယှဉ်ကြရာမှ လူသတ္တဝါများ ဖြစ်ပေါ်လာကြသည်"* ဟု ဖော်ပြထားသည်။ တေတိရိယ[၁] ဥပနိသျှဒ်ကျမ်း၌လည်း "ဗြဟ္မာ (ဝါ) ပရမအတ္တမှ အာကာသသည် ဖြစ်ပေါ်လာ၏။ အာကာသမှ လေသည် ဖြစ်ပေါ်လာ၏။ လေမှမီး၊ မီးမှရေ၊ ရေမှမြေကြီး၊ မြေကြီးမှ အပင်များ၊ အပင်ကမှ အစာ၊ အစာမှသုက်သွေး၊ သုက်သွေးမှ လူဖြစ်လာ၏"** ဟု ဖော်ပြထား၏။ တခြား ဥပနိသျှဒ် ကျမ်းများ၌လည်း လူသတ္တဝါတို့၏ ဖြစ်ပေါ်လာပုံကို စကားပရိယာယ် အမျိုးမျိုးဖြင့် ဖော်ပြထားခြင်းများ ရှိလေသည်။

အကယ်၍ ဗြဟ္မာသည် ပုဂ္ဂိုလ်သဘောမျိုး ဆောင်ပါက အနောက်တိုင်း အတွေးအခေါ်မှာကဲ့သို့ လူဖြစ်လာရခြင်းကို မကျေနပ်နိုင်သည့်အတွက် "ငါ့အား မတိုင်ပင်ဘဲနှင့် ဤလောက လူ့ဘဝသို့ လူအဖြစ်ရောက်လာအောင် အဘယ်ကြောင့် ဖန်ဆင်းရသနည်း။ ငါ့အား ဤလောက၌ မပြေလည်ခြင်းတို့ဖြင့် ဒုက္ခရောက်အောင် အဘယ့်ကြောင့် ဖန်ဆင်းရသနည်း။ ဤဘဝမျိုးသို့ ရောက်လိုဆန္ဒ မရှိပါဘဲလျက် ငါ့ကို အဘယ့်ကြောင့် အတင်းအကြပ် ပို့ဆောင် ဖန်ဆင်းလိုက်ရသနည်း ...." စသည့်မေးခွန်းများ ပေါ်လာနိုင်သည်။

သို့ရာတွင် အချို့သော ဥပနိသျှဒ်ကျမ်းများ၌ ဗြဟ္မာကို သဘာဝတရားဟု စံခုအနေဖြင့် ဖော်ပြ၍ ပုဂ္ဂိုလ်သဘောကို ပယ်ဖျက်ထားခြင်းများ ရှိ၏။ ဗြဟ္မာကို ဝိညာဉ် သက်သက်သဘောအဖြစ်၊ ပုံသဏ္ဌာန်မဲ့သောအရာအဖြစ်[၂] ယူဆထားခြင်းများလည်းရှိ၏။ နောင်တွင် ဥပနိသျှဒ်ကျမ်းများ

---

* Radhakrishnan and Moore, op. cit., p.25
** Ibid., p.77
၁ Taittiriya
၂ pure being



www.burmeseclassic.com

www.burmeseclassic.com



ကို အနက်ဖွင့်ဆိုကြသော သူများလက်ထက်၌ "ဗြဟ္မာသည် ဝေါဟာရ ပညတ်တို့ဖြင့် ဖွင့်ဆို၍မရသော သဘာဝတရား" အဖြစ်သို့ ရောက်သွားခဲ့သည်။

တပည့်တစ်ဦးက မိမိဆရာအား ဗြဟ္မာ၏သဘောသဘာဝကို နားလည်စေရန် သင်ကြားပေးပါဟု ပန်ကြားရာ ဆရာဖြစ်သူက ဘာမှ ပြန်မပြောဘဲ ဆိတ်ဆိတ်နေသောဟူ၏။ ထိုအခါ တပည့်က ဗြဟ္မာ၏ သဘောသဘာဝကို နားလည်ရန် သင်ပြပါဟု ထပ်မံပန်ကြားပြန်သည်။ ဆရာက ဆိတ်ဆိတ်ပင် နေပြန်သည်။ တပည့်က ထပ်မံပန်ကြားပြန်သည်။ ဤတွင် ဆရာက "ဗြဟ္မာအကြောင်းကို သင့်အား ငါသင်ကြားပါမည်။ သို့ရာတွင် သင်က ဉာဏ်မမီပါ။ ဗြဟ္မာ၏အမည်မှာ 'ဆိတ်ငြိမ်ခြင်းဖြစ်၏' ဟု ပြန်ပြောလေသည်။"* ဆိုလိုသည်မှာ ဗြဟ္မာအား ....'ထိုသို့ဖြစ်သည်။ ဤသို့ဖြစ်သည်' ဟု ပြောပြခြင်းသည် ဗြဟ္မာ၏သဘောသဘာဝအမှန်ကို ပြောပြရာမရောက်၊ ဗြဟ္မာသည် စကားဝေါဟာရတို့မှ လွန်၍ တည်နေသော သဘောရှိသည်။ စကားဝေါဟာရတို့ဖြင့် ပညတ်နိုင်မှု ကင်းဆိတ်သော သဘောရှိသည်။ ဗြဟ္မာကို စကားဝေါဟာရတို့ဖြင့် ဖော်ပြ၍မရ၊ ထိုသို့ ပြော၍ မရသောကြောင့် မပြောဘဲ ဆိတ်ဆိတ်ငြိမ်ငြိမ် နေဖို့သာ ရှိသည်ဟု ဆိုလိုသည်။ ဗြဟ္မာ၏ သဘောသဘာဝအမှန်ကို သိလိုပါက လုံလောက်သော သမာဓိစွမ်းအားရှိအောင်အားထုတ်ရမည်။ "အကြင်သူတစ်ဦးသည်သမာဓိစွမ်းအားရရှိပါက ထိုသူသည် ဗြဟ္မာနှင့် ပတ်သက်သော အသိကိုရရှိလာမည်။ သမာဓိ စွမ်းအားရှိပါမှ ဗြဟ္မာကိုမြင်နိုင်မည်။ ထိုသို့ဗြဟ္မာကို မြင်နိုင်စွမ်းသော သမာဓိအဆင့်၌ 'ဤသို့ဖြစ်သည်၊ ထိုသို့ဖြစ်သည်' ဟု တွေးတောဆင်ခြင်မှု အလုံးစုံရပ်စဲသွားမည်။ ထိုအခါ သူသည် လုံးဝဆိတ်ငြိမ်သွားသည်။ ဗြဟ္မာအကြောင်းကို ဝေါဟာရ ပညတ်တို့ဖြင့် ပြောဆိုဖော်ပြနိုင်မှုလည်း မရှိတော့ချေ။"**

ဥပနိသျှဒ်ကျမ်းတို့အလိုအရ ဗြဟ္မာတည်းဟူသော ပရမအတ္တသည် လောကရှိ ခပ်သိမ်းကုန်သော အရာတို့အတွင်း၌ စိမ့်ဝင်ပျံ့နှံ့လျက်ရှိသည်။ သို့ဖြစ်၍ ရှုထောင့်တစ်ခုမှ ကြည့်ပါက အရာရာသည် ဗြဟ္မာပင်ဖြစ်သည်။ (ဝါ) ပရမအတ္တပင် ဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦးစီ၌ရှိသော အတ္တသည် တစ်နည်းအားဖြင့် ဗြဟ္မာတည်းဟူသော ပရမအတ္တပင် ဖြစ်သည်၊ လူ၏

* S. Prabhavananda, op., cit., p. 28
** Ibid, p. 31



www.burmeseclassic.com

www.burmeseclassic.com



အတ္တသည် ဗြဟ္မာ (သို့မဟုတ်) ပရမအတ္တနှင့် သဘောအားဖြင့် အတူတူပင်ဖြစ်သည်။ ဤအချက်ကို ဆန်ဒေဂျ[၁] ဥပနိသျှဒ်၌ "ဗြဟ္မာသည် အတ္တဖြစ်သည်။ အတ္တသည် အစစ်အမှန်တရားဖြစ်သည်။ ထို ဗြဟ္မာတည်းဟူသော အတ္တသည်ပင် သင်ဖြစ်သည်ဟု ဗြဟ္မာတည်းဟူသော အတ္တနှင့် လူတွင်ရှိသော အတ္တသည် အတူတူပင်ဖြစ်ကြောင်း (၉)ကြိမ်မျှ ဖော်ပြထားသည်ကို တွေ့ရ၏။"*

"ရှေးအကျဆုံး ဥပနိသျှဒ်ကျမ်းတစ်စောင်၌ (ဤအရာကား ဗြဟ္မာတည်းဟူသော ပရမအတ္တဖြစ်သည်။ ထိုအရာကား လူပုဂ္ဂိုလ် အသီးသီး၏ ရုပ်ခန္ဓာအတွင်း၌ရှိသော အတ္တဖြစ်သည်)...ဟု အတ္တနှစ်မျိုးနှစ်စား ခွဲခြားရှုပြင်ခြင်းမရှိချေ။ နောက်တွင် ပေါ်လာသော ဥပနိသျှဒ် ကျမ်းများတွင်ကား၊ ပရမအတ္တနှင့် လူ၌ရှိသော ပုဂ္ဂလအတ္တ ( ဝါ ) ဇီဝအတ္တကို ခွဲခြားဖော်ပြလာသည်ကို တွေ့ရ၏။"**

မဟာကဗျာခေတ်၌ ဂျိန်းဝါဒ***သည် ဗုဒ္ဓဝါဒနှင့် အတူအပေါ်ထွန်းခဲ့ကြောင်း ဖော်ပြခဲ့၏။ သို့ရာတွင် ဂျိန်းဝါဒ သုတေသီတို့ အလိုအရ ဂျိန်းဝါဒသည် ဗုဒ္ဓဝါဒမတိုင်မီကတည်းက ပေါ်ထွန်းခဲ့သော ဝါဒဖြစ်၍ ဂျိန်းဘုရားများ အများအပြားပင် ရှိခဲ့သည်။ ဂျိန်းဂိုဏ်း၌ ဂိုဏ်းဆရာပေါင်း ၂၄ ဦးရှိ၍ ပထမပုဂ္ဂိုလ်မှာ ရသဘဒေဝ[၂] ဖြစ်၍ နောက်ဆုံးပုဂ္ဂိုလ်မှာ ဗုဒ္ဓနှင့် စင်ပြိုင်ရှိခဲ့သူ မဟာဝီရ[၃] ပင်ဖြစ်သည်။

ဂျိန်းဝါဒသည် အခြားသော အိန္ဒိယ ဒဿန ဂိုဏ်းများ ကဲ့သို့ "လောကကြီးကို ဖြစ်ပေါ်လာအောင် ဖန်တီးပေးသော ပထမအကြောင်းတရား[၄] ( ဝါ ) ထာဝရဘုရား ( သို့မဟုတ် ) ဗြဟ္မာသည်ရှိသည်"ဟု လက်မခံချေ။ လောကကြီးဖြစ်ပေါ် လာအောင် အကြောင်းပြု ပေးသော ဖန်ဆင်း စီစဉ်ပေးသော ထာဝရဘုရား (သို့မဟုတ်) ဗြဟ္မာကို လက်ခံယုံ

---

၁ Chandogya

* Radhakrishnan, and Moore., op. cit., p. 77

** Paul, Deussen, "The Philosophy of the Upanishads" p.257

*** Jainism သည် Jina ဟူသော စကားအပေါ် အခြေခံ၍ ခေါ်ဝေါ်လာခြင်းဖြစ်သည်။ Jina ဟူသော စကားမှာ 'အောင်နိုင်သူ' ဟု ဆိုလိုသည်။

၂ Rsabhadeva ၃ Mahavira

၄ first cause



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြသောသူတို့အား ဂျိန်းဝါဒီတို့က "ပထမအကြောင်းတရားတည်းဟူသော ထိုထာဝရဘုရား (ဝါ) ထိုဗြဟ္မာကိုတော့ မည်သူက ပြုလုပ်သနည်း။ လောကကြီးကို ပြုလုပ်ဖန်ဆင်းပေးသောသူသည် မိမိအား ပြုလုပ်ဖန်ဆင်းပေးသောသူမရှိဘဲနှင့် မည်ကဲ့သို့ဖြစ်လာသနည်း" * ...စသည်ဖြင့် မေးတတ်ကြသည်။

ထာဝရဘုရား (ဝါ) ဗြဟ္မာကိုလက်ခံကြသော အိန္ဒိယဒဿန ပညာရှင်များအနေနှင့် ထိုထာဝရဘုရား (ဝါ) ဗြဟ္မာကို အကြောင်းမရှိသော အကြောင်းတရားအဖြစ် လက်ခံကြ၍ ထိုထာဝရ ဘုရား၊ ထိုဗြဟ္မာကို မည်သူကမျှ ပြုလုပ်ဖန်ဆင်းခြင်းမရှိဟု ယူဆကြသည်။

"နောင်အခါတွင် ဂျိန်းဝါဒ၌ ဂိုဏ်းခွဲနှစ်ခုရှိလာခဲ့သည်။ တစ်ဂိုဏ်းမှာ သွေတန်ဘရဂိုဏ်း [၁] ဖြစ်၍ ကျန်တစ်ဂိုဏ်းမှာ ဒီဂန်ဘရဂိုဏ်း [၂] ဖြစ်သည်။ ထိုဂိုဏ်းနှစ်ဂိုဏ်းသည် သာမညအချက်အလက်အယူအဆများ၌သာ ခြားနားကြ၍ ဂျိန်းဝါဒဆိုင်ရာ အခြေခံဒဿန အယူအဆတို့၌မူ အများအားဖြင့် လက်ခံပုံချင်း တူညီကြသည်။ ဒီဂန်ဘရဂိုဏ်းသည် အကျင့်ပိုင်းတွင် ပိုမိုတင်းကျပ် ပြင်းထန်၍ သွေတန်ဘရဂိုဏ်းကမူ ဒီဂန်ဘရဂိုဏ်းလောက် တင်းကျပ်ပြင်းထန်မှုမရှိချေ။ ဒီဂန်ဘရဂိုဏ်းအလိုအရ တရားအားထုတ်ကျင့်ဆောင်သူသည် ပိုင်ဆိုင်မှုအားလုံးကို ပယ်စွန့်ရမည်။ ကိုယ်၌ အဝတ်အရုံကိုပင်မဝတ်မဆင်ရ။ ချွတ်ခွာပယ်စွန့်ရမည်။ ဝတ်လစ်စလစ်နေ၍ ကျင့်ဆောင် အားထုတ်ရမည်ဖြစ်သည်။ သွေတန်ဘရဂိုဏ်းကမူ ထိုမျှလောက် မတင်းကျပ်ဘဲ တရားအားထုတ်ကျင့်ဆောင်သူသည် အဝတ်ဖြူကို ဝတ်ဆင်သင့်သည်ဟု ယူဆသည်။ ဒီဂန်ဘရဂိုဏ်းအလိုအရ တရားအားထုတ်သူသည် အမှန်သစ္စာကို သိမြင်ပေါက်မြောက်သူဖြစ်သွားပါက အစားအစာ မလိုတော့။ အစာကိုပင် မစားတော့ဟု ယူဆ၏။ ထို့ပြင် မိန်းမများသည် (ယောကျ်ားဘဝကို မရမချင်း) အမှန်သစ္စာကို မသိမြင်နိုင်။ လွတ်မြောက်ရေးတရားကို မရနိုင်ဟု ယူဆသည်။ သွေတန်ဂိုဏ်းကမူ အထက်ပါ ဒီဂန်ဘရဂိုဏ်း၏ အယူအဆများကို လက်မခံချေ။ **

---

* S., Prabhavananda, op. cit., p. 167

၁ Svetambaras ၂ Digambras

** Chatterjee & Datta, Introduction to Iadian Philosophy p.74



www.burmeseclassic.com

www.burmeseclassic.com



ဂျိန်းဝါဒအလိုအရ လူ၌ ဇီဝအတ္တသည် ရှိသည်။ ထိုဇီဝအတ္တသည် ထာဝရခိုင်မြဲသော သဘောကိုဆောင်သည်။ ထိုဇီဝအတ္တသည် မည်သို့မျှ ချေဖျက်ခြင်းငှာ မရနိုင်သောထာဝရမြဲသော အခြေခံဝတ္ထုဖြစ်၏။ ဇီဝအတ္တသည် သိခြင်းကိစ္စကို ဆောင်ရွက်သည်။ သိခြင်းသဘော[၁] (ဝါ) သိတတ်ခြင်းသည် ဇီဝအတ္တ၏ အနှစ်သာရဖြစ်သည်။ ဤအချက်သည် အခြားအခြားသော အိန္ဒိယဒဿနဂိုဏ်းသားတို့နှင့် ခြားနားသော အယူအဆပင်ဖြစ်သည်။ ဂျိန်းဝါဒီတို့အလိုအရ "ဇီဝအတ္တသည် သိခြင်းကိစ္စကိုသာမက ကြံစည်စိတ်ကူးခြင်းအစရှိသည့် စိတ်၏ အပြုအမူ အမျိုးမျိုးကို ပြုလုပ်သည်။ ထိုဇီဝအတ္တသည် အကောင်းအဆိုး အမျိုးမျိုးသော သုခဒုက္ခဝေဒနာတို့ကိုလည်း ခံစားသည်။ ဇီဝအတ္တသည် ပုံသဏ္ဍာန်ရှိသော အရာမဟုတ်သော်လည်း ခန္ဓာကိုယ်အကြီး၊အငယ် အရွယ်အစား အမျိုးမျိုးအတိုင်း အတ္တကလည်း လိုက်ပါဖြစ်ပေါ်နိုင်သည်။ ခန္ဓာကိုယ်ကြီးလျှင် အတ္တကလည်း ထိုခန္ဓာကိုယ်အတိုင်း လိုက်ပါကြီးမား၍ ခန္ဓာကိုယ်ငယ်လျှင် ထိုခန္ဓာကိုယ်အတိုင်းပင် အတ္တကလည်း သေးငယ်သည်။....

ထို့ပြင် ဇီဝအတ္တသည်ပင် ကိုယ်အားဖြင့်စင်ကြယ်သော မညစ်နွမ်းသော၊ အပြစ်မရှိသော၊ ကောင်းမြတ် ပြည့်စုံသော သဘောကို ဆောင်သည်။ ဇီဝအတ္တ၌ အတိုင်းမသိ၊ အဆုံးမရှိသော စွမ်းရည်တန်ခိုးများ၊ အသိဉာဏ်များ တည်ရှိသည်။ သို့ရာတွင် အတ္တသည် အစုံဥပါဒါန်တရားတို့၏ ပိတ်ဖုံးလွှမ်းခြုံနှောင်ဖွဲ့မှုကိုခံရလျက်ရှိသည်။တစ်နည်းဆိုပါက... အတ္တသည် အစုံဥပါဒါန်ကြောင့် ကံအဖြစ် ဖွဲ့စည်းလာသော ရုပ်နှင့်ဆက်စပ်မိ၍ ထိုရုပ်၏နှောင်ဖွဲ့ကန့်သတ်မှုကို ခံရသောကြောင့် အလုံးစုံကိုသိနိုင်စွမ်းခြင်း အစရှိသည့် စွမ်းရည်သတ္တိများ တိမ်မြုပ်ပျောက်ကွယ်နေခြင်းဖြစ်သည်။ သို့ဖြစ်၍ ထိုရုပ်ကို ချေဖျက်ပစ်နိုင်ပါက အတ္တသည် နှောင်ဖွဲ့ကန့်သတ်ခံရမှုမှ လွတ်သွားမည်။ အလုံးစုံသော အသိဉာဏ်သည်လည်း ဖြစ်ပေါ်လာမည်။ တန်ခိုးအတိညာဉ်နှင့် စွမ်းအင်တို့လည်းဖြစ်ပေါ်လာမည်။ အတ္တသည် (ရုပ်တည်းဟူသော နှောင်ဖွဲ့မှုမရှိတော့သောကြောင့်) လွတ်မြောက်သော သဘောအဖြစ်သို့လည်း ရောက်သွားမည်ဖြစ်သည်"ဟု ယူဆကြသည်။

---

၁ consciousness



www.burmeseclassic.com

www.burmeseclassic.com



ဂျိန်းဝါဒအလိုအရ ရုပ်ခန္ဓာကိုယ်သည် သိမ်မွေ့လှသော ရုပ်မှုန်[၁] တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ သက်ဆိုင်ရာ ရုပ်-ကိုယ်တစ်ခုဖွဲ့စည်းရန် အတွက် သက်ဆိုင်ရာရုပ်မှုန်တို့ အစီအစဉ်တကျဖွဲ့စည်းဖြစ်ပေါ်ရန်လိုသည်။ ဤသို့ရုပ်ခန္ဓာကိုယ်တစ်ခု ဖွဲ့စည်းဖြစ်ပေါ်လာရန်အတွက် ဖန်တီးပေးသော အရာတို့မှာ အတ္တ၌ရှိသော အစွဲ-တဏှာ-ကိလေသာ တရားများ ဖြစ်သည်။ တစ်နည်းအားဖြင့် အတ္တသည် မိမိ၌ရှိသော တပ်မက်မှုအစွဲတဏှာ (ရုပ်ခန္ဓာကိုယ်၌ လိုချင်သော တောင့်တသောအစွဲတဏှာ)ကြောင့် သက်ဆိုင်ရာ ရုပ်ခန္ဓာကိုယ်ကို ရရှိလာခြင်းပင်ဖြစ်သည်။ ဂျိန်းဝါဒီတို့ အလိုအရ လူ၏အတ္တ၌ ဒေါသ-မာန-လောဘ အစရှိသည့် အစွဲတဏှာကိလေသာတို့ ရှိနေသောအခါ ပြင်ပမှ အဆင်း အသံ အနံ့အရသာ အတွေ့အထိ တည်းဟူသော အာရုံရုပ်တရားများကို စွဲလမ်းတပ်မက် တောင့်တမှုများ ဖြစ်သည်။

ဤသို့ တပ်မက်စွဲလမ်း တောင့်တမှုတို့ကြောင့် အာရုံရုပ်တရားတို့က မျက်စိ-နား-နှာခေါင်း-လျှာ-ကိုယ် တို့မှတစ်ဆင့် အတ္တဆီသို့ ဝင်ရောက်၍ ကပ်ငြိကြသည်။ ယင်းသို့ ဝင်ရောက်ကပ်ငြိလာသော ရုပ်တို့သည် အတ္တ၌ ကံအဖြစ် ကူးပြောင်းရောက်ရှိ ဖွဲ့စည်းမိကြသည်။ ဂျိန်းဝါဒီတို့က "ကမ္မရုပ်တို့ အတ္တအတွင်းသို့ (ကံဖြစ်ဖို့ရန်) ဝင်ရောက်လာခြင်း ( ဝါ ) စီးဝင်လာခြင်းကို အာသဝ[၂]ဟု ခေါ်သည်။"*

ဂျိန်းဒဿနအလိုအရ အတ္တ၌ရှိသော ဒေါသ၊ မာန၊ လောဘအစရှိသည့် အစွဲတဏှာတရားတို့သည် အနှောင်အဖွဲ့ကို ဖြစ်စေသော ပဓာန အကြောင်းတရားများဖြစ်သည်။ ကမ္မရုပ်ကို အတ္တအတွင်းသို့ ကံဖြစ်ပေါ်ရန် စီးဝင်ခြင်းသည် အကျိုးတရားများဖြစ်သည်။ စီးဝင်လာသော ကမ္မရုပ်တို့သည် ကံအဖြစ်ရောက်ရှိပြီးနောက် ထိုကံတို့က အတ္တအား နှောင်ဖွဲ့ ကန့်သတ်မှုကို ပြုလေတော့သည်။

ဂျိန်းဝါဒီတို့သည် အမျိုးမျိုးသောကံတို့ကို လက်ခံ၍ ထိုကံတို့က လူအား သက်ဆိုင်ရာ အကောင်းအဆိုး အမျိုးမျိုးသော အကျိုးပေးတို့ ဖြစ်ပေါ်စေရန် ဖန်တီးပြဋ္ဌာန်းကြောင်း ဖော်ပြကြ၏။ ဂျိန်းဝါဒီတို့ အလို

---

၁ particles (Pudgla) ၂ asrava

* Ibid., p.102



www.burmeseclassic.com

www.burmeseclassic.com



အရ ပမာနကျသော ကံ(၈)မျိုးရှိ၍ ယင်းတို့မှာ .... (၁)အသိဉာဏ်ကို တားဆီးသောကံ[၁]၊ (၂) အာရုံသိအမျိုးမျိုးကို တားဆီးသောကံ[၂]၊ (၃) တွေဝေမှုမောဟကိုဖြစ်စေသောကံ[၃]၊ (၄) သုခ၊ ဒုက္ခစသည့် ခံစားမှုဝေဒနာတို့ကို ဖြစ်စေသောကံ[၄]၊ (၅) လူပုံသဏ္ဌာန်၊ အသွေးအရောင် အမျိုးမျိုးတို့ကို ဖြစ်စေရန် ဖန်တီးပေးသောကံ[၅]၊ (၆) ကောင်းမှုကို မပြုနိုင်အောင်ပိတ်ပင်တားမြစ်သောကံ[၆]၊ (၇) သက်ဆိုင်ရာအမျိုးအနွယ်၌ ဖြစ်အောင် ဖန်တီးသောကံ[၇]၊ (၈) လူ၏သက်တမ်းကို ပြဋ္ဌာန်းပေးသောကံ[၈] တို့ဖြစ်သည်။ ထိုကံတို့ကို အခြေပြု၍ အတ္တ၌ ကမ္မသရီရ[၉] .... ဟု ခေါ်သော အလွန်သိမ်မွေ့သည့် ရုပ်ခန္ဓာတစ်မျိုးသည်ဖွဲ့စည်းမိသည်။ အတ္တသည် လွတ်မြောက်မှုကို မရသေးသမျှ ကာလပတ်လုံး ထိုကမ္မသရီရဟူသော သိမ်မွေ့သည့် ရုပ်နှင့် အစဉ်အမြဲတွဲစပ်လျက်ရှိသည်။ လူသေသောအခါ ရုပ်ကြမ်းခန္ဓာကိုယ်ကို ချန်ထားခဲ့၍ အတ္တသည် ထိုသရီရရုပ်ကို သယ်ဆောင်ကာ ဘဝသစ်တစ်ခုသို့ (ဝါ) ခန္ဓာသစ်တစ်ခုသို့ ကူးပြောင်းသွားလေသည်။

ဂျိန်းဝါဒအလိုအရ အထက်တွင် ဖော်ပြခဲ့သည့် ဒေါသ၊ မာနတရားများနှင့် အလွဲအမှားတို့၌ မက်မောတွယ်တာမှု စသည့် အစွဲတဏှာကိလေသာတရားများသည် အတ္တကို ရုပ်နှင့် ဆက်စပ်မိအောင် (ဝါ) အတ္တ၌ ကမ္မသရီရရုပ်ဖွဲ့စည်းမိအောင် ဖန်တီးသောတရားများဖြစ်သည်။ ဤအစွဲတဏှာ ကိလေသာတရားတို့ အဘယ်ကြောင့် ဖြစ်ရသနည်းဟု အကြောင်းရှာပါက ယင်းတို့သည် အမှန်ကိုမသိမှု အဝိဇ္ဇာဟူသောအကြောင်းတရားကြောင့် ဖြစ်ရကြောင်း တွေ့ရသည်။

သို့ဖြစ်၍ ဂျိန်းဒဿန၏ ပမာနရည်ရွယ်ချက်မှာ အဝိဇ္ဇာတရားကို ပယ်ရှားရန်ပင်ဖြစ်သည်။ ထိုအဝိဇ္ဇာတရားကို ဖယ်ရှားရန်မှာ အမှန်ကို သိမှုဝိဇ္ဇာဉာဏ်ရဖို့လိုသည်။ အမှန်ကိုသိသော ဝိဇ္ဇာဉာဏ်ရဖို့အတွက် ကံအနှောင်အဖွဲ့မှ လွတ်မြောက်ပြီးသူ ဆရာများ ( ဂျိန်းမုနိများ ) ၏ ဟော

---

၁ Jnanavaraniya karmas
၂ darsanavaraniya karmas
၃ mohaniya karmas
၄ vedaniya karmas
၅ nama karmas
၆ antaraya karmas
၇ gotra karmas
၈ ayus karmas
၉ karma sarira



www.burmeseclassic.com

www.burmeseclassic.com



ကြားချက် တရားဓမ္မတို့ကို သေချာကျနစွာ လေ့လာရမည်ဖြစ်သည်။ထိုသို့ မှန်သောအသိဉာဏ် (ဝါ) ဝိဇ္ဇာဉာဏ်ရရှိရေးအတွက် တရားဓမ္မတို့ကို လေ့လာရာ၌ လေ့လာသူတွင် ၁။မှန်ကန်လေးနက်သော ယုံကြည်မှုသဒ္ဓါတရားရှိရန် အရေးကြီးသည်။ ယုံကြည်မှုသဒ္ဓါဖြင့် လေ့လာပါမှ ၂။မှန်သောအသိဉာဏ် (ဝါ) တရားဓမ္မနှင့် ပတ်သက်သော မှန်သောသဘောတရားအသိကို ရလာမည်ဖြစ်သည်။ သို့ရာတွင် တရားဓမ္မတို့ကို သဘောတရားအသိအနေဖြင့် မှန်ကန်စွာ နားလည်ရုံမျှဖြင့်ကား မပြီးသေးချေ။ နားလည်လာသော တရားဓမ္မ (ဝါ) သဘောတရားအသိတို့ကို .... ၃။လက်တွေ့နှင့် ဆက်စပ်ရဦးမည်ဖြစ်သည်။ ဆိုလိုသည်မှာ....မှန်သော လက်တွေ့အားထုတ်မှုဖြင့် ကိုယ်တိုင်ကျင့်ကြံအားထုတ်ကြည့်ရမည် ဖြစ်သည်။

သို့ဖြစ်၍ ဂျိန်းဝါဒအလိုအရ ဆိုခဲ့သည့် (၁)မှန်သောယုံကြည်မှု၊ (၂)မှန်သောအသိဉာဏ် (ဝါ) မှန်သောသဘောတရားအသိ၊ (၃) မှန်သော လက်တွေ့ ကျင့်ဆောင်မှုတို့ကို ပေါင်းစည်း၍ အမှန်တရားကို သိမြင်အောင် (ဝိဇ္ဇာဉာဏ်ရအောင်) အားထုတ် ကျင့်ဆောင်သွားရမည် ဖြစ်သည်။....ထိုသို့ ပေါင်းစည်းအားထုတ်ခြင်းပြုမှသာ လွတ်မြောက်ရေးတရားကို ရမည်ဖြစ်လေသည်။

မှန်သောယုံကြည်မှုဟူသည် သစ္စာတရားနှင့် ပတ်သက်၍ ရှိရှိသေသေ မြတ်မြတ်နိုးနိုးယုံကြည်သော စိတ်ထားပင်ဖြစ်သည်။ ဤယုံကြည်သော စိတ်ထားမျိုးသည် အချို့သောလူများ၌ မွေးကတည်းကပါလာ၍ အချို့၌ ဂျိန်းတရားဓမ္မတို့ကို လေ့လာလိုက်စားရာမှ တဖြည်းဖြည်း ရရှိနိုင်သည်။ မဖောက်မပြန် မယိမ်းမယိုင်တော့သည့် စစ်မှန်ခိုင်မြဲသော ယုံကြည်မှုသဒ္ဓါမျိုးကိုမူ ထိုအတ္တာအား နှောင်ဖွဲ့ပိတ်ပင်ထားသော ကံတရားတို့ အလုံးစုံ ကြေပျက်သွားမှသာ ရနိုင်မည် ဖြစ်လေသည်။

အချို့သော ဂျိန်းဝါဒီ သုတေသီတို့အလိုအရ "ယုံကြည်မှု"ဟူသည်မှာ လွတ်မြောက်သော ပုဂ္ဂိုလ်တို့ ဟောပြော ညွှန်ပြသည့် တရားဓမ္မတို့အပေါ် အကန်းယုံ၊ အရမ်းယုံခြင်းမျိုး မဟုတ်ချေ။ ဆင်ခြင်မှုဖြင့် ဝေဖန်စိစစ်ပြီးမှ ယုံကြည်လာခြင်းမျိုးဖြစ်သည်။ ဆင်ခြင်မှုဖြင့် ဝေဖန်စိစစ်လေ ဂျိန်းတရားဓမ္မတို့ကား မှန်သောတရားဓမ္မတို့ ဖြစ်သည်ဟု အသိဉာဏ်တို့က တိုးတက်ဖြစ်ပေါ်လာလေ၊ အသိဉာဏ်တို့ တိုးတက်လာလေ၊ ယုံကြည်မှုသဒ္ဓါကလည်း တိုးတက်လာလေ သဘောကို ဆောင်ယူလာမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ အသိဉာဏ်ပြည့်စုံလာခြင်းနှင့်အတူ ယုံကြည်မှုကလည်း စစ်မှန်ခိုင်မြဲလာမည်ဖြစ်သည်။ အပြန်အလှန်အားဖြင့် ယုံကြည်တိုးတက်မှုခိုင်မြဲလာလေ အသိဉာဏ်ကလည်း တိုးတက်ခိုင်မြဲလာလေ သဘောကို ဆောင်ယူလာမည်ဖြစ်သည်။ သို့ရာတွင် စစ်မှန်သော အသိဉာဏ်ကိုလည်း အလုံးစုံသော ကံတရားအနှောင်အဖွဲ့ အပိတ်အပင်၊ အတားအဆီးတို့ကို ပယ်ရှားချေဖျက်ပြီးကာမှ ရနိုင်မည်ဖြစ်သည်။ ထိုသို့ရရှိရန်အတွက် အသစ်အသစ်သော ကံတရားတို့ အတ္တ၌ ဝင်ရောက်ဖွဲ့စည်းခွင့်မရအောင် ပိတ်ဆို့စောင့်စည်းရမည်။ ဖွဲ့စည်းခဲ့ပြီးသော ကံဟောင်းတို့ကိုလည်း ကြေပျက်သွားအောင် ချေဖျက်ရမည်။ ထိုသို့ ကံသစ်တို့မဖြစ်အောင် ပိတ်ဆို့စောင့်စည်း၍ ကံဟောင်းတို့ကို ချေဖျက်ရန်အတွက် မှန်သော လက်တွေ့ အားထုတ်ကျင့်ဆောင်မှုသည် လိုအပ်လေသည်။ လက်တွေ့ ကျင့်ဆောင်အားထုတ်ရာ၌ အရေးကြီးသော အပိုင်းနှစ်ပိုင်းရှိ၍ တစ်ပိုင်းမှာ ကံတရားအသစ်များ အတ္တအတွင်းသို့ ထပ်မံစီးဝင်ဖွဲ့စည်းခြင်း မဖြစ်စေရန် စောင့်စည်းခြင်း (ဝါ) ချုပ်တည်းခြင်းနှင့် ကျန်တစ်ပိုင်းမှာ ကံဟောင်းတို့ကို ကြေပျက်သွားစေရန် ချေဖျက်ခြင်းတို့ဖြစ်၏။

ကံတရားအသစ်များ အတ္တအတွင်းသို့ ထပ်မံစီးဝင်ဖွဲ့စည်းခြင်းမဖြစ်စေရန်အတွက် (၅) ပါးသော စောင့်စည်းခြင်း* ကို စောင့်စည်းကျင့်ဆောင်ရမည်ဖြစ်သည်။ (၅) ပါးသော စောင့်စည်းခြင်းဟူသည်မှာ ....

(၁) အသက်ဟူသမျှကို မသတ်ဖြတ်၊ မညှဉ်းဆဲမိရန်စောင့်စည်းခြင်း[၁] (အသက်ဟူသမျှကို သတ်ဖြတ်ညှဉ်းဆဲခြင်းမှ ရှောင်ကြည်ခြင်း)

ဂျိန်းဝါဒီတို့က...လောက၌ လှုပ်ရှားနိုင်သော သက်ရှိများ ရှိသကဲ့သို့ မလှုပ်ရှားနိုင်သော သက်ရှိများလည်းရှိသည်။ လူသတ္တဝါ၊ တိရစ္ဆာန်သတ္တဝါများသည် လှုပ်ရှား နိုင်သော သက်ရှိများဖြစ်၍ တစ်နေရာတည်း၌သာ ပေါက်ရောက်ကြီးရင့်ကြသော သစ်ပင်အစရှိသော သက်ရှိ

---

* ဂျိန်းဝါဒီသုတေသီတို့က .... ထို (၅) ပါးသော စောင့်စည်းခြင်းအပြင် အခြားသော စောင့်စည်းခြင်းများကို ဖော်ပြကြသည်။ သို့ရာတွင်ဂျိန်းဝါဒီအများစုက ထို (၅)ပါးသော စောင့်စည်းခြင်းသည်သာ ပဓာနလုပ်ငန်းဖြစ်သည်ဟု ယူဆကြသည်။

၁ ahimsa



www.burmeseclassic.com

www.burmeseclassic.com



များမှာမူ မသွားလာ မလှုပ်ရှားနိုင်သော သက်ရှိများ ဖြစ်ကြသည်။ ထို သက်ရှိဟူသမျှကို သတ်ဖြတ်ညှဉ်းဆဲ ဖျက်ဆီးခြင်း မပြုမိအောင် စောင့် စည်းရမည်ဖြစ်သည်။ အချို့က ရေ မြေ လေ မီး အစရှိသည့် ရုပ်ဝတ္ထုဟူ သမျှတို့၌လည်း အသက်ဇီဝရှိသည်ဟု ယူဆကြသည်။ ဤအယူအဆများကို ထိုခေတ် လူအများစုက လက်ခံယုံကြည်ခဲ့ဟန် ရှိသည်။ ဂေါတမဗုဒ္ဓသည် လူအများစု လက်ခံနေသော ထိုခေတ် အယူအဆများကို လက်မခံသော် လည်း ထိုအယူအဆတို့ကို ရုတ်တရက် ဆန့်ကျင်လိုက်ပါက မိမိရဟန်းတော် များအပေါ် လူအများစုက အကြည်အညိုကင်းမဲ့နိုင်သောကြောင့် ရဟန်း တော်များအား သစ်ပင်ခုတ်ခြင်း၊ မြေကြီးကို တူးဆွခြင်းများ မပြုလုပ်ရန် တားမြစ်ခြင်းများ ပြုခဲ့သည်ကို တွေ့ရ၏။

အသက်ရှိသည်ဟု မိမိတို့ယူဆသော သတ္တဝါ အရာဝတ္ထုတို့ကို သတ်ဖြတ်မှု၊ ညှဉ်းဆဲမှု၊ ဖျက်ဆီးမှုမပြုရန် စောင့်စည်းကြသော ဂျိန်းဝါဒီ သူတော်စင်ဆိုသူများသည် အသက်ရှူရာ၌ လေထဲတွင် ပျံ့လွင့်နေသော သက် ရှိတို့ နှာခေါင်းတွင်းသို့ပါလာကာ သေကြေပျက်စီးကြမည် စိုးသောကြောင့် မိမိတို့နှာခေါင်းများကို အဝတ်ပါးများဖြင့် ပိတ်၍ပင် အသက်ရှူကြသည်။ ရေ၌ အသက်ဇီဝရှိသည်ဟု ယူဆသောကြောင့်လည်း ဂျိန်းဝါဒီ သူတော်စင် များသည် ရေနွေးကိုရမှသာ သောက်သုံးကြသည်။ ရေချိုးပါက ခန္ဓာ ကိုယ်ပေါ်၌ရှိသော သက်ရှိတို့သေကြေကုန်မည်စိုးသောကြောင့် ရေမချိုးဘဲ လည်း နေတတ်ကြသည်။ ဂျိန်းသူတော်စင်များသည် ညအိပ်သည့်အခါ ခြေနှစ်ချောင်းကို အပေါ်သို့ထောင်ကာ အိပ်တတ်ကြသည်။ ထိုသို့ ခြေနှစ် ချောင်း ထောင်ထားခြင်းသည် အခြားသက်ရှိများ အိပ်ဖို့၊ နေဖို့အတွက် နေရာပေးထားခြင်းသဘောဖြစ်သည်။ ထိုသို့ နေရာပေးခြင်းဖြင့် အခြားသူ တို့အား ထောက်ထားညှာတာခြင်းကို ဖော်ပြခြင်းဖြစ်သည်။

ဂျိန်းသူတော်စင်များသည် သူတစ်ပါး၏ အသက်နှင့် ခန္ဓာကိုယ်ကို မထိပါးအောင် စောင့်စည်းရုံမျှမက အခြားသူတစ်ပါးနှင့် အတွေးအခေါ် တို့ကိုပင် (တစ်ဖက်သူ၌ စိတ်မချမ်းမသာ ဖြစ်သွားမည် စိုးသောကြောင့်) ဆန့်ကျင်မှု၊ ဝေဖန်မှုမပြုရန် စောင့်စည်းကြ၏။

ဂျိန်းဝါဒီသူတော်စင်သည် သတ္တဝါတို့ကို သတ်လိုသော၊ ဖျက်ဆီး လိုသော နစ်နာထိခိုက်စေလိုသော အတွေးမျိုးကိုပင် မတွေးမိအောင်



www.burmeseclassic.com

www.burmeseclassic.com



စောင့်စည်းနိုင်ရမည်။ သက်ရှိတို့ကို သတ်ဖြတ်ရန်၊ ဖျက်ဆီးရန် နှုတ်ဖြင့် တစ်ပါးသူအား တိုက်တွန်းအားပေးခြင်း မပြုမိအောင်လည်း စောင့်စည်းနိုင်ရမည်။

(၂) မမှန်သောစကားကို မပြောဆိုမိရန် စောင့်စည်းခြင်း[၁]
(မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြည်ခြင်း)

ဂျိန်းဝါဒီသည် မမှန်သောစကားကို မပြောမိအောင် အစွမ်းကုန် စောင့်စည်း၍ မှန်သောစကားကိုသာ ပြောဆိုနိုင်အောင် ကျင့်ဆောင်ရမည်ဖြစ်သည်။ "မှန်သောစကားကိုသာ ပြောဆိုရမည်" ဟု ဆိုရာ၌ မှန်ရုံမျှမက ကောင်းသောစကားလည်း ဖြစ်ရမည်။ သို့ရာတွင် တစ်ဖက်သား နားခံသာသော၊ သာယာပြေပြစ်သော စကားကိုမူ .... လောဘ၊ ဒေါသတရားတို့နှင့် တကွ အကြောက်တရားများကိုပါ အကုန်အစင် ဖယ်ရှားပြီးသူဖြစ်မှသာ ပြောဆိုနိုင်မည် ဖြစ်သည်ဟု ယူဆကြသည်။

(၃) သူတစ်ပါးပစ္စည်းကို မခိုးယူမိအောင် စောင့်စည်းခြင်း[၂]
(သူတစ်ပါးပစ္စည်း ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း)

ဂျိန်းဝါဒီတို့အလိုအရ ပစ္စည်းဥစ္စာဆိုသည်မှာ လူတစ်ဦး၏ ပြင်ပအသက်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူသည် ထိုပြင်ပ ပစ္စည်းတို့အပေါ် မှီ၍သာ အသက်ရှင်ကြရသောကြောင့်ပင် ဖြစ်သည်။ ထိုသို့လူတစ်ဦး၏ အသက်ရှင်ရာ (ဝါ) ဘဝရပ်တည်ရာ ပစ္စည်းဥစ္စာကို လုယက်ခြင်း၊ ခိုးယူခြင်းသည် ထိုလူ၏ အသက်ကို လုယက်ဖျက်ဆီးခြင်းပင် ဖြစ်သည်။ ထိုလူ၏အသက်ကို သတ်ဖြတ်ဖျက်ဆီးခြင်းပင် ဖြစ်သည်။ သို့ဖြစ်၍ သူတစ်ပါး၏ပစ္စည်းကို မယူမိရန် အစွမ်းကုန် စောင့်စည်းရမည် ဖြစ်သည်။ တစ်ပါးသောသူ၏ ပစ္စည်းကိုယူခြင်းသည် ထိုတစ်ပါးသောသူ၏ အသက်ကို ယူခြင်း။ ဖျက်ဆီးပစ်ခြင်းသဘော ရှိသောကြောင့် ဤဒုတိယစောင့်စည်းမှုသည် ပထမစောင့်စည်းမှုနှင့် ဆက်စပ်လျက်ရှိလေသည်။

(၄) ကာမဂုဏ်ခံစားခြင်း၊ ကာမဂုဏ် ကျူးလွန်ခြင်းများ မဖြစ်အောင် စောင့်စည်းခြင်း[၃]
(အဖြဟ္မစရိယကျင့်သုံးခြင်းမှ ရှောင်ကြဉ်ခြင်း)

---

၁ satyam ၂ asteyam ၃ brahmacary am



www.burmeseclassic.com

www.burmeseclassic.com



ဂျိန်းဝါဒီတို့အလိုအရ ကာမဂုဏ်ခံစားမှုမဖြစ်အောင် စောင့်စည်းရာ၌ ကိုယ်ထိလက်ရောက် ကာမဂုဏ် မဖြစ်အောင် စောင့်စည်းရုံမျှမက စိတ်၌ ထိုကာမဂုဏ်အာရုံနှင့် ပတ်သက်သော အတွေးအကြံ မဖြစ်ပေါ်ရအောင်ပင် စောင့်စည်းရမည်။ ထို့ပြင် ကာမဂုဏ်ခံစားခြင်းမှ ရှောင်ကြဉ်ရမည်ဟုဆိုရာ၌ အိမ်ထောင်မပြုဘဲ အဖြူဟွစရိယ ကျင့်သုံးစောင့်စည်းနေရုံသက်သက်ကိုသာ ဆိုလိုသည်မဟုတ်ဘဲ အခြား အခြားသော အမျိုးမျိုးသော ကာမဂုဏ်ခံစားခြင်း၊ လိုက်စားကျူးလွန် ဖောက်ပြန်ခြင်းတို့ကိုပါ မဖြစ်အောင် စောင့်စည်းရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ကာမဂုဏ်နှင့် ပတ်သက်၍ ပြောဆိုမှု၊ လှုံ့ဆော်မှု၊ တိုက်တွန်းမှု မပြုမိရန်လည်း စောင့်စည်းရမည်ဖြစ်သည်။ နောင်တမလွန် သုဂတိဘဝတို့၌ ကာမဂုဏ် အာရုံတို့ကို ခံစားရလိမ့်မည်ဟူသော မျှော်လင့်တောင့်တမှုကိုပါ မဖြစ်အောင် စောင့်စည်းရမည် ဖြစ်လေသည်။

BURMESE CLASSIC .com

(၅) အစွဲတဏှာကိလေသာဟူသမျှတို့ မဖြစ်ပေါ်အောင် စောင့်စည်းခြင်း[၁]
(အစွဲတဏှာတည်းဟူသော ကပ်ငြိတပ်မက်မှု ဖြစ်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း)

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် တည်းဟူသော အာရုံခံ ဒွါရတို့၌ လာရောက်ထိတွေ့နိုင်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ စသည့် အာရုံတို့ကို မစွဲလမ်း၊ မတပ်မက် မကပ်ငြိမတောင့်တမိအောင် စောင့်စည်းအားထုတ်ရမည်ဖြစ်သည်။ စင်စစ် အာရုံတို့ကို စွဲလမ်းတပ်မက်ကပ်ငြိခြင်းများသည် လူနှင့် လူ့လောကအား နှောင်ဖွဲ့စေသော တရားများဖြစ်သည်။ လွတ်မြောက်မှုမရနိုင်အောင် နှောင်ဖွဲ့ထားသော တရားများဖြစ်သည်။ ထိုတရားတို့ကြောင့်ပင် အတ္တ၌ ကံတရားတို့ ဖွဲ့စည်း၍ အတောမသတ်သောဘဝသစ်-ခန္ဓာသစ်တို့သို့ပြောင်းရွှေ့ကာ သံသရာကိုကျင်လည်နေရခြင်းဖြစ်သည်။ သို့ဖြစ်၍ ဘဝနှောင်ကြိုးတို့ကို ဖြစ်စေသော ထိုစွဲလမ်းတပ်မက်မှု-ကိလေသာတို့ မဖြစ်ပေါ်အောင် မျက်စိ၊ နား၊ နှာခေါင်း စသည်တို့ကို စောင့်စည်းချုပ်တည်းရမည် ဖြစ်သည်။

---

၁ aparigraha



www.burmeseclassic.com

www.burmeseclassic.com



လွတ်မြောက်ရေးကိုလိုလားသော ဂျိန်းဝါဒီသူတော်စင်ဆိုသူများသည် ထိုအစုံတဏှာကိုလေသာတို့ကို အသစ်မဖြစ်ပေါ်စေရန် အစွမ်းကုန်ကြိုးစားအားထုတ်ကြသည်။ ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း အစုံတဏှာတို့ဖြင့် ရုပ်အာရုံတို့ကို တပ်မက်စွဲလမ်း တောင့်တမှုဖြစ်သည့်အခါ အတ္တ၌သက်ဆိုင်ရာ ရုပ်တရားတို့ ဝင်ရောက်၍ ကံများအဖြစ် ဖွဲ့စည်းလာသည်။ ထို ကံတို့က အတ္တအား–အမှန်ကို မသိမြင်အောင် နှောင်ဖွဲ့ပိတ်ဖုံးသည်။ ထိုကံတို့၏ နှောင်ဖွဲ့ပိတ်ဖုံးခံရမှုကြောင့် (ဝါ) ကမ္မရုပ်တို့၏ ရောယှက်ပတ်သက်ခံရမှုကြောင့် အတ္တသည် မိမိ၌ရှိသော ပင်ကိုအစွမ်းသတ္တိများ မပေါ်လွင်နိုင်ဘဲ ဖြစ်နေရသည်။ သို့ဖြစ်၍ ဂျိန်းသူတော်စင်ဆိုသူများသည် အတ္တ၌ ကမ္မရုပ်တရားတို့ ဝင်ရောက်ရောယှက်နှောင်ဖွဲ့ခြင်း မဖြစ်ရန်အတွက် ပြင်းထန်စွာ စောင့်စည်းပိတ်ဆို့ကြ၏။

ဂျိန်းဝါဒီများသည် ကံဟောင်းတို့ကို ကျေပျက်သွားစေရန် အားထုတ်သောအပိုင်း၌ လွန်စွာပြင်းထန်ကြသည်။ အတ္တ၌ ဖွဲ့စည်းခဲ့ပြီး ဖြစ်သော ကံတရားကို (ဝါ) ကံဟောင်းတို့ ကျေပျက်သွားစေရန် အတွက် အတ္တကိလမထဟု ခေါ်သော ပြင်းထန်စွာ ဆင်းရဲဒုက္ခခံသော အကျင့်များကိုကျင့်ကြသည်။ ဆူးပေါ်၌ အိပ်ခြင်းများ၊ ပူပြင်းသော နေ့နေ့လယ်ခင်းများ၌ မီးလှုံခြင်းများ၊ အလွန်အေးချမ်းသောအချိန်၌ ရေချိုး၊ ရေငုပ်ခြင်းများ အစရှိသည့် ဒုက္ခခံသောအကျင့်များ (မိမိကိုယ်ကိုမိမိ ညှဉ်းဆဲသော ကျင့်စဉ်များ) ကို ကျင့်ကြံကြသည်။

ဂျိန်းဝါဒီတို့က ....ဆင်းရဲခံခြင်း၊ ဒုက္ခခံခြင်းသည် သက်ရောက်အကျိုးပေးလာမည့် "ကံအကျိုးပေးတို့ကို" ခံလိုက်ခြင်းဖြစ်သည်။ များများဒုက္ခခံခြင်းသည် နောင်တွင် သက်ရောက်လာမည့် ကံအကျိုးပေးတို့ကို များများခံခြင်းပင်ဖြစ်သည်။ ထိုသို့ ဒုက္ခဆင်းရဲတို့ကို များများခံလေလေ .... သက်ရောက်စရာရှိသော ကံအကျိုးပေးတို့ သက်ရောက်အကျိုးပေးခြင်းဖြင့် ကုန်ခန်း သွားလေလေဖြစ်မည်။ အဆုံး၌.... သက်ရောက်အကျိုးပေးစရာ ကံတို့ ကုန်ခန်းသွားပါက အတ္တသည် ကံတို့မှ စင်ကြယ်သွားမည်။ ကံတို့နှင့် ရောယှက်စရာမရှိဖြစ်သွားမည်။ ကံတို့၏ ကန့်သတ်နှောင်ဖွဲ့မှုမှ လွတ်သွားမည်။ ကံတို့ကြောင့် ဘဝသံသရာကျင်လည်ရသော အဖြစ်မှ အတ္တသည် လွတ်သွားမည်။ ထိုသို့ လွတ်သွားပါက အတ္တသည် ထာဝရလွတ်မြောက်မှုကို ရမည်ဟု ဂျိန်းဝါဒီတို့က ယုံကြည်လျက်ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ ယုံကြည်ချက်ဖြင့် ဂျိန်းဝါဒီတို့သည် .... အသစ်အသစ်သော ကံတို့ကို မပြုမိအောင်လည်း စောင့်စည်းကြသည်။ ပြုခဲ့ပြီး ကံဟောင်းတို့ကို (အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မိမိကိုယ်ကို ညှဉ်းဆဲကာ ဒုက္ခဆင်းရဲခံပစ်ခြင်းဖြင့်) ကျေပျက် ကုန်ခန်းသွားအောင်လည်း အပြင်းအထန် အားထုတ်ကြသည်။ ဤသို့လျှင်.... ကံဟောင်းတို့ကို ကုန်ခန်းစေ၍ ကံသစ်တို့လည်း မဖြစ်အောင် စောင့်စည်းချုပ်တည်းခြင်းပြုပါက အတ္တသည် အနှောင်အဖွဲ့ အပိတ်အပင် အကန့်အသတ်ဟူသမျှတို့မှ လွတ်သွားမည်။ စင်ကြယ်သွားမည်။ ထိုအခါ စစ်မှန်သော ဝိဇ္ဇာဉာဏ်လည်း ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထိုသို့ အဟောင်းအသစ် ကံတရားများ (ဝါ) ကမ္မရုပ် (ဝါ) တဏှာ ကိလေသာနှင့် အဝိဇ္ဇာတို့မှ ကင်းလွတ်၍ ဝိဇ္ဇာဉာဏ်ကို ရလာသော အတ္တသည် လွတ်မြောက်မှုကိုရသော အတ္တပင်ဖြစ်သည်။ ဤသို့သော အတ္တ၏ လွတ်မြောက်မှုကိုရသော ပုဂ္ဂိုလ်ကို "အရဟတ်"[၁] ဟု ခေါ်သည်။ အရဟတ် ပုဂ္ဂိုလ်အဖြစ် လွတ်မြောက်သွားခြင်းကိုပင် ဇီဝမုတ္တိ[၂] ဟူ၍လည်း ခေါ်သည်။ ထာဝရလွတ်မြောက်ခြင်းကိုမူ .... ကို အရဟတ်ပုဂ္ဂိုလ် သေလွန်ပြီးနောက်မှ ရရှိနိုင်သည်။ ထာဝရလွတ်မြောက်သွားသော အတ္တသည် သိဒ္ဓဘုံသို့ ရောက်ရှိသွားပြီးနောက် ထာဝရတည်မြဲသွားသည်။ ထိုသိဒ္ဓဘုံ၌ လွတ်မြောက်ပြီးသော အခြားအတ္တများသည်လည်း တန်းစီ၍ တည်နေကြသည်ဟု ယုံကြည်ကြ၏။

ဂျိန်းဝါဒအလိုအရ သိဒ္ဓဘုံသို့ ထာဝရမြဲသော အတ္တအဖြစ်ရောက်ရှိသွားခြင်းသည် အဆုံးစွန်သော ပန်းတိုင် (ဝါ) နိဗ္ဗာန်ပင်ဖြစ်သည်။ ထိုသိဒ္ဓဘုံသို့ ရောက်ရှိသွားသော အတ္တသည် ရုပ်သဘောဟူသမျှမှ ကင်းလွတ်သွားပြီဖြစ်ရကား သံသရာ၌ကျင်လည်မှု လုံးဝမရှိဘဲ ထာဝရတည်မြဲသွားတော့သည်။ ထိုသို့ လွတ်မြောက်သွားသော အတ္တ၏ ထာဝရတည်မြဲမှုကို ရခြင်းသည် သံသရာ၌ ဆောက်တည်ရာကို ရခြင်းဖြစ်ပြီဟု ဂျိန်းဝါဒီတို့က ထင်မှတ်နေဟန်ရှိ၏။

စင်စစ် ထိုပုဂ္ဂိုလ်များသည် "အတ္တသည် ထာဝရခိုင်မြဲသည်" ဟူသော အယူအဆကို စွဲလမ်းလွန်းနေသောကြောင့် လောက၌ မြဲသော ခိုင်သော ထာဝရ တည်နေနိုင်သော အရာဟူ၍ တစ်ခုမျှ မရှိကြောင်းကိုလည်း

---

၁ arahat ၂ jiva mukti



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ အတ္တဟူသောအရာသည်လည်း စိတ်ကူးအားဖြင့် တည်ဆောက်စွဲယူထင်မှတ်ထားသော အရာမျှသာ ဖြစ်ကြောင်းကို လည်းကောင်း၊ ကံအသစ်တို့ မဖြစ်အောင် ချုပ်တည်း စောင့်စည်းသော အကျင့်တို့ကို ကျင့်ရမည်ဖြစ်၍ ကံအဟောင်းတို့ ကျေပျောက်အောင် မိမိခန္ဓာကိုယ်ကို ညှဉ်းဆဲရမည်ဟူသော အယူအဆများသည် မိမိတို့၏ ခရီးမဆုံးသေးသော လမ်းခုလတ်၌ တွေ့သမျှ ကြုံသမျှ အတွေ့အကြုံ အချို့အပေါ် အခြေပြု၍ ဖြစ်ပေါ်လာသော လွင့်လွင့်မျောမျော အတွေးအခေါ် များသာ ဖြစ်ကြောင်းကိုလည်းကောင်း .... မသိမြင်နိုင် ခဲ့ကြချေ။

ဗုဒ္ဓစာပေများကို ထောက်၍ မဟာကဗျာခေတ်၌ပင် မဟာဝီရနှင့်တကွ မိမိတို့ကိုယ်ကို မိမိ (ဘုရား) ဟု အမည်ခံကြသော ပူရာဏကဿပ၊ မက္ခလိဂေါသာလ၊ သဉ္စယ ဗေလဋ္ဌပုတ္တ၊ အဇိတကေသ ကမ္ဗလ၊ ပကုဓကစ္စာယန အစရှိသည့် ဒဿနပညာရှင်ကြီးများသည်လည်း ရှိခဲ့ကြသည်ဟု ယူဆနိုင်သည်။ သုတေသီများက ပူရာဏကဿပ၏ အယူ ဝါဒကို အကိရိယာဝါဒ (ကံ ကံ၏ အကျိုးကို မယုံသော ဝါဒ) ဟု ဖော်ပြကြ၏။ ပူရာဏကဿပ၏ အယူဝါဒနှင့် ပတ်သက်၍ ဗုဒ္ဓစာပေများ၌ ဖော်ပြထားချက်ကို အောက်ပါအတိုင်း တွေ့ရ၏။

"…. ပြုသူပြုစေသူ၊ ဖြတ်သူဖြတ်စေသူ၊ နှိပ်စက်သူနှိပ်စက်စေသူ၊ ပူဆွေးအောင် ပြုသူ ပြုစေသူ၊ ပင်ပန်းအောင်ပြုသူပြုစေသူ၊တုန်လှုပ်သူ တုန်လှုပ်စေသူ၊ အသက်ကိုသတ်သူသတ်စေသူ၊ ခိုးယူသူ ခိုးယူစေသူ၊ အိမ်ကိုဖောက်ထွင်းသူဖောက်ထွင်းစေသူ၊ ရွာကိုတိုက်ခိုက်လုယူသူ တိုက်ခိုက်လုယူစေသူ၊ တစ်အိမ်တည်းကို တိုက်ခိုက်လုယူသူ တိုက်ခိုက်လုယူစေသူ၊ ခရီးလမ်း၌ လုယက်သူ လုယက်စေသူ၊ သူ့မယားကို သွားလာသူ သွားလာစေသူ၊ မမှန်စကားကို ပြောသူ ပြောစေသူများသည် မကောင်းမှုကို ပြုသော်လည်း ပြုသည်မမည်။

ဤမြေပေါ်ရှိ သတ္တဝါတို့ကို သင်တုန်းသွားစက်ဖြင့် တစ်ခုတည်းသော အသားစု အသားပုံဖြစ်အောင် အကယ်၍ ပြုစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှု မရှိ၊



www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှု ဖြစ်ခြင်းမရှိ။ ဂင်္ဂါမြစ်၏ တောင်ဘက်ကမ်း၌ နေသောသူသည်လည်း (ဂင်္ဂါမြစ် တောင်ဘက် ကမ်းသားတို့သည် ရက်စက် ကြမ်းကြုတ်သူများ ဖြစ်သည်ဟု ထိုခေတ်က ယူဆကြသည်။) အသက်ကို သတ်လျက်၊ သတ်စေလျက်၊ ဖြတ် လျက်၊ ဖြတ်စေလျက်၊ နှိပ်စက်လျက် နှိပ်စက်စေလျက် သွားစေကာမူ ထိုသတ်ခြင်း စသော အကြောင်းတို့ကြောင့် မကောင်းမှုမရှိ၊ မကောင်းမှုဖြစ်ခြင်း မရှိ။ ဂင်္ဂါမြစ်၏ မြောက်ဘက်ကမ်း၌ နေသော သူသည်လည်း (ဂင်္ဂါမြစ် မြောက်ဘက်ကမ်းသား တို့သည် သဒ္ဓါတရား ရှိသည်။ ဘုရား တရား သံဃာကို ကြည်ညိုကြသည် ဟု ထိုခေတ်က ယူဆကြသည်။) လှူလျက် လှူစေလျက်၊ ပူဇော်လျက်၊ ပူဇော်စေလျက် သွားစေကာမူ ထိုလှူခြင်း စသော အကြောင်းကြောင့် ကောင်းမှု မရှိ၊ ကောင်းမှုဖြစ်ခြင်း မရှိ။ အလှူပေးခြင်း၊ ဣန္ဒြေကို ဆုံးမခြင်း၊ သီလစောင့်စည်းခြင်း၊ အမှန်ဆိုခြင်း တို့ကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုဖြစ်ခြင်းမရှိ။''*

"ပုရာဏကဿပသည် သက်ရှိသတ္တဝါတို့၌ ရုပ်နှင့်နာမ်ပူးတွဲလျက် ရှိသော်လည်း နာမ်ခန္ဓာဟု ယူဆရသော ဝိညာဉ်သည် ရုပ်ပြုလုပ်သဖြင့် ပေါ်ထွက်လာသည့် အကျိုးဆက်နှင့် မသက်ဆိုင်၊ ရုပ်နှင့် ဝိညာဉ် (နာမ်) တို့သည် သီးခြားဖြစ်ကြ၍ ရုပ်က ပြုလုပ်သော ကံ၏ အကျိုးကို ရုပ်ကသာလျှင် ခံစားရ၏....''** ဟု ယူဆသူ ဖြစ်သည်။ ပုရာဏကဿပ၏ ဝါဒသည် တစ်နည်းအားဖြင့် အဟေတုကဝါဒ ဖြစ်သည်ဟု ဆိုနိုင်သည်။ အဟေတုကဝါဒကို လက်ခံထားသည်ဟု ဆိုရသော်လည်းတစ်ဖက်၌ ပုရာဏကဿပသည် အတ္တ၏တည်မြဲမှုကိုလည်း လက်ခံထားသူ ဖြစ်နေပြန်သည်။ သို့ဖြစ်၍ပုရာဏကဿပ၏ အယူအဆသည် ရှေ့နောက်ဆီလျော်မှု မရှိသော အယူအဆဖြစ်သည်ဟု သုတေသီတို့က ဝေဖန်ကြသည်။

---

* သာမညဖလသုတ်၊ သီလက္ခန္ဓဝဂ်၊ ဒီဃနိကာယ်။

** ဦးအောင်သန်း (ပါဠိပါမောက္ခ) "ဗုဒ္ဓခေတ်ကြိုဘာသာ အယူဝါဒနှင့် ဒဿနိကဗေဒ" တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ – ၁၊ အပိုင်း ၁၊ ၁၉၆၆ – ခု။



www.burmeseclassic.com

www.burmeseclassic.com



ပုရာဏကဿပသည် တစ်ဖက်၌ စိတ်အခြေခံ ဝတ္ထုတည်း ဟူသော အတ္တကို လက်ခံ၍ တစ်ဖက်၌လည်း ရုပ်ကြမ်းဝါဒ ဆိုင်ရာ အမြင်များကို လက်ခံထားသူဖြစ်သည်။ ထို့ပြင်ရုပ်ခန္ဓာ၌ ပြုသမျှ ဖြစ်သမျှသည် အတ္တနှင့် မည်သို့မျှ မသက်ဆိုင်ဟု.... ယူဆထားချက်များ ပါဝင်နေသောကြောင့် အနောက်တိုင်းမှ ဒေးကား အစရှိသော ပုဂ္ဂိုလ်များ ရင်ဆိုင်ရသည့် 'စိတ်ရုပ်ဆက်သွယ်မှုပြဿနာ'' မျိုးကို မပြေမလည်နှင့် ရင်ဆိုင်ရဖို့ ရှိနေလေသည်။ ပုရာဏကဿပသည် သမုတိသစ္စာနှင့် ပရမတ္ထ သစ္စာတို့ကို မျှတအောင် မယူနိုင်သူ ဖြစ်ရကား အမှားအမှန် အကောင်းအဆိုး၊ ကိုယ်ကျင့်တရား တန်ဖိုးများနှင့် ၎င်းတို့၏ အကျိုးသက်ရောက်မှု များကိုလည်း နားမလည်သူပင် ဖြစ်သည်။

တစ်ဖန်.... ပုရာဏကဿပ၏ ဝါဒသည် အဟေတုကဝါဒကိုပါခံယူထားရာ ရောက်သောကြောင့်.... လူသည် လုပ်ချင်ရာ လုပ်နိုင်လျက်ရှိ၏။ ထိုလုပ်သမျှတို့၌ ကုသိုလ် အကုသိုလ်သည်မရှိဘဲဖြစ်လျက်ရှိသည်။ စင်စစ်.... လုပ်ခြင်ရာ လုပ်နိုင်သည်ထင်၍ လုပ်ချင်ရာလုပ်သောသူသည် နေ့စဉ် သမုတိလောက၌ ပျက်စီးနစ်နာဖို့ သေချာလျက်ရှိလေသည်။ သို့ဖြစ်၍ ပုရာဏကဿပ၏ အယူဝါဒသည် လူကိုဘက်စုံမှ ဖျက်ဆီးသော ဝါဒဖြစ်သည်။ မည်သို့သော ပြုမှုလုပ်ဆောင်ပြောဆိုခြင်းမျိုးသည်ကောင်းသည်၊ သို့မဟုတ် ဆိုးသည်ကို မသိသော ဝါဒ ဖြစ်သည်ဟုလည်း ဝေဖန်ကြသည်။

မက္ခလိဂေါသာလ၏ အယူအဆနှင့် စပ်လျဉ်း၍လည်း ဗုဒ္ဓစာပေများ၌ အောက်ပါအတိုင်း တွေ့ရ၏။

> "....သတ္တဝါတို့ညစ်ညူးရန်အကြောင်းသည်မရှိ၊ အထောက်အပံ့သည်မရှိ၊အကြောင်းမရှိ၊ အထောက်အပံ့မရှိဘဲသတ္တဝါတို့သည် ညစ်ညူး ကုန်၏။ သတ္တဝါတို့ စင်ကြယ်ရန် အကြောင်းသည်မရှိ၊ အထောက်အပံ့သည်မရှိ၊ အကြောင်းမရှိ၊ အထောက်အပံ့မရှိဘဲသတ္တဝါတို့သည် စင်ကြယ်ကုန်၏ ။ မိမိပြုလုပ်မှုသည်မရှိ၊သူတစ်ပါးတို့ပြုလုပ်ပေးမှုသည်မရှိ၊ ယောကျ်ားတို့ပြုလုပ်မှုသည်မရှိ၊ ခွန်အားသည်မရှိ၊ လုံ့လသည်မရှိ၊ ယောကျ်ားတို့ စွမ်းအားသည်မရှိ၊ ယောကျ်ားတို့



www.burmeseclassic.com

www.burmeseclassic.com



အားထုတ်မှုသည်မရှိ၊ အလုံးစုံသောသတ္တဝါ၊ အလုံးစုံသော သက်ရှူ သတ္တဝါ၊ အလုံးစုံသော ထင်ရှားရှိသော သတ္တဝါ၊ အလုံးစုံသော သက်ရှိအရာတို့သည် အစွမ်းမရှိကုန်၊ ခွန်အားမရှိကုန်၊ လုံ့လမရှိကုန်၊ ဖြစ်မြဲအတိုင်း ဆုံဆည်းသည့်အတိုင်းသဘာဝအတိုင်းအမျိုးမျိုးဖြစ်ကုန်၍ ဇာတ်အထူး ခြောက်မျိုးတို့၌သာလျှင် ချမ်းသာဆင်းရဲကို ခံစားကုန်၏။

ဤတစ်သန်းလေးသိန်း ခြောက်ထောင်ခြောက်ရာသော အဓိက သတ္တဝါမျိုးများ– ငါးရာသောကံများ၊ ငါးပါးသောကံများ၊ သုံးပါးသော ကံများ၊ ပြည့်သော ကံများ ထက်ဝက်သောကံများ၊ ခြောက်ဆယ့်နှစ်ပါးသော အကျင့်များ၊ ခြောက်ဆယ့်နှစ်ပါးသော အန္တရကပ်များ၊ ခြောက်မျိုးသော ဇာတ်အထူးများ၊ ရှစ်ပါးသော ယောကျ်ားတို့၏ အရွယ်များ၊ လေးထောင့်ကိုးရာသော အသက်မွေးမှုများ၊ လေးထောင့်ကိုးရာသော ပရိဗိုဇ်များ၊ လေးထောင့်ကိုးရာသော နဂါးတို့နေရာများ၊ နှစ်ထောင်သော ဣန္ဒြေများ၊ သုံးထောင်သော ငရဲများ၊ သုံးဆယ့်ခြောက်မျိုးသောမြူဇာတ် (တည်ရာ)များ၊ ခုနစ်မျိုးသော သညာရှိပဋိသန္ဓေများ၊ ခုနစ်မျိုးသောသညာမဲ့ ပဋိသန္ဓေများ၊ ခုနစ်မျိုးသော အဆစ်ပဋိသန္ဓေများ၊ ခုနစ်မျိုးသော နတ်များ၊ ခုနစ်မျိုးသော လူများ၊ ခုနစ်မျိုးသော မြေဘုတ် ဘီလူးများ၊ ခုနစ်ခုသော အိုင်ကြီးများ၊ ခုနစ်ခုသော အဖုကြီးများ၊ ခုနစ်ရာသော အဖုငယ်များ၊ ခုနစ်ခုသော ချောက်ကြီးများ၊ ခုနစ်ရာသော ချောက်ငယ်များ၊ ခုနစ်ခုသော အိပ်မက်ကြီးများ၊ ခုနစ်ရာသော အိပ်မက်ငယ်များ၊ ရှစ်သန်းလေးသိန်းသော မဟာကပ်များရှိကုန်၏။ ယင်းမဟာကပ်တို့ပတ်လုံး လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ တစ်ဘဝမှ တစ်ဘဝသို့ပြေးလွှားကျင်လည်၍ဆင်းရဲကုန်ခြင်းကို ပြုကြလတ္တံ့။ ထိုအတွင်း ဆင်းရဲကုန်ခြင်းမရှိ။ “ငါသည်ဤသီလဖြင့် သော်လည်းကောင်း၊ ဤကျင့်ဝတ်ဖြင့် သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ဤခြိုးခြံမှုဖြင့် သော်လည်းကောင်း၊ ဤအကျင့်မြတ်ဖြင့် သော်လည်းကောင်း မရင့်သေးသောကံကိုလည်း ရင့်စေမည်၊ ရင့်ပြီးသောကံကိုမူလည်း တွေ့၍တွေ့၍ ပျက်စီးစေမည်"ဟူ၍ ဤသို့ ပြုပြင်နိုင်ခြင်း မရှိ။ ချမ်းသာ ဆင်းရဲသည် စရွတ်တောင်းဖြင့် ခြင်ထားသကဲ့သို့ ဖြစ်၏။ သံသရာသည်အပိုင်းအခြားပြုထားပြီးဖြစ်၏။ အတိုးအဆုတ်မရှိ−အလွန်အယုတ်မရှိ။ချည်လုံးကို ပစ်လိုက်သော် ချည်ရှိသရွေ့ သာပြေလျှက် ပြေးသွားသကဲ့သို့ ဤအတူ လူမိုက်ဖြစ်စေ၊ပညာရှိဖြစ်စေ တစ်ဘဝမှတစ်ဘဝသို့ ပြေးသွားကျင်လည်၍ ဆင်းရဲကုန်ခြင်းကို ပြုကြလတ္တံ့။"*

မက္ခလိဂေါသာလ၏ဝါဒကို ကြောင်းကျိုးဆက်နွယ်မှုကို ပစ်ပယ်သော ကံ−ကံ၏အကျိုးကို ပစ်ပယ်သော အဟေတုကဝါဒ အကိရိယဝါဒဟုပင် ခေါ်နိုင်သည်။ သို့ရာတွင် မက္ခလိဂေါသာလသည်လည်း အတ္တ၏ တည်မြဲမှုကို လက်ခံသူ ဖြစ်သည်။

မက္ခလိဂေါသာလ၏ အယူအဆကိုကြည့်ပါက "အချိန်တန်လျှင်ဖြစ်လာလိမ့်မည်" ဟူသော အယူအဆဖြစ်သည်ကို တွေ့ရမည် ဖြစ်သည်။ အမှန်တရားကို သိမြင်အောင် လုံ့လစိုက်၍ တပင်တပန်း အားထုတ်ကြိုးစားမနေနှင့်၊ အမှန်တရားကို သိချိန်တန်လျှင် သိလာလိမ့်မည်.... သံသရာမှ လွတ်မြောက်ရေးအတွက် လုံ့လစိုက်၍ အားထုတ်ကြိုးပမ်းမနေနှင့်၊ ထိုသို့ကြိုးစားနေခြင်းသည် အပိုအလုပ်သာဖြစ်သည်။ လွတ်မြောက်ချိန်တန်က လွတ်မြောက်လိမ့်မည်.... ဟု ဆိုလိုရာရောက်လျှက်လည်းရှိသည်။

"ကုသိုလ် အကုသိုလ်ဆိုသည်ကား မည်သို့ဖြစ်သည်။ ကမ္မနိယာမကား မည်သို့သော သဘောရှိသည်၊ လွတ်မြောက်မှုဆိုသည်ကား ဤသို့သော နည်းလမ်းအတိုင်း အားထုတ်ပါမှ အမှန်လွတ်မြောက်မှု ဖြစ်နိုင်သည်"... စသည်ဖြင့် သဘောတရားအရ သိမြင်မှု − ထိုသို့သိမြင်မှုဖြင့် သတိဝီရိယ၏ အကူအညီပြု၍ အားထုတ်လုပ်ဆောင်မှုတို့မရှိပါဘဲလျှက်နှင့် "ဖြစ်ချိန်တန်က ဖြစ်လိမ့်မည်၊ သိချိန်တန်က သိလိမ့်မည်၊ လွတ်ချိန်တန်က လွတ်လိမ့်

---

* သာမညဖလသုတ် − သီလက္ခန္ဓဝဂ် − ဒီဃနိကာယ်၊ ပိုဒ်ရေ − ၁၆၈။



www.burmeseclassic.com

www.burmeseclassic.com



မည်" ဟု စောင့်မျှော်နေသူအတွက် ဘယ်အခါမျှ ဖြစ်သင့်တာ ဖြစ်လာလိမ့်မည်မဟုတ်၊ အမှတ်ကို သိလာလိမ့်မည်လည်းမဟုတ်၊ လွတ်မြောက်မှုကို ရလာလိမ့်မည်လည်း မဟုတ်ချေ။

သို့ရာတွင် စာပေအထောက်အထားများအရ မက္ခလိဂေါသာလသည် အာဇီဝက ကျင့်စဉ်ဟုခေါ်သော မိမိကိုယ်ကို မိမိညှဉ်းဆဲသော အကျင့်ကို ကျင့်သည်ဟုသိရသည်။ ဤတွင်.... လူသည် လွတ်မြောက်ချိန်တန်က လွတ်မြောက်မည်၊ ဘာမျှ အားထုတ်နေစရာမလိုဟု ပြောခြင်းနှင့် မိမိကိုယ် မိမိ ညှဉ်းဆဲသော အာဇီဝကကျင့်စဉ် (အတ္တကိလမထ ကျင့်စဉ်) ကိုလည်း မက္ခလိဂေါသာလက ကျင့်ဆောင်အားထုတ်သည် ဆိုခြင်းမှာ မစပ်ဟပ်သကဲ့သို့ ဖြစ်နေသည်။

သဉ္စယဗေလဋ္ဌပုတ္တ၏ အယူဝါဒမှာ "သံသယဝါဒဖြစ်သည်" ဟု ဆိုကြသည်။ သဉ္စယသည် မည်သည့်တရားကိုမျှ အမှန်ဖြစ်သည်ဟု တိတိကျကျ ဆုံးဖြတ်ချက်ကို မပေးခဲ့ချေ။ သဉ္စယဗေလဋ္ဌပုတ္တအား.... တစ်ပါးသော လောကရှိသလောဟု မေးသောအခါ၌ သဉ္စယဗေလဋ္ဌပုတ္တက ....

"တစ်ပါးသော လောကရှိသည်ဟု ငါယူဆခဲ့လျှင် 'တစ်ပါးသော လောကသည် ရှိ၏' ဟု သင့်အား ငါဖြေမည်ဖြစ်ပါသည်။ သို့ရာတွင် တစ်ပါးသောလောကရှိသည်ဟူသော အယူအဆမျိုး ငါ့မှာ မရှိပါ"ဟု ဆိုသည်။

ဤတွင်.... မေးသူက ဆက်၍.... "သို့ဆိုပါက 'တစ်ပါးသော လောကသည် မရှိ' ဟု သင်ယူဆပါသလော"ဟု မေးပြန်သည်။ ထိုအခါတွင်လည်း သဉ္စယက ....

"တစ်ပါးသော လောကမရှိဟုလည်း ငါ မယူဆပါ။ 'တစ်ပါးသောလောကမရှိ'ဟု ငါ ယူဆခဲ့လျှင် 'တစ်ပါးသော လောကသည် မရှိ'ဟု သင့်အား ငါဖြေမည်ဖြစ်ပါသည်။ သို့ရာတွင် 'တစ်ပါးသော လောက မရှိ' ဟူသော အယူအဆမျိုး ငါ့မှာ မရှိပါ"ဟု ဆိုသည်။ ဤတွင် မေးသူက ဆက်၍....

"သို့ဆိုလျှင် တစ်ပါးသော လောကသည် ရှိလည်းရှိ၍ မရှိလည်း မရှိဟု သင်ယူဆပါသလော ...."

(ပဉ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



ထိုအမေးကို သဥ္စယက အထက်ကအတိုင်း အကြောင်း ပြု၍....“တစ်ပါးသော လောကသည် ‘ရှိလည်းရှိ၍၊ မရှိ လည်းမရှိ’ ဟူ၍လည်း ငါမယူဆပါ” ဟု ဖြေပြန်သည်။

သဥ္စယဗေလဋ္ဌပုတ္တသည် အထက်ပါအတိုင်း တိကျသော အဖြေကို မပေးဘဲ ပြဿနာနှင့် ကြုံလာတိုင်း ရှောင်ကွင်းလိမ့်မည်ဖြစ်သည်။ အမှန်ကို မသိသောကြောင့် သဥ္စယသည် ပြဿနာနှင့် ကြုံတိုင်း အရှောင်အတိမ်း လုပ်နေလိမ့်မည်သာ ဖြစ်သည်။

ထိုခေတ်က အောက်ပါမေးခွန်းများကို မေးတတ်ကြ၏။
တစ်ပါးသော လောက ရှိသလော။
တစ်ပါးသော လောက မရှိပါသလော။
တစ်ပါးသော လောက ရှိလည်းရှိ၊ မရှိလည်း မရှိသလော။
တစ်ပါးသော လောက ရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ် သလော။

သေ၍ တစ်ဖန်ဖြစ်ပေါ်သော သတ္တဝါတို့ ရှိကုန်သလော။
သေ၍ တစ်ဖန်ဖြစ်ပေါ်သော သတ္တဝါတို့ မရှိကုန်သလော။
သေ၍ တစ်ဖန်ဖြစ်ပေါ်သော သတ္တဝါတို့ ရှိသည်လည်းမဟုတ် မရှိ သည်လည်း မဟုတ်ကုန်သလော။
ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါက် ရှိသလော။
ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါက် မရှိသလော။
ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါက် ရှိလည်း ရှိ၊ မရှိ လည်း မရှိသလော။

ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါတ်ရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ်သလော။
သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသလော။
သတ္တဝါသည် သေပြီးသည့်နောက်၌ မရှိသလော။
သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိလည်းရှိ၊ မရှိလည်း မရှိ သလော။

သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်း မဟုတ်၊ မရှိ သည်လည်း မဟုတ်သလော ....

(ယျှမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါမေးခွန်းများနှင့် ပတ်သက်၍ ထိုခေတ် ဒဿနပညာရှင်များ၌ သက်ဆိုင်ရာ အယူအဆများ ရှိကြပေလိမ့်မည်။ သို့ဖြစ်၍ အထက်ပါမေးခွန်းများနှင့် ကြုံလာ၍ အဖြေတစ်မျိုးမျိုးကို ပေးလိုက်ပါက အထက်ပါ ဒဿနပညာရှင်များ၏ အယူအဆ တစ်ခုခုနှင့် တူသွားနိုင်သည်။ တူသွားခြင်းသည် အထက်ပါ ဒဿနပညာရှင်များ၏ တစ်မျိုးမျိုးသော အယူဝါဒကို လက်ခံလိုက်ရာ ရောက်သွားနိုင်သည်။ တူသွားခြင်းသည် ထိုဝါဒ တစ်မျိုးမျိုး၏ လွှမ်းမိုးခံလိုက်ရသည့် သဘောသို့လည်း သက်ရောက် သွားနိုင်သည်။ သဥ္စယဗေလဋ္ဌပုတ္တသည် အခြားသော ဒဿနပညာရှင်များ၏ အယူဝါဒ တစ်မျိုးမျိုး၏ လွှမ်းမိုးခံရမည်ကို လိုလားဟန် မတူချေ။ သို့ဖြစ်သောကြောင့် အထက်ပါ မေးခွန်းများကို အတိအကျ မိမိ၏ အယူအဆ ( ဝါ ) အယူဝါဒကို ဖော်ပြ၍ အဖြေမပေးဘဲ ရှောင်လွှဲသွားခြင်းဖြစ်ပေလိမ့်မည်ဟု အချို့က ထင်မြင်ချက် ပေးကြ၏။

ထို့ပြင်.... အထက်ပါ "မေးခွန်းပြဿနာများကို သဥ္စယက အတိအကျ မဖြေခြင်းသည် အဖြေကို အတိအကျ မသိဘဲ သံသယ ဖြစ်နေသောကြောင့် မဖြေဘဲ ရှောင်လွှဲခြင်းလည်းဖြစ်နိုင်သည်ဟု ထင်မြင်ချက် ပေးကြသည်။ ထို့ကြောင့်ပင် သဥ္စယဗေလဋ္ဌ ပုတ္တ၏ဝါဒကို "သံသယဝါဒ"ဟုခေါ်ကြခြင်း ဖြစ်ပေလိမ့်မည်။ (ဘာကိုမျှ တိတိကျကျမသိသောကြောင့် သူ၏ဝါဒကို 'မသိဝါဒ'ဟုလည်း ခေါ်နိုင်ပေလိမ့်မည်) သဥ္စယ၏ အယူဝါဒကို လက်ခံပါက .... လက်ခံသူသည် သဥ္စယ ကဲ့သို့ပင် သံသယတို့ အတွင်း၌ လှိုင့်မျောနေဖို့သာ ရှိလေသည်။

ပကုဓကစ္စာယန၏ အယူဝါဒကိုလည်း ဗုဒ္ဓစာပေများ၌ အောက်ပါကဲ့သို့ ဖော်ပြထားသည်ကို တွေ့ရ၏။

"....ဤခုနစ်ပါးသော အစုတို့သည် ပြုလုပ်ထားသည် မဟုတ်ကုန်၊ ပြုလုပ်ထားစေသည် မဟုတ်ကုန် ဖန်ဆင်းထားသည် မဟုတ်ကုန်၊ ဖန်ဆင်းထားစေသည် မဟုတ်ကုန်၊ မြုံကုန်၏။ တောင်အထွတ်ကဲ့သို့ တည်ကုန်၏။ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏။ ထိုအစုတို့သည် မတုန်လှုပ်ကုန်။ မဖောက်ပြန်ကုန်၊ အချင်းချင်း မညှဉ်းဆဲနိုင်ကုန်။ အချင်းချင်းချမ်းသာရန် လည်းကောင်း၊ ဆင်းရဲရန်လည်းကောင်း၊ ချမ်းသာဆင်းရဲရန် လည်းကောင်း၊ မတတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ကုန်။ ခုနစ်ပါးတို့ဟူသည်အဘယ်နည်း။ မြေအစု၊ ရေအစု၊ မီးအစု၊ လေအစု၊ ချမ်းသာဆင်းရဲ၊ ၇ ခုမြောက် အသက်ဝိညာဉ် (ဝါ) အတ္တတို့တည်း။ ....ထိုအစုတို့၌ သတ်သူ သတ်စေသူ ကြားသူ ကြားစေသူ၊ သိသူ သိစေသူများ မရှိကုန်။ ထက်စွာသော လက်နက်ဖြင့် ဦးခေါင်းကို ဖြတ်စေကာမူ တစ်ဦးတစ်ယောက်သည် တစ်ဦးတစ်ယောက်ကို သတ်သည်မမည်။ လက်နက်သည် ခုနစ်ပါးသော အစုတို့၏အကြား ဟင်းလင်းသို့ ကျရောက်၏။"*

"....ပကုဓကစ္စာယန အလိုအရ မြေ၊ ရေ၊ လေ၊ မီး၊ သုခ၊ ဒုက္ခ၊ ဝိညာဉ်(အာတ္မန်)တို့ ပေါင်းစပ်ခြင်းဖြင့်သာ သက်ရှိသတ္တဝါဟူ၍ ဖြစ်လာ၏။ ယင်းဓာတ်များ ဝေဒနာများနှင့် နာမ်ဝိညာဉ်တို့သည် တစ်ခုနှင့်တစ်ခု အဆက်အစပ်မရှိဘဲ သတ္တဝါတို့၏ ကိုယ်၌ တသီးတခြားစီ ဖြစ်တည်နေကြ၏၊ တစ်ခုကိုတစ်ခု အကျိုးအပြစ်မဖြစ်စေနိုင်သဖြင့် ယင်းတို့သည် တစ်ဦးချင်းသော် လည်းကောင်း၊ ပေါင်းစပ်၍သော်လည်းကောင်း ပြောင်းလဲမှု တိုးတက်မှုတို့ကို ပြုနိုင်စွမ်းမရှိချေ။ ထို့ကြောင့် သတ္တဝါတို့တွင် ပြုလုပ်သောသူ၊ ခံရသောသူ၊ ခံစား စံစားသောသူ ဟူ၍ မရှိသကဲ့သို့ ကမ္မအမှုကိုပြုသောသူလည်း မရှိချေ။ သဘာဝအားဖြင့်သာ ယင်းဓာတ်တို့၏ အစုအဝေးကို သတ္တဝါဟု ခေါ်ဆိုနေခြင်းဖြစ်၏။ အမှန်စင်စစ် သေသည်၏အခြားမဲ့၌ ယင်းဓာတ်တို့သည် အစုအဝေးမှ ဖဲခွာကာ တစ်ခုချင်းအဖြစ်ဖြင့်သာ တည်ကြရမည်ဖြစ်၍ ဘဝပြတ်သည်ဟူ၍ ခေါ်ဆိုနိုင်၏။ ယင်းအသီးသီးသောဓာတ်များသည် ပျက်စီးရွေ့လျောသော သဘောမရှိကြမူ၍ တစ်ခုချင်းတည်နေသည် ဖြစ်သောကြောင့်လည်း ယင်းဝါဒကို တည်မြဲသော (သဿတ) ဝါဒဟူ၍ ခေါ်ဆိုနိုင်ပြန်သေး၏။"**

အထက်ပါအချက်တို့ကို ထောက်၍.... ပကုဓကစ္စာယနသည် ရုပ်ကြမ်းဝါဒကို တစ်စိတ်တစ်ပိုင်း လက်ခံထားသည်ကိုလည်း တွေ့ရသည်။ ကံ-ကံ၏အကျိုးကို မယုံသော အကိရိယဝါဒကို လက်ခံထားသည်ကို လည်းတွေ့ရ၍ အတ္တသည် တည်မြဲသည်ဟူသော အတ္တဝါဒကို လက်ခံထားသည်ကို

---

* ၁၇၃၊ သာမညဖလသုတ်၊ ညွှန်းပြီး၊ ပိုဒ်ရေ-၁၇၃။
** ဦးအောင်သန်း (ပါဠိပါမောက္ခ) ညွှန်းပြီး။



www.burmeseclassic.com

www.burmeseclassic.com



လည်း တွေ့ရသည်။ ပကုဓကစ္စာယနသည် လူနှင့် လူ့ဘဝကို အနောက်တိုင်းမှ အာရုံတွေ့ အဓိကဝါဒီများကဲ့သို့ အာရုံငါးပါးဖြင့်သာ ချဉ်းကပ်လေ့လာခြင်း ပြုဟန်တူသည်။ အာရုံငါးပါးဖြင့် လေ့လာခြင်း အပြင် အခြားသော နည်းများလည်း ရှိနိုင်ကြောင်းကို လည်းကောင်း၊ ထိုနည်းလမ်းများဖြင့် မိမိလက်ရှိအမြင်ထက် လေးနက်သော သိစရာများရှိသေးကြောင်း လည်းကောင်း ပ ကု ဓ က စ္စာ ယ န စဉ်းစားခဲ့မိဟန်မတူချေ။

အဇိတကေသကမ္ဗလ၏ အယူအဆကို ဗုဒ္ဓစာပေများ၌ အောက်ပါကဲ့သို့ ဖော်ပြထားသည်ကို တွေ့ရ၏။

"....ပေးလှူခြင်းသည် မရှိ (အကျိုးမရှိဟု ဆိုလိုသည်) ယဇ် ပူဇော်ခြင်းသည် မရှိ၊ ဟုံးပူဇော်ခြင်းသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ ဝိပါက်သည် မရှိ၊ ဤလောကသည်မရှိ၊ တစ်ပါးသော လောကသည်မရှိ၊ အမိသည် မရှိ၊ အဖသည် မရှိ (အမိ အဖတို့အား ကောင်းစွာ ပြုသည်ဖြစ်စေ၊ မကောင်းသဖြင့် ပြုသည်ဖြစ်စေ ( ဝါ ) ပြုစု လုပ်ကျွေးသည်ဖြစ်စေ၊ မပြုစု မလုပ်ကျွေးသည်ဖြစ်စေ အကျိုးပေး သက်ရောက်မှု မရှိဟု ဆိုလိုသည်) ....

သေ၍ တစ်ဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်။ ဤလောကကိုလည်းကောင်း၊ တစ်ပါးသော လောကကိုလည်းကောင်း၊ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏာတို့သည် လောက၌ မရှိကုန်...

ဤသတ္တဝါသည် မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏။ သေသောအခါ မြေဓာတ်သည် မြေဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏။ ရေဓာတ်သည် ရေဓာတ် အစုသို့ ဆိုက်၏၊ ရောက်၏။ မီးဓာတ်သည် မီးဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏။ လေဓာတ်သည် လေဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏။ နာမ်က္ခန္ဓာတို့သည် ကောင်းကင်သို့ ပြောင်းရွေ့



www.burmeseclassic.com

www.burmeseclassic.com



ကုန်၏။ ညောင်စောင်းလျှင် ငါးခုမြောက် ဖြစ်သော ယောကျ်ားကို့သည် သူသေကောင်ကို ယူ၍ သွားကုန်၏။ သင်္ချိုင်းတိုင်အောင် သူသေကောင်တို့သည် ထင်ကုန်၏။ အရိုးတို့သည် ခိုအဆင်းကဲ့သို့ ဖြစ်ကုန်၏။ အလှူတို့သည် ပြာအဆုံးရှိကုန်၏။ အလှူပေးခြင်းကို လူမိုက်တို့က ပညတ်ထား၏။ အချို့သူတို့သည် (ပေးလှူလျှင် အကျိုးရှိသည်၊ နောင်တမလွန်ဘဝ၌ အလှူ၏ ကောင်းကျိုးကို ခံစားရသည်) ဟူသော ဝါဒကို ဟောပြောကုန်၏။ ထိုသူတို့၏ စကားသည် အချည်းနှီးဖြစ်၏။ မှားယွင်း၏။ ယောင်ယမ်းပြောဆိုသော စကားဖြစ်၏။ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ၊ ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်စဲကုန်၏။ ပျောက်ကွယ်သွားကုန်၏။ သေသည်မှ နောက်၌ မရှိကုန်။"*

အဇိတကေသကမ္ဗလသည်လည်း ရုပ်ဝါဒီဖြစ်ရကား တစ်ခုတည်းသောဘဝ (ဝါ) မျက်မှောက်ဘဝကိုသာ လက်ခံ၍ နောင်တမလွန်ဘဝရှိသည်ကို မယုံကြည်ချေ။ ထို့အတူ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးပေးသက်ရောက်မှုများ ရှိသည်ဟုလည်း လက်မခံချေ။ အဇိတ အလိုအရ လူသည် ဤလက်ရှိဘဝ၌ အသိဉာဏ်တိုးတက်ရေးအတွက် ကြိုးစားနေစရာလည်းမလို၊ ပညာပါရမီ ဖြည့်နေစရာလည်းမလိုချေ။ တမလွန်ဘဝ မရှိသောကြောင့် ပါရမီဖြည့်မှု ဟူသမျှသည် အဓိပ္ပာယ်မရှိသော အလုပ်များသာ ဖြစ်ပေလိမ့်မည်။

အဇိတ က .... သတ္တဝါဟူသမျှတို့သည် မြေ၊ ရေ၊ လေ၊ မီးနှင့် အာကာသဓာတ်တို့၏ အပေါင်းအစုမျှသာဖြစ်၍ အသက်သေသောအခါ ကိုယ်၌ရှိသော ယင်းဓာတ်တို့သည် သက်ဆိုင်ရာ သဘာဝဓာတ်အဖြစ်သို့ အသီးသီး ပြောင်းလဲ သွားကြသည်။ အာရုံငါးပါးတို့သည်လည်း အာကာသဓာတ်တို့နှင့် ပေါင်းစပ်ပြီးလျှင် ကွယ်ပျောက်သွားကြသည်။ သေပြီးသည့်နောက်၌ သတ္တဝါတို့အဖို့ မည်သို့သော ဘဝဟူ၍မျှ မရှိတော့ဘဲ ဘဝပြတ်သွားသည်ဟု ယူဆသည်။ ဤ အယူအဆကိုထောက်၍ အဇိတ သည်

---

* သာမည ဖလသုတ်၊ ညွန်းပြီး၊ ပိုဒ်ရေ-၁၇၈။



www.burmeseclassic.com

www.burmeseclassic.com



ဥစ္ဆေဒဝါဒကို အတိအကျ လက်ခံကြောင်း ထင်ရှား၏။ အဇိတသည် ရုပ်ဝါဒီဖြစ်ရကား ရုပ်နှင့်စိတ် (ဝါ) အတ္တဝိညာဉ်သည် အတူတူပင် ဖြစ်သည်။ စိတ်ဝိညာဉ်ဆိုသည်မှာ သိတတ်သော ရုပ်ပင်ဖြစ်သည်။ ပမာနအားဖြင့် ရုပ်သည်သာ အစစ်အမှန် တရားဖြစ်သည်ဟု ယူဆသူဖြစ်သည်။ သူ၏ အယူအဆသည် အိန္ဒိယဒဿနသမိုင်း၌ တွေ့ရသော စာရ်ဝါက[၁]၏ ရုပ်ကြမ်းဝါဒနှင့် ဆင်တူသည်ဟု ဆိုနိုင်လေသည်။

အဇိတကေသ ကမ္ဗလသည် ပကုဓကစ္စာယနကဲ့သို့ပင် လူနှင့် လူ့လောကကို အာရုံတွေ့နည်းလောက်မျှဖြင့် ချဉ်းကပ်သူ ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ လူနှင့် လူ့ဘဝဆိုင်ရာ အမှန်တရားတို့ကို အာရုံတွေ့နည်းဖြင့်လည်းကောင်း၊ ထိုအာရုံတွေ့နည်းဖြင့် တွေ့ကြုံလာမှုအပေါ် အခြေခံ၍ တွေးတောဆင်ခြင်သော နည်းဖြင့်လည်းကောင်း၊ မိမိကိုယ်ကို ညှဉ်းဆဲသော အတ္တကိလမထနည်းဖြင့် လည်းကောင်း မှန်ကန်စွာ သိနိုင်ပါမည်လောဟု သံသယဖြစ်ဖွယ်ရှိလာပြန်သည်။ ဗုဒ္ဓကဲ့သို့သော ပုဂ္ဂိုလ်မှာမူ အထက်ပါ နည်းတို့ဖြင့် လူနှင့်လူ့ဘဝဆိုင်ရာ အမှန်တရားကို မသိနိုင်ကြောင်း၊ လူနှင့်လူ့ဘဝဆိုင်ရာ အမှန်တရားတို့ကို သိမြင်နိုင်သောနည်းမှာ သတိပဋ္ဌာန်နည်း (ဝါ) "ဘာဝနာနည်း" (ဝါ) အင်္ဂါရှစ်မျိုးပါဝင်သော မဂ္ဂင်နည်းဖြင့်သာ သိမြင်နိုင်ကြောင်း ဖော်ထုတ်တင်ပြခဲ့သည်ကို တွေ့ရ၏။

နည်းလမ်းမတူလျှင် ရလာသော အမှတ်တရားတို့သည်လည်း မတူကြဘဲ အမျိုးမျိုးဖြစ်နေကြမည် ဖြစ်သည်။ အမှန်တရားကို မည်သူမဆို သိနိုင်ခွင့်ရှိပါသည်။ ထိုအမှန်တရားကို သိမြင်နိုင်သော နည်းလမ်းကိုလည်း မည်သူမဆို လေ့လာစူးစမ်းခွင့် ရှိသည်သာ ဖြစ်ပါသည်။ သို့ဖြစ်၍ .... အမှန်ကို မသိမှုကြောင့် မသိမှားမှုတို့အတွင်း၌ လွင့်မျောရင်း လောကဓံတို့နှင့် ကြုံသည့်အခါ ဆောက်တည်ရာမရဖြစ်ရသော လူအား မည်သို့သော နည်းလမ်းက လွန်မြောက်စေနိုင်ကြောင်းကို အသိ၊ သတိကြီးစွာထား၍ စူးစမ်းလေ့လာကြည့်ဖို့ လိုမည်ဖြစ်လေသည်။

---

၁ Carvaka



www.burmeseclassic.com

www.burmeseclassic.com

[၉]

## သတ္တဝါဒဖြင့် လူ၏ အားကိုးဆောက်တည်ရာကို ရှာဖွေသော အိန္ဒိယ ဒဿနဂိုဏ်းများမှ အယူအဆများ

အိန္ဒိယ အတွေးအခေါ် သမိုင်း၌ ဝေဒကျမ်းလာ အယူအဆများကို လက်မခံသော ဂိုဏ်းများနှင့် ဝေဒကျမ်းလာ အယူအဆများကို တစ်နည်း မဟုတ်တစ်နည်း လက်ခံကြသော ဂိုဏ်းများဟူ၍ ရှိ၏။ ဝေဒကျမ်းလာ အယူအဆများကို တစ်နည်းမဟုတ်တစ်နည်း လက်ခံကြသော ဂိုဏ်းများ အနက် အချို့က ထာဝရဘုရား (ဝါ) မဟာဗြဟ္မာက လောကကို ဖန်ဆင်း သည်ဟု ယုံကြည်ကြ၏။ အချို့က ထာဝရဘုရား ရှိသည်ဟူသော အယူ အဆကို လက်မခံချေ။ အချို့က ဖန်ဆင်းသူကို ပုံသဏ္ဌာန်ရှိသောသူအဖြစ် ယူဆကြ၍ အချို့က ဖန်ဆင်းသူသည် ပုံသဏ္ဌာန်မရှိဟု ယူဆကြ၏။ အချို့ က လူသတ္တဝါတို့တွင် သီးခြားအတ္တများ (ဝါ) ဇီဝအတ္တများ ရှိသည်ဟု ယူဆကြ၍ အချို့က ဇီဝအတ္တရှိသည်ဟု ထင်မှတ်ခြင်းသည် အဝိဇ္ဇာတရား ကြောင့်ဖြစ်သည်။ အမှန်ရှိသောအရာမှာ ပရမအတ္တတစ်ခုတည်းသာရှိသည် ဟု ယူဆကြသည်။ ထိုဂိုဏ်းများသည် ဘဝသံသရာကို လက်ခံကြ၍ အတ္တသည် မိမိဉ္စနှောင်ဖွဲ့နေသော ကံတရားကြောင့် တစ်ဘဝပြီးတစ်ဘဝ ကူးပြောင်းကျင်လည်နေရသည်။ အတ္တ၌ ကံတို့မစင်ကြယ်သရွေ့ (ဝါ) ကံ တို့ကို ဖြစ်စေသော အဝိဇ္ဇာတရားတို့ မကုန်သရွေ့ ထိုအတ္တသည် ခန္ဓာ တစ်ခုပြီးတစ်ခုအတွင်းသို့ ဝင်ရောက်ကာ အတောမသတ်သော သံသရာကို ကျင်လည်နေမည်။ ကျင်လည်ရင်း .... ထိုထို ဘဝ ဘဝ တို့၌ ဒုက္ခအမျိုးမျိုးကို တွေ့ကြုံခံစားလျက် ဆောက်တည်ရာမရဘဲ ဖြစ်နေရသည်။ သို့ဖြစ်၍ အတ္တ၌ ကံတို့ စင်ကြယ်သွားအောင် (ဝါ) ရုပ်ဟူသမျှ စင်ကြယ်သွားအောင် ယောဂ အကျင့်များကို ကျင့်ရမည်ဟု ယူဆကြသည်။ အချို့ကလည်း ယောဂ ကျင့်စဉ်ထက် ယစ်ပူဇော်မှုကိုပြုရန် အလေးပေး ပြောကြခြင်းများလည်း ရှိသည်။ သို့ရာတွင် ယောဂအကျင့်များလောက်မျှဖြင့် ကံတို့ကို စင်ကြယ် သွားအောင် မတတ်နိုင်ကြောင်းကို ထိုဂိုဏ်းများမှ ဒဿနပညာရှင်တို့ သိမသွားကြချေ။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

## အဆုံးစွန်သော အမှန်တရားကို ရှာဖွေခြင်း

သုတ္တန်ခေတ်၌ နောင်တွင် ဟိန္ဒူဘာသာဟု ခေါ်လာ ရသော ဒဿနဂိုဏ်းများ စနစ်တကျပေါ်လာသည်ဟု သုတေသီများက ယူဆကြကြောင်း ရှေ့တွင်ဖော်ပြခဲ့၏။ ထိုဒဿနဂိုဏ်းများအနက် အချို့ဂိုဏ်းများသည် ဗုဒ္ဓဝါဒထက်ပင်စော၍ ပေါ်ထွန်းခဲ့သော ဂိုဏ်းများဖြစ်သည်ဟု အချို့သော သုတေသီများက ယူဆကြ၏။ ထိုဂိုဏ်းများကို မည်သူတို့က စတင် တည်ထောင်ခဲ့ကြသည်ကို အတိအကျမသိရဟုလည်း ဆိုကြသည်။*

သုတ္တန်ခေတ်၌ ပေါ်လာသော ဒဿနဂိုဏ်းများမှာ ( ၆ ) ဂိုဏ်းများရှိ၍ ၎င်းတို့မှာ .... (၁) ဉာယဂိုဏ်း[၁] (၂) ဝိသေသိကဂိုဏ်း[၂] (၃) သချ်ာဂိုဏ်း[၃] (၄) ယောဂဂိုဏ်း[၄] (၅) ပါဘ မိမံသဂိုဏ်း[၅] (၆) ဥတ္တရမိမံသဂိုဏ်း[၆] ( ၇ ) ဝေဒန္တဂိုဏ်း[၇] တို့ဖြစ်ကြ၏။ ထိုဂိုဏ်းများသည် ဝေဒခေတ်အတွေးအခေါ် အယူအဆများကို တစ်နည်းမဟုတ် တစ်နည်း လက်ခံသော ဂိုဏ်းများဖြစ်ကြ၏။ ထိုဂိုဏ်းကြီး (၆) ဂိုဏ်းမှ ဒဿနပညာရှင်အားလုံးသည် လူသတ္တဝါ၌ မကျေပျောက်နိုင်သော၊ ခိုင်မြဲသော

---

* S. Prabhavanda, op. cit., p.233

၁ Nyaya School
၂ Vaisesika School
၃ Samkya School
၄ Yoga School
၅ Purva Mimamsa School
၆ Uttara Mimamsa School
၇ Vedanta School



www.burmeseclassic.com

www.burmeseclassic.com



ဇီဝအတ္တသည်ရှိသည်ဟု တစ်နည်းမဟုတ်တစ်နည်း လက်ခံကြသူများ ဖြစ်သည်။ ဤအခန်း၌ ထိုဂိုဏ်း (၆)ဂိုဏ်းတွင် တွေ့ရသော အရေးကြီးသည့် အယူအဆအချို့ကို ဖော်ပြပါဦးမည်။

## ညာယဂိုဏ်း

ညာယဂိုဏ်းသားတို့က .... လူ၌ရှိသော ဇီဝအတ္တသည် လူ၏ ရုပ်ခန္ဓာအတွင်း၌ ရှိနေသော်လည်း ထိုဇီဝအတ္တသည် ရုပ်ခန္ဓာကိုယ်နှင့် လုံးဝမတူဘဲ တည်နေသောအရာဖြစ်သည်။ ထိုအတ္တသည် မည်သို့မျှ ဖျက်ဆီးခြင်းငှာ မရနိုင်သော၊ ထာဝရ ခိုင်မြဲသော သဘောကို ဆောင်သည်။ အတ္တသည် အစ မရှိ အဆုံး မရှိသော အရာ ဖြစ်သည်။ ထိုအတ္တ ကို ထာဝရဘုရားက ဖန်ဆင်း ထားသည် မဟုတ်။ ထိုအတ္တကို ထာဝရဘုရားက ဖျက်ဆီးခြင်းငှာလည်း မတတ်နိုင်။ ထိုအတ္တသည် လွတ်မြောက်ရေး တရားကို မရသေးသဖြင့် နောင် ဘဝ ဘဝ တို့သို့ ကူးပြောင်းကျင်လည်နေရသည်။ ဘဝတစ်ခုသို့ရောက်၍ ခန္ဓာကိုယ်တစ်ခုအတွင်းသို့ထိုအတ္တဝင်ရောက်ဖြစ်ပေါ်ခြင်းကို မွေးဖွားခြင်းဟုခေါ်၍ ထိုမှတစ်ဖန်အခြားတစ်ဘဝ၊ အခြားခန္ဓာသစ်သို့ ကူးပြောင်းသွားရန် အတွက် လက်ရှိခန္ဓာဟောင်းအား စွန့်ခွာခြင်းကို သေခြင်းဟူ၍ ခေါ်ဝေါ်ပြောဆို ကြခြင်းဖြစ်သည်။ ထိုသို့ ခေါ်ဝေါ်ပြောဆို နေရသော်လည်း အတ္တ၏ ပကတိပင်ကိုသဘာဝ၌ မွေးဖွားခြင်း၊ သေခြင်းသဘောသည် မရှိ။ အတ္တသည် ထာဝရ မြဲသောအရာ ဖြစ်သည်ဟု ယူဆကြသည်။

ညာယဂိုဏ်းသားတို့က အတ္တ၌ အတွင်းဣန္ဒြေဟု ခေါ်အပ်သော မန[1] ဟူသော အရာသည်ရှိသည်။ ထိုမနမှတစ်ဆင့် အတ္တသည် မြင်ခြင်း၊ ကြားခြင်း၊ ခံစားခြင်း၊ သုခမှု၊ ဒုက္ခမှု၊ နှစ်သက်တပ်မက်မှု စသည်တို့ကို ခံယူရရှိသည်။ တစ်နည်းအားဖြင့် ပြင်ပအာရုံများနှင့် မနတို့ ထိတွေ့ပြီးမှ အတ္တသည်မြင်ခြင်း၊ ကြားခြင်း၊ သာယာဖွယ်၊ မသာယာဖွယ် သုခဒုက္ခတို့ကို ထိသိခံစားခြင်းတည်းဟူသော အသိစိတ်များ ( ၀၂ ) သိခြင်းသဘော ဖြစ်ပေါ်လာသည်။ အတ္တကိုယ်တိုင်၌မူ သိခြင်းသဘောမရှိ။ သိမှုသဘောသည် မနနှင့် အာရုံတို့ တိုက်ဆိုင်ဆက်စပ်၍ ယာယီမျှဖြစ်ပေါ်လာသော သဘောသာ ဖြစ်သည်။

---

၁ manas ၂ consciousness



www.burmeseclassic.com

www.burmeseclassic.com



ညာယဒဿန အလိုအရ လူ၌ရှိသော အတ္တသည် ပင်ကိုအားဖြင့် သန့်ရှင်းဖြူစင်သော သီးသန့်အရာ ဖြစ်ပါလျက် ရုပ်ခန္ဓာကိုယ်နှင့် လည်းကောင်း၊ မနမှတစ်ဆင့် ပြင်ပအာရုံများနှင့်လည်းကောင်း၊ ရောနှောဆက်စပ်မိသောကြောင့်သာ အာရုံခံစားမှုများ၊ သုခ၊ ဒုက္ခများ၊ အဝိဇ္ဇာ မောဟတရားများ ဖြစ်ရသည်။ ရာဂ ဒေါသ တရားတို့သည်လည်း ဖြစ်ရသည်။ ထိုတရားတို့ဖြင့် လူသည် အကောင်းအဆိုး အမျိုးမျိုးသော ကံတရားတို့ကို ပြုမူသည်။ ထိုသို့ပြုမူသော ကံတရား များသည် လူအား အကောင်းအဆိုး အမျိုးမျိုး အကျိုးပေးရန် စွမ်းအင်များ အဖြစ် အတ္တအတွင်း၌ ပါဝင်နေကြသည်။ ထိုအကောင်းအဆိုး အမျိုးမျိုးသော ကံစွမ်းအင်တို့ကြောင့် လူသည် သေသောအခါ ကံအလိုက် ကောင်းသောဘဝ၊ ဆိုးသောဘဝသို့ ရောက်ရသည်။ ရောက်ရာဖြစ်ရာဘဝ၌ အကောင်းအဆိုး၊ ဆင်းရဲချမ်းသာတို့ ဖြစ်အောင်လည်း ထိုကံတို့ကပင် ပြဋ္ဌာန်းသည်။

လူသည် မသိမှု အဝိဇ္ဇာတရားကြောင့် အစွဲဉပါဒါန် အမျိုးမျိုးနှင့်ကံတရားအမျိုးမျိုးကိုပြုသည်။ကံတရားတို့ကိုပြု၍ ကံစွမ်းအင်တို့ရနေသမျှအတ္တသည် ခန္ဓာတစ်ခုမှ တစ်ခုသို့ ပြောင်းဝင်လျက် အတောမသတ်သော သံသရာကို ကျင်လည်နေရမည် ဖြစ်သည်။ သို့ဖြစ်၍ ညာယတို့ အလိုအရ မသိမှု အဝိဇ္ဇာကိုဖယ်၍ အမှန်သိမှု ဝိဇ္ဇာဉာဏ်ကိုရအောင် အားထုတ် ကျင့်ဆောင်ရမည် ဖြစ်သည်။ အမှန်သိမှု ဝိဇ္ဇာဉာဏ်ကိုရလျှင် အတ္တသည် လွတ်မြောက်ရေးကိုရမည်။ "အသိမှန်သည် အသိမှားကို ပယ်ဖျက်နိုင်သည်။ အသိမှန်သည် ရာဂဒေါသ အစရှိသည့် အစွဲဉပါဒါန်များကို ပယ်ဖျက်နိုင်သည်။ ခံစားမှုများ အစွဲဉပါဒါန်များ ချုပ်ငြိမ်းသွားလျှင် ကံတရားများကို ပယ်ဖျက်နိုင်မည်ဖြစ်သည်။ ကံတရားတို့ကို ပယ်ဖျက်ခြင်းသည်ပင် ဘဝအသစ်အသစ်ရခြင်းဖြင့် အဖန်ဖန် ကျင်လည်ရသော သံသရာကို ဖျက်ဆီး ဖြတ်တောက်လိုက်ခြင်းပင် ဖြစ်သည်။ ဘဝ အဖန်ဖန်ဖြစ်ခြင်းဖြင့် ကျင်လည်ရသော သံသရာကို ပယ်ဖျက်လိုက်ခြင်းသည် ဒုက္ခတို့ကိုချုပ်ငြိမ်းသွားစေခြင်း ဖြစ်သည်။ လွတ်မြောက်ရေး ဟူသည်မှာ ဒုက္ခခပ်သိမ်းတို့ မရှိခြင်းသဘောပင် ဖြစ်သည်။"*

ညာယတို့ အလိုအရ လွတ်မြောက်ရေးတရားကို ရစေနိုင်သောအမှန်အသိတရားဆိုသည်မှာ "အတ္တသည် ပကတိအားဖြင့် ရုပ်ခန္ဓာကိုယ်နှင့်လည်း

---

* Jadunadh Sinha, op. cit., p. 92



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ မနနှင့်လည်းကောင်း၊ အခြားအခြားသော အာရုံများ ခံစားမှုများနှင့်လည်းကောင်း ဘာမျှ ရောယှက်ခြင်းမရှိဘဲ သီးသီးသန့်သန့် တည်နေသော အရာ ဖြစ်သည်"* ဟု သိမြင်ခြင်းကို ဆိုလိုသည်။ အမှန် သိမှုဖြစ်လာသောအခါ ရုပ်ခန္ဓာသည်လည်း အတ္တမဟုတ်၊ အာရုံတို့သည်လည်း အတ္တမဟုတ်၊ မနသည်လည်း အတ္တမဟုတ်ဟု သိမြင်လာမည်။

အမှန်သိမှုဖြစ်လာသောအခါ ရုပ်ခန္ဓာကိုယ်သည် အစစ်အမှန်တရားမဟုတ်၊ အာရုံတို့သည် အစစ်အမှန် တရားမဟုတ်၊ မန သည်လည်း အစစ်အမှန်တရားမဟုတ်၊ တကယ်အစစ်အမှန်တရားမှာ ဇီဝအတ္တသာလျှင် ဖြစ်သည်။ ထိုဇီဝအတ္တသည် ပကတိအားဖြင့် သိမှု အလုံးစုံ မရှိသော (ဝါ) မည်သည့် ရာဂဒေါသတို့နှင့်မျှ မရောယှဉ်သော သန့်ရှင်းဖြူစင်သောအရာ ဖြစ်သည်ဟု သိမြင်လာမည်။ ထိုသို့ခန္ဓာကိုယ်သည် အစစ်အမှန် မဟုတ်ကြောင်းကို လည်းကောင်း၊ အာရုံတို့သည် အစစ်အမှန် မဟုတ်ကြောင်းကို လည်းကောင်း၊ မနသည် အစစ်အမှန် မဟုတ်ကြောင်းကို လည်းကောင်း သိမြင်လာပါက ထိုခန္ဓာ၊ ထိုအာရုံ၊ ထိုမနဌ် စွဲလမ်းမှု၊ ရာဂဒေါသတို့ ပျောက်ကွယ်ချုပ်ငြိမ်းသွားမည်။ အစွဲဥပါဒါန် ရာဂဒေါသတို့ ချုပ်ငြိမ်းသွားပါက ကံတရားတို့ ချုပ်ဆုံးသွားမည်။ ကံတရားတို့ ချုပ်ဆုံးသွားပါက ဘဝသံသရာလည်း ချုပ်ဆုံးသွားမည်။ ထိုအခါ အတ္တသည်လည်း ခန္ဓာအသစ်အသစ်တို့သို့ ပြောင်းဝင် ကျင်လည်ရခြင်း မရှိတော့ဘဲ ထာဝရ လွတ်မြောက်မှုကို ရသွားမည်ဟု ဆိုလိုပေသည်။

အထက်ပါ အယူအဆကို ကြည့်ပါက အကောင်းအဆိုးတို့ကို လူကပင်ပြုသည်၊ လူသည် မိမိဘဝကိုကောင်းအောင် ဆိုးအောင် ပြုသူဖြစ်သည်။ ကံတို့ကို ဖျက်ဆီး၍ ဘဝလွတ်မြောက်ရေးကိုရအောင်လည်း လူကပင်လုပ်နိုင်သည်ဟု ယူဆရမလိုရှိ၏။ သို့ရာတွင် ဉာယတို့က လောကကြီးကို ပြုပြင်စီရင်သည့် ထာဝရဘုရားသည် ကမ္မနိယာမ[၁] ကို ချမှတ်ပေးသူဖြစ်သည်ဟု ဆိုသည်။ ကောင်းမှုပြုသူကို ထာဝရဘုရားက ပျော်ရွှင်မှုသုခပေး၍ မကောင်းမှုပြုသူကို ဆင်းရဲဒုက္ခပေးခြင်းဖြင့်ပြစ်ဒဏ်ပေးသည်ဟုဆိုသည်။ **ထာဝရဘုရားသည်

---

* Chattergee & Dutta ., op, cit., p. 246

၁ the law of karma

** Jadunath Sinha, op. cit., p. 106



www.burmeseclassic.com

www.burmeseclassic.com



လူတို့ပြုသော ကောင်းမှုကံ၊ မကောင်းမှုကံ အလျောက် လူတို့အား ပျော်ရွှင်မှုနှင့် ဆင်းရဲမှုကို ပေးနေသူဖြစ်သည်။....ထာဝရ ဘုရားသည် ကမ္ဘနိယာမကို ညွှန်ကြားစီစဉ်ပေးသူဖြစ်သည်။ ထာဝရဘုရားသည် လူတို့၏ ဇီဝအတ္တများကို ကိုယ်ကျင့်တရားဆိုင်ရာ နိယာမအရ သင့်လျော်ရာရာ နေရာတို့၌ ထားပေးသူဖြစ်သည်* ဟု ဆိုသည်။ သို့ဆိုပါက လူသည် မိမိကိုယ်မိမိ လိုသလို မဖန်တီးနိုင်ဘဲ ထာဝရဘုရားအလိုကျ ပြဋ္ဌာန်းခံနေရသူအဖြစ် မြင်လာရပြန်သည်။

ညာ ယတို့က.... ထာဝရဘုရားသည် ရုပ်ခန္ဓာကိုယ်မရှိသော၊ ဝိညာဉ်သက်သက် သဘောကို ဆောင်သော ထာဝရ ဘုရား ဖြစ်သည်** ဟုယူဆကြသည်။ ထာဝရဘုရားသည် အခြားထာဝရ ဘုရားများကဲ့သို့ ဘာမျှမရှိသော အခြေအနေမှ နေ၍ လောကကြီး ဖြစ်လာ ရှိလာအောင် ဖန်ဆင်းသူမဟုတ်၊ ညာ ယတို့၏ ထာဝရဘုရားသည် မူလရှိနေနှင့် ပြီးဖြစ်သော မြေအဏုမြူ၊ ရေအဏုမြူ၊ အလင်းအဏုမြူ၊ လေအနုမြူတို့ကို အဆင့်ဆင့်ဆက်စပ်ပေးခြင်းဖြင့် ဤလောကကြီးဖြစ်လာအောင် စီစဉ်ပေးလိုက်သူသာဖြစ်သည်။ ထာဝရဘုရားသည် အချိန်နှင့် နေရာ (ကာလ အာကာသ) ကိုလည်း ဖန်ဆင်းသူမဟုတ်။*** အတ္တဇီဝ များကိုလည်း ဖန်ဆင်းသူမဟုတ်၊ "ထာဝရတည်ရှိနေသော အဏုမြူများ၊ ကာလ၊ အာကာသ၊ အီသာ၊ မန၊ ဇီဝအတ္တတို့ကို ညီညွတ်မှုရှိအောင် စီစဉ်ပေးသူသာ ဖြစ်သည်။ ထာဝရဘုရားသည် လောကကြီး၏ ရုပ်အကြောင်းတရား၁ မဟုတ်၊ ပြုလုပ်ခြင်း အကြောင်းတရား၂ သာဖြစ်သည်။ ထာဝရဘုရားသည် စနစ်တကျ တည်ရှိအောင် စကြဝဠာကြီးအား တည်ဆောက်လိုက်သူ ဗိသုကာတစ်ဦးသဖွယ်ပင်ဖြစ်သည်"****

ညာယတို့က ထာဝရဘုရားသည် တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တရှိသူဖြစ်သည်။ ထာဝရဘုရားသည် လောကကြီးကို ဖန်တီးစီစဉ်သူ

---

* Ibid., p. 107
** Ibid., p.117
*** Ibid., p. 100
၁ material cause ၂ efficient cause
**** S. Redhakrishnan, (Edit.), "History of philosophy: Eastern and Western" Vol. I. p. 228



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်သည်။ လောကကြီးကို တည်တံ့စေသူလည်း ဖြစ်သည်။ လောကကြီးကို ဖျက်ဆီး ပစ်သူလည်း ဖြစ်သည်။ ဖျက်ဆီးပစ်ပြီးနောက် ဤလောက ဤကမ္ဘာကြီးနှင့်တကွ သက်ရှိသတ္တဝါတို့ကို ထပ်မံ ဖန်တီး စီစဉ်ပေးဦးမည် ဖြစ်သည်ဟု ယူဆကြသည်။

ဤနေရာ၌လည်း သံသယပွားစရာ ရှိလာပြန်သည်။ ထိုသံသယများဖြင့် စဉ်းစားတတ်သောလူသည် .... "အဘယ်ကြောင့် ထာဝရဘုရားသည် ဤလောက လူ့ဘဝသို့ လူအဖြစ် ရောက်လာအောင် ငါ့အား ဖန်တီးစီစဉ်ရသနည်း။ ဤလောကလူ့ဘဝသို့ လူအဖြစ်နှင့် ရောက်လိုပါသည် ဟူသော သဘောတူညီချက်ကို ငါ့ထံ၌ မယူပါဘဲလျက် အဘယ်ကြောင့်လူအဖြစ်ရောက်လာအောင် ငါ့အား ဖန်တီးရသနည်း" စသည့် မေးခွန်းများကို မေးလာတတ်ပြန်သည်။ ညာယတို့က အထက်ပါ မေးခွန်းပြဿနာများကို ဖြေရှင်းချက် အမျိုးမျိုးပေးကြသည်။ ညာယတို့က .... ထာဝရဘုရားသည် မိမိကိုယ်ကျိုးအတွက် ဤကမ္ဘာလောကနှင့် လူသတ္တဝါတို့ကို ဖန်တီး စီစဉ်ခြင်းမဟုတ်၊ သတ္တဝါအားလုံး၏ ကောင်းကျိုးအတွက်သာ ဖန်တီးစီစဉ်ခြင်းဖြစ်သည်ဟုဆိုကြသည်။ ညာယတို့က "လူတစ်ဦးစီရှိသော ဇီဝအတ္တများသည် (ဝါ) လူတစ်ဦးချင်းစီသည် မိမိဘဝ၏ ကောင်းကျိုးဆိုးကျိုး၊ သုခဒုက္ခကို ရရှိခံစားရမည်။ သို့ရာတွင် ထာဝရဘုရား၏ ကရုဏာနှင့် လမ်းညွှန်မှုကြောင့် သတ္တဝါအားလုံးသည် အသိမှန်ကိုရရှိကာ အဆုံး၌ ဒုက္ခဟူသမျှမှ ကင်းသော လွတ်မြောက်မှုကို ရရှိမည်"ဟု ဆိုကြသည်။

ဤနေရာ၌လည်း မေးစရာများ ရှိလာပြန်သည်။ ဇီဝအတ္တသည် အစမူလက သုခ–ဒုက္ခတို့နှင့် မရောယှက်ဘဲ သီးသီးသန့်သန့် စင်စင်ကြယ်ကြယ် ရှိနေသည်ဖြစ်ပါလျက် အဘယ်ကြောင့် ရုပ်ခန္ဓာနှင့် ရောယှက်ပတ်သက်မိအောင် ထိုသို့ရောယှက် ပတ်သက်မိရာမှ သုခ–ဒုက္ခတို့ လူ၌ဖြစ်အောင် အဘယ်ကြောင့် ထာဝရဘုရား (ဝါ) မဟာဗြဟ္မာက ဖန်တီးစီစဉ်ရလေသနည်း၊ ထာဝရဘုရားသည် တန်ခိုးတော်၊ ဉာဏ်တော် အနန္တရှိသည်ဆိုပါလျှင် လူအားဒုက္ခတို့မှ လွတ်ကင်းသူ၊ မကောင်းမှုကံတို့ကို ပြုခြင်းမှ လွတ်ကင်းသူဖြစ်အောင် ကြိုကြိုတင်တင် ရှုမြင်၍ အဘယ်ကြောင့် မဖန်တီး မစီစဉ်ရသနည်း။" ....စသည့် မေးခွန်းများ၊ သံသယများသည် အတောမသတ် ပေါ်လာနိုင်ပြန်သည်။ လွင့်လွင့်မျောမျော



www.burmeseclassic.com

www.burmeseclassic.com



အတွေးအခေါ်များ၊ သံသယများနှင့် အတူ လူသည် ရပ်တည်ရာမရဘဲ ဖြစ်လျက် ရှိနိုင်ပြန်သည်။

**ဝိသေသိကဂိုဏ်း**

ဝိသေသိကဂိုဏ်းသည်လည်း ဇီဝအတ္တနှင့် ပတ်သက်သော အမြင်၊ လွတ်မြောက်ရေးနှင့် ပတ်သက်သော အမြင်၊ ထာဝရဘုရား (ဝါ) ဗြဟ္မာနှင့် ပတ်သက်သောအမြင်တို့၌ ညာယဂိုဏ်းနှင့် ခပ်ဆင်ဆင်တူသော အယူအဆများရှိသည်။ ထို့ကြောင့်ပင် သုတေသီတို့က ထိုဂိုဏ်းနှစ်ခုကို တွဲ၍ 'ညာယ–ဝိသေသိကဂိုဏ်း' ဟူ၍ ခေါ်တတ်ကြသည်။

**သင်္ချာဂိုဏ်း**

သင်္ချာဂိုဏ်း* သည်လည်း လူ၌ဇီဝအတ္တရှိသည်။ ထိုဇီဝအတ္တသည် ထာဝရမြဲသော၊ ခိုင်ခံ့သော သဘောရှိသည်ဟု ယူဆသော ဂိုဏ်းဖြစ်သည်။ သို့ရာတွင် အတ္တနှင့် ပတ်သက်၍ တင်ပြရာ၌ အထက်ပါဂိုဏ်းတို့နှင့် အတန်ငယ် ခြားနားသော အချက်များရှိသည်။ ထာဝရဘုရား ( ဝါ ) ဗြဟ္မာနှင့် ပတ်သက်သောအမြင်၊ လွတ်မြောက်ရေးနှင့် ပတ်သက်သော အမြင်တို့၌လည်း အတန်ငယ် ခြားနားချက်များ ရှိသည်။

အစဉ်အလာ အယူအဆများအရ သင်္ချာဂိုဏ်းကို စတင်ထူထောင်သူ ကပ္ပိလရသေ့[၁] ကြီးသည် ဘီစီ ၆ရာစု မတိုင်မီကတည်းက ရှိခဲ့သူဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် ဂေါတမဗုဒ္ဓထက်စောသော၊ ရှေးကျသော သူဖြစ်သည်ဟု ယူဆကြသည်။ ညာယဂိုဏ်း ဝိသေသိကဂိုဏ်းတို့က ထာဝရဘုရားတည်ရှိမှုကို လက်ခံသော်လည်း သင်္ချာဂိုဏ်းကမူ ထာဝရဘုရားတည်ရှိမှုကို ငြင်းပယ်သည်။ လောကကြီးသည် ထာဝရဘုရား (ဝါ) မဟာဗြဟ္မာ၏ ဖန်ဆင်းစီစဉ်မှုကြောင့် ဖြစ်ပေါ်လာခြင်းမဟုတ်ဟု ယူဆကြသည်။ (သို့ရာတွင် အချို့သော သုတေသီများက သင်္ချာဂိုဏ်းသည်လည်း ထာဝရဘုရားတည်ရှိမှုကို လက်ခံသည်ဟု ဖော်ပြကြသည်။) သင်္ချာဂိုဏ်းသားတို့က "ထာဝရဘုရားသည် အမှန်ရှိ၍ ထာဝရဘုရား၌ အတိုင်းမသိ တန်ခိုးတော် ဉာဏ်

---

* သင်္ချာဂိုဏ်းဟု ခေါ်ဝေါ်ခြင်းကို အချို့သော သုတေသီများက လက်မခံကြချေ။ အဘယ်ကြောင့်ဆိုသော် သင်္ချာစနစ်များကို လေ့လာနေခြင်းမဟုတ်ဘဲ လွတ်မြောက်ရေး တရားကို လေ့လာသောဂိုဏ်း ဖြစ်သောကြောင့်ဟု ဖော်ပြကြ၏။

၁ Kapila



www.burmeseclassic.com

www.burmeseclassic.com



တော်ရှိသည် ဆိုလျှင် သူဖန်ဆင်းသော လောကကြီးသည် ဒုက္ခများ၊ မကောင်းမှုများ ကင်းမဲ့သော လောကကြီးသာဖြစ်ရမည်။ ယခုမူ လောကကြီး၌ ဒုက္ခတရားများ၊ မကောင်းမှုများ ပြည့်လျက်ရှိသည်။ ဤသို့ဖြစ်ရခြင်းသည် ထာဝရဘုရားဖန်ဆင်းသော လောကကြီးမဟုတ်သောကြောင့် ဖြစ်သည်ဟု ယူဆကာ ဖန်ဆင်းခြင်း အယူအဆကို ပစ်ပယ် ကြသည်။ ဖန်ဆင်းခြင်းကို ပစ်ပယ်သည့်အခါ ထာဝရဘုရား တည်ရှိမှုကိုလည်း ပစ်ပယ်ရာ ရောက်သွားလေသည်။

သချ်ာဂိုဏ်းသားတို့က.... "လူ၌ရှိသော ဇီဝအတ္တသည် ပကတိအားဖြင့် ရုပ်ခန္ဓာနှင့်လည်းကောင်း၊ အာရုံများနှင့် လည်းကောင်း၊ အတွင်းဣန္ဒြေဟု ခေါ်အပ်သော မနနှင့် လည်းကောင်း၊ သိမှု ဆင်ခြင်မှုများနှင့် လည်းကောင်း ရောနှောခြင်းမရှိဘဲ သီးသီးသန့်သန့် တည်ရှိသော အရာဖြစ်သည်။ ဇီဝအတ္တသည် လောကရှိမည်သည့်ဒြပ်ဝတ္ထုတို့နှင့်မျှ မတူသော အရာလည်း ဖြစ်သည်။ ဇီဝအတ္တသည် ဦးနှောက်လည်းမဟုတ်၊ နာဗ်ကြောအစုအဝေးလည်း မဟုတ်ချေ။ သိမှု (သို့မဟုတ်) သိတတ်သော သဘောသည် ဇီဝအတ္တသည် အနှစ်အသား ဖြစ်သည်။ (ဤအမြင်သည် ညာယဝိသေသိက တို့၏ အတ္တအယူအဆနှင့် ခြားနားသော အမြင်ဖြစ်သည်။) .... ....

"ဇီဝ အတ္တသည် ထာဝရ မြဲသော သဘောကို ဆောင်၍ ပြောင်းလဲခြင်း လှုပ်ရှားခြင်းမရှိ။ ဇီဝ အတ္တသည် ပြောင်းလဲခြင်း လှုပ်ရှားခြင်း တို့မှ ကျော်လွန်နေသောအရာသာ ဖြစ်သည်။ ဇီဝအတ္တသည် အကြောင်းမရှိဘဲ ထာဝရ တည်မြဲသော အစစ် အမှန်တရားသာ ဖြစ်သည်။ ထို ဇီဝအတ္တသည် ပကတိအားဖြင့် အလုံးစုံသော အစွဲဥပါဒါန်ကပ်ငြိမှု ဟူသမျှတို့မှ လွတ်သောသဘောရှိသည်။ မည်သည့်အရာဝတ္ထုတို့၏ ထိခိုက်လာမှု၊ သက်ရောက်လာမှုတို့ကိုမျှ မခံရသော အရာလည်း ဖြစ်သည်။ စင်စစ်ပြောင်းလဲခြင်းတရား၊ လှုပ်ရှားခြင်းတရားသည် ရုပ်ခန္ဓာကိုယ်ကိုသာ ပြောင်းလဲအောင်၊ လှုပ်ရှားအောင် တတ်နိုင်ကြသည်။ ချမ်းသာ သုခတရား။ ဆင်းရဲဒုက္ခတရားများသည်လည်း ရုပ်ခန္ဓာကိုယ်ကိုသာ ချမ်းသာမှုဖြစ်အောင်၊ ဆင်းရဲမှုဖြစ်အောင် ဖန်တီးနိုင်ကြသည်။ ဇီဝ

* Chatterjee & Dutta., op. cit., p.286



www.burmeseclassic.com

www.burmeseclassic.com



အတ္တကိုကား လှုပ်ရှား ပြောင်းလဲအောင်သော်လည်းကောင်း၊ ချမ်းသာဆင်းရဲဖြစ်အောင် သော်လည်းကောင်း ဖန်တီးရန် မတတ်နိုင်ချေ။ ....

"အဝိဇ္ဇာဟူသော အမှန်မသိမှုကြောင့် လူသည် ရုပ်ခန္ဓာကိုယ်အား ငါ့ခန္ဓာ ( ဝါ ) အတ္တဟူ၍ ထင်မှတ်မှားနေကြသည်။ အာရုံတို့၌လည်း ငါခံစားသည်၊ ငါမြင်သည် ( ဝါ ) အတ္တဖြစ်သည်ဟု ထင်မှတ်မှားနေကြသည်။ ထို့အတူ မန ကိုလည်း ငါသိသည်၊ ငါတွေးသည် ( ဝါ ) မနသည် ငါဖြစ်သည်၊ အတ္တဖြစ်သည်ဟု ထင်မှတ်မှားနေကြသည်။ ဤသို့ထင်မှတ်မှား၍ အတ္တ၏သဘောအမှန်ကို မသိဘဲ ဖြစ်နေသမျှ ကာလပတ်လုံး လူသည် လွတ်မြောက်မှုမရဘဲ သံသရာ၌ ကျင်လည်နေသမျှ ဖြစ်သည်။ ဒုက္ခမျိုးစုံကိုလည်း ကြုံတွေ့နေရမည် ဖြစ်သည်"* ဟု ယူဆကြ၏။

သချာင်္ဂိုဏ်းသားတို့က.... အတ္တ၏ သန့်စင်မှုသဘောကို အမှန်အကန် သိမြင်နိုင်သော ဝိဇ္ဇာဉာဏ်ရရှိရေးအတွက် "ယောဂကျင့်စဉ်"များကို အားထုတ်ရမည်ဖြစ်သည်။ ထိုသို့ အားထုတ်၍ မြင်မားသော သမာဓိအဆင့်ကို ရောက်ရှိပါက အတ္တသည် ရုပ်တရား ( ဝါ ) အာရုံများ၊ ခံစားမှုများ စဉ်းစားတွေးတောမှုများ ဝေဒနာသညာများနှင့် လွတ်ကင်းသွားမည်။ အတ္တသည် မည်သည့်အရာဝတ္ထုနှင့်မျှ ရောနှောခြင်း စပ်ဆိုင်ခြင်း ပတ်သက်ခြင်းနှောင်ဖွဲ့ခြင်းမရှိတော့ဘဲ ပကတိစင်ကြယ်သော၊ သန့်ရှင်းသော သီးသန့်တည်နေသော၊ အဝိဇ္ဇာဟူသမျှ ကင်းသွားသော သဘောကို ရရှိသွားမည်။ ယင်းသည်ပင် အတ္တ၏ လွတ်မြောက်ရေး တရားဖြစ်သည်။ လွတ်မြောက်သွားသော အတ္တသည် ကာလ အာကာသနှင့် အကြောင်းအကျိုးတရားဟူသမျှ၊ ရုပ်ဟူသမျှတို့မှ လွန်မြောက်၍ ထာဝရမြဲသောအဖြစ်သို့ ရောက်ရှိသွားမည်ဟု ယူဆကြ၏။

## ယောဂဂိုဏ်း

ယောဂဂိုဏ်းသည် သချာင်္ဂိုဏ်းနှင့် အများအားဖြင့် တူညီသည်။ သို့ရာတွင် သချာင်္ဂိုဏ်းက ထာဝရဘုရားတည်ရှိမှုကို လက်မခံသော်လည်း ယောဂဂိုဏ်းကမူ ထာဝရဘုရားတည်ရှိမှုကို လက်ခံသည်။ အချို့သော သုတေသီတို့က .... ယောဂဂိုဏ်းကို သချာင်္ဂိုဏ်းနှင့်အတူ "မဟာဘာရတ"

---

* Ibid., p. 264-265



www.burmeseclassic.com

www.burmeseclassic.com



ထဲ၌ ထည့်သွင်းဖော်ပြချက်များ ရှိသောကြောင့် ယောဂကိုဏ်းသည် ဗုဒ္ဓမတိုင်မီ ( သို့မဟုတ် ) ဗုဒ္ဓဝါဒနှင့် မရှေးမနှောင်းတည်ရှိခဲ့သော ဂိုဏ်းဖြစ်မည်ဟု တွေးဆကြ၏။

ယောဂကိုဏ်း၌ အတ္တ၏အမှန်သဘာဝကို သိမြင်နိုင်စေသော ကျင့်စဉ်များကို ဖော်ပြထား၏။ စင်စစ် ယောဂကိုဏ်းတွင် ဖော်ပြထားသော ကျင့်စဉ်များကို အိန္ဒိယဒဿနဂိုဏ်းများသည် တစ်နည်းမဟုတ် တစ်နည်းကျင့်ဆောင် အားထုတ်ကြသည်။ ယောဂကျင့်စဉ်များ၌ ရှေးအခါက "တပအကျင့်" ဟု ခေါ်ကြသော ခန္ဓာကိုယ်ကို ညှဉ်းဆဲနှိပ်စက်သော အကျင့်များပါဝင်လျက်ရှိသည်။ ထို့ကြောင့် အချို့သောသုတေသီများက ယောဂကျင့်စဉ်များသည် တပအကျင့်များအပေါ် အမှီပြု၍ တိုးတက်လာသောကျင့်စဉ်များဖြစ်သည်ဟု ယူဆကြသည်။

အတ္တ၏အမှန်သဘာဝကို သိမြင်၍ အတ္တ၏ လွတ်မြောက်ရေးကိုရရှိရန်အတွက် ယောဂဒဿန၌ အကျင့် ( ၈ ) ဆင့်ကို ကျင့်ဆောင်ရသည်။ ယင်းတို့မှာ....

( ၁ ) ပထမအဆင့် အနေဖြင့် အားထုတ်ကျင့်ဆောင်သူ ယောဂီသည် ( က ) မည်သည့်သက်ရှိကိုမျှ သတ်ဖြတ်ခြင်း ညှဉ်းဆဲခြင်း ထိခိုက်စေခြင်းတို့ကို လုံးဝမပြုမိရန် ချုပ်တည်းရမည်။[၁] ( ခ ) တွေးကြံခြင်း၊ ပြောဆိုခြင်းတို့၌ မှန်ကန်မှုရှိရမည်။[၂] ( ဂ ) သူတစ်ပါးပစ္စည်းကို မခိုးယူမိအောင် ချုပ်တည်းရမည်။[၃] ( ဃ ) ကာမဂုဏ်အာရုံတို့ကို ချုပ်တည်းရမည်။ တစ်နည်းအားဖြင့် အဗြဟ္မစရိယာကျင့်မှုကို ချုပ်တည်းရမည်။[၄] ( င ) မလိုအပ်သော လက်ဆောင်ပစ္စည်းကို တစ်ပါးသူက ပေးလာလျှင် မယူမိအောင်ချုပ်တည်းရမည်။[၅] ဤသို့ချုပ်တည်းရသော ပထမအဆင့်ကို ယမ[၆] ဟု ခေါ်သည်။

( ၂ ) ဒုတိယအဆင့်အနေဖြင့် ယောဂီသည် ကောင်းသော အလေ့အကျင့်များဖြစ်သော ( က ) ရုပ်ခန္ဓာကိုယ်သို့ သန့်ရှင်းစင်ကြယ်စွာ ရှိစေရန်အတွက် ဆေးကြောသုတ်သင်ခြင်း၊ အပြစ်ကင်းသော အစာအာဟာရကို သုံးဆောင်ခြင်းပြုရမည်။ စိတ်ပိုင်းတိုးတက်စေရန်၊ မြင့်မြတ်ခိုင်ကျည်စေ

---

၁ ahimsa
၂ satya
၃ asteya
၄ brahmacarya
၅ aparigraha
၆ yama



www.burmeseclassic.com

www.burmeseclassic.com



ရန်အတွက် တစ်ပါးသူတို့အပေါ် ကြွင်နာသော၊ ချစ်ခင်သောစိတ်ကိုမွေးမြူရမည်။ မကောင်းစိတ်တို့ကို ဖယ်နိုင်သမျှ ဖယ်၍ ကောင်းစိတ်များမွေးရမည်။ တစ်ပါးသူတို့ထံမှလာသော မကောင်းမှုများက ခံနိုင်ရည်ရှိအောင် လေ့ကျင့်ရမည်။[၁] (ခ) ရသမျှနှင့် ရောင့်ရဲ တင်းတိမ်နိုင်သော အကျင့်ကို မွေးမြူရမည်။[၂] (ဂ) အပူအအေးစသည်တို့ကိုလည်း ခံနိုင်အောင်လေ့ကျင့်ရမည်။[၃] (ဃ) တရားဓမ္မ (ဝေဒကျမ်းများ) ကို မှန်မှန်လေ့လာ ဖတ်ရှုရမည်။[၄] (င) ထာဝရဘုရားကို အာရုံပြုခြင်းကို လေ့ကျင့်ရမည်။[၅] ဤသို့ လေ့ကျင့်နေခြင်းများကို နိယမ[၆] ဟု ခေါ်သည်။

(၃) တတိယအဆင့် အနေဖြင့် ယောဂီသည် သမာဓိရစေရေးအတွက် ခန္ဓာကိုယ်ကြံ့ခိုင် ကျန်းမာစွာဖြင့် အားထုတ်နိုင်ရန်အတွက် ထိုင်ပုံထိုင်နည်းများကို ကျွမ်းကျင်သော ဆရာဖြင့် သင်ယူ လေ့ကျင့်ရမည်။ (နောက်ပိုင်း ပုဂ္ဂိုလ်များသည် ထိုင်နည်း (၈၄) နည်းထိ ဖော်ပြကြ၏။) ယောဂကိုဏ်းအလိုအရ သက်ဆိုင်ရာ ထိုင်နည်းများ၌ သက်ဆိုင်ရာ အကျိုးသက်ရောက်မှုများ ရှိသည်။ ထိုထိုင်နည်းများဖြင့် ခန္ဓာကိုယ် ကြံ့ခိုင်မှု၊ ကျန်းမာမှု၊ အနာရောဂါကင်းမှုကို ရနိုင်သည်။ ယောဂကိုဏ်းအလိုအရ ခန္ဓာကိုယ် မကြံ့ခိုင် မကျန်းမာပါက (ဝါ) အချိုးကျကျ ကြာရှည်စွာမထိုင်နိုင်ပါက အဆင့်မြင့်သော သမာဓိအဆင့်သို့ ယောဂီသည် တက်ရောက်နိုင်မည်မဟုတ်ချေ။ ထိုသို့ထိုင်နည်းများကို ထိုင်တတ်အောင် လေ့ကျင့်ခြင်းကို အာသန[၇] ဟု ခေါ်သည်။

(၄) စတုတ္ထအဆင့်အနေဖြင့် ယောဂီသည် နှာခေါင်းမှ လေဝင်မှု ထွက်မှုကို ရှုမှတ်လေ့ကျင့်ရမည်ဖြစ်သည်။ ထိုသို့ ဝင်လေထွက်လေကို လေ့ကျင့်ခြင်း၌ အသက်ရှူမှုကို ထိန်းချုပ်ခြင်းများ၊ အောင့်ချုပ်ထားခြင်းများ ပါဝင်သည်။ နှာခေါင်းဝတစ်ဖက်စီမှ ရှူသွင်းရှူထုတ်သောကျင့်စဉ်များလည်းပါသည်။ ဝင်လေထွက်လေကို ရှည်ရှည်ရှူခြင်းများ၊ တိုတိုရှူခြင်းများလည်းပါသည်။ ကျင့်စဉ်အသေးစိတ်ကိုမူ ကျွမ်းကျင်သော ဆရာဖြင့် လေ့ကျင့်ယူရမည်။ ထိုသို့ ဝင်လေထွက်လေနှင့် ပတ်သက်၍ ကျင့်ဆောင်ခြင်းကို ပရာနာယာမ[၈] ဟု ခေါ်သည်။

---

| | | | | | |
|---|---|---|---|---|---|
| ၁ | sauca | ၂ | santosa | ၃ | tapas |
| ၄ | svadhyaya | ၅ | Isvarapranidhana | ၆ | niyama |
| ၇ | asana | ၈ | pranayama | | |



www.burmeseclassic.com

www.burmeseclassic.com



(၅) ပဉ္စမအဆင့်၌ ယောဂီသည် ဣန္ဒြေများကို ယင်းတို့နှင့် သက်ဆိုင်ရာ ပြင်ပအာရုံများမှ ပယ်ခွာနိုင်အောင် ကျင့်ရမည်ဖြစ်သည်။ ထိုသို့ပယ်ခွာနိုင်ခြင်းဖြင့် အဆင်း၊ အသံ၊ အနံ့ အစရှိသည့် အာရုံတို့လာရောက်ထိခိုက်သော်လည်း အကောင်းအဆိုး သက်ရောက်မှုများ မဖြစ်နိုင်တော့ဘဲ မြင်ကာမျှ ကြားကာမျှသာ ဖြစ်လာမည်။ ဤအဆင့်သည် လွန်စွာခဲယဉ်းလာသော အဆင့်ဖြစ်သည်။ သို့ရာတွင် ပြင်းထန်သော ဆန္ဒဝီရိယရှိပါက ရနိုင်မည်သာဖြစ်သည်။ ဤသို့ ပြင်ပအာရုံများကို ပယ်ခွာနိုင်အောင် ကြိုးစားအားထုတ်ခြင်းကို ပရတ်ယာဟာရ[၁] ဟု ခေါ်သည်။

(၆) ဆဋ္ဌမအဆင့်၌ ယောဂီသည် စူးစိုက်စရာ တစ်ခုခုအပေါ်၌ စိတ်ကို စူးစိုက်အားထုတ်ခြင်းပြုရမည်ဖြစ်သည်။ စူးစိုက်ရာ၌ မိမိခန္ဓာကိုယ်တစ်နေရာရာကို စူးစိုက်နိုင်သည်။ မျက်ခုံးနှစ်ခုကြား အလယ်တည့်တည့်နေရာကိုလည်းကောင်း၊ ခန္ဓာကိုယ်ဝမ်းဗိုက်က ချက်ကိုလည်းကောင်း စူးစိုက်နိုင်သည် သို့မဟုတ် ခန္ဓာကိုယ်ပြင်ပ၌ ရှိသော အရာ တစ်ခုခု အပေါ်၌လည်း စိတ်စူးစိုက် နိုင်သည်။ လဝန်းကိုသော် လည်းကောင်း၊ နတ်ဒေဝါတို့၏ ပုံတော်ကိုသော် လည်းကောင်း စူးစိုက် နိုင်သည်။ အရာတစ်ခုခု အပေါ်၌ တစိုက်မတ်မတ် စူးစိုက်နိုင်မှု၊ မစူးစိုက်နိုင်မှုသည် သတ္တမအဆင့်သို့ ကူးနိုင်သည် မကူးနိုင်သည်ကို ဆုံးဖြတ်နိုင်သော နှုန်းစံပင် ဖြစ်သည်။ ဤသို့ စူးစိုက်နိုင်အောင် လေ့ကျင့်ခြင်းကို ဒါရနာ[၂] ဟု ခေါ်သည်။

(၇) သတ္တမအဆင့်၌ ယောဂီသည် စူးစိုက်နေသော အရာမှလွဲ၍ စိတ်သည် အခြားတစ်ပါးသို့ လုံးဝပျံ့လွင့်ထွက်သွားခြင်းမရှိစေဘဲ ဆက်တိုက်စွဲမြဲစွာ စူးစိုက်တည်ငြိမ်နေအောင် လေ့ကျင့်အားထုတ်ရမည် ဖြစ်သည်။ ထိုအဆင့်၌ စိတ်သည် စူးစိုက်မှုအစဉ် လုံးဝပြတ်တောက်ခြင်းမရှိဘဲ စူးစိုက်စရာအပေါ်၌ တဖြောင့်တည်းစူးစိုက်မှု ဖြစ်နေရမည်။ ဤသို့ဖြစ်အောင် လေ့ကျင့်ခြင်းကို ဒျာန သို့မဟုတ် ဈာန[၃] ဟု ခေါ်သည်။

(၈) အဋ္ဌမအဆင့်၌ ယောဂီသည် (သတ္တမ အဆင့်၌ စူးစိုက်နေသော အရာပေါ်တွင် လုံးဝ စူးစိုက်မိသွားပြီဖြစ်သောကြောင့်) သိမှု အလုံး

---

၁ pratyahara

၂ S.&Chatterjee, D., Dutta, op., cit., p. 305

၃ dharana ၃ dhyana



www.burmeseclassic.com

www.burmeseclassic.com



စုံပါ ချုပ်သွားသည်။ သတ္တမအဆင့်၌ စူးစိုက်မှုကို ပြုနေသူ (သို့မဟုတ်) စူးစိုက်ခြင်းကို ပြုနေရခြင်းနှင့် စူးစိုက်သောအရာ" ဟူ၍ ကွဲပြားမှုများရှိနေသေး၏။ သို့ရာတွင် အဋ္ဌမအဆင့်၌ကား ထိုသို့ ကွဲပြားခြားနားခြင်းရှိသည် ဟူ၍ပင် မသိတော့ချေ။ စူးစိုက်သူအနေဖြင့် "မိမိသည် စူးစိုက်နေသူဖြစ်သည်" ဟူ၍လည်းကောင်း။ "စူးစိုက်မှုကို မိမိပြုလုပ်နေသည်" ဟူ၍ လည်းကောင်း ကွဲပြားခြားနားမှုကိုပင် မသိတော့ဘဲ စူးစိုက်သည့်အရာအပေါ်၌သာ စိတ်က လုံးဝ နစ်မြုပ် စူးစိုက်သွားသော အခြေအနေသို့ ရောက်သွားခြင်းကို ဆိုလိုသည်။ ဤအခြေအနေကို သမာဓိ[၁] ဟု ခေါ်သည်။

"ယောဂကိုဏ်းအလိုအရ သမာဓိသည် ၂ မျိုးရှိ၍ ပထမအဆင့် သမာဒိမှာ သမ္ပရာဇျာနာတ[၂] သမာဓိဖြစ်၍ ယင်းထက် အဆင့်မြင့်သော ဒုတိယသမာဓိမှာ အသမ္ပရာဇျာနာတ[၃] သမာဓိဖြစ်သည်။ ဒုတိယသမာဓိသည် အဆုံးပန်းတိုင်ဖြစ်သည်။ ပထမသမာဓိမှာ ဒုတိယသမာဓိအတွက် အခြေခံပေးသော အခြေခံသမာဓိဖြစ်သည်။ ဤသမာဓိ နှစ်မျိုးစလုံးကို အမြင့်ဆုံးသော စူးစိုက်တည်ကြည်မှု ရှိမှသာ ရနိုင်သည်။ ပထမသမာဓိ အဆင့်၌ စူးစိုက်စရာ အာရုံတွင် တစ်ဖြောင့်တည်း စူးစိုက်မှု ရှိနေပြီဖြစ်သော်လည်း သိမှုသဘောကား ဆက်လက်ဖြစ်နေသေး၏။ "စူးစိုက်စရာ၌ စူးစိုက်နေသေးပါကလား" ဟူသော အချက်ကို သိလျက်ရှိ၏။ ထို့ကြောင့်ပင် ဤသမာဓိကို 'အသိရှိသမာဓိ'[၄] ဟု ခေါ်သည်။ .... သို့ရာတွင် ဒုတိယသမာဓိဖြစ်သည့် အသမ္ပရာ ဇျာတန သမာဓိအဆင့်တွင်မူ "စူးစိုက်နေသည်" ဟူသော အသိပင် ချုပ်ငြိမ်းသွားသည်။ ထို့ကြောင့်အသမ္ပရာဇျာနာတသမာဓိကို 'အသိလွန် သမာဓိ'[၅] ဟု ခေါ်သည်။ ဤသမာဓိအဆင့်၌ သိမှုကိစ္စ (ဝါ) ဝီထိတို့ဖြစ်ပေါ်မှု မရှိတော့ချေ။ အသမ္ပရာဇျာနာတ သမာဓိ၏ နောက်ဆုံးအဆင့်၌ သိမှု လုံးဝပျောက်ကွယ်သွားသောကြောင့် အတ္တသည် မည်သည့်စိတ်ရုပ်ဆိုင်ရာတို့နှင့်မျှ မရောယှက် မပတ်သက်တော့ဘဲ သီးသန့်စင်ကြယ်သွားလေတော့သည်။ ဤသို့ အတ္တ၏ သီးသန့်ဖြစ်ပွားမှု စင်ကြယ်သွားမှုသည်ပင် လွတ်မြောက်ရေးတရားကို ရခြင်းဖြစ်၏။ ဤသို့ အတ္တ၏ စင်ကြယ်မှုကို

---

၁ samadhi ၂ samprajnate
၃ asamprajnata
၄ conscious samadhi ၅ superconscious samadhi



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောက်ခန္ဓာ၌ ရရှိခြင်းကို ဇီဝမုတ္တိ[၁] ဟု ခေါ်၍ သေပြီးနောက် ထာဝရ လွတ်မြောက်မှု ရရှိ သွားခြင်းကိုမူ ဝိဒေဟမုတ္တိ[၂] ဟု ခေါ်လေသည်။....''*

**မိမံသဂိုဏ်း**

မိမံသဂိုဏ်းသည် ဖန်ဆင်းရှင် ထာဝရဘုရား၏ တည်ရှိမှုကို လက်မခံချေ။ သို့ရာတွင် အခြားဂိုဏ်းသားများ ကဲ့သို့ပင် လူ၌ ဇီဝအတ္တရှိသည်ဟု လက်ခံ၍ ထိုအတ္တလွတ်မြောက်မှု ရရှိခြင်းသည် ဘဝ၏ အဆုံးပန်းတိုင်ဖြစ်သည်ဟု ယူဆသည်။

မိမံသဂိုဏ်းသားတို့က.... လူ၌ရှိသော ဇီဝအတ္တသည် လွတ်မြောက်မှုကိုမရမချင်း ခန္ဓာသစ် တစ်ခုမှ တစ်ခုသို့ပြောင်းဝင်၍ ဘဝသံသရာကျင်လည်နေရသည်။ ဤသို့ ဘဝသံသရာကျင်လည်နေရခြင်းမှာ ကံတရားတို့ကြောင့် ဖြစ်သည်။ ဤမှာဘက် ဘဝဘဝတို့က ပြုခဲ့သော အကောင်းအဆိုး ကံတရားတို့ အလိုက် နောင်ဘဝတို့တွင် အတ္တသည် အကောင်း–အဆိုး ဘဝအမျိုးမျိုးတို့ ရောက်ရသည်ဟု ဆိုသည်။

မိမံသဂိုဏ်းသားတို့က အတ္တသည် ထာဝရမြဲသော ခိုင်သော ချေဖျက်၍ မရသော အရာဖြစ်သည်။ ထိုသို့ ခိုင်မြဲသောအတ္တရှိနေသောကြောင့်သာ အကောင်းအဆိုး အမျိုးမျိုးသော ကံစွမ်းအင်တို့ ရှိနေကြခြင်းဖြစ်သည်။ ခိုင်မြဲသောအတ္တသည် ပြုသမျှ ကံစွမ်းကင်တို့ကို မပျောက်ပျက်အောင် စုဆောင်းထားသည့် အရာဖြစ်သည်။ ထိုခိုင်မြဲသော အတ္တသာမရှိပါက ပြုသမျှကံတို့သည် အချည်းနှီး အဟောသိကံ ဖြစ်သွားဖို့သာ ရှိသည်ဟု ယူဆကြသည်။

စောစောပိုင်း မိမံသဂိုဏ်းမှ ဒဿနပညာရှင်တို့က.... လွတ်မြောက်ရေး တရားဆိုသည်မှာ ထာဝရသုခ ခံစားနိုင်သော ကောင်းကင်ဘုံသို့ ရောက်ရှိရေးပင် ဖြစ်သည်ဟုဆိုသည်။ ထိုသို့ရောက်ရှိရန်အတွက် ဝေဒကျမ်းလာ ယဇ်ပူဇော်ခြင်း တည်းဟူသော ကောင်းမှုတို့ကို ပြုရမည်ဟု ယူဆကြ၍ ယဇ်အစီအရင် အမျိုးမျိုးဖြင့် ပူဇော်ပသကြသည်။

---

၁ Jivan - mukti ၂ videha - mukti

* M., Hiriyana, " Outlines os Indian Philosophy " pp. 396 - 297.



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် နောက်ပိုင်းဒဿနပညာရှင်များလက်ထက်တွင်မူ အခြား အိန္ဒိယဒဿနဂိုဏ်းများကဲ့သို့ပင် ရုပ်ခန္ဓာနှင့်တကွ အာရုံအလုံးစုံ၊ သိမှုခံစားမှု အလုံးစုံတို့မှ အတ္တလွတ်မြောက်သွားခြင်းကိုသာ လွတ်မြောက်ရေးတရားဖြစ်သည်ဟု ယူဆလာကြသည်။ ထိုဒဿနပညာရှင်တို့က .... ယဇ်ပူဇော်ခြင်း အစရှိသည့် ကံတရားတို့ကို ပြုလုပ်ရာ၌ စည်းစိမ်ချမ်းသာ ရရှိရေးအတွက် မျှော်ကိုးခြင်းတည်းဟူသော တဏှာလောဘ အစွဲဥပါဒါန်တို့နှင့် မပြုလုပ်သင့်။ အကယ်၍ တဏှာလောဘတို့ဖြင့် ပြုလုပ်ပါက ထိုသို့ပြုလုပ်သော ကံစွမ်းအင်တို့၏ ပြဋ္ဌာန်းနှောင်ဖွဲ့မှုတို့ကြောင့် ခန္ဓာသစ်တစ်ခုပြီး တစ်ခုကူးပြောင်းကာ အတောမသတ်သော ဘဝသံသရာကို ကျင်လည်နေရမည်။ သို့ဖြစ်၍ သာယာမှုသုခချမ်းသာဟူသည် ဒုက္ခတို့နှင့် ရောထွေးနေကြောင်း၊ ချမ်းသာသုခနောက်၌ ဆင်းရဲဒုက္ခသည် ထက်ကြပ်မကွာ လိုက်ပါလျက်ရှိနိုင်ကြောင်းကို လူသည် နားလည် သဘောပေါက်ရမည်။ ထိုသို့ နားလည်သဘောပေါက်မှုဖြင့် တဏှာလောဘတို့ကို ထိန်းချုပ်ရမည်။ ထိုသို့ ထိန်းချုပ်ပြီးနောက် ယဇ်ပူဇော်ခြင်း အစရှိသည့် ကောင်းမှု ကံတို့ကို ပြုလုပ်ရာ၌ "ဤမည်သော ချမ်းသာခြင်းအကျိုးကို ရပါစေ" ဟူသော တဏှာလောဘ မျှော်လင့်တောင့်တမှုတို့ မထားဘဲ တာဝန်အရ ပြုလုပ်ခြင်းသာ ဖြစ်သည်ဟူသော သဘောထားဖြင့် ပြုမူရမည်။ ထို့ပြင် .... မကောင်းမှုဟု သတ်မှတ်ထားသော အပြုအမူ ကံတို့ကိုလည်း မပြုမိအောင် စောင့်စည်းရမည်ဖြစ်သည်။

အထက်ပါကဲ့သို့ ချုပ်တည်းစောင့်စည်းမှုတို့ကြောင့်လည်းကောင်း၊ ယခု ပစ္စုပ္ပန်ပြုမူမှုတို့၌ တာဝန်အနေဖြင့်သာ ပြုမူလုပ်ဆောင်ခြင်းကြောင့်လည်းကောင်း ကံစွမ်းအင်တို့ အကျိုးပေးမှု ပြတ်စဲသွားမည်။ အတိတ်က ပြုခဲ့သော ကံစွမ်းအင်တို့သည်လည်းအကျိုးပေးနိုင်မှုစွမ်းအင် တဖြည်းဖြည်း ကုန်ခန်းသွားမည်။ထိုသို့ ကံစွမ်းအင် ကုန်ခန်း၍ ကံတရား၏ နှောင်ဖွဲ့ခံရမှုမှ လွတ်သွားပါက နောင်တမလွန်ဘဝ ဘဝတို့ ဖြစ်ခြင်းမရှိတော့။ ဤသို့ ဘဝတို့ အသစ်မရှိခြင်း၊ မဖြစ်ခြင်းသည် လွတ်မြောက်ရေးတရားကို ရခြင်း ဖြစ်သည်ဟု ယူဆကြသည်။

မိမံသဂိုဏ်းသားတို့က.... သိမှုသဘောသည် အတ္တ၏ အနှစ်သာရ မဟုတ်၊ ခန္ဓာကိုယ်၏ အတွင်းဣန္ဒြေဟု ခေါ်ရသော မနနှင့် ပြင်ပအာရုံ



www.burmeseclassic.com

www.burmeseclassic.com



များ ထိတွေ့ပေါင်းဆုံမှုကြောင့် ယာယီမျှ ဖြစ်ပေါ်လာရသော သဘောသာဖြစ်သည်။ တစ်နည်းအားဖြင့် အကြောင်းဆုံဆည်းခိုက် ဖြစ်ပေါ်လာသော သဘောသာဖြစ်သည်။ အိပ်မက် မက်ခြင်းမရှိဘဲ အိပ်ပျော်နေသော အခြေအနေနှင့် လွတ်မြောက်ရေးကို ရသွားသော အခြေအနေတို့၌ အတ္တတွင် သိမှုသဘော လုံးဝကင်းစင်နေသည်။ လွတ်မြောက်ရေး ရပြီးသော အတ္တသည် ရုပ်ခန္ဓာကိုယ်နှင့် လည်းကောင်း၊ မန အပါအဝင် အားလုံးသော အာရုံခံဒွါရတို့နှင့် လည်းကောင်း၊ သီးခြားတည်နေသော အရာဖြစ်သည်။ ထိုသို့ သီးခြားဖြစ်တည်နေသော အတ္တ၌ သိမှုသဘောသည် လုံးဝမရှိ၊ သိမှုသဘော လုံးဝမရှိသောကြောင့် ချမ်းသာခံစားမှုလည်း မရှိဟု နောက်ပိုင်း မိမံသဂိုဏ်းဆရာအချို့က ယူဆကြသည်။ သို့ရာတွင် အချို့သော ဂိုဏ်းဆရာ* တို့ကမူ လွတ်မြောက်ခြင်းဆိုသည်မှာ သာယာပျော်ရွှင်မှုကို တွေ့ကြုံခံစားရသော အခြေအနေမျိုးဖြစ်သည်ဟု ယူဆကြ၏။

**ဝေဒန္တဂိုဏ်း**

ဘီစီ-၅ ရာစု ဝန်းကျင်လောက်တွင်ပင် ပေါ်လာသော ဝေဒန္တဂိုဏ်းသည်လည်း အတ္တ၏တည်ရှိမှုကို တစ်နည်းမဟုတ် တစ်နည်းလက်ခံသော ဂိုဏ်းဖြစ်သည်ဟု ဆိုနိုင်သည်။ ဝေဒန္တဂိုဏ်းသည် ဝေဒများ၏ အဆုံးပိုင်းဖြစ်သော ဥပနိသျှဒ်ကျမ်းလာ အယူအဆများကို ပို၍ တိုးတက်အောင်၊ စနစ်ကျအောင် တည်ဆောက်လာသော ဂိုဏ်းဖြစ်သည်။

နောင်အခါတွင် ဝေဒန္တဂိုဏ်း၌ ဂိုဏ်းဆရာ အများအပြားရှိလာ၍ ထိုပုဂ္ဂိုလ်များသည် ဥပနိသျှဒ်ကျမ်းများကို အနက်အဓိပ္ပာယ်များ ဖွင့်ကြသည်။ ဥပနိသျှဒ်ကျမ်းများနှင့် စပ်လျဉ်း၍ ဋီကာအဋ္ဌကထာများ ရေးကြသည်။ အနက်အဓိပ္ပာယ် ကောက်ယူရှင်းလင်းကြသည်။ ထို့ကြောင့်ပင် ဝေဒန္တဂိုဏ်းအတွင်း၌ ဆရာတစ်ဦးနှင့် တစ်ဦး ခြားနားသော အယူအဆများ ရှိကြသည်။ ဝေဒန္တဂိုဏ်းမှ ဂိုဏ်းဆရာများအနက် ရှန်ကရ[၁] (သင်္ကရ) နှင့် ရာမာနုဂျ[၂]တို့သည် ထင်ရှားကြ၏။ ယနေ့တိုင် ၎င်းတို့၏ အယူအဆများသည် အိန္ဒိယ ဟိန္ဒူဒဿနၣ လွှမ်းမိုးလျက်ရှိသည်။

ရှန်ကရအလိုအရ ထာဝရဘုရား ( ဝါ ) ဗြဟ္မာသည်သာလျှင် တစ်ခုတည်းသော အမှန်အရှိတရားဖြစ်သည်။ ဗြဟ္မာမှလွဲ၍အခြားမည်သည့်အရာမျှ

---

*Bhattas တည်ထောင်သော မိမံသဂိုဏ်းသားများကို ဆိုလိုပါသည်။

၁ Samkra (အေဒီ ၈ ရာစု) ၂ Ramanuja (အေဒီ ၁၂ ရာစု)



www.burmeseclassic.com

www.burmeseclassic.com



အမှန်အရှိတရားအနေဖြင့် မရှိ။ "ထို ဗြဟ္မာသည်သာ အစစ်အမှန် အရှိတရားဖြစ်၍ စကြဝဠာကြီးကား အမှန် အရှိတရားမဟုတ်။ ဗြဟ္မာ ဟူသောသဘောနှင့် ပရမအတ္တဟူသော သဘောသည် တစ်ခုတည်းတစ်ပေါင်းတည်းပင် ဖြစ်သည်။"*

ရှန်ကရက.... ဤလောကကြီးသည် အစစ်အမှန်မဟုတ်ဘဲ မာယာလောကကြီးသာ ဖြစ်သည်။ အမှန်မသိခြင်းကြောင့်သာ ဤလောကကြီးကို အမှန်အရှိတရားအနေဖြင့် ထင်မြင်နေခြင်းဖြစ်သည်။ လူပုဂ္ဂိုလ်အသီးသီးရှိ ဇီဝအတ္တများသည်လည်း အမှန် အရှိတရားများမဟုတ်။ အမှန်မသိခြင်းကြောင့်သာ ထိုဇီဝအတ္တများရှိသည်ဟု ထင်မှတ်နေခြင်းဖြစ်သည်။ လူ၌ အဝိဇ္ဇာတရားရှိနေသမျှ ဇီဝအတ္တများရှိသည်ဟူ၍ ထင်နေမည်သာဖြစ်သည်။ အဝိဇ္ဇာတရား လူ၌ရှိနေသမျှ ဤလောကကြီးသည် ရှိသည်ဟူ၍လည်းကောင်း၊ ဗြဟ္မာကိုလည်း ဤလောကအား ဖန်ဆင်းသူ ဖြစ်သည်ဟူ၍လည်းကောင်း၊ ငါရှိသည် (ဝါ) အတ္တရှိသည်ဟူ၍ လည်းကောင်း၊ ဇီဝအတ္တသည် သီးခြားတည်နေသော အရာဖြစ်သည်ဟူ၍လည်းကောင်း ထင်မှတ်မှားနေမည်သာ ဖြစ်သည်။

အထက်ပါကဲ့သို့ ဗြဟ္မာ (ဝါ) ပရမအတ္တ၏ တည်ရှိမှုတစ်ခုတည်းကိုသာ လက်ခံလိုက်ခြင်းကြောင့် ဤကမ္ဘာလောကကြီး အမှန်တည်ရှိမှု၊ မရှိမှုနှင့် ပတ်သက်၍လည်းကောင်း၊ ဇီဝအတ္တများ အမှန်တည်ရှိမှု မရှိမှုနှင့် ပတ်သက်၍လည်းကောင်း ပြဿနာများပေါ်လာရသည်။ ရှန်ကရနှင့် တကွ နောက်ပိုင်း ပုဂ္ဂိုလ်များသည် ဤပြဿနာများကို ဖြေရှင်းချက် အတောမသတ် ပေးခဲ့ကြရ၏။ ကမ္ဘာကြီးနှင့်တကွ ဇီဝအတ္တတို့ ဖြစ်ပေါ်လာမှုနှင့် ပတ်သက်၍လည်းကောင်း၊ ကမ္ဘာလောကနှင့် ပရမအတ္တဆက်သွယ်ပုံ၊ ဇီဝအတ္တနှင့် ပရမအတ္တတို့ ဆက်သွယ်ပုံတို့နှင့် ပတ်သက်၍လည်းကောင်း ဖြေရှင်းချက်များကို မျက်မှောက်ခေတ် အိန္ဒိယဒဿနပညာရှင်များ လက်ထက်၌လည်း ဆက်လက် ရှင်းလင်းဖော်ပြ နေကြဆဲပင်ရှိသည်။

ရှန်ကရသည် ဇီဝအတ္တတို့နှင့်တကွ ဤကမ္ဘာလောကကြီးကို ပညတ်သဘော အားဖြင့်သာ အရှိတရားများအနေ ထင်မြင်ရသော်လည်း ပရ

---

* S., prabhavananda. op. cit., p. 329



www.burmeseclassic.com

www.burmeseclassic.com



မတ္တသဘော အားဖြင့်ကား အမှန်အရှိတရားများ မဟုတ်ကြောင်း၊ ပရမတ္ထအားဖြင့် အမှန်ရှိသောအရာမှာ ဗြဟ္မာ (ဝါ) ပရမအတ္တသာဖြစ်ကြောင်း ဖော်ပြလိုဟန်ရှိ၏။ ဤသို့ဖော်ပြခြင်းသည် ဗုဒ္ဓဝါဒရှိ အယူအဆအပေါ် အခြေခံလေသလောဟု သုတေသီအချို့က သံသယဖြစ်ကြ၏။

ရှန်ကရက .... မသိမှု အဝိဇ္ဇာကြောင့် လူသည် ဤပညတ်လောက (ဝါ) မာယာလောကကြီး၌ အဆောမသတ်သော ဘဝသံသရာကို ကျင်လည်ကာ ဒုက္ခတရားများနှင့် ကြုံနေရသည်။ အဝိဇ္ဇာကြောင့် အတ္တသည် ပညတ်ရုပ်ခန္ဓာနှင့် ဆက်စပ်ပေါင်းယှဉ်မိသည်။ ထိုအခါ ရုပ်ခန္ဓာ၏ နှောင်ဖွဲ့မှုကို ခံရသည်။ အဝိဇ္ဇာကြောင့် .... ပညတ်မျှသာဖြစ်သော၊ မာယာမျှသာဖြစ်သော ရုပ်ခန္ဓာကိုယ်ကိုလည်း အမှန်ရှိသောရုပ်ခန္ဓာဟူ၍ လည်းကောင်း၊ ငါ၏ခန္ဓာကိုယ်ဟူ၍ လည်းကောင်း ထင်မှတ်စွဲလမ်းမှုဖြစ်သည်။ အတွင်းဣန္ဒြေများကိုလည်း "ငါ"ဟု စွဲလမ်းမှုဖြစ်သည်။ အဝိဇ္ဇာကြောင့် ဖြစ်ပေါ်လာသော အစွဲဥပါဒါန်တို့ဖြင့် လူသည် ကံတရားတို့ကို ပြုသည်။ ထိုကံတို့က ဘဝ အသစ်အသစ်တို့ကိုဖြစ်စေပြန်သည်။ ....လူ၌ ရုပ်ကြမ်းခန္ဓာ[၁] နှင့် ရုပ်နုခန္ဓာ[၂] ဟူ၍ နှစ်မျိုးရှိသည့်အနက် ရုပ်ကြမ်းခန္ဓာသည် လူသေသောအခါ ပြိုကွဲပျက်စီးသွားသော်လည်း ရုပ်နုခန္ဓာမှာမူ ပြိုကွဲပျက်စီးခြင်းမရှိဘဲ ဇီဝအတ္တနှင့်အတူ နောင်တစ်ဘဝသို့ လိုက်ပါကူးပြောင်းသွားသည်ဟု ယူဆသည်။

ရှန်ကရက.... ဘဝသံသရာမှ လွတ်မြောက်ရန်အတွက် အဝိဇ္ဇာတရားကို ဖယ်ရှားရမည်။ အဝိဇ္ဇာနေရာ၌ ဝိဇ္ဇာဉာဏ်ဖြစ်လာအောင် ကြိုးစားရမည်။ ဝေဒန္တတရားဓမ္မတို့ကို လေ့လာခြင်းဖြင့် ပုဂ္ဂိုလ်တစ်ဦးသည် ဝိဇ္ဇာဉာဏ် ရနိုင်မည်ဖြစ်သည်။.... ....

သို့ရာတွင် ဝေဒန္တဓမ္မက ဖော်ပြခဲ့သည့် သစ္စာတရားကို ထိုးထွင်းသိမြင်ရန်အတွက် ပုဂ္ဂိုလ်တစ်ဦးသည် ရှေးဦးစွာ ပွားထုံ လေ့ကျင့်ထားမှု (ဝါ) ပြင်ဆင်ထားမှုရှိရန် လိုပေသေးသည်။ ဝေဒန္တဓမ္မကဖော်ပြသည့် သစ္စာတရားကို နားလည် သဘောပေါက်ရန် အတွက် ပြင်ဆင်ရမှုအဆင့် လေးဆင့်ရှိ၍ ပထမအဆင့်အနေဖြင့် ပုဂ္ဂိုလ်တစ်ဦးသည် "မည်သည့်အရာကား ထာဝရသဘောကိုဆောင်သည်။ မည်သည့်အရာကား ထာဝရသဘော

---

၁ gross body ၂ subtle body



www.burmeseclassic.com

www.burmeseclassic.com



ကို ဆောင်ခြင်းမရှိ" ဟူသောအချက်ကို ပိုင်းခြားနားလည်ရမည်။ ဒုတိယ အနေဖြင့် ကာမဂုဏ်အာရုံတို့ကို ပစ်ပယ်နိုင်စွမ်းရှိရမည်။ တတိယအဆင့် အနေဖြင့် စိတ်ကိုလည်းကောင်း၊ အာရုံများကိုလည်းကောင်း ထိန်းချုပ်ရမည်။ ထိုသို့ ထိန်းချုပ်၍ အစွဲ ခွာနိုင်ရန် ကြိုးစားရမည်။ သည်းခံနိုင်အောင် ကြိုးစားရမည်၊ သမာဓိရအောင် ကြိုးစားရမည် ဖြစ်သည်။ စတုတ္ထအဆင့်အနေဖြင့် လွတ်မြောက်ရေး တရားကို အစွမ်းကုန် လိုလားသော ဆန္ဒရှိသူ ဖြစ်နေစေရန် ပြင်ဆင်လေ့ကျင့် ပွားထုံ ထားရမည် ဖြစ်သည်။.... ....

ပုဂ္ဂိုလ်တစ်ဦးသည် အထက်ပါအဆင့် လေးဆင့်ပြည့်စုံအောင် ပြင်ဆင်ပြီးသောအခါ ဗြဟ္မာ၏ သဘာဝကို ထိုးထွင်းသိမြင်သော ဆရာထံ၌ ဝေဒန္တဓမ္မကို လေ့လာရမည်။ ထိုသို့ဝေဒန္တဓမ္မကို လေ့လာခြင်း၌ ဖြစ်စဉ်သုံးရပ်ရှိ၍ ယင်းတို့မှာ .... (၁) ဆရာ၏ ညွှန်ကြားချက်ကို လိုက်နာခြင်း၊ (၂) စဉ်းစားဆင်ခြင်မှုပြုလျက် အလုံးစုံသော သံသယဒိဋ္ဌိများကိုပယ်၍ အထက်ပါ ဆရာ၏ ညွှန်ကြားချက်များကို မဖောက်ပြန်သော ခိုင်မြဲသော ယုံကြည်မှုဖြင့် လက်ခံခြင်း၊ (၃) ထိုသို့ယုံကြည်လက်ခံပြီးသော အမှန်တရားတို့အပေါ်၌ အထပ်ထပ် စူးစမ်းလေ့လာခြင်း[၁] တို့ပင် ဖြစ်သည်။ ဆက်လက်၍....

ရှန်ကရက.... "ဝေဒန္တဓမ္မရှိ အမှန်သစ္စာတို့ကို သိလျှင် သိချင်း ယခင်က စွဲလမ်းခဲ့သော လွဲမှားသော အယူအဆတို့ ရုတ်ခြည်း ကင်းကွာမသွားနိုင်သေး။ သို့ဖြစ်၍ ဝေဒန္တဓမ္မရှိ အမှန်သစ္စာတို့အပေါ် အထပ်ထပ် စူးစမ်းလေ့လာရဦးမည်ဖြစ်သည်။ ထိုသို့လေ့လာခြင်းဖြင့် အစွဲအယူအမှားများ တဖြည်းဖြည်း ကင်းကွာသွားမည် ဖြစ်သည်" ဟု ဆိုသည်။....

အစွဲအယူမှား အဝိဇ္ဇာတရားတို့ သုံးဝ ကင်းကွာသွားသောအခါ၌ ....ဆရာဖြစ်သူက ထိုပုဂ္ဂိုလ်အား "သင်သည် ဗြဟ္မာဖြစ်၏" ဟု ညွှန်ကြားပြသပေးလိမ့်မည်။ ထိုညွှန်ကြားချက်သည် အမှန်သစ္စာပင် ဖြစ်သည်။ ထိုအမှန်သစ္စာအပေါ် စွဲစွဲမြဲမြဲ အထပ်ထပ် စူးစမ်းလေ့လာခြင်း ပြုသောအခါ အဆုံး၌ "ငါသည်ဗြဟ္မာဖြစ်သည်"ဟူသော အမှန်သစ္စာကို ထိုးထွင်းသိမြင်သွားမည်ဖြစ်သည်။ ထိုသို့သိမြင်သောအခါ၌ ပရမတ္တ တည်းဟူသော ဗြဟ္မာနှင့် ဇီဝအတ္တတို့အကြား ခြားနားခြင်းကင်းပျောက်၍ လွတ်မြောက်

---

၁ meditation on the truths thus accepted.

* S. Chatterjee., & D. Datta, op cit., pp. 406-407



www.burmeseclassic.com

www.burmeseclassic.com



ရေးတရားကို ရရှိသွားမည်ဖြစ်၏။ "....လွတ်မြောက်ရေးရခြင်းဆိုသည်မှာ အခြားမဟုတ်၊ ဇီဝအတ္တနှင့် ဗြဟ္မာသည် တစ်သဘောတည်း၊ တစ်ခုတည်းဖြစ်သွားခြင်းပင်တည်း။"

၁၁–ရာစုခန့်တွင်ပေါ်လာသော ဝေဒန္တဒဿနပညာရှင် ရာမာနုဂျသည် ရှန်ကရကဲ့သို့ပင် "ဗြဟ္မာသည်သာ တစ်ခုတည်းသော အမှန် အရှိတရားဖြစ်သည်" ဟူသော အယူအဆကိုလက်ခံသည်။ သို့ရာတွင် "အမှန်အရှိတရား" ဖြစ်သော ထိုတစ်ခုတည်းသော ဗြဟ္မာ၌ ရုပ်တရားများလည်း ပါဝင်လျက်ရှိသည်။ သီးခြားဝိညာဉ် ( ဝါ ) အတ္တများလည်း ပါဝင်လျက် ရှိသည်ဟုဆိုသည်။ ရုပ်တရားများနှင့် သီးခြားဝိညာဉ် ( ဝါ ) အတ္တများသည် ဗြဟ္မာနှင့်ခြားနားသော်လည်း ယင်းတို့သည် ဗြဟ္မာ၏ ခန္ဓာတစ်ခုတည်း အဖြစ်ပါဝင်တည်နေကြသည်။ တစ်နည်းအားဖြင့် ဗြဟ္မာဟူသည်မှာ ရုပ်တရားတို့နှင့် ဝိညာဉ် ( ဝါ )ဇီဝအတ္တများ ပါဝင်တည်ရှိသော တစ်ဦးတည်းသော ပုဂ္ဂိုလ်ပင် ဖြစ်သည်ဟု ယူဆသည်။ ထို့ကြောင့် ရာမာနုဂျ၏ အယူဝါဒကို "ခြားနားသော်လည်း တစ်ခုတည်းသဘောဆောင်သော အဒွိတ္တဝါဒ"[၁] ဟု ခေါ်ကြသည်။

ရာမာနုဂျအလိုအရ ဗြဟ္မာသည် ပုဂ္ဂိုလ်သဘောဆောင်၍ ထိုဗြဟ္မာသည် တန်ခိုးတော်၊ ဉာဏ်တော်အလုံးစုံပြည့်စုံသူဖြစ်သည်။ မိမိ၌ရှိသော ရုပ်တရားတို့ဖြင့် ဗြဟ္မာသည် လောကကြီးကို ဖန်ဆင်းသည်။

ဗြဟ္မာဖန်ဆင်းသော လောကကြီး ဖြစ်သောကြောင့် ဤလောကကြီးသည် မာယာမဟုတ်၊ အမှန်ရှိသော လောကကြီးသာ ဖြစ်သည်။ ဤလောကကြီးကို ဗြဟ္မာ ( ဝါ ) ထာဝရဘုရားက ထိန်းချုပ်ပေးလျက်ရှိသည်ဟု ယူဆသည်။ ဤယူဆချက်သည် ရှန်ကရနှင့် ခြားနားသော အချက်ဖြစ်သည်။

ရာမာနုဂျက "လူပုဂ္ဂိုလ်၌ရှိသော ဇီဝအတ္တသည် ဗြဟ္မာ၏ အစိတ်အပိုင်းဖြစ်သည်။ ဇီဝအတ္တသည် ဗြဟ္မာ၏ အင်္ဂါတစ်ခုဖြစ်သည်။ ဇီဝအတ္တသည် ဗြဟ္မာနှင့် ခြားနားသော်လည်း၊ ဗြဟ္မာနှင့် ခွဲမရအောင် ဆက်စပ်တည်ရှိနေသော အရာဖြစ်သည်။ သို့ဖြစ်၍ ရုပ်ခန္ဓာနှင့် ဝိညာဉ် ( ဝါ ) ဇီဝအတ္တတို့၏

* Ibid., p. 408

၁ qualified non-dualism (visistadvaita)



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအစုဖြစ်သော လူသည် ဗြဟ္မာနှင့် သီးခြားပြု၍ မရသောသူပင်ဖြစ်သည်။ တစ်နည်းအားဖြင့် လူသည် ဗြဟ္မာနှင့် ခွဲခြားပစ်၍ မရသောသူဖြစ်သည်။ မိမိပြုသော ကံတရားတို့ကြောင့် ဇီဝအတ္တသည် ရုပ်ခန္ဓာကိုယ်နှင့် ဆက်စပ်မိ၍ ရုပ်ခန္ဓာကိုယ်၏ နှောင်ဖွဲ့မှုကို ခံရသည်။ ထိုပြုသော ကံကြောင့်ပင် အတ္တသည် မိမိကံနှင့် ထိုက်သော ရုပ်ခန္ဓာကိုယ်ကို ရရှိသည်"* ဟု ဆိုသည်။

ရာမာနုဂျက ဗြဟ္မာသည် အဆုံးစွန် ကောင်းမြတ်သူဖြစ်၍ လူသတ္တဝါတို့အား ဒုက္ခအပေါင်းမှ ကယ်တင်သူဖြစ်သည်။ သို့ပါလျက် လောကကြီး၌ မကောင်းမှုများ ဒုက္ခတရားများ ရှိနေရခြင်းသည် လူတို့က မကောင်းမှုကံများကို ပြုနေသောကြောင့်ပင် ဖြစ်သည်။ ပြုသောကောင်းမှုကံ မကောင်းမှုကံတို့သည် ပျော်ရွှင်သုခနှင့် ဆင်းရဲဒုက္ခတို့ကို ဖြစ်စေနိုင်သည်။ သို့ရာတွင် ကောင်းမှုကံ (ဤနေရာ၌ မိမိသဒ္ဒါနရှိ ယဇ်ပူဇော်ခြင်း အမျိုးမျိုးတို့ကို ပြုသောကံကို ရည်ညွှန်းခြင်း ဖြစ်ပါသည်)ကို ပြုရုံမျှဖြင့် လူသည် ဒုက္ခတို့မှ လွတ်မြောက်မှုကို မရနိုင်သေးချေ။ ဗြဟ္မာ ( ဝါ ) ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကသာ လူကို ဘေးဒုက္ခမှ ကင်းစေနိုင်သည်။ စင်စစ်ဗြဟ္မာသည် ကယ်တင်ရန်ပင်ဖြစ်သည်။ ဗြဟ္မာသည် မိမိ၏ အတိုင်းမသိ၊ အဆုံးမရှိ မေတ္တာတော်၊ အတိုင်းမသိ အဆုံးမရှိ ကောင်းမြတ်ခြင်းတို့ဖြင့် လူသတ္တဝါတို့အပေါ် အစဉ် သနားကြင်နာသူ ဖြစ်သည်။ ဗြဟ္မာသည် လူတို့အား ကယ်တင်ရန် မိမိကိုယ်ကို လူအဖြစ်သို့ပင် ပြောင်းလဲခဲ့သည်။.... ရာမာနုဂျက "လူ့အသွင်ဖြင့် ဤလောကသို့ ထာဝရဘုရား ( ဝါ ) ဗြဟ္မာ ဆင်းသက်လာခြင်း၏ ပဓာနရည်ရွယ်ချက်မှာ လူသတ္တဝါတို့ကို ကယ်တင်လိုသော ဆန္ဒကြောင့်ပင် ဖြစ်သည်"** ဟု ဆိုသည်။

ရာမာနုဂျက .... လွတ်မြောက်ရေး တရားအတွက် ဘတ္တိယောဂကို ကျင့်ဆောင်အားထုတ်ရမည် ဖြစ်သည်။ ဘတ္တိယောဂဆိုသည်မှာ မေတ္တာကို အခြေပြုလျက် စစ်မှန်သော သဒ္ဓါဖြင့် ဗြဟ္မာ ( ဝါ ) ထာဝရဘုရား အပေါ် စူးစိုက်ပွားများအားထုတ်ခြင်းပင် ဖြစ်သည်ဟု ဆိုသည်။ ရာမာနုဂျ အလိုအရ.... ထိုသို့ဘတ္တိယောဂကို ပြင်းထန်စွာ အားထုတ်ခြင်းဖြင့် အဆုံး၌ ဗြဟ္မာ ( ဝါ ) ထာဝရဘုရားကို တိုက်ရိုက်တွေ့မြင်သော ဉာဏ်သည် ဖြစ်ပေါ်

* S., Chatterjee, The Fundamentals of Hinduism p. 101

** S., prabhavanandu, op., cit., p. 365.



www.burmeseclassic.com

www.burmeseclassic.com



လာမည်။ ဤဉာဏ်ဖြစ်ပေါ်လာပါက အဝိဇ္ဇာ ဟူသမျှကို ပယ်သတ်ဖယ်ရှင်းပြီး ဖြစ်သွားမည်။ ထိုသို့ ထာဝရဘုရားအား တွေ့မြင်သူ၏ အတ္တသည် ရုပ်ခန္ဓာကိုယ်၏ နှောင်ဖွဲ့မှုခံရမှုမှ ထာဝရလွတ်မြောက်သွား၍ ဘဝတစ်ဖန်သည် မရှိတော့ချေ။....

သို့ရာတွင် ထိုကဲ့သို့ လွတ်မြောက်ရေးကို ရခြင်းသည် လူ၏လုံ့လစွမ်းအားသက်သက်ဖြင့် ရခြင်းမဟုတ်၊ ထာဝရဘုရား ( ဝါ ) ဗြဟ္မာက ကူညီကယ်တင်မှုကြောင့် ရခြင်းဖြစ်သည်ကို မမေ့အပ်ချေ။ မိမိကိုယ်ကို စွန့်လွှတ်၍ ဗြဟ္မာအားယုံကြည်သဒ္ဓါဖြင့် ချစ်မြတ်နိုးသူ ( ဝါ ) ချစ်မြတ်နိုးမှုဖြင့် ဗြဟ္မာ့ဂုဏ်ကို ပူဇော်မျှားအားထုတ်သူအား ဗြဟ္မာက သဘောကျကျေနပ်လျက် ထိုသူကို အသိမှန် အမြင်မှန်ရအောင် ကူညီမည်ဖြစ်သည်။ အခက်အခဲများကို ဖယ်ရှားပေးမည် ဖြစ်သည်။....

လွတ်မြောက်မှုရသွားသောအတ္တသည် ဗြဟ္မာ၏ သဘာဝနှင့် ဆင်တူသွားပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဗြဟ္မာဆိုသည်မှာ လွတ်မြောက်မှုရနေခြင်း၊ ထာဝရမြဲနေခြင်း သဘောရှိ လွတ်မြောက်မှုရသော အတ္တသည်လည်း ဗြဟ္မာ၏ သဘာဝကဲ့သို့ပင် လွတ်မြောက်ခြင်း၊ ထာဝရမြဲခြင်း သဘောကိုဆောင်ယူနေသောကြောင့်ဖြစ်၏။ သို့ရာတွင် ရာမာနုဂျ အလိုအရ ".... လွတ်မြောက်မှု ရသွားသော အတ္တသည် ဗြဟ္မာ၏ သဘာဝနှင့် တူသော်လည်း ဗြဟ္မာနှင့် ထပ်တူညီသည်တော့ မဟုတ်ချေ။ ထိုသို့ဗြဟ္မာနှင့် အတ္တတို့ သဘာဝချင်း ဆင်တူသွားခြင်းကိုပင် ဗြဟ္မာနှင့် ပေါင်းစည်းမှုရခြင်း ဖြစ်သည်ဟု ဆိုလိုပေသည်။"*

အတ္တဝါဒသည် မျက်မှောက်ခေတ် အိန္ဒိယ ဒဿန လောကတွင်လည်း ထင်ရှားဆဲပင်ဖြစ်သည်။ မျက်မှောက်ခေတ် အိန္ဒိယဒဿနပညာရှင်များထဲမှ တစ်ဦးဖြစ်သည့် ဆွာမိဝိဝေကနန္ဒာ[၁] ၏ ဒဿနများ၌ "ဗြဟ္မာသည်သာ အစစ်အမှန်ဖြစ်သည်၊ ကမ္ဘာလောကနှင့် အခြားအရာများသည် အစစ်အမှန်မဟုတ် (လူပုဂ္ဂိုလ်တစ်ဦးစီ၌ရှိသော) အတ္တသည် ထို ဗြဟ္မာနှင့် သဘောချင်းတူသည် ...." ** စသည်ဖြင့် ဖော်ပြထား၏။ ရာဘင်ဒြာနသ်

---

* Chatterjee & Datta, op., cit., p.248

၁ Swami Vivekanda

** R.S., Shrivastava, " Contemporary Indian " Philosophy p.75



www.burmeseclassic.com

www.burmeseclassic.com



တဂိုး[၁]ကမူ အခြားပညာရှင်များကဲ့သို့ ဗြဟ္မာကို ပုံသဏ္ဌာန်မဲ့သော အရာအဖြစ် မယူဆဘဲ ပုံသဏ္ဌာန်ရှိသော ပုဂ္ဂိုလ်တစ်ဦးအနေ[၂] ယူဆသည်။ ထို့ပြင် .... တဂိုးသည် အခြား ဒဿန ပညာရှင်များ ယူဆသကဲ့သို့ လွတ်မြောက်မှုရသွားသော အတ္တသည် ဗြဟ္မာနှင့် တစ်သားတည်း တစ်ပေါင်းတည်း တစ်သဘောတည်း ဖြစ်သွားသည်ဟု မယူဆချေ။ တဂိုးအလိုအရ လွတ်မြောက်မှုရသွားသော အတ္တသည် ဗြဟ္မာထံရောက်ရှိသွားပြီးနောက် ဗြဟ္မာနှင့် အတူနေသည်။ အတူနေခြင်းသည် ဗြဟ္မာနှင့် တစ်သားတည်း ရော၍ ဗြဟ္မာအတွင်း၌ အတ္တက ပျောက်ကွယ်သွားခြင်းမဟုတ်၊ သီးခြားပေါ်လွင်မှု၊ မိမိကိုယ်တိုင် ရပ်တည်နိုင်မှုဖြင့် အတ္တက ဗြဟ္မာနှင့်အတူတူနေခြင်းသာဖြစ်သည်ဟု ယူဆထားသည်ကို တွေ့ရ၏။ *

မျက်မှောက်ခေတ် အိန္ဒိယဒဿနလောက၌ ထင်ရှားကြသော ရှရီအော်ရိုဗင်ဒို[၃]၊ မဟတ္တမဂန္ဒီ[၄]၊ ခရစ်ရှနာ ချန်ဒရာဘတ္တချရိယ[၅]၊ ရာဒါခရစ်ရှ်နန်[၆] အစရှိသည့် ပညာရှင်များသည် လူ၌ရှိသော အတ္တနှင့် ပတ်သက်၍လည်းကောင်း၊ ဗြဟ္မာတည်းဟူသော ထာဝရဘုရားနှင့် ပတ်သက်၍လည်းကောင်း၊ ယူဆပုံချင်း အတန်ငယ် ခြားနားမှုများရှိကြသော်လည်း အတ္တသည်မြဲသည်၊ လွတ်မြောက်မှုရသွားသော အတ္တသည် ထာဝရမြဲသော သဘောကို ဆောင်သွားသည်ဟူသော အချက်၌တူညီကြသည်။ ထို့ပြင် ဗြဟ္မာ (ဝါ) ပရမအတ္တ (ဝါ) ထာဝရဘုရား (ဝါ) အဆုံးစွန်သော ဝိညာဉ်တော်သည် ထာဝရမြဲသည်ဟူသော ယူဆချက်၌လည်းတူကြသည်။

အတ္တဝါဒကို လက်ခံသူများသည် လူ၌ရှိသော အတ္တဇီဝကို ဇဟိုပြု၍သာ လူကို အနက်အဓိပ္ပာယ် ဖွင့်ဆိုကြမည်ဖြစ်သည်။ ဇီဝအတ္တရှိသော လူကို ရှုထောင့်တစ်ခုမှ ကြည့်ပါက "လူသည် လောက အလယ်၌ အဝိဇ္ဇာကြောင့် တဏှာလောဘများ ဒေါသတရားများ အစရှိသည့် ကိလေသာ

---

၁ Rabindranath Tagore

၂ Tagore has the anthropomorphic conception of God.

* R.S. Shrivastava, op. cit., p.105

၃ Sri Aurobindo ၄ Mahatma Gandhi

၅ Krishnachandra Bhattacharya

၆ Sarvepalli Radhakhrishnan



www.burmeseclassic.com

www.burmeseclassic.com



တို့ ဖြစ်ရသည်။ ထိုကိလေသာတို့ကြောင့် လူသည် ဒုက္ခတရားတို့နှင့် ကြုံနေရသူဖြစ်သည်။ တဏှာလောဘတို့၏ ကျေးကျွန်ဖြစ်ကာ ဆင်းရဲဒုက္ခရောက်နေရသူဖြစ်သည်။ သံသရာ၌ လောကဓံမျိုးစုံနှင့် ကျင်လည်နေရသူဖြစ်သည်" ဟု မြင်ရမည်ဖြစ်သည်။ သို့ရာတွင် တစ်ဖက်သော ရှုထောင့်မှ ကြည့်၍ "လူသည် လောက၌ အားငယ်စရာမရှိသူ ဖြစ်သည်။ လူသည် အစွမ်းအစရှိသူဖြစ်သည်။ လူသည် ဝိဇ္ဇာဉာဏ်ရအောင် ကြိုးစား၍ မိမိ၏ အတ္တဇီဝကို နှောင်ဖွဲ့ထားသော တဏှာလောဘ ကိလေသာဟူသမျှကို ဖယ်ရှားနိုင်ပါက လွတ်မြောက်ရေးတည်းဟူသော ဘဝ၏ ထာဝရ အခိုင်အမာဆောက်တည်ရာကို ရသွားနိုင်သူပင်ဖြစ်သည်။ ထို့ကြောင့် လူသည် သတ္တလောက၌ ကြီးကျယ်သူ ဂုဏ်သိက္ခာမြင့်မားသူ ဖြစ်သည်" ဟု ယူဆလိုက ယူဆနိုင်လေသည်။

သို့ရာတွင်.... အတ္တဝါဒီတို့ ယုံကြည်စွဲလမ်း တွယ်ဖက်ထားသည့် ထာဝရမြဲသည်ဆိုသော ဇီဝအတ္တဟူသောအရာသည် အမှန်တကယ် ဟုတ်ပါ၏လော၊ ထာဝရမြဲသည်ဆိုသော ဗြဟ္မာ ( ဝါ ) ပရမအတ္တ ( ဝါ ) ထာဝရဘုရားသည်လည်း အမှန်ရှိပါ၏လော၊ အခိုင်အမာမရှိဘဲ လွင့်မျောနေသော အတွေးအခေါ်များအတွင်း၌ အတ္တဝါဒသည် အဟုတ်အမှန်ဆုံးသော အယုံကြည်ထိုက်ဆုံး အားအကိုးထိုက်ဆုံးသော အတွေးအခေါ် ဆိုင်ရာ "ရပ်တည်ရာ" "ဆောက်တည်ရာ" ဟုတ်ပါ၏လော၊ အတ္တသည် လူ၏ဆောက်တည်ရာ ထိုအတ္တ လွတ်မြောက်မှု ရခြင်းသည် ဘဝ၏ဆောက်တည်ရာ ဟုတ်ပါ၏လော စသည့် သံသယများသည် လူ၌ ရှိနေလိမ့်မည်သာ ဖြစ်သည်။

အတ္တဝါဒကို လက်ခံသူများက "အတ္တ၏တည်ရှိမှု၊ ပရမအတ္တ၏တည်ရှိမှုကို သာမန်ဆင်ခြင်မှု—သာမန် အတွေ့အကြုံအာရုံမျှဖြင့် မြင်ကောင်းသိကောင်းသော အရာမဟုတ်၊ သက်ဆိုင်ရာ ကျင့်စဉ်များကို အားထုတ်ပေါက်မြောက်ပြီးမှသာ သိနိုင် မြင်နိုင်ကောင်းသော အရာများ ဖြစ်သည်" ဟု ဆိုကြသည်။ ထိုသို့ ဆိုပြီးနောက်.... အားထုတ်ကျင့်ဆောင်ရန် ကျင့်စဉ်များကို ညွှန်ပြကြ၏။ သို့ရာတွင် ဗုဒ္ဓဝါဒီ သုတေသီတို့ အလိုအရ ၎င်းတို့ညွှန်ပြသော ကျင့်စဉ်များအားလုံးသည် ဈာန်အဘိညာဉ်တို့ကို ရနိုင်ခြင်းလျှင် အဆုံးရှိသော ကျင့်စဉ်များသာ ဖြစ်ကြသည်။ ဗုဒ္ဓဝါဒသည် ထို.... ဈာန်အဘိညာဉ် ရနိုင်ခြင်းသာလျှင် အဆုံးရှိသော ကျင့်စဉ်များကို ပစ်ပယ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ ဇီဝအတ္တအယူအဆ၊ ပရမအတ္တ ( ဝါ ) ဗြဟ္မာနှင့် ပတ်သက်သော အယူအဆတို့ကိုလည်း ပစ်ပယ်ခဲ့၏။

ဗုဒ္ဓအလိုအရ လူသည် အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်ကျင့်စဉ် ( ဝါ ) သတိပဋ္ဌာန်ကျင့်စဉ်ဖြင့်သာ အမှန်တရားတို့ကို ထိုးထွင်းသိမြင်နိုင်၍ ထို အမှန်တရားတို့ကို သိမြင်ပါမှ ဘဝ၏ဆောက်တည်ရာရနိုင်ပုံကို ဖော်ပြခဲ့၏။ ဤအချက်တို့နှင့် စပ်လျဉ်း၍ ရှေ့တွင် ဆက်လက်လေ့လာကြည့်ရန်ပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

## အတ္တ ( ဝါ ) စိတ်အခြေခံဝတ္ထု၊ ရုပ်အခြေခံဝတ္ထုကို လူ၌ ဆိတ်သုဉ်းကြောင်း ဗုဒ္ဓဒဿနမှ ဖြေရှင်းချက်များ

ဗုဒ္ဓဒဿနသည် ပြောင်းလဲခြင်းကို အမှန်တရားအနေဖြင့် လက်ခံသည်ကို တွေ့ရသည်။ လူ၏ ရုပ်နာမ်ခန္ဓာတို့သည်လည်း ပြောင်းလဲလျက်ရှိသည်၊ ထိုပြောင်းလဲနေသော ရုပ်နာမ်ဖြစ်စဉ်၌ မြဲနေသော ၊ ခိုင်နေသော အရာဟူ၍ တစ်စုံတစ်ခုမျှမရှိ လူ၌ကြောင်းကျိုးဆက်စပ်ကာ ပြောင်းလဲဖြစ်ပျက်နေသော ရုပ်နာမ်မှတစ်ပါး အတ္တသည်မရှိဟု ရှုမြင်သည်။ ဤနေရာ၌ .... အတ္တဟူသော စကားကို အဟုတ်အနေ၊ အမှန်တကယ်အနေ၊ မြဲသည်အနေထင်မှတ် စွဲလမ်းမှုမှန်သမျှကိုလည်း အတ္တဟုပင်ဆိုလို၍ လူ၏ခန္ဓာအတွင်း၌ သိမှု၊ ခံစားမှု၊ တွေးကြံမှုကို ပြုနေသော ဘဝအသစ်သို့လည်းဆောင်သော ငါကောင်၊ အသက်ကောင်၊ လိပ်ပြာကောင်ဟုလည်းခေါ်သော စိတ်အခြေခံဝတ္ထုကိုလည်း အတ္တဟုပင်ဆိုလိုပါသည်။ ဗုဒ္ဓဒဿနသည် အထက်ပါကဲ့သို့ အနက်အဓိပ္ပာယ်သက်ရောက်သော အတ္တသဘောအလုံးစုံကို ပစ်ပယ်သော ဒဿနဖြစ်သည်။ အားကိုးရာအခိုင်အမာအဖြစ် ထင်မြင်ယူဆကြသော အတ္တကို ပစ်ပယ်ခြင်းနှင့်အတူ လူ၏ ပြင်ပမှ အားကိုးရာဖြစ်သော ထာဝရဘုရား အစရှိသည်တို့ကိုလည်း ပစ်ပယ်သည်။ ထိုသို့ပစ်ပယ်လိုက်သောကြောင့် ဗုဒ္ဓဒဿနသည် အချို့သောဘဝဖြစ်တည်မှုပဓာနဝါဒီတို့၏ အယူအဆများနှင့် ဆင်တူသကဲ့သို့ ဖြစ်သွားသည်။ သို့ရာတွင် ဗုဒ္ဓဝါဒနှင့် ထိုဘဝဖြစ်တည်မှု ပဓာနဝါဒီတို့၏ အယူအဆများသည် များစွာ ခြားနားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

## စိတ် – ရုပ်တို့ ဆက်နွယ်ဖြစ်ပျက်မှုနှင့် လူ့ဘဝဖြစ်စဉ်

"လူ၌ အကြောင်းအားလျော်စွာ မပြတ်ဆက်စပ်ဖြစ်ပျက်နေသော ရုပ်နာမ်အစဉ် ( ဝါ ) စိတ်ရုပ် အစဉ်မျှသာ ရှိသည်။ ထာဝရမြဲသော၊ ခိုင်သော၊ တည်တံ့နေသော အတ္တသဘောသည် မရှိ။* အတ္တ သဘော၊ ဆောင်သော ( ဝါ ) မြဲနေသည်၊ ရုပ်တည်နေသည်၊ ထာဝရ ခိုင်မြဲနေသည်ဆိုသောအရာဟူ၍ လောက၌တစ်ခုမျှမရှိ။ အရာရာသည်အကြောင်း အကျိုးတရားတို့အရ ဖြစ်ပျက်ပြောင်းလဲလျက်သာရှိသည်။ စင်စစ်ပြောင်း လဲခြင်းသည်သာ အမှန်တရား ဖြစ်သည်"ဟု ဗုဒ္ဓဒဿနက ရှုမြင်သည်။ သို့ဖြစ်၍ ခဏမလပ် ဖြစ်ပျက်ပြောင်းလဲနေသော ရုပ်နာမ်အစဉ် စိတ်ရုပ် အစဉ်ကို အခြေခံပေးနေသော ရုပ်အခြေခံဝတ္ထု၊ စိတ်အခြေခံဝတ္ထုတို့ကို ဗုဒ္ဓဒဿနအနေနှင့် လက်ခံရန်မရှိချေ။

ဗုဒ္ဓဒဿနသည်.... "လူ၌ စိတ်ရှိသည်၊ ရုပ်ရှိသည်၊ စိတ်ဆိုသည်ကား ဤသို့ဖြစ်သည်၊ ရုပ်ဆိုသည်ကား ထိုသို့ဖြစ်သည်" စသည်ဖြင့်ခွဲခြားဖော်ပြ သော်လည်း ထိုဖော်ပြချက်များသည် စိတ်ရုပ်ဖြစ်စဉ်ကို နားလည်စေရန် ဝေါဟာရပညတ်တို့ဖြင့် ခွဲခြားဖော်ပြခြင်းသာဖြစ်၍ တကယ့်ပကတိသဘာ ဝ၌ စိတ်နှင့်ရုပ်သည် ဒေးကား အစရှိသော အနောက်တိုင်း ဒဿနပညာ

---

* ဤနေရာ၌ ထာဝရမြဲသည်၊ ခိုင်သည်ဟု ယူဆကြသော ဇီဝအတ္တ၊ ပရမအတ္တ သည်လည်းမရှိ။ ထိုမျှမက.... အတ္တသဘောရှိသော ( ဝါ ) မြဲသော၊ ခိုင်သော မပြောင်းမလဲ ရုပ်တည်နေသော အရာဟူ၍လည်း တစ်ခုမျှမရှိဟု ပစ်ပယ်ခြင်း ကိုပါ ဆိုလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်များနှင့် အချို့သောအိန္ဒိယဒဿနပညာရှင်များယူဆသကဲ့သို့ "အခြေခံဝတ္ထုများ" အနေနှင့် သီးခြားစီ လွှဲတည်ရှိနေနိုင်သည်ဟု မယူဆချေ။

ထို့ပြင် လူ၏ ဘဝတစ်ခု စပြီဆိုကတည်းက ပဋိသန္ဓေစိတ်နှင့် အတူ ကမ္မဇရုပ် သုံးဆယ်သည်လည်း တစ်ပြိုင်တည်း တစ်ပေါင်းတည်းဖြစ်ကြသည်ဟု ဗုဒ္ဓဒဿနသည် ရှုမြင်သောကြောင့် စိတ်သည် ရုပ်ဖြစ်သည်၊ ရုပ်သည် စင်စစ် စိတ်၏ ထင်မြင်ချက် ဖန်တီးချက်သာဖြစ်သည်ဟု ယူဆသော စိတ္တမူလဝါဒီ ( နာမ်ဝါဒီ ) အချို့၏ အယူအဆများကိုလည်း လက်မခံချေ။ ထို့ပြင် သိတတ်သောရုပ်သည်ပင် စိတ်ဖြစ်သည်။ စိတ်သည် ရုပ်မှဖြစ်ပေါ်လာသည်။ ရုပ်ကအလျင်ရှိပြီး ဖြစ်ပြီးသည့်နောက်မှ စိတ်ကဖြစ်လာသည်။ စိတ်သည် ရုပ်၏ ထုတ်လုပ်မှုဖြစ်သည်။ ရုပ်သည် ပဓာနဖြစ်၍ စိတ်သည် သာမညသဘောသာ ဖြစ်သည်ဟု ယူဆသော ရုပ်ဝါဒီများ၏ အယူအဆတို့ကိုလည်း လက်မခံချေ။

ဗုဒ္ဓဒဿနအလိုအရ သိတတ်သော သဘောသည် စိတ်ပင်ဖြစ်သည်။ စိတ်သည် သိတတ်သော သဘောမျှဖြစ်၍ အထည်ဝတ္ထုမရှိ၊* သိတတ် သော သဘောမျှပင်ဖြစ်သော်လည်း ထိုစိတ်ဖြစ်ပုံကို လိုက်၍ စိတ်အမျိုးအမည်ပေါင်း ၁၂၁ မျိုးမျှ ရှိနိုင်လေသည်။ ထိုစိတ်၌ပင် အကြောင်းအားလျော်စွာ ဖြစ်နိုင်သော စေတသိက်များသည်လည်း ၅၂ မျိုးမျှ ရှိလေသည်။

> "စိတ်နှင့် စေတသိက်ခြားနားပုံမှာ နီဝါဖြူပြာညိုရွှေဝါ စသောအားဖြင့် အထူးထူးအခြားခြား အဆင်းရှိသော ဆေးရောင်ခတ်အမျိုးမျိုးတို့ကို ရေနှင့် အသီးသီးဖျော်၍ တစ်ခုသောကား၌ အထူးထူးသော ရုပ်စုံရုပ်ဆန်းခြူးပန်း ခြူးနွယ်တို့ကို ခြယ်လှယ်ရေးသားရာဝယ် ကားထက်၌ ဆေး၏ ပျံ့နှံ့ခြင်း၊ စွဲငြိခြင်းသည် ရေ၏ ကိစ္စသာဖြစ်၏။ ဆေးရောင်အမျိုးမျိုး၏ ကိစ္စမဟုတ်။ အနီ အဝါအစိမ်းစသော အရောင်အမျိုးမျိုး ထင်ရှားမှုသည် ဆေးရောင်အမျိုးမျိုး၏ ကိစ္စဖြစ်၏။ ရေ၏ကိစ္စမဟုတ်။ ထိုဥပမာ၌ ကားအထည်သည် အာရုံနှင့်တူ၏။ ရေသည်စိတ်နှင့်တူ၏။ ဆေးရောင်ခတ် အမျိုးမျိုးသည် စေတသိက်နှင့် တူ၏။

* ဦးတိလောက ( သေက္ခုတောင်ဆရာတော် )၊ ပဏ္ဍိတဝေဒနီယဒီပနီ၊ စာ – ၁၅၃



www.burmeseclassic.com

www.burmeseclassic.com

ဆေးခါတ်သည် ရေ၌မှီ၍ အရောင်အမျိုးမျိုးဖြစ်အောင်
ဖန်ဆင်းခြယ်လှယ်သကဲ့သို့ စေတသိတ်တို့သည်လည်း စိတ်၌
မှီ၍ လောဘ၊ ဒေါသ၊ ဣဿာမစ္ဆရိယ၊ သဒ္ဓါ၊ ပညာ
စသော သဘော အမျိုးမျိုးတွေဖြစ်အောင် ဖန်ဆင်းခြယ်
လှယ် တတ်ချေ၏။"*

ဗုဒ္ဓဒဿနအလိုအရ သိစိတ်တစ်စုံတစ်ရာမဖြစ်သေးမီ ရှိနေသောစိတ်အခြေအနေကို ဘဝင်စိတ်ဟု ခေါ်သည်။ တစ်နည်းအားဖြင့် လောလောဆယ် မျက်မှောက်အချိန်၌ မည်သည့် အာရုံကိုမျှ မစူးစိုက် မိသေးဘဲ ရှိနေသော စိတ်အခြေအနေမျိုးပင် ဖြစ်သည်။ ဤအခြေအနေမျိုးကို ဗုဒ္ဓစာပေများ၌ အိပ်မောကျနေသည့် အခါ၌ဖြစ်နေသော စိတ်မျိုးဖြစ်သည်ဟု ဥပမာဆောင်လေ့ရှိ၏။

ထိုဘဝင်စိတ်သည် အာရုံရုပ်နှင့် လည်းကောင်း၊ လူ၏ ရုပ်ခန္ဓာကိုယ်နှင့်လည်းကောင်း သီးခြားကင်းလွတ်စွာ တည်နေသည် မဟုတ်ချေ။ ဆိုခဲ့သည့်အတိုင်း လောလောဆယ်အာရုံတစ်ခုခုကို အာရုံပြု၍ သိမှုတစ်စုံတစ်ရာမဖြစ်သေးဘဲ အိပ်မောကျနေသောအခါ၌ ဖြစ်ပျက်နေသော စိတ်အခြေအနေမျိုးအတိုင်း ဆက်တိုက် ဖြစ်နေခြင်းကို ဘဝင်ကျနေသည်၊ သို့မဟုတ် ဘဝင်စိတ် ဖြစ်နေသည်ဟု ခေါ်လေသည်။ နိုးကြားနေသူ၌လည်း အကယ်၍ ပြင်ပမှဖြစ်စေ၊ အတွင်းမှဖြစ်စေ အာရုံတစ်မျိုးမျိုး ဝင်ရောက်ထိခိုက်မှု မရှိပါက ထိုသူ၏ စိတ်သည် ဘဝင်စိတ် အခြေအနေ၌ပင် ရှိနေသည်။ အကယ်၍ ပြင်ပမှသို့မဟုတ် အတွင်းမှ အာရုံတစ်မျိုးမျိုး ဝင်ရောက်ထိခိုက်မှု ရှိပါက ထိုဘဝင်စိတ်သည် ထိုထိခိုက်သော အာရုံသစ်နောက်သို့ လိုက်ပါသွား၏။ တစ်နည်းအားဖြင့် အာရုံသစ်တို့ဆီသို့ စိတ်အစဉ်ဦးလှည့်ကိုင်းညွှတ်ပါသွား၏။ ထိုသို့ဦးလှည့်ကိုင်းညွှတ်ပါသွားသော စိတ်အစဉ်လမ်းကြောင်းကို ဝီထိစိတ်အစဉ်ဟု ဗုဒ္ဓဒေသနာများ၌ ဖော်ပြထား၏။

ဘဝင်စိတ်ဖြစ်နေရာမှ အကယ်၍ မြင်စရာအဆင်းသည် မျက်စိ၌ ထိတွေ့လျှင် မြင်သိစိတ်အစဉ် ( စက္ခုဒွါရဝီထိ ) ဖြစ်သည်။ ကြားစရာအသံသည် နား၌ထိတွေ့လျှင် ကြားသိစိတ်အစဉ် ( သောတဒွါရဝီထိ) ဖြစ်သည်။ အနံ့သည် နှာခေါင်း၌ ထိတွေ့လျှင် အနံ့နှင့် ဆိုင်သော စိတ်အစဉ်

---

* ဦးမောင်ကြီး (လယ်တီပဏ္ဍိတ) ပရမတ္ထသံခိပ်ဋီကာ၊ ပတွဲ၊ စာ – ၈



www.burmeseclassic.com

www.burmeseclassic.com



( ဃာနဒွါရဝီထိ ) ဖြစ်သည်။ စားသိစရာ အရသာက လျှာ၌ ထိတွေ့လျှင် အရသာသိစိတ်အစဉ် ( ဇိဝှါဒွါရဝီထိ ) ဖြစ်သည်။ အတွေ့အထိအာရုံက ကိုယ်၌ထိတွေ့လျှင် ထိသိသည့် စိတ်အစဉ် (ကာယဒွါရဝီထိ) ဖြစ်သည်။ မနောဒွါရ၌ ဓမ္မာရုံတို့ ထိတွေ့လျှင် စိတ်ကူးကြံသိသည့် စိတ်အစဉ် ( မနောဒွါရဝီထိ ) ဖြစ်သည်။ ဤ အစဉ် ( ၆ )မျိုးကို ဝီထိ ( ၆ )မျိုးဟု ခေါ်လေသည်။

ဤ ဝီထိ ( ၆ ) မျိုးအနက် မြင်သိစိတ်အစဉ် ( မြင်ဝီထိ) ဖြစ်ပုံမှာ အောင်ပါအတိုင်းဖြစ်သည်။

လူ၏ မျက်စိအကြည်ရုပ် ( စက္ခုပသာဒ ) သည် စိတ်၏ ဖြစ်တည်ပျက် ( ဥပါဒ်၊ ဌီ ၊ ဘင် ) ခဏတိုင်း ခဏတိုင်း၌ အသစ်အသစ်မပြတ် ဖြစ်ပျက်လျက်ရှိသည်။ စိတ်ခဏ ( ၁၇ ) ချက်မျှ ရှည်ကြာသည့် အကြည်ပသာဒ ရုပ်တို့သည် ခဏမလပ် ချုပ်ပျက်လျက်ရှိကြသည်။ မြင်စရာ အဆင်းရုပ်များသည်လည်း ခဏမစဲဖြစ်ပျက်လျက်ရှိကြသည်။ ယင်းကဲ့သို့ ခဏမစဲ ဖြစ်ပျက်နေကြသော ရုပ်များအနက်မှ တစ်စုံတစ်ရာသော အဆင်းရုပ်နှင့် မျက်စိအကြည်ရုပ်တို့သည် တစ်ပြိုင်တည်းဖြစ်ကြသည်။ သို့ရာတွင် ရုပ်ဟူသည် ဖြစ်ဆဲခဏတွင် အားမကောင်းသေးရကား မျက်စိအကြည်ရုပ်နှင့် အဆင်းရုပ်တို့၏ ဖြစ်ဆဲခဏ ဘဝင်စိတ်တစ်ကြိမ်ခန့် အတွင်း၌ မျက်စိနှင့် အဆင်းတို့ အချင်းချင်း မတိုက်ဆိုင် မိကြသေး။ "မျက်စိအကြည်ထဲ၌ အဆင်းရိပ် မထင်ပေါ်လာသေး ....'' ဟု ဆိုလိုသည်။ "ရူပါရုံစသော အာရုံငါးပါးသည် စက္ခုပသာဒစသော ( ၅ ) ဒွါရ၌ ထင်လာသည့်အခါ ဥပါဒ်လျှင် ဥပါဒ်ချင်း (ဖြစ်လျှင်ဖြစ်ချင်း) မထင်နိုင်သေး။ ရုပ်တို့မည်သည် ဌီ အခိုက်၌သာ အားရှိ၏။ ထို့ကြောင့် အားအကောင်းဆုံး ရူပါရုံသည် အကြည်လင်ဆုံးစက္ခုပသာဒ၌ ထင်ရသော်လည်း အနည်းဆုံး စိတ္တက္ခဏ ( စိတ်တစ်ခဏ ) တစ်ချက်ခန့် လွန်ပြီးနောက် ဌီ သို့ရောက်မှ ထင်လာနိုင်သည်။''* ....မျက်စိ၌ အဆင်း မထင်သေးမီ လွန်သွားသော ( ဝါ ) ချုပ်ကွယ်သွားသော ဘဝင်စိတ်ကို အတီတဘဝင်ဟု ခေါ်သည်။**

---

* အရှင်ဇနကာဘိဝံသ၊ အခြေပြုသင်္ဂြိုဟ်၊ စာ – ၁၉၀

** အဆင်းရူပါရုံသည် စက္ခုပသာဒ၌ ထင်လာသောအခါ ထိုအဆင်းရူပါရုံသည် စိတ်တစ်ခဏ တစ်ချက်ခန့်ကာလကို လွန်ခဲ့သည်ဖြစ်ရကား ထိုလွန်ခဲ့ရာ ကာလ၌ဖြစ်သော ဘဝင်စိတ်ကို လွန်ခဲ့ပြီးဖြစ်သော ဘဝင် (အတီတဘဝင်) ဟု ခေါ်ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတီတဘဝင်စိတ် ချုပ်ငြိမ်းသွားသည့်နောက် ဘဝင်စိတ်တစ်ခုဆက်၍ ဖြစ်ပြန်သည်။ ထိုဘဝင်စိတ်ဖြစ်ဆဲခဏ၌ စောစောကဖြစ်ပေါ်ပြီး အသင့်ရှိနေသော အဆင်းရူပါရုံနှင့် မျက်စိသည် တိုက်ဆိုင်မိကြသည်။ (ဝါ) မျက်စိထဲ၌ အဆင်းရိပ်ကျလာသည်၊ ထင်ပေါ်လာသည်ဟု ဆိုလိုပါသည်။ ဤသို့ထင်ပေါ်လာသည့်အတွက် ဘဝင်စိတ်သည် အခြေအနေပျက်၍ လှုပ်ရှားသကဲ့သို့ ဖြစ်သွားသည်။ ဗုဒ္ဓအဘိဓမ္မာ သဘောအရ ဘဝင်စိတ်သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃)ပါးတွင် တစ်ပါးပါးကို အာရုံပြုနေ၊ ယူနေသော သဘောရှိ၍ ထိုသို့ အာရုံပြုနေ၊ ယူနေသော အခြေအနေမှ ထင်လာသော အာရုံသစ်ကြောင့် ပြုနေဆဲ ယူနေဆဲအာရုံကို စွဲမြဲစွာလည်း မယူနိုင်၊ လွတ်လည်း မလွတ်သေးဘဲ ပင်ကိုသဘောမှ ဖောက်ပြားကာ လှုပ်ရှားသကဲ့သို့ဖြစ်သည်။ မျက်စိ၌ထင်လာသော အဆင်းအာရုံကို နှလုံးသွင်းတော့မလိုလိုဖြစ်လာသည်။ ဤကဲ့သို့ဖြစ်သော ဘဝင်စိတ်ကို "ဘဝင်္ဂစလန"ဟု ခေါ်လေသည်။

အထက်ပါကဲ့သို့ အဆင်းအာရုံကို နှလုံးသွင်းတော့မလိုလို ဖြစ်သော ဘဝင်္ဂစလနစိတ် ချုပ်သွားသောအခါ နောက်ဘဝင်စိတ်တစ်ခု ဖြစ်လာပြန်သည်။ ထိုဘဝင်စိတ်သည် သာ၍အခြေပျက်လာသည်။ သို့ဖြစ်၍ ထိုဘဝင်စိတ် ချုပ်သွားသောအခါတွင်မူ နောက်ထပ် ဘဝင်စိတ် ဖြစ်နိုင်ခြင်းမရှိတော့ဘဲ ပြတ်စဲသွားသည်။ ထိုသို့ပြတ်စဲသွားသောစိတ်ကို 'ဘဝင်္ဂုပစ္ဆေဒ'ဟု ခေါ်သည်။ ထိုသို့ပြတ်စဲသွားသော စိတ် 'ဘဝင်္ဂုပစ္ဆေဒ' ဖြစ်ပြီး နောက် မျက်စိ၌ ထင်ပေါ်လာသော အဆင်းကို "မည်သို့မျိုးနည်း" ဟု ဆင်ခြင်သကဲ့သို့သောစိတ်သည် ဖြစ်လာသည်။ ထိုစိတ်ကို အာဝဇ္ဇန်းစိတ်ဟု ခေါ်သည်။ ဤသို့ဆင်ခြင်သကဲ့သို့ဖြစ်သော အာဝဇ္ဇန်းစိတ်သည် မျက်စိ၌ ထင်ပေါ်လာသော အဆင်းကိုသာမက အခြားအခြားသော နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် အစရှိသည့် အာရုံခံဒွါရတို့၌ ဆင်ခြင် သကဲ့သို့ ပြုတတ်သောသဘော ရှိသောကြောင့် အာဝဇ္ဇန်းစိတ်ကို ပဉ္စဒွါရာဝဇ္ဇန်း စိတ်ဟုလည်း ခေါ်ပေသေးသည်။

ဆင်ခြင်သကဲ့သို့ဖြစ်သော အာဝဇ္ဇန်းစိတ် ချုပ်သွားသောအခါ မျက်စိ၌ ထင်ပေါ်နေသည့် အဆင်းကိုမြင်သော စက္ခုဝိညာဏ် စိတ်ဖြစ်သည်။ ထိုစက္ခုဝိညာဏ် စိတ်ချုပ်ပျက်သွားသည့်အခါ ထိုမြင်ရသည့်အဆင်းကို လက်ခံအာရုံပြုသော စိတ် (သမ္ပဋိစ္ဆိုင်းစိတ်) ဖြစ်သည်။ လက်ခံအာရုံပြုသော ထို (သမ္ပဋိစ္ဆိုင်းစိတ်) ချုပ်ပျက်သွားသော အခါ ထို



www.burmeseclassic.com

www.burmeseclassic.com



အာရုံကိုပင် စုံစမ်းသောစိတ် ( သန္တီရဏစိတ် ) ဖြစ်သည်။ ထိုသန္တီရဏစိတ် ချုပ်ပျက်သွားသောအခါ ဆုံးဖြတ်သောစိတ် ( ဝုဋ္ဌောစိတ် ) ဖြစ်သည်။ ဝုဋ္ဌောစိတ်ဆိုသည်မှာ အာရုံကိုကောင်းသည်၊ ဆိုးသည်စသည်ဖြင့် ဆုံးဖြတ်ချက်ချသော စိတ်သဘောကို ဆိုလိုပါသည်။ ထိုသို့ ဆုံးဖြတ်ချက်ချသော ဝုဋ္ဌောစိတ် ချုပ်ပျက်သွားသောအခါ ဇောစိတ်ဟု ခေါ်သော စိတ်များ ခုနစ်ကြိမ်ဖြစ်ပေါ်ကြသည်။ ထိုဇောစိတ်တို့ ခုနစ်ကြိမ်အစဉ်အတိုင်း ဖြစ်ပြီး ချုပ်ငြိမ်းသွားသည့်နောက် တဒါရုံစိတ်ဟုခေါ်သော ဇောစိတ်၏ အာရုံကိုပင် ဆက်လက်အာရုံပြုသော စိတ်နှစ်ကြိမ်ဖြစ်သည်။ အဆင်းရူပါရုံ ရုပ်သည် တဒါရုံစိတ် နှစ်ကြိမ်အနက် ဒုတိယတဒါရုံစိတ်နှင့်ပြိုင်၍ ချုပ်ပျက်သွားသည်။ စိတ်အစဉ် (ဝီထိစိတ်) ၌ အတီတဘဝင်မှ နောက်ဆုံး တဒါရုံစိတ် အထိ စိတ် ( ၁၇ )ခဏ ( ဝါ )စိတ် ( ၁၇ )ကြိမ်ရှိသည်။ အဆင်းရူပါရုံရုပ်၏ သက်တမ်းသည် ထိုစိတ် ( ၁၇ )ကြိမ်နှင့် ညီမျှသည်။ တဒါရုံစိတ် ( ၂ )ကြိမ် ဖြစ်၍ ချုပ်သွားသောအခါ စိတ်အစဉ် ( ဝီထိစိတ်အစဉ် ) ကုန်သောကြောင့် ဘဝင်စိတ်အဖြစ် ရောက်ပြန်သည် ( ဝါ ) ဘဝင်စိတ်အစဉ်အဖြစ် ပြန်ရောက်သွားပြန်သည်။

ဝီထိစိတ်သည် ဖော်ပြခဲ့သော အစဉ်အဆင့်များအတိုင်း အာရုံတစ်ခု ပေါ်၌ အထပ်ထပ်ဖြစ်ပေါ်လေသည်။ ဗုဒ္ဓဒေသနာများ၌ ဝေါဟာရများဖြင့် အထက်ပါကဲ့သို့ စိတ်အဆင့်များကို ဖြတ်ရကြောင်း ဖော်ပြထားသော်လည်း တကယ့်စိတ်ဖြစ်စဉ်၌ စိတ်ဖြစ်စဉ်မြန်လွန်း၍ ထိုအဆင့်များကို ဖြတ်ကျော်ရကြောင်း ကျွန်ုပ်တို့၏ ဉာဏ်မျှဖြင့် သိနိုင်လိမ့်မည် မဟုတ်ချေ။

အထက်ပါစက္ခုဒွါရဝီထိ ( မြင်ဝီထိ ) သို့မဟုတ် မြင်သိစိတ်ဖြစ်စဉ်၌ ရုပ်နှင့် စိတ်သည် အခြေခံဝတ္ထု ၂ ခုအဖြစ် သီးခြားစီ တည်နေ၍ သီးခြားစီ လှုပ်ရှားမှုများ ပြုလုပ်နေခြင်း မဟုတ်ကြောင်း သိသာသည်။ ထို့ပြင် စပင်နိုဇာ အစရှိသော ပုဂ္ဂိုလ်များ ယူဆသကဲ့သို့ စိတ်နှင့်ရုပ်တို့သည် မတူ ခြားနားသော အသွင်နှစ်ရပ် အနေဖြင့် တစ်ခုနှင့်တစ်ခု အဆက်အစပ် မရှိဘဲ မျဉ်းပြိုင်ကဲ့သို့ လှုပ်ရှားနေခြင်း မဟုတ်ကြောင်းလည်း တွေ့ရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုစက္ခုဒွါရဝီထိ (မြင်သိစိတ်အစဉ်) ၌ စက္ခုဝိညာဏ်ဟူသော စိတ်သည် အတီတဘဝင်နှင့် ပြိုင်၍ ဖြစ်ခဲ့သော စက္ခုပသာဒ (မျက်စိအကြည်ရုပ်) ကို မှီ၍ဖြစ်သည်။ ကျန်သည့် စိတ်များကမူ ၎င်းတို့၏ ရှေ့ အခြားမဲ့စိတ်နှင့် ပြိုင်၍ဖြစ်သော 'ဟဒယ' ကို မှီ၍ ဖြစ်ကြသည်ဟု ဗုဒ္ဓဒေသနက ဖော်ပြသောကြောင့် ဖြစ်သည်။

(ပဋ္ဌာနအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



က ဖော်ပြသောကြောင့် ဖြစ်သည်။

ဤနေရာ၌ 'ဟဒယ' ၏ သဘော သဘာဝနှင့် ပတ်သက်သော အယူအဆ အချို့ကို ဖော်ပြရန် လိုအပ်ပေလိမ့်မည်။ 'ဟဒယ' ဟူသော စကားကို 'နှလုံးရုပ်' ဟူ၍ လည်းကောင်း၊ 'နှလုံးအိမ်၏ အတွင်းရှိ သွေးကို မှီနေသော ရုပ်များ' ဟူ၍လည်းကောင်း အနက်အဓိပ္ပာယ် ဖွင့်ဆိုကြ၏။ သို့ရာတွင် အချို့သော ဗုဒ္ဓဝါဒီသုတေသီများက ဓမ္မသင်္ဂဏီနှင့် ပဋ္ဌာန်းကျမ်းလာ အဆိုအမိန့်များကို ထောက်၍ အထက်ပါ ဖွင့်ဆိုချက်များကို "ဗုဒ္ဓဆိုလိုသော မူလအဓိပ္ပာယ်နှင့် ကိုက်ညီကောင်းမှ ကိုက်ညီမည်" ဟု သံသယဖြစ်ကြ၏။ ဦးရွှေဇံအောင်က ဟဒယ ဝတ္ထုနှင့် ပတ်သက်၍ အောက်ပါကဲ့သို့ ဖော်ပြခဲ့၏။ "ဓမ္မသင်္ဂဏီ၌ 'ဟဒယဝတ္ထု'ကို မဟောခြင်းသည်

ကျွန်ုပ်တို့ဗုဒ္ဓဝါဒီများအတွက် အရေးပါ အရာရောက်သော အချက်ဖြစ်၏။ .... ထို ဓမ္မသင်္ဂဏီကျမ်း၌ ဟဒယဝတ္ထုကို ဗုဒ္ဓမဟောခြင်းသည် အမှတ်မဲ့ဖြစ်၍ မဟောပြောမိခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့မယူဆချေ။ ဗုဒ္ဓ၏ ခေတ်အခါက နှလုံးသည် စိတ်၏ တည်နေရာ ဖြစ်သည်ဟူသော ယူဆချက်သည် လူအများစုအပေါ် လွှမ်းမိုးလျက်ရှိသည်။ .... ဗုဒ္ဓသည် ဤယူဆချက်ကို လက်မခံချေ။ မိမိ၏ ယူဆချက်ကို ထုတ်ဖော်ဟောပြောလျှင်လည်း လူတို့အနေနဲ့လက်ခံကြမည်မဟုတ်ချေ။ သို့ရာတွင် ပဋ္ဌာန်းဒေသနာ၌မူ စိတ်၏ တည်ရာမှီရာနှင့် စပ်လျဉ်းသော ပြဿနာကိုဟောပြောခဲ့၏။ ....ပဋ္ဌာန်းဒေသနာအရ....မျက်စိ (စက္ခု) သည် စက္ခုဝိညာဏ်ဓာတ်နှင့်သော်လည်းကောင်း၊ ယှဉ်ဖော် ယှဉ်ဖက် တရားများနှင့်သော်လည်းကောင်း မှီရာတည်ရာ ပစ္စည်းဖြင့် ကျေးဇူးပြု၏။ အခြားသော အာရုံများနှင့် အာရုံဒွါရများကိုလည်း ဤနည်းအတိုင်းဖော်ပြ၏။ သို့ရာတွင် မနောဟူသော စိတ်အကြောင်း ဖော်ပြသော နေရာသို့ ရောက်သောအခါ "အကြင်ရုပ်ဝတ္ထုသည် သိမြင်မှု၊ နားလည်မှု၏ တည်ရာဖြစ်၏။ ထိုရုပ်ဝတ္ထုသည် ထိုသိမြင်မှု၊ နားလည်မှုကိုလည်းကောင်း၊ ယှဉ်ဖော်ယှဉ်ဖက် တရားတို့ကိုလည်းကောင်း မှီရာ တည်ရာ ပစ္စည်းဖြင့် ကျေးဇူးပြု၏" ဟု ပြောဟောပုံပြောင်းသွားလေသည်။ ဤနေရာ၌ အဘိဓမ္မာကို စတင်



www.burmeseclassic.com

www.burmeseclassic.com



ဟောပြောသူ ဗုဒ္ဓသည် အကယ်၍ စိတ်၏ တည်မှီရာသည် နှလုံးဖြစ်သည်ဟု ယုံကြည်ပါက ထိုရုပ်ဝတ္ထု ( ရူပ ) ဟူသော စကားအစား 'နှလုံး' (ဟဒယ) ဟူသော စကားလုံးကို အသုံးပြုခံပေလိမ့်မည်။....

"အဋ္ဌကထာ ဆရာများသည် ယံရူပံ....တံရူပံ ဆိုသောစကားကို အဓိပ္ပာယ်ပေးရန်လိုလာသည်။ သို့ဖြစ်၍ သူတို့သည် လူအများ လက်ခံနေကျ အယူအဆနှင့် ညီစေရန် 'နှလုံး'ဟု အဓိပ္ပာယ်ပေးကြ၏။ အဋ္ဌကထာဆရာတို့က ထိုကဲ့သို့ အဓိပ္ပာယ်ပေးခြင်းသည် တိကျမှန်ကန်သည် ဟု ယုံကြည်ကြသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓကိုယ်တိုင် မိမိ၏ ဟောကြားချက်များတွင် အတွေး သို့မဟုတ် စိတ်၏ သဘောကို ဖော်ပြရာ၌ 'ဟဒယ' ဟူသော စကားလုံးကို သုံးနှုန်းခဲ့သောကြောင့်ပင် ဖြစ်သည်ဟု ဆိုကြ၏။သို့ရာတွင် လူအများစု နားလည်စေရန် ဤသို့ သုံးနှုန်းသော စကားနှင့် စိတ်၏ အမှီခံဝတ္ထုအဖြစ် အဘိဓမ္မာ၌ သုံးသော စကားတို့သည် လွန်စွာခြားနားကြလေသည်။"

မဟာစည်ဆရာတော်ကြီးသည်လည်း 'ဟဒယ' ဝတ္ထုနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြခဲ့၏။

"ဘဝင်နဲ့ ကြံသိမှု မနောဝိညာဏ်စိတ်ဟာ ဟဒယဝတ္ထုရုပ်ကိုမှီပြီး ဖြစ်တယ်လို့ အဋ္ဌကထာဋီကာ ကျမ်းတွေက ပြဆိုတဲ့အကြောင်း ရှေ့ပိုင်းတွေက ပြောခဲ့ပြီ။ အဲဒါနဲ့ စပ်ပြီး စောဒကတက်စရာ ရှိနေပါတယ်။ ဘယ်လိုလဲဆိုတော့ကာ.... ယခုခေတ် အနောက်တိုင်း ဆရာဝန်တွေက မကောင်းတဲ့ နှလုံးသားကို ထုတ်ပယ်ပြီးတော့ သေပြီးခါစလူရဲ့ နှလုံးသားကောင်းကို အစားထိုး စမ်းသပ်နေကြပါတယ်။ အဲဒါဟာ အပြည့်အစုံအောင်မြင်ပြီလို့ မဆိုရသေးသော်လည်း ရက်ပိုင်းလောက်တော့ အသက်ရှင်နေတဲ့

* Shwe Zan Aung, " Compendium of Philosophy" P. 277 - 279



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ရေးဒီယို၊ စာနယ်ဇင်းတွေက ကြေညာနေပါတယ်။ အဲဒီတော့ နှလုံးသားရုပ်ထဲမှာ ကြံသိစိတ်ဝိညာဉ် တည်မှီတယ်ဆိုတာ ဟုတ်ပါ့မလားလို့ ဒီလိုမေးခွန်း ပေါ်လာတယ်။ အဲဒီ မေးခွန်းမှာ ဖြေစရာ နှစ်နည်းရှိပါတယ်။ ပထမနည်းကတော့ နှလုံးသားကို ဖြတ်ထုတ်လိုက်ရပေမယ့် သူ့အင်အား လုံးလုံးကြီး မပျက်သေးခင်မှာ အဲဒီ နှလုံးသားဟောင်းထဲမှာပဲ ဘဝင်စိတ် တည်နေနိုင်ဖွယ် ရှိပါတယ်။ ဘယ်လိုလဲဆိုရင် အိမ်မြှောင်အမျိုးပြတ်မျှား လှုပ်ရှားနေရာမှ အသိစိတ်နဲ့ မကင်းဘူးလို့ ယူဆသင့်သလိုပါပဲ။ နောက်ပြီးတော့ နှလုံးအသစ်နဲ့ ကိုယ်ထဲကသွေး စပ်မိတဲ့အချိန်ကစပြီး အဲဒီ နှလုံးအသစ်ထဲမှာ ဘဝင်စိတ် ကြံသိစိတ် ဖြစ်သွားတယ်လို့လဲ ယူသင့်ပါတယ်။ ဘယ်လိုလဲဆိုရင် လိုတဲ့နေရာမှာ အသားသစ် အစားထိုးခြင်း၊ အူစသည်ကိုဖြတ်၍ အသစ်ထည့်ခြင်းများပြုတဲ့အခါ အသားသစ်၊ အူသစ်၊ မျက်လုံးသစ် စသည်တွေထဲမှာ ကာယပသာဒရုပ်၊ စက္ခုပသာဒရုပ်တွေ ဖြစ်သလိုပဲလို့ ယူဆသင့်ပါတယ်။ ဒုတိယနည်းကတော့ ပါဠိတော်နည်းပါပဲ။ ပဋ္ဌာန်းပါဠိတော်မှာ မနောဝိညာဏ် စိတ်၏ တည်ရာရုပ်ကို ယံရူပံ နိဿာယ–အကြင်ရုပ်ကိုမှီ၍ဖြစ်ကုန်၏။ တံရူပံ–ထိုမှီရာရုပ်က မှီရာအဖြစ်ဖြင့် စိတ်အား ကျေးဇူးပြုတယ်လို့ ဒီလိုသာမညပဲ ဟောခဲ့ပါတယ်။ (ဤနေရာ၌ 'နှလုံး' ဟု ဗုဒ္ဓသည် မသုံးနှုန်းဘဲ 'ရုပ်' ဟုသာ သုံးထားခြင်းကို သတိပြုစရာဖြစ်၏။) မည်သည့် နေရာက မည်သို့သော ရုပ်လို့ အထူးဖော်ပြပြီး မဟောခဲ့ပါဘူး။ ဒါကြောင့် အဲဒီပဋ္ဌာန်းပါဠိတော်အလိုအားဖြင့် ကိုယ်ထဲမှာရှိတဲ့ တစ်နေရာရာက ရုပ်ဟာ စိတ်၏ မှီရာတည်ရာ ဖြစ်တယ်လို့ ယူဆနိုင်ပါတယ်။ နှလုံးသားထဲက ရုပ်လဲဖြစ်နိုင်တယ်။ ဦးခေါင်းထဲက ရုပ်လဲဖြစ်နိုင်တယ်။ ဒီတော့ နှလုံးသားထဲက ရုပ်ကို မှီရာအဖြစ်ဖြင့် သဘောမကျရင် ဦးခေါင်းထဲက ရုပ်ကိုလဲ မှီရာလို့ ဆိုနိုင်ပါတယ်။ ဒီ ပါဠိတော်နည်းအရဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားအသစ်လဲတဲ့ ပြဿနာနဲ့စပ်ပြီး ရှုပ်ထွေးစရာမရှိ တော့ပါဘူး။"*

နှလုံးအတု တပ်ဆင်ပေးထားခြင်း အားဖြင့်လည်း လူသည် အတော်အတန် အသက်ရှင်နေနိုင်၍ သိနိုင်၊ ခံစားနိုင်၊ တွေးကြံနိုင်သည်ဟု ဆိုသောကြောင့် ပဋ္ဌာန်းဒေသနာတော်တွင် ဗုဒ္ဓသည် စိတ်၏မှီရာကို 'နှလုံး' ဟု သုံးနှုန်းဖော်ပြခြင်းမပြုဘဲ 'ရုပ်' ဟု သုံးနှုန်းဖော်ပြခြင်းသည် ပို၍သဘာဝကျသော အသုံးအနှုန်းဖြစ်သည်ဟု ယူဆနိုင်ပေလိမ့်မည်။

အထက်ပါမဟာစည်ဆရာတော်ကြီး၏ အဆိုအမိန့်များနှင့်နှလုံးအတု တပ်ဆင်ခြင်းတို့အပေါ် အမှီပြု၍ ရှေ့တွင်ဖော်ပြခဲ့သည့် မြင်သိစိတ် ဖြစ်စဉ်၌ စက္ခုဝိညာဏ်စိတ်သည် စက္ခုပသာဒရုပ်ကို မှီ၍ ဖြစ်ပြီး ကျန်သော စိတ်များကမူ "ဟဒယ" ဟု ခေါ် အပ်သော ဦးနှောက်နှင့် နာဗ်ကြောအဖွဲ့ အစည်း ( သို့မဟုတ်) "သိစိတ်ဖြစ်စေနိုင်အောင် အခြေအနေရှိသော ခန္ဓာကိုယ်ရှိရုပ်များ" နှင့် ဆက်စပ်မှီတွယ် ဖြစ်ပေါ် သည်ဟု ယူဆနိုင် ကောင်းပေလိမ့်မည်။ ထို့ပြင် မြင်သိမှုအစဉ်၌ အာဝဇ္ဇန်းစိတ်မှ နောက်ဆုံးတဒါရုံစိတ်တိုင်အောင်ဖြစ်သော စိတ် (၁၄) ကြိမ်သော စိတ်တို့သည် အတိတဘဝင်နှင့် ပြိုင်၍ ဖြစ်ခဲ့သော အဆင်းရူပါရုံကို ချည်း အာရုံပြုလျက် ရှိသောကြောင့် စိတ်သည် အာရုံ ရုပ်နှင့်လည်း ဆက်စပ်မှီတွယ်ကာ ဖြစ်ပေါ် လျက်ရှိသည်။ (အခြားအခြားသော ကြားသိစိတ်အစဉ်၊ နံသိစိတ်အစဉ်၊ စားသိစိတ်အစဉ်၊ ထိသိစိတ်အစဉ် အစရှိသည်တို့၌လည်း စိတ်နှင့် ရုပ်တို့သည် အကြောင်းအားလျော်စွာ ဆက်နွယ် ဖြစ်ပျက်လျက် ရှိကြသည်။) သို့ဖြစ်၍ စိတ် – ရုပ်တို့ အပြန်အလှန် နှီးနွယ်ဆက်စပ် အကြောင်းပြုလျက် ရှိပုံကို ဗုဒ္ဓဝါဒီ သုတေသီတို့က အောက်ပါ ဥပမာတို့ဖြင့် ဖော်ပြကြ၏။

"သူကန်းနှင့် သူဆွံ့တို့သည် တစ်စုံတစ်ခုသော အရပ်သို့ ခရီးသွားလိုလျက် ရှိကုန်ရာ၏ သူကန်းသည် သူဆွံ့ကို ဤသို့ ပြော၏။ 'အချင်း မောင်ဆွံ့....ငါသည် ခြေဖြင့် ပြုအပ်သော သွားခြင်းကိစ္စကို ခြေတို့ဖြင့် ပြုနိုင်ပါ၏။ သို့သော် ညီညွတ်သောအရာ မညီညွတ်သော အရာကို သိမြင်နိုင်သော မျက်စိတို့ကား ငါ့မှာမရှိပါ' ဟု ပြော၏။ သူဆွံ့သည်လည်း သူကန်းကို ဤသို့ပြန်ပြော၏။ 'အချင်း

---

* မဟာစည်ဆရာတော်၊ ပဋိစ္စသမုပ္ပာဒ်တရားတော်ကြီး၊ ပတွဲ။ စာ – ၃၇၇–၃၇၈



www.burmeseclassic.com

www.burmeseclassic.com



မောင်ကန်း.... ငါသည် မျက်စိဖြင့် ပြုအပ်သော ကြည့်ရှုခြင်း–မြင်ခြင်း ကိစ္စကို မျက်စိဖြင့် ပြုနိုင်ပါ၏။ သို့သော် သွားနိုင် ပြန်နိုင်သော ခြေတို့ကား ငါ့မှာမရှိပါ' ဟု ပြန်ပြော၏။ ထိုသူကန်းသည် ဝမ်းမြောက်ရွှင်လန်းလျက် သူဆွံ့ကို ပခုံးပေါ် တင်လိုက်သည်။ သူဆွံ့သည် သူကန်း၏ ပခုံးထက်၌ တည်နေလျက် 'လက်ဝဲဘက်ကို လွှတ်လော့၊ လက်ယာဘက်ကို ယူလော့' ဟု ညွှန်ကြားပြောဆို၏။ ထိုသူနှစ်ယောက်တို့တွင် သူကန်းသည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ။ ခွန်အားမရှိ။ မိမိ၏တန်ခိုးအစွမ်းဖြင့် မိမိ၏ ခွန်အားဖြင့် မသွားနိုင်။ သူဆွံ့သည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ။ ခွန်အားမရှိ။ မိမိတန်ခိုးအစွမ်းဖြင့် မိမိ၏ ခွန်အားဖြင့် မသွားနိုင်။ သို့ရာတွင် ထိုသူကန်း သူဆွံ့တို့မှာ အချင်းချင်းကို အမှီပြု၍ ခရီးသွားခြင်းသည် မဖြစ်သည်မဟုတ်။ ဖြစ်လည်းဖြစ်သကဲ့သို့ ထို့အတူပင် နာမ်သည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ။ မိမိ၏ တန်ခိုးအစွမ်းဖြင့် မဖြစ်ပေါ်နိုင်။ ထိုသို့ သွားခြင်းစသော ကြိယာတို့၌ မဖြစ်နိုင်။ ရုပ်သည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ။ မိမိ၏ တန်ခိုးအစွမ်းဖြင့် မဖြစ်ပေါ်နိုင်။ ထိုထိုမြင်ခြင်းစသော ကြိယာတို့၌ မဖြစ်နိုင်။ ထိုနာမ်ရုပ်နှစ်ပါးတို့မှာ အချင်းချင်းကိုမှီ၍ ဖြစ်ပေါ်ခြင်းသည်လည်းကောင်း၊ မပြတ်ဖြစ်နေခြင်းသည် လည်းကောင်း၊ မရှိသည်မဟုတ်၊ ရှိလည်းရှိသည်သာလျှင်တည်း။ ထို့ကြောင့် အောက်ပါဂါထာအပေါင်းကို ဆိုအပ်ပေ၏။ ....

အညီအညွတ် ပေါင်းစု၍ပြုအပ်သော သင်္ခတတရားတို့သည် မိမိ၏ အားအစွမ်းဖြင့် မဖြစ်ပေါ်နိုင်ကုန်။ မိမိ၏ အားအစွမ်းဖြင့် (မပြတ်ဖြစ်လျက်) မတည်တံ့နိုင်ကုန်။ မိမိကိုယ်တိုင် အားနည်းကုန်သည် ဖြစ်၍ မိမိမှ တစ်ပါးသော အကြောင်းတို့၏ အလိုသို့ အစဉ်လိုက်ကုန်လျက် ဖြစ်ပေါ်ရကုန်၏။ ....

ဤသင်္ခတတရားတို့သည် တစ်ပါးသော တရားတို့၏ ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပေါ်ကုန်၏။[၁] တစ်ပါးသော တရားတို့ကို ဆွဲကိုင်ရ အာရုံပြုရသောကြောင့် ဖြစ်ပေါ်

---

၁ ဤဝါကျဖြင့် ရုပ်ကိုရည်သည်ဟု ဋီကာ၌ ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ကုန်၏။ [၁] ဤသခ်တတရားတို့ကို တစ်ပါးသော တရားဖြစ်ကုန်သော အာရုံနှင့် အကြောင်းပစ္စည်းတို့က ဖြစ်ပေါ်စေအပ်ကုန်၏။....

ပင်လယ်ရေကြောင်းခရီး၌ လူတို့သည် လှေကိုမှီ၍ သွားကုန်သကဲ့သို့ ထို့တူပင် လျှင် ရုပ်ကိုမှီ၍ နာမ်အပေါင်းသည် ဖြစ်ကုန်၏။....

ပင်လယ်ရေကြောင်းခရီး၌ လှေသည်လည်း လူတို့ကို မှီ၍သွားသကဲ့သို့ ထို့အတူပင် နာမ်ကိုမှီ၍ ရုပ်အပေါင်းသည် ဖြစ်၏။....

ပင်လယ်ရေကြောင်းခရီး၌ လူတို့သည် လည်းကောင်း၊ လှေသည်လည်းကောင်း နှစ်ဦးလုံးတို့သည် အချင်းချင်းကို မှီ၍ သွားကုန်သကဲ့သို့ ထို့အတူပင်လျှင် နာမ်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း နှစ်ပါးတို့သည် အချင်းချင်း မှီကုန်၏။"*

အထက်ပါအချက်တို့ကိုထောက်၍ အနောက်တိုင်းနှင့် အိန္ဒိယဒဿနပညာရှင်များ ယူဆကြသော ဒွိတ္တဝါဒ၊ စိတ်ရုပ်ယှဉ်ပြိုင်ဝါဒတို့ကို ဗုဒ္ဓဒဿနက လက်မခံကြောင်း ထင်ရှား၏။ ထို့ပြင် "စိတ်ဆိုသည်မှာ သိတတ်သော ရုပ်ဖြစ်သည်" ဟူသော ရုပ်ကြွမ်းဝါဒီတို့၏ အယူကို လည်းကောင်း၊ "စိတ်ဆိုသည်မှာ ခန္ဓာကိုယ်အင်္ဂါတို့၏ လှုပ်ရှားခြင်းပင်ဖြစ်သည်"ဟူသော အပြုအမူပမာနဝါဒီ စိတ်ပညာရှင်တို့၏ အယူအဆကို လည်းကောင်း လက်မခံကြောင်း ထင်ရှား၏။

မြင်သိစိတ် ကြားသိစိတ် နံသိစိတ် စားသိစိတ် ထိသိစိတ် ဖြစ်စဉ်တို့၌ သက်ဆိုင်ရာစိတ်တို့သည် ဖြစ်ပြီးနောက် ချုပ်ပျက်လျက်ရှိကြသည်။ သိတတ်သော သဘော ဖြစ်သော စိတ်သည် တစ်ခုတည်းပင် ဖြစ်သော်လည်း ထိုစိတ်ကိုပင် တစ်စုံတစ်ခုသော အခြေအနေ၌ ဘဝင်စိတ်ဟု ခေါ်၍ ထိုဘဝင်စိတ် ချုပ်သည့်အခါ အာဝဇ္ဇန်းစိတ် – အာဝဇ္ဇန်းစိတ် ချုပ်ပြန်သည့်အခါ စက္ခုဝိညာဏ်စိတ် – စက္ခုဝိညာဏ်စိတ် ချုပ်ပြန်သောအခါ သမ္ပဋိစ္ဆိုန်းစိတ် – သမ္ပဋိစ္ဆိုန်းစိတ် ချုပ်ပျက်ပြန်သော အခါ

---

၁ ဤဝါကျဖြင့် နာမ်ကိုရည်သည်ဟု ဋီကာ၌ပင်ဆို၏။

* မဟာစည်ဆရာတော်၊ ဝိသုဒ္ဓိမဂ် မြန်မာပြန်၊ စ – တွဲ၊ စာ ၂၄၉ – ၂၅၀



www.burmeseclassic.com

www.burmeseclassic.com



သန္တီရဏစိတ် – သန္တီရဏစိတ် ချုပ်ပျက်ပြန်သွားသောအခါ ဝုဋ္ဌောစိတ် – ဝုဋ္ဌောစိတ်ချုပ်ပြန်သောအခါ ပထမဇောစိတ် – ပထမဇောစိတ် ချုပ်ပြန်သော အခါ ဒုတိယဇောစိတ်.... ဤနည်းဖြင့် သတ္တမဇောစိတ်၊ ချုပ်ပြန်သော အခါ ပထမတဒါရုံစိတ်၊ ပထမတဒါရုံစိတ် ချုပ်ပြန်သောအခါ ဒုတိယ တဒါရုံစိတ်၊ ထို တဒါရုံစိတ်ချုပ်ပြန်သောအခါ ဘဝင်စိတ် စသည်ဖြင့် စိတ်ကို အမည်အမျိုးမျိုး ခေါ် သွားရခြင်းဖြစ်လေသည်။ သို့ရာတွင် ....

> "စက္ခုဒွါရ၌ ရူပါရုံ ထင်ပေါ်လာသောအခါ ထို ရူပါရုံကို ဆင်ခြင်သော ပဥ္စဒွါရဝဇ္ဇန်း စိတ်ဖြစ်၏။ ထို့ နောက် ထိုရူပါရုံကိုမြင်သော စက္ခုဝိညာဏ်စိတ်ဖြစ်၏။ ထို့နောက် ထိုရူပါရုံကို လက်ခံသော သမ္ပဋိစ္ဆိုန်းစိတ်၊ စုံစမ်းသော သန္တီရဏစိတ်၊ ဆုံးဖြတ်သော ဝုဋ္ဌောစိတ်တို့ တစ်ကြိမ်စီဖြစ်ပေါ်ကြပြီးလျှင် ဇောစိတ် (၇) ကြိမ်၊ တဒါရုံ စိတ် (၂)ကြိမ်ဖြစ်ပြီးနောက် အိပ်ပျော်သကဲ့သို့ ဘဝင်စိတ် များဖြစ်ပေါ်သွား၏။ ဤမျှဖြင့် ရူပါရုံကိုမြင်သော စက္ခု ဒွါရဝီထိစိတ်များ ဖြစ်ပေါ်သွား၏။ ဤမျှဖြင့် ရူပါရုံကို မြင်သော စက္ခုဒွါရဝီထိစိတ်အစဉ်တစ်ခု ပြီးဆုံး၏။ ဤစိတ် အစဉ်ထဲ၌ ပထမဆုံးစ၍ ဆင်ခြင်သော ပဥ္စဒွါရဝဇ္ဇန်းစိတ် ကို ဤ၌ မနောဓာတ်ဟုဆိုသည်။ ထိုစိတ် ချုပ်သွားသည်၏ အခြားမဲ့၌ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်။ ဤသို့ ဖြစ်ရာ၌ ပဥ္စဒွါရဝဇ္ဇန်းမည်သော မနောဓာတ်စိတ်ကပင် စက္ခုဝိညာဏ်စိတ်အဖြစ်သို့ ပြောင်းလဲလာသည် မဟုတ်။ ၎င်းမနောဓာတ်စိတ်သည်ကား ဖြစ်ပေါ်ပြီးလျှင် အကြွင်း မဲ့ချုပ်ပျောက်သွားသည်။ သို့ရာတွင် ၎င်းမနောဓာတ်၏ အနန္တရပစ္စယသတ္တိကြောင့် ၎င်း၏အခြားမဲ့၌ စက္ခုဝိညာဏ် စိတ်သည် အသစ်စက်စက် ဖြစ်လည်း ဖြစ်ပေါ်လာ၏။ မဖြစ်ပေါ်ဘဲ မနေဟု ဆို၏။"*

အခြားအခြားသော ကြားသိမှု၊ နံသိမှု စသည့်စိတ်အစဉ်တို့၌လည်း ထိုနည်းအတူပင်ဖြစ်သည်။ ရုပ်နှင့်စိတ်တို့ မပြတ်ဆက်စပ်လျက် ဖြစ်ပျက်နေ

---

* မဟာစည်ဆရာတော်၊ ညွှန်းပြီး။ စာ – ၂၇၁ ( အောက်ခြေမှတ်စု )



www.burmeseclassic.com

www.burmeseclassic.com



သောအစဉ်၌ သက်ဆိုင်ရာ စေတသိတ်တို့ကလည်း အတူပူးတွဲ ဖြစ်ပျက်လျက်ရှိကြပြန်သည်။ သို့ဖြစ်၍ စိတ် – စေတသိတ်တည်းဟူသော နာမ်တရားနှင့် ရုပ်တရားအစုအဝေးကို အကြောင်းအားလျော်စွာ စဉ်ဆက်မပြတ် တရစပ် ဖြစ်ပျက်လှုပ်ရှားနေသော 'ရုပ် – နာမ်အစဉ်'၌ ခိုင်မြဲနေသော၊ ရပ်တည်နေသော 'အတ္တ' သဘောသည် အလျှင်းမရှိချေ။*

ထို့ပြင် အကြောင်းအားလျော်စွာ သူ့သဘော သူ့နိယာမတို့ဖြင့် ဖြစ်ပျက်နေသော ထိုရုပ်နာမ်အစဉ်ကို ယင်းကဲ့သို့ ဖြစ်ပျက်နေနိုင်အောင် အခြေခံပြုပေးသော ရုပ်အခြေခံဝတ္ထု၊ စိတ်အခြေခံဝတ္ထုသည် မလိုအပ်တော့ချေ။ အကြောင်းအားလျော်စွာ သူ့သဘော သူ့နိယာမတို့အရဖြစ်ပျက်နေသော အစဉ်ဖြစ်သောကြောင့်ပင် ထိုရုပ်နာမ်အစဉ်ကို ယင်းကဲ့သို့ ဖြစ်ပျက်လျက်ရှိနေစေရန် ဖန်ဆင်းပေးလိုက်သူ ထာဝရဘုရား စီစဉ်ပေးလိုက်သူ မဟာဗြဟ္မာ၊ ပြဋ္ဌာန်းပေးသော ပရမအတ္တတို့သည်လည်း မလိုအပ်တော့ချေ။ လိုက်ဗနိစ် အစရှိသော ဒဿနပညာရှင်များ ယူဆသော "ထာဝရဘုရား၏ ညီညွတ်မှု ကြိုတင်စီစဉ် နိယာမ" သည်လည်း မလိုတော့ချေ။

ဗုဒ္ဓဒေသနာတို့အလိုအရ မြင်သိစိတ်၊ ကြားသိစိတ် စသည့်စိတ် ဖြစ်စဉ်တို့၌ "ဖြစ်ပျက်နေမှုတို့သည်" ပရမ်းပတာဖြစ်ချင်သလို ဖြစ်နေကြသည်မဟုတ်ဘဲ သက်ဆိုင်ရာ အကြောင်းအကျိုးဆက်နွယ်မှုတို့ဖြင့် ဖြစ်ပျက်လျက်ရှိကြသည်။

> "အကြင် အကြင်စိတ် စေတသိက် တရားတို့၏ အခြားမဲ့၌ စိတ်စေတသိက်ဖြစ်ကုန်သော အကြင်–အကြင် တရားတို့သည် ဖြစ်ကုန်၏ ထို ရှေးရှေး စိတ်စေတသိက် တရားတို့သည် ထို့နောက် နောက်စေတသိက်တရားတို့အား အနန္တရ သမနန္တရပစ္စယသတ္တိအားဖြင့် အသီးသီး မိမိတို့သဘောဇာတိအချင်းချင်း ကျေးဇူးပြုသည် ဖြစ်၏။....
> ဤကဲ့သို့ ရှေ့စိတ် မျိုးစေ့မှ နောက်စိတ်ဖြစ်၊ ဤနောက်

---

* ဤနေရာ၌ သုံးနှုန်းသော 'အတ္တ'သည် အနောက်တိုင်းနှင့် အိန္ဒိယမှ ဒဿနပညာရှင်များ လက်ခံကြသည့် မြဲသော ခိုင်သော ဇီဝအတ္တ၊ ဝိညာဉ်စသော စိတ်အခြေခံဝတ္ထုမျိုးမျှလောက်ကိုသာ ရည်ညွှန်းခြင်းမဟုတ်ဘဲ 'မြဲသည်၊ ခိုင်သည်၊ ထာဝရတည်နေသည်၊ တကယ်အဟုတ်ဖြစ်သည်' စသည်ဖြင့် ထင်မှတ်သော သဘောဟူသမျှကိုပါ ရည်ညွှန်းခြင်း ဖြစ်ပါသည်။

(ပဌမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



> စိတ် မျိုးစေ့မှတစ်ဖန် နောက်စိတ်ဖြစ်လျက် အစဉ်မပြတ် ဆက်လက်၍ သွားခြင်းကြောင့် ရှေးရှေးက ပွားထုံခဲ့သည့် ဝသီဝါသနာများ၊ ရှေးရှေးက ဖြည့်ဆည်းခဲ့သည့် ပါရမီများလည်း တဖြည်းဖြည်းရင့်သန်၍ သွားလေတော့သည်။ သဒ္ဓါဝီရိယ သတိ သမာဓိ ပညာ ဣန္ဒြေတို့ကို ကြီးထွားအောင် ပွားများ၍လည်း ကြီးထွားခြင်းသို့ရောက်နိုင်လေတော့သည်.... အနန္တရ၊ သမနန္တရသတ္တိဖြင့် အကြောင်းအကျိုးဆက်စပ်လျက် အစဉ်မပြတ်သော သဘော တစ်ခုတည်းဖြစ်ခြင်း ကြောင့်သာ ရှေးရှေးစိတ်သည်ပင် နောက်နောက်စိတ်ဖြစ်သည်။ ဤနောက်နောက်စိတ်သည်ပင် ရှေးရှေးစိတ်ဖြစ်သည်ဟုဆိုရသည်။ ထိုသို့ ဆိုရငြားသော်လည်း ရှေးရှေး စိတ္တက္ခဏ ( စိတ်တခဏ ) သည် နောက်နောက် စိတ္တက္ခဏ မဟုတ်ချေ။"*

သက်ဆိုင်ရာ အကြောင်းအကျိုး ဆက်နွှယ်မှုတို့ဖြင့် ဆက်နွှယ်ဖြစ်ပေါ်လျက်ရှိသော စိတ်အစဉ်၌ ကံသည်လည်း ကြောင်းကျိုး ဆက်နွှယ်ကာ လိုက်ပါ ဖြစ်ပေါ်လျက်ပင်ရှိသည်။ သို့ဖြစ်၍ ဗုဒ္ဓဒဿနရှိ ကံနှင့် ပတ်သက်သော အမြင်သည် ဂျိန်းဝါဒီများနှင့် အခြားအခြားသော အိန္ဒိယဒဿန ဂိုဏ်းသားများ ယူဆထားကြသည့် "အတ္တအတွင်း၌ ကမ္မသရီရ ဟူသော ရုပ်ဖွဲ့စည်းမှုတို့ကြောင့် ကံဖြစ်လာသည်" ဟူသော အယူအဆနှင့် လုံးဝဆန့်ကျင်လျက် ရှိလေသည်။

ဗုဒ္ဓဒဿနအလိုအရ စိတ်တိုင်း၌ သဗ္ဗစိတ္တသာဓာရဏစေတသိက်ဟုခေါ်သော စေတသိက် ( ၇ ) မျိုးသည် ပေါင်းယှဉ် ဖြစ်ပေါ်လျက် ရှိကြသည်။ ယင်းစေတသိက် ( ၇ ) မျိုးတို့မှာ ( ၁ ) ဖဿ = တွေ့ထိခြင်းသဘော ( ၂ ) ဝေဒနာ = အာရုံကို ခံစားခြင်းသဘော ( ၃ ) သညာ = မှတ်သားခြင်းသဘော ( ၄ ) စေတနာ = မိမိနှင့် အတူဖြစ်သော စိတ်စေတသိက်များကို စေ့ဆော်ခြင်းသဘော ( ၀ါ ) အာရုံ၌ယှဉ်ဖက်တို့ကို ဆက်စပ်ပေးတတ်သော သဘော ( ၅ ) ဧကဂ္ဂတာ = တည်ကြည်ခြင်း ငြိမ်သက်ခြင်းသဘော ( ၆ ) ဇီဝိတိန္ဒြေ = ဖြစ်ဖက်၊ ယှဉ်ဖော်ယှဉ်ဖက် တရားတို့ကို ဆက်လက်ရှင်သန်ဖြစ်ပေါ်နေအောင် စောင့်ထိန်းပေးနေမှုသဘော ( ၀ါ ) စိတ် စေတသိက်တို့

---

* ဦးတိလောက ( သေက္ခ ၂ တောင်ဆရာတော် ) ညွှန်းပြီး၊ စာ – ၃၄၉



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပြီးတစ်ခု ဆက်လက်ဖြစ်ပေါ်နေအောင် စောင့်ထိန်း ပေးနေသော သဘော ( ၇ ) မနသိကာရ = နှလုံးသွင်းခြင်း သဘော ( ၀ ) အာရုံနှင့် အာရုံခံဒွါရတို့ကို တည့်အောင်လုပ်ပေးခြင်း သဘောတို့ ဖြစ်၏။

ဝီထိစိတ် အစဉ်တို့အကြောင်း ဖော်ပြခဲ့စဉ်က.... အာဝဇ္ဇန်းစိတ် ပြီးသောအခါ ဇော (၇)ကြိမ်၊ (၇)ကြိမ် အကြိမ်ပေါင်းများစွာ ဖြစ်ကြောင်း ဖော်ပြခဲ့၏။ ထိုဇောတိုင်း၌ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟတည်းဟူသော ကုသိုလ် အကုသိုလ် အကောင်းအဆိုး အမျိုးမျိုးသော စိတ်တို့သည် စေတနာစေတသိက်နှင့် တွဲ၍ ဖြစ်ကြ၏။ ဗုဒ္ဓဒေသနာ အလိုအရ ထိုကုသိုလ် အကုသိုလ်ဇောတို့၌ ယှဉ်တွဲနေသော စေတနာစေတသိက်ကို ကံဟု ဆိုလိုသည်။ ဤအချက်ကို ဒီပဲရင်းဆရာတော်ကြီးက အောက်ပါကဲ့သို့ ရှင်းပြ၏။

"စေတနာ ဟံဘိက္ခဝေ ကမ္မံ ဝဒါမိ။ ။ရဟန်းတို့ စေတနာကို ကံဟူ၍ ငါဘုရားသည် ဟောတော်မူ၏ ဟူသော အင်္ဂုတ္တိုရ် ပါဠိတော်နှင့် အညီ မုချစင်စစ်မှာ ဇော၌ ပါသော သင်္ခါရက္ခန္ဓာခေါ်သော စေတနာကို ကံဟုဆိုလိုသည်။ ယင်းကံသည် ကာယဒွါရ၌ ဖြစ်ပါက ကာယကံ၊ ဝစီဒွါရ၌ ဖြစ်ပါက ဝစီကံ၊ မနောဒွါရ၌ဖြစ်ပါမူ မနောကံဟုဆိုရသည်....ကုသိုလ် အကုသိုလ်ကိုပြုသောအခါ ကိုယ်ဖြင့်ပြုသည်ဖြစ်အံ့။ လှုပ်ရှားခြင်း ကိုယ်အမူအရာ ကာယဝိညတ်ရုပ်ကို ကာယဒွါရ ဆိုသည်။ ဒါနစသော ထိုထိုကုသိုလ်ကိစ္စ၊ ပါဏာတိပါတစသော ထိုထိုအကုသိုလ်ကိစ္စတို့ကို ပြီးစေတတ်သော ကုသိုလ် အကုသိုလ် ဇောကိုပင် ကံဆိုသည်။ စင်စစ်မှာ ဇော၌ပါသော စေတနာကို ကံဆိုသည်။ ယင်းကံကို ကာယ ဒွါရ၌ ဖြစ်သောကြောင့် ကာယကံ ဆိုသည်မှတ်။

နှုတ်ဖြင့်ပြောဆိုသည် ဖြစ်အံ့၊ အသံနှင့်တကွနှုတ်အမူအရာ ဝစီဝိညတ်ရုပ်ကို ဝစီဒွါရဆိုသည်။ ဒါနစသော ထိုထို ကုသိုလ်ကိစ္စ၊ မုသာဝါဒစသော ထိုထို အကုသိုလ်ကိစ္စကို ပြီးစေတတ်သောကုသိုလ်အကုသိုလ်ဇောကိုပင် ကံဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



စင်စစ်မှာ ဇော၌ပါသော စေတနာကို ကံဆိုသည်။ ယင်းကံကို ဝစီဒွါရ၌ ဖြစ်သောကြောင့် ဝစီကံဆိုသည်မှတ်။

လှုပ်ရှားခြင်း ကိုယ်အမူအရာ၊ နှုတ်မြွက်ခြင်း နှုတ်အမူအရာမဖက် သက်သက်မနောနှင့်သာကြံအံ့။ ကြံသောဇောမနောတွေကို မနောဒွါရဆိုသည်။ ဇော၌ပါသောစေတနာကို ကံဆိုသည်။ ယင်းကံကို မနောဒွါရ၌ဖြစ်သောကြောင့် မနောကံဆိုသည်။ဇော၏ဖြစ်ရာမနောဒွါရမှာ ဘဝင်စိတ်ကိုဆိုသည်မှတ်။ ဤဆိုခဲ့ပြီးသည်ကား သာမည ကထာတည်း။ ဤသာမညကထာ၌ ကုသိုလ်ဖြစ်စေ၊ အကုသိုလ် ဖြစ်စေ၊ ပဋိသန္ဓေအကျိုးကို ဧကန္တိက ပေးနိုင်သည်ဖြစ်စေ၊ အနေကန္တိက ပေးနိုင်သည်ဖြစ်စေ၊ လုံးလုံးမပေးနိုင်သည်ဖြစ်စေ၊ ကိုယ်ဖြင့်ပြုလျှင် ကာယကံ၊ နှုတ်ဖြင့်ပြုလျှင် ဝစီကံ၊ စိတ်ဖြင့် ကြံလျှင် မနောကံဟု မှတ်လေ။"*

ဗုဒ္ဓဒေသနာတို့အလိုအရဇော (၇) ကြိမ် ဖြစ်ရာ၌ တစ်ချိန်နှင့်တစ်ချိန် အတူဘဲ လှုပ်ရှားသော လှိုင်းလုံးကဲ့သို့ အတက်အကျ အနိမ့်အမြင့် ရှိလေသည်။

"လှိုင်းလုံး၏ အမြင့်သည် အလယ်ဗဟို၌ ဖြစ်သကဲ့သို့ စတုတ္ထဇောသည် အားအကောင်းဆုံး၊ အပြင်းထန်ဆုံးဖြစ်သည်ဟု မှတ်ယူနိုင်၏။ ပထမဇောမှာမူ အားအပျော့ဆုံးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အစပျိုးရသော အခြေအနေတွင်သာ ရှိသောကြောင့်ဖြစ်၏။ ရှေ့တွင် ချုပ်ငြိမ်းသွားသော စိတ်၏ အရှိန်ပေးမှုကိုလည်း အနည်းငယ်မျှသာ ခံယူရရှိသောကြောင့်ဖြစ်၏။ အခြားအကြောင်းတစ်ရပ်မှာ ရှေ့က ချုပ်ငြိမ်းလေပြီးသော စိတ်နှင့်သဘောချင်းကွဲလွဲမှု ရှိသောကြောင့် ဖြစ်၏။

ထိုပထမဇောစေတနာတွင် အားကောင်းသော လုံ့လစိုက်ထုတ်မှု ယှဉ်ခဲ့ပါမူကား ထိုစေတနာကံသည် ပစ္စက္ခ

---

* ဒီပဲရင်းဆရာတော်ဘုရားကြီး၊ ပရမတ္ထစက္ခုကျမ်း၊ စာ – ၂၀၃–၂၀၄။



www.burmeseclassic.com

www.burmeseclassic.com



ယခုဘဝ၌ပင်[၁] အကျိုး ပေးနိုင်စွမ်းလေသည်။ ထိုသို့ အားမကောင်းပါက အကျိုးပေးမှုမရှိဘဲ အချည်းနှီး ဖြစ်သွား၏။[၂]

နောက်ဆုံး သတ္တမဇောသည် ပထမဇောထက်အတော် အတန် အားကောင်း၏။ အဘယ်ကြောင့်ဆိုသော် ရှေ့တွင် ဖြစ်ခဲ့သော အလားတူဇောတို့၏ ထပ်တလဲလဲအကြောင်း ပြုမှု[၃] ကြောင့် အရှိန်ပို၍ ရရှိလာ ခြင်းကြောင့် ဖြစ်၏။ သို့ရာတွင် အလယ်ဇောငါးချက်ထက် အားအရှိန် မပိုချေ။ အဘယ်ကြောင့်ဆိုသော် နောက်ဆုံး ကုန်ဆုံးချုပ်ငြိမ်း ရမည့်အခြေကို ရောက်ရှိနေသော ကြောင့်ပင် ဖြစ်၏။ အကယ်၍ အားအရှိန်ကောင်းခဲ့ပါမူ ဒုတိယဘဝတွင်အကျိုး ပေးနိုင်၏။ ထိုသို့မဟုတ်ဘဲ အားအရှိန်လျော့ပါက နောက် ဘဝတစ်ခု ရရှိရန် မစွမ်းဆောင်နိုင်တော့ဘဲ အချည်းနှီး အဟောသိကံ ဖြစ်သွားလေသည်။

အလယ်ဇောငါးချက်ကမူ အကြောင်းသင့်၍ အခွင့် သာပါက ဒုတိယဘဝမှ အစပြု၍ နိဗ္ဗာန်သို့ ပရိနိဗ္ဗာန် စံဝင်သည့်တိုင်အောင် အကျိုးပေးနိုင်သော သတ္တိရှိသည်။ ထိုဇောတို့သည် ဘဝတစ်ဖန် ပြန်လည်ရရှိစေနိုင်ရုံမျှမက ထို ရရှိသော ဘဝဘဝတို့တွင်လည်း အကြောင်း ညီညွတ်ပါက အကျိုးပေးနိုင်စွမ်းရှိ၏။ (ပရိနိဗ္ဗာန် မစံဝင်သမျှရှိနေမည့် ဘဝပေါင်း သိန်းသန်းကုဋေ အသင်္ချေ မည်မျှပင်ကြာကြာ ထိုစေတနာဇော (ဝါ) ထိုဇော၌ယှဉ်တွဲ၍ဖြစ်သော ကံသည် အကယ်၍ အကျိုးမပေးရသေးပါက အစွမ်း သတ္တိ ပျက် မသွားဘဲအကြောင်းညီညွတ်ပါက အကျိုးပေးဖို့ရန် အသင့် ရှိနေသည်ဟု ဆိုနိုင်သည်။)

---

၁ ဒိဋ္ဌဓမ္မဝေဒနီယကံ

၂ ဇနက သတ္တိမရှိသောကြောင့်ဖြစ်၏။

၃ အာသေဝန ပစ္စယသတ္တိကြောင့်ဟု ဆိုလိုသည်။

(ပဉ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



> သို့ရာတွင် မိမိတို့မူလသဘာဝ အလျောက် အားနည်းခဲ့ ကြသော စေတနာဇောတို့သည်လည်းကောင်း၊ မိမိတို့ထက် သာလွန်အားကောင်းသော စေတနာဇော တို့ကြောင့် အကျိုးပေးခွင့် မရရှိကြသော စေတနာဇောတို့ သည်လည်းကောင်း အချည်းနှီး အဟောသိကံသဘောသို့ ရောက်သွားကြလေသည်။ ပျံ့လွင့်သော ဥဒ္ဓစ္စသဘောရှိ သော စေတနာဇောတို့မှာ မူကား ဖရိုဖရဲ လျော့ရဲမှုကြောင့် ဘဝတစ်ခုရရှိအောင် မစွမ်းဆောင်နိုင်ကြချေ။ သို့ရာတွင် နောက်ကြုံကြိုက်သော ဘဝတို့တွင် နောက်ဆက်တွဲ သဘောဖြင့် ပါဝင်ဖြည့်စွက်လျက် အကျိုးပေးခွင့်ကိုကား ရရှိပေသေး၏ ....''*

အထက်ပါ ဇော စေတနာတို့၏ ဖြစ်ပေါ်နေပုံကို ထောက်၍ ကံသည် ရုပ်နာမ်တို့၏ သက်ဆိုင်ရာကြောင်းကျိုးမမွတို့ အလျောက် ဖြစ်ပေါ်ရခြင်းဖြစ်၍ ကံဖြစ်အောင် အခြေခံပြုပေးနေသော အတ္တ၊ ဖန်တီး စီစဉ်ပေးနေသော ထာဝရဘုရား၊ မဟာဗြဟ္မာတို့သည် မရှိချေ။ ယင်းတို့သည် လိုအပ်သော အရာများလည်းမဟုတ်ချေ။ လူတို့၏ စိတ်ကူးဖြင့် တည်ဆောက်ခံယူထားခြင်းများသာ ဖြစ်ကြသည်။ ဗုဒ္ဓဒဿန အလိုအရ "အမှုကံကိုပြုတတ်သော ပုဂ္ဂိုလ်သည်မရှိ။ အကျိုးကိုခံစားတတ်သော ပုဂ္ဂိုလ်လည်းမရှိချေ။ သက်သက်သော အကြောင်းနှင့် အကျိုးတရားတို့သည် သာလျှင် အဆက်မပြတ် ဖြစ်ပျက်လျက်ရှိသည်။"** တစ်ဆက်တည်းမှာပင် .... ကမ္မသရီရခေါ်သော ရုပ်တို့က အတ္တ၌ ကံအဖြစ်ဖွဲ့စည်းသည်ဟူသော အယူအဆကိုလည်းကောင်း၊ ထိုသို့ ကမ္မသရီရ ဖွဲ့စည်း၍ အတ္တ၌ ကံတရားက ရောယှက်နှောင်ဖွဲ့နေမှုကြောင့် ဘဝသံသရာကို ကျင်လည်ရသည်ဟူသော အယူအဆကိုလည်းကောင်း ဗုဒ္ဓဒဿနက လက်မခံချေ။

ဗုဒ္ဓဒဿန အလိုအရ စေတနာကံ၌ အကယ်၍ အမှန်မသိမှု၊ အစွဲမကုန်မှု 'တဏှာဒိဋ္ဌိ'တို့ ယှဉ်တွဲနေသမျှ လူသည် အတော မသတ်သော ဘဝအမျိုးမျိုးတို့ ဖြစ်ပေါ်ရ၍ အကောင်းအဆိုး အမျိုးမျိုး ဖြစ်နေပေလိမ့်မည်။

---

* Shwe Zam Aung. op cit., pp. 44-45

** မဟာစည်ဆရာတော်၊ ဝိသုဒ္ဓိမဂ် မြန်မာပြန်၊ ညွှန်းပြီး။ စာ – ၂၆၇။



www.burmeseclassic.com

www.burmeseclassic.com



"သုံးဆယ့်တစ်ဘုံသြကာသလောကကြီးအတွင်းဖြစ်ကုန်သော သတ္တဝါတို့၏ ထိုထိုဘုံဘဝမှ စုတေရွေ့ လျောကြရ၊ ပြည့်စုံပြီး စည်းစိမ်ဥစ္စာ ကိုယ်ခန္ဓာတို့၏ ပျက်စီးကြရပြန်သည်ကို သေသည်၊ စုတေသည်ဟူ၍ ဆိုသည်။ ယင်းသေခြင်းကို ကာလမရဏံ – သေချိန်ရောက်၍ သေသင့်၍ သေခြင်းတစ်မျိုး၊ အကာလမရဏံ – သေချိန်မရောက်သေးဘဲ၊ မသေသင့်ဘဲ သေခြင်းတစ်မျိုးဟူ၍ နှစ်မျိုးရှိသည်။

ဉာဏ်၊ လုံ့လ အကုလ အသ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ၁။ သေမည့်လူနာတစ်မျိုး၊ ၂။ ရှင်မည့် လူနာတစ်မျိုး၊ ၃။ ဉာဏ်လုံ့လအသေကောင်းလျှင် ရှင်မည်၊မကောင်းလျှင် သေမည့်လူနာတစ်မျိုး–ဟူ၍ အဘိဓမ္မာပုဂ္ဂလ ပညတ်ပါဠိတော်၌ ပြအပ်သော လူနာ သုံးမျိုးတို့တွင် ပထမလူနာ၏သေခြင်းသည် ကာလမရဏ မည်၏။ တတိယလူနာ၏ သေခြင်းသည် အကာလ မရဏ မည်၏။ တစ်နည်းလည်း ....

၁။ အာယုက္ခယမရဏံ–အသက်တမ်းစေ့၍၊ အသက်ကုန်၍ သေခြင်းတစ်မျိုး၊

၂။ ကမ္မက္ခယမရဏံ–ကံအဟုန်ကုန်၍သေခြင်းတစ်မျိုး၊

၃။ ဥဘယက္ခယမရဏံ–အသက်ကံနှစ်ပါးစုံကုန်၍ သေခြင်းတစ်မျိုး၊

၄။ ဥပစ္ဆေဒကမရဏံ–အသက်ကံ နှစ်ပါး ရှိငြားသော်လည်း ဥပစ္ဆေဒကကံဖြစ်၍ သေခြင်းတစ်မျိုး ဟူ၍ သေခြင်း လေးမျိုးရှိသည်။....

အာယုက္ခယမရဏ၊ ကမ္မက္ခယမရဏ၊ ဥဘယက္ခယမရဏ သုံးပါးတို့သည် ကာလမရဏမည်၏။ မသိ မလိမ္မာသည့်အတွက်မသေသင့်ဘဲ သေရသမျှကို အကာလမရဏ၊ ဥပစ္ဆေဒက မရဏသို့ သွင်းရမည်။ ဤသို့အကြောင်းကိုစွဲ၍ သေခြင်းနှစ်မျိုး၊ လေးမျိုးရှိသည်။ ....ယင်းသေခြင်းနှစ်မျိုး၊လေးမျိုးတို့တွင် တစ်ပါးပါးသော သေခြင်းဖြင့် မချွတ်သေလတ္တံ့



www.burmeseclassic.com

www.burmeseclassic.com



သော ဝဋ်မြစ်မပြတ်သေးသော သတ္တဝါအား သေခါနီး ကာလ၌ ကံသည်လည်းကောင်း၊ ကမ္မနိမိတ်သည် လည်းကောင်း၊ ဂတိနိမိတ်သည်လည်းကောင်း သုံးပါးတို့တွင် တစ်ပါးပါးထင်မြဲ။ ဝဋ်မြစ် ပြတ်ပြီးသော ပုဂ္ဂိုလ်တို့အား မထင်။ ကံဆိုသည်မှာ ပြုဖူးသော ကုသိုလ်အကုသိုလ်စေတနာကို ဆိုသည်။ ....ယင်း ကံထင်သောအခါ ကံကို ပြုတုန်းကာလ၌ကဲ့သို့ စိတ်အစဉ်ဖြစ်၍ မနောဒွါရ၌သာ ထင်၏။ ကမ္မ နိမိတ်ဆိုသည်မှာ ....ကံ၏ အဆောက်အဦး တွေကို ဆိုလိုသည်။ ယင်းကမ္မနိမိတ်သည် ခြောက်ပါးသောဒွါရတို့တွင် တစ်ပါးပါးသော ဒွါရ၌ ထင်၏။ ဂတိနိမိတ် (ဖြစ်ရမည့် နေရာများစသည်....) သည် မနောဒွါရ၌သာ ထင်၏။ အလွန် သေခြင်းနီးသော သတ္တဝါအား ယင်းသို့ ထင်သော ကံ၊ ကမ္မ ဂတိနိမိတ်သုံးပါးတွင် တစ်ပါးပါးကို အာရုံစွဲ၍ မရဏာသန္နဇော ငါးကြိမ်စောပြီးနောက် အသေစုတိ ဖြစ်သည်တစ်မျိုး။ မရဏာသန္နဇော နောက် အဗျာကတ စိတ်တစ်ကြိမ်ဖြစ်ပြီးမှ အသေစုတိဖြစ်သည် တစ်မျိုး။ နှစ်ကြိမ်ဖြစ်ပြီးမှ အသေစုတိဖြစ်သည်တစ်မျိုး။ သုံးကြိမ်ဖြစ်ပြီးမှ အသေစုတိဖြစ်သည်တစ်မျိုး။ ဤသို့လည်း စိတ်အစဉ်ကို စွဲ၍ အသေစုတိလေးမျိုးရှိသည်။....

'သေ'ဆိုသောစကား၌ သတ္တဝါအကောင် သေသည် မဟုတ်၊ သေစရာအကောင် ' သတ္တဝါအကောင် ဟူ၍ပင် မရှိ၊ ထွက်သွားနိုင်သော နာမ်ဝိညာဏ်ဟူ၍မရှိ၊ အသက်ဟူ၍ မရှိ၊ လိပ်ပြာဟူ၍ မရှိ။ ....သေပျောက်ပြီးသော မီးတောက်မီးလျှံ မပြန်လာသကဲ့သို့ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့လည်း ချုပ်ငြိမ်း သေပျောက်ပြီး နောက်တစ်ဖန် လာကောင်းသည် မဟုတ်၊ ပြန်လာအောင် တစ်စုံတစ်ယောက်သောသူ တတ်နိုင်ကောင်းသည်လည်း မဟုတ်။ တစ်ခုသော ဘဝ၌ အသစ်မထပ် အစပြတ်နောက်ပိတ်ဆုံး ချုပ်ငြိမ်းသော ခန္ဓာကို စုတိဟူ၍ ဆိုလေသည်။....

(ပဥ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



သေရာ၌.... ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ အများ သေကြသည်။ အများသေသည်ဟူသော စကား၌ များပုံကား.... ကမ္မဇကလာပ်လေးရာ့ရှစ်စည်း၊ စိတ္တဇကလာပ် ဆယ့်ခုနစ်စည်း၊ အာဟာရဇကလာပ် ငါးဆယ့်တစ်စည်း၊ ပေါင်း လေးရာခုနစ်ဆယ့်ခြောက်စည်းသော ရုပ်ကလာပ်တို့ နာမ်ခန္ဓာလေးပါးတို့နှင့်တကွ လေးရာရှစ်ဆယ် အများသေကြကုန်သည်။ တစ်ခါတည်း တစ်ပြိုင်တည်း သေသည်လည်း မဟုတ်။ ဆိုခဲ့သောစကား၌ အသေတစ်ရာ့တစ်ခါသေသည် မှတ်ရမည်။ တစ်ရာ့တစ်ခါဆိုသည်ကား စုတိဖြစ်၍ အသေကြီး မသေခင် ခဏငယ် ငါးဆယ်ခန့်ကာလတို့၌ အသေငယ် အခါ ငါးဆယ်၊ အသေကြီး သေပြီးနောက် ခဏငယ် ငါးဆယ်ခန့် ကာလတို့၌ အသေငယ် အခါငါးဆယ် – သုံးရပ်ပေါင်း အသေ တစ်ရာ့တစ်ခါကို ဆိုလိုသည်။ တစ်ရာ့တစ်ခါ သေပြီးနောက်မှ ဥတုဇရုပ်သာ ကျန်ကြွင်းသည် ။ ခဏငယ် တစ်ချက်ခန့်ကို မျက်စိတစ်မှိတ်ခန့်ဟုအကြမ်းမှတ်၍ စိတ္တဇရုပ်မှာ အသေကြီး သေပြီးနောက် မျက်စိ လေးဆယ်ရှစ်မှိတ်ခန့်လောက်ကြာမှ ငြိမ်းသည်။ အာဟာရဇရုပ်မှာ မျက်စိ ငါးဆယ်မှိတ်ခန့်လောက်ကြာမှ ငြိမ်းသည်။

ပရမတ္ထ သဘောအားဖြင့် နာမ်ခန္ဓာ၊ ရုပ်ခန္ဓာတို့သည်သာလျှင် ပျက်ကုန်၏။ တစ်စုံတစ်ယောက်သော သတ္တဝါ အကောင်မည်သည်မသေ၊ ပညတ်အားဖြင့် သတ္တဝါ အကောင် သေသည်ဟု ခေါ်ဝေါ်ရုံသာ ခေါ်ဝေါ်ကြရသည်။ သေစရာ သတ္တဝါ အကောင်ဟူ၍ မရှိ။...."*

ဗုဒ္ဓဒဿနအလိုအရ လူသေသောအခါ လူ၌ရှိသော အတ္တ၊ ဇီဝ၊ လိပ်ပြာ ၊ အသက်စသည်က အခြားတစ်ဘဝသို့ ထွက်ခွါ ကူးပြောင်းသွားသည် မဟုတ်ချေ။ သချၤာဂိုဏ်း အစရှိသည့် အချို့သော အိန္ဒိယဒဿနပညာရှင်များယူဆသကဲ့သို့ လူသေသောအခါ သိမ်မွေ့သော ရုပ်တစ်မျိုးက

---

* ဒီပဲရင်း ဆရာတော်ဘုရားကြီး ၊ ညွှန်းပြီး၊. စာ ၁၂၃–၇။



www.burmeseclassic.com

www.burmeseclassic.com



အခြားဘဝသို့ ထွက်ခွာသွား၍ ဘဝအသစ် ဖြစ်သည်ဟူသော အယူအဆမျိုးကိုလည်း လက်မခံချေ။

သချ်ာဂိုဏ်း အလိုအရ "သတ္တဝါ၏ ကိုယ်ထဲ၌ ထူလသရီရခေါ် ကြမ်းသောကိုယ်တစ်ခု၊ သုခုမသရီရခေါ် သိမ်မွေ့သောကိုယ်တစ်ခုအားဖြင့် ကိုယ်နှစ်မျိုးရှိသည်ဟူ၍လည်းကောင်း၊ ကြမ်းသော ကိုယ်မှာ မိဘတို့၏ အသား အသွေးနှင့် ကြမ်းသော ဘူတရုပ်တို့ဖြင့် ပြီး၍ သေသောအခါ ပျက်စီးသွားသည်ဟူ၍လည်းကောင်း၊ သိမ်မွေ့သော ကိုယ်မှာ မဟာ၊ အဟံကာရ၊ ဣန္ဒြေ တစ်ဆယ့်တစ်ပါး၊ တမ္မတ္တ ငါးပါးတို့ဖြင့် ပြီး၍ ယင်းကို လိင်္ဂသရီရ ဟု ခေါ်သည်။ ယင်းသည်ကား သေသောအခါ ခန္ဓာကိုယ်ကြမ်းထဲမှ ထွက်သွား၍ တခြားခန္ဓာကိုယ်၌ တည်သည်။ ပျက်စီးခြင်းမရှိဟူ၍လည်းကောင်း ဆို၏။ ....အောက်ပါတို့မှ သချ်ာကာရိကာကျမ်းမှ ဂါထာတို့ဖြစ်သည်။....

သုခုမာ မာတာပိတုဇာ၊ ပဘူ တေဟိတိဓာ ဝိသေသာသိယုံ။
သုခုမာ တေသံနိယတာ၊ မာတာပီတုဇာ နိဝတ္တန္တေ။
(သံ – ကာ ၃၉)

"သုခုမာ၊ သိမ်မွေ့သော ကိုယ်တို့သည် လည်းကောင်း၊ မာတာပိတုဇာ၊ မိဘတို့မှဖြစ်သော ကိုယ်တို့ သည်လည်းကောင်း၊ (အမွေး၊ သွေး၊ အသားတို့မှာ အမိမှဖြစ်ကြသည်။ အကြော၊ အရိုး၊ ချဉ်ဆီတို့မှာ အဖမှဖြစ်ကြသည်ဟု ဆို၏။ အဖွင့်သာရကောမုဒီ၌ ဆို၏။) ပဘူတေဟိသဟ၊ မဟာဘုတ် ရုပ်ကြမ်းတို့နှင့်တကွ။ တိဓာ၊ သုံးပါးအပြားအားဖြင့်။ ဝိသေသာ၊ ထူးခြားသော ကိုယ်တို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ (ဤဒုတိယပါဒ၌ ပဘူတဲးဟူသော သက္ကတမှ ပဘူ–တေဟိ–ဟု ပါဠိပြန်ရသောကြောင့် လည်းကောင်း၊ သျုး–မှ သိယုံ–ဟု ပြန်ရသောကြောင့် လည်းကောင်း အက္ခရာ ၂ လုံး ပိုနေသည်။) တေသံ၊ ထိုကိုယ်တို့တွင်။ သုခုမာ၊ သိမ်မွေ့သော ကိုယ်တို့သည်။ နိယတာ၊ ပျက်စီးခြင်းမရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကမ္ဘာပျက်သည်တိုင်အောင် ခိုင်မြဲကုန်၏။ (ကမ္ဘာပျက်မှ ပျက်သည်–ဟု ဆိုလို၏။) မာတာပိတုဇာ၊ မိဘမှဖြစ်သောကိုယ်တို့သည်။ နိဝတ္တန္တေ၊တစ်ခုတစ်ခုသောဘဝ၌ သေသောအခါတွင် ဆုတ်နစ် (ကျန်ရစ်လျက်) ပျက်စီးကုန်၏။

ပုဗ္ဗုပ္ပန္နမသတ္တံ၊ နိယတံ မဟဒါဒိသုခမ ပရိယန္တံ။
သံသရတိ နိရုပဘောဂံ၊ ဘာဝေဟျမိ ဝါသိတံ လိင်္ဂံ။
(သံ–ကာ ၄၀)

ပုဗ္ဗုပ္ပန္နံ၊ (ပုရိသ – ဟု ခေါ်သော အတ္တ တစ်ခုစီအတွက်ပကတိက ကိုယ်တစ်ခုစီဖြစ်စေခဲ့၍) ရှေးကမ္ဘာဦး ကာလကပင် ဖြစ်ပေါ်ခဲ့သော။ မဟ ဒါဒိသုခမ ပရိယန္တံ၊ မဟာအစ– သိမ်မွေ့သော တမ္မတ္တလျှင် အဆုံးရှိသော။ (မဟာ၊ အဟံကာရ၊ ဣန္ဒြေ ၁၁ပါး၊ တမ္မတ္တငါးပါး – ဤ ၁၈ ပါးသော အစိတ်တို့ ပါဝင်သောကိုယ်–ဟု ဆိုလို၏။) လိင်္ဂံ၊ လိင်္ဂသရီရခေါ်သော သိမ်မွေ့သော ကိုယ်သည်။ အသတ္တံ၊ (ခန္ဓာအိမ်သစ်ဆီသို့သွားသောအခါ ကျောက်တောင်ကိုသော်လည်း ဖောက်ထွင်းသွားနိုင်သောကြောင့် မည်သည့်အရပ်၌မျှ၊ အငြိမတွယ် အပိတ်အပင်မရှိ။ နိယတံ၊ (ဖြစ်ပေါ်ခဲ့သည်မှစ၍ ကမ္ဘာပျက်သည်တိုင်အောင် ပျက်စီးခြင်းမရှိဘဲ ခိုင်မြဲတည်တံ့၏။ နိရုပဘောဂံ၊ မိမိသက်သက်မူကား မခံစားနိုင်သောကြောင့်။ ဘာဝေဟိအဓိဝါသိတံ၊ကောင်းမှုကံ မကောင်းမှုကံတို့ဖြင့် အထုံရသည်ဖြစ်၍။ (ဤ ၂ ပုဒ်သည် ဟေတုမန္တ ဝိသေသနများဖြစ်၏။) သံသရတိ၊ (တစ်ခုတစ်ခုသောဘဝ၌ ထူလသရီရခေါ်သော ခန္ဓာကိုယ်ဟောင်း ပျက်စီးသောအခါ အသစ်အသစ်ဖြစ်သော ထူလသရီရခေါ် ခန္ဓာကိုယ်ကြမ်းသို့) ပြောင်းရွှေ့၍ပြောင်းရွှေ့၍ ကျင်လည်၏။''*

---

* မဟာစည်ဆရာတော်၊ ဝိသုဒ္ဓိ မဂ္ဂမဟာဋီကာနိဿယ၊ စတွဲ၊ စာ – ၂၁၇ – ၈ (အောက်ခြေမှတ်စု)



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဒဿနသည် အထက်ပါ အယူအဆများကဲ့သို့ လူသတ္တဝါ သေသောအခါ တစ်စုံတစ်ရာသော အရာက ကူးပြောင်း သွားခြင်းမျိုးကို လက်မခံချေ။ ကြောင်းကျိုးဓမ္မအရ ရုပ်နာမ်တို့ဆက်စပ်၍ ဘဝဘဝတို့ ဖြစ်ပေါ်သွားခြင်းသာ ရှိလေသည်။

ဗုဒ္ဓဒဿနအလိုအရ စိတ်တစ်ခုသည် ဖြစ်၍ ချုပ်ပြီးနောက် ထိုစိတ်နှင့်တူသော အခြားစိတ်တစ်ခုကို ကြားမရှိဘဲ (အချိန်နှင့် နေရာအားဖြင့်) ခြားနေခြင်း၊ ဟနေခြင်း မရှိဘဲ) ဆက်တိုက်ဖြစ်စေနိုင်သော သတ္တိရှိသည်။ ထိုကဲ့သို့ စိတ်တစ်ခုသည် ချုပ်ပြီးသည့်နောက် ၎င်းနှင့်တူသော အခြားစိတ်တစ်ခုကို ဆက်တိုက်အားဖြင့် ဖြစ်စေသည့် သတ္တိကို အနန္တရသတ္တိဟု ခေါ်သည်။ ရှေ့စိတ်နှင့် နောက်စိတ်တို့ အကြား၌ "ကြား" ဟူ၍၊ ပြတ်တောက်နေခြင်းဟူ၍ မရှိဘဲ ကြောင်းကျိုး ဆက်နွှယ်ကာ ဖြစ်ပေါ်လျက်ရှိပုံကို သမနန္တရသတ္တိဖြင့် ဖော်ပြခြင်းလည်း ပြုထား၏။ ထိုသို့အကြားမရှိ၊ ကြားမရှိ ဖြစ်ပျက်နေသောကြောင့် စိတ်တို့သည် တစ်ခုတည်း ဖြစ်မနေပါသလောဟု မေးစရာရှိ၏။ ကြားမရှိဟုဆိုခြင်းသည် တစ်ခုနှင့်တစ်ခု ကြောင်းကျိုးနှီးနွှယ်လျက် စဉ်ဆက်မပြတ် ကျေးဇူးပြုနေခြင်းကိုသာ ဆိုလိုပါသည်။ ဤအချက်ကို ဗုဒ္ဓဒေသနာများ၌ နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်းများဖြင့် ရှင်းလင်းထားသည်ကို တွေ့ရ၏။ နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်းတို့၏ သဘောမှာ ငြိမ်းခဲ့ပြီးသော ဆီမီးသည် ပေါ်လာသော အမှောင်ထုအား ကျေးဇူးပြုသကဲ့သို့ (မှောင်သွားအောင် အကြောင်းပြုသကဲ့သို့) ရှေ့စိတ်ချုပ်ပျက်ခြင်း၊ မရှိတော့ခြင်းဖြင့် နောက်စိတ်တို့ဖြစ်လာအောင် အကြောင်းပြု သည်ဟု ဆိုလိုသည်။ ထိုသို့ အကြောင်းပြုရာ၌ တစ်ခုနှင့်တစ်ခုပြတ်တောက်ကွာဟနေခြင်းမရှိဘဲ နှီးနွှယ်ဆက်စပ် အကြောင်းပြုနေခြင်းသာဖြစ်၏။

ဗုဒ္ဓဒဿနအလိုအရ သေခြင်းစုတိစိတ်နောက် ကြားမရှိဘဲ ဆိုခဲ့သည့် အနန္တရ၊ သမနန္တရသတ္တိတို့ဖြင့် ပဋိသန္ဓေစိတ် (ဘဝတစ်ခု၏အစ) သည် ဆက်တိုက်ဖြစ်ပေါ်လာသည်။ တစ်စုံတစ်ခုသော အခြေအနေ၌ အချိန်[၁] နှင့် ပတ်သက်၍ "အချိန်တိုသည်၊ အချိန်ရှည်သည်" စသည်ဖြင့် ပြောနိုင်၏။ နေရာ[၂]နှင့် ပတ်သက်၍လည်း "ဝေးသည်၊ နီးသည်" စသည်ဖြင့် ပြောနိုင်၏

---

၁ time ၂ space



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ပဋိသန္ဓေစိတ်ဖြစ်မှု (ဝါ) ဘဝဖြစ်မှုနှင့် စပ်သော အခြေအနေမျိုး၌မူ အချိန်တိုသည်၊ ရှည်သည်။ နေရာနီးသည်၊ ဝေးသည်ဟူ၍ ပြောစရာမရှိချေ။ လူတစ်ဦးသည် ဤအရပ်၌သေ၍ ဤအရပ်မှ မိုင် ၅၀၀၀ ဝေးသောအခြားအရပ်၌ ဘဝတစ်ခုဖြစ်သည်ဆိုပါစို့။ သာမန်အတွေးအခေါ် အားဖြင့် 'ဤနေရာ'နှင့် 'ထိုနေရာ' ကြားရှိ မိုင် ၅၀၀၀ အကွာအဟကိုဖြတ်ကျော်စရာရှိသည်။ ဖြတ်ကျော်ရာ၌ ကြာရှည်သော အချိန်လည်းရှိရမည်ဟု တွေးနိုင်၏။ သို့ရာတွင် အထက်ပါ အနန္တရ၊ သမနန္တရသတ္တိတို့ကြောင့် သေခြင်းဟူသော စုတိပြီးလျှင် ဆက်တိုက်ချက်ချင်း ကြားမရှိ၊ အကွာအဟမရှိဘဲ ဘဝတစ်ခုဖြစ်မှု 'ပဋိသန္ဓေစိတ်' သည် ဖြစ်ပေါ်၏။ ဗုဒ္ဓဒဿနအလိုအရ အနန္တရ၊ သမနန္တရသတ္တိတို့ဖြင့် ကြောင်းကျိုးဆက်နွယ်ဖြစ်ပေါ်သော အလွန်လျင်မြန်သည့် စိတ်အတွက် အချိန် အတိုအရှည်၊ နေရာ အနီးအဝေးသည် မရှိချေ။

ဗုဒ္ဓဒဿနအလိုအရ ထိုကဲ့သို့ ပဋိသန္ဓေစိတ် ဖြစ်ခြင်းနှင့်အတူ စေတသိက် နာမ်တရားများလည်း အတူဖြစ်ကြသည်။ ကံကြောင့်ဖြစ်သော ရုပ်များလည်း အတူဖြစ်ပေါ်ကြသည်။ သို့ဖြစ်၍ ဒိုင်ယာလက်တစ် ရုပ်ဝါဒီများ ယူဆသကဲ့သို့ ရုပ်သည် ပဓာနဖြစ်သည်။ စိတ်သည်သာမည ဖြစ်သည်ဟူသော အယူအဆများကို လည်းကောင်း၊ ရုပ်သည်သာ အမှန် အရှိတရားဖြစ်၍ စိတ်သည် ရုပ်၏ဂုဏ်ရည်မျှသာ ဖြစ်သည်ဟူသော အယူအဆများကိုလည်းကောင်း၊ ရုပ်ခန္ဓာပြိုကွဲပျက်စီးလျှင် စိတ်သည်လည်း လိုက်ပါချုပ်ငြိမ်းပြတ်စဲသွားသည်ဟု ယူဆသော အယူအဆမျိုးကိုလည်းကောင်း ဗုဒ္ဓဒဿနက လက်မခံချေ။ ထို့ပြင်ဗုဒ္ဓဒဿနက ...."ဘဝတစ်ခုဖြစ်တည်ရာ၌ ပဋိသန္ဓေစိတ် ဖြစ်ခြင်းနှင့်အတူ စေတသိက်နာမ်တရားများလည်း အတူဖြစ်ကြသည်။ ကံကြောင့်ဖြစ်သော ရုပ်များလည်း အတူဖြစ်ပေါ်ကြသည်" ဟု ရှုမြင်သောကြောင့် "လူသည် အကြောင်းမဲ့ (ဘာကြောင့်မှန်းမသိဘဲ ကြောင်လည်လည်ဖြင့်) လူ့လောကသို့ လူအဖြစ်ဖြင့် ရောက်ရှိဖြစ်တည်လာသည်" ဟူသော မာနင်ဟိုင်ဒက်ဂါး၊ ယန်ပေါလ်ဆတ် အစရှိသည့် ဘဝဖြစ်တည်မှု ပဓာနဝါဒီတို့၏ အယူအဆမျိုးကိုလည်း လက်မခံချေ။

ဗုဒ္ဓဒဿနအလိုအရ.... လူဆိုသည်မှာ ရုပ်နာမ်တို့၏ ဖြစ်စဉ်မျှသာ ဖြစ်သည်။ ထိုဖြစ်စဉ်၌ ဇီဝအတ္တသည် မရှိချေ။ ဝေါဟာရ ပညတ်တို့ဖို



www.burmeseclassic.com

www.burmeseclassic.com



ယာယီသုံးနှုန်း၍ ဆိုရပါက လူသည် မိမိပြုသော အကောင်းအဆိုး စေတနာကံတို့အလျောက် အကောင်းအဆိုး သုခဒုက္ခအမျိုးမျိုးတို့ ကြောင်းကျိုးဆက်စပ်ကာ ဖြစ်ရသောသူပင် ဖြစ်သည်။ အမှန်တရားကို မသိမြင်ပါက လူ၌ တဏှာဒိဋ္ဌိတို့ ရှိနေမည်။ ထိုတဏှာဒိဋ္ဌိတရားတို့ စေတနာကံနှင့် တွဲနေသေးသမျှ လူသည် ဘဝသံသရာ၌ ကျင်လည်နေရမည့်သူဖြစ်သည်။ စင်စစ် လူကို အကောင်းအဆိုး အမျိုးမျိုး ပြဋ္ဌာန်းပေးသည်မှာ ထာဝရဘုရား၊ မဟာဗြဟ္မာစသည်တို့ကမဟုတ်၊ လူသည် မိမိကိုယ် မိမိသာလျှင် ပဓာနအားဖြင့် ပြဋ္ဌာန်းသူဖြစ်သည်။ တစ်နည်းအားဖြင့် မိမိပြုသော စေတနာ အမှုကံက မိမိကို အကောင်းအဆိုး ဖြစ်စေလိမ့်မည်သာ ဖြစ်သည်။ သို့ဖြစ်၍ ဗုဒ္ဓဒဿနအလိုအရ လူသည် မိမိ၏ ကံ၊ ဉာဏ်၊ ဝီရိယတို့ကိုသာ အားကိုးပြု၍ မိမိဘဝကို ကောင်းအောင် ဖန်တီးနိုင်သူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

## ပြောင်းလဲခြင်းကို အမှန်တရားအဖြစ် လက်ခံသော ဒဿန အမြင်မှ လူကိုချဉ်းကပ်လေ့လာခြင်း

အမှန်ကို အမှန်အတိုင်း၊ အဖြစ်မှန်ကို အဖြစ်မှန်အတိုင်း မသိမြင်သောအခါ ပြဿနာများ ဖြစ်လာသည်။ အမှန်ကိုအမှန်အတိုင်း၊ အဖြစ်မှန်ကို အဖြစ်မှန်အတိုင်းသိမြင်ပါက ပြဿနာများမှ ကင်းလွတ်သွားမည်ဖြစ်သည်။ လှည့်စားသည်ကို လှည်စားသည်ဟု မမြင်သည့်အခါ အလှည့်စားခံကြရသည်။ လှည့်စားသည်ကို လှည့်စားသည်ဟုသိမြင်ပါက လှည့်စားခံရခြင်းမှ လွတ်သွားမည်သာဖြစ်၏။ ဒုက္ခကိုဒုက္ခဟု မသိသည့်အခါ ကျွန်ုပ်တို့သည်ဒုက္ခရောက်ကြရ၏။ ဒုက္ခကို ဒုက္ခဟု သိမြင်ပါက ဒုက္ခရောက်ရခြင်းမှ လွတ်သွားမည်ဖြစ်သည်။ မြင်မှု ကြားမှု ထိတွေ့မှုအစရှိသည့် ရုပ်နာမ်တရားတို့သည် ဖြစ်ပြီးပျက်နေသည်ဟု အမှန်မမြင်သည့်အခါ ငါမြင်သည်၊ ငါကြားသည်၊ ငါ့ဥစ္စာဖြစ်သည်၊ ငါ့ဟာဖြစ်သည်၊ ယောကျ်ားဖြစ်သည်၊ မိန်းမဖြစ်သည်ဟု ထင်မှတ်ရာမှ တပ်မက်မှု၊ တွယ်တာမှု၊ အလိုမကျမှု ပူပန်ကြောင့်ကြမှုတို့ဖြစ်ရသည်။ တံလှပ်ကို တံလှပ်အဖြစ်မသိမြင်ဘဲ ရေအထင်ဖြင့် တံလှပ်နောက်လိုက်ခြင်းသည် ပင်ပန်းနွမ်းနယ်ရ၏။ တံလှပ်ကို တံလှပ်အဖြစ် မြင်ပါက တံလှပ်နောက်သို့ မလိုက်တော့သောကြောင့် ပင်ပန်းနွမ်းနယ်မှု မဖြစ်တော့သကဲ့သို့ မြင်မှုကြားမှုအစရှိသည့် ရုပ်နာမ်တရားတို့သည် ဖြစ်၍ပျက်လျက်ရှိသည်ဟု အမှန်အကန်သိပါက ငါမြင်သည်၊ ငါကြားသည်ဟု မဖြစ်တော့။ ငါဒုက္ခဖြစ်သည်၊ ငါ့ဟာဖြစ်သည်၊ ယောကျ်ားဖြစ်သည်၊ မိန်းမဖြစ်သည် စသည်ဖြင့် မထင်မှတ်တော့။ ထိုသို့ မထင်မှတ်မှုကြောင့် တပ်မက်ခြင်း၊ အလိုမကျခြင်း၊ ပူပန်ကြောင့်ကြခြင်း စသည်တို့ မဖြစ်တော့။ "လူ"တည်းဟူသော ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ အမှန်သဘာဝကို သိမြင်မှုကြောင့် အတ္တဝါဒဆိုင်ရာ၊ ရုပ်ဝါဒဆိုင်ရာ အတွေးအခေါ် ပြဿနာလည်း မဖြစ်တော့။....

(ပဌမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၁ )

## ထာဝရသဘောတို့ရှေ့လျောခြင်း

ဗုဒ္ဓဒဿနသည် လူ၏ရုပ်နာမ်အစုအပေါင်းကို ခန္ဓာအားဖြင့် ( ၅ ) ပါး ( ဝါ ) ခန္ဓာ ( ၅ )မျိုးခွဲခြားလျက် အတ္တသဘောဆိတ်သုဉ်းကြောင်းကို ဖော်ပြလေ့လည်းရှိ၏။ ခန္ဓာ ( ၅ )ပါးဟူသည်မှာ ၁။ ရူပက္ခန္ဓာဟူသော ရုပ်အစု၊ ၂။ ဝေဒနာက္ခန္ဓာဟူသော ခံစားမှုအစု၊ ၃။ သညာက္ခန္ဓာဟူသော မှတ်သားမှုအစု၊ ၄။ သင်္ခါရက္ခန္ဓာဟူသော စေတနာအစရှိသော သင်္ခါရ အစု၊ ၅။ ဝိညာဏက္ခန္ဓာဟူသော သိမှုအစုတို့ဖြစ်ကြ၏။ ဤသို့ ခန္ဓါငါး ပါးအနေဖြင့် ဖော်ပြခြင်းသည် အသက်၊ လိပ်ပြာ၊ ဇီဝ၊ ငါကောင် စသည့် အတ္တကောင်၏ တည်ရှိခြင်းကို ငြင်းပယ်ရာလည်း ရောက်၍ ထိုခန္ဓာ ငါး ပါးသည် မြဲနေခြင်း၊ ခိုင်နေခြင်းတည်းဟူသော အတ္တသဘောမှာ ဆိတ်သုဉ်း ခြင်းကိုလည်း ဖော်ပြရာရောက်လေသည်။

ဗုဒ္ဓဒဿနအလိုအရ လူသည်အကြောင်းတရားတို့ ဆုံဆည်း၍ ယာယီ မျှဖွဲ့စည်းမိနေသော အနိစ္စသဘောရှိသော ခန္ဓာ ( ၅ )ပါးတို့၏ အစုအဝေး အဖွဲ့အစည်းမျှသာ ဖြစ်သည်။ ထိုခန္ဓာ ( ၅ )ပါး အဖွဲ့အစည်းသည် ပြောင်းလဲသော သဘောကို ဆောင်သည်။ ထိုပြောင်းလဲနေသော ယာယီ ခန္ဓာ ( ၅ )ပါး၌ မြဲသော၊ ခိုင်သော၊ ထာဝရတည်နေနိုင်သော သဘော သည် တစ်နေရာတွင်မျှမရှိ။ ထိုခန္ဓာ ( ၅ )ပါးအတွင်း၌ မြဲသော အတ္တဇီဝ၏ နေရာသည်လည်း အလျှင်းမရှိချေ။ ထိုသို့ ဖြစ်ပျက်ပြောင်းလဲ နေသော



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာ (၅)ပါးကို အမှန်အတိုင်း မသိမှု (အဝိဇ္ဇာ) ကြောင့် လူ၌ သီးခြား အတ္တရှိသည်၊ ဇီဝရှိသည်ဟု အလွဲလွဲအမှားမှား ထင်မြင်စွဲလမ်းနေကြခြင်း သာဖြစ်သည်။ ထိုခန္ဓာ (၅)ပါးသည် ခဏမစဲ တရစပ်ဖြစ်ပျက်ပြောင်းလဲ နေပါလျက် ထိုသို့ ဖြစ်ပျက်ပြောင်းလဲမှုကို အသေအချာ မမြင်သည့်အခါ လူသည် ထိုခန္ဓာ (၅)ပါးတို့အပေါ် ပုဂ္ဂိုလ်၊ သတ္တဝါ အနေ၊ ကောင်း သည် ဆိုးသည်အနေ ထင်မြင်စွဲလမ်းသည့် အတ္တဒိဋ္ဌိတို့လည်း ဖြစ်ကြရသည်။

ဗုဒ္ဓဒဿနအလိုအရဆိုခဲ့သည့် ရုပ်နှင့် ဝေဒနာသညာ သင်္ခါရဝိညာဏ် ဟူသော နာမ်၊ ခန္ဓာတို့သည် မိမိတို့၏အလုပ်ကိစ္စ သဘော သဘာဝချင်း မဟုတ်ကြသော်လည်း ခန္ဓာတစ်ခုနှင့်တစ်ခု သီးခြားစီတည်ရှိနေကြသည်မဟုတ် ချေ။ အကြောင်းအကျိုးဆက်နွယ်မှု (ပဋ္ဌာန်းပစ္စည်းတို့ ဆက်နွယ်မှု) ဖြင့် ပေါင်းစည်းတည်နေကြခြင်း ဖြစ်သည်။ ထိုခန္ဓာ (၅)ပါး၌ "ဝိညာဏက္ခန္ဓာ ဟု ဆိုအပ်သော စိတ်သည် ဝေဒနာ ခန္ဓာ၊ သညာ ခန္ဓာ၊ သင်္ခါရ ခန္ဓာဟု ဆိုအပ်သော စေတသိက်တို့၏ ရှေ့ဆောင်ပြဋ္ဌာန်းသော တရားဖြစ်၍ စေ တသိက်တို့သည် နောက်လိုက်ငယ်သား အမှီသမားများ ဖြစ်ကြသည်။"*

ဗုဒ္ဓဒဿနအလိုအရ ပြောင်းလဲခြင်းသည် အမှန်တရား ဖြစ်ရကား လူ၏ရုပ်ခန္ဓာ ( ရူပက္ခန္ဓာ ) သည်လည်း ပြောင်းလဲနေသော သဘောကို ဆောင်လျက် ရှိသည်။ ဖြစ်ပျက် ပြောင်းလဲလျက် ရှိသော ရုပ်တို့သည် ကြောင်းကျိုးဆက်စပ်၍ ယာယီအားဖြင့်သာ ဒြပ်သဏ္ဌာန်တို့အနေ ဖွဲ့စည်း ဖြစ်ပေါ်လျက် ရှိနေကြခြင်းဖြစ်သည်။ ပြောင်းလဲနေသောကြောင့် မည် သည့်အရာကိုမျှ "ဤအရာဖြစ်သည်"ဟု ကျွန်ုပ်တို့အနေနှင့် အတိအကျ မပြောနိုင်ချေ။ ဤအရာဟု ပြောလိုက်သည်နှင့် တစ်ပြိုက်နက်" ထိုအရာဖြစ် လျက်" ရှိ၏။

မြူတိမ်ကင်းစင်သော ညအခါ၌ ကောင်းကင်သို့ မော်ကြည့်သော အခါ ကြယ်များကို မြင်ရ၏။ ထိုသို့ ကျွန်ုပ်တို့ ကြည့်နေခိုက် – နက္ခတ္တပညာ ရှင်တစ်ဦးက "သင်တို့ယခုမြင်နေသော ကြယ်များသည် သင်တို့ ယခုမြင် နေသော ကြယ်များမဟုတ်ပါ"ဟု ပြောလာလျှင် (ကျွန်ုပ်တို့၌ နက္ခတ္တပညာ ဆိုင်ရာ ဗဟုသုတမရှိပါက ထို နက္ခတ္တပညာရှင်၏ စကားကို နားလည်ချင်မှ နားလည် ပေလိမ့်မည်။ စင်စစ် ကျွန်ုပ်တို့ ယခုမြင်နေရသော ကြယ်များ

---

* ဦးမောင်ကြီး (လယ်တီပဏ္ဍိတ) ပရမတ္ထသံခိပ်ဋီကာ၊ ပ–တွဲ။ စာ – ၈။



www.burmeseclassic.com

www.burmeseclassic.com



သည် ယခုမြင်နေရသော ကြယ်များမဟုတ်၊ ယခင်က ကြယ်များကိုသာ မြင်နေရခြင်းဖြစ်လေသည်။ ကျွန်ုပ်တို့ ကမ္ဘာနှင့် အနီးဆုံး ကြယ်သည်ပင် လျှင် အလင်းနှစ် လေးနှစ်ခွဲခန့် (၄.၃၀) ခန့် ဝေးကွာသည်။ မိုင်အားဖြင့် သန်းပေါင်း ၂၅ သန်းခန့် ရှိလိမ့်မည်။ အလင်းရောင်သည် ထိုမျှအကွာ အဝေးကို ဖြတ်သန်းပြီးမှ ကျွန်ုပ်တို့ မျက်စိများဆီသို့ ရောက်လာခြင်းဖြစ် သည်။ ထိုသို့ ရောက်လာပြီးမှ ထိုကြယ်ကို ကျွန်ုပ်တို့က မြင်တွေ့ရခြင်းဖြစ် သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ယခု မြင်တွေ့ရသော ကြယ်သည် ယခုကြယ် မဟုတ်ဘဲ ယခင်ကြယ် ( လွန်ခဲ့သော လေးနှစ်ခွဲခန့်အကြာကကြယ်) ကို သာ မြင်တွေ့ရခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ထိုကြယ်သည် ကျွန်ုပ်တို့မြင် ခိုက်အချိန်၌ မည်ကဲ့သို့သော ပြောင်းလဲခြင်းများ ဖြစ်နေမည်ကို ကျွန်ုပ်တို့ မသိနိုင်သေး။ ထို့ထက် ထိုကြယ်၏ အတွင်းသဏ္ဌာန်၌ရှိသော ရုပ်သဘာဝတို့ မည်မျှ ဖြစ်ပျက် ပြောင်းလဲသွားမည်ကို ကျွန်ုပ်တို့ခန့်မှန်း၍ပင် ရနိုင်မည် မဟုတ်ချေ။ အလင်းနှစ် လေးနှစ်မက ဝေးကွာကြသော အခြားအခြား သော ကြယ်များကိုသိသော ကျွန်ုပ်တို့ "အသိများ"သည် ထိုကြယ်တို့၏ ပင်ကို "အရှိတရား" များနှင့် မည်မျှ ခြားနားနေသော "အသိများ" ဖြစ်နိုင်ကြောင်း ခန့်မှန်းကြည့်နိုင်သည်။

တစ်ချိန်က ပက်ထရစ်မိုး[၁]သည် သူ၏ "စကြဝဠာ မြေပုံ"[၂] ဟူ သော စာအုပ်၌ "ကျွန်ုပ်တို့၏ နဂါးငွေ့တန်း ဂယ်လက်ဆီ ကြယ်စုကြီးနှင့် အနီးဆုံးဖြစ်သော အင်ဒရိုမီးဒါးစ်[၃] ခေါ် ဂယ်လက်ဆီ ကြယ်စုကို ယနေ့ ကျွန်ုပ်တို့ မြင်တွေ့နေရသည်မှာ လွန်ခဲ့သော နှစ်ပေါင်း ၂၂၀၀,၀၀၀ ကာလက အသွင်သဏ္ဌာန်မျှသာ ဖြစ်သည်။* ရှေးလူ့သမိုင်းအစက ဤ ကမ္ဘာ၌ လူတို့အမဲလိုက်၍ အစာရှာဖွေတတ်ခါစ အချိန်လောက်က တည်ရှိ ခဲ့သော ဂယ်လက်ဆီ၏ အခြေအနေကို ယနေ့မှ ကျွန်ုပ်တို့ မြင်တွေ့နိုင် ကြခြင်းဖြစ်သည်။ .... 3C - 295 ဟု သတ်မှတ်ပေးထားသော ဂယ်လက်ဆီ ကြယ်စု၏ အသွင်သည်လည်း ကျွန်ုပ်တို့ကမ္ဘာမြေကြီးစတင် မမွေးဖွားလာ

---

၁ Patrick Moore

၂ Atlas of the Universe

၃ Andromedas

* ထိုအချိန်က အင်ဒရိုမီးဒါးစ် ဂယ်လက်ဆီသည် ကျွန်ုပ်တို့၏ ဂယ်လက်ဆီမှ အလင်းနှစ် သန်း ၂.၂ သန်းမျှ ဝေးကွာသည်ဟု ခန့်မှန်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သေးမီ (ဟင်းလင်းပြင်ထဲ၌ ဓာတ်ငွေ့လုံးကြီးတစ်လုံး – တိမ်စိုင်ခဲကြီးတစ်ခဲ သဖွယ် ရှိနေခဲ့သည့်) ကာလက ဖြစ်ပျက်နေသော အသွင်သဏ္ဍာန်မျှသာဖြစ် သည်။ တစ်နည်းအားဖြင့် ထို 3C - 295 ဂယ်လက်ဆီ ကို လွန်ခဲ့သော နှစ်သန်းပေါင်း ၅၀၀၀ ကျော်က ဖြစ်ပျက်နေသော အသွင်သဏ္ဍာန်အနေ နှင့်သာ တွေ့မြင် နေရခြင်းဖြစ်သည်....''* စသည်ဖြင့် ဖော်ပြထား၏။

အချို့သော ကြယ်များမှာ ယင်းတို့မှ လာနေသော အလင်းရောင်ကို ကျွန်ုပ်တို့မြင်တွေ့ရသော်လည်း ထိုအလင်းရောင်၏နောက်၌ ထိုကြယ်များ မှာ မရှိကြတော့။ ပေါက်ကွဲ ပျက်စီးသွားခဲ့ကြပြီ ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့က ထိုကြယ်များရှိနေသေးသည်ဟု ထင်မြင်နေလေသည်။ ကျွန်ုပ် တို့အနေနှင့် "ဤအရာဖြစ်ပါသည်"ဟု ထင်ရသော အရာတစ်ခုသည် "ဤ အရာ မဟုတ်သောအရာ" ဖြစ်လျက်ရှိသည်။ "ဤအရာ ဖြစ်ပါသည်" ဟု တစ်ခဏမျှ အဟုတ်အနေ၊ အခိုင်အနေ၊ အတ္တအနေ** ယူဆစွဲလမ်းထင်မှတ် စရာ မရှိသော်လည်း ဖြစ်ပျက်ပြောင်းလဲမှုကို အသေးစိတ်မမြင်နိုင်ကြသော ကြောင့် အတ္တစွဲကား ဖြစ်မြဲဖြစ်လျက် ရှိ၏။

စကြဝဠာ တစ်ခုလုံး၌ တည်ငြိမ်ခိုင်မြဲစွာ ရပ်တည်နေသော အရာဟူ ၍ တစ်ခုမျှမရှိ၊ မြဲနေသည်ဟူသော အတ္တသဘောသည် မည်သည့်နေရာတွင် မျှမရှိ။ပင်ကိုယ်အားဖြင့်ရပ်နားတည်ငြိမ်ခြင်းမရှိသော ကျွန်ုပ်တို့၏ နေနှင့် တကွ ကမ္ဘာအပါအဝင် ဂြိုဟ်များသည် တစ်စက္ကန့်လျှင် ၁၂ မိုင်ခန့်ဖြင့် ဂယ်လက်ဆီ၏ ဗဟိုချက်ကို လှည့်ပတ်ပြေးလွှား ရွေ့လျားလျက်ရှိသည်။ အခြားကြယ်များသည်လည်း ကျွန်ုပ်တို့နေ၏ ရွေ့လျားနှုန်းထက် ပိုသော လျင်မြန်မှုများဖြင့် ရွေ့လျားပြေးလွှားလျက်ရှိကြသည်။ ဂယ်လက်ဆီကြယ် အုပ်စုကြီးများသည် စကြဝဠာအတွင်း ပို၍ ဝေးလံသော နေရာများသို့ အစဉ်ရွေ့လျား ပြေးလွှားလျက်ရှိသည်။ ကမ္ဘာမှ အလင်းနှစ်ကုဋေ ၁၀၀ အကွာတွင်ရှိသော ဂယ်လက်ဆီများသည် တစ်စက္ကန့်တွင် အလင်းရောင်၏

---

* Patrick Moore, "Atlas of the Universe" p.14

** ဤနေရာ၌သုံးနှုန်းနေသော အတ္တဟူသော စကားသည်လည်း လူသတ္တဝါ အတွင်း၌ရှိသော – ခိုင်မြဲသည်ဆိုသော ဇီဝ၊ လိပ်ပြာ၊ အသက်ကောင်ဟူသော အရာကိုသာ ဆိုလိုခြင်းမျှမကဘဲ မြဲသည်၊ ခိုင်သည်ဟု သဘောသက်ရောက် သောအရာဟူသမျှကို ရည်ညွှန်းနေခြင်း ဖြစ်ပါသည်။ ရှေ့တွင်လည်း ဤ သဘောအတိုင်း မှတ်ယူစေလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်နှုန်း ၁၀ ပုံ တစ်ပုံခန့်ရှိသော နှုန်းဖြင့် စကြာဝဠာ၏ ပိုမိုနက်ရှိုင်းရာသို့ ဦးတည်၍ ရွေ့လျားနေကြသည်။ ကမ္ဘာမှ အလင်းနှစ် ကုဋေ ၂၀၀ ခန့် အကွာ၌ရှိသော ဂယ်လက်ဆီများသည်လည်း အထက်ပါ ဂယ်လက်ဆီ တို့၏ ရွေ့လျားနှုန်းထက် ၂ ဆမြန်သော နှုန်းဖြင့် စကြာဝဠာ၏ ပိုမို နက် ရှိုင်း ရာ သို့ ဦးတည်ရွေ့လျားနေကြသည်။ ဖြစ်ပျက်မှုအစဉ် တို့ဖြင့် ခဏမလပ် ရွေ့လျားနေသော ရုပ်လောကကြီး၌ ရုပ်တည်နေသော ခိုင်မြဲသော အတ္တသဘော အခြေခံဝတ္ထုသဘောသည် မည်သည့် နေရာ တွင်မျှ မရှိချေ။

အကြီးဆုံးသော ရုပ်ဝတ္ထုကြီးများသည်လည်း ဖြစ်ပျက် ပြောင်းလဲ လျက်ရှိကြသည်။ အသေးဆုံးသော ရုပ်များသည်လည်း ဖြစ်ပျက် ပြောင်း လဲနေကြသည်။ အကြောင်းအမျိုးမျိုးတို့ကြောင့် ရုပ်တို့သည် ဖောက်ပြန် လျက်လည်း ရှိကြသည်။

ဗုဒ္ဓစာပေများ၌ သာမန်လူတို့ခန့်မှန်းနိုင်ရန် ရုပ်တို့သည် မျက်တောင် တစ်ခတ်လျှပ်တစ်ပြက်အတွင်း၌ ခဏပေါင်းကုဋေငါးထောင်မက ဖြစ်ပျက် ကြကြောင်း၊ စိတ်မှာမူ မျက်တောင်တစ်ခတ် ခန့်မျှအတွင်း၌ ခဏပေါင်း ကုဋေ တစ်သိန်းမက ဖြစ်ပျက်ကြောင်း ဖော်ပြထား၏၊ သိပ္ပံ ပညာရှင် တို့က အချို့သော သိမ်မွေ့လွန်းသော ရုပ်တို့၏ သက်တမ်းကို ဒသမ ၁၀, ၀၀၀, ၀၀၀, ၀၀၀, ၀၀၀, ၀၀၀, ၀၀၀, ၀၀၁ စက္ကန့်မျှသာရှိ ကြောင်း ဖော်ပြကြ၏။ ရုပ်တို့သည် အစဉ်ဖြစ်ပျက် ပြောင်းလဲနေရကား 'ဤအရာဖြစ်သည်' ဟု ပြောနေစဉ်ပင် ဤအရာမဟုတ်ဘဲ ဖြစ်လျက်ရှိသည်။ "ငါဖြစ်သည်" "သူဖြစ်သည်" ဟု ထင်မှတ်နေစဉ်ပင် "ငါမဟုတ်ဘဲ" "သူ မဟုတ်ဘဲ"ဖြစ်လျက်ရှိသည်။ မိန်းမဖြစ်သည် ယောကျ်ားဖြစ်သည်ဟု ထင်မှတ် နေချိန်၌ပင် ထိုမိန်းမသည် ထိုမိန်းမ မဟုတ်ဘဲ ထိုယောကျ်ား သည်လည်း ထိုယောကျ်ားမဟုတ်ဘဲ ဖြစ်လျက်ရှိသည်။

ဂရိဒဿနပညာရှင် ဟာရာကလိုက်တပ်စ်က လူတစ်ဦးသည် တစ်ခု တည်းသော မြစ်အတွင်းသို့ နှစ်ကြိမ်မသက်ဆင်းနိုင် (ဝါ) တစ်ခုတည်းသော မြစ်ကို ၂ ကြိမ်မဖြတ်ကျော်နိုင်ဟု ဖော်ပြဖူး၏။ လူတစ်ဦးသည် မြစ်ကို မနေ့က ဖြတ်ခဲ့၏။ ယနေ့လည်း ဒုတိယအကြိမ် ထိုမြစ်ကိုဖြတ်ပြန်သည်။ သာမန် အမြင်အားဖြင့် ထိုလူသည် မနေ့က မြစ်ကိုပင် ယနေ့လည်း ဖြတ်ကျော်ခဲ့

(ပဉ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ထင်မှတ်ဖွယ်ရှိ၏။ သို့ရာတွင် မနေ့က ဖြတ်ကျော်ခဲ့သော မြစ်ရေသည် ယနေ့မြစ်ရေ မဟုတ်တော့။ ရေသည် စီးဆင်းသွားခဲ့ပြီ။ ယနေ့စီးဆင်းနေသော မြစ်ရေသည် မနေ့ကမြစ်ရေ မဟုတ်တော့။ မနေ့က ဖြတ်ကျော်ခဲ့သော လူသည်လည်း ယနေ့လူမဟုတ်တော့။ အဘယ်ကြောင့်ဆိုသော်ထိုသူ၏ ခန္ဓာအတွင်းမှ ရုပ်တို့သည် မနေ့ကနှင့်မတူအောင်ဖြစ်ပျက် ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ ထို့အတူ ဤမှာဘက် ဟိုမှာဘက်တွင် ရှိသော မြစ်ကမ်းပါးတို့သည်လည်း ၎င်းတို့၏ အတွင်းသန္တာန်ရုပ်များ ပြောင်းလဲခဲ့ပြီး ဖြစ်၍ မနေ့က မြစ်ကမ်းပါးများမဟုတ်ကြတော့။ သို့ဖြစ်၍ လူတစ်ဦးသည် တစ်ခုတည်းသော "ဤမြစ်အတွင်းသို့ပင် ၂ ကြိမ်သက်ဆင်းသည်၊ ဖြတ်ကျော်သည်" ဆိုသည်မှာ မဖြစ်နိုင်ဟု ဆိုလိုခြင်း ဖြစ်လေသည်။

> ဘာထရန်ရပ်ဆယ်က "အကယ်၍ သင်သည် ထိုင်ခုံတစ်လုံးကို'ဤထိုင်ခုံသည် မနေ့ကထိုင်ခုံဖြစ်ပါသည်'ဟုရှင်းပြလိုပါက သင်သည်ရှေးရိုးစံထား ရူပဗေဒဖြင့်သာ ရှင်းပြရမည်ဖြစ်သည်။ အပူလွန်ကဲခြင်းမရှိ၊ဓာတုဆိုင်ရာ အခြေအနေတို့ကလည်း သာမန်အတိုင်းဖြစ်ပါက ရှေးရိုးစံထားရူပဗေဒဖြင့် လေ့လာသိရှိရသော အချက်အလက်များသည် မှန်ကောင်းမှန်လိမ့်မည်။ သို့ဖြစ်၍ ဤထိုင်ခုံသည် မနေ့က ထိုင်ခုံ ဖြစ်ပါသည်ဟု ဆိုခြင်းသည် ရှေးရိုးစံထား ရူပဗေဒအရ ဆိုနိုင်ခြင်းသာဖြစ်သည်။သို့ရာတွင် ဤအဆိုသည် မမှန်သော အဆိုသာဖြစ်သည်။ စင်စစ် ထိုင်ခုံ၏ အသေးငယ်ဆုံးသော အစိတ်အပိုင်း ရုပ်တို့သည် တစ်စက္ကန့်ကို အစိတ်ပေါင်းတစ်သိန်းစိတ်၍ တစ်စိတ်မျှသောကာလအတွင်း၌ပင် မူလအခြေအနေနှင့် မတူတော့အောင် ပြောင်းလဲလျက်ရှိသည်။ သို့ဖြစ်၍ ဤထိုင်ခုံသည် မနေ့က ထိုင်ခုံပင်ဖြစ်သည်ဟု ဆိုခြင်းသည် 'ယနေ့ အင်္ဂလိပ်လူမျိုးသည် ပထမမြောက် အယ်လီဇဗက် ဘုရင်မ[၁] လက်ထက်က အင်္ဂလိပ်လူမျိုး ဖြစ်သည်' ဟု ဆိုသည်နှင့် တူလှ ချေသည်"* ဟု ဖော်ပြဖူး၏။

---

၁ Queen Elizabeth I.

* B. Russell, " Portrait From Memory " p . 157

(ပထမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



ရုပ်သည် ပြောင်းလဲနေသော သဘောရှိ၍ ထိုပြောင်းလဲနေသော ရုပ်တို့ ကြောင်းကျိုးဆက်ကာ ယာယီဖွဲ့စည်းမိလျက် သက်ဆိုင်ရာ အစုပေါင်း ဒြပ်အထည် (ဃန) တို့ ဖြစ်လာသည်။ ထိုအစုအပေါင်း ဒြပ်အထည်တို့ကို မှီ၍ သက်ဆိုင်ရာ သဏ္ဌာန်အမျိုးမျိုး ဖြစ်ပေါ်လာသည်။ ထိုသဏ္ဌာန်အမျိုးမျိုးကို သက်ဆိုင်ရာပညတ်များ တပ်လျက် အမျိုးမျိုးသော စွဲယူချက် ခံယူချက်တို့ဖြင့် သစ်ပင်၊ တောတောင်၊ တိုက်တာ၊ အဆောက်အအုံ စသည်ဖြင့် ခေါ်ဝေါ်လာရသည်။ ပုဂ္ဂိုလ်သတ္တဝါအနေဖြင့်လည်း မိန်းမ ယောကျ်ား သားသမီး သူ – ငါ စသည်ဖြင့် ခေါ်ဝေါ်လာရသည်။ ဆိုခဲ့သည့်အတိုင်း သစ်ပင် တောတောင် စသည်တို့နှင့် မိန်းမ ယောကျ်ား သူ – ငါ စသော ပုဂ္ဂိုလ်သတ္တဝါ ဟူသမျှ၏ ရုပ်ခန္ဓာတို့သည် ခဏမစဲ ဖြစ်ပျက်ပြောင်းလဲနေသော ရုပ်တို့ဖြင့် ယာယီဖွဲ့စည်းနေကြခြင်း ဖြစ်သည်။ သို့ဖြစ်၍ "ငါ" ဟု ထင်နေချိန်မှာပင် ( ဝါ ) ငါ့ခန္ဓာဟု ထင်နေခိုက်မှာပင် "ငါ့ခန္ဓာမဟုတ်သော ခန္ဓာ"ဖြစ်လျက်ရှိ၏။ "ယောကျ်ား"ဟု ပြောနေခိုက်မှာပင် ဤပြောနေခိုက်နှင့် မတူသော ယောကျ်ားဖြစ်လျက်ရှိ၏။ ငါ့ဥစ္စာဟု ပြောနေခိုက်မှာပင် ပြောဆိုနေခိုက်နှင့် မတူတော့သော .... ငါ့ဥစ္စာမဟုတ်သော ဥစ္စာဖြစ်လျက်ရှိ၏။ မြတ်နိုးချစ်ခင်ဖွယ်ဖြစ်သည်ဟု ထင်မှတ်နေခိုက်မှာပင် ထိုထင်မှတ်နေခိုက်ကနှင့် မတူသော မြတ်နိုးချစ်ခင်ဖွယ် ဖြစ်လျက်ရှိ၏။ စက်ဆုပ်ရွံမုန်းဖွယ် ဖြစ်သည်ဟု ထင်မှတ်နေခိုက်၌ပင် ထိုထင်မှတ်ခိုက်နှင့် မတူသော စက်ဆုပ်ရွံမုန်းဖွယ် ဖြစ်လျက်ရှိ၏။

သို့ဖြစ်၍ ကျွန်ုပ်တို့၏ သိမြင်မှု၊ ကြားသိမှု၊ နံသိမှု၊ အရသာသိမှု၊ ထိသိမှု စသည်တို့သည် ပြင်ပ အဆင်း အသံ အနံ့ အရသာ အထိအတွေ့တို့ကို အာရုံသိဖြင့် ၎င်းတို့ မူလရှိနေသည့်အတိုင်း တိုက်ရိုက်သိသော အသိများဖြစ်သည်ဟု ယူဆသော အယူအဆကို သံသယဖြစ်ဖွယ်ရှိ၏။

လူ့ခန္ဓာကိုယ်၏ နာဗ်ကြော အဖွဲ့သည် နာဗ်ဆဲလ်[၁] သန်းထောင်ပေါင်းများစွာဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သည်။ နာဗ်ဆဲလ်များအနက် အခြေခံကျသော ဆဲလ်တို့မှာ နျူရုန်း[၂] ဟု ခေါ်သော ဆဲလ်များဖြစ်သည်။ ထိုနျူရုန်းတို့သည် လူ့ခန္ဓာအတွင်းရှိ အခြားဆဲလ်များနှင့် ပုံသဏ္ဌာန်အရာ၌လည်း ခြားနားသည်။ ပြုမူလုပ်ဆောင်ပုံ အရာ၌လည်း

---

၁ nerve cell ၂ neurons



www.burmeseclassic.com

www.burmeseclassic.com



ခြားနားသည်။ နျူရုန်းတစ်ခုစီ၌ ဆဲလ်ခန္ဓာ[၁] ရှိ၍ ယင်းဆဲလ်ခန္ဓာအတွင်း တွင် နျူကလိယ[၂] ခေါ် ဝတ်ဆံရှိသည်။ ဆဲလ်ခန္ဓာ၏ တစ်ဖက်စီတွင် သွယ်လျသော အမျှင်များရှိသည်။ တစ်ဖက်ရှိ အမျှင်များကို ဒင်းဒရိုက်[၃] ဟုခေါ်၍ အခြားတစ်ဖက်ရှိ အမျှင်ကို အက်ဆွန်[၄] ဟု ခေါ်သည်။ အက်ဆွန်သည် အလွန်သေးငယ်သော အမျှင်မွှားများဖြင့် အဆုံးသတ်၏။ အက်ဆွန်သည် ၂ မျိုး ၂ စားရှိ၍ ပထမအမျိုးအစားမှာ ရှည်သောအက်ဆွန်နှင့် ရှည်သောဒင်းဒရိုက်များရှိကြ၍ ဒုတိယအမျိုးအစားမှာ တိုသောအက်ဆွန်နှင့် တိုသော ဒင်းဒရိုက်များရှိသည်။ ရှည်သောအက်ဆွန်တို့သည် ၂ပေ၊ ၃ပေမျှ ရှည်တတ်သော်လည်း၊ ယင်းအမျှင်တို့၏ အလုံးအထည်မှာ တစ်လက်မကို အစိတ်တစ်သောင်းစိတ်၍ တစ်စိတ်မျှလောက်ပင် မရှိကြချေ။

နျူရုန်းတို့သည် တစ်ခုနှင့်တစ်ခု နီးကပ်လှသော်လည်း တစ်ခုနှင့်တစ်ခု ထိစပ်နေကြသည်တော့ မဟုတ်ချေ။ မည်သည့်အခါမျှလည်း တစ်ခုနှင့်တစ် ပူးပေါင်းမသွားကြချေ။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း နျူရုန်းတစ်ခု၏ အက်ဆွန်သည် သေးငယ်သော အမျှင်များဖြင့် အဆုံးသတ်လျက်ရှိရာ ယင်းအဆုံးသတ် အမျှင်မွှားများသည် အခြားနျူရုန်းတစ်ခု၏ ဒင်းဒရိုက် အမျှင်များနှင့် ယှက်လိမ်ဆက်သွယ်လျက်ရှိသည်။ထိုနည်းအတိုင်း နျူရုန်းတို့သည် တစ်ခု၏ အက်ဆွန်အမျှင်အမွှားများနှင့် အခြားတစ်ခု၏ ဒင်းဒရိုက်တို့ ယှက်လိမ်ဆက်နွယ်လျက်ရှိကြသည်။ ထိုသို့ နျူရုန်းတစ်ခုနှင့် တစ်ခုကြား ဆက်သွယ်ဆုံတွေ့နေမှုကို နာဗ်ကြောမွှာဆုံ[၅] ဟု ခေါ်သည်။ ဤနာဗ်ကြောမွှာဆုံတို့ ရှိနေမှုကြောင့် နျူရုန်းတို့သည် တစ်ခုနှင့် တစ်ခု နီးကပ်သော်လည်း ထိစပ်ခြင်းမရှိဘဲ သီးခြားစီ တည်နေနိုင်သော နာဗ်ဆဲလ်များအဖြစ် ရှိနေခြင်းဖြစ်သည်။

နျူရုန်းတစ်ခု၌ အကယ်၍ ထိတွေ့ လှုံ့ဆော်လာသော အာရုံတစ်ခုခု ဖြစ်လာပါက ထိုအာရုံသည် ထိုနျူရုန်းမှ ဆက်လက်၍ အခြားနျူရုန်းဆီသို့ ဦးတည် သွားသည်။ သိပ္ပံပညာရှင်တို့က နျူရုန်းအတွင်း ဖြစ်ပေါ်လာသော အာရုံသည် ဓာတုသဘော အရဖြစ်ပေါ်လာသော လျှပ်စစ် လှိုင်းသဘောမျိုး ဆောင်မည်ဟု တွေးဆကြ၏။

---

၁ cell body ၂ nucleus

၃ dendrites ၄ axon ၅ synapse



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း နျူရုန်း တစ်ခုနှင့်တစ်ခုသည် တိုက်ရိုက်ဆက်နေသည် မဟုတ်ဘဲ ယင်းတို့ကြား၌ ဆိုင်းနပ်ဗ်ဟု ခေါ်သော နာဗ်ကြောမ္ဟာဆုံရှိနေသည်။ "အာရုံသည် ထိုနပ်ဗ်ကြော မ္ဟာဆုံသို့ ရောက်သောအခါ အက်ဆက်တီကိုလိုင်း[၁] ဓာတ်သဘောတစ်ခု အဖြစ်သို့ ပြောင်းသွားသည်။ ထိုဓာတ်သဘောသည် အခြားတစ်ဖက်ရှိ နျူရုန်းတို့ကို လှုံ့ဆော်မှုဖြစ်စေပြန်၍ အာရုံသစ်ကို ဖြစ်စေပြန်သည်။ ထိုနျူရုန်းမှ အာရုံသည် တစ်ဖက်ရှိ အခြားနပ်ဗ်ကြောမ္ဟာဆုံကို ဖြတ်ကျော်ပြန်သောအခါ အခြား ဓာတ်သဘောတစ်မျိုး[၂]သို့ ပြောင်းပြန်၍ ပထမဓာတ် သဘောကို ချုပ်ငြိမ်းပျောက်ကွယ် သွားစေသည်။" ဤနည်းဖြင့် အာရုံသည် ဆက်လက်၍ သွားမည်ဖြစ်၏။

အထက်ပါယူဆချက် မှန်မည်ဆိုပါက ဦးနှောက်သို့ ရောက်လာသောအာရုံတစ်ခုသည် မူလအာရုံမဟုတ်တော့ဘဲ နျူရုန်းတို့ထံမှအဆင့်ဆင့် မူလသဘောနှင့် မတူအောင် ဖြစ်-ပျက်ပြောင်းလဲလာသော အာရုံပင်ဖြစ်၏။ ဦးနှောက်သို့ အာရုံရောက်လာပြီးနောက် သိရသော ထိုအာရုံနှင့်ပတ်သက်သော အသိသည် မူလအာရုံကိုသိသော အသိမဟုတ်သကဲ့သို့ ထိုမူလအာရုံကိုဖြစ်ပေါ်စေရန် အကြောင်းပြုပေးသော တစ်စုံတစ်ခုသော ဝတ္ထုကို "ဤအရာဝတ္ထုကား ဤသို့ပါတကားဟု" သိမြင် ဆုံးဖြတ်လိုက်ချိန်၌ ယင်းအရာဝတ္ထု၏ ပစ္စုပ္ပန်အခြေအနေကို တိုက်ရိုက်သိခြင်းမဟုတ်တော့ဘဲ ယင်းအရာဝတ္ထု၏ အတိတ်အခြေအနေကိုသာ သိမြင်ဆုံးဖြတ်ခြင်း ဖြစ်နေပေလိမ့်မည်။

ကျွန်ုပ်တို့၏ သိမြင်မှုကို ကြည့်ပါက.... မျက်စိ၏ ရှေ့နားရှိ အလင်းရောင်ဝင်သော နေရာတွင် သူငယ်အိမ်ရှိသည်။ သူငယ်အိမ်၏ အလယ်ဗဟိုတွင် သူငယ်အိမ်ပေါက်ရှိသည်။ ထိုသူငယ်အိမ်ထဲ၌ ကြွက်သားငယ်များရှိ၍ ယင်းကြွက်သားများက သူငယ်အိမ်ပေါက်ကို ကျဉ်းနိုင် ကျယ်နိုင်အောင် ပြုလုပ်ပေးကြသည်။ မျက်စိ၏ ရှေ့ဘက်တွင် ခုံးသောသဏ္ဍာန်ရှိ၍ ထုတ်ချင်းပေါက် မြင်နိုင်သော မျက်လုံးခွံရှိသည်။ ယင်းမျက်လုံးခွံသည် အားကောင်းသော မှန်ဘီလူးကဲ့သို့ပင် ဖြစ်သည်။ သူငယ်အိမ်ပေါက်၏ နောက်ဘက်နား၌

---

၁ acetykholine ၂ cholinesterase

* Herman & Schneicher, "Science and Your Future" p. 318



www.burmeseclassic.com

www.burmeseclassic.com



လည်း အားကောင်းသော မှန်ဘီလူးသဖွယ် မျက်လုံးနံ့ရှိသေးသည်။ မျက်လုံးအတွင်း၌ရှိသော ထုတ်ချင်းခတ် ထွင်းဖောက်မြင်နိုင်သော အရည်သည် အလင်းရောင်ကို ယင်း၏အတွင်းမှ ဖြတ်သန်းစေလျက် မျက်ကြည်လွှာ[၁] ပေါ်သို့ ကျရောက်စေသည်။ မျက်ကြည်လွှာသည် ပါးလွှာသော အမြှေးတစ်ခုဖြစ်သည်။ ယင်းသည် မျက်လုံးအိမ်၏ နောက်ဘက်တွင်ရှိသည်။ ယင်း၌ အာရုံတွေ့မှုဖြစ်နိုင်သော ( ဝါ ) အာရုံခံစားမှု ဖြစ်နိုင်စွမ်းသော ဆဲလ်များ ပါရှိ၏။ ချူရှန်းတို့သည် ထိုဆဲလ်များမှနေ၍ ဦးနှောက်နှင့် အဆက်အသွယ် ပြုလုပ်လျက်ရှိသည်။ မျက်စိ၌ ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာသော လှုံ့ဆော်မှု ( ဝါ ) အာရုံကို ချူရှန်းတို့က ဦးနှောက်သို့ သတင်းပို့ပေးသည်။ ဦးနှောက်ရှိ သက်ဆိုင်ရာ အစိတ်အပိုင်းတို့က ထိုအာရုံကို ဆုံးဖြတ်ပေးသည်။ ထိုသို့ဆုံးဖြတ်ပေးမှုကြောင့် သက်ဆိုင်ရာ မြင်သိမှုသည် ဖြစ်ပေါ်လာ၏။ ဤဖြစ်စဉ်သည် တစ်စက္ကန့်ကို အစိတ်ပေါင်းတစ်ထောင်စိတ်၍တစ်စိတ် အတွင်း၌ ဖြစ်ပျက်သွားလေသည်။

အထက်ပါမြင်သိမှု ဖြစ်စဉ်၌လည်း အာရုံ (ရူပါရုံ) သည် သက်ဆိုင်ရာ ဓာတုပြောင်းလဲမှုတို့ဖြင့် ဦးနှောက်သို့ ရောက်ရှိခြင်းဖြစ်ရကား အာရုံနှင့် ပတ်သက်သော အသိတစ်ခုဖြစ်ချိန်၌ ကျွန်ုပ်တို့သိသော အသိသည် မူလအာရုံကို သိခြင်းမဟုတ်နိုင်ချေ။ "မြင်သိစိတ်" ဖြစ်ချိန်၌ ပြင်ပတွင် ရှိသော အရာဝတ္ထု သည်လည်း မူလအရာဝတ္ထု မဟုတ်နိုင်တော့ချေ။ ဤနေရာ၌ ဗုဒ္ဓဒေသနာများတွင် ဖော်ပြထားသော "အမြင်အာရုံရုပ်သည် စိတ် ၁၇ ချက်ဖြစ်ပြီး နောက်ချုပ်ပျက်သွားသည်" ဟူသောအဆိုနှင့် ယှဉ်တွဲစဉ်းစားကြည့်ဖို့ လိုပေလိမ့်မည်။

ကြားသိမှု၌လည်း အသံအာရုံ (သောတအာရုံ) တစ်ခုသည် နားစည်[၂] ကို ထိတွေ့သည်။ စင်စစ် သောတာရုံဟူသော အသံသည် လှိုင်းအဖြစ်နှင့်လာရောက်၍ နားစည်ကိုထိတွေ့ခြင်းဖြစ်၏။ အသံလှိုင်းသည် အပြင်ပိုင်းနား၏ အခေါင်းပေါက်တစ်လျှောက် လာပြီးနောက် နားစည်၏ အမြှေး[၃] အထိ ဝင်ရောက်လာ၍ နားစည်၏ အမြှေးကို တုန်ခါအောင်ပြုလုပ်လိုက်သည်။ နားစည်၏ အမြှေးသည် ထိုတုန်ခါမှုကို နား၏ အလယ်ပိုင်း

---

၁ retina

၂ ear - drum ၃ tympanic membrane



www.burmeseclassic.com

www.burmeseclassic.com



တွင် တစ်စုတစ်ဝေးတည်းရှိသော အရိုးငယ်သုံးခု[၁] ကို လှုပ်ရှားစေပြန်သည်။ ထိုအရိုးငယ်သုံးခု၏ လှုပ်ရှားမှုက နား၏အတွင်းပိုင်းသို့ တုန်ခါမှုကို ဆက်လက်ပေးပို့လိုက်ပြန်သည်။ ထိုတုန်ခါမှုသည် ခရုပတ်[၂] အတွင်းရှိ အရည်များကို လှုပ်ရှား တုန်ခါမှုများ ဖြစ်စေပြန်သည်။* အကြမ်းဖျင်းအားဖြင့် ဖော်ပြရပါက အရည်များနှင့် ဆက်သွယ်နေသော နာဗ်များကို တုန်ခါမှု ဆက်လက်ဖြစ်ပေါ်စေ၍ ထိုမှတစ်ဖန် ကြားမှုဆိုင်ရာနာဗ်မှ တစ်ဆင့်အာရုံ လှုံ့ဆော်မှုများသည် ဦးနှောက်ရှိ ဆယ်ရီဗရမ်[၃] နေရာသို့ ရောက်ရှိသွားသည်။ ထိုဆယ်ရီဗရမ်၏ အကူအညီဖြင့် ကျွန်ုပ်တို့၌ ကြားသိမှုဖြစ်ပေါ်လာသည်။ "အသံကား မည်သို့သော အသံဖြစ်သည်" ဟု သိမှုဖြစ်ပေါ်လာခြင်းဖြစ်သည်။

အထက်ပါ "ကြားသိမှု"၌ အသံလှိုင်းသည် ဖြစ်ပျက်မှုတို့ဖြင့် နားသို့ ထိခိုက်လာခြင်း ဖြစ်ရကား နားစည်သို့ ထိသော အသံလှိုင်းမှ အသံရုပ်တို့သည် နားစည်သို့ မထိမီက အသံရုပ်တို့ မဟုတ်ကြတော့။ ထို့အတူ ဦးနှောက်သို့ရောက်သော အာရုံ (ဝါ) အာရုံလှုံ့ဆော်ချက်တို့သည်လည်း မူလအာရုံ (ဝါ) မူလလှုံ့ဆော်ချက်များ မဟုတ်ကြတော့ချေ။ ဦးနှောက်က ဆုံးဖြတ်ချက်ချ၍ သိသောအသံသိမှု (ဝါ) ကြားသိမှုသည်လည်း မူလအသံကို သိသောအသိ ဟုတ်ချင်မှဟုတ်ပေတော့မည်။ ရောက်ရှိလာသော အသံသည် ဖြစ်ပျက်မှုတို့ဖြင့် (ဖြစ်ချုပ်–ဖြစ်ချုပ်သဘောမျိုးဖြင့်) ရောက်ရှိထိတွေ့လာရခြင်းဖြစ်ရကား မူလပထမ အသံမဟုတ်တော့။ မူလအစစ်အမှန် အသံမဟုတ်တော့။ လူတစ်ဦးက မိမိအား ဆဲဆိုရေရွတ်သည်ဆိုပါစို့။ ထိုဆဲဆိုသံသည် ဖြစ်ချုပ်၊ ဖြစ်ချုပ်သဘောဖြင့် ကြောင်းကျိုးဆက်စပ်ကာ မိမိ၏နားသို့ ထိတွေ့လာခြင်းဖြစ်၏။ ** ဖြစ်ပျက်မှုသဘောဖြင့် လာသော ဆဲဆိုသံသည် မိမိနားသို့ ထိချိန်၊ ဦးနှောက်သို့ အာရုံရောက်၍ ဆဲဆိုခြင်းဟု သိချိန်၌ ထို

---

၁ the hammer, the anvil, and the stirrup

၂ cochlea ၃ cerebrum

* နား၏ ယန္တရားနှင့် ပတ်သက်၍ အကျယ်သိလိုပါက The Science Book of the Human Body, (Edited) E. Sproul, M. D. အခန်း (၁၃)တွင် အလွယ်တကူ လေ့လာနိုင်ပါသည်။

** အသံသည် သာမန်အားဖြင့် တစ်စက္ကန့်တွင် ပေ ၁၁၀၀ ခန့် သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆဲဆိုသံသည် မူလအသံမဟုတ်တော့။ ဆဲဆိုသံသည် အစစ်အမှန် မူလဆဲဆိုသံ မဟုတ်တော့။

သို့ရာတွင် ဖြစ်ပျက်မှု (ဝါ) ဖြစ်ချုပ်မှုကို အသေအချာ မသိမြင်သောကြောင့် ဆဲဆိုသံကို မူလအစစ်အမှန် တကယ့်ဆဲဆိုသံဟု ကျွန်ုပ်တို့က လွဲမှားစွာ ဆုံးဖြတ်ကောက်ယူ ထင်မှတ်မိကြသည်။ ထိုအခါ စိတ်ဆိုးမှု၊ ဒေါသဖြစ်မှုတို့ ကျွန်ုပ်တို့၌ ဖြစ်လာကြရခြင်းဖြစ်သည်။ ထိုသို့ မူလအစစ်အမှန်အနေ၊ တကယ်အနေ ထင်မှတ်ခြင်းသည် အသံရုပ်၊ အသံအာရုံကို မြဲခြင်း၊ ခိုင်ခြင်း၊ မူလအဖြစ် တည်နေခြင်းအဖြစ် ထင်မှတ်မှားသောကြောင့်ပင် ဖြစ်သည်။ ထိုသို့ မြဲသည်၊ ခိုင်သည်၊ မူလအဖြစ်တည်သည်ဟု ထင်မှတ်ခြင်းသည် အတ္တအနေထင်မှတ်ခြင်း (ဝါ) အတ္တဒိဋ္ဌိအဖြစ် စွဲယူခြင်းပင်ဖြစ်လေသည်။

အခြားသော အနံ့သိမှု၊ အရသာသိမှု၊ ထိသိမှု စသည်တို့၌လည်း ရုပ်၊ အာရုံတို့သည် ဖြစ်ပျက်မှုတို့ဖြင့် မူလမဟုတ်သော သဘောသို့ အစဉ်ပြောင်းလဲနေကြသည်။ အတ္တသဘောတို့မှ အစဉ်ဆိတ်သုဉ်းလျက် ရှိကြသည်။ ဗုဒ္ဓဒဿနအလိုအရ လူ၏ ရူပက္ခန္ဓာတည်းဟူသော ခန္ဓာအစုနှင့်တကွ အလုံးစုံသော ရုပ်ဟူသမျှသည် ဖြစ်ပျက်ပြောင်းလဲလျက်ရှိကြ၍ ရုပ်သည် အတ္တမှ ဆိတ်သုဉ်းသော အနတ္တသဘောကိုသာ ဆောင်သည်။

သို့ရာတွင် ထို အနတ္တသဘာဝကို အသေအချာ ကျွန်ုပ်တို့မမြင်သည့် အခါ မိမိရုပ်ခန္ဓာ၌ "ငါ့ရုပ်ခန္ဓာဖြစ်သည်"၊ "ဤရုပ်ခန္ဓာသည် ငါဖြစ်သည်" ဟူ၍ လည်းကောင်း၊ ပြင်ပခန္ဓာတို့အပေါ်၌လည်း "သူဖြစ်သည်"၊ "မိန်းမဖြစ်သည်"၊ "ယောကျ်ားဖြစ်သည်" ဟူ၍လည်းကောင်း၊ တကယ့်အနေ၊ အဟုတ်အမှန် အခိုင်အမြဲအနေ ကျွန်ုပ်တို့ ထင်မှတ် စွဲယူမိကြ၏။ ထိုသို့ တကယ့်အနေ၊ မပြောင်းမလဲသည့်အနေ ထင်မှတ် စွဲယူမှုကြောင့်ပင် မိမိ၏ရုပ်ခန္ဓာ၊ အခြားတစ်ပါးသူတို့၏ ရုပ်ခန္ဓာ၌ ချစ်ခြင်းမုန်းခြင်း နှစ်သက်ခြင်း၊ မနှစ်သက်ခြင်း အစရှိသည်တို့သည် ဖြစ်ပေါ်ရ၏။ ရုပ်ခန္ဓာကိုယ်ကို မြဲသည့်အနေ၊ မပြောင်းလဲသည့်အနေ စွဲယူလျက် "ငါ့ရုပ်ခန္ဓာ" ဟု ထင်မှတ်မှားမှုကြောင့် ထိုရုပ်ခန္ဓာကိုယ် ဖောက်ပြန်ပြောင်းလဲသည့်အခါ၊ တစ်မျိုးတစ်ဖုံဖြစ်သည့်အခါ လူသည် စိုးရိမ်ခြင်း ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း ပြင်းစွာ ပူပန်ခြင်းကို ဖြစ်ရသည်။* ရုပ်ကို အနတ္တ

---

* နကုလပိတုသုတ် – နကုလပိတုဝဂ် – ခန္ဓသံယုတ်။



www.burmeseclassic.com

www.burmeseclassic.com



သဘောဖြစ်ကြောင်း၊ မမြဲသော၊ ပြောင်းလဲသောအရာဖြစ်ကြောင်း၊ မြဲမှု အတ္တ ဆိတ်သုဉ်းကြောင်း [ဝိပဿနာဉာဏ် ( ဝါ ) ဘာဝနာမယဉာဏ်ဖြင့်] အမှန်အကန်သိပါက အတ္တစွဲ – ငါစွဲ – ပုဂ္ဂိုလ်စွဲတို့ ကင်းပျောက်၍ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း စသည့် ဒုက္ခတို့မှလည်း လွန်မြောက်မည်ဖြစ်၏။

ဗုဒ္ဓသည် ရုပ်၏မမြဲသော၊ အခိုင်မရှိသော၊ တကယ်အဟုတ်အနေ မျိုးဆိတ်သုဉ်းသော အနတ္တသဘာဝကို အမှန်အတိုင်း မြင်စေလိုသောကြောင့် မြင်သာထင်သာသော ဥပမာကိုဆောင်၍ ဟောပြောလေ့ရှိ၏။

"ရဟန်းတို့ .... ဥပမာသော်ကား ဤ ဂင်္ဂါမြစ်ကြီးသည် ကြီးစွာသော ရေမြှုပ်စိုင်ကို ဆောင်လာရာ၏။ ထိုရေမြှုပ်စိုင်ကြီးကို မျက်စိအမြင်ရှိသော ယောကျ်ားသည် ကြည့်ရာ၏။ တစိမ့်စိမ့်ရှုရာ၏။ အသင့်အားဖြင့် ဆင်ခြင်ရာ၏။ ထိုယောကျ်ားသည် ကြည့်နေစဉ်၊ တစိမ့်စိမ့်ရှုနေစဉ်၊ အသင့်အားဖြင့် ဆင်ခြင်နေစဉ် ရေမြှုပ်စိုင်ကြီးသည် အသုံးမဝင်ဟူ၍သာ ထင်ရာ၏။ အချည်းနှီးဟူ၍သာထင်ရာ၏။ အနှစ်မဲ့ဟူ၍သာ ထင်ရာ၏။ ရဟန်းတို့၊ ရေမြှုပ်စိုင်၌ အနှစ်ဟူ၍ အဘယ်မှာရှိနိုင်မည်နည်း။ ရဟန်းတို့ ဤအတူပင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်လည်း ဖြစ်သော ။ပ။ အဝေးအနီးလည်းဖြစ်သော ရုပ်အားလုံးကို ရဟန်းသည် ကြည့်၏။ တစိမ့်စိမ့်ရှု၏။ အသင့်အားဖြင့်ဆင်ခြင်၏။ ထိုရဟန်းသည် ထိုကြည့်နေစဉ် တစိမ့်စိမ့်ရှုနေစဉ် အသင့်အားဖြင့် ဆင်ခြင်နေစဉ် ထိုရုပ်သည် အသုံးမဝင်ဟူ၍သာ ထင်ရာ၏။ အချည်းနှီးဟူ၍သာထင်ရာ၏။ အနှစ်မဲ့ဟူ၍သာထင်ရာ၏။ ရဟန်းတို့.... ရုပ်၌ အနှစ်ဟူ၍ အဘယ်မှာရှိနိုင်မည်နည်း။"

မမြင်နိုင်လောက်အောင် သေးငယ်သော ရုပ်မှုန်၊ ရုပ်ကလာပ်တို့၏ အစုအဝေးမှသာဖြစ်သော ရုပ်ခန္ဓာသည် ရေမြှုပ်စိုင်ကဲ့သို့ အနှစ်အသားကင်းမဲ့လျက်ရှိသည်။ အခိုင်အမာသဘော ကင်းမဲ့လျက်ရှိသည်။ အသစ်အဟောင်း ပြောင်းလဲဖြစ်ပျက်လျက် ရှိသည်။ သို့ဖြစ်၍ ရုပ်တို့သည် အခိုင်

* ဖေဏပိဏ္ဍူပမသုတ် – ပုပ္ဖဝဂ် – ခန္ဓသံယုတ်၊ သံယုတ္တနိကာယ်။



www.burmeseclassic.com

www.burmeseclassic.com



အမြဲမတည်နိုင်ပုံ၊ ထိုအခိုင်အမြဲ မတည်နိုင်သောရုပ်တို့၌ မြဲသည့်အနေ၊ သာယာဖွယ်အနေ၊ အဟုတ်တကယ်အနေ အထင်မှား အမှတ်မှားတို့ မဖြစ်သင့်ဘဲ ထိုရုပ်တို့၌ ငြီးငွေ့ထိုက်ပုံကိုလည်း မြင်သာ ထင်သာသော အောက်ပါ ဥပမာဖြင့် ဗုဒ္ဓက ဆောင်ပြ၏။

"ရဟန်းတို့.... ရှေး၌ဖြစ်ဖူးသည်ကား ဤဝေပုလ္လတောင်၏ အမည်သည် ပါစီနဝံသတောင်ဟူ၍ သာလျှင် ထင်ရှား၏။ ထိုစဉ်အခါ၌ လူတို့၏အမည်သည် တိဝရဟူ၍သာလျှင် ထင်ရှား၏။ တိဝရအမည်ရှိသော လူတို့အား အနှစ်လေးသောင်းတို့ ပတ်လုံး အသက်တမ်း ပမာဏသည် ဖြစ်၏။ တိဝရမည်သော လူတို့သည် ပါစီနဝံသတောင်ကို လေးရက်ဖြင့် တက်ရကုန်၏။ လေးရက်ဖြင့် ဆင်းရကုန်၏။

ရဟန်းတို့.... ထိုအခါအလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော ကကုသန် မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။ ရဟန်းတို့.... အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော၊ပူဇော်အထူးကို ခံတော်မူထိုက်သော ကကုသန် မြတ်စွာဘုရား၏ ဝိဓုရ သဉ္ဇိဝ အမည်ရှိသော ကောင်းမြတ်သော တပည့်အစုံသည် ဖြစ်၏။

ရဟန်းတို့.... ရှုကြကုန်လော့။ ဤဝေပုလ္လတောင်၏ ထိုပါစီနဝံသဟူသော အမည်သည်လည်း ကွယ်ပျောက်လေပြီ။ ထိုလူတို့သည်လည်း သေကုန်ပြီ။ထိုကကုသန် မြတ်စွာဘုရားသည်လည်းပရိနိဗ္ဗာန်ပြုတော်မူလေပြီ။ရဟန်းတို့....သင်္ခါရတရားတို့သည် ဤသို့လျှင် မမြဲကြကုန်။ ရဟန်းတို့....သင်္ခါရတရားတို့သည် ဤသို့လျှင် မခိုင်ခံ့ကြကုန်။ ရဟန်းတို့....သင်္ခါရတရားတို့သည် ဤသို့လျှင် သာယာဖွယ်မရှိသဖြင့် သက်သာရာ မရကုန်။ ရဟန်းတို့.... ဤအလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်းငှာ သင့်လှတော့သည်သာတည်း။ တပ်ခြင်းကင်းခြင်းငှာ သင့်လှတော့သည်သာတည်း။ လွတ်မြောက်ခြင်းငှာ သင့်လှတော့သည်သာတည်း။

(ပဌမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတို့ ရှေး၌ဖြစ်ဖူးသည်ကား ဤဝေပုလ္လတောင်၏ အမည်သည် ဝင်္ကကတောင် ဟူ၍သာလျှင် ထင်ရှား၏။ ထိုစဉ်အခါ၌ လူတို့၏အမည်သည် ရောဟိတဿဟူ၍သာ လျှင် ထင်ရှား၏။ ရောဟိတဿမည်သော လူတို့အား အနှစ်သုံးသောင်းတို့ပတ်လုံး အသက်တမ်း ပမာဏသည် ဖြစ်၏။ ထို ရောဟိတဿမည်သော လူတို့သည် ဝင်္ကက တောင်ကို သုံးရက်ဖြင့်တက်ရကုန်၏။ သုံးရက်ဖြင့်ဆင်းရ ကုန်၏။

ရဟန်းတို့ .... ထိုအခါ ( အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ပူဇော်အထူးကို ခံတော် မူထိုက်သော ကောဏဂုံ မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။ ရဟန်းတို့ (အလုံးစုံသောတရားတို့ကို) ကိုယ် တိုင်မှန်စွာ သိတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက် သောကောဏဂုံမြတ်စွာဘုရား၏ ဘိယျောသ၊ ဥတ္တရအမည် ရှိသော ကောင်းမြတ်သော တပည့်အစုံသည် ဖြစ်၏။ ရဟန်းတို့.... ရှုကြကုန်လော့။ ဤဝေပုလ္လတောင်၏ ထိုဝင်္ကကဟူသော အမည်သည်လည်း ကွယ်ပျောက်လေပြီ။ ထိုလူတို့သည်လည်း သေကုန်ပြီ၊ ထိုကောဏဂုံမြတ်စွာဘုရား သည်လည်း ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။ ရဟန်းတို့ သင်္ခါရ တရားတို့သည် ဤသို့လျှင် မမြဲကြကုန်။ ။ပ။ လွတ်မြောက် ခြင်းငှာ သင့်လှတော့သည်သာတည်း။

ရဟန်းတို့ ရှေး၌ဖြစ်ဖူးသည်ကား ဤဝေပုလ္လတောင် ၏ အမည်သည် သုပဿဟူ၍သာလျှင် ထင်ရှား၏။ ရဟန်း တို့ ထိုစဉ်အခါ၌ လူတို့သည် သုပ္ပိယဟူ၍သလျှင် ထင်ရှား ၏။ ထို သုပ္ပိယမည်သော လူတို့အား အနှစ် နှစ်သောင်း တို့ပတ်လုံး အသက်တမ်းပမာဏသည် ဖြစ်ကြ၏။ သုပ္ပိယ မည်သော လူတို့သည် သုပဿတောင်ကို နှစ်ရက်ဖြင့် တက် ရကုန်၏။ နှစ်ရက်ဖြင့် ဆင်းရကုန်၏။

ရဟန်းတို့.... ထိုအခါ (အလုံးစုံသောတရားတို့ကို) ကိုယ် တိုင်မှန်စွာ သိတော်မူသော ပူဇော်အထူးကို ခံတော်မူ ထိုက်သော ကဿပမြတ်စွာဘုရားသည် လောက၌ပွင့်တော်



www.burmeseclassic.com

www.burmeseclassic.com



မူ၏။ ရဟန်းတို့ (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော ကဿပမြတ်စွာဘုရား၏ တိဿ၊ ဘာရဒွါဇ အမည်ရှိသော ကောင်းမြတ်သောတပည့် အစုံသည် ဖြစ်၏။

ရဟန်းတို့ .... ရှုကြကုန်လော့။ ဤဝေပုလ္လတောင်၏ ထို သုပဿဟူသော အမည်သည်လည်း ကွယ်ပျောက်လေပြီ။ ထိုလူတို့သည်လည်း သေကုန်ပြီ။ ထိုကဿပမြတ်စွာ ဘုရားသည်လည်း ပရိနိဗ္ဗာန် ပြုတော်မူလေပြီ။ ရဟန်းတို့.... သင်္ခါရတရားတို့သည် ဤသို့လျှင် မမြဲကြကုန်။ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့လျှင် မခိုင်ခံ့ကြကုန်။ ပ ။ လွတ်မြောက်ခြင်းငှာ သင့်လှတော့သည်သာတည်း။

ရဟန်းတို့.... ယခုအခါ၌ကား ဤ ဝေပုလ္လတောင်၏ အမည်သည် ဝေပုလ္လဟူ၍သာလျှင်ထင်ရှား၏။ ရဟန်းတို့.... ယခုအခါ၌ကား ဤလူတို့၏ အမည်သည် မာဂဓ ဟူ၍သာ လျှင် ထင်ရှား၏။ ရဟန်းတို့ မာဂဓမည်သော လူတို့၏ အသက်တမ်း ပမာဏသည် နည်း၏။ တို၏။ လျင်မြန်၏။ ကြာမြင့်စွာ အသက်ရှည်သောသူသည် အနှစ်တစ်ရာသော် လည်းကောင်း အနှစ်တစ်ရာထက် အနည်းငယ် လွန်၍ သော်လည်းကောင်း ရှည်နိုင်၏။ ရဟန်းတို့.... မာဂဓ မည်သောလူတို့သည်ဝေပုလ္လတောင်ကို တစ်မုဟုတ်ချင်းဖြင့် တက်နိုင်ကုန်၏။ တစ်မုဟုတ်ချင်းဖြင့် ဆင်းနိုင် ကုန်၏။

ရဟန်းတို့.... ယခုအခါ၌ကား (အလုံးစုံသောတရားတို့ ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသောပူဇော်အထူးကို ခံတော် မူထိုက်သော ငါဘုရားသည် လောက၌ ထင်ရှားစွာ ပွင့်တော် မူ၏။ ရဟန်းတို့.... ငါဘုရား၏ သာရိပုတြာ၊ မောဂ္ဂလာန် အမည်ရှိသောကောင်းမြတ်သောတပည့်အစုံတို့သည်ဖြစ်၏။ ရဟန်းတို့.... ဤဝေပုလ္လတောင်၏ ဝေပုလ္လဟူသော အမည် သည်လည်း ကွယ်ပျောက်လတ္တံ့။ ဤလူတို့သည်လည်း သေ ကုန်လတ္တံ့။ ငါဘုရားသည်လည်း ပရိနိဗ္ဗာန်ပြုလတ္တံ့။ ထို အခါသည်ဖြစ်လတ္တံ့။ ရဟန်းတို့....သင်္ခါရတရားတို့သည် ဤ



www.burmeseclassic.com

www.burmeseclassic.com



သို့လျှင်မမြဲကြကုန်။ ရဟန်းတို့...သင်္ခါရ တရားတို့သည် ဤ သို့လျှင်မခိုင်ခံ့ကြကုန်။ ရဟန်းတို့...သင်္ခါရ တရားတို့သည် ဤသို့လျှင် သာယာဖွယ် မရှိသဖြင့် သက်သာရာ မရကြ ကုန်။ ရဟန်းတို့အလုံးစုံသော သင်္ခါရတရားတို့၌အလွန်လျှင် ငြီးငွေ့ခြင်းငှာ သင့်လှတော့သည်သာတည်း။ လွတ်မြောက် ခြင်းငှာ သင့်လှတော့သည်သာတည်း။”*

သင်္ခါရဓမ္မဖြစ်သော အနတ္တသဘော ဆောင်သော လူသတ္တဝါ၏ ရုပ်ခန္ဓာကိုယ်သည် အကြောင်း အမျိုးမျိုးတို့ကြောင့် ဖောက်ပြန်ပြောင်း လဲလျက်ရှိသည်။ လူသည် ကြာရှည်စွာထိုင်၍လည်း မနေနိုင်ချေ။ နာရီဝက်၊ တစ်နာရီ၊ ၂-နာရီ စသည်ဖြင့် ငြိမ်သက်စွာ မလှုပ်မရှား ထိုင်၍ မနေနိုင်ချေ။ ငြိမ်၍ ထိုင်နေပါက ညောင်းခြင်း တောင့်ခြင်း ထုံကျဉ်ကိုက်ခဲခြင်း စသည် တို့က ဖြစ်ပေါ်လာကြသည်။ သို့ဖြစ်၍ လူသည် လှုပ်ရှားရပြန်သည်။ အမူ အရာတို့ကို ပြုပြင်ရပြောင်းလဲရပြန်သည်။ ထခြင်း ရပ်ခြင်းကို ပြုရပြန်သည်။ သို့ရာတွင် ရပ်ခြင်းဖြင့်လည်း လူသည် ကြာရှည် မနေနိုင်ချေ။ ညောင်းညာ တောင့်တင်းခြင်း အစရှိသည့် အခံခက်မှုတို့ ဖြစ်လာမှုကြောင့် ထိုအခံခက် မှုတို့ နှိပ်စက်ခြင်းမှ လွတ်ကင်းအောင် တစ်မျိုးတစ်ဖုံ ပြုပြင်ရပြန်သည်။ ပြောင်းလဲရပြန်သည်။ လျှောက်ခြင်း၊ သွားလာခြင်းသို့ ပြောင်းသင့်က ပြောင်းရသည်။ သို့ရာတွင် လျှောက်ခြင်း သွားခြင်းတို့ဖြင့်လည်း လူသည် ကြာရှည် မနေနိုင်ပြန်ချေ။ လျှောက်ဖန် များသည့်အခါ ညောင်းညာ တောင့်တင်း အခံခက်ခြင်းတို့ ဖြစ်လာပြန်သောကြောင့် လဲလျောင်းခြင်းပြု တန်က ပြုရပြန်သည်။ သို့ရာတွင် လဲလျောင်းခြင်း အမူအရာဖြင့်လည်း လူ သည် ကြာရှည် မနေနိုင်ရကား အမူအရာကို ပြုပြင်ရပြန်သည်။ လှုပ်ရှား ပြောင်းလဲရပြန်သည်။ အခြား အခြားသော ဣရိယာပုတ်သို့ ပြောင်းရ ပြန်သည်။ စင်စစ် လူသည် အငြိမ်မနေနိုင်သော ရောဂါရနေသော သတ္တ ဝါပင် ဖြစ်သည်။ လူသည် ရုပ်ခန္ဓာမှ ပေးလာသော အခံရခက်မှု ဒုက္ခတို့ကို အစဉ် ရှောင်တိမ်းရင်း တလှုပ်လှုပ် တရွရွနှင့် အေးဆေးစွာ မနေနိုင်သော သတ္တဝါပင် ဖြစ်သည်။

ဗုဒ္ဓသည် ပုဂ္ဂိုလ်တစ်ဦးအား အောက်ပါကဲ့သို့ ပြောဖူး၏။

---

* ဝေပုလ္လပဗ္ဗတသုတ်၊ ဒုတိယဝဂ်၊ အနမတဂ္ဂသံယုတ်။



www.burmeseclassic.com

www.burmeseclassic.com



"သူကြွယ်....တစ်ဦးတစ်ယောက်သော သူသည် ဤကိုယ်ကို ဆောင်ရွက်နေရလျက် တစ်ခဏမျှ သော်လည်း အနာကင်းခြင်းကို ဝန်ခံပါလျှင် ထိုသို့ ဝန်ခံသူအား မိုက်မဲသည့်အဖြစ်မှတစ်ပါး အခြားမရှိတော့...."*

အကြောင်းအမျိုးမျိုးကြောင့် ရုပ်သည် ဖောက်ပြန်ကာ အနာရောဂါတို့ ဖြစ်ပေါ်လာတတ်ကြသည်။ ရုပ်ခန္ဓာကိုယ်၏ အစိတ်အပိုင်းတိုင်း၌ ရောဂါအန္တရာယ်မျိုးစုံသည် ဝင်ရောက်နှိပ်စက်နိုင်ကြသည်။ ထိုရောဂါတို့သည် လူအား အသက်ကုန်သွားအောင် နှိပ်စက်ညှဉ်းဆဲနိုင်ကြသည်။ အနာရောဂါတို့က များပြားလွန်းသောကြောင့် လူသည် ထိုအနာဂါတ်တို့ကို ရှောင်၍ လွတ်နိုင်သူမဟုတ်ချေ။ မည်သို့ပင် ရှောင်တိမ်းစေ တစ်နေ့နေ့ တစ်ချိန်ချိန်၌ တစ်မျိုးမျိုးသော အနာရောဂါ၏ လက်တွင်း၌ အနှိပ်စက်ခံရဖို့ရန် သေချာသလောက် ရှိနေသည်။

ရုပ်ခန္ဓာကိုယ်၏ ပြောင်းလဲမှု ဖောက်ပြန်မှုတို့ကြောင့်ပင် လူသည် မအိုချင်ပါဘဲလျက် အိုလာရ၏။ အိုမင်းရင့်ရော်ခြင်းတည်းဟူသော ဘေးအန္တရာယ်က လူအားနှိပ်စက်တတ်မြဲဖြစ်၏။ ရုပ်၏ပြောင်းလဲမှု ဖောက်ပြန်မှုတို့ကြောင့်ပင် လူသည် မသေချင်ပါဘဲလျက် သေရပြန်၏။ သေရခြင်းတည်းဟူသော ဘေးအန္တရာယ်က လူအား နှိပ်စက်တတ်မြဲဖြစ်၏။ မလိုလားသော မဖြစ်ချင် မကြုံချင်သော မနှစ်မြို့သော ထိုအိုခြင်း၊ နာခြင်း၊ သေရခြင်း ဘေးတို့ကို ကြုံလာသည့်အခါ လူသည် အဖော်မရှိ၊ တစ်ကိုယ်ထီးတည်း ရင်ဆိုင်ရ ခံစားရသောသူဖြစ်၏။ အိုခြင်း၊ နာခြင်း၊ သေခြင်းတည်းဟူသော ဘေးအန္တရာယ်တို့နှင့် တွေ့ကြုံရင်ဆိုင်လာရသည့်အခါ၌ ကိုယ်က သူ့ကို ကယ်လိုသော်လည်း မကယ်နိုင်၊ သူက ကိုယ့်ကို ကယ်လိုသော်လည်း မကယ်နိုင်ဘဲ တစ်ကိုယ်ထီးတည်းသာ အဖော်မဲ့ အားကိုးရာမဲ့ ရင်ဆိုင်ရပုံကို ဗုဒ္ဓက အောက်ပါကဲ့သို့ ဥပမာဆောင်၍ ပြဖူး၏။

"ရဟန်းတို့.... မီးကြီးစွဲလောင်သောအခါသည် ဖြစ်တတ်၏။ မီးကြီးစွဲ လောင်သည် ရှိသော် ထိုမီးသည် ရွာတို့ကိုလည်းကောင်း၊ နိဂုံးတို့ကိုလည်းကောင်း၊ မြို့တို့ကို လည်းကောင်း စွဲလောင်အပ်ကုန်၏။ ရွာနိဂုံးမြို့တို့ကို စွဲလောင်

---

* နကုလပိတုသုတ်–နကုလဝိတုဝဂ်–ခန္ဓသံယုတ်။



www.burmeseclassic.com

www.burmeseclassic.com



အပ်ကုန်သည်ရှိသော် အမိသည်လည်း ကာကွယ် နိုင်သော သားကို တွေ့ခွင့်ရ၍ သားသည်လည်း ကာကွယ်နိုင်သော အမိကို တွေ့ခွင့်ရသော အခါမျိုးသည် တစ်ခါတစ်ရံ ဖြစ်နိုင်သေး၏။

ရဟန်းတို့ ....နောက်တစ်မျိုးကား မိုးကြီးရွာသွန်းသော အခါသည် ဖြစ်တတ်၏။ မိုးကြီးရွာသွန်းခဲ့သော် ကြီးစွာသော ရေအလျှဉ်ဖြစ်၏။ ကြီးစွာသော ရေအလျှဉ်ဖြစ်တတ်သော် ထိုရေအလျှဉ်သည် ရွာတို့ကိုလည်းကောင်း၊ နိဂုံးတို့ကိုလည်းကောင်း၊ မြို့တို့ကိုလည်းကောင်း မျှောစေ၏။ ရွာနိဂုံးမြို့တို့ကို မျှောစေအပ်ကုန်သည် ရှိသော် အမိသည်လည်း ကာကွယ်နိုင်သော သားကို တွေ့ခွင့်ရ၍ သားသည်လည်း ကာကွယ်နိုင်သော အမိကို တွေ့ခွင့်ရသောအခါမျိုးသည် တစ်ခါတစ်ရံ ဖြစ်နိုင်သေး၏။

ရဟန်းတို့....နောက်တစ်မျိုးကား တောပုန်း သောင်းကျန်းမှုဘေးဖြစ်၍ ဇနပုဒ်နေသူတို့သည် (ပစ္စည်းများကို) ယာဉ်ဖြင့် တင်ဆောင်ကာ ထိုထို အရပ်သို့ ထွက်ပြေးကြရသောအခါမျိုးသည် ဖြစ်တတ်၏။ ရဟန်းတို့ တောပုန်းသောင်းကျန်းမှုဘေးဖြစ်၍ ဇနပုဒ်နေသူတို့သည် (ပစ္စည်းများကို) ယာဉ်ဖြင့် တင်ဆောင်၍ ထိုထို အရပ်သို့ ထွက်ပြေးကြရကုန်သော် အမိသည်လည်း ကာကွယ်နိုင်သော သားကို တွေ့ခွင့်ရ၍ သားသည်လည်း ကာကွယ်နိုင်သော အမိကိုတွေ့ခွင့်ရသော အခါမျိုးသည် တစ်ခါတစ်ရံ ဖြစ်နိုင်သေး၏။

ရဟန်းတို့.... အမိနှင့်သား အချင်းချင်းကာကွယ်ခြင်းငှာ မရနိုင်သော ဘေးအန္တရာယ်တို့ကား ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း ဟူမူ – အိုဘေး၊ နာဘေး၊ သေဘေးတို့တည်း။ ရဟန်းတို့ .... အမိသည် "ငါ အိုပါအံ့၊ ငါ၏သား မအိုပါစေလင့်" ဟု အိုမင်းသော သားကို ကာကွယ်ခွင့်မရနိုင်။ သားသည်လည်း "ငါ အိုပါအံ့၊ ငါ၏



www.burmeseclassic.com

www.burmeseclassic.com



အမိ မအိုပါစေလင့်"ဟု အိုမင်းသော အမိကို ကာကွယ်ခွင့်မရနိုင်။ ရဟန်းတို့.... အမိသည် "ငါနာပါအံ့၊ ငါ၏သား မနာပါစေလင့်"ဟု နာသောသားကို ကာကွယ်ခွင့်မရနိုင်။ သားသည်လည်း "ငါနာပါအံ့၊ ငါ၏အမိ မနာပါစေလင့်"ဟု နာသောအမိကို ကာကွယ်ခွင့် မရနိုင်။

ရဟန်းတို့....အမိသည် "ငါသေပါအံ့၊ ငါ၏ သားမသေပါစေလင့်"ဟု သေသောသားကို ကာကွယ်ခွင့်မရနိုင်။ သားသည်လည်း "ငါသေပါအံ့၊ ငါ၏အမိ မသေပါစေလင့်"ဟု သေသောအမိကို ကာကွယ်ခွင့်မရနိုင်။ ရဟန်းတို့.... အမိနှင့်သားအချင်းချင်းမကာကွယ်နိုင်သော ဘေးတို့သည် ဤသုံးမျိုးတို့တည်း...."*

(၁) ဗုဒ္ဓဒဿန အလိုအရ လူသတ္တဝါ၏ ရူပက္ခန္ဓာ ရုပ်အစုသည် ဖြစ်ပြီး ပျက်လျက်ရှိသော ဖြစ်ပျက်အစဉ်မျှ ဖြစ်ကြောင်း မှန်ကန်စွာ သိရမည်ဖြစ်၏။ ဖြစ်ပျက်လျက်ရှိသော ရုပ်၏အဖြစ်မှန်၊ သဘာဝအမှန်ကို သိရမည်ဖြစ်၏။ ထိုသို့ ရုပ်၏သဘာဝ အမှန်ကို သိရန်အတွက် လုံလောက်သော ဝီရိယ၊ သတိ၊ သမာဓိရှိရမည်ဖြစ်သည်။ လုံလောက်သော သတိ၊ ဝီရိယ၊ သမာဓိတို့ ညီညွတ်၍ ဝိပဿနာဉာဏ်တို့ ဖြစ်ပေါ်သည့်အခါ "ရုပ်၊ အာရုံတို့သည် ဖြစ်ပြီးပျက်နေသော သဘောမျှသာ ဖြစ်သည်။ ဖြစ်ပျက်နေသော အစဉ်သာဖြစ်သည်။ သူ-ငါ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ အမှန်တကယ်ရှိခြင်းမဟုတ်"ဟု သိမြင်လာမည်ဖြစ်သည်။ ထိုအခါ အတ္တဒိဋ္ဌိ ကင်းကွာသွားမည် ဖြစ်လေသည်။

(၂) ဗုဒ္ဓဒေသနာတို့အလိုအရ ဝေဒနာက္ခန္ဓာတည်းဟူသောခံစားမှု ဝေဒနာအစုသည်လည်း အကြောင်းအားလျော်စွာ ဖြစ်ပျက်ပြောင်းလဲနေသော သဘောမျှသာဖြစ်သည်။ အရှေ့အနောက်မှ ဒဿနပညာရှင်အများအပြားနှင့် ဘာသာရေးပုဂ္ဂိုလ်များသည် လူ၌ ဝေဒနာကို ခံစားပေးနေသော စိတ်အခြေခံ ဝတ္ထုတည်းဟူသော အတ္တရှိသည်ဟု ထင်မှတ်လျက်ရှိကြသည်။ ဗုဒ္ဓသည် ဤအယူအဆကို လက်မခံချေ။ ဝေဒနာကို ခံစားပေးနေသော အသက်ကောင်၊ ငါကောင်၊ အတ္တဇီဝဟူသော အရာ၏ တည်

---

* ဘယသုတ်၊ မဟာဝဂ်၊ တိကနိပါတ်၊ အင်္ဂုတ္တရနိကာယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှိမှုကိုလုံးဝ လက်မခံချေ။ ဗုဒ္ဓအလိုအရ ခံစားမှုဝေဒနာသည် ခံစားပြီးပျက်၊ ခံစားပြီးပျက်နေသော ဖြစ်ပျက်စဉ်မျှသာဖြစ်၍ အခိုင်သဘော၊ တကယ် အဟုတ်သဘော၊ အတ္တသဘောမှ ဆိတ်သုဉ်းလေသည်။ ခံစားမှုဝေဒနာ သည် ခံစားပြီးပျက်၊ ခံစားပြီးပျက်နေသော ဖြစ်ပျက်မှုအစဉ် ဖြစ်ပါ လျက် ထိုဖြစ်ပျက်မှုကို အသေအချာ ကျွန်ုပ်တို့ မသိမြင်နိုင်သောကြောင့် တကယ်အနေ၊ အဟုတ်အခိုင်အနေ၊ အတ္တအနေ ဖွဲ့စပ်လျက် တကယ်ပင် အကောင်းအဆိုး၊ သုခ ဒုက္ခတို့အဖြစ် ခံစားလျက်ရှိကြခြင်းသာ ဖြစ်၏။

လူသတ္တဝါ အားလုံးသည် သာယာနှစ်သက် ချမ်းသာမှု တည်းဟူ သော သုခဝေဒနာအတွက် အစဉ်လှုပ်ရှား ရုန်းကန်လျက်ရှိကြ၏။ ဆင်းရဲ ဒုက္ခတည်းဟူသော ဝေဒနာနှင့် ကြုံတိုင်း၊ သက်သာမှု၊ ချမ်းသာမှုတည်းဟူ သော သုခဝေဒနာကို ရလေနိုးနှင့် ကြိုးစားရုန်းကန်လှုပ်ရှားလျက်လည်းရှိ ကြ၏။ ချမ်းသာသုခဝေဒနာကို မျှော်လင့်လျက် "အောင်မြင်မှု ချမ်းသာမှုကို လိုသော် ဒုက္ခကို များများချစ်ရမည်။ ဒုက္ခတို့ကို များများ ကျော်လွှားရ မည်" ဟူသော အားပေးချက်ဖြင့် အစွမ်းကုန် ဒုက္ခခံကာ ကြိုးစားလျက် လည်း ရှိကြ၏။ ကောင်းသော နှစ်သက်ဖွယ်သော အစားအစာကို စားနိုင် ရန်၊ ကောင်းသော တင့်တယ်သော ဂုဏ်ယူဖွယ်ကောင်းသော အဝတ် အထည် အသုံးအဆောင်တို့ကို ဝတ်ဆင်သုံးဆောင်နိုင်ရန်၊ ကောင်းသော လှပသော ဂုဏ်ယူဖွယ်သော အဆောက်အအုံ၊ နေအိမ်တို့ဖြင့် နေနိုင်ရန်၊ လှပသော တင့်တယ်သော ဂုဏ်ယူဖွယ်သော သူတို့နှင့် အတူနေ နိုင်ရန် ကျွန်ုပ်တို့သည် အစဉ်တောင့်တလျက်ရှိ၏။ ပစ္စည်းဉစ္စာချမ်းသာ သည်ထက် ချမ်းသာရန်၊ ရာထူးဌာနန္တရ တိုးတက်သည်ထက် တိုးတက်ရန်၊ ကျော်ကြားသည်ထက် ကျော်ကြားရန်၊ ဂုဏ်သိမ်အမျိုးမျိုးတို့ တိုးသည် ထက် တိုးစေရန် ကျွန်ုပ်တို့ တောင့်တလျက်ရှိကြ၏။ တောင့်တသောအရာတို့ ကိုရလျှင် သုခဝေဒနာအမျိုးမျိုးတို့ကို ခံစားရရှိ လိမ့်မည်ဟုလည်း မျှော် လင့်ကြ၏။ ဤမျှော်လင့်ချက်ဖြင့် လူသတ္တဝါတို့သည် ကြိုးစားရုန်းကန်လှုပ် ရှားနေကြခြင်းပင် ဖြစ်သည်။

အနောက်တိုင်းမှ ပျော်ရွှင်မှု စံပြုဝါဒီများ[၁]သည် "ပျော်ရွှင်မှု သုခသည် လောက၌ ကောင်းသောအရာဖြစ်သည်။ လူတို့သည် ပျော်ရွှင်မှု

---

၁ hedonists



www.burmeseclassic.com

www.burmeseclassic.com



သုခကိုသာ တောင့်တကြသည်။ လူတို့၏ အပြုအမူအားလုံးသည် ပျော်ရွှင်မှု သုခရရေးသို့သာ ရည်ရွယ်လှုပ်ရှား ပြုမူနေခြင်းများဖြစ်သည်" စသည်ဖြင့် မိမိတို့ထင်မိထင်ရာ၊ လွင့်လွင့်မျောမျော တွေးမိတွေးရာ တွေးခေါ်၍ ပြောဆိုတတ်ကြ၏။ ပျော်ရွှင်မှုကို ကိုယ်ကျင့် တရားဆိုင်ရာ နှုန်းစံအဖြစ်ပင် သတ်မှတ်ကြ၏။ သုခခံစားမှု ဝေဒနာအတွက် လူသတ္တဝါတို့ ပြုမူလှုပ်ရှားနေခြင်းများသည် များပြားလှန်းရကား ရေတွက်ဖော်ပြ၍ ကုန်နိုင်ဖွယ်မရှိချေ။ ထိုသို့ များပြားလှန်းသော လှုပ်ရှားပြုမူ နေခြင်းများသည် ခံစားမှုဝေဒနာကို တကယ့်အနေ၊ တစ်ဆက်တည်းအနေ၊ မြဲသည် အနေ၊ အတ္တအနေ ထင်မှတ်စွဲလမ်းမှုကြောင့်ပင်ဖြစ်၏။ ဗုဒ္ဓသည် ဝေဒနာတို့၏ မမြဲမှု၊ မခိုင်မှု အတ္တမှ ဆိတ်သုဉ်းမှုတို့ကို မြင်စေရန်အတွက် အောက်ပါ ဥပမာကို ဆောင်၍ ဖော်ပြ၏။

"ရဟန်းတို့.... ဥပမာသော်ကား တန်ဆောင်မုန်းလ အခါ၌ မိုးကြီးသည်းထန်စွာ ရွာသွန်း လတ်သော် ရေ၌ ရေပွက်သည် ဖြစ်လည်းဖြစ်၏။ ချုပ်လည်းချုပ်၏။ ထိုရေပွက်ကို မျက်စိ အမြင်ရှိသော ယောကျ်ားသည် ကြည့်ရာ၏။ တစိမ့်စိမ့်ရှုရာ၏။ အသင့်အားဖြင့် ဆင်ခြင်ရာ၏။ထိုယောကျ်ားသည် ကြည့်နေစဉ်၊ တစိမ့်စိမ့်ရှုနေစဉ်၊ အသင့်အားဖြင့် ဆင်ခြင်နေစဉ် ထိုရေပွက်သည် အသုံးမဝင်ဟူ၍သာ ထင်ရာ၏။အချည်းနှီးဟူ၍သာထင်ရာ၏။ အနှစ်မဲ့ဟူ၍သာထင်ရာ၏။ရဟန်းတို့....ရေပွက်၌အနှစ်ဟူ၍ အဘယ်မှာရှိနိုင်မည်နည်း။ရဟန်းတို့....ဤအတူ အတိတ်အနာဂတ်ပစ္စုပ္ပန်လည်းဖြစ်သော။ပ။ အဝေးအနီးလည်း ဖြစ်သော ဝေဒနာအားလုံးကို ရဟန်းသည် ကြည့်၏။ တစိမ့်စိမ့်ရှု၏။ အသင့်အားဖြင့် ဆင်ခြင်၏။ ထိုရဟန်းသည် ကြည့်နေစဉ် တစိမ့်စိမ့်ရှုနေစဉ် အသင့်အားဖြင့် ဆင်ခြင်နေစဉ် ထိုဝေဒနာသည် အသုံးမဝင်ဟူ၍ ထင်ရာ၏။ အချည်းနှီးဟူ၍သာ ထင်ရာ၏။ အနှစ်မဲ့ဟူ၍သာ ထင်ရာ၏။ ရဟန်းတို့.... ဝေဒနာ၌ အနှစ်ဟူ၍ အဘယ်မှာ ရှိနိုင်မည်နည်း။"*

---

* ဖေဏပိဏ္ဍူပမသုတ် – ညွှန်းပြီး။



www.burmeseclassic.com

www.burmeseclassic.com



စင်စစ်ခံစားမှုဝေဒနာသည် ဆက်တိုက်–ကြာရှည်ဖြစ်နေသော အတ္တသဘောမဟုတ်ဘဲ ခံစားပျက် – ခံစားပျက်သဘောဖြင့် ခံစားမှုများ စဉ်ဆက်ဖြစ်ပျက်နေခြင်းသာဖြစ်သည်။ ခဏဖြစ်လာ၍ ခဏ၌ပင် ပျက်၍ပျက်၍သွားတတ်သော ရေပွက်ကဲ့သို့ ဝေဒနာသည်လည်း ကြာရှည်ဆက်တိုက်ရှိနေမြဲနေသော သဘောမဟုတ်ဘဲ လျင်မြန်စွာ ပျက်ပျက်သွားသော သဘောသာရှိသည်။ ထို့ကြောင့် အနိစ္စသဘော အနတ္တသဘောမျှသာ ဖြစ်လေသည်။

( ၃ ) မှတ်သားမှုတည်းဟူသော သညာက္ခန္ဓာအစုသည်လည်း ဖြစ်ပျက်မှုအစဉ်၊ ဖြစ်ချုပ်မှုအစဉ်မျှသာ ဖြစ်သည်။ ဝေဒနာ၌ အထင်မှားသကဲ့သို့ပင် အရှေ့အနောက် တွေးခေါ်ရှင် အများအပြားသည် လူ၌မှတ်သားမှုကို ပြုလုပ်ပေးနေသော အသက်ကောင် ငါကောင် အတ္တဇီဝရှိသည်ဟု ထင်မှတ်နေကြ၏။ မှတ်သားမှုကို ပြုလုပ်ပေးနေသော အတ္တဇီဝတည်းဟူသော စိတ်အခြေခံဝတ္ထု ရှိသည်ဟူသော အယူအဆကိုလည်း ဗုဒ္ဓကလက်မခံချေ။ ဗုဒ္ဓအလိုအရ မှတ်သားမှုသည် အကြောင်းအားလျော်စွာ ဖြစ်ပျက်နေသော အစဉ်မျှသာဖြစ်၍ ထိုဖြစ်ပျက်မှုအစဉ်၌ အဟုတ်သဘော ၊ တကယ်သဘော၊ အခိုင်အမြဲသဘောတည်းဟူသော အတ္တသဘောမှ ဆိတ်သုဉ်းသည်။ ထိုမှတ်သားမှုအစဉ်သည် အနတ္တသဘောမျှသာ ဖြစ်သည်။

သို့ရာတွင်ကျွန်ုပ်တို့သည် မှတ်ပြီးပျက်၊ မှတ်ပြီးပျက်ဖြင့် ဖြစ်ပျက်နေမှုကို တိတိပပ မသိသောကြောင့် မှတ်သားမှုတို့ကို တကယ့်အနေ။ တစ်ဆက်တည်းအနေ၊ အမြဲအခိုင် အတ္တအနေဖြင့် ထင်မှတ်မှားခြင်းပင်ဖြစ်၏။ ဖြစ်ပျက်သဘောရှိသော ရှေးရှေးအမှတ် သညာတို့က မှတ်သားထားခြင်းများကို နောက်နောက် သညာတို့က ဆက်၍ဆက်၍ မှတ်သားခြင်းကြောင့် ( ဝါ -) ဖြစ်ပျက်သညာတို့ ကြောင်းကျိုးဆက်နေခြင်းကြောင့်သာ ကျွန်ုပ်တို့အနေနှင့် မှတ်ဉာဏ်များ[၁]၊ သက်ဆိုင်ရာပညာရပ်များ၊ သက်ဆိုင်ရာမှတ်သားမှုများရှိနေ ဖြစ်နေကြခြင်းဖြစ်သည်။ စင်စစ်ကြောင်းကျိုးဆက်၍ ဖြစ်ပျက်နေသော ဖြစ်ပျက်မှုအစဉ်ဖြစ်သော အမှတ်သညာတို့သည် တစ်ဆက်တည်း တစ်ခုတည်းသဘော၊ အမြဲအခိုင်သဘော မဟုတ်ချေ။

---

၁ memory ကို ဆိုလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှတ် သညာသည် မှတ်ပြီးပျက် – မှတ်ပြီးပျက် သဘောဖြင့် အကြောင်းအားလျော်စွာ ဖြစ်ပျက်နေသော အစဉ်မျှသာ ဖြစ်သည်ဟု ထိုးထွင်း၍ မသိမြင်သည့်အခါ ( သို့မဟုတ် ) ရုပ်နာမ် တို့သည် ဖြစ်ပြီးပျက်သဘောရှိသော အနတ္တသဘာဝမျှသာ ဖြစ်သည်ဟု အမှန်အတိုင်း မသိမြင်သည့်အခါ သညာသည် အလွဲလွဲအမှားမှား မှတ်သားခြင်း များကိုပြု၏။ သူ – ငါ – ယောကျ်ား၊ မိန်းမ၊ ငါ့သား၊ ငါ့သမီး၊ ငါ့အိမ်၊ ငါ့ပစ္စည်းစသည်ဖြင့် အမှတ်ပြု၏။ အကောင်းအဆိုး၊ ချစ်ဖွယ်မုန်းဖွယ်အနေဖြင့်လည်း အမှတ်ပြု၏။ ထိုအခါ လူသည် ဆိုးသည်ထင်သောအရာ၊ မုန်းဖွယ်ထင်သော သဘောတို့နှင့် ကြုံသည့်အခါ ဒုက္ခဖြစ်ရ၏။ ကောင်းသည်၊ ချစ်ဖွယ်ဖြစ်သည်ဟုထင်သော သားသမီး ပစ္စည်းဥစ္စာ အစရှိသော အရာတို့ တစ်မျိုးတစ်ဖုံ ဖောက်ပြန်သည့်အခါ လူသည် စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ပြင်းစွာ ပူပန်ခြင်းတို့ဖြင့် ဒုက္ခဖြစ်ရပြန်၏။

သညာကို တံလျှပ်နှင့်တူကြောင်း ဗုဒ္ဓက ဥပမာဆောင်၍ ပြခဲ့ဖူး၏။ တံလျှပ်သည်တကယ်အစစ်အမှန် ရေမဟုတ်ဘဲလျက် တကယ်အစစ်အမှန် ရေအဖြစ် ထင်မှတ်မှားစေသော အရာဖြစ်၏။ ရေငတ်နေသောသူ၊ ရေဆာနေသော သတ္တဝါသည် တံလျှပ်ကိုရေအမှတ်ဖြင့် ထိုတံလျှပ်ရှိရာသို့ အလောတကြီးသွား၏။ သို့ရာတွင် ရေကိုမတွေ့ရဘဲ ကုန်းခေါင်ခေါင်ကိုသာ တွေ့ရ၍ ပင်ပန်းကြီးစွာဖြစ်ရသကဲ့သို့ ထို့အတူ သညာသည်လည်း မြင်ရ၊ ကြားရ တွေ့ရခြင်းတို့ကို သူ – ငါ – ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါအနေ အလွဲအမှားစွဲယူ မှတ်ထင်သည်။ ချစ်ဖွယ်၊ မုန်းဖွယ်အနေဖြင့်လည်း အမျိုးမျိုး ထင်မှတ်သည်။ ကောင်းသည် ဆိုးသည်အနေဖြင့်လည်း အမျိုးမျိုး ထင်မှတ်သည်။

ပုထုဇဉ်ဖြစ်သော ကျွန်ုပ်တို့သည် ထင်မှတ် ယူဆချက် ကိုယ်စီဖြင့် ကိုယ်မှု၊ နှုတ်မှု၊ တွေးကြံမှု အမျိုးမျိုးကိုလည်း လုပ်လျက်ရှိကြ၏။ ကိုယ့်ခံယူချက်၊ ကိုယ့်ယူဆချက်တို့ဖြင့် အားထုတ်ပြုလုပ် ကြိုးစားမှု အမျိုးမျိုးကိုလည်း လုပ်လျက်ရှိကြ၏။ ထိုသို့ အားထုတ်ပြုလုပ်ရင်း လူသည် ပူပန်သောကများ၊ ကြောင့်ကြမှုများ၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲခြင်းများ၊ ကြေကွဲဆို့နင့်ခြင်းများ၊ ရှိုက်ကြီးတငင် ငိုကြွေးရခြင်းများဖြင့် ဒုက္ခရောက်လျက်ရှိ၏။

(ပဥ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



( ၄ ) စေတနာနှင့်တကွသော စေတသိက် ၅၀ တည်း ဟူသော သင်္ခါရက္ခန္ဓာသည်လည်း အနတ္တသဘောမျှဖြစ်၏။ အချို့သော အရှေ့အနောက် တွေးခေါ်ရှင်များသည် ကိုယ်မှု နှုတ်မှု တွေးကြံမှု စသည်တို့ကို ပြုလုပ်ဖန်တီးပေးနေသော အတ္တဇီဝသည် လူ၌ရှိသည်။ ငါကောင် – အသက်ကောင်ရှိသည်ဟု ယူဆကြ၏။ ဗုဒ္ဓဒဿနသည် ဤသို့ပြုလုပ်ပေးနေသည်ဆိုသော အတ္တကိုလည်း လက်မခံချေ။ ဗုဒ္ဓဒဿနအလိုအရ စေတနာသည် ပြုလုပ်စေ့စပ်ပေးတတ်သော သဘောမျှဖြစ်သည်။ ထိုစေတနာနှင့် တကွသော စေတသိက်အလုံးစုံသည် အကြောင်းအားလျော်စွာ ဖြစ်ပျက်နေသော "ဖြစ်ပျက်မှုအစဉ်" မျှသာဖြစ်သည်။ ထို့ကြောင့် ထိုသင်္ခါရက္ခန္ဓာသည် မြဲနေ ခိုင်နေသော တစ်ဆက်တည်း တစ်ခုတည်း အနေ အမြဲ အခိုင် ရှိနေနိုင်သော အတ္တသဘောမှ ဆိတ်သုဉ်းသည်။ ထို့ကြောင့် သင်္ခါရက္ခန္ဓာသည်လည်း အနတ္တသဘောမျှသာ ဖြစ်၏။

( ၅ ) ဝိညာဏက္ခန္ဓာသည်လည်းအကြောင်းအားလျော်စွာ ဖြစ်ပျက်ပြောင်းလဲနေသော သဘောမျှဖြစ်သည်။ အချို့သော အရှေ့အနောက်တွေးခေါ်ရှင်များသည် သိမှုကို ပြုလုပ်ပေးနေသော စိတ်အခြေခံ ဝတ္ထု ( ဝါ ) အတ္တဇီဝသည် လူ၌ တည်ရှိသည်။ သိတတ်ခြင်း – သိနိုင်ခြင်းသည် အတ္တ၏ ဂုဏ်ရည်ဖြစ်သည် စသည်ဖြင့် ယူဆကြ၏။ ဤသို့သော အတ္တအယူအဆမျိုးကိုလည်း ဗုဒ္ဓဒဿနက လက်မခံချေ။ ဗုဒ္ဓဒဿနအလိုအရ ဝိညာဏက္ခန္ဓာသည် သိပျက် – သိပျက် သဘောမျှဖြင့် အကြောင်းအားလျော်စွာ ဖြစ်ပျက်နေသော အနတ္တသဘောမျှသာဖြစ်၍ ခန္ဓာကိုယ်၏ တစ်နေရာရာ၌ မြဲသော ခိုင်သောအရာအဖြစ် နေရာယူကာ တည်ရှိနေသည် မဟုတ်ချေ။

ဗုဒ္ဓဒဿနအလိုအရ ရုပ်သည် ပြောင်းလဲခြင်း သဘောသက်သက်မျှဖြစ်သည်။ ဝေဒနာသည် ခံစားသော သဘောသက်သက်မျှ၊ သညာသည် မှတ်သားသော သဘောသက်သက်မျှ၊ သင်္ခါရသည် ပြုလုပ်စေ့ဆော်မှုသက်သက်မျှ၊ ဝိညာဏ်သည် သိသောသဘော သက်သက်မျှဖြစ်၏။ ထိုသဘောတို့အတွင်း၌ မြဲနေသော ရပ်တည်နေသော အတ္တသဘောသည် မရှိ၊ ပုဂ္ဂိုလ်သတ္တဝါ သူ – ငါ ဟူ၍လည်းမရှိ။ ထိုခန္ဓာအစုတို့ အတွင်း၌ အတ္တကောင်၊ ငါကောင်ဟူသော စိတ်အခြေခံဝတ္ထုသည်လည်း မရှိချေ။ သညာက မှတ်သည်။ ဝေဒနာက ခံစားသည် သင်္ခါရက ပြုလုပ်စေ့ဆော်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဏ်က သိသည်။ သညာက ကောင်းသည်ဟု မှတ်လျှင် ထိုမှတ်သည့် အတိုင်း သင်္ခါရက စေ့ဆော်သည်။ ရုပ်ခန္ဓာကလည်း လိုက်ပါ လှုပ်ရှားသည်။ ဝိညာဏ်က သညာမှတ်ပေးသည့်အတိုင်း သိသည်။ ဝေဒနာက လိုက်ပါခံစားသည်။ ထိုသို့ ကြောင်းကျိုးဆက်စပ်ကာ ခန္ဓာငါးပါးတို့ ဖြစ်ပျက်လှုပ်ရှားနေခြင်းသာရှိ၍ ယင်းခန္ဓာတို့အတွင်း၌ တသီးတသန့် နေရာယူကာ ခံစားပေးနေသော၊ မှတ်သားပေးနေသော စေ့ဆော် တိုက်တွန်းပေးမနေသော၊ သိမြင်ပေးနေသော အတ္တဇီဝလိပ်ပြာသည် မရှိချေ။ ခန္ဓာငါးပါးမှအပ လူ၏ အတွင်း၌ တသီးတသန့်နေရာယူကာ တည်နေသော အတ္တကောင်၊ ငါကောင်သည် မရှိချေ။

ထို့ပြင် ထိုခန္ဓာတို့သည် ဖြစ်ပျက်မှုသဘောတို့ဖြင့် အနိစ္စသဘော အနတ္တသဘောကိုသာဆောင်သည်။ မည်သည့်ခန္ဓာမျှ မြဲနေသော တကယ် အဟုတ်အဖြစ် ခိုင်ခံနေသော၊ ရုပ်တည်နေသော အတ္တသဘောကို မဆောင် ချေ။ သို့ရာတွင် ထိုသို့ ခန္ဓာတို့၏ မမြဲသော၊ ဖြစ်ပျက်ပြောင်းလဲနေသော သဘောကို ကျွန်ုပ်တို့ တိတိပပမမြင်နိုင်ကြရကား (ဝါ) အနတ္တကို အတ္တဟု ထင်မှတ်မိရကား ထို ခန္ဓာအပေါင်းအစုတို့ကိုပင် ပုဂ္ဂိုလ် သတ္တဝါ – သူ ငါအနေဖြင့် သညာက လွဲမှားစွာ မှတ်ယူမိသည်။ ထိုအခါ လွဲမှားစွာပင် ဝိညာဏ်ကသိသည်။ သင်္ခါရကလည်း သညာမှတ်သည့်အတိုင်း စေ့ဆော် ပြုလုပ်သည်။ ရုပ်ခန္ဓာကလည်း လိုက်ပါလှုပ်ရှားသည်။ ဝေဒနာကလည်း ချစ်ခြင်း၊ မုန်းခြင်း၊ သာယာခြင်း၊ မသာယာခြင်း စသည်တို့ဖြင့် လိုက်ပါ ခံစားသည်။ ထို့ကြောင့်ပင် ဗုဒ္ဓက "ထိုခန္ဓာငါးပါးကို နိစ္စ၊ သုခ၊ အတ္တ အနေဖြင့် စွဲလမ်းနိုင်သော ခန္ဓာ (ဝါ) လွဲမှားစွာ မှတ်ယူစွဲလမ်းနိုင်သော ခန္ဓာ (ဥပါဒါနက္ခန္ဓာ)"* ဟု ဖော်ပြခြင်းဖြစ်၏။

ရုပ်သည် ဖောက်ပြန်ခြင်း၊ ပြောင်းလဲခြင်း သဘောမျှ၊ ဝေဒနာ သည် ခံစားခြင်း သဘောမျှ၊ သညာသည် မှတ်သားခြင်း သဘောမျှ၊ သင်္ခါရသည် ပြုလုပ်စေ့ဆော်ခြင်း သဘောမျှ၊ ဝိညာဏ်သည် သိခြင်း သဘောမျှတို့ဖြင့် ခန္ဓာငါးပါး ကြောင်းကျိုးဆက်စပ်ကာ ဖြစ်ပျက်လှုပ်ရှား နေသည်ကို အမှန်အတိုင်း မမြင်သည့်အခါ ခန္ဓာငါးပါးအပေါ် အကောင်း အဆိုး အမျိုးမျိုး ထင်မှတ်စွဲလမ်းမှုများ ဖြစ်သည်။ ရုပ်သည် ဖြစ်

* ဓမ္မစက္ကပဝတ္တနသုတ် – ဓမ္မစက္ကပဝတ္တနဝဂ် – သစ္စသံယုတ်။



www.burmeseclassic.com

www.burmeseclassic.com



ပျက်သဘောမျှ၊ ဝေဒနာသည် ဖြစ်ပျက်သဘောမျှ၊ သညာသည် ဖြစ်ပျက်သဘောမျှ၊ သင်္ခါရသည် ဖြစ်ပျက်သဘောမျှ ဝိညာဏ်သည် ဖြစ်ပျက်သဘောမျှတို့ဖြင့် အဆင့်ဆင့် ဖြစ်ချုပ်နေပါလျက် ယင်းသဘောကို အမှန်မမြင်သည့်အခါ ခန္ဓာငါးပါးကို တကယ်အဟုတ် သူ–ငါ–ပုဂ္ဂိုလ် သတ္တဝါအနေ အလွဲလွဲအမှားမှား ထင်မှတ်မိသည်။ ချစ်ဖွယ် မုန်းဖွယ်အနေ တကယ်ထင်မှတ်မိသည်။ သညာက တကယ်ထင်မှတ်ပေးသည့်အခါ ဝေဒနာက တကယ်ချစ်ဖွယ်၊ တကယ်မြတ်နိုးကြည်နူးဖွယ်အဖြစ် ခံစားသည်။ တကယ်မုန်းတီးစက်ဆုပ်ဖွယ်။ တကယ်ကြောက်ဖွယ်၊ တကယ်ရင်မောဖွယ်အဖြစ် ခံစားသည်။ ဤသို့ဖြစ်ရခြင်းသည် ဝေဒနာဟူသည်မှာ ခံစားပျက်–ခံစားပျက် သဘောတို့ စဉ်ဆက်ဖြစ်ပျက်နေသော– တကယ်အခိုင်၊ တကယ်အမြဲမဟုတ်ဟု လူကမသိမှုကြောင့်ဖြစ်သည်။ ထိုသို့ မသိမြင်မှုကြောင့်ပင် သင်္ခါရကလည်း ချစ်ခင်ရန်၊ မုန်းတီးရန်၊ သည်းခံရန်၊ အလျှော့ပေးရန်၊ ရက်စက်ရန်၊ တုတ်ဓားဆွဲရန်၊ လက်စားချေရန် တိုက်တွန်းသည်။ စေ့ဆော်ပေးသည်။ စေ့ဆော်တိုက်တွန်းမှုသည်လည်း ဖြစ်ပျက်–ဖြစ်ပျက်သဘောတို့ဖြင့် ကြောင်းကျိုးဆက်ကာ ဖြစ်ပေါ်နေသော ဖြစ်ပျက်အစဉ်ပင် ဖြစ်၏။ သို့ရာတွင် ထိုစေ့ဆော်တိုက်တွန်းမှု၏ ဖြစ်ပျက်စဉ်ကို အမှန်အကန် မသိမှုကြောင့် အဟုတ်အခိုင် တကယ်စေ့ဆော်မှုအဖြစ် ထင်မှတ်လျက်ရှိသည်။ ဝိညာဏ်ကလည်း သညာ၏ မှတ်ယူစွဲထင်မှုအရ အကောင်းအဆိုးအမျိုးမျိုးကို အဟုတ်အခိုင်အနေ တကယ်အကောင်း၊ တကယ် အဆိုးအနေ သိပေးလျက်ရှိသည်။

တကယ်အဟုတ်၊ တကယ်အခိုင်မဟုတ်သော ခန္ဓာငါးပါးကို တကယ်အဟုတ် တကယ်အခိုင်အနေ ရှုမြင်ထင်မှတ်မှုကြောင့် ဘဝရေအလျဉ်၌ လူသတ္တဝါသည် ထောက်ရာတည်ရာမရဘဲ အကျိုးမဲ့ဖြစ်နိုင်ပုံကို ဗုဒ္ဓက အောက်ပါကဲ့သို့ ဥပမာဆောင်၍ ပြ၏။

> "ရဟန်းတို့ .... ဥပမာသော်ကား တောင်မှအစဖြစ်၍ အောက်သို့စီးဆင်းသော အဝေးသို့ရောက်သော ရေစီးသန်သော မြစ်သည် ရှိရာ၏။
>
> ဖောင်းခါးမြက်၊ သမန်းမြက်၊ ဖြူဆံမြက်၊ ပြိတ်မြက်နှင့် သစ်ပင်ငယ်တို့သည် ထိုမြစ်၏ ကမ်းပါး နှစ်ဖက်တို့၌ ပေါက်ရောက်နေကြသည်။ ထိုမြက်တို့သည် ထိုမြစ်ရေ



www.burmeseclassic.com

www.burmeseclassic.com



အလျဉ်သို့ (ရေအစုန်အလိုက် အဖျားများညွတ်လျက် ) တွဲရရွဲကျကာ တည်နေကုန်ရာ၏။ ထိုမြစ်ရေအလျဉ်ဖြင့် မျောလာသော ယောကျ်ားသည် ဖောင်းခါး မြက်တို့ကို ဖမ်းကိုင်စေကာမူ ထိုမြက်တို့သည် အမြစ်မြေစိုင်နှင့်တကွ ပြုတ်ကျကုန်ရာ၏။ ထိုယောကျ်ားသည် ထိုအကြောင်း ကြောင့် အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်ရာ၏။ သမန်းမြက် တို့ကို ဖမ်းကိုင်စေကာမူ၊ ဖြူဆံမြက်တို့ကို ဖမ်းကိုင် စေကာမူ၊ ပြိတ်မြက်တို့ကို ဖမ်းကိုင်စေကာမူ၊ သစ်ပင်ငယ် တို့ကို ဖမ်းကိုင်စေကာမူ ထိုသမန်းမြက်၊ ဖြူဆံမြက် အစရှိ သည်တို့သည် အမြစ် မြေစိုင်နှင့်တကွ ပြုတ်ကျကုန်ရာ၏။ ထိုယောကျ်ားသည် ထိုအကြောင်းကြောင့် အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ရာ၏။ ရဟန်းတို့ .... ဤအတူ အကြားအမြင် မရှိသော အရိယာတို့ကို မဖူးမြင်ဖူးသော အရိယာတရား၌ မလိမ္မာသော အရိယာတရား၌ မယဉ် ကျေးသော သူတော်ကောင်းတို့ကို မဖူးမြင်ဖူးသော သူ တော်ကောင်း တရား၌ မလိမ္မာသော သူတော်ကောင်း တရား၌ မယဉ်ကျေးသော ပုထုဇဉ်သည် ရုပ်ကို အတ္တဟူ၍ ရှု၏။ ရုပ်ရှိသော အတ္တကိုလည်းကောင်း၊ အတ္တ၌ ရုပ်ကို လည်းကောင်း၊ ရုပ်၌အတ္တကိုလည်းကောင်း ရှု၏။ ထိုသူ၏ ထိုရုပ်သည် ပျက်စီးခြင်းသို့ရောက်၏။ ဝေဒနာကို သညာ ကို၊ သင်္ခါရကို ၊ ဝိညာဏ်ကို အတ္တဟူ၍ရှု၏။ ဝိညာဏ်ရှိ သော အတ္တကိုလည်းကောင်း အတ္တ၌ ဝိညာဏ်ကိုလည်း ကောင်း ဝိညာဏ်၌ အတ္တကိုလည်းကောင်းရှု၏။ ထိုသူ၏ ဝိညာဏ်သည် ပျက်စီး၏။ ထိုသူသည် ထို အကြောင်း ကြောင့် အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်၏....'' *

ဗုဒ္ဓ အလိုအရ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အမှန်အတိုင်း သဘာဝအတိုင်း မြင်ရမည်ဖြစ်သည်။ ထိုသို့ အမှန်အတိုင်း မြင်ရန်အတွက် သမထ–ဝိပဿနာကျင့်စဉ် ( ဝါ ) သတိပဋ္ဌာန် ကျင့်စဉ်တို့ဖြင့် လုံလောက်

* နဒီသုတ်၊ –ပုပ္ဖဝဂ် – ခန္ဓသံယုတ်။



www.burmeseclassic.com

www.burmeseclassic.com



သော စိတ်၏ ခိုင်ခံ့တည်ကြည်မှု သမာဓိရရှိရမည်ဖြစ်သည်။ လုံလောက်သော သမာဓိဖြင့် ဝိပဿနာဉာဏ် ဖြစ်ပေါ်သည့်အခါ ခန္ဓာငါးပါး၌ အမှန်အတိုင်း မြင်ပုံကို ဗုဒ္ဓက အောက်ပါကဲ့သို့ ဖော်ပြ၏။

> "ရဟန်းတို့ .... တည်ကြည်မှု 'သမာဓိ'ကို ပွားကုန်လော့။ ရဟန်းတို့ တည်ကြည်သော ရဟန်းသည် ဟုတ်မှန်သည့်အတိုင်းသိ၏။ အဘယ်ကို ဟုတ်မှန်သည့်အတိုင်း သိသနည်း။ ရုပ်၏ ဖြစ်ပုံ ချုပ်ပုံကိုလည်းကောင်း၊ ခံစားမှု 'ဝေဒနာ'၏ ဖြစ်ပုံ ချုပ်ပုံကိုလည်းကောင်း၊ 'မှတ်သားမှုသညာ'၏ ဖြစ်ပုံ ချုပ်ပုံကိုလည်းကောင်း၊ 'ပြုပြင်မှု သင်္ခါရ' တို့၏ ဖြစ်ပုံ ချုပ်ပုံကိုလည်းကောင်း၊ 'သိမှုဝိညာဏ်'၏ ဖြစ်ပုံချုပ်ပုံကိုလည်းကောင်း သိ၏။"*

အထက်တစ်နေရာတွင် ဖော်ပြခဲ့သည့် ဂရိ ဒဿနပညာရှင် ဟာရာကလိုက်တပ်စ်သည် အနိစ္စ၏သဘော အနတ္တ၏သဘောကို နားလည်သဘောပေါက်သူဟု သာမန်အားဖြင့် ဆိုနိုင်၏။ သို့ရာတွင် သူ၏ သဘောပေါက်နားလည်မှုသည် မိမိတွေ့ကြုံရသမျှ အပေါ် ကြံဆ ဆင်ခြင်မှုဖြင့် သဘောပေါက်လာသော "စိန္တာမယဉာဏ်"မျှသာဖြစ်သည်။ လုံလောက်သော သမာဓိဖြင့် ထိုးထွင်းသိမြင်သော ဝိပဿနာဉာဏ် (ဝါ) ဘာဝနာမယဉာဏ်ဖြင့် ထိုးထွင်းသိမြင်မှုမဟုတ်ဟု ဆိုရပေလိမ့်မည်။ ဖော်ပြခဲ့ပြီး ဖြစ်သည့် ဗြိတိသျှ တွေးခေါ်ရှင် ဒေးဗစ်ဟျူမ်းသည်လည်း သီးခြားအတ္တ (ဝါ) စိတ်အခြေခံဝတ္ထုနှင့် ရုပ်အခြေခံဝတ္ထု မတည်ရှိကြောင်း၊ အနတ္တသဘောသာ ရှိကြောင်း သဘောပေါက်သူဟု သာမန်အားဖြင့်ဆိုနိုင်၏။ ထို့ကြောင့်ပင် ဗုဒ္ဓဒဿနကို တိတိပပ မလေ့လာဖူးသူများက ဒေးဗစ်ဟျူမ်း၏ အယူအဆသည် ဗုဒ္ဓဒဿနနှင့် တူညီလေသယောင် ဖော်ပြတတ်ကြ၏။

ဒေးဗစ်ဟျူမ်းသည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တည်းဟူသော အာရုံ (၅) ပါးကို အသုံးပြု၍ အမှန်တရားကို ရှာကြည့်သူဖြစ်သည်။ တစ်နည်းအားဖြင့် အာရုံသိကို အသုံးပြု၍ "အာရုံ ၅ ပါးဖြင့် မြင်တွေ့ရမှ မှန်သည်" ဟူသော ခံယူချက်ဖြင့် အမှန်တရားကို ရှာကြည့်သူ

---

* သမာဓိသုတ်၊ နကုလပိတုဝဂ်– ခန္ဓာသံယုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ထို့ကြောင့်ပင် ဟျူမ်းအား "အတွေ့အကြုံ အဓိက ဝါဒီ" ဟု ခေါ်ခြင်းဖြစ်သည်။

ဟျူမ်းက အာရုံသိအဆင့်[၁] မှ လူနှင့် သဘာဝလောကကို စူးစမ်းကြည့်သည်။ လူ၌ တွေးမှု ကြံမှု ခံစားသိမြင်မှုကို ပြုလုပ်ပေးနေသော ထာဝရမြဲသော စိတ်အခြေခံဝတ္ထု (ဝါ) အတ္တဇီဝရှိ မရှိ အာရုံခံစားကြည့်သည်။ ထိုအခါ သိမှု၊ ခံစားမှု အစဉ်ကိုသာ တွေ့နေရ၍ ခိုင်မြဲနေသော ထို အတ္တဇီဝ စိတ်အခြေခံဝတ္ထုကို မတွေ့မြင်ရဘဲ ဖြစ်နေသည်။ ရုပ်အခြေခံဝတ္ထုကို အာရုံခံစားကြည့်သောအခါ၌လည်း အာရုံအစဉ်ကိုသာ တွေ့နေရ၍ ရုပ်အခြေခံဝတ္ထုကိုကား မမြင်တွေ့ရဘဲ ဖြစ်နေသည်။ ထိုသို့ မမြင်တွေ့ရမှုကြောင့် အတ္တမရှိ၊ ရုပ်အခြေခံဝတ္ထုမရှိဟု ယူဆဖို့ရန်၊ ဖြစ်လာတော့သည်။ အတ္တမရှိ၊ ရုပ်အခြေခံဝတ္ထုမရှိဟု ပြောရုံမျှဖြင့် ဒေးဗစ်ဟျူမ်းအား "အနတ္တသဘာဝကို သဘောပေါက်သူဖြစ်သည်" ဟု မဆိုနိုင်ချေ။ စင်စစ် ဒေးဗဒ်ဟျူမ်း၏ အမြင်သည်လည်း အတွေ့အကြုံအာရုံပေါ်တွင် အခြေခံကာ ကြံဆ ဆင်ခြင်ခြင်းဖြင့် သဘောပေါက်လာသော စိန္တာမယဉာဏ် အမြင်မျှသာဖြစ်သည်။ ဘာဝနာမယဉာဏ် (ဝါ) ဝိပဿနာဉာဏ် အမြင် မဟုတ်ချေ။

ဘာထရန်ရပ်ဆယ်လ်နှင့် မျက်မှောက်ခေတ် ဒဿနပညာရှင်၊ သိပ္ပံပညာရှင်၊ စိတ်ပညာရှင် အများအပြားသည်လည်း အတ္တ၏ တည်ရှိမှု၊ ရုပ်အခြေခံဝတ္ထု၏ တည်ရှိမှုကို ပစ်ပယ်သောကြောင့် အနတ္တသဘာဝကို သဘောပေါက်သူများဟု သာမန်အားဖြင့် ဆိုနိုင်သည်။ သို့ရာတွင် ၎င်းတို့၏ အမြင်များသည်လည်း မိမိတို့ အတွေ့အကြုံအပေါ် အခြေပြုကာ စဉ်းစားကြံဆခြင်းဖြင့် သဘောပေါက်လာသော စိန္တာမယဉာဏ် အမြင်များသာ ဖြစ်သည်။ လုံလောက်သော ဥပစာရ သမာဓိ၊ ဝိပဿနာ ခဏိကသမာဓိတို့ဖြင့် ထိုးထွင်းသိမြင်သော ဘာဝနာမယဉာဏ် အမြင်များ မဟုတ်ကြချေ။

ဗုဒ္ဓဒဿနအလိုအရ သတိပဋ္ဌာန်ကျင့်စဉ် (ဝါ) သမထ ဝိပဿနာ ကျင့်စဉ်တို့ကို ကျင့်၍ရရှိလာသော လုံလောက်သော သမာဓိဖြင့် ဘာဝနာမယဉာဏ် (ဝါ) ဝိပဿနာဉာဏ်တို့ကို ရမှသာ ခန္ဓာငါးပါး ရုပ်နာမ်သဘာဝတို့ကို အမှန်အတိုင်း မြင်နိုင်လေသည်။ ခန္ဓာငါးပါးကို အမှန်အကန် သိ

---

၁ perceptual level



www.burmeseclassic.com

www.burmeseclassic.com



မြင်ပါက လူသည် ဘဝဍ္ဍငြိမ်းအေးသူ ဆောက်တည်ရာရသူ ဖြစ်လာနိုင်ကြောင်းကို ဗုဒ္ဓက အောက်ပါကဲ့သို့ ဖော်ပြ၏။

'ရဟန်းတို့ မိမိကိုယ်ကိုသာ မှီခိုကြလျက် မိမိကိုယ်ကိုသာ အားထားကြလျက် အခြားတစ်ပါးကို အားမကိုးကြဘဲ တရားကိုသာ မှီခိုကြလျက် တရားကိုသာ အားထားကြလျက်အခြားတစ်ပါးကိုအားမထားကြဘဲ နေကြကုန်လော့။

ရဟန်းတို့.... မိမိကိုယ်ကိုသာ မှီခိုကြလျက် မိမိကိုယ်ကိုသာ အားထားကြလျက် အခြားတစ်ပါးကို အားမထားကြဘဲ တရားကိုသာ မှီခိုကြလျက် တရားကိုသာ အားထားကြလျက် အခြားတစ်ပါးကို အားမထားကြဘဲ နေသူတို့သည် စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှုတို့သည် အဘယ်လျှင်ဖြစ်ကြောင်း ရှိကုန်သနည်း၊ အဘယ်လျှင် အမွန်အစရှိကုန်သနည်းဟု အကြောင်းကို စူးစမ်းဆင်ခြင်အပ်၏။

"ရဟန်းတို့.... စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့သည် အဘယ်လျှင် ဖြစ်ကြောင်း ရှိကုန်သနည်း။ အဘယ်လျှင် အမွန်အစ ရှိကုန်သနည်းဟူမူ – ရဟန်းတို့.... ဤလောက၌ အကြားအမြင် မရှိသော အရိယာတို့ကို မဖူးမမြင်ဖူးသော အရိယာ တရား၌ မလိမ္မာသော အရိယာတရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို မဖူးမမြင်ဖူးသော သူတော်ကောင်းတရား၌ မလိမ္မာသော သူတော်ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်သည် ရုပ်ကိုအတ္တဟူ၍ရှု၏။ ရုပ်ရှိသော အတ္တဟူ၍သော်လည်းကောင်း၊ အတ္တ၌ ရုပ်ဟူ၍သော်လည်းကောင်း၊ ရုပ်၌ အတ္တဟူ၍သော်လည်းကောင်းရှု၏။ ထိုသူ၏ ထိုရုပ်သည် ဖောက်ပြန်၏။တစ်မျိုးတစ်ဖုံဖြစ်၏။ထိုသူအား ရုပ်ဖောက်ပြန်ခြင်း တစ်မျိုးတစ်ဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှုပြင်းစွာပင်ပန်းမှုတို့သည်ဖြစ်ပေါ်ကုန်၏။ဝေဒနာကို အတ္တဟူ၍ ရှု၏။ ဝေဒနာရှိသော အတ္တ ဟူ၍သော်လည်းကောင်း၊ အတ္တ၌ ဝေဒနာဟူ၍သော်လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာ၌ အတ္တဟူ၍သော်လည်းကောင်းရှု၏။ ထိုသူ၏ ထိုဝေဒနာသည်ဖောက်ပြန်၏။တစ်မျိုးတစ်ဖုံဖြစ်၏။ထိုသူအား ဝေဒနာ၏ ဖောက်ပြန်ခြင်း တစ်မျိုးတစ်ဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု၊ ငိုကြွေးမှု။ပ။ ပင်ပန်းမှုတို့သည် ဖြစ်ပေါ်ကုန်၏။ သညာ၊ သင်္ခါရတို့ကိုလည်း အထက်ပါရုပ်၊ ဝေဒနာတို့အပေါ် ရှုမြင်သကဲ့သို့ ရှုမြင်မှုကြောင့် စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာ ပင်ပန်းမှုတို့ဖြစ်ပေါ်ရသည်။ထို့အတူ.... ဝိညာဏ်ကို အတ္တဟူ၍ရှု၏။ ဝိညာဏ်ရှိသော အတ္တဟူ၍သော်လည်းကောင်း၊ အတ္တ၌ ဝိညာဏ်ဟူ၍သော်လည်းကောင်း၊ ဝိညာဏ်၌ အတ္တဟူ၍သော်လည်းကောင်း ရှု၏။ ထိုသူ၏ ဝိညာဏ်သည် ဖောက်ပြန်၏။ တစ်မျိုးတစ်ဖုံဖြစ်၏။ထိုသူအားဝိညာဏ်ဖောက်ပြန်ခြင်းတစ်မျိုးတစ်ဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့သည် ဖြစ်ပေါ်ကုန်၏။

"ရဟန်းတို့.... ရုပ်၏ သာလျှင် မမြဲသည့် အဖြစ်ကိုလည်းကောင်း၊ ဖောက်ပြန်ခြင်း၊ ကင်းပြတ်ခြင်း၊ ချုပ်ခြင်းကိုလည်းကောင်း သိ၍ ရှေးက ရုပ်သည်လည်းကောင်း၊ ယခုရုပ်သည်လည်းကောင်း၊ ရုပ်အားလုံးသည်မမြဲ။ ဆင်းရဲ၏။ဖောက်ပြန်ခြင်းသဘောရှိ၏ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုသောသူအား စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်း မှုတို့သည် ပျောက်ကင်း ကုန်၏။ ထို (စိုးရိမ်မှုစသည်) တို့၏ ပျောက် ကင်း ခြင်း ကြောင့် မတောင့်တ။ မတောင့်တသည် ရှိသော် ချမ်းသာစွာ နေရ၏။ ချမ်းသာစွာ နေရသော ရဟန်းကို တစ်ခဏငြိမ်းအေးသူဟု ဆိုအပ်၏။ ရဟန်းတို့.... ဝေဒနာ၏ သာလျှင် မမြဲသည့်အဖြစ်ကို လည်းကောင်း၊ ဖောက်ပြန်ခြင်း ကင်းပြတ်ခြင်း ချုပ်ခြင်းကိုလည်းကောင်း သိ၍ ရှေးက ဝေဒနာသည်လည်းကောင်း၊ ယခုဝေဒနာသည်လည်းကောင်း၊ ဝေဒနာ အားလုံးသည် မမြဲ။ ဆင်းရဲ၏။ ဖောက်ပြန်ခြင်းသဘော ရှိ၏ဟု ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုသောသူအား စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှု တို့သည် ပျောက်ကင်းကုန်၏။ ထို (စိုးရိမ်မှုစသည်) တို့၏ ပျောက်ကင်းခြင်းကြောင့် မတောင့်တ။ မတောင့်တသည် ရှိသော် ချမ်းသာစွာ နေရ၏။ ချမ်းသာစွာ နေရသော ရဟန်းကိုတစ်ခဏငြိမ်းအေးသူဟုဆိုအပ်၏။ သညာ၏သာ လျှင် မမြဲသည့်အဖြစ်ကို လည်းကောင်း၊ ဖောက်ပြန်ခြင်း၊ ကင်းပြတ်ခြင်း၊ ချုပ်ခြင်းကိုလည်းကောင်း သိ၍ ရှေးက သညာသည်လည်းကောင်း၊ ယခုသညာသည်လည်းကောင်း၊ သညာအားလုံးသည် မမြဲ။ ဆင်းရဲ၏။ ဖောက်ပြန်ခြင်း သဘောရှိ၏ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုသောသူအား စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲ မှု ပြင်းစွာ ပင်ပန်းမှုတို့သည် ပျောက်ကင်းကုန်၏။ ထို (စိုးရိမ်မှုစသည်) တို့၏ ပျောက်ကင်းခြင်းကြောင့် မတောင့် တ။ မတောင့်တသည်ရှိသော် ချမ်းသာစွာ နေရ၏။ ချမ်း သာစွာ နေရသော ရဟန်းကို တစ်ခဏငြိမ်းအေးသူဟု ဆို အပ်၏။

"ရဟန်းတို့....သင်္ခါရတို့၏ သာလျှင် မမြဲသည့်အဖြစ်ကို လည်းကောင်း၊ ဖောက်ပြန်ခြင်း ကင်းပြတ်ခြင်း ချုပ်ခြင်း ကိုလည်းကောင်း သိ၍ ရှေးက သင်္ခါရတို့သည် လည်း ကောင်း၊ ယခု သင်္ခါရတို့သည်လည်းကောင်း သင်္ခါရ အား လုံးတို့သည် မမြဲကုန်။ ဆင်းရဲကုန်၏။ ဖောက်ပြန်ခြင်း သဘောရှိကုန်၏ဟု သင်္ခါရတို့ကို ဟုတ်တိုင်းမှန်စွာ မှန်ကန် သော ပညာဖြင့် ရှုသောသူအား စိုးရိမ်မှု ငိုကြွေးမှု ကိုယ် ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှု တို့သည် ပျောက် ကင်းကုန်၏။ ထို (စိုးရိမ်မှုစသည်) တို့၏ ပျောက်ကင်းခြင်း ကြောင့် မတောင့်တ။ မတောင့်တသည်ရှိသော် ချမ်းသာ စွာ နေရ၏။ ချမ်းသာစွာ နေရသော ရဟန်းကို တစ်ခဏ ငြိမ်းအေးသူဟု ဆိုအပ်၏။"*

---

* အင်္ဂုတ္တိုရ်ပါဠိ၊ ၅ – အင်္ဂုတ္တိုရ်ပဏ္ဏာသ၊ ခန္ဓဝဂ္ဂသံယုတ်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဝေဒနာအစရှိသည့် ခန္ဓာငါးပါးကို အမှန်အတိုင်း မြင်သူသည် အာသဝေါတရားတို့မှ လွတ်မြောက်သွားနိုင်ကြောင်း၊ အပြီးတိုင် ငြိမ်းအေးမှုကိုလည်း ရသွားနိုင်ကြောင်း တစ်နေရာ၌ အောက်ပါကဲ့သို့ ဗုဒ္ဓက ထပ်မံဖော်ပြထား၏။

"ရဟန်းတို့.... ရုပ်သည်မမြဲ။ မမြဲသောရုပ်သည် ဆင်းရဲ၏။ ဆင်းရဲသောရုပ်သည် အတ္တမဟုတ်။ အတ္တမဟုတ်သော ရုပ်ကို ဤရုပ်သည် ငါ့ဥစ္စာမဟုတ်။ ဤရုပ်သည် ငါမဟုတ်။ ဤရုပ်သည် ငါ၏အတ္တမဟုတ်ဟု ဤသို့သာလျှင် ထိုရုပ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဤသို့ ထိုရုပ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုသောသူ၏ စိတ်သည် တပ်မက်မှုကင်း၏။ မစွဲလမ်းမှု၍ အာသဝေါတို့မှ လွတ်၏။ (ဝေဒနာ၊ သညာ၊ သင်္ခါရတို့ကိုလည်း အထက်ပါရုပ်ကို မှန်ကန်စွာ ရှုမြင်သည့်အတိုင်းရှုမြင်ပါကထိုသို့မြင်သူ၏စိတ်သည် တပ်မက်မှုကင်း၏။ မစွဲလမ်းမှု၍ အာသဝေါတို့မှ လွတ်၏။) ထိုနည်းတူ ဝိညာဏ်ကိုလည်း.... ဝိညာဏ်သည်မမြဲ။ မမြဲသော ဝိညာဏ်သည် ဆင်းရဲ၏။ ဆင်းရဲသော ဝိညာဏ်သည် အတ္တမဟုတ်။ အတ္တမဟုတ်သော ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်။ ဤ ဝိညာဏ်သည် ငါမဟုတ်။ ဤဝိညာဏ်သည် ငါ၏အတ္တမဟုတ်ဟု ဤသို့လျှင် ထို ဝိညာဏ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ ဤသို့ ထိုဝိညာဏ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုသောသူ၏ စိတ်သည် တပ်မက်မှုကင်း၏။ မစွဲလမ်းမှု၍ အာသဝေါတို့မှ လွတ်၏။

ရဟန်းတို့.... ရုပ်၌ ရဟန်း၏စိတ်သည် အကယ်၍ တပ်မက်မှုကင်းငြားအံ့။ မစွဲလမ်းမှု၍ အာသဝေါတို့မှလွတ်မြောက်၏။ (ဝေဒနာဓာတ်၊ သညာဓာတ်၊ သင်္ခါရဓာတ်တို့၌လည်း ရုပ်မှာကဲ့သို့ တပ်မက်မှုကင်းငြားအံ့။ ထိုသို့တပ်မက်မှုကင်းလျှင် အာသဝေါတရားတို့မှ လွတ်မြောက်၏။) ထို့အတူ.... ရဟန်းတို့.... ဝိညာဏဓာတ်၌ ရဟန်း၏စိတ်



www.burmeseclassic.com

www.burmeseclassic.com



သည် အကယ်၍ တပ်မက်မှု ကင်းငြားအံ့၊ မစွဲလမ်းမှု၍ အာသဝေါတို့မှ လွတ်မြောက်၏။ လွတ်ခြင်းကြောင့် စိတ်သည် တည်တံ့၏။ စိတ်တည်တံ့ခြင်းကြောင့် ရောင့်ရဲ၏။ ရောင့်ရဲခြင်းကြောင့် မတောင့်တ။ မတောင့်တသည်ရှိသော် မျက်မှောက်၌သာလျှင် ငြိမ်းအေး၏။ 'ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှာ တစ်ပါးသော ပြုဖွယ်မရှိတော့ပြီ' ဟု သိ၏။"*

* အနိစ္စသုတ်၊ အဋ္ဌကဒီဂဝဂ်၊ ခန္ဓသံယုတ်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၂ ]

## စိတ်စူးစိုက်တည်ငြိမ်ခြင်းမျှကိုသာ ဖြစ်စေနိုင်သော ကျင့်စဉ်များဖြင့် ရုပ်နာမ်တို့၏ အမှန်သဘာဝကို မသိမြင်နိုင်ခြင်း

ရှေးခေတ် အိန္ဒိယဒဿန ပညာရှင်များသည် သမထကျင့်စဉ်အတွင်း၌ အကျုံးဝင်သော (ဝါ) သမထ ကျင့်စဉ်အချို့နှင့် ခပ်ဆင်ဆင်တူသော ယောဂကျင့်စဉ် အစရှိသည့် ကျင့်စဉ်များကို အားထုတ်ကြ၏။ စာပေအထောက်အထားများအရ သက်ဆိုင်ရာ စိတ်၏ စူးစိုက်တည်ကြည်မှုသမာဓိနှင့် သက်ဆိုင်ရာဈာန်တို့ကို ရခဲ့ကြ၏။ ထိုသို့ သမထကျင့်စဉ်အတွင်း၌ အကျုံးဝင်သော (ဝါ) သမထ ကျင့်စဉ်အချို့နှင့် ခပ်ဆင်ဆင်တူသော ကျင့်စဉ်များကိုကျင့်ရာ၌ စိတ်ကိုသက်ဆိုင်ရာ ကမ္မဋ္ဌာန်း၌ တစ်စိုက်တည်းစိုက်၍ထားရ၏။ ထိုသို့ တစ်စိုက်တည်းစိုက်၍ ရရှိလာသော သမာဓိသည် ဈာန်အတွင်း၌မြဲလျက်ရှိ၏။ ဤသို့မြဲနေခြင်းကိုပင် အတ္တအနေထင်မိခြင်းများလည်း ဖြစ်ကြ၏။ ဈာန်အရှိန်ကြောင့် ဝေဒနာသညာတို့ ငုပ်လျှိုးနေခြင်းကိုပင်.... အတ္တ၏ စင်ကြယ်မှုဟုလည်းထင်မိကြ၏။ ဈာန်ဝင်နေချိန်၌ ဝိပဿနာရှုရန် မဖြစ်နိုင်သောကြောင့် ဈာန်စိတ်တို့၏ မမြဲမှုတို့ကိုလည်း မသိမြင်နိုင်ဖြစ်ခဲ့ကြ၏။ အစမူလကတည်းက အတ္တ၏တည်မြဲမှု၊ ထိုအတ္တ၏ ထာဝရ လွတ်မြောက်ရေးကို ရလိုမှု အစွဲတို့ကလည်း ရှိခဲ့သောကြောင့် ရရှိသော ဈာန်ကို မမြဲသည့်အနေ အနတ္တအနေ ရှုမြင်အားထုတ်ရန်လည်း ထိုအိန္ဒိယ ရှေးခေတ် ဒဿန ပညာရှင်များသည် စိတ်မညွတ်ခဲ့ကြချေ။ ထိုအခါ လူ၏ ရုပ်နာမ်သဘာဝတို့၏ အမှန်သဘာဝကိုလည်း မမြင်နိုင်ဘဲ အတ္တဝါဒကိုသာ မှန်ကန်သော ဝါဒအဖြစ် ဆုပ်ကိုင်မြဲ ဆုပ်ကိုင်ခဲ့ကြသည်။

(ပဉ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၂ )

## ခိုင်မြဲခြင်း အခြေပြု ဒဿနကို ချေဖျက်ခြင်း

အိန္ဒိယ ဒဿနသမိုင်းကို သုံးသပ်ကြည့်ပါက စာရ်ဝါက၊ ပကုဓ၊ ကစ္စာယန နှင့် အချို့သော သံသယဝါဒီများမှ လွဲ၍ အခြားသော ဒဿန ပညာရှင်များသည် အတ္တဝါဒကို လက်ခံကြသည်။ ထို့ပြင် စိတ်အခြေခံ ဝတ္ထုတည်းဟူသော အတ္တသည် အလုံးစုံသော ရုပ်သဘောတို့မှလည်း ကောင်း၊ (ဝေဒနာ၊ သညာ အစရှိသော) စိတ်သဘော အလုံးစုံတို့မှလည်း ကောင်း၊ လွန်မြောက် လွတ်ကင်းသွားပါက ထာဝရလွတ်မြောက်မှုကို ရရှိ သွားမည်ဟုလည်း ယူဆကြသည်။ ဗုဒ္ဓဝါဒသည် ရုပ်ဝါဒ၊ သံသယဝါဒ တို့ကို လုံးဝလက်မခံသကဲ့သို့ အတ္တဝါဒအလုံးစုံကိုလည်း ငြင်းပယ်ခဲ့သည်။ ဤအခန်း၌....“အကယ်၍ အတ္တသည် ရုပ်သဘောမှလည်းကောင်း၊ (ဝေဒနာ၊ သညာ အစရှိသော) စိတ်သဘော အလုံးစုံမှ လည်းကောင်း လွန်မြောက် စင်ကြယ်သွားပါက ထိုအတ္တသည် ထာဝရ လွတ်မြောက်မှုကို ရရှိသွား မည်။ ဗြဟ္မာနှင့် ပြန်လည်ပေါင်းစည်းမိသွားမည်။ ( ဝါ ) ဗြဟ္မာဖြစ်သွား မည်....”* ဟု ယူဆကြသော အိန္ဒိယ ဒဿနဂိုဏ်းများ၏ အယူအဆတို့ကို အဘယ်ကြောင့် ဗုဒ္ဓက လက်မခံကြောင်း ပမာနအားဖြင့် တင်ပြရန် ဖြစ် ပါသည်။ ထိုသို့တင်ပြရာ၌ ဗုဒ္ဓဝါဒရှိ သမထကျင့်စဉ်နှင့်ယှဉ်၍ ဖော်ပြပါမှ

---

* ဤနေရာ၌ သုံးနှုန်းနေသော ‘အတ္တ’ ဟူသောစကားသည် စိတ်အခြေခံဝတ္ထု တည်းဟူသော လူပုဂ္ဂိုလ်တစ်ဦးစီ၌ ရှိနေသည့် ‘အတ္တဇီဝ’ကို ပမာနအားဖြင့် ရည်ညွှန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုမိုသဘောပေါက်နိုင်မည် ဖြစ်သောကြောင့် ဤနေရာ၌ သမထကျင့်စဉ်ကို အကျဉ်းမျှ ဖော်ပြပါဦးမည်။

ဗုဒ္ဓဝါဒရှိ သမထကျင့်စဉ်တွင် စိတ်စူးစိုက်စရာ ကမ္မဋ္ဌာန်းလေးဆယ်မျှ ရှိသည်ကို တွေ့ရသည်။ ဤနေရာ၌ စိတ်စူးစိုက်စရာ ကမ္မဋ္ဌာန်းတို့အနက် အဝန်းအဝိုင်း သဏ္ဌာန်ရှိသော မြေကသိုဏ်း၌ စူးစိုက် အားထုတ်ခြင်းကို ဖော်ပြရန် ဖြစ်ပါသည်။ ထိုသို့ ဖော်ပြခြင်းအားဖြင့် အခြား စူးစိုက်စရာများကို စူးစိုက်ခြင်းနှင့် ပတ်သက်၍ လည်း နားလည်သဘောပေါက်ပြီးဖြစ်သွားနိုင်ပါသည်။

မြေကသိုဏ်းကို စူးစိုက်အားထုတ်မည့် ပုဂ္ဂိုလ်သည် "မဝါလွန်း၊ မဝင်းလွန်းသော နုန်းမြေကို ရှာဖွေ၍ ထိုမြေကို ညက်စွာဆင့်လျက်ရေဖြင့် ဖျော်ပြီးလျှင် ပျဉ်ချပ်အဝန်းပေါ်တွင်ဖြစ်စေ၊ အဝတ်ပိုင်းပေါ်တွင်ဖြစ်စေ အလျားအနံ တစ်ထွာလောက်၊ သို့မဟုတ် တစ်ထွာနှင့် လက်လေးသစ်ခန့် အဝန်းအဝိုင်းသဏ္ဌာန် သုတ်လိမ်းပြုလုပ်ရသည်။"* မြေကသိုဏ်းပြုလုပ်ပုံနှင့် ပတ်သက်၍ ဗုဒ္ဓစာပေများ၌ အောက်ပါကဲ့သို့ ဖော်ပြထားသည်ကို တွေ့ရ၏။

"နေအရက် အရောင်အဆင်းရှိသော မြေနီနုန်းမြေစေးကို သဲအမှိုက်မပါရအောင် ညက်စွာ ဆင့်၍ ရေနှင့်ဖျော်လျက် ညက်စွာနယ်၍ မိမိအထွာဖြင့် တစ်ထွာလောက် အလျားအနံကျယ်စွာ လှည်းဘီးဝန်းငယ်ကဲ့သို့၊ ကျောက်ပြဉ်ကဲ့သို့ အဝိုင်းမြေချပ် ပြုလုပ်၍ ကြည့်ရှုမည့်ဘက်က ချောမွတ်ညက်ညောစွာ စည်မျက်နှာကဲ့သို့ ပြု၍ ကလနား၌ ရပ်ဝန်းအနားပတ်ကဲ့သို့ ဒဏ်ပူတစ်ပြားလောက် အဖြူဖြစ်စေ၊ အစိမ်းဖြစ်စေ၊ ဆေးဖြင့် အနားပတ်သုတ်လိမ်းတင်ထားအပ်၏။....

"ကသိုဏ်းဝန်းပြုလုပ်ရာ၌ တစ်ထွာလောက်လျှော့လိုလျှင် လက်နှစ်သစ် သုံးသစ်လောက် လျှော့အပ်၏။ တစ်ထွာထက်ပိုလိုလျှင် လက်လေးသစ် ရှစ်သစ်လောက် ပိုအပ်၏။ (စိတ်ပျံ့လွင့်လွန်းသူ၊ ဝိတက်များသူတို့အဖို့) ကသိုဏ်းဝန်းငယ်လျှင် စိတ်နိုင်လွယ်သည်။ နိမိတ်ရလွယ်သည်။ သို့ရာတွင် စိတ်ခိုင်ခံ့ ကြီးထွားမှု နည်း၏။....

---

* ဦးတိလောက (သေက္ချတောင်ဆရာတော်) ပဏ္ဍိတဝေဒနိယဒီပနီ၊ စာ – ၄၃၃



www.burmeseclassic.com

www.burmeseclassic.com



"ကသိုဏ်းဝန်းကြီးလျှင် စိတ်နိုင်ခဲသည်။ နိမိတ်ရခဲသည်။ စိတ်ခိုင်ခံ့ကြီးထွားမှုပို၏။ ကသိုဏ်းဝန်းကို အညစ်အကြေးမစွန်းရ၊ မပွန်းပဲ့ရအောင် ကောင်းမွန်ရှိသေစွာ ထားအပ်သည်။"*

ကသိုဏ်းကိုစူးစိုက်အားထုတ်မည့် ပုဂ္ဂိုလ်သည် သင့်တင့်လျောက်ပတ်သော အားထုတ်နေရာကို ရွေးချယ်ရန်လိုသည်။ ဗုဒ္ဓစာပေများ၌ သင့်တင့်လျောက်ပတ်သော နေရာဟူသည်မှာ အင်္ဂါငါးပါးနှင့် ပြည့်စုံ၍ အပြစ် (၁၈)ပါးနှင့် လွတ်ကင်းသော နေရာမျိုးဖြစ်ကြောင်း ဖော်ပြချက်များ ရှိလေသည်။ ( ဤအချက်တို့နှင့် စပ်လျဉ်း၍ အကျယ်သိလိုပါက ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ စသည့်ကျမ်းများ၌ လေ့လာနိုင်ပါသည်။) သင့်တင့်လျောက်ပတ်သောနေရာကို ရွေးချယ်ရရှိပြီးသောအခါ ကြောင့်ကြစရာများကို ဖြတ်တောက်၍ ပြုလုပ်ထားပြီးဖြစ်သော မြေကသိုဏ်းဝန်းကို မျက်စိအာရုံကြော မညောင်းစေဘဲ ကြည့်နိုင်လောက်သည့် မိမိရှေ့ မနီးမဝေး တစ်နေရာတွင် ထားကာ စူးစိုက်ကြည့်ရမည်ဖြစ်သည်။ အိန္ဒိယဒဿနဂိုဏ်းအချို့ (ဥပမာ–ယောဂဂိုဏ်း)၌ တရားအားထုတ်ရာတွင် ထိုင်ပုံထိုင်နည်းအမျိုးမျိုးကို ဖော်ပြထားသော်လည်း ဗုဒ္ဓဝါဒ၌ အောက်ပါကဲ့သို့ ဖော်ပြထားသည်ကိုသာ တွေ့ရသည်။

"…. တောသို့သွားရောက်၍ဖြစ်စေ၊ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ၊ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ဖြစ်စေ၊ တင်ပျဉ်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍…."** ဟူ၍လည်းကောင်း၊ "ဆိတ်ငြိမ်၍ လူသူလေးပါးကင်းသော နေရာဝယ် ထက်ဝယ်ဖွဲ့ခွေထိုင်လျက်…."*** ဟူ၍လည်းကောင်း၊ "ဆိတ်ငြိမ်သော အရပ်တွင် ချမ်းသာစွာ ထိုင်၍…."**** ဟူ၍လည်းကောင်း ထိုင်ပုံထိုင်နည်းကို သာမညအားဖြင့်သာ ဖော်ပြထားသည်။ ပဏ္ဍိတဝေဒနိယကျမ်း၌ "….ဤကဲ့သို့ ကသိုဏ်းဝန်းပြုလုပ်ပြီးလျှင် လူသူမနှော ဆိတ်ငြိမ်သောနေရာ၌ တစ်ယောက်တည်း ချမ်းသာစွာ တင်ပျဉ်ဖွဲ့ခွေထိုင်နေလျက် ကသိုဏ်းဝန်းကို မနီးမဝေး ရှေ့လက်လှမ်းမီလောက်မှာ

---

* လယ်တီဆရာတော်၊ ကမ္မဋ္ဌာန်းကျမ်းကြီး၊ စာ – ၃၉။

** မဟာသတိပဋ္ဌာနသုတ်၊ မဟာဝဂ်၊ ဒီဃနိကာယ်။

*** ပစ္ဆိမာရာမ ဆရာတော်၊ ဝိသုဒ္ဓိမဂ္ဂမဟာနိဿယ၊ စာ – ၂၁။

**** ရှင်နန္ဒမာလာ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန်၊ ပတွဲ၊ စာ – ၂၃၈။



www.burmeseclassic.com

www.burmeseclassic.com



ငုံ့လည်း မငုံ့ရ၊ မော့လည်းမမော့ရအောင် မျက်စိနှင့် ပနံရအောင် ထောင်ထားပြီးလျှင် ....”* ဟု ဖော်ပြထား၏။

ကသိုဏ်းဝန်း၌ စိတ်စူးစိုက်အားထုတ်တော့မည့် သူသည် မည်ကဲ့သို့ မာန်ကိုတင်းအပ်ကြောင်းကိုလည်း အောက်ပါကဲ့သို့ ဖော်ပြထား၏။

“ငါ၏ ကိုယ်၌ အရေသည်လည်းကောင်း၊ အကြောသည်လည်းကောင်း၊ အရိုးသည်လည်းကောင်း ကြွင်းကျန်စေ။ အသားအသွေး ဟူသမျှသည် စင်စစ် ခန်းခြောက်၍ ကုန်ပလေစေ။ အကြင် ဈာန် မဂ်ဖိုလ် တရား မည်သည်ကို ယောကျ်ားတို့၏ အစွမ်းဖြင့် ယောကျ်ားတို့၏ မတွန့်မရှုံ့ စွန့်စားမှုဖြင့် ရောက်ထိုက်၏။ ထိုဈာန်မဂ်ဖိုလ်ကို မရောက်သည်ရှိသော် ဝီရိယ၏ တန့်ရပ်ခြင်းသည် မဖြစ်လတ္တံ့။ (ဝီရိယကို ငါမလျှော့)”**

အထက်ပါကဲ့သို့ မာန်တင်းပြီးနောက် ကသိုဏ်းဝန်းကို စူးစိုက်ခြင်း ပြုရမည်ဖြစ်၏။ ကသိုဏ်းဝန်းကို စူးစိုက်ကြည့်ရှုရာ၌ မျက်စိကိုမှေး၍ လည်းမကြည့်ရ၊ အဘယ်ကြောင့်ဆိုသော် မှေး၍ကြည့်လျှင် (ဝီထိအကျနည်းပြီး ဘဝင်စိတ်အကျများကာ ) အိပ်ချင်လာတတ်သောကြောင့် ဖြစ်၏။ တစ်ဖန် မျက်လုံး လွန်စွာဖွင့်၍လည်း မကြည့်ရ၊ မျက်လုံးကို အလွန်ဖွင့်၍ ကြည့်ပါက စိတ်ပျံ့လွင့်တက်ကြွမှု ပို၍ ကသိုဏ်းဝန်း ( ဝါ ) ကသိုဏ်းနိမိတ်၌ စိတ်ကို စူးစိုက်မထားနိုင် ဖြစ်တတ်လေသည်။

သို့ဖြစ်၍ မျက်စိကို မမှေးလွန်း၊ မပွင့်လွန်းဘဲ အနေတော်ထားကာ မိမိရှေ့၌ရှိသော မြေကသိုဏ်းဝန်းကို စိတ်ထဲမှ “မြေ–မြေ–မြေ”ဟု ဆင်ခြင်အောက်မေ့ကာ စူးစိုက်ရမည်ဖြစ်သည်။ စိတ်စူးစိုက်မှုပြုနေသော ပုဂ္ဂိုလ်သည် သတိလွတ်သွားသောကြောင့်လည်းကောင်း၊ ငိုက်မျဉ်းသောကြောင့်သော်လည်းကောင်း၊ အာရုံကြောများ ညောင်းညာ၍ လျော့ကျသွားသောကြောင့်လည်းကောင်း မျက်စိများကို မှိတ်လိုက်မိတတ်၏။ ကသိုဏ်းကိုစူးစိုက်

---

* ဦးတိလောက၊ (သေက္ကျတောင် ဆရာတော် ) ပဏ္ဍိတဝေဒနိယဒီပနီ၊ စာ – ၄၄၀။

** ဥဘောထေရသုတ်၊ ဘိက္ခုသံယုတ်၊ သံယုတ္တနိကာယ်။



www.burmeseclassic.com

www.burmeseclassic.com

ရာ၌ ကသိုဏ်းပေါ် ၌သာ တစ်ဖြောင့်တည်း စိတ်ရှိနေစေရန် လိုအပ်ရကား သတိမလစ်လပ် ရလေအောင် ထိန်းမတ်စောင့်ထိန်းဖို့ လွန်စွာ လိုအပ်လေသည်။

မိမိရှေ့မှ စူးစိုက်ရာ ကသိုဏ်းနိမိတ်ကို "ပရိကမ္မနိမိတ်"ဟု ခေါ်၍ ထိုနိမိတ်၌သာ စိတ်ကို စူးစိုက်ထားနိုင်ခြင်းကို "ပရိကမ္မသမာဓိ" ဟုခေါ်သည်။ စိတ်စူးစိုက်မှု နက်သည်ထက် နက်၊ ခိုင်သည်ထက်ခိုင်လာသော အခါ မျက်စိများကို မှိတ်ထားသော်လည်း မျက်စိဖွင့်၍ စူးစိုက်ထားစဉ်က မြင်ရသကဲ့သို့ပင် မြေကသိုဏ်းဝန်း (ဝါ)နိမိတ်သည် မိမိအာရုံ၌ ထင်၍နေတော့၏။ ထိုသို့ မိမိစိတ်၌ ထင်နေသော ကသိုဏ်းနိမိတ်ကို "ဥဂ္ဂဟနိမိတ်"ဟု ခေါ်၍ ထိုနိမိတ်၌သာ စိတ်စူးစိုက်နေနိုင်မှုကို "ဥပစာရသမာဓိ"ဟုခေါ်သည်။ "ဤအဆင့်မျိုးသို့ ရောက်မရောက် သိနိုင်ရန် မျက်စိကို ရံဖန်ရံခါ မှိတ်၍ မှိတ်၍ စမ်းသပ်ကြည့်သင့်၏။ မျက်စိမှိတ်သောအခါမှာလည်း ဖွင့်၍ကြည့်နေတုန်းကကဲ့သို့ပင် မြေကြီးဝန်းကို ထင်မြင်၍နေလျှင် မြေကြီးကသိုဏ်း ဥဂ္ဂဟနိမိတ် ရပြီဟု မှတ်ရမည်။ မရသေးလျှင် မျက်စိကို ဖွင့်၍ ကြည့်မြဲတိုင်းပင် ကြည့်ရှု၍ယူရာ၏။ မျက်စိကို ခဏခဏမှိတ်၍လည်း မစမ်းအပ်၊ ကြာနိုင်သမျှကြာအောင် ကြည့်ရှု၍ ယူရာ၏။ ရှုဖန်များ၍ ကြာလျှင်ရ၏။"*
မြေကသိုဏ်း (ပရိကမ္မနိမိတ်) ၌ စိတ်စူးစိုက် ဖန်များ၍ ဥဂ္ဂဟနိမိတ် ရသောအခါ ပရိကမ္မနိမိတ်ဖြစ်သော အပြင်က ကသိုဏ်းဝန်းကို ကြည့်စရာ စူးစိုက်စရာ မလိုတော့ဘဲ ဖယ်လိုက်နိုင်ပြီဖြစ်သည်။ ကသိုဏ်းဝန်းကို တော်ရာတွင် ကောင်းစွာသိမ်းဆည်း ထားလိုက်နိုင်ပြီ ဖြစ်သည်။

အချို့သောပုဂ္ဂိုလ်တို့သည် ပါရမီပါရှိလာသောသူများဖြစ်ရကား ဥဂ္ဂဟနိမိတ် စသည်တို့ကို အလွယ်တကူပင် ရတတ်၍ အချို့ပုဂ္ဂိုလ်တို့မှာကား ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကြာရှည်စွာ ကြိုးစားအားထုတ်မှ ရရှိကြသည်။ ဖော်ပြခဲ့သည့်အတိုင်း စိတ်ထဲ၌ စွဲမြဲထင်ပေါ် နေအောင် ယူ၍ရသော ကသိုဏ်းနိမိတ်ကို ဥဂ္ဂဟနိမိတ်ဟု ခေါ်၍ အပြင်ဘက်က ကသိုဏ်းနိမိတ်ကို ပရိကမ္မနိမိတ်ဟု ခေါ်သည်။ ဥဂ္ဂဟနိမိတ်သည် ပရိကမ္မနိမိတ်နှင့် တစ်ထပ်တည်းတူသော နိမိတ်အဖြစ် စိတ်၌ ထင်ပေါ်သည်။ ထိုသို့ ဥဂ္ဂဟနိမိတ်ကိုရသောအခါ စိတ်သည် သံလိုက်ကောင်းကောင်းကို သံတစ်ခုသည် တွယ်ကပ်၍ နေဘိသကဲ့သို့ မြေကြီး ဥဂ္ဂဟနိမိတ်ကိုသာ တွယ်၍နေ

* လယ်တီဆရာတော်၊ ကမ္မဋ္ဌာန်းကျမ်းကြီး၊ စာ – ၄၁



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ သို့ရာတွင် ထိုအဆင့်ကို ရောက်သည်အထိ စိတ်စူးစိုက်နေနိုင်မှုသည် ပရိကမ္မသမာဓိအဆင့်မျှသာ ရှိသေးသော်လည်း ပရိကမ္မနိမိတ်ကို အာရုံပြုတုန်းကထက် အဆများစွာပို၍ ခိုင်ခံ့သော သမာဓိပင် ဖြစ်၏။

ရလာသော ဥဂ္ဂဟနိမိတ်ကိုလည်း မပျောက်ပျက်ရလေအောင် ထပ်တလဲလဲ စူးစိုက်မှုပြုရမည်ဖြစ်၏။ ထိုသို့ ထပ်တလဲလဲ စူးစိုက်ဖန်များသောအခါ စိတ်၏ ခိုင်ခံ့မှုစွမ်းရည် (သမာဓိ) မြင့်မားလာပြီး စိတ်သည်လည်း အထူးသန့်ရှင်းစင်ကြယ်လာသည်။ ထိုအခါ စူးစိုက်ထားသော ဥဂ္ဂဟနိမိတ်သည် တဖြည်းဖြည်းသိမ်မွေ့၍၊ သိမ်မွေ့၍ (ပရိကမ္မနိမိတ်တုန်းက ထင်နေသော ကသိုဏ်းဝန်းပြုလုပ်စဉ်က ထင်နေသော လက်ချောင်းရာ၊ လက်ဖနောင့်ရာ စသည့်အနာအဆာ၊ အအက်အကြောင်းများမရှိတော့ဘဲ) မှန်သားကဲ့သို့ အလွန်ချောညက်သိမ်မွေ့လာ၏။ "ပွတ်တိုက်အပ်သော ခရုသင်း၊ အိမ်မှထုတ်အပ်ခါစဖြစ်သော ကြေးမုံမှန်၊ တိမ်တိုက်မှ ထွက်လာသော လဗိမာန်၊ မိုးတိမ်ညိုစခန်း၌ ပျံသန်းနေသော ဗျိုင်းဖြူကလေးကဲ့သို့ အလွန်နှစ်သက်ဖွယ်ကောင်းသောအဖြစ်သို့ ရောက်လာ၏။ စိတ်သည် ဘယ်မျှလောက်ပင်ကြာအောင် ကြည့်နေသော်လည်း ပျင်းမုန်းခြင်း၊ အားရခြင်းမရှိတော့ချေ။ ထိုကဲ့သို့ဖြစ်လာသော နိမိတ်ကို ပဋိဘာဂနိမိတ်ဟု ခေါ်သည်။"*

ဆက်လက်၍ ထိုပဋိဘာဂနိမိတ်ကိုလည်း မပျောက်ပျက်ရအောင် အားထုတ်သူသည် ရက်ပေါင်းများစွာ အဖန်ဖန်အထပ်ထပ် ကြိုးပမ်းရပြန်သည်။ စူးစိုက်အားထုတ်မှုသည်လည်း အကြား၊ အလပ်၊ အနားမရှိ တစ်ဆက်တည်းဖြစ်နေရသည်။ "ထိုပဋိဘာဂနိမိတ် ဖြစ်သည်မှစ၍ နီဝရဏတို့သည် ကွာကုန်၏။ ကိလေသာတို့သည် ငြိမ်ဝပ်စွာနေကုန်၏"** ဟုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာသော အဆိုအမိန့်အရ....

၁။ ကာမဂုဏ်ခံစားလိုသော (ဝါ) ကာမနှင့် ပတ်သက်သော စိတ်ကူးများ (ကာမစ္ဆန္ဒ)
၂။ အမျက်ထွက်ခြင်း၊ ဒေါသဖြစ်ခြင်းများ (ဗျာပါဒ)
၃။ ငိုက်မျဉ်းထိုင်းမှိုင်းခြင်းများ (ထိနမိဒ္ဓ)
၄။ စိတ်ပျံ့လွင့်ခြင်း၊ ပူပန်သောကဖြစ်ခြင်းများ (ဥဒ္ဓစ္စကုက္ကုစ္စ)

---

* အသျှင်ဇနကာဘိဝံသ၊ ကမ္မဋ္ဌာန်းဘာသာဋီကာ၊ စာ–၄၉။
** ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန်၊ ပတွဲ၊ စာ–၂၄၃။



www.burmeseclassic.com

www.burmeseclassic.com



၅။ ယခုအားထုတ်နေသော စိတ်စူးစိုက်ခြင်း အလုပ် (သမထ ကမ္မဋ္ဌာန်း) စသည်ကို ဟုတ်မှ ဟုတ်ပါလေ၏လော.... စသည်ဖြင့် ယုံမှားသံသယဖြစ်ခြင်းများ (ဝိစိကိစ္ဆာ) အစရှိသည့် နီဝရဏတရား ငါးပါးတို့သည် တဖြည်းဖြည်း ငုပ်လျှိုးသွားလေသည်။

ဖော်ပြခဲ့သည့် နီဝရဏ တရား ငါးပါးတို့ တဖြည်းဖြည်း ငုပ်လျှိုးသွားသောအခါ –

၁။ စိတ်ကို နိမိတ်အာရုံပေါ်သို့ ရောက်အောင် တင်ခြင်းသဘောဟူသော ဝိတက်။

၂။ ဝိတက်က တင်ပေး၍ နိမိတ်အာရုံပေါ်သို့ ရောက်လာပြီးသော စိတ်ကို ထို နိမိတ်အာရုံပေါ်မှ ဆုတ်လန်၍ မလာရအောင် မကျရအောင် ဝိုင်းဝန်း ဖေးမ ဆွဲကိုင် ပင့်တင်ခြင်း ဟူသော ဝိစာရ။

၃။ နိမိတ်အာရုံ၌ နှစ်သက်ခြင်းဟူသော ပီတိ။

၄။ ထိုသို့ နှစ်သက်ခြင်းဖြစ်မှုကြောင့် ကိုယ်စိတ်ရွှင်လန်းချမ်းသာခြင်းဟူသော သုခ။

၅။ စိတ်၏ ငြိမ်သက်တည်ကြည်ခြင်းဟူသော ဧကဂ္ဂတာ။

ဤဈာန် အင်္ဂါငါးပါးတို့သည် အတန်ငယ် အားကောင်းထင်ရှား၍ ဖြစ်ပေါ်လာသည်။

ဤဈာန်အင်္ဂါတို့သာ မဟုတ်၊ ဈာန်အင်္ဂါတို့နှင့် လိုက်လျောနိုင်သော ကြွင်းသော စေတသိက်တရားတို့လည်း အားကောင်းထင်ရှား၍ ပေါ်၍ လာကြသည်။ ထိုအခါ သတိတရားသည် အလွန်ကောင်းလာ၏။ ထို့ကြောင့် ယခုအချိန်မှစ၍ အမိဝမ်းတွင်း နောက်ဆုံး နို့စို့သည့်အခါထိအောင်–ဤအတွင်း ပြုဖူးသမျှ အမှုကိစ္စတို့ကို ယခု ပြုနေရဘိသကဲ့သို့ အကုန်လုံးပြန်၍ အမှတ်တရ မြင်နိုင်လေသည်။ စိတ်သည်လည်း အလွန်ခိုင်ခံ့ကြီးထွားလျက် ရှိသည်။ ဝိတက်သည်လည်း လွန်စွာ ထက်သန် အားကောင်းလျက်ရှိသည်။

ပဋိဘာဂ နိမိတ်ကိုရပြီး ရောက်ပြီး၍ ထိုပဋိဘာဂနိမိတ်ကို ဆက်လက်စူးစိုက်ပြန်သည်။ အားထုတ်သူ ပုဂ္ဂိုလ်သည် ပါရမီရှိသူ ဖြစ်ပါက



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် စိတ်သည် ခိုင်ခံ့သည်ထက် ခိုင်ခံ့၊ အားကောင်းသည်ထက် အားကောင်းလာကာ 'အပ္ပနာ သမာဓိ'ဟု ခေါ်သော စိတ်၏စူးစိုက်မှု စွမ်းအင် (ဈာန်သမာဓိ)ကိုရသည်နှင့် တစ်ပြိုင်နက် ဖော်ပြခဲ့သည့် ဈာန်အင်္ဂါငါးပါးတို့ ထင်ရှားပါဝင်သော "ပထမဈာန်"ကို ဝင်သွားနိုင်လေတော့သည်။ ( ဝါ ) ပထမဈာန်ကို ရသွားလေတော့သည်။

ဤကဲ့သို့ ပထမဈာန်ကိုရပြီးသော ပုဂ္ဂိုလ်သည် ထို ပထမဈာန်ကို မြဲမြံခိုင်ခံ့အောင်၊ အားကောင်းအောင် တဖန်တလဲလဲ ထပ်တလဲလဲ ဝင်စားအပ်၏။ ဤနေရာ၌ ထပ်တလဲလဲ "ဝင်စား"ရမည်ဆိုရာ၌ ကသိုဏ်းပဋိဘာဂနိမိတ်ကို အဖန်ဖန်ရှု၍ ဈာန်ဇောစိတ်များ အဖန်ဖန်ကျစေမှုကို ဆိုလိုခြင်းဖြစ်၏။ ပဋိဘာဂနိမိတ်ကို အပ္ပနာသမာဓိဟု ခေါ်သော စိတ်ခိုင်ခံ့မှုဖြင့် အစဦးစွာ ရရှိလာသော ပထမဈာန်၌ ဈာန်စိတ် (ဝါ) ဈာန်ဇောတစ်ကြိမ်သာကျ၏။ ထို့နောက် ထိုရပြီးဈာန်ကို ထပ်ခါထပ်ခါ ဝင်စားဖန်များသောအခါ စိတ်စူးစိုက်စွမ်းအင် ကောင်းလျှင် ကောင်းသည့် အလျောက် ၁ ကြိမ်၊ ၂ကြိမ်၊ ၃ ကြိမ်၊ ၄ ကြိမ် စသည်ဖြင့် ဈာန်ဇောများ အသချေ်မရေမတွက်နိုင်အောင် များစွာပင် ကျ၍သွား၏။ တစ်နာရီသော်လည်းကောင်း၊ တစ်နံနက်လုံးသော်လည်းကောင်း၊ တစ်နေ့လုံး သော်လည်းကောင်း၊ ခုနစ်ရက်ပတ်လုံး သော်လည်းကောင်း ဈာန်ဇောများကျ၍ နေနိုင်ပေသည်။ ( ဝါ ) ဈာန်ချည်းဝင်၍ နေနိုင်လေသည်။

ထိုကဲ့သို့ စိတ်ကို ဈာန်ဝင်စားမှု၌ ခိုင်ခံ့အောင်ပြုပြီးနောက် ထိုပထမဈာန်ကို အမျိုးမျိုးဝင်စားနိုင်မှု၊ ထိုဈာန်မှ လိုသလို ထနိုင်မှု စသည့်ဖြင့် ဈာန်၌ နိုင်နင်းမှုရအောင် အောက်ပါနည်း ( ၅ ) မျိုးဖြင့် လေ့ကျင့်ရမည်ဖြစ်၏။ ထိုနည်း ( ၅ )နည်းကို ဝသီဘော် ၅–ပါးဟုခေါ်သည်။ ယင်းတို့မှာ–

၁။ ဈာန်ကိုအလိုရှိသောခဏ၌ အမြန်ချက်ချင်း ဝင်စားနိုင်အောင် အထပ်ထပ် လေ့ကျင့်ခြင်း ( သမာပဇ္ဇနဝသီ )

၂။ အလိုရှိသမျှကာလပတ်လုံး ဈာန်ဇောကို ထိန်းထားနိုင်အောင် (ဝါ) ဝင်စားနေနိုင်အောင် လေ့ကျင့်ခြင်း (အဓိဋ္ဌာနဝသီ)

၃။ အလိုရှိသော အချိန်၌ လျင်မြန်စွာ ဈာန်ဇောမှ ( ဝါ ) ဈာန်ဝင်နေမှုမှ ထနိုင်အောင် လေ့ကျင့်ခြင်း (ဝုဋ္ဌာနဝသီ)



www.burmeseclassic.com

www.burmeseclassic.com



၄။ ဈာန်မှထပြီးနောက် ဈာန်အင်္ဂါတို့ကို လျင်မြန်စွာ ဆင်ခြင်နိုင်အောင် လေ့ကျင့်ခြင်း ( အာဝဇ္ဇနဝသီ )

၅။ ဈာန်အင်္ဂါတို့ကို ဆင်ခြင်ပြီးလျှင် တစ်ဖန် ဈာန်ကို အလျင်အမြန် ဝင်စားနိုင်ရန်အတွက် (ဈာန်အင်္ဂါတို့ကို ဆင်ခြင်သောပစ္စဝေက္ခနာဇောများကို (၇)ကြိမ်အထိ မဖြစ်စေဘဲ ၄ ကြိမ် ၅ ကြိမ်မျှလောက်သာ ကျစေရန်) လေ့ကျင့်ခြင်း (ပစ္စဝေက္ခဏဝသီ) တို့ပင် ဖြစ်၏။

ပထမဈာန်ကို ဤသို့နိုင်နင်းမှု ဝသီဘော်ရပြီးနောက် ဒုတိယ – တတိယ အစရှိသော အထပ်ဈာန်တို့ကို တက်နိုင်ပေသည်။ အထက်ဈာန်သို့ တက်ရာ၌ အောက်ဈာန်အင်္ဂါတို့ကို ရုပ်သိမ်းရ၏။

အထက်ဈာန်ဖြစ်သော ဒုတိယဈာန်သို့ တက်သောအခါ ပထမဈာန်၌ပါဝင်သည့် ဝိတက်ဈာန်အင်္ဂါကို ရုပ်သိမ်း ( ဝါ ) ဖျက်သိမ်းလိုက်ရ၏။ အဘယ်ကြောင့် ဖျက်သိမ်းရသနည်းဟူမူ ဝိတက်သည် အာရုံအမျိုးမျိုးပေါ်သို့စိတ်ကို တင်ပေးတတ်သော အခြင်းအရာရှိ၏။ ဈာန်ဝင်ရန် အားထုတ်သူ၏ စိတ်ကို ဝိတက်က ပဋိဘာဂနိမိတ်အပေါ် တင်ပေး၏။ သို့ရာတွင် နိမိတ်အာရုံပေါ်သို့ရောက်အောင် စိတ်ကိုတင်းပေးနေရခြင်း သဘောသည် လိုလား နှစ်သက်ဖွယ် မဟုတ်သေးချေ။ အဘယ်ကြောင့်ဆိုသော် ပဋိဘာဂနိမိတ်အပေါ် ရောက်မည့်အစား အခြားသော လောကီအာရုံ၊ ကာမဂုဏ်တို့ဘက်သို့ ရောက်သွားနိုင်တတ်သောကြောင့်ပင်ဖြစ်၏။ ယခု စိတ်စူးစိုက်ခြင်းအလုပ်ကို အားထုတ်ဆဲရှိသော ပုဂ္ဂိုလ်သည် ကာမရာဂ အစရှိသောသံယောဇဉ်တို့ကို ရဟန္တာကဲ့သို့ ဖြတ်တောက်နိုင်ပြီးသူ မဟုတ်သေးရကားလွန်စွာတပ်မက်ဖွယ် အဆင်းအာရုံတို့နှင့် ကြုံပါက အဆင်းအာရုံဆီသို့ စိတ်သည် ပြေးလွင့်ရောက်ရှိသွားနိုင်ပေသေးသည်။ ထိုသို့ မနောကံမြောက် စိတ်ပျံ့လွင့်ရာမှ ကာယကံမြောက် ကျူးလွန်သည်အထိ ဖြစ်နိုင်ပေသေးသည်။ ထိုအခါ စူးစိုက်ခြင်း အလုပ်သည်လည်း ပျက်စီးသွားနိုင်လေသည်။ ထို့ကြောင့် အားထုတ်သူ ပုဂ္ဂိုလ်သည် အာရုံအပေါ် တင်ပေးတတ်သော ဝိတက်ကိုကျော်နိုင်လျှင် (ဝါ) ဖယ်နိုင်လျှင် ကောင်းမည်ဟု သိမြင်ကာ ဝိတက်တည်းဟူသော ဈာန်အင်္ဂါကို ဖျက်သိမ်းနိုင်အောင် အထက်ဈာန်သို့ တက်ခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝိတက်ကို ဖျက်သိမ်းသည်ဆိုရာ၌ ဝိတက်ကိုမပါစေလိုသော ဆန္ဒနှင့် ကသိုဏ်းပဋိဘာဂနိမိတ်ကိုပင် အဖန်ဖန်စူးစိုက်ခြင်းဖြင့် ဝိတက်ကို သိမ်မွေ့–သိမ်မွေ့စေ၍ ကင်းကွာသွားစေခြင်းပင်ဖြစ်၏။ ထိုအခါ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ (၄)ပါးနှင့် ပြည့်စုံသော ဒုတိယဈာန်ဝိထိ ကျလာ၏။ (ဝါ) ဒုတိယဈာန်ကို ရသွားလေတော့သည်။ ဤဈာန်ကိုလည်း ရှေ့နည်းတူ ခိုင်မြဲအားကောင်းအောင် ဝသီဘော် နိုင်အောင် ပြုရမည် ဖြစ်သည်။

ထိုသို့ ဒုတိယဈာန်ကို ဝသီဘော်နိုင်အောင် လေ့ကျင့်ပြီး၍ တတိယဈာန်ကို တက်လိုသူသည် အခြား ဈာန်အင်္ဂါတစ်ခုဖြစ်သည့် ဝိစာရကို ဖျက်သိမ်းရမည် ဖြစ်သည်။

ဝိစာရသည် ဝိတက်နှင့် အလွန်နီးကပ်သော သဘောရှိသည်။ ဝိစာရသည် ဝိတက်ကတင်ပေးသောစိတ်ကို ကသိုဏ်းနိမိတ်အာရုံပေါ်မှ မသွေဖည် မလျောကျအောင် ထိန်းထားပေးရသော သဘော၊ ဆိုင်းထားရသော သဘောရှိသည်။ ဝိစာရသည် ပဋိဘာဂနိမိတ်အပေါ်၌သာ စိတ်ကို ပို့တင်ထိန်းမတ် ထားမည့်အစား (ဝါ) ဆိုင်းထားမည့်အစား အခြားသော ဒေါသ၊ အဘိဇ္ဈာ၊ ဗျာပါဒတို့အပေါ် ထိန်းသိမ်းပို့တင်မိပါက စူးစိုက်မှု ပျက်ကာ မည်သို့မျှ ဈာန်ဝင်စားခြင်းအလုပ်ကို လုပ်နိုင်တော့မည် မဟုတ်ချေ။ သို့ဖြစ်သောကြောင့် စိတ်စူးစိုက်အားထုတ်သူသည် ဝိစာရကိုလည်း ကျော်လွန်လျှင် (ဝါ) ဖယ်နိုင်လျှင် ကောင်းမည်ဟု သိမြင်ကာ ဝိစာရလွတ်ရာ အထက်ဈာန်သို့ တက်ရခြင်းဖြစ်၏။ ဝိစာရကို ဖျက်သိမ်းပုံမှာ ပထမဈာန်၊ ဒုတိယဈာန်တို့မှာ ကဲ့သို့ပင် ဖြစ်၍ ဈာန်ဝိထိကျပုံမှာ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၃ ပါးဖြင့် ကျ၏။

အချို့ ပုဂ္ဂိုလ်များသည် စိတ်စွမ်းအင် ခိုင်ခံ့မှု ထူးခြားသည့်အလျောက် ပထမဈာန်အင်္ဂါဖြစ်သည့် ဝိတက်ရော၊ ဒုတိယဈာန်အင်္ဂါဖြစ်သည့် ဝိစာရကိုပါ တစ်ချက်တည်းဖျက်သိမ်းကာ အထက် တတိယဈာန်သို့ တက်သွားနိုင်ပါကြ၏။ ဤကဲ့သို့ တက်နိုင်သော ပုဂ္ဂိုလ်တို့အတွက်မှာမူ ရူပဈာန်အဆင့်သည် ၄ဆင့်မျှသာ ရှိ၍ ဝိတက်ပြီးလျှင်–ဝိစာရ စသည်ဖြင့် ဈာန်အင်္ဂါတစ်ခုစီဖျက်သိမ်း၍ ဈာန်တက်သူများအဖို့မှာမူ ရူပဈာန် အဆင့် ၅ ဆင့် ရှိလေသည်။

(ပဥ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



တတိယစျာန်ကိုရရှိပြီး၍ ခိုင်မြဲအားကောင်းအောင် ဝသီဘော်နိုင်အောင်ပြုပြီး၍ အထက်စတုတ္ထစျာန်ကို တက်သောအခါ အခြားစျာန်အင်္ဂါဖြစ်သည့် ပီတိကို ဖျက်သိမ်းရမည် ဖြစ်သည်။ ပီတိသည် အကုသိုလ် "သောမနဿစိတ်"များနှင့် ပေါင်းစပ်မိနိုင်သေးသောကြောင့် စိတ်စူးစိုက်မှုကို ပျက်စေနိုင်သည်၊ ဒုက္ခတရားများကို ဖြစ်စေနိုင်သည်ဟု သိမြင်ကာ ထိုပီတိကို ဖျက်သိမ်း၍ စတုတ္ထစျာန်သို့ တက်၏။ ပီတိကို ဖျက်သိမ်းပုံမှာ အောက်စျာန်များအတိုင်း ဖြစ်၍ စျာန်ဝီထိကျပုံမှာ သုခ–ဧကဂ္ဂတာဟူသော စျာန်အင်္ဂါ ၂ ပါးဖြင့် ဝီထိကျ၏။

စတုတ္ထစျာန်ကိုလည်း ခိုင်မြဲအားကောင်းအောင် ဝသီဘော် နိုင်အောင် လေ့ကျင့်ပြီး၍ အထက်ပဉ္စမစျာန်သို့ တက်သောအခါ အခြားစျာန်အင်္ဂါတစ်ခုဖြစ်သည့် သုခကိုဖျက်သိမ်း၍ ထိုသုခနေရာ၌ ဥပေက္ခာဟုသော သဘောကို အစားထိုးလျက် အထက်ပဉ္စမစျာန်သို့တက်၏။ ထိုသို့ပြုခြင်းမှာ.... သုခသည် ကာမဂုဏ်အာရုံတို့နှင့် နီးစပ်သောကြောင့် စိတ်ခိုင်ခံ့မှု ပျက်စီးနိုင်သည်။ အောက်စျာန်များသို့ လျှောကျပျက်စီးသွားနိုင်သည်။ ထို့ကြောင့် သုခဟူသော ခံစားမှုမရှိဘဲ ( ဝါ ) သုခ–ဒုက္ခခံစားမှုမရှိသော ဥပေက္ခာသဘောရှိလျှင် ကောင်းမည်ဟု သိမြင်ကာ သုခ၌ ဥပေက္ခာကို အစားထိုးခြင်းဖြစ်၏။ အစားထိုးပုံမှာ သုခကိုမုန်း၍ ဥပေက္ခာကို တောင့်တကာ ကသိုဏ်းပဋိဘာဂနိမိတ်ကို အဖန်ဖန်စူးစိုက်ရှုပွားခြင်းပြုရ၏။ ထိုအခါ သုခသည် တဖြည်းဖြည်းသိမ်မွေ့သိမ်မွေ့သွားလျက် 'ကောင်းသည်' ဟု ခံစားသော သဘောလည်း မဟုတ်သော၊ 'မကောင်း'ဟု ခံစားခြင်းသဘောလည်း မဟုတ်သော အလယ်အလတ် ခံစားခြင်း ဥပေက္ခာသဘော ( ဝါ ) ဥပေက္ခာဝေဒနာသည်ဖြစ်၏။ ထို့နောက် ထိုဥပေက္ခာနှင့် ဧကဂ္ဂတာဟူသော စျာန်အင်္ဂါ ၂ ပါးဖြင့် စျာန်ဝီထိကျလေသည်။ ( ဝါ ) စျာန်ဝင်ရောက်လေတော့သည်။ နောက်ဆုံးရလာသော ပဉ္စမစျာန်ကိုလည်း အထက်အရူပစျာန်များသို့ တက်လိုပါက တက်နိုင်ရန် ခိုင်ခံ့နေအောင် ဝသီဘော်နိုင်နင်းနေအောင် လေ့ကျင့်ထားရမည် ဖြစ်၏။

ဤနေရာ၌ အာရုပ္ပဟု ခေါ်သော အရူပစျာန်များ ဝင်ပုံကို မဖော်ပြသေးမီ ကျန်သော ကသိုဏ်းများကို ဝင်စားပုံနှင့် ပတ်သက်၍ အကျဉ်းမျှ ဖော်ပြပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုခဲ့သော မြေကသိုဏ်း (ပထဝီကသိုဏ်း)ကို စူးစိုက်အားထုတ်ရာ၌ အကယ်၍ အားထုတ်သူတွင် ရှေးအတိတ်ဘဝက မြေကသိုဏ်းနိမိတ် ရခဲ့ဖူးသော အထုံဝသီပါခဲ့သူဖြစ်လျှင် ယခုဘဝ၌ အလွယ်ပင်ရနိုင်၏။ ထိုပုဂ္ဂိုလ်မျိုးသည် စူးစိုက်အားထုတ်ရန် ကသိုဏ်းဝန်းကိုပင် ပြုလုပ်နေစရာ မလိုဘဲ ပကတိမြေပြင်ကိုဖြစ်စေ၊ ကောက်နယ်သော တလင်းပြန့်ကိုဖြစ်စေ၊ ထွန်ယက်ထားသော လယ်ကွက် ယာကွက်ကိုဖြစ်စေ၊ "မြေ–မြေ"ဟု စူးစိုက်ရှုမှတ်ခြင်းဖြင့်ပင် ပဋိဘာဂနိမိတ်ရ၍ ဈာန်များတက်သွားနိုင်လေသည်။

ထို့အတူအခြား စိတ်စူးစိုက်စရာ ကသိုဏ်းဖြစ်သည့် ရေကသိုဏ်း (အာပေါ) ကသိုဏ်းကို စူးစိုက်အားထုတ်သူသည်လည်း အကယ်၍ အတိတ်ဘဝက ရေကသိုဏ်းနိမိတ်ရဖူးပါက မပြုမပြင် ပကတိ မြစ်–သမုဒ္ဒရာ–ရေအိုင်–ရေကန်စသည်တို့ရှိ ရေကိုစူးစိုက်ရှုံမှုဖြင့် ကသိုဏ်းနိမိတ်ရကာ အထက်ဈာန်တို့ကို တက်သွားနိုင်လေသည်။ ထိုသို့ အထုံဝသီ မပါခဲ့ပါမူ "ကြည်လင်သော၊ မနောက်ကျုသော၊ ရေကြည်ရေကောင်းကို သပိတ်ခွက်၌လည်းကောင်း၊ ကရား၌လည်းကောင်း၊ အနားရေးနှင့်အမျှ ပြည့်အောင်ဖြည့်၍ဖြစ်စေ"*၊ တစ်တောင်လောက်၊ တောင်ဆုပ်လောက် အဝကျယ်သော၊ အစောက်နက်သော ကန်ငယ် (သို့မဟုတ်) အလားတူအိုးခွက်တို့၌ ကြည်လင်သောရေကို အပြည့်ဖြည့်၍ဖြစ်စေ မြေကသိုဏ်း၌ ဖော်ပြသကဲ့သို့ စူးစိုက်အားထုတ်နိုင်လေသည်။

ဤရေကသိုဏ်း၌ ရလာသော ဥဂ္ဂဟနိမိတ်သည် အပြင်ဘက်က ပရိကမ္မနိမိတ်ရေနှင့် တစ်ထပ်တည်းတူသည်။ အပြင်ဘက်ရေက လှုပ်ရှားလျှင် လှုပ်ရှားသည့်အတိုင်း၊ ရေပွက်ပါလျှင် ရေပွက်ပါသည့်အတိုင်း ထင်မြင်လာသည်။ ပဋိဘာဂနိမိတ်ကို ရောက်လျှင်မူ ရေပွက်မရှိ၊ လှုပ်ရှားခြင်းလည်း မရှိဘဲ မှန်ညိုသားကဲ့သို့ အလွန်ကြည်လင်လေသည်။ ဈာန်အင်္ဂါတို့ကို ဖျက်သိမ်းပုံနှင့် ဈာန်ဝီထိကျပုံ (ဝါ) ဈာန်ဝင်ပုံတို့မှာ မြေကသိုဏ်းကဲ့သို့ပင်တည်း။

မီးကသိုဏ်းကို အားထုတ်သူသည်လည်း ရှေးက အားထုတ်ခဲ့ဖူးသော အထုံဝသီပါရမီရှိခဲ့ပါက ပကတိ မီးပုံ၊ မီးကျီး၊ မီးတောက်၊ ဆီမီး၊ ဖယောင်းတိုင်မီးတို့ကို စူးစိုက်ကြည့်ရှုံမှုဖြင့် ကသိုဏ်းနိမိတ်ရ၍ အထက်ဈာန်များအထိ တက်သွားနိုင်၏။ ထိုသို့ အထုံဝသီ ပါရမီမပါခဲ့ပါက မီးတောက်ကို

* ရှင်နန္ဒမာလာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မြန်မာပြန် – ပတွဲ၊ စာ – ၃၂၅။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ၊ မီးကျီးခဲကိုဖြစ်စေ၊ မပူလောင်နိုင်လောက်သော နေရာတွင်ထား၍ ရှုစိုက်နိုင်၏။သို့မဟုတ် ထိုမီးတောက်၊မီးကျီးစုကို တစ်ထွာခန့်လောက်အဝိုင်း သဏ္ဍာန်ဖောက်ထားသော ဖျာ၊ ရိုင် စသည့် အပေါက်မှ တစ်ဆင့် ရှုစိုက် နိုင်လေသည်။

ဤမီးကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် အပြင်ဘက် ပရိကမ္မနိမိတ် အတိုင်းပေါ်ထင်သည်။ မီးတောက်ဖြစ်လျှင် ထင်း စသည်တို့ကို မီးတောက် လောင်လျက် ရှိသည့်အတိုင်းထင်၍ မီးကျီးခဲစုဖြစ်လျှင် အခိုးအငွေ့တို့အပါ အဝင် မီးကျီးခဲစု အတိုင်းပေါ်ထင်၏။ ပဋိဘာဂနိမိတ်သို့ ရောက်လျှင်မူ ထင်းစသည်တို့ မပါတော့ဘဲ ငြိမ်သက်သောမီးတောက်အနေ၊ အခိုးအငွေ့ ပါသော မီးကျီးခဲစုအနေဖြင့် ကြည်လင်စွာ ထင်ပေါ်လေသည်။ ဈာန် အင်္ဂါတို့ကို ဖျက်သိမ်းပုံနှင့် ဈာန်ဝီထိကျပုံ (ဝါ) ဈာန်တက်ပုံတို့မှာ အထက် က ကသိုဏ်းများ နည်းတူပင်ဖြစ်၏။

လေကသိုဏ်းကို အားထုတ်သူသည်လည်း ရှေးက အားထုတ်ခဲ့ဖူး သော အထုံဝါသီပါရမီရှိခဲ့ပါက ပကတိသဘာဝ တိုက်ခိုက်နေသောလေကို ရှုစိုက်ခြင်းဖြင့်ပင် ကသိုဏ်းနိမိတ်ရ၍ အထက်ဈာန်များအထိ တက်သွား နိုင်၏။ ထိုသို့ အထုံဝါသီပါရမီ မရှိခဲ့ပါက မိမိခန္ဓာကိုယ်၌ တိုက်ခတ်လာ သော လေထိရာကို ရှုစိုက်နိုင်၏။ ထို့ပြင် မြက်ပင်များ၊ ပြောင်းပင်များ စသည်တို့၌ လေသည် ပြေးလွှင့်တိုက်ခတ်နေသည်ဟု အမှတ်ပြု၍ ထိုလေကို ရှုစိုက်နိုင်၏။ ဤသို့ရှုစိုက်သော လေကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် လေ ပွေကဲ့သို့လည်းကောင်း၊ မီးခိုးကဲ့သို့လည်းကောင်း၊ စီးသွားပြေးလွှင့်သော အခြင်းအရာအားဖြင့် လှုပ်ရှားလျက် ထင်ပေါ်၏။ ပဋိဘာဂ နိမိတ်သို့ ရောက်လျှင်မူ မလှုပ်ရှားတော့ဘဲ ငြိမ်သက်စွာပင် ထင်ပေါ်သည်။ ဈာန် အင်္ဂါတို့ကို ဖျက်သိမ်းပုံနှင့် ဈာန်ဝီထိကျပုံ (ဝါ) ဈာန်တက်ပုံတို့မှာ အထက် က ကသိုဏ်းများ နည်းတူပင် ဖြစ်၏။

ကျန်သော အရောင်ကသိုဏ်းများထဲမှ အညိုရောင်ကသိုဏ်းကို ရှု စိုက်အားထုတ်သူသည်လည်း ရှေးကအားထုတ်ခဲ့ဖူးသော အထုံဝါသီပါရမီ ရှိခဲ့သူဖြစ်ပါက အညိုရောင်ရှိသော အရာဝတ္ထုတို့ကို ရှုစိုက်ခြင်းဖြင့် အလွယ် တကူပင် ကသိုဏ်းနိမိတ်ရ၍ အထက်ဈာန်များသို့ တက်သွားနိုင်၏။ ထိုသို့ အထုံဝါသီ ပါရမီ မရှိခဲ့ပါက တစ်ထွာမျှလောက် အလျား၊ အနံ ကျယ်စွာ



www.burmeseclassic.com

www.burmeseclassic.com



သစ်သားပြား ( သို့မဟုတ်) စက္ကူထူပေါ် တွင် ဆေးအနက်ရောင် ခြယ်သ၍ မြေကသိုဏ်းတုန်းကကဲ့သို့ပင် ရှုးစိုက်နိုင်၏။ ထိုအနက်ရောင်ခြယ်ထားသော အပိုင်း ( ဝါ ) ကသိုဏ်းဝန်းကို ဒေါက်ရှိသော ကြည့်မှန် အဝိုင်းသဖွယ် မိမိ ရှေ့၌ အဆင်ပြေစွာ ရှုးစိုက်ကြည့်နိုင်ရန် ထောင်ထားနိုင်အောင် ပြုလုပ်နိုင် ပေသည်။ သို့မဟုတ် မိမိရှေ့ နံရံ၌ မျက်စိနှင့် တစ်တန်းတည်းရှိသော နေရာ လောက်တွင် ကပ်ထောင်ထား၍လည်း ရှုးစိုက်နိုင်သည်။

ဤအညိုကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် အပြင်ဘက် ပရိကမ္မနိမိတ် အညိုရောင်အတိုင်း တစ်ထပ်တည်းတူစွာပင် ထင်ပေါ်၏။ ပဋိဘာဂနိမိတ်ကို ရောက်လျှင်မူ ဥဂ္ဂဟ နိမိတ်ထက် အဆများစွာ ချောမော ညက်ညောစွာ တောက်ပ၍ ထင်လာလေသည်။ ဈာန်အင်္ဂါတို့ကို ဖျက်သိမ်းပုံ၊ လုံ့လစိုက်၍ အားထုတ်ရပုံ၊ ဈာန်ဝီထိကျပုံ၊ ဈာန်တက်ပုံတို့မှာ အထက်က ကသိုဏ်းတို့ ၌ ကဲ့သို့ပင်ဖြစ်၏။

ထို့အတူ ကျန်အရောင်ကသိုဏ်းများဖြစ်သည့် အဝါရောင်ကသိုဏ်း၊ အနီရောင်ကသိုဏ်း၊ အဖြူရောင်ကသိုဏ်းတို့ကို ရှုးစိုက်ရာ၌လည်း ပါရမီရှိသူ တို့၌ အလွယ်တကူ နိမိတ်ရပုံ၊ မပါသူတို့အဖို့ ကသိုဏ်းဝန်းပြုလုပ်ပုံ၊ ရှုးစိုက် ပုံတို့မှာလည်း အထက်ပါ အညိုကသိုဏ်းအတိုင်းပင် ဖြစ်၏။ အဝါ ကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် အပြင် ပရိကမ္မနိမိတ် အဝါရောင်နှင့် တစ်ထပ် တည်းတူစွာပင် ထင်ပေါ်သည်။ ပဋိဘာဂနိမိတ်သို့ ရောက်သောအခါ ဥဂ္ဂဟ နိမိတ်ထက်အဆများစွာညက်ညောခြင်း၊ ရွှေရောင်၊ ရွှေအဝန်းအဝိုင်းကဲ့သို့ တောက်ပခြင်းဖြင့်ထင်၏။ အနီရောင် ကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် အပြင် ဘက်က ပရိကမ္မနိမိတ်ဖြစ်သည့် အနီရောင်အတိုင်းပင် တစ်ထပ်တည်းထင် ပေါ်၍ ပဋိဘာဂ နိမိတ်သို့ရောက်သောအခါ ဥဂ္ဂဟနိမိတ်ထက် အဆများ စွာ ညက်ညော၍ ပတ္တမြားရောင်၊ ပတ္တမြားအလုံးအဝန်းသဖွယ် ထင်ပေါ် သည်။ အဖြူရောင်ကသိုဏ်း၌လည်း ဥဂ္ဂဟနိမိတ်သည် အပြင်ဘက်က ပရိ ကမ္မနိမိတ် အဖြူရောင်အတိုင်းပင်ထင်၍ ပဋိဘာဂနိမိတ်သို့ ရောက်သော အခါ ဥဂ္ဂဟနိမိတ်ထက် အဆများစွာ ညက်ညော ဖြူစင်တောက်ပစွာထင် ပေါ်လေသည်။ ဈာန်အင်္ဂါတို့ကို ဖျက်သိမ်းပုံ၊ ဈာန်ဝီထိကျပုံ၊ ဈာန်တက် ပုံတို့မှာ အထက်က ကသိုဏ်းတို့၌ ကဲ့သို့ပင်တည်း။

အလင်းရောင် ကသိုဏ်း ( ဝါ ) အလင်းကသိုဏ်းကို ရှုးစိုက်အား ထုတ်သူသည် အဆောက်အအုံ အမိုးပေါက်၊ နံရံပေါက်များမှ နေရောင်



www.burmeseclassic.com

www.burmeseclassic.com



(သို့မဟုတ်) လရောင်ဝင်လာ၍ အခန်းအတွင်း ကြမ်းပြင် နံရံတို့အပေါ် ကသိုဏ်းနိမိတ်သဖွယ်ထင်နေသောအလင်းရောင်ကွက်ကို စူးစိုက်ရလေသည်။ ထိုသို့ သဘာဝအတိုင်း ဖြစ်ပေါ်လာသော အလင်းကသိုဏ်းမျိုး မရပါက မီးရောင်ဖြင့်ဖြစ်စေ၊ နေရောင်ကိုတစ်မျိုးမျိုး ထိန်းချုပ်၍ဖြစ်စေ အလားတူ ကသိုဏ်းရအောင် ဖန်တီးယူနိုင်လေသည်။

ဤ အလင်းကသိုဏ်း၌လည်း ဥဂ္ဂဟနိမိတ်သည် အပြင်ဘက် ပရိကမ္မနိမိတ်အလင်းရောင်အတိုင်း တစ်ထပ်တည်း တူစွာထင်သည်။ ပဋိဘာဂနိမိတ်သို့ ရောက်သောအခါ ဥဂ္ဂဟနိမိတ်ထက် သာလွန်စွာ အရောင်လုံး အရောင်ခဲသဖွယ် ထွန်းလင်း၍ ထင်လေသည်။ ဈာန်အင်္ဂါတို့ကို ပယ်ပုံ၊ ဈာန်ဝီထိကျပုံ၊ ဈာန်ထက်ပုံတို့မှာ အထက်က ကသိုဏ်းများကဲ့သို့ပင် ဖြစ်၏။

ကောင်းကင်ကသိုဏ်းကို စူးစိုက်အားထုတ်သူသည် ( အဝိုင်းသဏ္ဍာန် အမိုးပေါက်၊ နံရံပေါက်မှတစ်ဆင့် ရှုမြင်သောကြောင့် အဝိုင်းသဏ္ဍာန်ဖြစ်နေသော) အပြင်ဟင်းလင်းပြင် ( ဝါ ) ကောင်းကင်ပြင်ကို နိမိတ်အဖြစ် စူးစိုက်အားထုတ်နိုင်၏။ လေးထောင့်ပြတင်းမှ မြင်ရသော လေးထောင့်သဏ္ဍာန်ကောင်းကင်ကိုလည်း စူးစိုက်နိုင်သည်။ ထိုသို့ အလွယ်တကူ အဝိုင်းသဏ္ဍာန် အပေါက်စသည် မရှိပါကလည်း ဖန်တီးယူ၍ စူးစိုက်နိုင်သည်။

ဤကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် အမိုးစွန်း၊ နံရံစွန်းများနှင့် အတူ ထင်ပေါ်တတ်သော်လည်း ပဋိဘာဂနိမိတ်သို့ ရောက်သောအခါ အမိုးစွန်းစသည်ပျောက်၍ ကောင်းကင်ဟင်းလင်းပြင် ကွက်ချည်း ထင်လေတော့သည်။ ဈာန်အင်္ဂါတို့ကို ပယ်ပုံ၊ ဈာန်ဝီထိကျပုံ၊ ဈာန်တက်ပုံတို့မှာလည်း အထက်က ကသိုဏ်းများကဲ့သို့ပင် ဖြစ်သည်။

ဤနေရာအထိ စိတ်စူးစိုက်စရာ ကသိုဏ်း (၁၀)မျိုးအနက် မိမိ နှစ်သက်ရာကသိုဏ်းတစ်ခုခုကို ရွေးချယ်စီမံ၍ စူးစိုက်အားထုတ်နိုင်သည်။ ပညာရှင်များအနေနှင့် ထိုကသိုဏ်းတို့အနက် အရောင်ကသိုဏ်းတို့မှာ စူးစိုက်ရ အလွယ်ဆုံးနှင့် နိမိတ်အရ အလွယ်ဆုံးဟု အမှတ်ပြုကြ၏။ ကသိုဏ်းဝန်းလုပ်ရာ၌လည်း များစွာ လျင်မြန်လွယ်ကူသော ကသိုဏ်းများ ဖြစ်ကြသည်။

တစ်ဖန်ထိုအရောင်ကသိုဏ်းတို့အနက် အဖြူရောင် ကသိုဏ်းကိုစူးစိုက်အားထုတ်ရန် မြန်မာဗုဒ္ဓဝါဒီ သုတေသီတို့က အများဆုံးညွှန်ကြားသည်ကို တွေ့ရ၏။ ထိုသို့ညွှန်ကြားခြင်းသည် အောက်ပါဗုဒ္ဓ၏ စကားကြောင့် ဖြစ်တန်ရာသည်။

(ပဉ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့ .... ရဟန်းသည် လက်ဖျစ်တစ်တွက်မျှလောက် အဖြူကသိုဏ်းကို အကယ်၍ စူးစိုက်အားထုတ် ငြားအံ့.... လက်ဖျစ်တစ်တွတ်မျှလောက် စူးစိုက်အားထုတ်သော ထို ရဟန်းကို ဈာန်တရားနှင့် မကင်းဆိတ်ဘဲ နေသောသူ ဟူ၍ ငါဆို၏။"*

သို့ရာတွင် အခြားကသိုဏ်းများနှင့် ပတ်သက်၍လည်း အထက်ပါ နည်းအတိုင်း ဗုဒ္ဓဖော်ပြခြင်းများ ရှိသောကြောင့် မည်သည့်ကသိုဏ်းမဆို မိမိကြိုက်နှစ်သက်ပါက စူးစိုက်အားထုတ်နိုင်သည်သာ ဖြစ်လေသည်။ ဗုဒ္ဓ ဝါဒီသုတေသီတို့အလိုအရ ကသိုဏ်းတစ်ခုကိုနိုင်နင်းပါက အခြားကသိုဏ်း များကို အလွယ်တကူ ဝင်စားနိုင်ပြီဖြစ်၏။ မြင့်မားသော စိတ်တန်ခိုး ရလိုပါက ဖော်ပြပါ ကသိုဏ်း ၁၀–ပါးလုံးကို ဝင်စားနိုင်အောင် (ဝါ) အပြန်ပြန်အလှန်လှန် ဆင်းနိုင်တင်နိုင်အောင် လေ့ကျင့်ရမည်ဖြစ်သည်။

ရူပဈာန် ၅ ဆင့်ကို ဝင်စားနိုင်ပြီဖြစ်သော ပုဂ္ဂိုလ်သည် အထက် ဈာန်များဖြစ်သည့် အရူပဈာန်များသို့ တက်ရောက်ရန်ဆန္ဒ ဖြစ်လာသည်။ အရူပဈာန်တို့မှာ ၄ ဆင့်ရှိ၍ ထိုဈာန်များကို တက်ရောက်ရန် အတွက် အာရုပ္ပလေးပါး (ဝါ) အာရုပ္ပကမ္မဋ္ဌာန်းဟု ခေါ်သော စူးစိုက်စရာ လေး မျိုးကို ထပ်မံ စူးစိုက်ရပြန်သည်။ အာရုပ္ပကမ္မဋ္ဌာန်းဟူသည်မှာ ရုပ်လွန် သဘောများ (ရူပဈာန်တက်စဉ်က စူးစိုက်ခဲ့သည့် မြေကသိုဏ်း၊ အလင်း ရောင်ကသိုဏ်းစသော ကသိုဏ်း ၁၀ မျိုးမှာကဲ့သို့ ရုပ်ကို အမှီပြုခြင်းမျိုး မဟုတ်သော စူးစိုက်စရာများ)ကို ဆိုလိုခြင်းဖြစ်သည်။ ယင်းတို့မှာ ....

၁။ အဆုံးအစမရှိ အနန္တ ကောင်းကင်ပညတ် (အာကာသာ နဉ္စာယတန)
၂။ အစအဆုံးမရှိ အနန္တဝိညာဉ်သဘော (ဝိညာနဉ္စာယတန)
၃။ ဘာမျှမရှိခြင်းသဘော (ဝါ) ဘာမျှမရှိခြင်းတည်းဟူသော ပညတ် (နတ္ထိဘောပညတ်)(အာကိဉ္စညာယတန)
၄။ အသိ(ဝါ) သညာရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ် သောသဘော(နေဝသညာနာသညာယတန)တို့ပင် ဖြစ်လေ သည်။ ယင်းတို့ကို စူးစိုက်ပုံမှာ အောက်ပါကဲ့သို့ ဖြစ်၏။

---

* အပရ အဆီရာသင်္ဂါတဝဂ် – ဧကကနိပါတ် – အင်္ဂုတ္တရနိကာယ်။



www.burmeseclassic.com

www.burmeseclassic.com



မြေကသိုဏ်းစသည်တို့မှ ရလာသော (ရူပ ပဋိဘာဂနိမိတ်) ကို စူးစိုက်အားထုတ်၍ ရူပဈာန် ၅ ဆင့်ကို ရပြီးသောအခါ ရူပ ပဋိဘာဂနိမိတ်အစား 'အစအဆုံးမရှိ အနန္တကောင်းကင်ပညတ်'သို့ ကူးပြောင်းအားထုတ်ရ၏။ ကူးပြောင်းအားထုတ်ပုံမှာ ရူပပဥ္စမဈာန်ကို ဝင်စားပြီး၍ ဈာန်မှ ထပြီးလျှင် စိတ်က....ထိုပဋိဘာဂနိမိတ်ကို တစ်ရစ်ပြီးတစ်ရစ် ပို၍ ကျယ်လာအောင်ချဲ့ရ၏။ အဆုံးအစမထင်သော အနန္တအာကာသနှင့် တစ်သားတည်း၊ တစ်သဘောတည်းဖြစ်အောင် ချဲ့ရ၏။ ထိုအခါ အစအဆုံးဟူ၍ မရှိသော အနန္တအာကာသနှင့် တစ်သားတည်း ဖြစ်မှုကြောင့် ပဋိဘာဂနိမိတ်သည်လည်း ပျောက်ကွယ်သွားလေသည်။ ထိုသို့ ပျောက်ကွယ်သွားသောကြောင့် ဤအရူပဈာန်၏ အထက်တွင်ရှိသော ကျန် အရူပဈာန်များ၌ ရပ်မှုရသော ကသိုဏ်းနိမိတ် ( ဝါ ) ရုပ်ပေါ်တွင်မှီ၍ရသော ကသိုဏ်းနိမိတ်မပါတော့ချေ။ ဤနည်းအားဖြင့် မြေကသိုဏ်းအစရှိသည့် အကြမ်းစားကသိုဏ်းမှ ဖြစ်ပေါ်လာသော ပဋိဘာဂနိမိတ်ကို အဆုံးအစမရှိသော အနန္တကောင်းကင်ပညတ်ဖြင့် အစားထိုးက ဖျက်သိမ်းလိုက်လေသည်။*

ထိုသို့ ပဋိဘာဂနိမိတ်ပျောက်၍ အဆုံးအစမရှိသော အာကာသပညတ်ကို ရပါက ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၂ ပါးဖြင့် ဈာန်ဝီထိကျကာ ပထမအရူပဈာန် (အာကာသာနဉ္စာယတနဈာန်)ကို ရရှိသွားသည်။

ထို အာကာသနဉ္စာယတနဈာန်ကို ဝသီဘော် နိုင်နင်းအောင် လေ့ကျင့်ပြီးနောက် ဒုတိယ အရူပဈာန်သို့ တက်လိုသောအခါ "ရပြီးသောဈာန်သည် ရူပဈာန်နှင့်နီးသေးသည်။ဝီရိယလျှော့လိုက်သည်နှင့် တစ်ပြိုင်နက်အောက်ဈာန်များသို့ လျှောကျဖွယ်ရှိသည်" ဟု ထိုပထမ အရူပဈာန်၏ အပြစ်ကို ရှုပွားပြီးလျှင် စောစောက အာကာသနိမိတ်ပညတ်ကို အာရုံမပြု

---

* ဤနေရာ၌ မှတ်သားစရာတစ်ခုရှိသည်မှာ.... ပထမ အရူပဈာန်ကို တက်ရာ၌ ကသိုဏ်း ၁၀ ပါးအနက် အာကာသကသိုဏ်းဖြင့်ရလာသော ပဥ္စမရူပဈာန်မှ တစ်ဆင့်တက်၍ မရသော အချက်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုပထမအရူပဈာန်မှ အစအဆုံးမရှိသော အာကာသ ကောင်းကင်ပညတ်နှင့် ထိုရူပပဥ္စမဈာန်မှ ကောင်းကင်ကသိုဏ်းနိမိတ်တို့သည် သဘောချင်းတူလျက်ရှိ၏။ ထိုအခါ ရုပ်မဲ့အရူပပထမဈာန်သို့ တက်သည့်အခါ စောစောက ရူပပဥ္စမဈာန်မှ ကသိုဏ်းနိမိတ်ဖြစ်သည့် အာကာသကောင်းကင် ကသိုဏ်းနိမိတ်ကို ပစ်ပယ်ရန် မတတ်နိုင်သောကြောင့်ပင် ဖြစ်သည်။

(ပဉ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ "အစအဆုံးမရှိ အနန္တဝိညာဏ်သဘော"ကို စူးစိုက်ရှုပွား၏။ ထိုသို့ စူးစိုက်ရှုပွား၍ 'အဆုံးအစမရှိ အာကာသ ပညတ်' ပျောက်သွားသော အခါ ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော စျာန်အင်္ဂါ ၂ ပါးဖြင့်ပင် စျာန်ဝီထိ ကျကာ ဒုတိယအရူပစျာန် (ဝိညာဏဥ္စာယတနစျာန်) ကို ရရှိလေသည်။

ရူပ ပဥ္စမစျာန်မှ ပထမအရူပစျာန်သို့ တက်သောအခါက ပဋိဘာဂ နိမိတ်ကို အာကာသပညတ်ဖြင့် အစားထိုးကာ ဖျက်သိမ်းရသကဲ့သို့ – ဤ ဒုတိယ အရူပစျာန်၌လည်း အစအဆုံးမရှိ အာကာသပညတ်ကို 'အစအဆုံး မရှိ ဝိညာဏ်သဘော' ဖြင့် အစားထိုး ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။

ဒုတိယ အရူပစျာန်ကိုရပြီး၍ တတိယအရူပစျာန်သို့ တက်လိုသော အခါ ဒုတိယ အရူပစျာန်ကို ဝသီဘော်နိုင်နင်းအောင် လေ့ကျင့်ရပြန် သည်။ ထို့နောက် အစအဆုံးမရှိ အနန္တဝိညာဏ်သဘောကို အာရုံမပြုတော့ဘဲ 'ဘာမျှမရှိခြင်း' (နတ္ထိဘောပညတ်)ကို စူးစိုက်ရှုပွား၏။

ဤနေရာ၌ "ဘာမျှမရှိခြင်း" ကို အာရုံပြု၍ စူးစိုက်မှု ပြုခြင်း မှာ ဖြစ်နိုင်ပါမည်လောဟု သံသယဖြစ်ဖွယ်ရှိ၏။ သို့ရာတွင် ဗုဒ္ဓဒေသနာ တို့ အလိုအရ 'ဘာမှမရှိခြင်း'ကို အာရုံပညတ် အဖြစ်ယူ၍ ရနိုင်သည်။ ဘာမျှမရှိခြင်းကို ဗုဒ္ဓဒေသနာများ၌ အောက်ပါ ဥပမာဖြင့် ဖော်ပြထား သည်ကို တွေ့ရ၏။

"ရဟန်းတစ်ပါးသည် သံဃာပရိသတ်ကို သိမ်အတွင်း၌ တွေ့မြင်ရ ပြီးနောက် အပြင်သို့ ထွက်ခွာသွား၏။ ထိုရဟန်း ထွက်ခွာသွားပြီးနောက် သိမ်အတွင်းမှ ရဟန်းများသည်လည်း ထွက်ခွာသွားကြ၏။ ရဟန်းသည် သိမ်သို့ပြန်လာသောအခါ သံဃာများကို မတွေ့ရတော့ချေ။ သိမ်အတွင်း ၌ ဘာမျှမရှိခြင်း၊ (မည်သူတို့မှ မရှိခြင်း)ကို တွေ့ရလေတော့သည်။" * ဆိုလိုသည်မှာ "ဘာမျှမရှိခြင်းသဘောသည် – ဘာမျှ မရှိခြင်းအနေဖြင့် ရှိ နေခြင်း"ကို ဆိုလိုခြင်းဖြစ်သည်။ ထိုဘာမျှ မရှိခြင်းကို အာရုံပြု၍ စူးစိုက် နိုင်သည်ဟု ဆိုလိုသည်။

ဆိုခဲ့သော နတ္ထိဘာဝ (ဝါ) နတ္ထိပညတ်ကို စူးစိုက်နှလုံးသွင်း၍ 'အစ အဆုံးမရှိသည့် ဝိညာဏ်သဘော'** ပျောက်ကွယ်သွားသောအခါ ဥပေက္ခာ၊

* ဦးတိလောက (သေက္ခုတောင်ဆရာတော်) ညွှန်းပြီး၊ စာ – ၅၀၄။

** ဤနေရာ၌သုံးနှုန်းနေသော ဝိညာဏ်သည် ဖော်ပြခဲ့သည့် အိန္ဒိယဒဿနဂိုဏ်း များတွင် တွေ့ရှိသော ပရမအတ္တ၊ ဇီဝအတ္တ အစရှိသော သဘောမျိုးတို့ နှင့် မတူကြောင်း သတိပြုစေလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ၂ ပါးဖြင့် ဈာန်ဝီထိကျကာ တတိယအရူပဈာန် ( အာကိဉ္စညာယတန ဈာန်) ကို ရရှိသည်။

ဤဈာန်၌လည်း အစအဆုံးမရှိ ဝိညာဏ်သဘောကို 'ဘာမျှ မရှိခြင်း' တည်းဟူသော ပညတ်နိမိတ်ဖြင့်ပင် အစားထိုးကာ ဖျက်သိမ်းလိုက်ခြင်းပင် ဖြစ်၏။

ထို တတိယ အရူပဈာန်ကိုလည်း ဝသီဘော်နိုင်အောင် လေ့ကျင့်ရ၏။ ထိုသို့လေ့ကျင့်ပြီး၍ စတုတ္ထအရူပဈာန်သို့ တက်လိုသောအခါ တတိယအရူပဈာန်၏ 'ဘာမျှ မရှိခြင်း' ပညတ်ကို အာရုံပြုလျက် တတိယ အရူပဈာန်ကို ဝင်စားရ၏။ ဝင်စားပြီး၍ ဈာန်မှထပြီးလျှင် ထိုဝင်စားခဲ့သော တတိယဈာန်မှ ချုပ်သွားသည့် ဈာန်စိတ် "ဝိညာဏ်"ကို အထပ်ထပ်အာရုံပြုလျက် စူးစိုက်၏။ ထိုသို့ အထပ်ထပ် စူးစိုက်နှလုံးသွင်းရင်းဖြင့် စူးစိုက်နှလုံးသွင်းရာ ဝိညာဏ်သည် အလွန်သိမ်မွေ့ကာ အသိသညာရှိသည်၊ မရှိသည်ကိုပင် ကေန်အားဖြင့် မပြောနိုင်တော့ချေ။ ထိုအခါ ဥပေက္ခာ၊ ကေဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ၂ ပါးဖြင့်ပင် ဈာန်ဝီထိကျကာ စတုတ္ထအရူပဈာန် (နေဝသညာ နာသညာယတနဈာန်)ကို ရရှိသွား၏။

ဤအရူပဈာန်သည် နောက်ဆုံးရအပ်သော အမြင့်ဆုံး ဈာန်ပင်ဖြစ်သည်။

အထက်ဖော်ပြပါ ဈာန်တို့ထက်မြင့်သော ( ၈ ) ထို ဈာန်ဝင်စားမှုသမာပတ်တို့ထက်မြင့်သော အဆင့်မှာမူ နိရောဓသမာပတ်ဟု ခေါ်သော ဝင်စားမှုပင်ဖြစ်၏။ သို့ရာတွင် ထိုနိရောဓသမာပတ်ကို လောကီဈာန်များဖြစ်ကြသည့် ရူပ၊ အရူပဈာန်များကို အလုံးစုံရသော်လည်း ဝင်စားနိုင်သည်မဟုတ်ချေ။ ယင်း နိရောဓသမာပတ်ကို အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်၊ ပစ္စေကဗုဒ္ဓါနှင့် ဘုရားရှင်တို့သာ ဝင်စားနိုင်ကြသည်။ ထိုအထဲတွင် အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်တိုင်းလည်း နိရောဓသမာပတ်ကို ဝင်စားနိုင်သည် မဟုတ်ချေ။ ဖော်ပြခဲ့သည့် ရူပ၊ အရူပဈာန် အားလုံးကို ကျွမ်းကျင်စွာ လေ့ကျင့်ခဲ့ပြီး၍ ဝိပဿနာသို့ ကူးပြောင်း အားထုတ်ကာ သက်ဆိုင်ရာ မဂ်ဖိုလ်သို့ ဆိုက်ရောက်ကြသည့် အနာဂမ်ပုဂ္ဂိုလ်၊ ရဟန္တာတို့သာ ဝင်စားနိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နိရောဓသမာပတ်ကို ဝင်စားရာ၌ ရှေးဦးစွာ ရူပ ပထမစျာန်ကို တစ်ခဏမျှ ဝင်စား၍ စျာန်မှထပြီးလျှင် ထို ပထမစျာန်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတင်၍ ရှုမှတ်၏။ ထို့နောက် ဒုတိယစျာန်ကို ဝင်စား၏။ စျာန်မှထပြန်၍ ဒုတိယစျာန်ကိုလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ တင်၍ ရှု၏။

ဤနည်းအတိုင်း အာကိဉ္စညာယတန စျာန်တိုင်အောင် ဝင်စား၍ ထို စျာန်မှထပြီးလျှင်* .... "မည်သည့်အခါတွင် သမာပတ်မှ ထနိုင်စေ"ဟု အဓိဋ္ဌာန်ပြု၍ နေဝသညာ နာသညာယတန စျာန်ကို ဝင်စားရ၏။ ထိုစျာန်ကို ဝင်စား၍ စျာန်ဇော ၁ ကြိမ်၊ ၂ ကြိမ်မျှလောက် ကျပြီးလျှင် စိတ်အစဉ် ပြတ်သွားကာ (စိတ်စေတသိက်တို့ မရှိတော့သော) အဖြစ်သို့ ရောက်သွားသည်။ ဤသို့ စိတ်စေတသိက်တို့ ချုပ်ခြင်းသို့ ဆိုက်ရောက်နေခြင်းကိုပင် နိရောဓသမာပတ်ဝင်စားသည်ဟု ခေါ်ခြင်းဖြစ်၏။

ထို သမာပတ်မှ ထသောအခါ နိဗ္ဗာန်ကိုအာရုံပြုလျက် ဖိုလ်စိတ်ဖြင့် ပေါ်လာ၍ နိရောဓသမာပတ်မှထသည်။ ဤနေရာ၌ ဘဝင်စိတ်၊ ဝီထိစိတ်တို့သည် စျာန်သမာပတ်များ ဝင်စားရာ၌ မည်သို့ဖြစ်ပေါ်ပါဝင်လျက်ရှိသည်ကို ဖော်ပြရန်လိုမည် ထင်ပါသည်။

အခန်း (၁၀)၌ ဖော်ပြခဲ့ပြီးသည့်အတိုင်း စိတ်ဖြစ်စဉ် (ဝါ) စိတ်လမ်းကြောင်း ဝီထိတစ်ခု၌ အောက်ပါကဲ့သို့ စိတ် ၁၇ ချက် ပါဝင်လျက်ရှိ၏။

| | | | |
|---|---|---|---|
| ၁။ | အတိတ်ဘဝင်<br>(အတီတဘဝင်) | = | အာရုံကလာမဖြတ်မီ-မဝင်မီ ရှိနေနှင့်သော စိတ်အခြေအနေ။ |

---

* ဗုဒ္ဓလက်ထက်အခါက ရဟန်းတော်များသည် ( နိရောဓသမာပတ် ) ဝင်စားခါနီး၌ ....
၁။ မည်သည့်အခါ၌ သမာပတ်မှ ထနိုင်စေဟူ၍လည်းကောင်း၊
၂။ ဘုရားရှင်ခေါ်လျှင် သမာပတ်မှ ထနိုင်စေဟူ၍လည်းကောင်း၊
၃။ သံဃာ့ကိစ္စရှိ၍မိမိအားအလိုရှိလျှင် သမာပတ်မှ ထနိုင်စေ ဟူ၍လည်းကောင်း၊
၄။ သမာပတ်ဝင်စားနေစဉ် ငါ၏ပရိက္ခရာ၊ ကျောင်းသင်္ခမ်းစသည် တို့သည် ဘာတစ်ခုမျှ မထိခိုက် မပျက်စီးနိုင်စေဟူ၍ လည်းကောင်း အဓိဋ္ဌာန်ပြုကာ ဝင်စားကြ၏။ ထိုသို့အဓိဋ္ဌာန်ပြု၍ သမာပတ်ဝင်စားနေသော ပုဂ္ဂိုလ်ကို မီးနှင့် ရှို့စေ၊ သတ်ဖြတ်စေ မထိခိုက်နိုင်ချေ။ မည်သို့မျှ မဖျက်ဆီးနိုင်ချေ



www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၂။ | လှုပ်ရှားသွားသောဘဝင် (ဘဝင်္ဂစလန) | = | အဆင်း၊ အသံ၊ အနံ့စသည့်အာရုံတို့ အနက်မှတစ်ခုခု (ဥပမာ–အဆင်း တည်းဟူသော အာရုံက လာ၍လှုံ့ ဆော်ဝင်ရောက်လာသောကြောင့်) လှုပ်ရှားသွားသောစိတ်။ |
| ၃။ | ပြတ်သွားသောဘဝင် (ဘဝင်္ဂုပစ္ဆေဒ) | = | အာရုံလှုံ့လှုံ့ ဝင်ရောက်၍ ဘဝင်စိတ် အစဉ်ကိုဖြတ်တောက်ပစ်လိုက်သော ကြောင့် အစဉ်ပြတ်သွားသောစိတ်။ |
| ၄။ | အာရုံဘက်သို့ ရှေးဦးစွာ လှည့်ပေးသောစိတ် (ပဥ္စဒွါရ ဝဇ္ဇန်း) | = | ဖြတ်တောက် ဝင်ရောက်လာသော အာရုံဘက်ဆီသို့လှည့်ပေးလိုက်သော စိတ်။ |
| ၅။ | သက်ဆိုင်ရာ ဒွါရစိတ် (ဝိညာဏ်) | = | သက်ဆိုင်ရာ – မျက်စိစိတ်၊ နားစိတ် စသည် ဖြစ်ပေါ်လာသောစိတ်။ |
| ၆။ | အာရုံကို လက်ခံသည့်စိတ် (သမ္ပဋိစ္ဆိုင်း) | = | ဝင်လာသော အာရုံကို (ဧည့်သည် အား အိမ်ရှင်ကလက်ခံသကဲ့သို့)ဝင် လာသောအာရုံကိုလက်ခံလိုက်သော စိတ်။ |
| ၇။ | စုံစမ်းသည့်စိတ် (သန္တီရဏ) | = | ဝင်လာသော (စောစောကအဆင်း) နှင့်ပတ်သက်၍ မည်သည့်အဆင်းမျိုး ဖြစ်လေသနည်း။နှစ်သက်ဖွယ်အဆင်း ဖြစ်လေသလော စသည်ဖြင့် စုံစမ်း သောစိတ်။ |
| ၈။ | ဆုံးဖြတ်သည့်စိတ် (ဝုဋ္ဌော) | = | ထိုသို့စုံစမ်းပြီးနောက်၌အဆင်းကား ဤသို့ဤသို့သောအဆင်း(ဝါ)ဤ သို့ဤနှယ် နှစ်သက်ဖွယ်အဆင်းဖြစ် သည်ဟု ဆုံးဖြတ်လိုက်သောစိတ်။ |



www.burmeseclassic.com

www.burmeseclassic.com



၉–၁၅။ စုံစမ်းစူးစမ်းပြီး၍ နှစ်သက်ဖွယ် အဆင်းအဖြစ် သိမြင် ဆုံးဖြတ်
(ဇောစိတ်များ) ပြီးနောက် နှစ်သက်သာယာသောစိတ်
တို့ ၇ ကြိမ်မျှ ဆက်၍ ဖြစ်၏။

၁၆–၁၇။ ထိုနှစ်သက် သာယာခံစားစိတ် ၇ ကြိမ်တို့ အရှိန်မကုန်သေး
(တဒါရုံ) သောကြောင့် နောက်လိုက်အဖြစ် ခံစား
သော (တဒါရုံ) စိတ် ၂ ကြိမ် ဖြစ်၏။
ထို့နောက် မူလဘဝင်စိတ်ပြန်၍ဖြစ်၏။

အထက်ပါ ၁၇ ချက်သည် ဝီထိတစ်ခု ( ဝါ ) စိတ်၏ ဖြစ်လေ့ရှိသော ဖြစ်စဉ်လမ်းကြောင်း တစ်ခုပင် ဖြစ်သည်။

အကယ်၍ စိတ်အတွင်းမှ လာသော အာရုံဖြစ်ပါက နံပါတ် ( ဂ ) ဝုဋ္ဌောအဆင့်မှစ၍ စိတ်ဖြစ်စဉ် ဝီထိလမ်းကြောင်းသည် ဆက်လက်ဖြစ်ပေါ်သည်။ ဝီထိစိတ်သည် ဖော်ပြပါ လမ်းအဆင့်များအတိုင်းအာရုံတစ်ခုအပေါ်၌ အထပ်ထပ်ဖြစ်ပေါ်၏။ ဝီထိကျမှု ( ဝါ ) စိတ်၏ သိမှုဖြစ်စဉ်ကို အထက်ပါကဲ့သို့ အဆင့်များဖြင့် ဖော်ပြထားရသော်လည်း တကယ့်ဖြစ်စဉ်၌မူ စိတ်ဖြစ်စဉ် မြန်လွန်းလှ၍ ထိုအဆင့်များကို ကျော်ဖြတ်ရကြောင်းကို ကျွန်ုပ်တို့၏ ဉာဏ်မျှဖြင့် သိမြင်နိုင်သည် မဟုတ်ချေ။

အထက်တွင် ဖော်ပြခဲ့သည့် မြေကသိုဏ်း အစရှိသည့် စိတ်စူးစိုက်စရာများကို စူးစိုက်အားထုတ်နေသော သူ၏ စိတ်သည် ပရိကမ္မသမာဓိအဆင့်သို့ ရောက်သောအခါ ဝီထိစိတ်သည် ထိုကသိုဏ်းနိမိတ် (အာရုံ) ပေါ်သို့ အထပ်ထပ် သွားရောက်လျက်ရှိ၏။ ( ဝါ ) ကျရောက်လျက်ရှိ၏။ သို့ရာတွင် သမာဓိ မခိုင်လှသေးသောကြောင့် ဝီထိစိတ်တစ်ခုနှင့်တစ်ခုအကြား ဘဝင်စိတ်များ ခြားနေပေသေးသည်။ "ဝီထိစိတ်တစ်ခုနှင့်တစ်ခုအကြား ဘဝင်စိတ်များ ခြားနေသေးသည်" ဟု ဆိုခြင်းမှာ ဝီထိစိတ်အစဉ်သည် ကသိုဏ်း နိမိတ်အာရုံမှ သွေဖည်ပျံ့လွင့်ကာ အခြားအခြားအာရုံများအပေါ်သို့ ရောက်သွားနိုင်ခြင်းကို ဆိုလိုသည်။ တစ်နည်းအားဖြင့် ....တစ်ကြိမ်တွင် ဝီထိစိတ်တို့သည် ကသိုဏ်းအာရုံပေါ်၌ တစ်ဆက်တည်း စူးစိုက်ကျရောက် ဖြစ်ပေါ်နေကြ၍ အခြားအခါ၌မူ စိတ် စူးစိုက်မှု

(ပဌမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



သမာဓိအားပျက်ပြားစေသည့် အခြားအာရုံတို့ပေါ်သို့ ရောက်သွားနိုင်ခြင်းကို ဆိုလိုသည်။ သို့ဖြစ်၍ ပရိကမ္မသမာဓိအဆင့်၌ ဝီထိသည် တစ်ဆက်တည်း မဖြစ်နိုင်သေးဘဲ ဝီထိတစ်ခုနှင့် တစ်ခုသည် ခြား၍နေပေသေးသည်။

ဥပစာရ သမာဓိအဆင့်သို့ရောက်လျှင်မူ စိတ်လွင့်ပါးမှု မရှိတော့ဘဲ ဝီထိစိတ်တို့သည် ကသိုဏ်းအာရုံနိမိတ် (ဥဂ္ဂဟနိမိတ်) တစ်ခုတည်းအပေါ်၌သာ အထပ်ထပ် ဖြစ်ပေါ် ကျရောက်လျက် ရှိပြီဖြစ်သည်။ သို့ရာတွင် အာရုံနိမိတ် တစ်ခုတည်း အပေါ်၌သာ အထပ်ထပ် ဖြစ်ပေါ်နေသည် ဆိုသော်လည်း ဝီထိတစ်ခုနှင့် တစ်ခုကြားတွင် ဘဝင်စိတ်ကား ခြားလျက်ပင် (ဝါ) ဘဝင်စိတ် ပြန်ဖြစ်လျက်ပင် ရှိနေသေးသည်။

စိတ်ခိုင်ခံ့မှု သမာဓိပို၍ ကောင်းအောင် ဆက်လက် စူးစိုက်အားထုတ်သောအခါ ပဋိဘာဂနိမိတ် ပေါ်လာ၍ အပ္ပနာသမာဓိ အဆင့်သို့ ရုတ်တရက် ရောက်သွား၏။ အားထုတ်သူသည် အပ္ပနာသမာဓိ အဆင့်သို့ ရုတ်တရက် ရောက်သွားသည်ဟု ဆိုရာ၌ စိတ္တက္ခဏ တစ်ချက်စာမျှ လောက်သာ အပ္ပနာသမာဓိကို တွေ့ကြုံ လိုက်ရခြင်းကို ဆိုလိုသည်။ အားထုတ်သူသည် ထိုသို့ အပ္ပနာသမာဓိကို တစ်ခဏမျှ ကြုံတွေ့ပြီးနောက် ဥပစာရသမာဓိအဆင့်သို့ ပြန်ကျပြီး ဘဝင်နှင့် ဝီထိ စိတ်တို့သည်လည်း ဆင့်ကဲဆင့်ကဲဆက်လက် ဖြစ်ပေါ်နေလေသည်။ စိတ္တက္ခဏတစ်ချက်စာမျှ အပ္ပနာသမာဓိကို တွေ့ကြုံသော်လည်း ထိုအပ္ပနာ သမာဓိသည် အလွန်ထင်ရှား၍ ငြိမ်းအေးကြည်လင်မှု အပြည့်ရှိသောကြောင့် မိမိသည် ဈာန်သမာဓိကို ရလိုက်ပြီဖြစ်ကြောင်း ကျိန်းသေသိရှိနိုင်ပေသည်။ ရှေးအခါက တွေ့ကြုံဖူးသမျှတို့နှင့် လုံးဝမတူ၊ ဖော်ပြခြင်းငှာ မတတ်ကောင်းသည့် အရသာအတွေ့ထူးမျိုးကို အားထုတ်သူသည် ယခု ပထမအကြိမ် အဖြစ် တွေ့ကြုံခံစားလိုက်၏။ ဤအတွေ့အကြုံမျိုးကို ရပါက အားထုတ်သူသည် ပထမဈာန်ကို ဝင်စားနိုင်ပြီ ဖြစ်လေသည်။

ဈာန်ဝင်စားရာ၌မူ ဘဝင်စိတ်အစဉ်မှ တစ်ကြိမ်ဖြတ်ထွက်လိုက်သည်နှင့် တစ်ပြိုင်နက် စိတ်သည်ဘဝင်စိတ်ပြန်ဖြစ်သည်မရှိတော့ဘဲ ဝီထိစိတ်တို့သည် ပဋိဘာဂနိမိတ်အပေါ်၌ ဆက်ကာဆက်ကာ ဖြစ်နေတော့သည်။ ဤသည်ကိုပင် ဈာန်ဇောများ ဆက်ကာဆက်ကာ ကျနေသည်ဟုလည်း ပြောနိုင်သည်။ ဈာန်မှ မထမချင်း ဈာန်ဝီထိတို့သည် ဆက်လက်၍ ဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ထို့နောက်.... ဈာန်မှထသောအခါ ဈာန်ဝီထိမှ 'ဈာန်ဇောစိတ် အစဉ်' ပြတ်ကာ ရှေးနည်းတူ ဝီထိနှင့် ဘဝင်စိတ်တို့သည် (နိုးကြားနေသော အခြေအနေမှာကဲ့သို့ပင်) ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်နေကြသည်။ ရူပဈာန်ဖြစ်စေ၊ အရူပဈာန်ဖြစ်စေ ဈာန်ဟူသမျှတွင် ဝီထိစိတ်အစဉ်ဖြစ်ပေါ်မှုမှာ ခြားနားခြင်းမရှိချေ။

သို့ရာတွင် နိရောဓသမာပတ် ဝင်စားရာ၌ ပထမဈာန်ကစတင်၍ ဝစီကံ၊ မနောကံ စသည့် လှုပ်ရှားမှုတို့ အဆင့်ဆင့်ချုပ်ငြိမ်းစေရန် ရူပ–အရူပဈာန်အားလုံးကို အစဉ်အတိုင်း ဝင်စားရ၏။ ထိုသို့ဝင်စားလျက်ရှိစဉ် ဝီထိအစဉ်သည် ရုတ်တရက်ပြတ်သွားကာ သညာနှင့် ဝေဒနာတို့ ချုပ်ငြိမ်းသွားသော နိရောဓသမာပတ်ကို ဝင်စားမိလေတော့သည်။ ဘဝင်အစဉ် ဝီထိအစဉ်တို့သည် ယခုအခါ မရှိတော့ချေ။ နာမ်သဘောတရားတို့သည် ချုပ်ခဲ့ပြီဖြစ်၍ ရုပ်ခန္ဓာကိုယ်သည် သာမန် အမြင်အားဖြင့် သက်မဲ့ ခန္ဓာကြီးသဖွယ်ဖြစ်လျက်ရှိသည်။

ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုခါနီး၌ နိရောဓသမာပတ်ကို ဝင်စားသောအခါ သက်မဲ့ကဲ့သို့ဖြစ်သွားသော ဗုဒ္ဓကိုကြည့်၍ အရှင်အာနန္ဒာသည် အရှင်အနုရုဒ္ဓါအား "အရှင်ဘုရား – ဘုန်းတော် ကြီးသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါပြီလော"ဟု မေးလျှောက်၏။ ဤတွင် အရှင်အနုရုဒ္ဓါက ဗုဒ္ဓသည် ပရိနိဗ္ဗာန် မစံဝင်သေးကြောင်း၊ နိရောဓသမာပတ်ကို ဝင်စားလျက်ရှိခြင်းသာဖြစ်ကြောင်း အရှင်အာနန္ဒာအား ပြောပြ၏။*

ဤနေရာ၌ နိရောဓသမာပတ်ကို ဝင်စားသူသည် သညာမှုနှင့် ဝေဒနာမှုတို့ ချုပ်ငြိမ်းပြတ်စဲပြီဖြစ်ရာ အဘယ်ကြောင့် အသက်မချုပ်ပျက်ပါသနည်းဟု မေးမြန်းဖွယ်ရှိ၏။ အသက်မချုပ်ပျက်ခြင်းမှာ – အတိတ်ဘဝက ပြုခဲ့သော ကံဟောင်းတို့၏ အရှိန်သည် မကုန်သေးသောကြောင့် ဟု ဖြေရမည်ဖြစ်သည်။ ကံအရှိန်မကုန်သေးသောကြောင့် ခန္ဓကိုယ်၌ အသက်သည် ယာယီငုပ်လျှိုးပျောက်ကွယ်နေသည့် သဘောအနေနှင့် တည်ရှိနေနိုင်လေသည်။

ဗုဒ္ဓဒေသနာများ၌ – စိတ်စူးစိုက် ခိုင်ခံ့မှု သမာဓိ စွမ်းအင်ကြောင့် ထိုက်သင့်သော တန်ခိုးအဘိညာဉ်များကို ဖြစ်စေနိုင်သော်လည်း တန်ခိုး

---

* မဟာပရိနိဗ္ဗာနသုတ် – မဟာဝဂ် – ဒီဃနိကာယ်။



www.burmeseclassic.com

www.burmeseclassic.com



အဘိညာဉ်အပြည့်အစုံကိုမူ ဖော်ပြခဲ့သည့် ကသိုဏ်း ၁၀ ပါးကို လေ့ကျင့်၍ ဈာန်တို့ကို နိုင်နိုင်နင်းနင်း ရရှိပါမှ အပြည့်အစုံ ဖြစ်စေနိုင်သည်။ သို့ရာတွင် ကသိုဏ်း ၁၀ ပါးကို လေ့ကျင့်ခဲ့၍ တန်ခိုးအဘိညာဉ်တို့ကို ဖြစ်စေခဲ့ဖူးသော ပါရမီရှိသူ ဖြစ်ပါက ရူပဈာန် ၅ ဆင့်ကို ရလျှင်ပင် တန်ခိုးအဘိညာဉ် အလုံးစုံကို ရနိုင်သည်။ ထိုသို့ ပါရမီမပါရှိပါက ရူပဈာန်များအပြင် အရူပဈာန် ၄ ဆင့်လုံးကို ရရှိပါမှ အလုံးစုံသော တန်ခိုးအဘိညာဉ်များကို ရရှိနိုင်သည်ဟု ဖော်ပြထားသည်ကို တွေ့ရ၏။

ရရှိလာနိုင်သော တန်ခိုးအဘိညာဉ်တို့မှာ ပဓာနအားဖြင့် –

၁။ မိမိ ဖြစ်လို ရလိုရာကို ဖန်ဆင်းနိုင်သော တန်ခိုးအစွမ်းသတ္တိ (ဣဒ္ဓိဝိဓ)

၂။ အဝေးအနီး မည်သည့်နေရာ၌ရှိသော အရာပင်ဖြစ်စေ မြင်လိုက မြင်နိုင်သော တန်ခိုးအစွမ်းသတ္တိ (ဒိဗ္ဗစက္ခု)

၃။ အဝေးအနီး မည်သည့်နေရာ၌ အသံပင်ဖြစ်စေ၊ ကြားလိုက ကြားသိနိုင်သော တန်ခိုး အစွမ်းသတ္တိ (ဒိဗ္ဗသောတ)

၄။ သူတစ်ပါး၏ စိတ်အကြံ စိတ်သဘောကို သိနိုင်စွမ်းသော တန်ခိုးအစွမ်းသတ္တိ (ပရစိတ္တဝိဇာနန)

၅။ ရှေးရှေးဘဝ အဆက်ဆက်ကို ပြန်လည် သိမြင်နိုင်သော တန်ခိုးအစွမ်းသတ္တိ (ပုဗ္ဗေနိဝါသ) တို့ပင် ဖြစ်၏။

တန်ခိုးအဘိညာဉ်တို့ကို ဖြစ်ပေါ်စေရာ၌ စိတ်စူးစိုက်ရာ ကမ္မဋ္ဌာန်းလေးဆယ်အနက်က ကသိုဏ်း ၁၀ ပါးကို စူးစိုက်အားထုတ်မှ ဖြစ်စေနိုင်ကြောင်းဖော်ပြခဲ့ပြီးဖြစ်၏။ တစ်စုံတစ်ခုသော တန်ခိုးအစွမ်းသတ္တိအဘိညာဉ်ကို ဖြစ်စေရန် အောက်ပါကဲ့သို့ ဈာန်တို့၌ လေ့ကျင့်ရမည် ဖြစ်သည်။

၁။ ကျင့်ရိုးကျင့်စဉ်မှာ.... မိမိရအပ်ပြီးသော ကသိုဏ်းပဋိဘာဂနိမိတ်တစ်ပါးပါး ( ပထဝီကသိုဏ်းမှရသော နိမိတ်၊ သို့မဟုတ် မီးကသိုဏ်းမှရသော နိမိတ်စသည် နိမိတ်တစ်မျိုးမျိုး) ကို ပထမအခြေပြုပြီး ပဥ္စမဈာန်ကို ဝင်ရသည်။ ဤဈာန်သည် လက်မှန်အစပျိုးလိုက်သည့် ဈာန်မျှဖြစ်၍ ဈာန်အဘိညာဉ်ဝင်ရန်အလို့ငှာ ( ဝါ ) တန်ခိုးအဘိညာဉ် ဖြစ်စေရန်အလို့ငှာ ကြိုတင်၍ အခြေခံ ပြုလိုက်သော ဈာန်သာဖြစ်၏။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးအဘိညာဉ် ဖြစ်စေဖို့ရန်၊ အခြေခံပြုရသော စျာန်ဖြစ်ခြင်းကြောင့် ထိုပဉ္စမစျာန်ကို ဗုဒ္ဓဒေသနာများ၌ "ပါဒက - ပဉ္စမစျာန်"ဟု ခေါ်သည်။

၂။ ထိုသို့ တန်ခိုးအဘိညာဉ်ကို ဖြစ်စေရန် အခြေခံစျာန်ကို ရယူဝင်စားပြီးနောက် ထိုစျာန်မှထကာ တန်ခိုးအဘိညာဉ်ဖြစ်စေရန်အတွက် (ဖြစ်ကောင်းသမျှသော အဓိဋ္ဌာန်များကို ပြု၍) တန်ခိုးအဘိညာဉ်ကို ဖြစ်စေမည့် သက်ဆိုင်ရာစျာန်ကို ဝင်စားရပြန်သည်။ ထိုသို့ ဝင်စားသော စျာန်ကို အဘိညာဉ် ပဉ္စမစျာန်ဟုခေါ်သည်။

၃။ ထိုအဘိညာဉ်စျာန်မှထ၍ "ဤနေရာ.... ဤအခါ စသည်၌ သက်ဆိုင်ရာ တန်ခိုး အဘိညာဉ်ဖြစ်ပေါ်စေ" .... ဟု ဆန္ဒညွှတ်လိုက်သောအခါ ထိုသက်ဆိုင်ရာ တန်ခိုး ဖန်ဆင်းမှုသည် ထင်ရှားဖြစ်ပေါ်လာသည်။

တန်ခိုး အစွမ်း သတ္တိအမျိုးမျိုးကို ဖန်ဆင်းနိုင်ရန်အတွက် စျာန်အားလုံးကို လွန်စွာ နိုင်နင်း ကျွမ်းကျင်ရမည် ဖြစ်သောကြောင့် ပထမရူပစျာန်မှ နောက်ဆုံး အရူပစျာန်ဖြစ်သော နေဝသညာ နာသညာယတနစျာန်တိုင်အောင် အစဉ်အတိုင်း (အနုလုံ) အထပ်ထပ် ဝင်စားရ၏။ ထို့နောက် နေဝသညာ နာသညာယတန အရူပစျာန်မှတစ်ဖန် အောက်ပထမရူပစျာန်တိုင်အောင် နောက်ပြန်အစဉ်အတိုင်း ( ပဋိလုံ) အထပ်ထပ်ဝင်စားရ၏။ ထို့ပြင် အသွားအပြန် ( အနုလုံ ပဋိလုံ) အားဖြင့်လည်း အထပ်ထပ် ဝင်စားရ၏။

ထိုနည်းတူ ကသိုဏ်းဆယ်မျိုးလုံး၌လည်း စျာန်တို့ကို ကျွမ်းကျင်စွာ ဝင်စားနိုင်ရမည်ဖြစ်၏။ သို့ဖြစ်၍ မြေကသိုဏ်းမှ ကောင်းကင်ကသိုဏ်း (အာကာသကသိုဏ်း) တိုင်အောင် အစဉ်အတိုင်းတက်၍ (အနုလုံအားဖြင့်) အကြိမ်များစွာ ဝင်စားရမည်ဖြစ်၏။ ထို့နောက် ကောင်းကင်ကသိုဏ်းမှ အစဆုံး မြေကသိုဏ်းတိုင်အောင် နောက်ပြန် အစဉ်အတိုင်း (ပဋိလုံအားဖြင့်) အကြိမ်များစွာ ဝင်စားရမည်ဖြစ်၏။

ထိုသို့ သက်ဆိုင်ရာစျာန်နှင့် သက်ဆိုင်ရာ ကသိုဏ်းတို့ကို တွဲ၍ အသွားအပြန် (အနုလုံပဋိလုံ) ဝင်စားရာ၌ စျာန်သက်သက်ကိုချည်း တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကျော် တစ်ခုကျော် (ဆိုလိုသည်မှာ စျာန်ကို အနုလုံ တစ်ခုခြားစီ၊ ပဋိလုံ တစ်ခုခြားစီ) ဝင်နိုင်အောင် လေ့ကျင့်သကဲ့သို့ ကသိုဏ်းတို့ကိုလည်း တစ်ခုကျော် တစ်ခုကျော်စီ.... တစ်ခုခြား တစ်ခုခြားစီ စူးစိုက်နိုင်အောင် လေ့ကျင့်ရမည်ဖြစ်၏။ ဆိုလိုသည်မှာ မြေကသိုဏ်း၌ ပထမစျာန်ကို ဝင်စား၍ ယင်းမှထပြီးလျှင် ဒုတိယစျာန် ဝင်စားရန် အလှည့်ကျသည့် ဒုတိယ ရေကသိုဏ်းကို ချန်ခဲ့ ကျော်ခဲ့၍ မီးကသိုဏ်း၌ စူးစိုက်အာရုံယူကာ တတိယစျာန်ကို ဝင်စားနိုင်အောင် လေ့ကျင့်ရမည်ဖြစ်၏။ ထို့နောက် စတုတ္ထစျာန်ဝင်ရန် အလှည့်ကျသည့် လေကသိုဏ်းကို ချန်ခဲ့ကျော်ခဲ့၍ အညိုရောင်ကသိုဏ်းကို စူးစိုက်အာရုံယူကာ ပဉ္စမစျာန်ကို ဝင်စားနိုင်အောင် လေ့ကျင့်ရမည်ဖြစ်၏။

ထို့နောက် ပထမ အရူပစျာန်ဖြစ်သည့် အာကာသာနဉ္စာယတနစျာန်ကို ချန်ထားခဲ့၊ ကျော်ခဲ့၍ ဒုတိယ အရူပစျာန်ဖြစ်သည့် ဝိညာဏဉ္စာယတနစျာန်ကို ဝင်စားနိုင်အောင် လေ့ကျင့်ရမည်ဖြစ်၏။ (ပထမ အရူပစျာန်မှ ကျော်လွန်လာသော် နောက် အရူပစျာန် သုံးဆင့်၌ ကသိုဏ်းနိမိတ်မပါရ တော့ချေ။ မပါအောင် ပထမ အရူပစျာန်၌ ကသိုဏ်းပဋိဘာဂနိမိတ်ကို ဖျက်သိမ်းခဲ့ရမည်ဖြစ်သည်။ ယင်းနှင့် ပတ်သက်၍ ရှေ့တွင်ဖော်ပြခဲ့ပြီးဖြစ်၏။) ထို့နောက် တတိယအရူပစျာန်ဖြစ်သည့် အာကိဉ္စညာယတနစျာန်ကို ကျော်ခဲ့၍ စတုတ္ထအရူပစျာန်ဖြစ်သည့် နေဝသညာ နာသညာယတနစျာန်ကို ဝင်စားနိုင်အောင် လေ့ကျင့်ရမည် ဖြစ်၏။

ထို့နောက် နေဝသညာနာသညာယတနစျာန်မှထ၍ နောက်ပြန်အစဉ် (ပဋိလုံ) အားဖြင့် ပြန်ဆင်းသောအခါတွင်မူ တတိယအာကိဉ္စညာယတနစျာန်ကို ဝင်စား၍ ထို့နောက် ဒုတိယ အရူပစျာန်ဖြစ်သည့် ဝိညာဏဉ္စာယတနစျာန်ကို ကျော်ကာ ပထမအရူပစျာန်ဖြစ်သည့် အာကာသာနဉ္စာယတနစျာန်ကို ဝင်စားနိုင်အောင် လေ့ကျင့်ရမည်ဖြစ်သည်။

ထို့နောက်ရူပပဉ္စမစျာန်ဝင်ရန် အလှည့်ကျသည့် အညိုရောင်ကသိုဏ်းကို ကျော်ခဲ့၍ လေကသိုဏ်း၌ စတုတ္ထစျာန်ဝင်နိုင်အောင် လေ့ကျင့်ရမည်ဖြစ်၏။ ထို့နောက် တတိယစျာန်ဝင်ရန် အလှည့်ကျသည့် မီးကသိုဏ်းကို ကျော်ခဲ့၍ ရေကသိုဏ်း၌ ဒုတိယစျာန် ဝင်စားနိုင်အောင် လေ့ကျင့်ရမည်ဖြစ်၏။ ထို့နောက်တွင် မြေကသိုဏ်း၌ ပထမစျာန်ကို ဝင်စားပြီး ထိုမှတစ်ဖန်



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြခဲ့သည့်အတိုင်း အထက်သို့ပြန်တက်ခြင်းဖြင့် အထပ်ထပ်လေ့ကျင့်နိုင်လေသည်။

အထက်ပါ အသွားအပြန်စျာန်နှင့် ကသိုဏ်းကျော်၍ အဆင်းအတက်ဝင်စားမှုအစဉ်တွင် မပါသေးသော စျာန်နှင့် ကသိုဏ်းတို့ကိုလည်း မြေကသိုဏ်းမှအစပြုကာ အတက်အဆင်း၊ အဆင်းအတက်ပြုသကဲ့သို့မခြွင်းမချန် လေ့ကျင့်ရမည်ဖြစ်သည်။ မြေကသိုဏ်းပြီးလျှင် ရေကသိုဏ်းကို (အထက်ပါ မြေကသိုဏ်းမှစ၍ အတက်အဆင်း၊ အဆင်းအတက် ပြုသကဲ့သို့) လေ့ကျင့်ရမည်ဖြစ်သည်။ ကျန်ကသိုဏ်းတို့ကိုလည်း ထိုနည်းအတူ မခြွင်းမချန်လေ့ကျင့်ရမည်ဖြစ်သည်။သတိထားဖွယ်တစ်ခုရှိသည်မှာ .... အရူပပထမစျာန် (အာကာသာ နဉ္စာယတနစျာန်) ဝင်သည့်အခါ အကယ်၍ အာကာသကသိုဏ်းနိမိတ်နှင့် တက်ရန်ကြုံနေပါက အခြား (ထိုအတက်အဆင်းပြုနေသော အစဉ်၌မပါသေးသည့်) ကသိုဏ်းနိမိတ်တစ်ခုခုကိုယူ၍ စျာန်တက်ရမည် ( ပါ ) စျာန်ဝင်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အထက်အရူပစျာန်များ၌ ကသိုဏ်းနိမိတ်မပါရသောကြောင့် အကယ်၍ ပထမအရူပစျာန်၏ ယူရာပညတ်နှင့် တူနေသော အာကာသကသိုဏ်းနိမိတ် ဖြစ်နေပါက ထိုကသိုဏ်းနိမိတ်ကို ဖျက်သိမ်းရန် မဖြစ်နိုင်သောကြောင့်ပင်တည်း။

ထို့ပြင် စျာန်၌ကျွမ်းကျင်စေရန် စျာန်တိုင်းစျာန်တိုင်းကို ဝင်စား၍ စျာန်မှထကာ ထိုစျာန်အသီးသီး၌ရှိ စျာန်အင်္ဂါတို့ကို ဆင်ခြင်မိရန်လည်း လေ့ကျင့်ရမည်ဖြစ်၏။ ထိုသို့ စျာန်အင်္ဂါတို့ကို ဆင်ခြင်ပြီးမှ နောက် - နောက် သက်ဆိုင်ရာစျာန်တို့ကို ဝင်စားဖို့ရန်လည်း လေ့ကျင့်ရမည်ဖြစ်၏။

စျာန်တို့ကို နိုင်နင်းလာသောအခါ၌ မိမိကြိုက်သလို စျာန်တို့ကို ၂ခုကျော်၊ ၃ခုကျော် ဝင်စားခြင်း၊ စျာန်အစဉ်ကို အလယ်မှ ဖြတ်ဖောက်၍ ဝင်စားခြင်း စသည်ဖြင့် မိမိလိုသလို ဝင်စားနိုင်မည်ဖြစ်သည်။

စျာန်နှင့် ကသိုဏ်းတို့၌ ကျွမ်းကျင်နိုင်နင်းလာသောအခါ ဖော်ပြခဲ့သော ပဓာနတန်ခိုး အဘိညာဉ် ၅ မျိုးကို ဖြစ်စေနိုင်ပြီဖြစ်သည်။ ထိုသို့ စျာန်အမျိုးမျိုး၌ နည်းအမျိုးမျိုးဖြင့် ဝင်စားနိုင်သောစိတ်သည် လွန်စွာခိုင်ကျည်သော စိတ်ဖြစ်၏။ စိတ်၏ခိုင်ကျည်မှုကြောင့် နီဝရဏ အစရှိသော အညစ်အကြေးတို့မှ ကင်းကွာလျက် လွန်စွာ ကြည်လင်လျက်ရှိ၏။ ထိုသို့ ကြည်လင်မှုကြောင့်ပင် စိတ်၌အမျက်ဒေါသ အစရှိသည်တို့ဖြင့် ကြမ်းတမ်း



www.burmeseclassic.com

www.burmeseclassic.com



မှုမရှိဘဲ လွန်စွာ သိမ်မွေ့လျက်လည်းရှိသည်။ ထိုစိတ်အခြေအနေမျိုး (၀၁) ချာန်တို့ကို အထက်ပါကဲ့သို့ နိုင်နင်းသောအခြေအနေမျိုးကိုရပါက တန်ခိုးသတ္တိအဘိညာဉ်အမျိုးမျိုးကိုဖြစ်စေ၊ ရစေနိုင်ကြောင်းကို ဗုဒ္ဓသည် 'သာမညဖလသုတ်' အစရှိသည့် သုတ်ပေါင်း မြောက်မြားစွာ၌ ဖော်ပြထား၏။

ထိုသို့ သက်ဆိုင်ရာတန်ခိုးအဘိညာဉ်တို့ကို ဖြစ်စေရန်အတွက် သက်ဆိုင်ရာ ကသိုဏ်းတို့ကို ဝင်စားရန်လိုသည်။ ဝိသုဒ္ဓိမဂ်၌ သက်ဆိုင်ရာတန်ခိုးအစွမ်းသတ္တိများကို ဖြစ်စေနိုင်သော သက်ဆိုင်ရာကသိုဏ်းများကို အောက်ပါကဲ့သို့ ဖော်ပြထား၏။

ပထဝီ(မြေ) ကသိုဏ်း၏ အစွမ်းဖြင့် လူပုဂ္ဂိုလ် အရာအထောင်မက ဖြစ်စေနိုင်ခြင်း၊ တိရစ္ဆာန်အသွင်မျိုးမျိုးဖြစ်စေနိုင်ခြင်း၊ ကောင်းကင်၌ မြေပြင်ဖြစ်စေ၍ သွားခြင်း၊ ရပ်ခြင်း ထိုင်ခြင်းတို့ကို ဖြစ်စေနိုင်ခြင်း၊ ရေပေါ်၌ မြေပြင်ဖြစ်စေ၍ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်းတို့ကို ဖြစ်စေနိုင်ခြင်း၊ သစ်ပင်တောတောင်၊ အိမ်ယာ အဆောက်အအုံ တည်းဟူသော အထည်ဝတ္ထုတို့ကို ဖြစ်စေနိုင်ခြင်း စသည့် မြေဓာတ်သဘော၊ ဝတ္ထုကိုယ်ထည်သဘောနှင့် ဆိုင်ရာတို့ကို ဖြစ်စေနိုင်သည်။

အာပေါ(ရေ) ကသိုဏ်း၏အစွမ်းဖြင့် မြေ၌ ရေပြင်သဖွယ် လျှိုးငုပ်သွားလာနိုင်ခြင်း၊ မိုးရွာစေခြင်း၊ မြစ် သမုဒ္ဒရာတို့ကို ဖြစ်စေနိုင်ခြင်း၊ ပကတိရေကို နို့၊ ပျားရည်၊ ဆီ စသည်ဖြစ်စေခြင်း၊ ကိုယ်မှ ရေတို့ ဖြာထွက်စေခြင်း၊ မြေ၊ တောင်၊ ပြာသာဒ် အဆောက်အအုံတို့ကို လှုပ်စေနိုင်ခြင်း စသည့် ရေ၏ လှုပ်ရှားမှု၊ ဖြစ်ပေါ်နိုင်မှု သဘာဝနှင့် စပ်ဆိုင်သည်တို့ကို ဖြစ်စေနိုင်သည်။

တေဇော(မီး) ကသိုဏ်း၏ အစွမ်းဖြင့် မိမိကိုယ်မှလည်းကောင်း၊ တစ်ပါးသော ဝတ္ထုမှလည်းကောင်း အခိုးထွက်စေခြင်း၊ မီးလျှံကိုဖြစ်စေခြင်း၊ မီးလောင်စေလိုသော အရာကို လောင်စေနိုင်ခြင်း၊ ပရိနိဗ္ဗာန်ပြုရာ၌ မိမိကိုယ်ကို တေဇောဓာတ် ကျွမ်းစေနိုင်ခြင်း စသည်တို့ကို ဖြစ်စေနိုင်၏။ ပရိနိဗ္ဗာန်ပြုရာ၌ မိမိကိုယ်ကို တေဇောဓာတ် ကျွမ်းလောင်စေခဲ့သော ရှင်ဗကုမထေရ်၊ ရှင်ဒဗ္ဗမထေရ်တို့ အကြောင်းကို ဗုဒ္ဓစာပေများ၌ အထောက်အထားများအဖြစ် တွေ့ရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါယော (လေ) ကသိုဏ်း၏ အစွမ်းဖြင့် လေကဲ့သို့ လျင်မြန်သော အမှုကို ပြုစေနိုင်ခြင်း၊ လေးသောအရာကို ပေါ့စေခြင်း၊ လေမုန်တိုင်း ထစေနိုင်ခြင်း စသည့်တို့ကို ဖြစ်စေနိုင်၏။

နီလ (အညို) ကသိုဏ်း၏ အစွမ်းဖြင့် ညိုသောအဆင်း၊ ညိုသော ဝတ္ထုအစရှိသည့် အညိုရောင်နှင့် ပတ်သက်ရာတို့ကို ဖြစ်စေနိုင်သည်။ ပီတ (အဝါ) ကသိုဏ်း၏ အစွမ်းအားဖြင့် ဝါရွှေသော အဆင်းအရောင်၊ ဝါရွှေသော ဝတ္ထုပစ္စည်းစသည့် အဝါရောင်နှင့် စပ်ဆိုင်ရာတို့ကို ဖြစ်စေနိုင်သည်။ လောဟိတ (အနီ) ကသိုဏ်း၏ အစွမ်းအားဖြင့် နီသောအရောင် နီသော ပစ္စည်း စသည့် အနီရောင်နှင့် သက်ဆိုင်ရာတို့ကို ဖြစ်စေနိုင်သည်။

အဖြူ (ဩဒါတ) ကသိုဏ်း၏ အစွမ်းအားဖြင့် ဖြူသောအရောင် ဖြူသော ဝတ္ထုပစ္စည်းတို့ကို ဖြစ်စေနိုင်သည်။ အမှောင်၌ အလင်းကို လည်းကောင်း၊ ဒိဗ္ဗစက္ခုရလိုသောအခါ အလင်းကိုလည်းကောင်း ဖြစ်စေနိုင်သည်။

အာလောက (အလင်း) ကသိုဏ်း၏ အစွမ်းအားဖြင့် မိမိ ကိုယ်မှ အရောင်ထွက်စေခြင်း၊ အရောင်အလင်းတို့ကို ဖြစ်စေ၍ အမှောင်ကို ပယ် ဖျောက်နိုင်ခြင်းကိုလည်းကောင်း၊ ဒိဗ္ဗစက္ခုရှုရာ၌ အလင်းကိုလည်းကောင်း ဖြစ်စေနိုင်သည်။

အာကာသ (ကောင်းကင်) ကသိုဏ်း၏ အစွမ်းအားဖြင့် ဖုံးကွယ် နေသော အရာတို့ကို ထင်ရှားမြင်ရအောင် ပြုနိုင်ခြင်း၊ မြေအတွင်း တောင် အတွင်းနံရံတံတိုင်းအတွင်း၌ ကောင်းကင်ဟင်းလင်းပြင်ဖြစ်စေကာမည်သည့် အရာတို့နှင့်မျှ မထိမငြိဘဲ ထိုးဖောက်သွားနိုင်ခြင်းတို့ကို ဖြစ်စေနိုင်သည်။

ကသိုဏ်း ၁၀ ပါးလုံး၏ အစွမ်းဖြင့် မမြင်စေလိုသော အရာကို မမြင်အောင် ကွယ်ထားနိုင်ခြင်း၊ ငယ်သောအရာကို ကြီးစေခြင်း၊ ကြီး သောအရာကို ငယ်စေခြင်း၊ နီးသောအရပ်ကို ဝေးစေခြင်း၊ ဝေးသော အရပ်ကို နီးစေခြင်း၊ သူတစ်ပါးအား မေ့လျော့စေသော အကြောင်း အရာကို မေ့ထားစေနိုင်ခြင်း စသည်တို့ကို ဖြစ်စေနိုင်သည်။ သို့ဖြစ်၍....

အထက်ပါ အစွမ်းသတ္တိအမျိုးမျိုးရှိသော ကသိုဏ်းတို့ကို ကျွမ်း ကျင်ပြီးသောအခါ....

(ယွမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



၁။ ဣဒ္ဓိဝိဓအဘိညာဉ်တည်းဟူသော (မိမိလိုရာကို ဖန်ဆင်းနိုင်ခြင်း) အစွမ်းသတ္တိကို ဖြစ်စေနိုင်ပြီဖြစ်သည်။ ထိုအဘိညာဉ်ကို ဖြစ်စေပုံမှာ ဖော်ပြခဲ့သည့်အတိုင်း မိမိရအပ်ပြီးသော ကသိုဏ်းပဋိဘာဂနိမိတ် တစ်ပါးပါးကို ပထမအခြေပြုပြီး ပဉ္စမဈာန်ကိုဝင်ရ၏။ ဤပဉ္စမဈာန်သည် အဘိညာဉ်အတွက် ဦးစွာ ကြိုတင်ပြင်ဆင်လိုက်သော ဈာန်ဖြစ်၏။ တစ်နည်းအားဖြင့် အခြေခံအဖြစ်ယူရသော ဈာန်ဖြစ်၏။ ထိုသို့ အခြေခံယူပြီးသော ပဉ္စမဈာန်မှထ၍ "ဤအချိန် ဤနေရာစသည်၌ ဖြစ်စေလိုသော အဘိညာဉ်ကို ဖြစ်ပေါ်စေရမည်" စသည်ဖြင့် အဓိဋ္ဌာန်ပြု၍ (ပါဒကပဉ္စမဈာန်နှင့်တူသည့်) အဘိညာဉ်ပဉ္စမဈာန်ကို ဝင်စားပြန်၍ ထိုဈာန်မှထ၍ ဖြစ်စေလိုရာကို ဆန္ဒပြုလိုက်သောအခါ* သက်ဆိုင်ရာ အဘိညာဉ်သည် ဖြစ်ပေါ်လာသည်။ ဤသို့ဖြင့် မိမိဖြစ်လိုရာ ဣဒ္ဓိဝိဓအဘိညာဉ်တို့ကို ဖြစ်စေနိုင်သည်။

၂။အဝေးအနီး မည်သည့်နေရာက မည်သည့် အသံမျိုးကိုမဆို ကြားနိုင်ခြင်း (ဒိဗ္ဗသောတအဘိညာဉ်) အစွမ်းကို ရလိုလျှင် လေကသိုဏ်း အစရှိသည့် ပေါ့ပါးသော ကသိုဏ်း၌ အထက်တွင်ဖော်ပြသကဲ့သို့ အခြေခံပဉ္စမဈာန်ကို ဝင်စားပြီးနောက် ထိုဈာန်မှထ၍ ကြားလိုသော အသံအတွက် ဆန္ဒညွှတ်ပါက ကြားလိုရာကို ကြားနိုင်သည်။

၃။ သူတစ်ပါး၏ စိတ်အခြေအနေ၊ အကြံအစည်ကို သိနိုင်ခြင်း (ပရစိတ္တဝိဇာနနအဘိညာဉ်) အစွမ်းကို ရလိုပါကလည်း အဖြူရောင် (ဩဒါတကသိုဏ်း) အစရှိသည့် ကသိုဏ်း၌ အထက်၌ဖော်ပြသကဲ့သို့ ဤအခြေခံဈာန်ကို ဝင်စား၍ ထိုဈာန်မှထပြီးလျှင် သိလိုသော တစ်ဖက်ပုဂ္ဂိုလ်၏ စိတ်အခြေအနေကိုသိရန် ဆန္ဒညွှတ်လိုက်သောအခါ သိလိုရာကို သိနိုင်သည်။

၄။ မည်သည့်နေရာတွင်မဆို ရှိသောအရာကိုမြင်နိုင်ခြင်း (ဒိဗ္ဗစက္ခုအဘိညာဉ်) အစွမ်းကိုရလိုပါကလည်း မီးကသိုဏ်း၊ အဖြူကသိုဏ်း၊ အလင်းကသိုဏ်းတို့အနက် တစ်ခုခု၌ ဈာန်ကို ဝင်စားပြီးနောက် မိမိ မြင်လိုသော အရာကိုမြင်ရန် ဆန္ဒညွှတ်သောအခါ မြင်လိုရာကိုမြင်နိုင်သည်။ သတ္တဝါတို့သည် မည်သည့်ကံကို ပြုခဲ့သောကြောင့် မည်ကဲ့သို့သော အကျိုးပေးများကို

* "ဤသို့ဖြစ်ပါစေ"ဟု ဆန္ဒပြုခြင်းကို ဆိုလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ရရှိကြောင်းကိုလည်း အထက်ပါအတိုင်း စျာန်ဝင်၍ ဆန္ဒညွတ်ခြင်းဖြင့် သိမြင်နိုင်သည်။

၅။ ရှေးရှေးကဖြစ်ခဲ့ဖူးသော ဘဝအစဉ်ကို သိနိုင်ခြင်း (ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်) အစွမ်းကို ရလိုပါကလည်း မီးကသိုဏ်း၊ အဖြူကသိုဏ်းတို့၌ အခြေခံ စျာန်ကို ဝင်ပြီးနောက် မိမိသိမြင်လိုသောဘဝအဖြစ်သနစ်တို့ကို သိမြင်ရန် ဆန္ဒညွတ်သောအခါ သိမြင်လိုရာကို သိမြင်နိုင်သည်။ ပညာပါရမီထက်မြက်သူတို့သည် မိမိဘဝဖြစ်စဉ်ကိုသာမကဘဲ အခြားပုဂ္ဂိုလ်သတ္တဝါတို့၏ ဘဝအစဉ်ကိုပါ သိမြင်နိုင်ကြသည်။ ပါရမီ ကြီးမားသူများသည် ကမ္ဘာပေါင်းများစွာအထိ မိမိ၏ဘဝဖြစ်စဉ်နှင့် အခြားသူများ၏ ဘဝဖြစ်စဉ်ကိုပါ မြင်နိုင်ကြသည်။ ပါရမီပေါင်း မြောက်မြားစွာ ဖြည့်ဆည်းခဲ့သော ဗုဒ္ဓသည် မိမိဘဝနှင့် အခြားပုဂ္ဂိုလ်သတ္တဝါတို့၏ ဘဝအစဉ်ကို မည်မျှအထိ သိမြင်နိုင်မည်ကိုကား ကျွန်ုပ်တို့အနေဖြင့် ခန့်မှန်းခြင်းပြုရန် မဖြစ်နိုင်ချေ။

အထက်ပါအစွမ်းသတ္တိ တန်ခိုးအဘိညာဉ်များသည် ဘဝလွတ်မြောက်ရေးအတွက် သက်သက်သာ ရည်မှန်းကြသော ပုဂ္ဂိုလ်များအတွက် မလိုအပ်သော်လည်း ဗုဒ္ဓကဲ့သို့သော ပုဂ္ဂိုလ်အဖို့မူ လွန်စွာမှ လိုအပ်လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ တန်ခိုးအစွမ်းသတ္တိတို့ မရှိပါက သတ္တဝါတို့အား ဆုံးမရန်၊ သတ္တဝါတို့၏ အထုံဝသီပါရမီတို့ကို ကြည့်၍ သင့်သောတရားတို့ကို ပြသလမ်းညွှန်ကာ ကယ်ချွတ်ရန် မဖြစ်နိုင်သောကြောင့်ပင်တည်း။

ဗြဟ္မဇာလသုတ်နှင့် အခြားအခြားသော သုတ်များကိုထောက်၍ ဗုဒ္ဓမတိုင်မီကတည်းက အထက်ဖော်ပြပါ သမထကျင့်စဉ်များ၌ အကျုံးဝင်သော ကျင့်စဉ်များကို ကျင့်ခြင်းအားဖြင့် ရူပစျာန်၊ အရူပစျာန်များကို ရရှိသော ပုဂ္ဂိုလ်များရှိသည်ဟူ၍လည်းကောင်း၊ ထိုစျာန်တို့ဖြင့် အချို့သော အဘိညာဉ်များကိုလည်း ရသူများရှိသည်ဟူ၍ လည်းကောင်း ယူဆရပေလိမ့်မည်။ ထိုပုဂ္ဂိုလ်များထဲမှ အချို့သည် ပုဗ္ဗေနိဝါသာ နုဿတိအဘိညာဉ်ကိုရကြ၍ အတိတ်ဘဝတို့ကို မြင်ပြီးနောက် အတ္တသည် ခိုင်မြဲသည်ဟု အယူအစွဲဖြစ်ကြ၏။ ဤသို့ဖြစ်ကြပုံကို ဗုဒ္ဓက အောက်ပါကဲ့သို့ ဖော်ပြထား၏။

(ယှဉ်မအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့.... အချို့သော သမဏသည်လည်းကောင်း ဗြာဟ္မဏသည်လည်းကောင်းပြင်းစွာအားထုတ်ခြင်းကိုစွဲ၍– မြဲမြံစွာအားထုတ်ခြင်းကိုစွဲ၍– အဖန်ဖန် အားထုတ်ခြင်းကို စွဲ၍ မမေ့မလျော့ခြင်းကိုစွဲ၍– ကောင်းစွာ နှလုံးသွင်းခြင်း ကိုစွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏။ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော်၊ စင်ကြယ်လတ် သော်၊ ဖြူစင်လတ်သော်၊ ညစ်ကြေးမရှိလတ်သော် ညစ် ညူးခြင်း ကင်းလတ်သော် များပြားသော ရှေး၌ နေခဲ့ဖူး သော ဘဝကို အောက်မေ့နိုင်၏။....

တစ်ဘဝကိုလည်းကောင်း၊ နှစ်ဘဝကိုလည်းကောင်း၊ လေးဘဝကိုလည်းကောင်း၊ ငါးဘဝ – ဆယ်ဘဝ – ဘဝ နှစ်ဆယ်.... ဘဝသုံးဆယ်....ဘဝလေးဆယ်....ဘဝ ငါး ဆယ်တို့ကိုလည်းကောင်း၊ ဘဝတစ်ရာ.... ဘဝတစ်ထောင် ဘဝတစ်သိန်းကိုလည်းကောင်း၊ ဘဝရာပေါင်းများစွာ.... ဘဝထောင်ပေါင်းများစွာ.... ဘဝသိန်းပေါင်းများစွာ တို့ကိုလည်းကောင်း 'ထိုဘဝ၌ ငါသည် ဤသို့သော အမည်ရှိခဲ့၏။ဤသို့သောအနွယ်ရှိခဲ့၏။ဤသို့သောအဆင်း ရှိခဲ့၏။ ဤသို့သော အစာရှိခဲ့၏။ ဤသို့သော ချမ်း သာ ဆင်းရဲကို ခံစားခဲ့၏။ ဤသို့သော အသက်အပိုင်း အခြားရှိခဲ့၏။ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ထိုဘဝ၌ ဖြစ်ပြန်ခဲ့၏။ ထို ဘဝ၌လည်း ဤသို့သော အမည်.... ဤသို့သော အနွယ်.... ဤသို့သောအဆင်း....ဤသို့သော အစာရှိခဲ့၏။ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏။ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏။ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်ခဲ့၏'ဟု အခြင်း အရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့်တကွ များ ပြားသော ရှေး၌ နေဖူးသော ဘဝကို အောက်မေ့ နိုင်၏။"*

---

* ဗြဟ္မဇာလသုတ် – သီလက္ခန္ဓဝဂ် – ဒီဃနိကာယ်



www.burmeseclassic.com

www.burmeseclassic.com



"အထက်ပါကဲ့သို့ ဘဝတစ်ခုပြီးတစ်ခုဖြစ်နေပုံကို အောက်မေ့နိုင် မြင်နိုင်သောကြောင့် ထိုပုဂ္ဂိုလ်က.... 'အတ္တာသည်လည်းကောင်း၊ လောက သည်လည်းကောင်းမြဲ၏။ မြဲ၏။ တောင်ထွတ်ကဲ့သို့တည်၏။ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့တည်၏။ ထိုသတ္တဝါတို့သည်ပင်လျှင် (တစ်ဘဝမှ တစ်ဘဝသို့) ပြေးသွားကုန်၏။ ကျင်လည်ကုန်၏။ သေကုန်၏။ ဖြစ်ပေါ်ကုန်၏။ (အတ္တ နှင့် လောကသည်) မြဲသောအရာတို့နှင့် တူစွာ အမြဲရှိနေသည်သာတည်း' ဟု သိ၏ဟူ၍ဆို၏။...."*

ထိုသမဏဗြာဟ္မဏတို့က.... "ဘဝပေါင်းများစွာ ဆက်ကာဆက်ကာ ဖြစ်ရာ၌ ခန္ဓာအိမ်သာ တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲရ၏။ အတ္တ'ငါ'ကား မပြောင်းလဲ။ ခန္ဓာအိမ်၌ မပျက်မစီး အမြဲတည်သော အတ္တသည် ကေန် ရှိ၏" ** ဟု ယူဆ စွဲလမ်းကြခြင်းဖြစ်သည်။ ဗုဒ္ဓသည် အထက်ပါ သဿတဝါဒ၌ ယူဆထားသော ခန္ဓာတစ်ခုပြီးတစ်ခု ပြောင်းရွှေ့နေသော အတ္တကို လက်မခံချေ။ ခန္ဓာတစ်ခုမှ တစ်ခုသို့ အတ္တကပြောင်းရွှေ့နေသည်ဟု ထင်မြင်ခြင်းသည် ဝိပဿနာဉာဏ် မရသောကြောင့် ထင်မြင်နေခြင်းသာ ဖြစ်သည်။ ဗုဒ္ဓအလိုအရ ခိုင်မြဲသော၊ မကြေပျက်သော အတ္တဇီဝ ဟူ၍ မရှိဘဲ ရုပ်နာမ်တို့၏ ကြောင်းကျိုး ဆက်စပ်ဖြစ်ပေါ်နေမှုသာ ရှိသည်။ ဤအချက်ကို ဝိပဿနာနည်းကို အသုံးပြု၍ ဝိပဿနာဉာဏ်အပြည့်အစုံဖြင့် ဗုဒ္ဓကဖော်ပြခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်လေသည်။

သမထကျင့်စဉ်အတွင်း၌ အကျုံးဝင်သော ကျင့်စဉ်များကို ကျင့် ခဲ့သော အထက်ဖော်ပြပါ ပုဂ္ဂိုလ်အချို့သည် ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၂ ခု ပါဝင်သည့် ရူပ စတုတ္ထ ( ဝါ ) ပဥ္စမဈာန်နှင့် အရူပဈာန် အလုံးစုံကို ဝင်စားနိုင်ကြသည်။ ထိုပုဂ္ဂိုလ်များသည် ရူပ၊ အရူပဈာန်အလုံး စုံကို စိတ်ဝင်စားကြည့်ပြီးသောအခါ....ဥပေက္ခာ၊ဧကဂ္ဂတာဈာန်အင်္ဂါ ၂ ပါး ဖြင့် ဈာန်ဝီထိကျသည်ကို တွေ့ရသောကြောင့် ၎င်းတို့အထင်၌.... "အတ္တ သည် ဝေဒနာသညာတို့မှ လွတ်သွားပြီ၊ သိမှုသဘောတို့မှ လွတ်သွားပြီ" ဟု ထင်မှတ်ကြဟန်တူသည်။ ယင်းတို့မှာ လွတ်သွားသောကြောင့် "အတ္တ သည် စင်ကြယ်သွားပြီ" ဟုလည်း ထင်ကြဟန်တူသည်။

---

* ဗြဟ္မဇာလသုတ် – ညွှန်းပြီး

** အရှင်ဇနကာဘိဝံသ၊ ဗြဟ္မဇာလသုတ်၊ စာ –၅၂



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် အရူပစျာန် အလုံးစုံကို ဝင်စားကြည့်နိုင်သူများအဖို့ "အတ္တသည် ထိုစျာန်တို့ကိုရပါက ရုပ်သဘောဟူသမျှ (ဝါ) ကမ္မသဂီရ ကြောင့်ဖြစ်သော ကံတရား၏ နှောင်ဖွဲ့မှုဟူသမျှမှလည်းကောင်း၊ အဝိဇ္ဇာ တရားဟူသမျှမှလည်းကောင်း လုံးဝလွန်မြောက်သွားပြီ။ အတ္တသည် မည် သည့် ရုပ်သဘောတို့နှင့်မျှ – မည်သည့် ဝေဒနာသညာတို့နှင့်မျှ မရောယှက် တော့ဘဲ စင်ကြယ်သွားပြီ။ ပရမအတ္တနှင့် သဘောချင်းတူသွားပြီ။ ထိုသို့ စင်ကြယ်သွားသောကြောင့် အတ္တသည် လွန်မြောက်သွားပြီ။ သို့ဖြစ်၍ သေလျှင် အတ္တသည် ရုပ်ဟူသမျှကင်းသော၊ ပုံသဏ္ဌာန်ဟူ၍ မရှိသော ပရမ အတ္တသဘာဝအဖြစ်သို့ (ဝါ) ပရမအတ္တအဖြစ်သို့ ရောက်သွားမည်။ ထာဝရ မြဲသော ဗြဟ္မာဖြစ်သွားမည်....စသည်ဖြင့် ထင်မှတ်ကြဟန်တူသည်။ ထို ပုဂ္ဂိုလ်များသည် ထာဝရမြဲသော ဇီဝအတ္တ ရှိသည်ဟူ၍လည်းကောင်း၊ ထာဝရမြဲသော မဟာဗြဟ္မာရှိသည်ဟူ၍လည်းကောင်း ထာဝရသဘောကို ဆောင်သော ပရမအတ္တရှိသည်ဟူ၍လည်းကောင်း အခိုင်အမာ အစွဲသန် နေသောကြောင့် မိမိတို့ရရှိနေသော စျာန်စိတ် အစရှိသည်တို့ကို မမြဲ ကြောင်း၊ အနတ္တသဘာဝသာဖြစ်ကြောင်း ဝိပဿနာရှုရန် စိတ်မညွှတ်မိ ကြချေ။ ဝိပဿနာမရှု၍ ဝိပဿနာဉာဏ်မရမှုကြောင့်ပင် ထာဝရမြဲသော အတ္တဇီဝရှိသည်၊ ထာဝရမြဲသော ပရမအတ္တရှိသည် စသည်ဖြင့် လွှင့်လွှင့် မျောမျော တွေးခေါ်ကြံဆမှုအဆင့်သို့ လျှောကျလာခဲ့ကြခြင်း ဖြစ်ပေလိမ့် မည်။

ဗုဒ္ဓသည် သမထကျင့်စဉ်တို့ဖြင့် စျာန်အဘိညာဉ် အလုံးစုံကိုလည်းရ ၍ ဝိပဿနာဉာဏ်ဖြင့် အနတ္တသဘာဝကိုလည်း ထိုးထွင်းသိမြင်ခဲ့ရကား ရူပစျာန်၊ အရူပစျာန်တို့မှ အပ သီးခြားတည်နေသော အတ္တဇီဝ၊ ထို စျာန်စိတ်တို့ကို အခြေခံပေးနေသော စိတ်အခြေခံဝတ္ထုဟူ၍ မရှိကြောင်း ဖော်ပြခဲ့၏။ ထို့ပြင် ဝေဒန္တဂိုဏ်းမှ အချို့သောဒဿနပညာရှင်များယူဆ သော "ဇီဝအတ္တသည် မာယာမျှသာဖြစ်သည်။ ပရမအတ္တ (ဝါ) ဗြဟ္မာကသာ ထာဝရမြဲသော အစစ်အမှန်အရှိတရားဖြစ်သည်ဟူသော အယူအဆမျိုးကို လည်း လက်မခံချေ။ ဗုဒ္ဓအလိုအရ ရူပဗြဟ္မာသည်လည်း တစ်ချိန်ချိန်၌ တစ်စုံ တစ်ခုသော ဘဝဖြစ်စဉ်သို့ ပြောင်းလဲသွားဦးမည်ဖြစ်၍ ထာဝရ တည်နေသူ မဟုတ်။ ရုပ်မရှိသော၊ ပုံသဏ္ဌာန်မရှိသော ဗြဟ္မာသည်လည်း တစ်ချိန်ချိန်၌ တစ်စုံတစ်ခုသောဘဝဖြစ်စဉ်သို့ ပြောင်းလဲသွားဦးမည်ဖြစ်၍ ထာဝရတည် နေသည်မဟုတ်။ ပရမအတ္တအဖြစ်တည်နေနိုင်သော အရာဟူ၍လည်းမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓ၏အမြင်၌ လောကတွင် ခိုင်မြဲခြင်းသဘောကို ဆောင်သော ထာဝရ သဘောကိုဆောင်သော အတ္တသဘော တစ်ခုမျှမရှိဘဲ ဖြစ်ပျက်ပြောင်းလဲနေသော အနတ္တသဘာဝသာလျှင်ရှိသည်။ ထိုအနတ္တသဘာဝကို သိမြင်ပါက အတ္တဇီဝရှိသည်ဟူသော အစွဲ၊ ထိုအတ္တဇီဝသည် ထာဝရမြဲသည်ဟူသောအစွဲ၊ ဗြဟ္မာဖြစ်လိုသောအစွဲ၊ ပရမအတ္တနှင့် ပြန်၍ ပေါင်းစည်းလိုသောအစွဲ၊ ပရမအတ္တထံပြန်လည်ရောက်ရှိလိုသော (ဝါ) ပရမအတ္တ အဖြစ်မိမိကိုယ်မိမိ သိမြင်လိုသော အစွဲ* တို့မှလည်း ကင်းလွတ်သွားမည် ဖြစ်၏။ အဆုံးစွန်အားဖြင့် ခန္ဓာငါးပါး၌ပင်.... တကယ်အဟုတ်အနေ စွဲယူသော အတ္တစွဲ၊ သူ–ငါ ယောကျ်ား၊ မိန်းမ စသည်ဖြင့် တကယ် အဟုတ်အနေဖြင့် ထင်မှတ်စွဲယူသော အတ္တစွဲ – တစ်နည်းအားဖြင့် သက္ကာယဒိဋ္ဌိတို့မှလည်း ကင်းလွတ်သွားမည်ဖြစ်သည်။

ဗုဒ္ဓဒဿနအလိုအရ လူသည် မိမိဘဝ – မိမိခန္ဓာငါးပါး၌ အနတ္တသဘာဝကို မှန်ကန်စွာ သိမြင်၍ အစွဲဥပါဒါန်ဟူသမျှမှ ကင်းလွတ်သွားပါက ဘဝအပေါ်၌ ယုံမှားသံသယတို့ဖြင့် လွှင့်လွှင့်မျှောမျှော တွေးခေါ်ခြင်းမျိုးတို့ကို မပြုတော့ဘဲ ပကတိငြိမ်းအေးသော သူအဖြစ်သို့ ရောက်ရှိသွားမည် ဖြစ်လေသည်။

---

* "ငါသည် ဗြဟ္မာဖြစ်၏" ဟူသော ဥပနိသျှဒ်ကျမ်းလာ ဖော်ပြချက်များကို သတိပြုစေလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

## မဖျို့မပဌို့ပဒါကျင့်စဉ်ဖြင့် ဉာဏ်အဆင့်ဆင့်ကို ဖြစ်ပေါ်၍ လူ့ဘဝ၏ အမှန်သဘာဝသိမြင်ခြင်း

လူ၏ အမှန်သဘာဝကို သိမြင်ရန်အတွက် ဗုဒ္ဓဒေသနာ အလိုအရ အနည်းဆုံးအားဖြင့် ဥပစာရသမာဓိ ( ခဏိကသမာဓိ) အဆင့်မျှလောက်ထိ စိတ်၏ တည်ငြိမ်ခိုင်ခံ့မှုရရှိအောင် လက်တွေ့အားထုတ်ကျင့်ဆောင်မှုနှင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်မှုကို မြင်ရန် ဝိပဿနာရှုရမည်ဟူသော သဘောတရား ထားရှိရမည်ဖြစ်သည်။ ဥပစာရသမာဓိ အဆင့်မျှထိ ခိုင်ခံ့သော စိတ်၏ တည်ငြိမ်မှုဖြင့် ရုပ်နာမ်တရားတို့ကို ဝိပဿနာရှုခြင်းဖြင့် ရုပ်နာမ် ဟူသမျှသည် အတ္တ သဘောဟူသမျှမှ ဆိတ်သုဉ်း၍ အနတ္တသဘောမျှသာ ဖြစ်သည်ဟု သိမြင်လာမည်ဖြစ်သည်။ တစ်နည်းအားဖြင့် 'လူ'တည်းဟူသော ခန္ဓာငါးပါး ရုပ်နာမ်တရားသည် အနတ္တသဘာဝမျှသာ ဖြစ်သည်ဟူသော လူ့ဘဝ၏ အမှန်သဘာဝကို သိမြင်လာမည် ဖြစ်သည်။ အနတ္တသဘာဝကို အပြည့်အစုံ သိမြင်သူ၌ အစွဲဥပါဒါန်တို့မရှိတော့။ အစွဲဥပါဒါန်တို့ မရှိတော့သောကြောင့် ချစ်ခြင်း၊ မုန်းခြင်း၊ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းတို့လည်း မဖြစ်တော့။ "ငါ" "သူ" "ငါ့ဟာ" "ငါ့ဥစ္စာ"အစရှိသည့် အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ဟူသမျှတို့ မရှိမှုကြောင့် လောဘလည်းမရှိတော့။ လောဘမရှိသောကြောင့် ဒေါသတို့လည်း မဖြစ်တော့။ အစွဲဥပါဒါန်တို့မရှိမှုကြောင့် ရုပ်နာမ်တို့ကို ဆက်စပ်စေ၍ ဘဝအသစ်အသစ်တို့ကို ဖြစ်စေနိုင်သော ကံစွမ်းအင်တို့ ကုန်ဆုံးကြပြီဖြစ်ရကား ဘဝသံသရာ၌ ဆောက်တည်ရာမရ ပြေးလွှားကျင်လည်စရာလည်း မရှိတော့။ အစွဲဥပါဒါန်တို့ မရှိမှုကြောင့်ပင် လောကဓံတို့နှင့် ကြုံလာသော်လည်း မည်သို့မျှ ယိမ်းယိုင်ခြင်း၊ မျှောပါခြင်း၊ လှုပ်ရှားခြင်း မရှိတော့။ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့နှင့် ကြုံတွေ့သော်လည်း ဆောက်တည်ရာမရဖြစ်ခြင်းမျိုးလည်း မရှိတော့ချေ။

(ပဋ္ဌမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၃ )

## ဘဝ၏ ဆောက်တည်ရာ

လူ၌ အနတ္တ သဘာဝအလျောက် ရုပ်နာမ်တို့ စဉ်ဆက် ဖြစ်ပျက်နေခြင်းမှလွဲ၍ အတ္တဇီဝမရှိကြောင်း၊ မြဲသည်–ခိုင်သည်ဟု မှတ်ယူနိုင်သော အတ္တသဘော အလုံးစုံမှလည်း ဆိတ်သုဉ်းကြောင်းကို ထိုးထွင်းသိမြင်ရန်အတွက် ဗုဒ္ဓက.... သတိပဋ္ဌာန် ကျင့်စဉ်နည်းလမ်းများကို ဖော်ပြထား၏။ ဤနေရာ၌ ယင်းကျင့်စဉ် နည်းလမ်းများအနက်မှ ကျင့်စဉ်တစ်ခုဖြစ်သည့် အာနာပါနသတိဟုခေါ်သော ထွက်လေဝင်လေအပေါ် ရှုမှတ်အားထုတ်သော ကျင့်စဉ်ကို ဗုဒ္ဓဝါဒီ သုတေသီတို့၏ အဆိုအမိန့်များကို မှီငြမ်းပြု၍ ဖော်ပြရန်ဖြစ်ပါသည်။

ထွက်လေ ဝင်လေအပေါ် ရှုမှတ်အားထုတ်မည့် သူအတွက် အားထုတ်ရန် သင့်လျော်သော နေရာ အရပ်နှင့် ထိုင်ပုံ ထိုင်နည်းကို ဗုဒ္ဓက အောက်ပါကဲ့သို့ ဖော်ပြ၏။

> "…. တောသို့ သွားရောက်၍ဖြစ်စေ၊ သစ်ပင်ရင်းသို့ သွားရောက်၍ ဖြစ်စေ၊ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ ဖြစ်စေ၊ တင်ပျဉ်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ သတိကို (ကမ္မဋ္ဌာန်းသို့) ရှေးရှု ဖြစ်စေလျက် ထိုင်၏။"*

---

* မဟာသတိပဋ္ဌာနသုတ်၊ ၃၇၄ – မဟာဝဂ် – ဒီဃနိကာယ်။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါကဲ့သို့ ထိုင်ပြီးနောက် ထွက်လေ ဝင်လေ အပေါ် သတိဖြင့် အားထုတ်ပုံကို ဗုဒ္ဓက အပိုင်း လေးပိုင်းဖြင့် ညွှန်ပြဟောကြားထား၏။ ယင်းအပိုင်း လေးပိုင်းတွင် တစ်ပိုင်း တစ်ပိုင်း၌ အဆင့် ၄–ခုစီ၊ ၄–ခုစီ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် ပထမအပိုင်းကို ပထမစတုက္က၊ ဒုတိယအပိုင်းကို ဒုတိယစတုက္က၌၊ တတိယအပိုင်းကို တတိယစတုက္က၊ စတုတ္ထပိုင်းကို စတုတ္ထ စတုက္ကဟု ခေါ်လေသည်။ ဤနေရာ၌ ပထမစတုက္ကမှ အဆင့် လေးဆင့်ကို ဦးစွာဖော်ပြသွားမည် ဖြစ်ပါသည်။ ပထမ စတုက္က၌ အားထုတ်ပုံကို ဗုဒ္ဓက အောက်ပါကဲ့သို့ ဖော်ပြ၏။

"၁။ သတိရှိလျက်သာလျှင် ထွက်လေကိုထုတ်၏။
သတိရှိလျက်သာလျှင် ဝင်သက်လေကိုရှူ၏။
(စိတ်ကို အခြားတစ်ပါးသို့ မသွားစေဘဲ ထွက်လေ ဝင်လေ အပေါ်၌သာ သတိဖြင့် စိတ်ရှိနေရန် အားထုတ်ရခြင်းကို ဆိုလိုပါသည်။)

၂။ ထွက်သက်လေကို ရှည်ရှည် ထုတ်လျှင်လည်း 'ရှည်ရှည် ထုတ်သည်'ဟု သိရမည်ဖြစ်၏။ ဝင်သက်လေကို ရှည်ရှည် ရှူလျှင်လည်း 'ရှည်ရှည်ရှူသည်'ဟု သိရမည်ဖြစ်၏။ ထွက်သက်လေကို တိုတို ထုတ်လျှင်လည်း 'တိုတို ထုတ်သည်' ဟု သိရမည် ဖြစ်၏။ ဝင်သက်လေကို တိုတို ရှူလျှင်လည်း 'တိုတို ရှူသည်'ဟု သိရမည်ဖြစ်၏။

၃။ ထွက်လေ၏ 'အစ အလယ် အဆုံး အလုံးစုံသော ရုပ် အပေါင်းကို ထင်ရှားသိလျက် ထုတ်လွှတ်မည်'ဟု ကျင့်၏။ ဝင်လေ၏ 'အစ အလယ် အဆုံး အလုံးစုံသော ရုပ် အပေါင်းကို ထင်ရှားသိလျက် ရှူမည်' ဟု ကျင့်၏။

၄။ ရုန့်ရင်းသော ထွက်လေကို 'ငြိမ်းစေလျက် (သိမ်မွေ့စေလျက်) ထုတ်လွှတ်မည်' ဟု ကျင့်၏။ 'ရုန့်ရင်းသော ဝင်လေကို ငြိမ်းစေလျက် (သိမ်မွေ့စေလျက်) ရှူမည်'ဟုကျင့်၏။"*

* မဟာသတိပဋ္ဌာနသုတ်၊ ညွှန်းပြီး။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ ဗုဒ္ဓ၏စကား၌ အဆင့် (၄) ဆင့် ပါဝင်လျက်ရှိ၏။ ယင်းတို့မှာ–

၁။ ပထမအဆင့်တွင် ဝင်လေ ထွက်လေ တို့၌ သတိမြဲနေအောင် အားထုတ်ခြင်း။

၂။ ဒုတိယအဆင့်တွင် ထွက်လေ ဝင်လေတို့၌ ရှည်လျှင်ရှည်သည်၊ တိုလျှင် တိုသည်ဟု သိအောင် အားထုတ်ခြင်း။

၃။ တတိယအဆင့်တွင် ထွက်သက် ဝင်သက်တို့ကို အစအလယ် အဆုံး သိအောင် အားထုတ်ခြင်း။

၄။ စတုတ္ထ အဆင့်တွင် ရှန့်ရင်းသော ဝင်လေ ထွက်လေ တို့ကို အစဉ်အတိုင်း ချုပ်ငြိမ်း သိမ်မွေ့သွားအောင် အားထုတ်ခြင်း တို့ပင် ဖြစ်၏။

ဤအဆင့်လေးဆင့်ကို "ပထမစတုက္က"ဟု ခေါ်သည်။ ဤပထမစတုက္က၌ အားထုတ်ပုံကို အဋ္ဌကထာများ၌ (၁) ဂဏနာနည်း၊ (၂) အနုဗန္ဓနာနည်း၊ (၃) ထပနာနည်း....* စသည်တို့ဖြင့် ဖော်ပြထား၏။

ဂဏနာနည်းဆိုသည်မှာ – စိတ်တည်ငြိမ်လာစေရန်အတွက် ထွက်လေ ဝင်လေတို့ကို တစ်–နှစ်–သုံး–လေး–ငါး စသည်ဖြင့် ရေတွက်သောနည်းကို ဆိုလိုသည်။ "....ရေတွက်သောအခါ၌ ငါးခုအောက် မယုတ် (မလျော့) ဆယ်ခုထက် မလွန်စေမူ၍ ရေတွက်ရမည်။ ကြားမပြတ်စေရ....

၁။ ငါးခုအောက် ယုတ်၍ (လျော့၍) ရေတွက်သော် ကျဉ်းမြောင်းသောနွားခြံ၌ပြွတ်သိပ်နေသော နွားတို့၏ လှုပ်လှုပ်ရွရွဖြစ်သကဲ့သို့ကျဉ်းမြောင်းရာအရပ်၌နေသော သူ၏ စိတ်သည် ကျဉ်းချုပ်ပြီး တုန်လှုပ်တတ်သည်။ ထို့ကြောင့် ငါးခုအောက် ယုတ်လျော့၍ မရေတွက်ရ။

၂။ ဆယ်ခုထက်အလွန်ရေတွက်သော်ရေတွက်ခြင်းဘက်သို့သာ စိတ်ရောက်ပြီး ကမ္မဋ္ဌာန်းဘက်သို့ စိတ်မရောက်ဘဲ ရှိတတ်သည်။ ထို့ကြောင့် ဆယ်ခုထက် အလွန် မရေတွက်ရဟု ဆိုသည်။

၃။ အကြားပြတ်ပြတ်ပြီးရေတွက်သော် ကြာမြင့်စွာအားထုတ်သော ယောဂီအား 'ငါ၏ကမ္မဋ္ဌာန်းသည် အထွတ်အထိပ်

* ဌာပနာနည်း ဟူ၍လည်း သုံးနှုန်းသည်ကို တွေ့ရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်ပြီလော၊ မရောက်သေးသလော'ဟုဖြစ်ပြီး စိတ်တုန်လှုပ်တတ်၏။ တစ်နည်း.... အကြားအကြား၌ မရေမတွက်မိသော ယောဂီအား 'ငါ၏စိတ်သည် ကမ္မဋ္ဌာန်း၌ ညွတ်ပါ၏လော၊ မညွတ်ဘဲရှိနေသလော'ဟု စိတ်ပျံ့လွင့်တတ်သည်။ထို့ကြောင့်ကြားမပြတ်စေရဟု ဆိုသည်။....

"ဂဏနာနည်းသည် နှေးနှေးရေတွက်သောနည်း (ဓညမာပက နည်း)၊ မြန်မြန်ရေတွက်သောနည်း (ဂေါပါလကနည်း) ဟူ၍ ၂ မျိုးရှိသည်။ ထို ၂ မျိုးတွင် ရှေးဦးစွာ နှေးနှေး ရေတွက်သောနည်းဖြင့် အားထုတ်ရမည်။ အားထုတ်ပုံကား.... ဝင်လေထွက်လေ ၂ မျိုးတို့တွင် ဝင်လေသာ ထင်ရှားသည်ဖြစ်အံ့။ နှာသီးဖျား (လေထိရာတစ်နေရာရာ)၌ သတိထား၍ ဝင်လာသော လေကိုအာရုံပြုပြီး တစ်ကစ၍.... ၅–ခုအထိဖြစ်စေ။ ၆–ခု အထိဖြစ်စေ၊၇–ခုထိဖြစ်စေ၊၈–ခုထိဖြစ်စေ၊၉–ခုထိဖြစ်စေ၊၁၀–ခုထိ ဖြစ်စေ ဝင်လာတိုင်း ဝင်လာတိုင်းသောလေကို မလွတ်စေဘဲ မှတ်သား၍ နောက်ထပ်ဝင်လာသောလေ မရောက်မီ တစ်–တစ်ဟု ရေတွက်။ နောက် ဒုတိယဝင်လာသောလေကို နှစ်–နှစ်ဟု ရေတွက်။ နောက်ထပ်ဝင်လာသော လေကို သုံး–သုံးဟု ရေတွက်။ နောက်ထပ် ဝင်လာသော လေကို လေး–လေးဟု ရေတွက်၊ နောက်ထပ် ဝင်လာသော လေကို ငါး–ငါးဟု ကြားမပြတ်စေဘဲ ရေတွက်နေရမည်။ ( ၆–ခုအထိ၊ ၇–အထိ၊ ၈–အထိ၊ ၉–အထိ၊ ၁၀–အထိ ရေတွက်ရာ၌လည်း တစ်ကပင်စ၍ ရေတွက်ရမည်။)....

"အကယ်၍ ထွက်လေသာ ထင်ရှားသည်ဖြစ်အံ့။ ၎င်းထွက်လေကိုပင် တစ်–တစ်၊ နှစ်–နှစ် စသည်ဖြင့် ကြားမပြတ်စေဘဲ ဖြည်းဖြည်းရေတွက်နေရမည်။ ဝင်လေ–ထွက်လေ နှစ်ပါးစလုံး ထင်ရှားသည်ဖြစ်အံ့။ ဝင်လေ–ထွက်လေ–တစ်၊ ဝင်လေ–ထွက်လေ–နှစ်....စသည်ဖြင့် ကြားမပြတ်စေဘဲ ဖြည်းဖြည်းရေတွက်နေရမည်။ ဝင်လေသက်သက်ကိုဖြစ်စေ၊ ထွက်လေသက်သက်ကိုဖြစ်စေ ရေတွက်နေငြားသော်လည်း အတော်ကြာရေတွက်မိသော် ဝင်လေ–ထွက်လေ နှစ်ပါးစလုံးပင် ထင်ရှားလာလိမ့်မည်။ ထိုအခါ ဝင်လေ–ထွက်လေ–တစ် စသည်ဖြင့် ရေတွက်နိုင်လေသည်။"*

---

* မေဒိနီဆရာတော် (အဂ္ဂမဟာပဏ္ဍိတ)၊ သတိပဋ္ဌာနမေဒိနီ၊ စာ – ၄၂ – ၄၄



www.burmeseclassic.com

www.burmeseclassic.com



အရှင်နန္ဒမာလာ၏ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန်၌ နှေးနှေးရေတွက်နည်းကို အောက်ပါကဲ့သို့ ဖော်ပြထား၏။

"ရေတွက်သော ပုဂ္ဂိုလ်သည် ရှေးဦးစွာ နှေးနှေးရေတွက်ခြင်းငှာ စပါးခြင်သမားရေတွက်နည်းဖြင့် ရေတွက်အပ်၏။ စပါးတင်းခြင်သမားသည် တင်းကိုပြည့်စေ၍ "တစ်တင်း" ဟု ဆိုပြီးလျှင်လောင်း၏။ တစ်ဖန်တင်းကို ပြည့်စေပြန်သည်ရှိသော် တစ်စုံတစ်ခုသော အမှိုက်သရိုက်ကိုမြင်၍ ထိုအမှိုက်ကို စွန့်ပယ်နေသော်လည်း တစ်တင်း–တစ်တင်းဟု ဆို၏။ ဤတင်းခြင်သမား စပါးခြင်သကဲ့သို့ ဤဝင်သက် ထွက်သက်တို့တွင် ထင်ရှားသောဝင်သက်၊ သို့မဟုတ် ထွက်သက်ကိုယူ၍ တစ်–တစ်ဟု အစရှိသည်ကိုပြု၍ ဆယ်ခု–ဆယ်ခုတိုင်အောင်ဖြစ်တိုင်းဖြစ်တိုင်းကိုမှတ်သား၍ ရေတွက်အပ်၏။

"မှတ်ချက်။ ။ဝင်သက်–ထွက်သက်တို့တွင် ထင်ရှားရာ တစ်ခုခုကို ဖြည်းဖြည်းလေးလေး မှတ်သား၍ စပါးတင်းခြင်သမား တင်းခြင်သလိုရေတွက်ရမည်။ ပထမတစ်ကြိမ် ဝင်လာသော လေကို တစ်–ဟုရေတွက်၊ဒုတိယအကြိမ် မထွက်လာမီ တစ်–တစ်ဟူ၍သာ မှတ်သားရမည်။ဒုတိယဝင်သက်လေ လာသောအခါ မှနှစ်–ဟုရေတွက်ရမည်။တတိယဝင်သက်လေ မလာမချင်း နှစ်–နှစ်ဟူ၍သာ မှတ်သားရမည်။ တတိယ ဝင်သက်လေ လာသောအခါမှ သုံးဟု ရေတွက်ရမည်။ စတုတ္ထဝင်သက်လေ မလာမချင်းသုံး–သုံးဟူ၍သာမှတ်သားရမည်။ စတုတ္ထဝင်သက်လေ လာသောအခါ လေးဟူ၍ မှတ်သားရမည်။ ပဉ္စမဝင်သက်လေ မလာမချင်း လေး–လေး ဟူ၍သာ မှတ်သားရမည်။ ပဉ္စမဝင်သက်လေ လာသောအခါ ငါးဟူ၍ မှတ်သားရမည်။ ထို ငါးသို့ရောက်လျှင် တစ်ခေါက်ပြန်၍ ခြောက်အထိ ရေတွက်။ ထို့အတူ တစ်ခေါက်ပြန်၍ ခုနစ်–အထိရေတွက်။ထို့အတူတစ်ခေါက်ပြန်၍ရှစ်–အထိရေတွက်။ ထို့အတူ တစ်ခေါက်ပြန်၍ ကိုး–အထိရေတွက်။ ထို့အတူ တစ်ခေါက်ပြန်၍ တစ်ဆယ်အထိ ရေတွက်ရမည်။ငါးခုမစေ့မီတစ်ခေါက်မပြန်ရ။ ပြန်ခဲ့သော် စိတ်တုန်လှုပ်တတ်သည်။ ဆယ်ကြိမ်ထက်ပို၍လည်းမရေတွက်ရ။အကြင်ယောဂီအား အကယ်၍ ဝင်သက်ထွက်သက် နှစ်ပါးလုံး ထင်ရှားအံ့။ ထို



www.burmeseclassic.com

www.burmeseclassic.com



ယောဂီသည် နှစ်ပါးလုံးကိုယူ၍ ရေတွက်သင့်၏။ သို့မဟုတ် နှစ်ပါးတို့တွင်သာထင်ရှားသည်ကိုယူ၍ရေတွက်သင့်၏။ ဤကား စကားချုပ်တည်း ....။

"....ဤသို့ ဆိုခဲ့ပြီးသော စပါးခြင်သမားနည်းအတိုင်း ဖြည်းဖြည်း နှေးနှေး ရေတွက်သော ယောဂီပုဂ္ဂိုလ်အား ဝင်ကုန် ထွက်ကုန်သော ဝင်သက် ထွက်သက်တို့သည် ထင်ရှားရှိကုန်၏။"*

ထိုသို့ရေတွက်သဖြင့် "ထွက်တိုင်း ဝင်တိုင်းသော လေတို့သည် ထင်ရှားလတ်ကုန်သည်ရှိသော် နှေးသောနည်း (ဓညမာပကနည်း)ကို လွှတ်၍ လျင်မြန်သောနည်း ( ဂေါပါလက ဂဏနာနည်း[၁]) ဖြင့် တစ်–နှစ်–သုံး လေး–ငါး၊ တစ်–နှစ်–သုံး–လေး–ငါး စသည်ဖြင့် လျင်လျားစွာ ရေတွက် အပ်၏။ အတွင်းသို့ ဝင်သောလေ၊ အပသို့ ထွက်သွားသောလေတို့ကို လိုက်၍ မသိမ်းဆည်း မဆင်ခြင်ဘဲ နှာခေါင်းရှည်သော သူမှာ နှာခေါင်းဖျား၊ နှာခေါင်းတိုသောသူမှာ နှုတ်ခမ်းဟူသောလေထိခတ်ရာ (ဖုဋ္ဌောကာသ)၌သာ သတိထားလျက် လျင်စွာရေတွက်အပ်၏။"**

".... ရေတွက်ခြင်းနှင့်စပ်သော ကမ္မဋ္ဌာန်း၌ ရေတွက်ခြင်း၏ စွမ်းအားဖြင့်ပင်လျှင် စိတ်သည် တစ်ခုတည်းသော အာရုံရှိလျက်တည်ကြည်ပေ၏။ ဥပမာ....ရေစီးသန်သော ရေလျဉ်၌ ထိုး၀ါးအကူအညီ၏ အစွမ်းဖြင့် လှေ၏ ရပ်တည်ခြင်းကဲ့သို့ပင်တည်း။ ....ဤသို့ လျင်စွာ လျင်စွာ ရေတွက်နေသော ထိုယောဂီအား ကမ္မဋ္ဌာန်းအာရုံသည် အခြားမရှိဘဲ မပြတ်ရှိနေသကဲ့သို့ ဖြစ်လျက် ထင်ပေါ်၏။ ထိုအခါ 'အခြားမရှိဘဲ မပြတ်ဖြစ်နေသည်' ဟု သိပြီးလျှင် အတွင်းသို့ ဝင်သွားသောလေကို လည်းကောင်း၊ အပြင်သို့ ထွက်သွားသော လေကိုလည်းကောင်း၊ နှလုံးသွင်း၊ မသိမ်းဆည်းမူ၍ရေးနည်းဖြင့်ပင် လျင်စွာ လျင်စွာရေတွက်အပ်၏။ မှန်ပေ၏၊ အတွင်းသို့ ဝင်သွားသော လေနှင့်အတူ စိတ်ကို ဝင်စေလျှင် ကိုယ်တွင်းအရပ်သည်လေဖြင့်

* အရှင်နန္ဒမာလာ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန်၊ ပတွဲ စာ–၅၂၄–၅

၁ နွားတွေစုပြုံ ဝင်လာရာ၌ နွားကျောင်းသားသည် နွားတို့ကို အမြန်ရေတွက်သကဲ့သို့ ရေတွက်နည်း။

** မဟာဝိသုဒ္ဓါရာမ ဆရာတော်၊ ပရမတ္ထသရုပ်ဘေဒနိကျမ်း၊ ဒု–တွဲ၊ စာ–၃၅၃



www.burmeseclassic.com

www.burmeseclassic.com



ခတ်အပ်–ကားစေအပ်သကဲ့သို့ဖြစ်တတ်၏။ အပြင်သို့ ထွက်သွားသောလေနှင့်အတူ စိတ်ကိုထုတ်ဆောင်လျှင် အပြင်ပရှိ အထူးထူးသော အာရုံ၌ စိတ်သည် ပျံ့လွင့်တတ်၏။ စင်စစ်သော်ကား ထိရာ–ထိရာ အရပ်၌ သာလျှင် သတိကိုထား၍ ပွားစေသူအား ဘာဝနာသည် ပြီးပြည့်စုံ၏။ ထို့ကြောင့် အတွင်းသို့ဝင်သွားသော လေကိုလည်းကောင်း၊ အပြင်သို့ထွက်သွားသော လေကိုလည်းကောင်း နှလုံးမသွင်း၊ မသိမ်းဆည်းမူ၍ ရေးနည်းဖြင့်ပင် လျှင်မြန်စွာ လျှင်မြန်စွာ ရေတွက်အပ်၏။....

"…. အဘယ်မျှလောက် ကြာအောင် ဤ ဝင်လေ ထွက်လေကို ရေတွက်အပ်သနည်းဟူမူ ရေတွက်ခြင်းနှင့် ကင်း၍ ဝင်လေ ထွက်လေ အာရုံ၌သတိကောင်းစွာ တည်သည့်တိုင်အောင် (ရေတွက်အပ်ပေသည်)။ မှန်ပေ၏။ ရေတွက်ခြင်းသည် အပြင်၌ပြန့်သွားနေသော ဝိတက်၏ ပြတ်စဲခြင်းကိုပြု၍ ဝင်လေထွက်လေ အာရုံ၌ သတိကို ကောင်းစွာ တည်စေခြင်း အကျိုးငှာသာလျှင် ဖြစ်ပေသည်။"*

ရေတွက်ခြင်း ဂဏနာနည်းကို လုံလောက်စွာ အားထုတ်ခြင်းဖြင့် အထက်တွင် ဆိုခဲ့သော ဗုဒ္ဓ၏ "(၁) သတိရှိလျက်သာလျှင် ထွက်သက်လေကို ထုတ်၏။ သတိရှိလျက်သာလျှင် ဝင်သက် လေကိုရှူ၏။ (၂) ထွက်သက်လေကိုရှည်ရှည်ထုတ်လျှင်လည်း 'ရှည်ရှည်ထုတ်သည်'ဟု သိရမည်။ ဝင်သက်လေကို ရှည်ရှည်ရှူလျှင်လည်း 'ရှည်ရှည်ရှူသည်'ဟု သိရမည်။ ထွက်သက်လေကို တိုတိုထုတ်လျှင်လည်း 'တိုတိုထုတ်သည်'ဟု သိရမည်။ ဝင်သက်လေကို တိုတိုရှူလျှင်လည်း 'တိုတိုရှူသည်' ဟု သိရမည်။" ....ဟု ဖော်ပြသော အားထုတ်ခြင်း ကိစ္စတို့ ပြီးစီးနိုင်ပေသည်။ တစ်နည်းအားဖြင့် ပထမ–စတုက္က၏ အဆင့်–၄ဆင့်အနက်မှ (၁) နှင့် (၂) အဆင့်တို့ကို အားထုတ်သောကိစ္စ ပြီးစီးနိုင်သည်။

ဤသို့ဆိုခဲ့သည့်အတိုင်း ရေတွက်ခြင်း (ဂဏနာနည်း) ဖြင့် နှလုံးသွင်း အားထုတ်ပြီးလျှင် အစဉ်လိုက်ခြင်း (အနုဗန္ဓနာနည်း) ဖြင့် နှလုံးသွင်း အားထုတ်အပ်၏။ အနုဗန္ဓနာ မည်သည်ကား ရေတွက်ခြင်းကို ရပ်သိမ်း၍ ဝင်လေ ထွက်လေတို့ကို အခြားအပြတ်မရှိဘဲ အမှတ်သတိဖြင့် အစဉ်လိုက်ခြင်းကို ဆိုလိုသည်။

---

* မဟာစည်ဆရာတော်၊ ဝိသုဒ္ဓိမဂ်မြန်မာပြန်၊ ဒု–တွဲ၊ စာ – ၃၇၁ – ၂။



www.burmeseclassic.com

www.burmeseclassic.com



ဤ အနုဗန္ဓနာနည်းကို အပြည့်အစုံအားထုတ်ခြင်းဖြင့် အထက်တွင် ဖော်ပြခဲ့သော ဗုဒ္ဓ၏ ပထမ စတုက္ကရှိ အဆင့် (၄) ဆင့် အနက်မှ အဆင့် (၃) ဖြစ်သည့်.... "ထွက်လေ၏ အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ထုတ်လွှတ်မည်" ဟု ကျင့်၏။ "ဝင်လေ၏ အစ–အလယ်–အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှူမည်ဟုကျင့်၏။"....ဟု ဖော်ပြသော အားထုတ်ခြင်းကိစ္စ ပြီးစီးနိုင်ပေသည်။ ဤနေရာ၌ မှတ်စရာတစ်ခုရှိသည်မှာ ထွက်လေဝင်လေ၏ အစ–အလယ်–အဆုံး ရုပ်အပေါင်းကိုသိအောင် အားထုတ်ရမည်ဟူသော ဖော်ပြချက်သည်.... ထွက်သွားသော လေ၏ အစ–အလယ်–အဆုံးတို့ နောက်ကိုလည်းကောင်း၊ ဝင်သွားသော လေ၏ အစ–အလယ်–အဆုံး တို့နောက်ကိုလည်းကောင်း စိတ်ကလိုက်၍ လိုက်၍သိအောင် အားထုတ်ခြင်း ကို မဆိုလိုချေ။ ထိုသို့ လိုက်နေပါက စိတ်သည်ပျံ့လွင့်သွားနိုင်လေသည်။ သို့ဖြစ်၍ ထိရာနေရာ၌ပင် စိတ်ကိုထားရမည် ဖြစ်သည်။ ထိုသို့ထားခြင်း ဖြင့် ထွက်လေ ဝင်လေတို့၏ အစ–အလယ်–အဆုံးကို သိနိုင်သည်ဟု အဋ္ဌက ထာများ၌ ဖော်ပြထား၏။ အချို့သော သုတေသီတို့က.... ထွက်လေ ဝင် လေ၏ အစ–အလယ်–အဆုံး ရုပ်အလုံးစုံကိုသိအောင် အားထုတ်ခြင်းဟူ သည်မှာ စိတ်ကို ထိရာ၌ထားခြင်းဖြင့် လေတို့၏ ထိခြင်းတည်းဟူသော အစ၊ ထိနေခြင်းတည်းဟူသော အလယ်၊ ထိနေမှု လျော့ကုန်သွားခြင်း တည်းဟူသော အဆုံးကိုသိအောင် အားထုတ်ခြင်း ဖြစ်သည်ဟု ဆိုကြ၏။ လယ်တီဆရာတော်ကမူ....

"....ထိရာဌာန၌ စိတ်ထားမှုကို လွှတ်၍မလိုက်ရ၊ ထိရာဌာနကို လွှတ်၍ မလိုက်သော်လည်း အစ–အလယ်–အဆုံး အကုန်လုံး ထင်ရှားစေ မည်' ဟူသော ဥဿာဟနှင့်တကွ ထိရာဌာန၌ စိတ်ကိုစိုက်၍ ထားလျှင်ပင် တစ်စတစ်စအားဖြင့် ထွက်သက်တို့သည် အစ–အလယ်–အဆုံး အကုန်လုံးလို လို ထင်ရှားလာကုန်လတ္တံ့...."* ဟု ဖော်ပြထား၏။

ဝိသုဒ္ဓိမဂ်၌ "....အနုဗန္ဓနာနည်း မည်သည်ကား ရေတွက်ခြင်းကို စုရုံး၍ သတိဖြင့် မပြတ် ထွက်သက်ဝင်သက်၏ နောက်သို့ အစဉ်လိုက်ခြင်းကို ဆိုလိုသည်။ ထိုနောက်သို့ အစဉ်လိုက်ခြင်းသည်လည်း အစ–အလယ်– အ

* လယ်တီဆရာတော် – အာနာပါနဒီပနီ။ ၄ ကျမ်းတွဲ၊ စာ – ၂၇



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသို့လိုက်ခြင်း၏ အစွမ်းဖြင့် ဖြစ်သည်မဟုတ်.... ဝင်သက်၏ အစ–အလယ်–အဆုံးသို့ သတိဖြင့်လိုက်သော ယောဂီပုဂ္ဂိုလ်၏ မိမိအတွင်းသို့ ပျံ့လွင့်သောစိတ်ကြောင့် ကိုယ်သည်လည်းကောင်း၊ စိတ်သည် လည်းကောင်း ပူပန်ခြင်းနှင့်တကွဖြစ်သည်၊ တုန်သည်၊ လှုပ်သည်ဖြစ်ကုန်၏။ ထွက်သက်၏ အစ–အလယ်–အဆုံးသို့ သတိဖြင့် အစဉ်လိုက်သော ယောဂီပုဂ္ဂိုလ်၏ အပသို့ ပျံ့လွင့်သောစိတ်ကြောင့် ကိုယ်သည်လည်းကောင်း၊ စိတ်သည် လည်းကောင်း ပူပန်ခြင်းနှင့်တကွဖြစ်သည်၊ တုန်သည်၊ လှုပ်သည်ဖြစ်ကုန်၏။....ဟူ၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူအပ်၏။ ထို့ကြောင့် အစဉ်လိုက်သော အနုဗန္ဓနာနည်းဖြင့် နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်သည် အစ–အလယ်–အဆုံးသို့ အစဉ်လျှောက်လိုက်သည်၏ အစွမ်းဖြင့် နှလုံးမသွင်းအပ်။ စင်စစ်သော်ကား တွေ့ထိခြင်းဖုသနာ၏ အစွမ်းဖြင့်လည်းကောင်း၊ အာရုံ၌ထားခြင်း ဌပနာ၏ အစွမ်းဖြင့်လည်းကောင်း နှလုံးသွင်းအပ်၏" * ဟု ဖော်ပြထား၏။

သို့ဖြစ်၍ ထိရာ၌ပင် စိတ်ကိုထား၍ ရှုမှတ်အားထုတ်ရပုံကို သူဆွံ့ ဥပမာ၊ တံခါးစောင့်ဥပမာ၊ လွှဥပမာတို့ဖြင့် ဖော်ပြထားခြင်းများရှိ၏။

"....ဆွံ့သူသည် ပုခက်ဖြင့် ကစားနေသော သားသမီးတို့၏ပုခက်ကိုလွှဲလျက်ထိုပုခက်တိုင်အနီး၌ပင် ထိုင်နေလျှင် အစဉ်အတိုင်းလာသော သွားသော ပုခက် ပျဉ်ချပ်၏ နှစ်ဖက် အစွန်းတို့ကို လည်းကောင်း၊ အလယ်ကိုလည်းကောင်း မြင်၏။ နှစ်ဖက်အစွန်းနှင့် အလယ်တို့ကို မြင်အောင် ကြောင့်ကြမစိုက်ရသကဲ့သို့ ထိုအတူပင် ဤယောဂီရဟန်းသည် သတိ၏ အစွမ်းဖြင့် ချည်တိုင်အနီး၌ (ဝါ – ဝင်လေ ထွက်လေ၏ ထိခိုက်ရာ နှာသီးဖျား အထက်နှုတ်ခမ်း၌) တည်၍ ဝင်လေ ထွက်လေဟူသော ပုခက်ကို ပစ်လွှဲလျက် ထိုနှာသီးဖျားနှင့် အထက်နှုတ်ခမ်းဟူသော နိမိတ်၌ပင်လျှင် သတိဖြင့် ထိုင်နေလတ်သော် အစဉ်အတိုင်းလာကုန် သွားကုန်သော ဝင်လေ ထွက်လေတို့၏ ထိရာ အရပ်၌ အစ–အလယ်–အဆုံးကို သတိဖြင့် အစဉ်

* အရှင် နန္ဒမာလာ၊ ညွှန်းပြီး၊ စာ–၅၂၇



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်ဖြစ်၍လည်းကောင်း၊ ထိုထိုရာအရပ်၌ စိတ်ကို ထားသည် ဖြစ်၍လည်းကောင်း ရှုမြင်ပေ၏။ ထို အစ – အလယ်–အဆုံး တို့ကို ရှုမြင်နိုင်အောင် ကြောင့်ကြ မစိုက်ရ။"*

"....တံခါးစောင့်သည် မြို့အတွင်း၌ လည်းကောင်း အပြင်၌လည်းကောင်း တွေ့သောသူစိမ်းကို သင်ကား မည်သူနည်း၊ ဘယ်မှလာခဲ့သနည်း၊ ဘယ်သို့သွားမည်နည်း၊ သင်၏လက်၌ အဘယ်ဝတ္ထုနည်း မစုံစမ်း။ ထိုစကား မှန်၏။ ထိုမြို့တွင်းမြို့ပြင်၌ လှည့်လည်သောသူနှင့် ၎င်း၏ လက်၌ ပါလာသော လက်နက်ဘဏ္ဍာတို့သည် ထိုတံခါး စောင့်၏ တာဝန်မဟုတ်။ စင်စစ်သော်ကား တံခါးသို့ ရောက်လာ ရောက်လာသောသူကိုသာလျှင် စုံစမ်းရသကဲ့သို့ ဤအတူ ဤရဟန်း၏ အတွင်းသို့ ဝင်သော လေတို့သည် လည်းကောင်း၊ အပသို့ထွက်သော လေတို့သည် လည်း ကောင်း သိဖို့တာဝန်မဟုတ်ကုန်။ နှာခေါင်းဝသို့ရောက် လာ–ရောက်လာသော ဝင်သက် ထွက်သက်တို့ကိုသာလျှင် သိဖို့တာဝန် ဖြစ်ကုန်၏။"**

"....လွှတိုက်ဖြတ်သော ယောကျ်ားသည် လွှသွားကို လိုက်၍ မရှုဘဲလျက် လွှသွားထိရှရာ၌သာ စိတ်ကိုထား၍ ကြည့်၍ လွှသွားကို အကုန်ထင်ရှား မြင်ရလေဘိသကဲ့သို့ ထို့အတူ နှာခေါင်းပေါက်ဝ၌သာ စိတ်ကိုထား၍ သတိ သညာဖြင့် သိ၍မှတ်၍သာလျှင် ထွက်စေဝင်စေ၍...."*** စသည်ဖြင့်လည်း ဖော်ပြထား၏။

ဖော်ပြခဲ့သည့်အတိုင်း အနုဗန္ဓနာနည်းဖြင့် ထိရာဌာနတွင်သာ စိတ်ကိုထား၍ အားထုတ်ခြင်းကို ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာသည့်တိုင် အောင် အားထုတ်ရမည်ဖြစ်သည်။ **** ဤအနုဗန္ဓနာနည်းကို အလုံ

---

* မဟာစည်ဆရာတော်၊ ညွှန်းပြီး၊ စာ – ၃၇၅

** အရှင် နန္ဒမာလာ ၊ ညွှန်းပြီး၊ စာ – ၅၂၈–၉

*** ဦးတိလောက၊ (သေက္ချတောင်ဆရာတော်) ညွှန်းပြီး၊ စာ – ၄၇၉–၈၀

**** လယ်တီဆရာတော် ၊ ညွှန်းပြီး၊ စာ – ၂၁

(ပဋ္ဌမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



အလောက်အားထုတ်ခြင်းဖြင့် အထက်တွင်ဆိုခဲ့သော ဗုဒ္ဓ၏ပထမစတုက္ကရှိ နောက်ဆုံးအဆင့် (၄) ဖြစ်သည့်.... "ရှန့်ရင်းသောထွက်လေကို ငြိမ်းစေလျက် (သိမ်မွေ့စေလျက်) ထုတ်လွှတ်မည်ဟု ကျင့်၏" "ရှန့်ရင်းသော ဝင်လေကိုငြိမ်းစေလျက် (သိမ်မွေ့စေလျက်) ရှူမည်ဟုကျင့်၏"...ဟု ဖော်ပြသော အားထုတ်ခြင်းကို အားထုတ်နေရာရောက်ပေသည်။ "ရှေးရှေးဘဝက ဤကမ္မဋ္ဌာန်းကို အားထုတ်ဖူးသောယောဂီအား ဂဏနာနည်းဖြင့် အားထုတ်သည်မှစ၍ တဖြည်းဖြည်းရှန့်ရင်းကြမ်းတမ်းသော ဝင်လေထွက်လေ ငြိမ်သက်လာသဖြင့် ကိုယ်ပူပန်ခြင်းငြိမ်း၍လာလိမ့်မည်။ စိတ်လည်းပေါ့ပါးလာလိမ့်မည်။ ခန္ဓာကိုယ်သည် ကောင်းကင်သို့ ပျံတက်နေသကဲ့သို့ ဖြစ်လာလိမ့်မည်။ ထိုယောဂီ၏ ရှန့်ရင်း ကြမ်းတမ်းသော ဝင်လေ ထွက်လေတို့ တဖြည်းဖြည်း ချုပ်သည်ရှိသော် သိမ်မွေ့သော ဝင်လေထွက်လေသို့သာ ဖြစ်လာလိမ့်မည်။ ထိုသိမ်မွေ့သော လေတို့ကို အာရုံပြုသောစိတ်လည်း ဖြစ်လာလိမ့်မည်။ ထိုစိတ်မျိုးချုပ်ပြန်သော် ထို့ထက်သိမ်မွေ့သော နိမိတ်လျှင် အာရုံရှိသော စိတ်များဖြစ်လာလိမ့်ဦးမည်။"*

"...ဂဏနာ၊ အနုဗန္ဓနာတို့အခန်းတွင်း ထွက်သက်ဝင်သက်တည်းဟူသော ကမ္မဋ္ဌာန်းအာရုံသည် အဆင့်ဆင့်သိမ်မွေ့၍ သွားသဖြင့် ပျောက်ကွယ်၍ သွားသကဲ့သို့ ဖြစ်တတ်၏။ ထိုအခါ စိတ်ကို ထိရာဌာန၌ ထားမြဲထား၍ အလွန်သိမ်မွေ့လှစွာသော ထိုအာရုံကို ထိုနေရာမှာပင်ရအောင်ယူရာ၏။ ရအောင်ယူနိုင်၍ ထိုအာရုံထင်ရှားပေါ်ပြန်သည့်နောက် မကြာမီ ပဋိဘာဂနိမိတ် ပေါ် လာလိမ့်မည်။"**

"...ပဋိဘာဂနိမိတ်ဆိုသည်ကား.... ပကတိသော ထွက်သက် ဝင်သက်လေအတိုင်းကိုလွန်၍ အဆင်းသဏ္ဌာန်အရောင်အလက်နှင့်တကွ လဲဝဂွမ်းအစုကဲ့သို့၊ လေအလျဉ်ကဲ့သို့၊ မိုးကြယ်ကဲ့သို့၊ ပတ္တမြားလုံးကဲ့သို့၊ ပုလဲလုံးကဲ့သို့၊ ပုလဲသွယ်ကဲ့သို့ အစရှိသည်ဖြင့် တစ်ခုခုထင်ပေါ်ဖြစ်ထွန်း၍လာသော ပညတ္တိဓမ္မအထူးကို ပဋိဘာဂနိမိတ်ဆိုသည်။ ထိုပဋိဘာဂနိမိတ်ပညတ်အာရုံ အထူးအထင်အရှား စိတ်အမြင်မှာ နှလုံးသွင်းတိုင်းဖြစ်ပေါ်ထင်မြင်လာသောအခါမှ အနုဗန္ဓနာနည်းကို ရုပ်သိမ်းရမည်။ ဂဏနာနည်း၊

* မေဒိနီဆရာတော်၊ ညွှန်းပြီး၊ စာ - ၅၁
** လယ်တီဆရာတော်၊ ညွှန်းပြီး၊ စာ - ၂၂



www.burmeseclassic.com

www.burmeseclassic.com



အနုပဿနည်းနှစ်ပါးမှာ ထိရာဌာနကိုမလွှတ်ရသေး။.... ပဋိဘာဂနိမိတ်ထင်သည်မှစ၍ 'ထပနာနည်း'ဖြင့် အားထုတ်ရာ၏။ ထပနာဆိုသည်ကား.... ပဋိဘာဂနိမိတ်မည်သည် ပညတ်အာရုံအထူးဖြစ်၍ အာရုံအသစ်ကဲ့သို့ ဖြစ်ပြန်၏။ သဘာဝမမျိုးမဟုတ်သောကြောင့် ကွယ်ပျောက်လည်း ကွယ်ပျောက်လွယ်၏။ ကွယ်ပျောက်ပြန်လျှင် တစ်ဖန်ထင်မြင်ရန်အမှုလည်း ခက်ခဲ၏။ ထို့ကြောင့် ထင်မြင်လာသော ထိုပဋိဘာဂနိမိတ်ကို မကွယ်ပျောက်မူ၍ တစ်နေ့တစ်ခြားထင်ရှား ပွင့်လင်း၍ သွားအောင် ထိုအာရုံ၌ စူးစူးစိုက်စိုက်အားထုတ်ဖိစီး၍ စိတ်ကိုထားခြင်းသည် 'ထပနာ'မည်၏။.... အဘယ်မျှလောက် ကြာမြင့်အောင် ဤထပနာနည်းဖြင့် ပွားများ အားထုတ်ရာသနည်းဟူမူကား ရူပါဝစရစတုတ္ထဈာန်၊ ပဉ္စမဈာန်တိုင်အောင်ပင် ဖြစ်လေသည်။"* "ပထဝီကသိုဏ်းအရာ၌ ဆိုခဲ့သော အစဉ်ဖြင့်ပင်လျှင် ထိုပဋိဘာဂနိမိတ်၌ လေးပါး–ငါးပါးသော ဈာန်တို့သည် ဖြစ်ပေါ်ကုန်၏။"** ဤနေရာ၌ နိမိတ်ထင်ပေါ်ပုံ၊ ပထမရူပဈာန်မှ စတုတ္ထရူပဈာန်။ ပဉ္စမရူပဈာန်များသို့ တက်ပုံများကို အခန်း (၁၂)၌ ဖော်ပြထားသော အချက်အလက်များနှင့် ဆက်စပ်လေ့လာနိုင်ပါသည်။

အာနာပါန ကျင့်စဉ်တွင် "ဤပထမ စတုက္ကသည် လိုရင်းပဓာနတည်း။ ယခုအခါ၌ ဤပထမစတုက္ကအလုပ်ပြီးစီးလျှင်ပင် သမထဝိပဿနာလိုရာအလုပ်ကို လုပ်နိုင်ပြီဖြစ်သည်"*** ဂဏနာနည်း၊ အနုဗန္ဓနာနည်းတို့ဖြင့် ဤပထမ စတုက္က၌ အားထုတ်ခြင်းသည် ကာယနုပဿနာ သတိပဋ္ဌာန်ကို အားထုတ်ခြင်းပင်ဖြစ်လေသည်။ အာနာပါနကမ္မဋ္ဌာန်းဖြင့် ရူပစတုတ္ထဈာန်လေးပါး (သို့မဟုတ်) ငါးပါးကိုရပြီးသူသည် မဂ်ဖိုလ်သို့ရောက်လိုလျှင် ဝိပဿနာရှုမှတ်အားထုတ်ရမည်ဖြစ်၏။ သို့ဖြစ်၍.... ဝိပဿနာရှု၍ မဂ်ဖိုလ်ကိုရလိုသော ပုဂ္ဂိုလ်သည် "ရပြီးသောဈာန်ကို နိုင်နင်းအောင်လေ့ကျင့်၍**** ဈာန်မှထပြီးလျှင် ထွက်သက်ဝင်သက်၏ ဖြစ်ကြောင်း ရုပ်ကို (ကရဇကာယ) ကိုလည်းကောင်း၊ စိတ်ကိုလည်းကောင်း ဤနှစ်ပါးစုံကို

---

* လယ်တီဆရာတော်၊ ညွှန်းပြီး၊ စာ – ၂၃

** မဟာစည်ဆရာတော်၊ ညွှန်းပြီး၊ စာ – ၃၇၉

*** လယ်တီဆရာတော်၊ ညွှန်းပြီး၊ စာ – ၂၉

**** ဝသီဘော် ၅ မျိုးဖြင့် ဈာန်ကိုနိုင်နင်းအောင် လေ့ကျင့်ပုံကို အခန်း (၁၂)၌ ဖော်ပြပြီး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှု၏။ ထိုအခါ.... ထွက်လေ ဝင်လေတို့သည် ရုပ်ကိုယ်နှင့် စိတ်ကြောင့် ထွက်မှု ဝင်မှုဖြစ်နေသည်ဟု သိမြင်၏။ ထို့နောက် ထွက်လေဝင်လေနှင့် ရုပ်ကိုယ်သည်ကား 'ရုပ်'၊ စိတ်နှင့်ထိုစိတ်ကိုယှဉ်သော စေတသိက်တို့ကား 'နာမ်'.... ဟူ၍ 'ရုပ်နာမ်'တို့ကို ခွဲခြားသိမြင်သော ဉာဏ်တို့ ဖြစ်ပေါ်လာသည်။''* ဤသို့ သိမြင်သော ဉာဏ်များမှဆက်၍ ဝိပဿနာဉာဏ်တို့ အဆင့်ဆင့်ဖြစ်ပေါ်ကာ အရဟတ္တမဂ်ဖိုလ်အထိ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များ ဖြစ်ပေါ်သွားမည် ဖြစ်လေသည်။

ဆက်၍ ဈာန်လမ်းကို အားထုတ်လိုပါမူ ဒုတိယစတုက္ကကို ကျင့်ဆောင် အားထုတ်နိုင်သည်။ ဗုဒ္ဓက ဒုတိယစတုက္က၌ အားထုတ်ပုံကို အောက်ပါကဲ့သို့ ဖော်ပြ၏။

"၁။ စိတ်၏နှစ်သက်ရွှင်လန်းခြင်း'ပီတိ'ကို ထင်စွာသိလျက်ထွက်သက်လေကိုဖြစ်စေအံ့ (ရှုထုတ်အံ့)ဟု လေ့ကျင့်အားထုတ်၏။ စိတ်၏ နှစ်သက်ရွှင်လန်းခြင်း 'ပီတိ'ကို ထင်စွာသိလျက် ဝင်လေကို ရှုသွင်းအံ့ဟု လေ့ကျင့်အားထုတ်၏။

၂။ စိတ်၏ ငြိမ်းအေးချမ်းသာခြင်း 'သုခ' ကို ထင်စွာသိလျက် ထွက်သက်လေကို ဖြစ်စေအံ့ (ရှုထုတ်အံ့)ဟု လေ့ကျင့်အားထုတ်၏။ စိတ်၏ငြိမ်းအေးချမ်းသာခြင်း 'သုခ' ကို ထင်စွာသိလျက် ဝင်သက်လေကို ရှုသွင်းအံ့ဟု လေ့ကျင့်အားထုတ်၏။

၃။ (ဝေဒနာသညာတည်းဟူသော) 'စိတ္တသင်္ခါရ' ကို ထင်စွာသိလျက် ထွက်သက်လေကိုဖြစ်စေအံ့ (ရှုထုတ်အံ့) ဟု လေ့ကျင့် အားထုတ်၏။ (ဝေဒနာသညာတည်းဟူသော) 'စိတ္တသင်္ခါရ'ကို ထင်စွာသိလျက် ဝင်သက်လေကို ရှုသွင်းအံ့ဟု လေ့ကျင့်အားထုတ်၏။

၄။ ရုန့်ရင်းသော 'စိတ္တသင်္ခါရ' ကို အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက် ထွက်သက်လေကို ဖြစ်စေအံ့ (ရှုထုတ်ပေအံ့)ဟု လေ့ကျင့်အားထုတ်၏။ ရုန့်ရင်းသော 'စိတ္တသင်္ခါရ' ကို အစဉ်

---

* မဟာစည်ဆရာတော်၊ ညွှန်းပြီး၊ စာ – ၃၉၀



www.burmeseclassic.com

www.burmeseclassic.com



> အတိုင်း ချုပ်ငြိမ်းစေလျက် ဝင်သက်လေကို ရှူသွင်းအံ့ဟု လေ့ကျင့်အားထုတ်၏။"*

အထက်ပါ ဒုတိယစတုက္က၏ အဆင့် (၁)၌ ပီတိကို ထင်စွာသိလျက် ထွက်လေဝင်လေကို ရှူထုတ်အံ့၊ ရှူသွင်းအံ့ဟု လေ့ကျင့်အားထုတ်ရန် ဖော်ပြခြင်းသည် ပထမဈာန်၊ ဒုတိယဈာန်၌ရှိသော ပီတိကို ထင်ရှားလာအောင် ထွက်လေဝင်လေတို့ကို ရှူထုတ်၊ ရှူသွင်းခြင်းကို ဆိုလိုသည်။ ဤသို့ ရှူထုတ် ရှူသွင်းခြင်းဖြင့် အားထုတ်ရန် ညွှန်ပြခြင်း၌ "ပီတိကို ထင်စွာသိလျက်" ဆိုသောစကားပါရှိ၏။ ထိုစကားသည် ပီတိကို (၁) အာရုံအားဖြင့် သိခြင်း၊ (၂) မတွေဝေသောအားဖြင့် သိခြင်း ဟူသော အသိ (၂)မျိုးဖြင့် သိအောင် အားထုတ်မှုကို ရည်ညွှန်းခြင်းဖြစ်သည်။

(၁) အာရုံအားဖြင့် သိခြင်းကို ဝိသုဒ္ဓိမဂ်၌ အောက်ပါကဲ့သို့ ဖော်ပြ၏။

> "ပီတိရှိသော (ပထမ၊ဒုတိယ) ဈာန်နှစ်ပါးကို ဝင်စား၏။ ထိုပုဂ္ဂိုလ်မှာ ဈာန်ဝင်စားခိုက် ဈာန်ကိုရခြင်း၊ ရောက်ခြင်းကြောင့် (ပဋိဘာဂနိမိတ်) အာရုံအလိုအားဖြင့် (ဝါ–) အာရုံသိခြင်းကို အကြောင်းပြုသဖြင့်) ပီတိကို သိပေ၏။"** ဤသို့သိခြင်းကို အာရုံအားဖြင့် သိခြင်းဟု ဆိုလိုသည်။

(၂) မတွေဝေသော (အသမ္မောဟ) အားဖြင့် သိခြင်းကိုလည်း အောက်ပါကဲ့သို့ ဖော်ပြ၏။

> "ပီတိရှိသော ဈာန် ၂ ပါးတို့ကို ဝင်စားပြီးလျှင် ထိုဈာန်မှထ၍ ဈာန်နှင့် ယှဉ်သောပီတိကို ကုန်သွားသည်ဟု ပျက်သွားသည်ဟု သုံးသပ်၏။ ထိုပုဂ္ဂိုလ်မှာ ဝိပဿနာရှုခိုက်၌ ပီတိ၏ သဘာဝလက္ခဏာ၊ သာမညလက္ခဏာကို သိခြင်းကြောင့် ပီတိကို မတွေဝေသောအားဖြင့် သိ၏။"***

---

* အာနာပါနဿတိသုတ်၊ ၂–အနုပဒဝဂ်၊ ဥပရိပဏ္ဏာသမဇ္ဈိမနိကာယ်၊

** မဟာစည်ဆရာတော်၊ ညွှန်းပြီး၊ စာ – ၃၉၁–၂

*** မဟာစည်ဆရာတော်၊ ညွှန်းပြီး၊ စာ – ၃၉၂



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ စတုက္က၏ အဆင့် ( ၂ )၌ "သုခ"ကို ထင်ရှားသိလျက် ထွက်ဝေဝင်လေကို ရှုထုတ်အံ့ဟု လေ့ကျင့်အားထုတ်ရန် ဖော်ပြခြင်းသည် ပထမ၊ ဒုတိယ၊ တတိယ ဈာန်များ၌ရှိသော သုခကို ထင်ရှားလာအောင် ထွက်လေဝင်လေတို့ကို ရှုထုတ်ခြင်း ရှုသွင်းခြင်းကို ဆိုလိုသည်။ ဤသို့ ရှုထုတ်ခြင်း၊ ရှုသွင်းခြင်းဖြင့် အားထုတ်ရန်ညွှန်ပြခြင်း၌ "သုခကိုထင်စွာ သိလျက်" ဟူသော စကားပါရှိ၏။ ထိုစကားသည်လည်း သုခကို (၁) အာရုံဖြင့်သိခြင်း၊ (၂) မတွေဝေသောအားဖြင့် သိခြင်း ၂ မျိုးကို ညွှန်းလျက်ရှိသည်။

(၁) ပထမ၊ ဒုတိယ၊ တတိယ ဈာန် ၃ ပါးကို ဝင်စား၏။ ထိုသို့ ဝင်စားသော ပုဂ္ဂိုလ်သည် ဈာန်ဝင်စားခိုက်၌ ဈာန်ကိုရခြင်း ရောက်ခြင်းကြောင့် ပဋိဘာဂနိမိတ် အာရုံ အလိုအားဖြင့် ( ဝါ – အာရုံ သိခြင်းကို အကြောင်းပြုသဖြင့်) သုခကို သိ၏။ ဤသို့သိခြင်းသည် အာရုံအားဖြင့် သိခြင်းဖြစ်သည်။

(၂) ထိုသုခရှိသော ဈာန် ၃ ပါးကို ဝင်စားပြီးနောက် ဈာန်မှထ၍ ဈာန်နှင့် ယှဉ်သော သုခကို ကုန်သွားသည်၊ ပျက်သွားသည်ဟု ရှုမြင်သုံးသပ်၏။ ထိုသို့ရှုမြင် သုံးသပ်မှု ဝိပဿနာအခိုက်၌ သုခ၏သဘာဝလက္ခဏာ၊ သာမညလက္ခဏာကိုသိမြင်၏။ ထိုသို့သိမြင်ခြင်းသည် သုခကို မတွေဝေသော (အသမ္မောဟ) အားဖြင့် သိခြင်းပင် ဖြစ်လေသည်။

ဒုတိယ စတုက္က၏ အဆင့် (၃) ၌ ဝေဒနာ သညာ တည်းဟူသော စိတ္တသင်္ခါရကို ထင်စွာသိလျက် ထွက်သက်လေ၊ ဝင်သက်လေကို ရှုထုတ်အံ့၊ ရှုသွင်းအံ့ဟု လေ့ကျင့်အားထုတ်ရန်ဖော်ပြထားခြင်းသည် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်တို့၌ရှိသော ဝေဒနာ သညာ ဟူသော စိတ္တသင်္ခါရ ထင်ရှားလာအောင် ထွက်လေ ဝင်လေတို့ကို ရှုထုတ်ခြင်း၊ ရှုသွင်းခြင်းကိုဆိုလိုသည်။ ဤသို့ရှုထုတ်ခြင်း၊ ရှုသွင်းခြင်းဖြင့် အားထုတ်ရန်ညွှန်ပြခြင်း၌လည်း "စိတ္တသင်္ခါရ (ဝေဒနာသညာ)ကို ထင်ရှားစွာ သိလျက်...." ဟူသောစကားပါရှိ၏။ ထိုစကားသည်လည်း စိတ္တသင်္ခါရကို အာရုံအားဖြင့်သိခြင်း၊ မတွေဝေသောအားဖြင့် သိခြင်းတို့ကို ရည်ညွှန်းလျက် ရှိ၏။ ဤတွင်လည်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်လေးပါးကို ဝင်စား၏။ ထိုသို့ဝင်စားသော ပုဂ္ဂိုလ်သည် ဈာန်ဝင်စားခိုက်၌ ဈာန်ကိုရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခြင်းကြောင့် ပဋိဘာဂနိမိတ်အာရုံ အလိုအားဖြင့် (ဝါ - အာရုံ သိခြင်းကို အကြောင်းပြုသဖြင့်) စိတ္တသင်္ခါရတို့ကို သိ၏။ ဤသို့သိခြင်းကို အာရုံအားဖြင့် သိခြင်းဟု ဆိုလိုသည်။ ထိုစိတ္တသင်္ခါရရှိသော ဈာန် ၄ ပါးတို့ကို ဝင်စားပြီးနောက် ဈာန်မှထ၍ ဈာန်နှင့်ယှဉ်သော စိတ္တသင်္ခါရကို ကုန်သွားသည်၊ ပျက်သွားသည်ဟု မြင်အောင် ရှုမြင်သုံးသပ်၏။ ထိုသို့ရှုမြင်သုံးသပ်မှု ဝိပဿနာအခိုက်၌ စိတ္တသင်္ခါရ၏ သဘာဝလက္ခဏာ၊ သာမည လက္ခဏာကိုသိမြင်၏။ ထိုသို့သိမြင်ခြင်းသည် စိတ္တသင်္ခါရကို မတွေဝေသော (အသမ္မောဟ)အားဖြင့် သိမြင်ခြင်း ဖြစ်လေသည်။

ဒုတိယ စတုက္က အဆင့် (၄) ၌ "ရုန့်ရင်းသော စိတ္တ သင်္ခါရကို အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက် ထွက်သက် ဝင်သက်လေကို ရှုထုတ်အံ့၊ ရှုသွင်းအံ့ဟု လေ့ကျင့်အားထုတ်ရန်" ဖော်ပြထားခြင်းသည် ရုန့်ရင်းသော ဝေဒနာ သညာတည်းဟူသော စိတ္တသင်္ခါရကို ချုပ်ငြိမ်းစေ၍ သိမ်မွေ့သော စိတ္တသင်္ခါရ ဖြစ်ပေါ်လာအောင် အားထုတ်ရခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ဤနေရာ၌ အကယ်၍ သုခဝေဒနာ လွန်ကဲနေလျှင် ထိုသုခ ဝေဒနာကို သိမ်မွေ့သွားအောင် အားထုတ်ရမည်။ ထိုသုခ၌ ရာဂ မဝင်လာအောင် လည်း အားထုတ်ရမည်။ အားထုတ်နေသော ပုဂ္ဂိုလ်သည် ထိုသိမ်မွေ့သော သုခ၏ မမြဲမှုကိုလည်း ဝိပဿနာ ရှုနိုင်လေသည်။ထိုသို့ရှုမှုကြောင့် သုခကို ရှာမရလောက်အောင် ဖြစ်လာသည်။ ဝင်လေ ထွက်လေကလည်း လွန်စွာ သိမ်မွေ့လွန်း၍ ရှာမရလောက်အောင် ဖြစ်လျက်ရှိသည်။ ထိုအချိန်၌ သုခ ဒုက္ခနှင့်တကွ နီဝရဏတို့မှ လွတ်နေသောစိတ်သည် လွန်စွာကြည်လင်လျက် ရှိသည်။ ဤစိတ်ကို ရှုရန်အတွက် တတိယစတုက္က၏ အဆင့် (၁) တွင် ဖော်ပြထားသည့်အတိုင်း စိတ္တာနုပဿနာ ရှုရမည်ဖြစ်သည်။

ဤဒုတိယ စတုက္က၏ အဆင့် (၁)မှ 'ပီတိ'၊ အဆင့် (၂)မှ 'သုခ' တို့သည် ဝေဒနာသဘောကို ဖော်ပြခြင်းဖြစ်သည်။ "စိတ္တသင်္ခါရကို သိလျက်.... စိတ္တသင်္ခါရကို ငြိမ်းစေလျက်...."ဟု ဆိုသော အဆင့် (၃) အဆင့် (၄) တို့၌လည်း သညာနှင့်ယှဉ်သော ဝေဒနာကိုပင် ရည်ညွှန်း ထားသည်။ ထို့ကြောင့် ထိုဒုတိယ စတုက္ကသည် ဝေဒနာနုပဿနာ နည်း (ဝါ) ဝေဒနာနုပဿနာ သတိပဋ္ဌာန်အလုပ်ပင်ဖြစ်လေသည်။

တတိယ စတုက္က၌ အားထုတ်ပုံကို ဗုဒ္ဓက အောက်ပါအတိုင်း ဖော်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"၁။ 'စိတ်ကို ထင်ရှားစွာသိလျက် ထွက်သက်ကိုဖြစ်စေအံ့' ဟု ကျင့်၏။ 'စိတ်ကို ထင်ရှားစွာ သိလျက် ဝင်သက်ကို ဖြစ်စေအံ့'ဟု ကျင့်၏။

၂။ 'စိတ်ကို အလွန်ဝမ်းမြောက်စေလျက် ထွက်သက်ကို ဖြစ်စေအံ့' ဟု ကျင့်၏။ 'စိတ်ကို အလွန်ဝမ်းမြောက်စေလျက် ဝင်သက်ကို ဖြစ်စေအံ့'ဟု ကျင့်၏။

၃။ 'စိတ်ကို အာရုံ၌ကောင်းစွာ ထားလျက် (ဝါ) စိတ်ကို ကောင်းစွာတည်ကြည်စေလျက် ထွက်သက်ကို ဖြစ်စေအံ့' ဟု ကျင့်၏။'စိတ်ကို အာရုံ၌ကောင်းစွာထားလျက် (ဝါ) စိတ်ကိုကောင်းစွာတည်ကြည်စေလျက် ဝင်သက်ကို ဖြစ်စေအံ့'ဟု ကျင့်၏။

၄။ 'စိတ်ကို ကိလေသာမှ လွတ်စေလျက် (ဝါ) စိတ်ကို နီဝရဏ စသော ရှန့်ရင်းသောတရားတို့မှ ကျွတ်လွတ်စေလျက် ထွက်သက်ကို ဖြစ်စေအံ့' ဟု ကျင့်၏။ 'စိတ်ကို ကိလေသာမှ လွတ်စေလျက် (ဝါ) စိတ်ကို နီဝရဏစသော ရှန့်ရင်းသော တရားတို့မှ ကျွတ်လွတ်စေလျက် ဝင်သက်ကို ဖြစ်စေအံ့' ဟု ကျင့်၏။*

အထက်ပါ တတိယစတုက္က၏ အဆင့် (၁) သည် ဈာန်နှင့် ယှဉ်သော စိတ် ထင်ရှားလာအောင်ထွက်လေဝင်လေကို ရှုထုတ်ခြင်း၊ ရှုသွင်းဖြင်းဖြင့် အားထုတ်ရန် ညွှန်ပြထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် စိတ်၏အထူး ထင်ရှားခြင်းကို ဖြစ်စေခြင်းငှာ ထိုအာရုံ၌ ဈာန်လေးပါးကို အဖန်ဖန်ဝင်စားမှုကို ဆိုလိုသည်။ ဤအဆင့်၌လည်း အားထုတ်သူပုဂ္ဂိုလ်သည် ပဌမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်တို့ကို ဝင်စား၏။ ထိုသို့ဝင်စားသော ပုဂ္ဂိုလ်သည် ဈာန်ဝင်စားခိုက်၌ ဈာန်ကိုရခြင်း၊ ရောက်ခြင်းကြောင့် ပဋိဘာဂ နိမိတ်အာရုံ အလိုအားဖြင့် (ဝါ – အာရုံသိခြင်းကို အကြောင်းပြုသဖြင့်) ထင်ရှားလာသော ဈာန်စိတ်ကိုသိ၏။ ဤသို့ သိခြင်းသည် အာရုံအားဖြင့် သိခြင်းပင်ဖြစ်သည်။ တစ်ဖန်.... ထို ဈာန်စိတ်ကိုထင်ရှားဖြစ်စေသော ဈာန် ၄ ပါးကို ဝင်စားပြီးနောက်.... ဈာန်မှထ၍ ထိုထင်ရှားသော ဈာန်စိတ်ကို

---

* အာနပါနသုတ်၊ ညွှန်းပြီး။



www.burmeseclassic.com

www.burmeseclassic.com



ပင် ကုန်သွားသည် – ပျက်သွားသည်ဟု ဖြစ်ပျက်မှုကို ရှုမြင်သုံးသပ်၏။ ထိုသို့ ရှုမြင်သုံးသပ်သော ဝိပဿနာအခိုက်၌ ထိုဈာန်စိတ်၏ သဘာဝလက္ခဏာစသည်ကို သိခြင်းသည်ဈာန်စိတ်ကို မတွေ့ဝေသော (အသမ္မောဟ) အားဖြင့် သိခြင်းဖြစ်သည်။

တတိယ စတုက္က၏ အဆင့် (၂) သည် ….စိတ်ကိုဝမ်းမြောက်စေလျက် အလွန် ဝမ်းမြောက်စေလျက်၊ ရွှင်စေလျက်၊ အလွန်ရွှင်စေလျက် ထွက်သက်ဝင်သက်ကို ရှုထုတ်ခြင်း ရှုသွင်းခြင်းဖြင့် အားထုတ်ရန်ညွှန်ပြခြင်းဖြစ်သည်။ "ဝမ်းမြောက်စေလျက်" ဟူသောစကားသည် (၁) သမာဓိ အားဖြင့်လည်းကောင်း၊ (၂) ဝိပဿနာ၏ အစွမ်းဖြင့်လည်းကောင်း နှစ်ပါးသော အခြင်းအရာတို့ဖြင့် ဝမ်းမြောက်စေခြင်းကို ဆိုလိုသည်။

"…. သမာဓိ၏ အစွမ်းအားဖြင့် အဘယ်သို့ ဝမ်းမြောက်စေသနည်း။ ပီတိရှိသော ဈာန်နှစ်ပါးကို ဝင်စား၏။ ထိုပုဂ္ဂိုလ်သည် ဈာန်ဝင်စားခိုက်၌ ယှဉ်ဖက်ပီတိဖြင့် စိတ်ကိုဝမ်းမြောက်စေ၏။ အလွန်ဝမ်းမြောက်စေ၏။ ဝိပဿနာ၏ အစွမ်းအားဖြင့် အဘယ်သို့ ဝမ်းမြောက်စေသနည်း။ ပီတိရှိသော ဈာန်နှစ်ပါးတို့ကို ဝင်စားပြီးလျှင် ထ၍ ဈာန်နှင့်ယှဉ်သော ပီတိကို ကုန်သွားသည်ဟု–ပျက်သွားသည်ဟု သုံးသပ်၏။ ဤသို့ ဝိပဿနာရှုခိုက်၌ ဈာန်နှင့်ယှဉ်သော ပီတိကို အာရုံပြုလျက် စိတ်ကို ဝမ်းမြောက်စေ၏။ အလွန်ဝမ်းမြောက်စေ၏။ ဤသို့ကျင့်သော ပုဂ္ဂိုလ် 'စိတ်ကို ဝမ်းမြောက်စေလျက် ရှုသွင်းအံ့၊ ရှုထုတ်အံ့' ဟု လေ့ကျင့်သည်ဟူ၍ ဆိုအပ်ပေသည်။"*

တတိယစတုက္က၏ အဆင့် (၃) သည် "ဈာန်စိတ်၊ ဝိပဿနာစိတ်ကို ဧကဂ္ဂတာဖြင့် ကောင်းစွာထား၍ ဝင်လေ–ထွက်လေတို့ကို ရှုသွင်းမည်။ ရှုထုတ်မည်ဟု အားထုတ်ရန် ညွှန်ပြခြင်းဖြစ်သည်။" **ဤအချက်ကို ဝိသုဒ္ဓိမဂ်၌…. "စိတ်ကို ကောင်းစွာထားလျက်…. ဟူသည်ကား ပထမဈာန်စသည်၏ အစွမ်းအားဖြင့် စိတ်ကိုအာရုံ၌ အညီအညွတ်ထားလျက်၊ တစ်နည်းကား …. ထိုဈာန်တို့ကို ဝင်စားပြီးလျှင် ထ၍ ဈာန်နှင့်ယှဉ်သော စိတ်ကိုကုန်သွားသည်ဟု ပျက်သွားသည်ဟု ရှုမြင်သောသူအား ဝိပဿနာရှုခိုက်၌ အနိစ္စ

---

* မဟာစည်ဆရာတော်၊ ညွှန်းပြီး၊ စာ – ၃၉၅
** မေဒိနီဆရာတော်၊ ညွှန်းပြီး၊ စာ – ၆၀



www.burmeseclassic.com

www.burmeseclassic.com



အစရှိသော လက္ခဏာကိုသိသဖြင့် 'ခဏိကစိတ္တေကဂ္ဂတာ'မည်သော ခဏိက သမာဓိသည်ဖြစ်၏။ ဤသို့ဖြစ်သော ခဏိကသမာဓိ၏ အစွမ်းအားဖြင့်လည်း စိတ်ကို အာရုံ၌ အညီအညွတ်ထားသော ပုဂ္ဂိုလ်ကို 'စိတ်ကိုကောင်းစွာထား လျက်ရှုသွင်းအံ့၊ ရှုထုတ်အံ့ဟု လေ့ကျင့်သည်' ဟူ၍ ဆိုအပ်ပေသည်။''*

တတိယစတုက္က၏ အဆင့် (၄)သည် .... ....''ချာန်စိတ်၊ ဝိပဿနာစိတ် တို့ကို နီဝရဏ စသည်တို့မှ ကင်းလွတ်အောင်ပြု၍ ဝင်လေထွက်လေတို့ကို ရှုသွင်းမည် ရှုထုတ်မည်ဟု အားထုတ်ရန် ညွှန်ပြထားခြင်းဖြစ်သည်။ ဤ အဆင့်တွင်.... 'စိတ်ကို (ကိလေသာမှ) လွတ်စေလျက်'....ဟူသော စကားပါရှိ ၏။ ဤတွင် 'စိတ်ကိုလွတ်စေလျက်'.... ဟူသည်ကား ပထမချာန်ဖြင့် နီဝရဏ တို့မှ စိတ်ကိုလွတ်စေလျက်၊ အထူးသဖြင့် လွတ်စေလျက်၊ ဒုတိယချာန်ဖြင့် ဝိတက် ဝိစာရတို့မှ၊ တတိယချာန်ဖြင့် ပီတိမှ၊ စတုတ္ထချာန်ဖြင့် သုခဒုက္ခတို့ မှ စိတ်ကိုလွတ်စေလျက် – အထူးသဖြင့် လွတ်စေလျက်၊ တစ်နည်းသော်ကား ချာန်တို့ကို ဝင်စားပြီးလျှင် ထ၍ ချာန်နှင့် ယှဉ်သောစိတ်ကို ကုန်သွားသည် ဟု၊ ပျက်သွားသည်ဟု သုံးသပ်၏။ ထိုသုံးသပ်သောသူသည် ဝိပဿနာရှု ခိုက်၌ အနိစ္စာနုပဿနာဖြင့် နိစ္စသညာမှ စိတ်ကိုလွတ်စေလျက်၊ ဒုက္ခာနုပဿနာ ဖြင့် သုခသညာမှ၊ အနတ္တာနုပဿနာဖြင့် အတ္တသညာမှ ၊ နိဗ္ဗိဒါနုပဿနာ ဖြင့် နှစ်သက်ပျော်မွေ့ခြင်းမှ၊ ဝိရာဂါနုပဿနာဖြင့် တပ်မက်ခြင်းမှ၊ နိရော ဓာနုပဿနာဖြင့် ဖြစ်ပွားစေခြင်းမှ၊ ပဋိနိဿဂ္ဂါနုပဿနာဖြင့် စွဲယူခြင်းမှ.... စိတ်ကိုလွတ်စေလျက်ရှု၍လည်းသွင်း၏။ ရှု၍လည်းထုတ်၏။ ထို့ကြောင့် 'စိတ်ကိုလွတ်စေလျက် ရှုသွင်းအံ့၊ ရှုထုတ်အံ့ဟု လေ့ကျင့်သည်'ဟူ၍ ဆို အပ်ပေသည်။ ဤဆိုခဲ့သည့်အတိုင်း ဤတတိယ စတုက္ကကိုစိတ္တာနုပဿနာ၏ အစွမ်းဖြင့် ဟောထားသည်ဟု သိအပ်ပေသည်။''** ဤ တတိယ စတုက္က သည် စိတ္တာနုပဿနာ သတိပဋ္ဌာန်အလုပ်ဖြစ်ကြောင်းကို လယ်တီဆရာတော် က ''တတိယ စတုက္ကအလုပ်သည် စိတ္တာနုပဿနာ သတိပဋ္ဌာန် အလုပ် တည်း။ ဤ၌လည်း ထွက်သက်ဝင်သက်ကို အာရုံပြုလျက် ဉာဏ်၌စိတ် တရားလည်း အထူးထင်ရှားလျက် ရှိသောကြောင့် ဤ စတုက္ကအလုပ်ကို စိတ္တာနုပဿနာ သတိပဋ္ဌာန်အလုပ်ဆိုသတည်း''*** ဟု ဖော်ပြထား၏။

---

* မဟာစည်ဆရာတော်၊ ညွှန်းပြီး၊ စာ – ၃၉၅ – ၃၉၆
** မဟာစည်ဆရာတော်၊ ညွှန်းပြီး၊ စာ – ၃၉၆ – ၃၉၇
*** လယ်တီဆရာတော်၊ ညွှန်းပြီး၊ စာ – ၃၆



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယဒဿနဂိုဏ်းများ၌ (အထူးသဖြင့် ယောဂဂိုဏ်း၊ ဝေဒန္တဂိုဏ်းများသည်) ထွက်လေဝင်လေ 'အာနာပါန ကျင့်စဉ်များအကြောင်း ဖော်ပြကြ၏။ သာမန်အမြင်အားဖြင့် ယင်းကျင့်စဉ်များသည် ဗုဒ္ဓဒဿနရှိ ထွက်လေ ဝင်လေ 'အာနာပါန' ကျင့်စဉ်များနှင့် ဆင်တူသည်ဟု ထင်မှတ်ဖွယ်ရှိ၏။

သို့ရာတွင် ထိုဂိုဏ်းသားများသည် အတ္တ၏တည်မြဲမှု အယူအဆကို စွဲလမ်းဆုပ်ကိုင်လျက် 'အာနာပါန'ကျင့်စဉ်များကို အားထုတ်ကြခြင်းဖြစ်သည်။ ထိုသို့ ဆုပ်ကိုင်၍ အတ္တတည်မြဲမှုကို တပ်မက်စွဲလမ်းနေသောကြောင့်ပင် ဈာန်စိတ်ကို အနိစ္စအနေ၊ ဒုက္ခအနေ၊ အနတ္တအနေ ရှုမြင်ရန်မကိုင်းညွတ်ကြတော့ချေ။ အခြား အခြားသော အိန္ဒိယဒဿန ပညာရှင်များသည်လည်း ၎င်းတို့၏သက်ဆိုင်ရာ ကျင့်စဉ်များဖြင့် ဈာန်များကို ရကောင်းရခဲ့ကြမည်ဖြစ်သော်လည်း ခိုင်မြဲခြင်းကိုသာ ရလိုသော အတ္တဝါဒစွဲရှိနေမှုကြောင့် ဈာန်စိတ်၏ မမြဲခြင်းသဘောကို မရှုမြင်ခဲ့ကြချေ။ ထိုသို့မရှုမြင်မှုကြောင့်ပင် စိတ်သည် အတ္တမဟုတ်။ စိတ်သည် ဇီဝအတ္တမဟုတ်၊ စိတ်သည် မြဲသောခိုင်သော အတ္တသဘောမဟုတ်၊ ဖြစ်ပျက်နေသောချုပ်ဆုံးနေသောကိစ္စ၊ အနတ္တသဘောမျှသာဖြစ်သည်ဟု အမှန်အတိုင်းမမြင်ခဲ့ကြခြင်းဖြစ်၏။ ထိုသို့မမြင်မှုကြောင့်ပင် အတ္တသည် ကံဟူသော အနှောင်အဖွဲ့၊ ကိလေသာဟူသော အညစ်အကြေးဟူသမျှ လွတ်၍ သန့်စင်စွာဖြင့်ထာဝရမပြောင်းမရွှေ့ဘဲ မြဲသွားသောအဖြစ်ကိုရခြင်း၊ ရောက်ခြင်းသည်သာ သံသရာ၌ လူသတ္တဝါ၏ ဆောက်တည်ရာဖြစ်သည်ဟူသော အတ္တဝါဒကို မြဲမြဲခိုင်ခိုင်ဆုပ်ကိုင်ခဲ့ကြ၏။ ဗုဒ္ဓဒဿနသည် ဆိုခဲ့သည့် ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာတို့ဖြင့် အတ္တဝါဒသည် အမှန်သဘာဝအပေါ် အခြေမခံသော၊ အမှန်သဘာဝဆီသို့ မရောက်သေးသော အယူအဆ အတွေးအမြင်သာဖြစ်ကြောင်း ဖော်ပြလျက်ရှိ၏။

စတုတ္ထ စတုက္က၌ အားထုတ်ပုံကို ဗုဒ္ဓက အောက်ပါကဲ့သို့ဖော်ပြသည်။

"၁။ အနိစ္စ–မမြဲဟုအဖန်ဖန်ရှုလျက်၊ ထွက်သက်လေကို ရှုထုတ်အံ့'ဟု ကျင့်၏။ 'အနိစ္စ–မမြဲဟု အဖန်ဖန်ရှုလျက် ဝင်သက်လေကို ရှုသွင်းအံ့'ဟု ကျင့်၏။



www.burmeseclassic.com

www.burmeseclassic.com



၂။ 'ကင်းခြင်း၊ ကုန်ခြင်း (ဝိရာဂ)ကို အဖန်ဖန်ရှုလျက် ထွက်သက်လေကိုရှုထုတ်အံ့' ဟု ကျင့်၏။ 'ကင်းခြင်း၊ ကုန်ခြင်း (ဝိရာဂ)ကို အဖန်ဖန်ရှုလျက် ဝင်သက်လေကို ရှုသွင်းအံ့' ဟု ကျင့်၏။

၃။ 'ချုပ်မှု (ဝါ) ချုပ်ငြိမ်းမှု (နိရောဓ) ကို အဖန်ဖန်ရှုလျက် ထွက်သက်လေကို ရှုထုတ်အံ့'ဟု ကျင့်၏။ 'ချုပ်မှု (ဝါ) ချုပ်ငြိမ်းမှု (နိရောဓ) ကို အဖန်ဖန်ရှုလျက် ဝင်သက်လေကို ရှုသွင်းအံ့'ဟု ကျင့်၏။

၄။ 'စွန့်လွှတ်ခြင်း (ပဋိနိဿဂ္ဂ)ကို အဖန်ဖန်ရှုလျက် ထွက်သက်လေကို ရှုထုတ်အံ့'ဟုကျင့်၏။'စွန့်လွှတ်ခြင်း (ပဋိနိဿဂ္ဂ)ကို အဖန်ဖန်ရှုလျက် ဝင်သက်လေကို ရှုသွင်းအံ့' ဟု ကျင့်၏။ "*

"…. သုတ္တန်ပါဠိတော်၊ အဋ္ဌကထာတို့၌ကား အာနာပါန အပ္ပနာ စျာန်လေးပါးကို ရပြီးမှ အထက်ပါ စတုတ္ထ စတုက္ကသို့ တက်၍ ဝိပဿနာ ရှုရန် ပြဆိုထား၏။ " ဤသို့ ပြဆိုခြင်းသည် စတုတ္ထ စတုက္ကရှိ အဆင့် (၁)(၂)(၃)(၄) တို့ကိုရူပစတုတ္ထစျာန်တို့ကိုရပြီးမှ ဝိပဿနာရှုနိုင်လျှင် အကောင်းဆုံးအနေနှင့် ဖော်ပြခြင်းဖြစ်ပါသည်။ သို့ရာတွင် ဥပစာရသမာဓိ အဆင့်မျှတိ စိတ်၏ခိုင်ခံ့တည်ကြည်မှု သမာဓိရပါကလည်း ဝိပဿနာရှုနိုင် ပြီဖြစ်လေသည်။….

"အထက်ပါ စတုတ္ထစတုက္က၏ အဆင့် (၁) သည်…. ခန္ဓာငါးပါးကို 'အနိစ္စ'ဟု ရှုလျက် ထွက်လေဝင်လေကို ရှုထုတ် ရှုသွင်းရန် ညွှန်ပြခြင်း ဖြစ်သည်။ "…. …. ထိုတွင်…. …. အနိစ္စ–မမြဲဟူသည်မှာ ငါးပါးသော ခန္ဓာတို့ပေတည်း။ အဘယ်ကြောင့် မမြဲသနည်း ဟူမူ – ဖြစ်ခြင်း ပျက်ခြင်း၊ တစ်မျိုး တစ်မည်ဖြစ်ခြင်းသဘော ရှိခြင်းကြောင့်ပေတည်း။ အနိစ္စတာ – မမြဲသည်၏ အဖြစ် (ဝါ) (မမြဲဟုမှတ်ရကြောင်း အနိစ္စလက္ခဏာ) ဟူသည်မှာ ထိုခန္ဓာ တို့၏ ပင်လျှင် ဖြစ်ခြင်း ပျက်ခြင်းဖြင့် တစ်မျိုးတစ်မည်ဖြစ်ခြင်း – ဟူသောရင့် ခြင်းပေတည်း။ (ဝါ) ဥပါဒ်၊ ဌီ၊ ဘင်ပေတည်း။ တစ်နည်းကား မူလက မရှိသေးဘဲ ဖြစ်ပေါ်လာပြီး၍ မရှိခြင်း၊ ပျောက်ကွယ်သွားခြင်းပေတည်း။ 'ဖြစ်ပေါ်လာပြီးသော တရားတို့၏ တိုရှိနေသော အခြင်းအရာအားဖြင့်

* အာနာပါနဿတိသုတ်၊ ညွှန်းပြီး။
** လယ်တီဆရာတော်၊ ညွှန်းပြီး၊ စာ–၄၃



www.burmeseclassic.com

www.burmeseclassic.com



မတည်မှု၍ ခဏ ဘင် အားဖြင့် ပျက်ခြင်း' ပင် ဟူ၍ ဆိုလိုသည်။ (မမြဲဟူ၍ အဖန်ဖန်ရှုမှု) အနိစ္စာနုပဿနာ ဟူသည်မှာ ထိုဖြစ်တည် ပျက်ဟူသော.... အနိစ္စလက္ခဏာ၏ ( ၀ါ ) ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားခြင်းဟူသော အနိစ္စလက္ခဏာ၏ အစွမ်းအားဖြင့် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၌ မမြဲဟုရှုမြင်ခြင်းပေတည်း။ ....ထို့ကြောင့် ဤသို့မမြဲဟု ရှုမြင်သည်ဖြစ်၍ ရှုသွင်းလျက်၊ ရှုထုတ်လျက်ရှိသော သူကို ဤအရာ၌.... 'မမြဲဟု ရှုလျက် ထွက်သက်ကို ရှုထုတ်အံ့၊ ဝင်သက်ကို ရှုသွင်းအံ့ဟု ကျင့်၏' ဟူ၍ သိအပ်ပေသည်။"*

စတုတ္ထ စတုက္က၏ အဆင့် (၂) သည် ရာဂကင်းခြင်း ကုန်ခြင်း ပျက်ပြယ်ခြင်းတည်းဟူသော (ဝိရာဂ)ကို အဖန်ဖန်ရှုလျက် ထွက်သက် ဝင်သက်ကို ရှုထုတ်ခြင်း၊ ရှုသွင်းခြင်းဖြင့် အားထုတ်ရန် ညွှန်ပြထားခြင်းဖြစ်၏။ ဤတွင် ဝိရာဂ ဟူသော ကင်းခြင်း ပျက်ပြယ်ခြင်းတို့သည် ၂ မျိုးရှိ၍ တစ်မျိုးမှာ 'ခယဝိရာဂ' ဖြစ်၍ ကျန်တစ်မျိုးမှာ 'အစ္စန္တဝိရာဂ' ဖြစ်သည်။

'ခယဝိရာဂ' ဟူသည် စိတ်စေတသိက်တည်းဟူသော သင်္ခါရတို့ကို ဝိပဿနာရှုခိုက်၌ အနိစ္စ ဒုက္ခသဘောကို မြင်နေသောကြောင့် ရာဂတို့မှ ကင်းနေခြင်း၊ ကုန်နေခြင်းသဘောကို ဆိုလိုသည်။ သို့ဖြစ်၍ ဝိပဿနာသည် ခယဝိရာဂကို မြင်သည်ဟု ဆိုရမည်ဖြစ်သည်။ 'အစ္စန္တဝိရာဂ' ဟူသော သဘောမှာ ဝိပဿနာရှု၍ ရရှိသော အရိယာမဂ်ဖြင့် နိဗ္ဗာန်ကို မြင်နေရောက်နေသောကြောင့် ရာဂလုံးလုံးကင်းသွားခြင်း၊ ရာဂတို့ အဆုံးစွန်ကုန်သွားခြင်းသဘောကို ဆိုလိုသည်။ ဝိရာဂကို ရှုခြင်း၊ အားထုတ်ခြင်းဖြင့် တပ်မက်မှုတို့ ကင်းကုန်သွားမည်ဖြစ်သည်။ ထိုဝိရာဂ ၂ မျိုးကို မြင်အောင် အားထုတ်ခြင်း၊ ကျင့်ခြင်းကိုပင် "ကင်းခြင်း၊ ကုန်ခြင်း (ဝိရာဂ) ကို အဖန်ဖန်ရှုလျက် ထွက်သက်ကို ရှုထုတ်အံ့၊ ဝင်သက်ကို ရှုသွင်းအံ့"ဟု ကျင့်ခြင်း အားထုတ်ခြင်း ဖြစ်လေသည်။

စတုတ္ထ စတုက္က၏ အဆင့် (၃) သည် ချုပ်မှု၊ ငြိမ်းမှု၊ (နိရောဓ) ကို အဖန်ဖန် ရှုလျက် ထွက်လေဝင်လေကို ရှုထုတ်ခြင်း၊ ရှုသွင်းခြင်းဖြင့် အားထုတ်ရန် ညွှန်ပြခြင်းဖြစ်၏။ ဤညွှန်ပြခြင်း၌လည်း ငြိမ်းမှု (နိရောဓ) သည် ( ၂ ) မျိုးရှိ၍ တစ်မျိုးမှာ 'ခယနိရောဓ' ဖြစ်၍ ကျန်တစ်မျိုးမှာကား 'အစ္စန္တနိရောဓ' ဖြစ်သည်။ 'ခယနိရောဓ' ဟူသည်မှာ ဝိပဿနာရှုခိုက်၌

* မဟာစည်ဆရာတော်၊ ညွှန်းပြီး၊ စာ– ၃၉၇ – ၃၉၉



www.burmeseclassic.com

www.burmeseclassic.com



သခါရတို့၏ အနိစ္စဒုက္ခကို မြင်နေမှုကြောင့် ရာဂတို့ ချုပ်နေခြင်းသဘောကို ဆိုလိုသည်။ 'အစ္စန္တနိရောဓ'မှာမူ ဝိပဿနာရှု၍ရရှိသော အရိယာမဂ်ဖြင့် နိဗ္ဗာန်ကိုမြင်နေ ရောက်နေသောကြောင့် ရာဂတို့ လုံးဝချုပ်သွားခြင်း၊ အဆုံးစွန် ချုပ်သွားခြင်းသဘောကို ဆိုလိုသည်။ နိရောဓကိုရှုခြင်း အားထုတ်ခြင်းအားဖြင့် ခိုင်မြဲသည်ဟူသော အယူအစွဲတို့ ချုပ်ပျောက်သွားနိုင်သည်။ ထိုသို့ နိရောဓ ၂ မျိုးကို မြင်အောင်ကျင့်ခြင်း အားထုတ်ခြင်းကိုပင် .... "ချုပ်မှု ( ဝါ ) ချုပ်ငြိမ်းမှု(နိရောဓ)ကို အဖန်ဖန်ရှု၍ ထွက်လေ ဝင်လေကို ရှုထုတ်အံ့၊ ရှုသွင်းအံ့" ဟု ကျင့်ခြင်း အားထုတ်ခြင်းဖြစ်လေသည်။

စတုတ္ထစတုက္က၏ အဆင့် (၄) သည် စွန့်လွှတ်ခြင်း (ပဋိနိဿဂ္ဂ)ကို အဖန်ဖန်ရှုလျက် ထွက်လေဝင်လေတို့ကို ရှုထုတ်ခြင်း၊ ရှုသွင်းခြင်း အားဖြင့် အားထုတ်ရန်ညွှန်ပြ၏။ ဤညွှန်ပြချက်၌ ပါရှိသည့် 'စွန့်လွှတ်ခြင်း' သည်လည်း ၂ မျိုးရှိ၍ တစ်မျိုးမှာ 'ပရိစ္စာဂတ'ဖြစ်၍ ကျန်တစ်မျိုးမှာ 'ပက္ခန္ဒန' ဖြစ်သည်။

'ပရိစ္စာဂတ' ဟူသော စွန့်လွှတ်ခြင်းမှာ ဝိပဿနာရှုခိုက်၌ အနိစ္စ ဒုက္ခ စသည်ရှုခြင်းဖြင့် ကိလေသာတို့ကို စွန့်ခြင်းကိုဆိုသည်။ ဤနေရာ၌ စွန့်လွှတ်သောကိလေသာဟူသည်မှာ ဘဝတစ်ဖန်၌ အကျိုးတရားအနေဖြင့် ဘဝအသစ် ခန္ဓာအသစ်ကိုဖြစ်စေနိုင်သော ကုသိုလ် အကုသိုလ် (အဘိသခါရ) တို့နှင့် တကွသော ကိလေသာတို့အား တဒင်္ဂအားဖြင့် စွန့်လွှတ်ခြင်း၊ ပယ်ခြင်းကိုဆိုလိုသည်။ 'ပက္ခန္ဒန' မှာမူ ဝိပဿနာရှု၍ရရှိသော အရိယာမဂ်ဖြင့် နိဗ္ဗာန်ကို မြင်နေရောက်နေသောကြောင့် အလုံးစုံသော ကိလေသာတို့ကို စွန့်လွှတ်ပြီးဖြစ်သွားခြင်းကို ဆိုလိုသည်။ "အရိယာမဂ် ဖြစ်ပေါ်သောသူ၏ သန္တာန်၌ ဒိဋ္ဌိဝိစိကိစ္ဆာ အစရှိကုန်သော အသီးသီးသော ကိလေသာတို့သည်လည်းကောင်း၊ အပါယ်ကျစေနိုင်သော ကံအစရှိကုန်သော အသီးသီးသော အဘိသခါရတို့သည်လည်းကောင်း၊ အပါယ်ခန္ဓာ၊ ခုနစ်ဘဝထက် ပိုလွန်သော ခန္ဓာ အစ ရှိကုန်သော ဝိပါကက္ခန္ဓာတို့သည်လည်းကောင်း မဖြစ်ပေါ်လာနိုင်ကုန်တော့ပြီ။ ဤသို့ မဖြစ်ပေါ်လာနိုင်အောင် အရိယာမဂ်လေးပါးက ထို 'ကိလေသာ အဘိသခါရ ဝိပါကက္ခန္ဓာတို့ကို အမြစ်ပြတ်စွန့်ပယ်သည်။'* ထို့ကြောင့် ပက္ခန္ဒနသည် ကိလေသာတို့ကို အပြီးတိုင် စွန့်လွှတ်ခြင်း သမုစ္ဆေဒ ဖြစ်သည်ဟု ဆိုလိုသည်။

* မဟာစည်ဆရာတော်၊ ညွှန်းပြီးအောက်ခြေမှတ်ချက်၊ စာ- ၄၀၁။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ အထက်ပါ စွန့်လွှတ်ခြင်း ၂ မျိုးနှင့် ပြည့်စုံလျက် ရှူထုတ်ခြင်း ရှူသွင်းခြင်းကိုပင်လျှင် စွန့်လွှတ်ခြင်း ( ပဋိနိဿဂ္ဂ )ကို အဖန်ဖန်ရှုလျက် ထွက်သက်ကို ရှူထုတ်အံ့။ စွန့်လွှတ်ခြင်း ( ပဋိနိဿဂ္ဂ )ကို အဖန်ဖန်ရှုလျက် ဝင်သက်ကို ရှူသွင်းအံ့”ဟု လေ့ကျင့်၏ဟူ၍ သိအပ်ပေသည်။ ဤစတုတ္ထစတုက္ကအလုပ်သည် ဓမ္မာနုပဿနာသတိပဋ္ဌာန်အလုပ်ဖြစ်သည်။ “....ထွက်သက်ဝင်သက်ကို အာရုံပြုလျက် ဉာဏ်၌ မိမိစိတ်မှာ အဘိဇ္ဈာ၊ ဒေါမနဿကို ပယ်ဖျောက်ခြင်းဟူသော ပဟာနဓမ္မသည်လည်း ထင်ရှားလျက်ရှိသောကြောင့်.... ထွက်သက်ဝင်သက်နှင့်တကွ တွဲဖက်လျက် အနိစ္စဓမ္မကိုလည်း ရှုသောကြောင့်.... ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြစ်သည်ဟူ၍လည်း ဆိုသင့်၏။”* “....သုတ္တန်ပါဠိတော်၊ အဋ္ဌကထာတို့၌ကား အာနာပါနအပ္ပနာစျာန်လေးပါးကိုရပြီးမှ ဤစတုတ္ထ စတုက္ကအစီအရင်သို့တက်၍ အားထုတ်မှုကို ပြဆိုကုန်၏။ ဤကဲ့သို့တက်နိုင်ပါမူကား အထွတ်အထိပ်ဖြစ်ပေ၏။”** ဤကဲ့သို့မတက်နိုင်သော်လည်း “တရားမရနိုင်တော့ပြီ၊ အမှန်တရားကို မသိနိုင်တော့ပြီ၊ မဂ်ဖိုလ်ကိုမရနိုင်တော့ပြီ”ဟု စိတ်ပျက်စရာမလိုချေ။ အဘယ့်ကြောင့်ဆိုသော်....

တတိယစျာန်မှလည်း ဝိပဿနာသို့တက်၍ ရုပ်နာမ်တို့၏ သဘာဝအမှန်ကိုသိမြင်ကာ မဂ်ဖိုလ်ကို ရနိုင်သည်။

ဒုတိယစျာန်မှလည်း ဝိပဿနာသို့တက်၍ ရုပ်နာမ်တို့၏ သဘာဝအမှန်ကိုသိမြင်ကာ မဂ်ဖိုလ်ကို ရနိုင်သည်။

အပ္ပနာစျာန်သို့ပင် မရောက်မဆိုက်မူ၍ ဥပစာရစျာန်မှလည်း ဝိပဿနာသို့တက်၍ ရုပ်နာမ်တို့၏ သဘာဝအမှန်ကို သိမြင်ကာ မဂ်ဖိုလ်ကို ရနိုင်သည်။

ထို့ပြင် ဖော်ပြပြီးခဲ့သည့် (ဥပစာရသမာဓိအဆင့်ထိ စိတ်၏ တည်ငြိမ်ခိုင်ခံ့မှုရသော) အနုဗန္ဓနာအဆင့်၊ ဂဏနာအဆင့်တို့မှလည်း ဝိပဿနာသို့တက်၍ ရုပ်နာမ်တို့၏ သဘာဝအမှန်ကိုသိမြင်ကာ မဂ်ဖိုလ်တရားကို ရနိုင်လေသည်။

---

* လယ်တီဆရာတော်၊ ညွှန်းပြီး၊ စာ–၃၆

** လယ်တီဆရာတော်၊ ညွှန်းပြီး၊ စာ–၄၃



www.burmeseclassic.com

www.burmeseclassic.com

အထက်ပါ အာနာပါန ကျင့်စဉ်ကို ပြန်ကြည့်ပါက ဝေါဟာရ ပြဿနာကြောင့်လည်းကောင်း၊ ကျင့်စဉ်နှင့် ပတ်သက်သော အခြေခံလိုအပ်ချက်များမရှိမှုကြောင့်လည်းကောင်း သာမန်လူများအနေနှင့် နားလည်ရခက်ပေလိမ့်မည်။ သို့ဖြစ်၍ ဗုဒ္ဓဝါဒီ ရဟန်းတော်များသည် အာနာပါန ကျင့်စဉ်ကို ကျင့်တတ်အောင် အောက်ပါကဲ့သို့ ညွှန်ပြလေ့ရှိသည်။

"လူ၌ ထွက်လေ၊ ဝင်လေသည် အမြဲဖြစ်လျက်ရှိသည်။ ထို ထွက်လေ၊ ဝင်လေသည် မွေးသည်မှ သေသည်အထိ လူ၌ အမြဲမပြတ် ဖြစ်လျက်ရှိသည်။ ထို ထွက်လေ ဝင်လေသည် နှာဖျား၊ နှာဝတစ်နေရာရာကို ထိ၍တိုက်၍ ထွက်ခြင်း ဝင်ခြင်း ဖြစ်လျက်ရှိသည်။ အာနာပါန ရှုမှတ်အားထုတ်သူသည် ထွက်လေ၊ ဝင်လေ ထိတိုင်းထိတိုင်း သတိဖြင့် သိ၍ သိ၍ နေအောင် အားထုတ်ရမည်။ တစ်ထိတည်း ထိနေသည်ကို တစ်သိတည်း သိနေအောင် အမြဲမပြတ်အားထုတ်နေရမည်ဖြစ်သည်။ ထိ ထိနေသည်ကို သိ သိနေခြင်းမှလွဲ၍ စိတ်ကို အခြားတစ်ပါးသို့ မလွင့်ပါးရအောင် အားထုတ်ရမည်ဖြစ်သည်။"

ဝေဘူဆရာတော်ကြီးက.... "ကိုယ့် နှာဝကို ဉာဏ်နဲ့စောင့်ကြည့်။ ဝင်တော့ ထိမယ်၊ ထွက်တော့ ထိထွက်မယ်၊ ထိတာကို သိလျှင် သိနေလျှင် လောဘ၊ ဒေါသ၊ မောဟ ဖြစ်ခွင့်မရလို့ လောဘ မီး၊ ဒေါသ မီး၊ မောဟ မီးငြိမ်းတယ်၊ ငြိမ်းတော့ အေးတယ်။.... မထိခင်ကလဲ သိလို့မဖြစ်ဘူး၊ ထိပြီး ပြန်တော့လဲ သိလို့ မဖြစ်ဘူး။ ထိတုန်းကိုသာ သိလို့ဖြစ်တယ်။ ဒါကိုပဲပစ္စုပ္ပန်တည့်တည့်လို့ဆိုတယ်။ အဲဒီလို တစ်ထိတည်းထိနေတာကို တစ်ဆက်တည်း သိနေအောင် အားထုတ်။ ထိတာကိုသိနေလျှင် ထိတာက ရုပ်၊ ထိတာကို သိတာက နာမ်၊ ထိတာကို သိနေလျှင် 'ရုပ်နဲ့ နာမ်သာ ရှိပါကလား'လို့ သိလိမ့်မယ်။ ရုပ်နာမ်မှတစ်ပါး ငါ သူတစ်ပါး ယောကျ်ား၊ မိန်းမ မရှိဘူးဆိုတာကို ကိုယ်တိုင် သိလိမ့်မယ်။ ထိတာကိုသိနေတဲ့အချိန်မှာ ရုပ်နာမ်မှတစ်ပါး ဘာမျှမရှိပါကလားလို့ သိတဲ့ အသိကို နာမရူပ ပရိစ္ဆေဒ ဉာဏ် (နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ ဉာဏ်) လို့ ခေါ်တယ်" ဟု နားလည်သဘောပေါက် လွယ်အောင် ဟောပြောလေ့ရှိသည်။ ဤနေရာ၌လည်း



www.burmeseclassic.com

www.burmeseclassic.com



ဥပစာရသမာဓိ အဆင့်မျှထိခိုင်ခံ့သော သမာဓိ (ဝိပဿနာခဏိကသမာဓိ) ပါဝင်မှသာ ဝိပဿနာဉာဏ်တို့ မှန်ကန်စွာ ဖြစ်ပေါ်နိုင်မည် ဖြစ်သည်ကို သတိပြုရန် လိုပေလိမ့်မည်။

ဗုဒ္ဓဒေသနာတို့ အလိုအရ နာမရူပ ပရိစ္ဆေဒဉာဏ်၏ နောက်၌ အကြောင်းအကျိုးကိုသိသော ပစ္စယပရိဂ္ဂဟဉာဏ်သည် ဖြစ်ပေါ်လာသည်။ ရုပ်နာမ်တို့သည် ၎င်းတို့၏ သဘာဝအလျောက် ကြောင်းကျိုး ဆက်လျက် ဖြစ်ပျက်နေကြခြင်းမှလွဲ၍ ထိုရုပ်နာမ်တို့ကို ဖြစ်ပျက်အောင် ဖန်တီးပေးနေသော အတ္တဇီဝ၊ စိတ်အခြေခံဝတ္ထု၊ လောကကို ဖန်ဆင်းသော တန်ခိုးရှင်၊ ဖန်ဆင်းရှင်တို့ မရှိကြောင်းလည်း သိမြင်လာသည်။ ရုပ်နာမ်တို့သည် ကြောင်းကျိုးဆက်ကာ ဖြစ်ပျက်နေသည်ဟု မြင်မှုကြောင့်ပင် ရုပ်ဝါဒီများ ကဲ့သို့ သေလျှင် ဘဝ ပြတ်စဲသွားသည်ဟူသော အတွေးအခေါ် အယူအဆ မျိုးကိုလည်း မှားယွင်းကြောင်း သိမြင်လာမည်ဖြစ်သည်။

ထို ပစ္စယပရိဂ္ဂဉာဏ်၏ နောက်၌ သမ္မသနဉာဏ် အစရှိသော ဝိပဿနာဉာဏ်စဉ်တို့ ဖြစ်ကြပြီး အဆုံး၌ အနတ္တသဘာဝကို အပြည့်အစုံ ထိုးထွင်း သိမြင် သွားမည်ဖြစ်လေသည်။

ဗုဒ္ဓဒေသနအလိုအရ သမထကိုအခြေခံ၍ ဝိပဿနာကို ကူးပြောင်း ရှုမှတ်အားထုတ်ခြင်းဖြင့် ရုပ်နာမ်တို့၏ အနတ္တသဘာဝကို သိနိုင်သကဲ့သို့ ဝိပဿနာကို အခြေခံ၍ အားထုတ်ခြင်းဖြင့်လည်း (ဥပစာရသမာဓိအဆင့်ထိ စိတ်၏ခိုင်ခံ့မှုရနိုင်၍) ရုပ်နာမ်တို့၏ ဖြစ်ပျက်မှု (ဝါ) ရုပ်နာမ်တို့၏ အနတ္တ သဘာဝကို သိမြင်နိုင်လေသည်။ သို့ဖြစ်၍ ဥပစာရသမာဓိအဆင့်ထိ စိတ်၏ ခိုင်ခံ့တည်ငြိမ်မှု သမာဓိရအောင် အာနာပါနကျင့်စဉ်ကို အခြေခံပြု၍အား မထုတ်လိုပါကလည်း ဝိပဿနာကျင့်စဉ်ကိုသာ အစပြုအားထုတ် နိုင်လေ သည်။

ဝိပဿနာကို အခြေခံပြု၍ (ဝါ) အစပြု၍ အားထုတ်သူသည် ဖြစ် လာတိုင်းသော ရုပ်နာမ်တို့ကို ဖြစ်ဆဲ–ဖြစ်ဆဲ၌ သတိဖြင့် သိ–သိနေအောင် ရှုမှတ်အားထုတ်ရမည် ဖြစ်၏။

မြင်မှုဖြစ်လျှင် ဖြစ်ချင်း မြင်သည်ဟု သတိက သိရမည်ဖြစ်၏။ ထို့ အတူ ကြားမှု၊ နံမှု၊ ထိမှု၊ တွေးကြံမှုတို့ ဖြစ်လျှင်လည်း....ဖြစ်လျှင် ဖြစ်ချင်း သတိက သိ သိနေရမည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မြင်လျှင်....ထိုမြင်ဆဲ မြင်ခိုက်၌သာ စိတ်ကိုရှိနေအောင် အားထုတ်ရမည်ဖြစ်၏၊ မြင်ဆဲမြင်ခိုက်၌သာ စိတ်ရှိနိုင်ဖို့ရန်မှာ.... မြင်လျှင်မြင်ချင်း မြင်သည်ဟု သတိက သိလိုက်မှသာဖြစ်နိုင်သည်၊ သတိက ချက်ချင်းသိလိုက်မှသာ စိတ်ကို သိဆဲ၌ ရပ်တန့်နိုင်မည် ဖြစ်လေသည်။ ထိုသို့သတိကမသိလိုက်လျှင်.... (သတိလွတ်လျှင် လွတ်သလောက်) စိတ်က အတိတ်အနာဂတ်တို့သို့လည်းကောင်း၊ လောဘ၊ ဒေါသတို့ဆီသို့ လည်းကောင်း ပျံ့လွင့်သွားကာ ချစ်မှု၊ မုန်းမှု၊ တပ်မက်မှု၊ ရှုံ့ရှာစက်ဆုပ်မှု၊ သာယာမှု၊ စိတ်ပျက်မှု၊ ငြီးငွေ့မှု၊ ဝမ်းနည်းမှု၊ အလိုမကျမှု၊ သောကရောက်မှု အစရှိသည်တို့သည် ဖြစ်ပေါ်လာကြမည် ဖြစ်သည်။ သို့ဖြစ်၍ မြင်လျှင်မြင်ချင်း "မြင်သည်"ဟု သတိက သိအောင် ရှုမှတ်အားထုတ်ရခြင်းဖြစ်၏။

အထက်ပါနည်းတူ ကြားမှု၊ နံမှု၊ လျက်မှု၊ ထိမှု၊ တွေးကြံမှုတို့၌လည်း.... ကြားလျှင်ကြားချင်း၊ နံလျှင် နံချင်း၊ လျက်လျှင် လျက်ချင်း၊ ထိလျှင် ထိချင်း၊ တွေးကြံလျှင် တွေးကြံချင်း.... သတိက သိ သိနေအောင် အားထုတ်ရမည်ဖြစ်၏။

ထိုသို့ မြင်ကြား နံလျက် စသည်တို့ဖြစ်လျှင် ဖြစ်ချင်း သိ သိ နေအောင် အားထုတ်ခြင်းဖြင့် စိတ်သည် အခြားတစ်ပါးသို့ ပျံ့လွင့်ယိမ်းယိုင်ခြင်း မရှိတော့ဘဲ ဖြစ်ဆဲ ဖြစ်ခိုက်၌သာ တည်၍ တည်၍၊ ငြိမ်၍ ငြိမ်၍လာမည်ဖြစ်၏။ (ဝါ) ခဏိက သမာဓိရလာမည်ဖြစ်၏။

မြင်မှု၊ ကြားမှု အစရှိသည်တို့၌ ခန္ဓာငါးပါးသည် ပါဝင်ဖြစ်ပေါ်လျက်ရှိသည်။ မြင်ဆဲခဏ၌ မျက်စိနှင့် အဆင်းသည် ရူပက္ခန္ဓာပင် ဖြစ်သည်။ မြင်သည့်အခါ.... အကောင်းအဆိုး ခံစားခြင်းသည် ဝေဒနာက္ခန္ဓာပင် ဖြစ်သည်။ မြင်သည့်အဆင်းကို မှတ်သားမှုသည် သညာက္ခန္ဓာပင် ဖြစ်သည်။ မြင်ဖြစ်အောင် ကြောင့်ကြစိုက်ခြင်း (ဝါ) နှလုံးသွင်းခြင်းသည် သင်္ခါရက္ခန္ဓာပင်ဖြစ်သည်။ မြင်သိသည့်သဘောသည် ဝိညာဏက္ခန္ဓာပင်ဖြစ်သည်။ ထို့အတူ ကြားမှု၊ နံမှု၊ လျက်မှု (စားသိမှု)၊ ထိမှု (ထိသိမှု) တို့၌လည်း ခန္ဓာငါးပါးသည် ပါဝင်ဖြစ်ပေါ်လျက်ရှိသည်။ ကြံသိမှု၌လည်း ကြံသိစိတ်၏ တည်ရာမှီရာရုပ်သည် ရူပက္ခန္ဓာပင်ဖြစ်သည်။ တွေးကြံသည့်အခါ အကောင်းအဆိုး၊ နှစ်သက်မှု၊ မနှစ်သက်မှုစသည် ခံစားခြင်းသည် ဝေဒနာက္ခန္ဓာပင် ဖြစ်သည်။ ကြံသိရသောအာရုံကို မှတ်သားခြင်းသည် သညာက္ခန္ဓာပင်ဖြစ်သည်။ ကြံမှု – တွေးမှု ကိစ္စပြီးစီးအောင် ကြောင့်ကြစိုက်ခြင်း၊ နှလုံးသွင်း



www.burmeseclassic.com

www.burmeseclassic.com



ခြင်းသည် သင်္ခါရက္ခန္ဓာပင်ဖြစ်သည်။ ကြံသိခြင်း သဘောသည် ဝိညာဏက္ခန္ဓာပင်ဖြစ်သည်။

သို့ဖြစ်၍ မြင်မှုကြားမှု စသည်တို့၏ ဖြစ်ဆဲကို ရှုမှတ်အားထုတ်နေခြင်းသည် ခန္ဓာငါးပါးကို ရှုမှတ်အားထုတ်နေခြင်းပင် ဖြစ်သည်။ ဗုဒ္ဓဒေသနာများ၌ မြင်မှုကြားမှုတို့ဖြစ်တိုင်း ရှုမှတ် အားထုတ်ရန် ရှေ့တင်၍ ဖော်ပြခြင်းပြုသကဲ့သို့ ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို ရှုမှတ်အားထုတ်ရန်လည်း ရှေ့တင်၍ ဖော်ပြလေ့ရှိ၏။ မည်သည်ကို ရှေ့တင်ဖော်ပြသည်ဖြစ်စေ၊ မည်သည်ကို ရှေ့တင်၍ ရှုမှတ်အားထုတ်သည်ဖြစ်စေ၊ ဝိပဿနာအလုပ်ကား ပြီးမြောက်မည်သာဖြစ်၏။ ခန္ဓာငါးပါးကို အရှုခံအဖြစ်ထား၍ ရှုမှတ်သူအတွက်.... ကိုယ်အမူအရာ စသည့် ရုပ်အပေါင်းကိုဖြစ်ခိုက် ဖြစ်ခိုက်၌ သတိဖြင့် သိ–သိနေရမည်ဖြစ်၏။ ဝေဒနာဟူသမျှကို ဖြစ်ခိုက် ဖြစ်ခိုက်၌ သတိဖြင့် သိ–သိနေရမည်ဖြစ်၏။ အခြား သညာ၊ သင်္ခါရ၊ ဝိညာဏ် စသည်တို့၌လည်း အထက်ပါနည်းတူ သိ–သိနေရမည်ဖြစ်၏။

စင်စစ် ခန္ဓာငါးပါးကို ရှုမှတ်အားထုတ်ခြင်းသည် သတိပဋ္ဌာန်လေးပါးကို အားထုတ် နေခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် (၁) ရူပက္ခန္ဓာ၌ ဖြစ်ပျက်မှုဟူသမျှကို သိ – သိနေအောင် ရှုမှတ်နေခြင်းသည် ကာယနုပဿနာ သတိပဋ္ဌာန်ကို ရှုမှတ် အားထုတ်နေခြင်းဖြစ်သောကြောင့်ပင်ဖြစ်၏။ (၂) ဝေဒနာက္ခန္ဓာ၌ ဖြစ်ပျက်မှု ဟူသမျှကို သိ–သိနေအောင် ရှုမှတ်အားထုတ်နေခြင်းသည် ဝေဒနာနုပဿနာကို ရှုမှတ်အားထုတ်နေခြင်း ဖြစ်သောကြောင့်ပင်ဖြစ်၏။ (၃) ဝိညာဏက္ခန္ဓာ၌ ဖြစ်ပျက်မှုဟူသမျှကို သိ–သိနေအောင် ရှုမှတ်အားထုတ်နေခြင်းသည် စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ရှုမှတ်အားထုတ်နေခြင်းကို ဖြစ်သောကြောင့်ပင် ဖြစ်၏။ (၄) သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာတို့၌ ဖြစ်ပျက်မှုဟူသမျှကို သိ – သိနေအောင် ရှုမှတ်အားထုတ်နေခြင်းသည် ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ရှုမှတ်အားထုတ်နေခြင်း ဖြစ်သောကြောင့်ပင် ဖြစ်၏။

ထိုသို့ သတိပဋ္ဌာန်လေးပါးကို အားထုတ်နေခြင်းသည်ပင် အင်္ဂါအားဖြင့် ရှစ်မျိုးပါဝင်သော မဂ္ဂကျင့်စဉ် (ဝါ) မဇ္ဈိမပဋိပဒါနည်းအတိုင်း အားထုတ်နေခြင်းဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ တစ်နည်းအားဖြင့်....မဇ္ဈိမပဋိပဒါနည်း အတိုင်း အားထုတ်နေခြင်းဆိုသည်မှာ အထက်ပါကဲ့သို့ ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို ရှုမှတ်အားထုတ်နေရခြင်းပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်နာမ်တို့ဖြစ်လျှင်ဖြစ်ချင်း သတိက သိသိနေအောင် အားထုတ်ခြင်းသည် အင်္ဂါရှစ်ပါးရှိသော မဂ္ဂကျင့်စဉ်ရှိ 'သတိမဂ္ဂင်' ပင်ဖြစ်သည်။ အားထုတ်စ ပုဂ္ဂိုလ်သည် ရုပ်နာမ်တို့ ဖြစ်လျှင်ဖြစ်ချင်း သိ သိ နေဖို့ရန်လည်းကောင်း၊ ထိုသို့ သိ–သိနေခြင်းဖြင့် စိတ်သည် အတိတ်၊ အနာဂတ်၊ လောဘ၊ ဒေါသ စသည့် အစွန်းတရားများဆီသို့ မပျံ့လွင့်မယိမ်းယိုင်တော့ဘဲ ဖြစ်ဆဲရုပ်နာမ်နှင့် တစ်သားတည်း၊ တစ်ညီတည်း ပစ္စုပ္ပန်၌ ရှိစေဖို့ရန်လည်းကောင်း မတတ်နိုင်သေးချေ။ သို့ဖြစ်၍ ကြိုးစားလုံ့လပြုကာ စိတ်ကို အစွန်းတရားများဆီ မပျံ့မလွင့်ရအောင်၊ အလယ်၌သာရှိနေအောင်၊ ဖြစ်ဆဲ၌သာတည်နေအောင် ရှုမှတ်ရ၏။ ထိုသို့ကြိုးစားလုံ့လပြု ရှုမှတ်ခြင်းသည် 'ဝီရိယမဂ္ဂင်'ပင်ဖြစ်သည်။

အထက်ပါကဲ့သို့ ကြိုးစားလုံ့လပြု၍ ရှုမှတ်သည့်အခါ စိတ်သည် ဖြစ်ဆဲဖြစ်ဆဲ၌သာ တည်၍တည်၍လာသည်။ အစွန်းတရားတို့ဆီ မသွားတော့ဘဲ အလယ်၌သာငြိမ်၍ငြိမ်၍လာသည်။ ဤသည်မှာ 'သမာဓိမဂ္ဂင်' ပင်ဖြစ်သည်။ သတိ၊ ဝီရိယမဂ္ဂင်တို့ဖြင့် ပြည့်စုံအောင် ရှုမှတ်အားထုတ်၍ ဥပစာရသမာဓိအဆင့်နှင့် ညီမျှသော ခဏိကသမာဓိရလာလျှင် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ သဘာဝကို အမှန်အတိုင်း သိမြင်လာမည်ဖြစ်သည်။ ရုပ်ဆိုသည်မှာ ပြောင်းလဲခြင်းသဘောမျှ၊ ဝေဒနာဆိုသည်မှာ ခံစားခြင်းသဘောမျှ၊ သညာဟူသည် မှတ်သားခြင်းသဘောမျှ၊ သင်္ခါရဟူသည် စေ့ဆော်ပြုလုပ်ခြင်းသဘောမျှ၊ ဝိညာဏ်ဟူသည် သိခြင်းသဘောမျှဖြစ်သည်ဟု သိမြင်လာသည်။ ဆက်လက်၍.... ရုပ်သည် ဖြစ်ပျက်–ဖြစ်ပျက်ဖြင့် ပြောင်းလဲနေသော အနိစ္စ၊ အနတ္တသဘောမျှသာဖြစ်သည်။ ထိုရုပ်၌ အခိုင်အမာတည်နေသော – ထိုရုပ်၏နောက်ကွယ်၌ ထာဝရတည်မြဲစွာ အခြေခံပြုပေးနေသော 'ရုပ်အခြေခံဝတ္ထု'သည် မရှိ၊ မြဲနေသော ၊ ခိုင်နေသော၊ ရပ်နေသော အတ္တသဘော 'စိတ်အခြေခံဝတ္ထု'သည်လည်း မရှိဟု သိမြင်လာမည်ဖြစ်သည်။.... ....

ဝေဒနာသည်လည်း ခံစားပျက်–ခံစားပျက်ခြင်းတို့ဖြင့် ပြောင်းလဲနေသော အနိစ္စ၊ အနတ္တ သဘောဖြစ်သည်။ ထိုဝေဒနာသည် ခိုင်နေသော၊ မြဲနေသော၊ ရပ်တည်နေသော သဘောမဟုတ်။ ထိုဝေဒနာ၏ နောက်ကွယ်၌ အကောင်းအဆိုးခံစားပေးနေသော အတ္တဇီဝမရှိ။ အသက်ကောင်၊ လိပ်ပြာကောင်သည် မရှိ။ 'ငါ' ဆိုသောအရာသည် မရှိ။ စိတ်



www.burmeseclassic.com

www.burmeseclassic.com



အခြေခံဝတ္ထုသည် မရှိ။ ဝေဒနာသည် မြဲနေသော၊ ခိုင်နေသော၊ ရပ်နေသော အတ္တသဘောလည်းမဟုတ်ဟု သိမြင်လာမည်ဖြစ်၏။

သညာသည်လည်း မှတ်သားပျက်–မှတ်သားပျက်နှင့် ပြောင်းလဲနေသော အနိစ္စ၊ အနတ္တသဘောမျှသာဖြစ်သည်။ ထိုသညာသည် ခိုင်နေသော၊ မြဲနေသော၊ ရပ်တည်နေသောသဘောမဟုတ်။ ထိုသညာ၏ နောက်ကွယ်၌ မှတ်သားပေးနေသော အတ္တဇီဝသည်မရှိ၊ အသက်ကောင်၊ လိပ်ပြာကောင်ဟူသည် မရှိ။ 'ငါ'ဆိုသော အရာသည် မရှိ။ စိတ်အခြေခံဝတ္ထုသည် မရှိ။ သညာသည် မြဲနေသော ခိုင်နေသော၊ ရပ်နေသော အတ္တသဘောလည်း မဟုတ်ဟု သိမြင်လာမည်ဖြစ်၏။

သင်္ခါရသည်လည်း စေ့ဆော်ပျက်–ပြုလုပ်ပျက်ဖြင့် ပြောင်းလဲနေသော အနိစ္စ၊ အနတ္တသဘောမျှသာဖြစ်သည်။ ထိုသင်္ခါရသည် ခိုင်သော၊ မြဲသော၊ ရပ်တည်နေသော သဘောမဟုတ်။ ထိုသင်္ခါရ၏နောက်ကွယ်၌ သင်္ခါရအမှုတို့ကိုပြုလုပ်ရန် စေ့ဆော်ပေးနေသော ဇီဝအတ္တသည် တသီးတခြားရှိနေသည်မဟုတ်။ အသက်ကောင်၊ လိပ်ပြာကောင်ဟူသည်မရှိ။ 'ငါ'ဆိုသောအရာသည် မရှိ။ စိတ်အခြေခံဝတ္ထုသည်မရှိ။ သင်္ခါရသည် မြဲနေသော၊ ခိုင်နေသော၊ ရပ်တည်နေသော အတ္တသဘောလည်းမဟုတ်ဟု သိမြင်လာမည်ဖြစ်၏။

ဝိညာဏ်သည်လည်း သိပျက်–သိပျက်ဖြင့် ပြောင်းလဲနေသော အနိစ္စသဘော အနတ္တသဘောသာဖြစ်သည်။ ထိုဝိညာဏ်သည် ခိုင်သော၊ မြဲသော ရပ်တည်နေသော သဘောမဟုတ်။ ထိုဝိညာဏ်ကိုယ်တိုင်သည် ခိုင်သော၊ မြဲသော အတ္တဇီဝမဟုတ်၊ ထိုဝိညာဏ်၏ နောက်ကွယ်၌ သိ–သိပေးနေသောဇီဝအတ္တဟူသည်မရှိ။ (ဝိညာဏ်သည် အိန္ဒိယဒဿနပညာရှင်အများအပြား ယူဆသကဲ့သို့ အတ္တဇီဝ၏ အရည်အချင်းလည်းမဟုတ်။) ဝိညာဏ်၏ နောက်ကွယ်၌ ထာဝရမြဲသောသဘောဖြင့် ရပ်တည်ပေးနေသော စိတ်အခြေခံဝတ္ထု၊ 'ငါ' ဆိုသောအရာသည်မရှိ။ အသက်ကောင်၊ လိပ်ပြာကောင်ဟူ၍မရှိ။ ဝိညာဏ်သည် မြဲသော၊ ခိုင်သော၊ ရပ်တည်နေသော အတ္တသဘောလည်းမဟုတ်ဟု သိမြင်လာမည် ဖြစ်လေသည်။

အထက်ပါကဲ့သို့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အမှန်သဘာဝကို သိမြင်ခြင်းသည် 'သမ္မာဒိဋ္ဌိမဂ္ဂင်'ပင်ဖြစ်သည်။ ထိုသို့အမှန်သိရန် 'သမ္မာဒိဋ္ဌိ' ဆီသို့ စိတ်ကိုပို့ပေးသော (ဝါ) ညွှန်ပေးသော သဘောသည် 'သ

(ပဉ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



သက်ပ္ပမဂ္ဂင်’ပင်ဖြစ်သည်။ ‘သမ္မာဝါစာမဂ္ဂင်’၊ ‘သမ္မာကမ္မန္တမဂ္ဂင်’၊ ‘သမ္မာအာဇီဝမဂ္ဂင်’တို့သည်လည်း အထက်ပါမဂ္ဂင်များနှင့်အတူ လိုက်ပါပြည့်စုံနေသည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခန္ဓာငါးပါး၌ ရှုမှတ်အားထုတ်နေဆဲ၌ ရှုသိရသည့်အာရုံတိုင်းနှင့် ပတ်သက်၍ လောဘ ဒေါသ စသည်တို့ ဖြစ်ခွင့်မရနိုင်သောကြောင့် သမ္မာဝါစာမဂ္ဂင်၊ သမ္မာကမ္မန္တမဂ္ဂင်၊ သမ္မာအာဇီဝမဂ္ဂင်တို့သည် လိုက်ပါပြည့်စုံလျက် ရှိသည်ဟုဆိုရမည် ဖြစ်သောကြောင့်ပင် ဖြစ်၏။

ဗုဒ္ဓဒေသနာတို့ အလိုအရ အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်ကျင့်စဉ်နည်းလမ်းအတိုင်း အားထုတ်၍ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်မှု အနိစ္စသဘောကို သိမြင်ပါက အနတ္တသဘော၊ ဒုက္ခသဘောတို့ကိုလည်း သိမြင်မည်ဖြစ်သည်။ ဤအချက်သည် အောက်ပါစကားဖြင့် ထင်ရှား၏။

> “အနိစ္စလက္ခဏာကို မြင်အပ်ပြီးလတ်သော် အနတ္တလက္ခဏာကိုမြင်ပြီး ဖြစ်လေတော့သည်။ မှန်ပေ၏။ ဤသုံးခုသော (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) လက္ခဏာတို့တွင် တစ်ခုကို မြင်အပ်ပြီးလတ်သော် အခြားလက္ခဏာ ၂ ခုကိုလည်း မြင်အပ်ပြီးသာလျှင်တည်း။”*

မဂ္ဂင်ကျင့်စဉ်အတိုင်း အားထုတ်၍ လုံလောက်သော ခဏိကသမာဓိဖြင့် အနတ္တသဘာဝတို့ကို သိမြင်သော ဝိပဿနာဉာဏ်တို့ကို အပြည့်အစုံဖြစ်ပါက ခန္ဓာငါးပါး ရုပ်နာမ်တရားတို့အပေါ်၌ တကယ်အနေ အဟုတ်အနေ မြဲသည့်အနေ ခိုင်သည့်အနေ စွဲလမ်းထင်မြင်ခြင်းဟူသမျှမှ လွတ်သွားမည် ဖြစ်လေသည်။

ဗုဒ္ဓဒေသနအလိုအရ ခန္ဓာငါးပါး၌ အနိစ္စ ဒုက္ခ အနတ္တ သဘောကို အမှန်အတိုင်း သိမြင်ခြင်းသည် ဒုက္ခသစ္စာကို သိမြင်ခြင်းပင် ဖြစ်သည်။ ထိုသို့ခန္ဓာငါးပါး၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို အမှန်အကန် သိ၍ အစွဲဟူသမျှမှ ကင်းသွားခြင်း၊ ကုန်သွားခြင်းသည် သမုဒယကို ပယ်ခြင်းပင် ဖြစ်၏။ သမုဒယကို ပယ်ပြီးဖြစ်ပါက အစွဲဟူသမျှကင်း၍ ငြိမ်းသွားသော ‘နိရောဓ’ကို ဆိုက်ရောက်ခြင်း (ဝါ) မျက်မှောက်ပြုခြင်းသည် ဖြစ်၏။

---

* အင်္ဂုတ္တရနဝကနိပါတ်၊ ပဌမသုတ်အဖွင့် အဋ္ဌကထာ၊ စာ – ၂၅၈



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ 'နိရောဓ'တည်းဟူသော အစွဲဟူသမျှ ကင်းချုပ်သောအဖြစ်သို့ ဆိုက်ရောက်ခဲ့ခြင်းသည် အထက်တွင် ဖော်ပြခဲ့သည့် အင်္ဂါရှစ်ပါးရှိသော မဂ္ဂကျင့်စဉ်ကို အပြည့်အစုံ ကျင့်သုံးခဲ့ကြောင်းပင် ဖြစ်လေသည်။

အနတ္တသဘာဝကို ထိုးထွင်းသိရှိသူ၏ အမြင်၌ မြဲသော ခိုင်သော အတ္တ ( ဤနေရာ၌ သုံးနှုန်းသော အတ္တသည် သီးခြားပုဂ္ဂိုလ် တစ်ဦးစီ၌ ရှိနေသော ဇီဝအတ္တ၊ ဝိညာဉ်၊ လိပ်ပြာဟုခေါ်သော စိတ်အခြေခံဝတ္ထုမျှကိုသာ ရည်ညွှန်းခြင်းမဟုတ်ဘဲ မြဲသော ခိုင်သော သဘောဟူသမျှကိုရည်ညွှန်း၍ သုံးနှုန်းခြင်း ဖြစ်ပါသည်) အနေဖြင့် တည်နိုင်သော အရာဟူ၍ တစ်ခုမျှမရှိရကား အိန္ဒိယဒဿနပညာရှင် အများစုတို့၌ ဖြစ်ခဲ့ရသည့် အတ္တနှင့် ပတ်သက်သော လွင့်လွင့်မျောမျော အတွေးအခေါ် မျိုးတို့ဖြစ်စရာလည်း မရှိတော့။ အနောက်တိုင်းမှ ဒေးကား၏ "ငါတွေးသည်၊ ထို့ကြောင့် ငါရှိသည်" ဟူသော ဒဿနမျိုးကို တည်ဆောက်စရာလည်း မလိုတော့။ အတ္တ၏ စင်ကြယ်သွားမှု–အတ္တ၏ လွတ်မြောက်သွားမှုအပေါ်၌ ဘဝ၏ ဆောက်ရာ တည်ရာကို ရှာနေစရာလည်း မလိုတော့ချေ။

အစွဲဟူသမျှမှ ကင်းလွတ်နေသောသူသည် မည်သို့သော လောကဓံမျိုးတို့နှင့် ကြုံကြုံ တုန်လှုပ်ခြင်းမရှိတော့၊ ထိုသို့ တုန်လှုပ်ခြင်း မရှိသူအဖို့ လူ၏ တည်နေရာနှင့် ဂုဏ်သိက္ခာတို့ သေးသိမ်သွားအောင် ဖန်တီးပေးလိုက်သော နက္ခတ္တပညာကြောင့်လည်း အားငယ်စိတ်ပျက်ခြင်း မရှိချေ။ ထို့ပြင်.... နိရှေး အစရှိသောပုဂ္ဂိုလ်များက "ထာဝရဘုရားမရှိတော့"ဟု ပြောဆိုမှုကြောင့် အနောက်တိုင်းမှ လူသည် အားကိုးရာ၊ ဆောက်တည်ရာ မရှိတော့သကဲ့သို့ ခံစားရလျက် အားငယ်စိတ်ပျက်ခဲ့ရ၏။ သို့ရာတွင် အစွဲဟူသမျှမှ ကင်း၍ တုန်လှုပ်ခြင်း မရှိသူအဖို့ ထာဝရဘုရား မရှိတော့သော်လည်း အကြောင်းမဟုတ်။ အရေးမကြီး။ ဝမ်းနည်း အားငယ်ခြင်းလည်း မရှိချေ။ ဘဝ ဖြစ်တည်မှု ပဓာန ဝါဒီများသည် ဆင်ခြင်ခြင်းတရားကို လည်းကောင်း၊ သိပ္ပံပညာကိုလည်းကောင်း၊ လူမှုအဖွဲ့အစည်းတို့ကိုလည်းကောင်း၊ အစဉ်အလာ ဓလေ့ထုံးစံတို့ကိုလည်းကောင်း၊ လူ့ဘဝ၏ အားကိုးရာ ဆောက်တည်ရာ ယုံကြည်ကိုးစားရာများ မဟုတ်ဟု ယူဆကာ ပစ်ပယ်ကျောခိုင်းခဲ့ကြ၏။ ထိုသို့ ပစ်ပယ်ကျောခိုင်းလိုက်သော အခါ မိမိတို့ကိုယ်မိမိ အားကိုးရာမဲ့သူ၊ စွန့်ပစ်ခံရသူ၊ အထီးကျန်သူများ အဖြစ် ခံစားလာရသည်။ လူ့ဘဝကို အချည်းနှီးဘဝ၊ အဓိပ္ပာယ်မဲ့ဘဝအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခံစားမိကြသည်။ မိမိတို့ဘဝ၏ 'ဖြစ်တည်မှု'ကို ခံစားကြည့်ပြန်တော့လည်း အချည်းနှီးသော ဖြစ်တည်မှုအဖြစ် ခံစားမိသည်။ ထိုသို့ ခံစားမိကြရာမှ ဘဝကို ငြီးငွေ့စိတ်ပျက်ကြ၏။

ဘဝဖြစ်တည်မှုပဓာနဝါဒီအချို့က "လူသည် တစ်နေ့၌ သေရမည်သာဖြစ်သည်။ သေခြင်းတရားဖြင့် အဆုံးသတ်ရသော ဘဝသည်အချည်းနှီးသောသဘော၊ နတ္ထိသဘောပင်ဖြစ်သည်။ စင်စစ် ဤသို့သော အချည်းနှီးသဘော၊ နတ္ထိသဘောသည်ပင် ဘဝ၏ အမှန်တရားဖြစ်သည်။ ဤအမှန်တရားကို မှန်ကန်စွာ သိမြင်သဘောပိုက်ထားပါက လူသည် လူ့လောက၌ ဘာကိုမျှ တွေဝေ စိတ်ပျက်နေစရာမလိုချေ။ ဘဝ၏ အချည်းနှီးသဘာဝ၊ နတ္ထိသဘာဝကို မှန်မှန်ကန်ကန် မြင်ထားသူအတွက် သေခြင်းတရားကို ကြောက်ရွံ့စရာမလိုချေ။ သေရခြင်းဖြင့် ဘဝသည် အချည်းနှီးဖြစ်ရမည်ကို နားလည်ထားသူအဖို့ သေခြင်းတရားနှင့် ကြုံလာတော့လည်း ရင်ဆိုင်လိုက်ရုံသာရှိသည်။ သေခြင်းတရားကိုပင် မကြောက်ရွံ့သူအတွက် လောက၌ ဘာမျှ စိုးရွံ့ထိတ်လန့်စရာမရှိ။ သို့ဖြစ်၍ အသက်ရှင်ခိုက်၌ တာဝန်ယူစရာရှိသည်တို့ကို ရဲရဲပင်ယူ၍ လုပ်ဆောင်စရာရှိသည်တို့ကို မမှိတ်မသုန် လုပ်ဆောင်သွားဖို့လိုသည်"ဟု ဆိုကြသည်။ သူတို့၏အမြင်သည် တစ်စုံတစ်ခုသော အတိုင်းအတာအထိ မှန်ကောင်းလည်း မှန်ပါလိမ့်မည်။

သို့ရာတွင် ဒုက္ခသစ္စာကို မှန်ကန်စွာ မသိမြင်မှုကြောင့် ထိုဘဝဖြစ်တည်မှုပဓာနဝါဒီတို့သည် ဘဝကိုအချည်းနှီး နတ္ထိဘဝအဖြစ် ရှုမြင်ခံစားနေကြခြင်းဖြစ်သည်။ ထိုသို့ ရှုမြင်ခံစားရင်း ဘဝကို ရင်ဆိုင်ရဲရန်၊ သေခြင်းတရားကို ရင်ဆိုင်ရဲရန်၊ ဘဝ၏ အချည်းနှီးသဘောကို ရင်ဆိုင်ရဲရန် အားတင်းနေကြခြင်းသာ ဖြစ်သည်။ ဒုက္ခသစ္စာကို သိမြင်၍ အစွဲဟူသမျှ ကင်းသွားသူ၏ အမြင်၌မူ ဘဝကို ဘဝအနေနှင့်သာမြင်၍ ဘဝကိုဆိုးသည့်အနေ။ ဘဝကို ကောင်းသည့်အနေဖြင့် စွဲလမ်းခံစားခြင်းလည်းမရှိ။ ဘဝကို အချည်းနှီးသဘော၊ နတ္ထိသဘောအဖြစ် စွဲယူထင်မြင် ခံစားခြင်းလည်းမရှိ။ အထီးကျန်ခံစားမှုတို့ဖြင့် ဘဝကိုငြီးငွေ့ စိတ်ပျက်ခြင်း (စေတသိကဒုက္ခ) မျိုးလည်းမရှိချေ။ ထို့ပြင်.... ဆိုခဲ့သည့် ဘဝဖြစ်တည်မှု ပဓာနဝါဒီများကဲ့သို့ သေခြင်းတရားကိုရင်ဆိုင်ရန် အားတင်းစရာလည်း မလိုဘဲ ကိလေသာ တို့ဖြင့် စိတ်သည် ဖောက်ဖောက်ပြန်ပြန် တွေးတောလွင့်မျောနေစရာလည်း မရှိတော့ချေ။

(ပဥ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်းမှ ဒဿနပညာရှင်များသည် ဆင်ခြင်ခြင်းတရားဖြင့် လူ့ဘဝဆိုင်ရာ အမှန်တရားကို ရှာဖွေခဲ့ကြသည်။ အာရုံတွေ့အပေါ်၌လည်းကောင်း၊ သိပ္ပံပညာက တွေ့ရှိချက်များ အပေါ်၌လည်းကောင်း အခြေခံ၍ တွေးခေါ်ကြံဆကြသည်။ အချို့သော ဒဿနပညာရှင်များက သိပ္ပံနည်းများ၊ ဒိုင်ယာလက်တစ်နည်းများဖြင့် လူ့ဘဝကို ချဉ်းကပ် ကြည့်ကြသည်။ သို့ရာတွင် ထိုနည်းများသည် ရုပ်ဝါဒကို လက်ခံသွားသော အတွေးအခေါ် အယူအဆကိုသာ ပေးနိုင်ကြသည်။ "လူသည် သေလျှင် လူမှုကိစ္စ အဝဝ ပြီးပြတ်သွားသည်" ဟူသော ဥစ္ဆေဒဝါဒဆိုင်ရာ အတွေးအခေါ်ကို ခံယူစေဖို့လောက်သာ တတ်နိုင်ကြသည်။ ၎င်းတို့၏ ဒဿနလောက၌ မဂ္ဂနည်း (ဝါ) သတိပဋ္ဌာန်နည်း (ဝါ) ဝိပဿနာနည်းမရှိမှုကြောင့် လူကို ဥစ္ဆေဒဝါဒရှုထောင့်မှ ရှုမြင်တွေးခေါ်ရုံမျှသာ တတ်နိုင်၍ ထို့ထက်လွန်၍ ဘဝဆိုင်ရာ အမှန်တရားတို့ကို ထိုးထွင်းမသိနိုင်ခဲ့ကြချေ။ ထိုအခါ မွေးခြင်းနှင့် သေခြင်း၏ကြားရှိ တိုတောင်းသော ဘဝအပေါ်၌သာ တန်ဖိုးဖြတ်မှု အနက်ကောက်မှု ပြုလာရသည်။

အနောက်တိုင်းမှ ဘာထရန်ရပ်ဆယ်၊ ဘာ့ဂ်ဆွန်အစရှိသော ဒဿနပညာရှင်များသည် ဆင်ခြင်ခြင်းတရားဖြင့် လူ၌ စိတ်အခြေခံဝတ္ထု မရှိကြောင်း၊ အတ္တဇီဝဟူသော အရာမရှိကြောင်း ဖော်ပြကြ၏။ ဆိုခဲ့ပြီးဖြစ်သည့် "အပြုအမူဝါဒစိတ်ပညာဂိုဏ်း"မှ စိတ်ပညာရှင်များသည်လည်း သိပ္ပံနည်းများကို အသုံးပြု၍ လူ၌ ဇီဝအတ္တဟူသော စိတ်အခြေခံဝတ္ထုမရှိကြောင်း ဖော်ပြခဲ့၏။ ဒိုင်ယာလက်တစ် ရုပ်ဝါဒီများသည်လည်း လူ၌အတ္တမရှိကြောင်း ဖော်ပြကြ၏။ အထက်ပါ ပုဂ္ဂိုလ်များသည် ဇီဝအတ္တကိုအရှိတရားအဖြစ်မှ ပစ်ပယ်ခဲ့ကြသော်လည်း (မဂ္ဂင် ကျင့်စဉ်ဖြင့် သိမြင်ခြင်း မဟုတ်ရကား) အနတ္တသဘာဝကို တိတိပပမသိကြချေ။ ထိုအခါ လောကစံတို့နှင့် ကြုံတွေ့သောအခါ (စဉ်းစားဉာဏ်ရင့်ကျက်မှုရှိပါက အခြားသူများကဲ့သို့ တုန်လှုပ်ချောက်ချားခြင်း မဖြစ်အောင် ယာယီမျှ မိမိကိုယ်မိမိလှည့်စားနိုင်မည်ဖြစ်သော်လည်း) ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ စိုးရိမ်ထိတ်လန့် ကြောက်ရွံ့ခြင်း၊ ပူပန်သောက ရောက်ခြင်းတို့ဖြင့် ဆောက်တည်ရာမရ ဖြစ်ကြမည်သာ ဖြစ်၏။ ဤသို့ ဖြစ်ခြင်းသည်.... မြင်မှု၊ ကြားမှု၊ ထိတွေ့မှုတို့အပေါ် တကယ်ဝမ်းနည်းစရာ၊ တကယ်ဝမ်းသာစရာ၊ တကယ်ပူပန်စရာအဖြစ် ထင်မြင် စွဲလမ်း နေသေးသောကြောင့်ပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဝမ်းသာစရာ၊ တကယ်ဝမ်းနည်းစရာ စသည်ဖြင့် ထင်မြင်စွဲလမ်းခြင်းသည် မြင်မှု ကြားမှု ထိတွေ့မှု အစရှိသည့် ရုပ်နာမ်တို့ကို မမြဲသော-တကယ်မဟုတ်သော အခိုင်မဟုတ်သော အနတ္တ အနေဖြင့် မှန်ကန်စွာ မမြင်သေးသောကြောင့် ဖြစ်၏။ တစ်နည်းအားဖြင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ အနတ္တ သဘာဝကို မှန်ကန်စွာ ထိုးထွင်း မသိမြင်သေးသောကြောင့် ဖြစ်၏။

လူသည် မဂ္ဂကျင့်စဉ် ( ဝါ ) မဇ္ဈိမပဋိပဒါ ကျင့်စဉ်ဟု ဆိုအပ်သော သတိပဋ္ဌာန်ကျင့်စဉ်ဖြင့် အနတ္တသဘာဝကို မှန်ကန်စွာ သိမြင်မှုမရှိသေးသမျှ (ဝါ) လူသည် လူကို မှန်ကန်စွာ သိမြင်မှု မရှိသေးသမျှ သက်ဆိုင်ရာအခန်းတို့၌ ဖော်ပြခဲ့ပြီးဖြစ်သည့် "လူ" နှင့် ပတ်သက်သော အတွေးအခေါ်များကို တွေးခေါ်နေဦးမည်သာဖြစ်သည်။ အနတ္တသဘာဝကို မှန်ကန်စွာ သိမြင်မှုအပေါ် အခြေမခံသော ထိုအတွေးအခေါ်များသည် အတောမသတ် လွင့်မျောနေဦးမည်သာ ဖြစ်သည်။ လူသည်လည်း ဆောက်တည်ရာမရ ဖြစ်နေရဦးမည်သာ ဖြစ်သည်။

ဗုဒ္ဓဒဿနအလိုအရ ရရှိလာသော လူ့အဖြစ် လူ့ဘဝကိုအချည်းနှီးအဓိပ္ပာယ်မဲ့ ဘဝအဖြစ် မမြင်ချေ။ လူသည် လောဘ ဒေါသ မောဟတရားတို့ဖြင့် သတ္တလောက၌ အဆိုးရွားဆုံးသူ၊ အပျက်စီးဆုံးသူ၊ ဆင်းရဲပင်ပန်းဆုံးသူအဖြစ်သို့ ရောက်ရှိသွားအောင် မိမိကိုယ်ကို မိမိ ပြုလုပ်နိုင်သကဲ့သို့ ထိုလောဘ၊ ဒေါသ၊ မောဟတို့ကို ချုပ်ထိန်း၍ လူတော်လူကောင်းဖြစ်အောင်၊ တိုးတက်သူ၊ အောင်မြင်သူ၊ ပျော်ရွှင်နိုင်သူ၊ လောကကောင်းကျိုး အများကောင်းကျိုးတို့ကို ဆောင်ရွက်နိုင်သူ ဖြစ်အောင်လည်း ကြိုးစားနိုင်စွမ်းသူဖြစ်သည်။ ထို့ထက် မဂ္ဂင်ကျင့်စဉ်နည်းလမ်းဖြင့် အနတ္တ သဘာဝကို ထိုးထွင်းသိမြင်၍ အစွဲဟူသမျှ ကင်းလွတ်လျက်အတောမသတ် ရုပ်နာမ်တို့ ကြောင်းကျိုးဆက်ကာ ဖြစ်ပေါ်နေသည့် သံသရာမှ လွန်မြောက်အောင် ကြိုးစားနိုင်စွမ်းသူလည်း ဖြစ်သည်။ ဝေါဟာရပညတ်တို့ဖြင့် သုံးနှုန်းပြောဆိုခြင်း ပြုမည်ဆိုပါက.... ထိုသို့ အစွဲဟူသမျှမှ ကင်းလွတ်၍ ဘဝနှင့် ပတ်သက်သော တွေဝေ ယောင်ဝါး အမြင်မှားမှုတို့မှ လွန်မြောက်လျက် ပကတိ ငြိမ်းအေးသွားသော အဖြစ်ကို ရရှိသွားခြင်းသည် ဘဝ၏ ဆောက်တည်ရာကို ရရှိသွားခြင်းပင် ဖြစ်လေတော့သည်။

(ပြွမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းကိုးစာရင်း

(ပဉ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂလိပ်ဘာသာကျမ်းများ

1. Aiken, Henry D., "The Age of Ideology," Mentor Book, The New American Library, 1956.
2. Burtt, E.A., "The Metaphysical Foundations of Modern Science," Revised., Garden City: Doubleday & Company, Inc., 1954.
3. Beck, Lewis, White., "Philosophic Inquiry ; An Introduction to Philosophy,"Englewood Cliffs, N.J., Prentice. Hall, Inc., 1959, Chaps. 3, 9
4. Capra Fritjof., "The Tao of Physics." New York, A Bantam Book, 1980. p. 44.
5. Chakravarti. S., "An Introduction to General Philosophy" Calcutta. Kamala Book Depot, 1956. p . 149
6. Chatterjee, S., & Datta, D., "An Introduction to Indian Philosophy" Calcutta: University of Calcutta, 1960. p. 74
7. Chatterjee, S., "The Fundamentals of Hinduism" Calcutta, Das Gupta & Co., Ltd. 1850, P.101
8. Clark, Authur C., & the Editors of Time - Life Books,"Mind And Space" Time-Life International (Nederland) N.V.
9. Cornforth, Maurice., " Dialectical Material ; sm " Vol : 3; "the theory of knowledge, Calcutta, National Book Agency Private Ltd. 1965.Parts I,II
10. Dampier, William Cecil., " A Shorter History of Science" New York, Meridian Book, 1959.

(ပန္နမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com




11. Datta, D, M., "The Chief Currents of Contemporary Philosophy" Calcutta, 1961. p, 528-529

12. Dasgupta, S., "A History of Indian Philosophy" Vol. I., Syndics of the Cambridge University Press, 1957., p.25

13. Deuseen, Paul., "The Philosophy of the Upanishads," Edinburgh: T&T. Clark, 38 George Street. 1919. p. 257

14. Dobzhansky, Theodosius., "Mankind Evolving: the Evolution of the Human Species," New York : Bantam Books, 1970, Chap : 7

15. Donceel, S.J., J.F., "Philosophical Anthropology" Kansas City, Sheed & Ward, Inc., 1967.

16. Downs, Robert, B., "Book that changed the world" New York, A Mentor Book, 1956. p., 140

17. Duddington, C.L "The Living World, London, Pan Books Ltd., 1966, Chap.I

18. Durant, Will., "The Story of Philosophy" New York, Washington Square Press, Inc., 1965 p. 326

19. Fallico, Arturo. B., "Art & Existentialism" Englewood Cliffs, N. J., Prentice-Hall, Inc., 1962.

20. Forst, J.R., "Basic Teachings of the Great Philosophers" New York, Barnes & Noble, Inc., 1957.p.85

21. Fischer, Ernst., "The Necessity of Arts" Penguin Books, 1965, p.82

22. Gamow, George., "The Birth and Death of the Sun." A mentor Book. The New American Library, 1954.

23. Greene, C.John., "Darwin and the Modern World View." New York, A mentor Book, 1963.




www.burmeseclassic.com

www.burmeseclassic.com




24. Greene Marjorie., "Introduction to Existentialism." Chicago: University of Chicago Press, 1948.
25. Hawton, Hector., "Philosophy for Pleasure : An Adventure In Ideas, "New York, A Premier Book, 1956.
26. Heisenberg, Werner., " Physics and Philosophy : The Revolution in Modern Science "New York:Harper & Row, Publishers, 1962.
27. Heisenberg, Werner., " Philosophic Problems of Nuclear Science" New York:A Fawcett Premier Book, 1966. p. 88.
28. Herman and Schneicher., " Science and Your Future" Boston D.C Heath and Co. 1967. p. 318.
29. Hiriyanna H., "The Essentials of Indian Philosophy" London, George Allen & Unwin Ltd, 1960.
30. Hiriyanna, A., "Outlines of Indian Philosophy," London, George Allen & Unwin Ltd, 1962, PP. 296,297
31. Hollingdale, R.T., Trans : " F. Nietzsche, Thus spake Zarathustra " ( Treat Britain Penguin Books, Inc., 1964. P. 137-9
32. Hurd, D.L., & Kipling. j-j- edt.; " The Origins and Growth of Physical Science" Vol: J, Penguin Books 1964.
33. Jeans, James, Sir., "The Growth of Physical Science,"New York,Fawcett Publications, Inc., 1958.
34. Jeans, James, Sir., "The New Background of Science"Revised Edition the Macmillan Co, 1929.
35. Joad, C.E.M., "Philosophical Aspects of Modern Science", London, Unwin Books, 1963.




www.burmeseclassic.com

www.burmeseclassic.com



36. Joad, C.E.M., "Guide To Philosophy" New York, Dover Poblications, 1957, Chaps. *xviii, xix*

37. Kaufmann, Walter. A., " Existentialism From Dostoevsky to Sartre," Cleveland: World Publishing Co, 1962.

38. Kierkegaard, Soren., " Repetition " Oxford, 1942. P. 112

39. Kuykendall, Eleamor, Ed., " Philosophy In the Age of Crisis," New York, Harper & Row, 1970., Sect: III

40. London, Davies., "Man and His Universe," London, Watts & Co. 1950.

41. Lewis, John., "Man and Evolution," London, Lawrance & Wishart 1962.

42. Macquarie, John, "Existentialism" New York, Pelican Books, 1973. P. 155

43. Marias, Julian., "History of Philosophy" New York Dover Publication, Inc., 1967.pp. 425, 427, 429.

44. Marsak, Leonard, M., "French Philosophers : From Descartes to Sartre," New York, 1961.pp. 465 - 478

45. Muller, Max, F., "The Six Systems of Indian Philosophy" Vol. I, Calcutta, Susil Gupta (India) Ltd., 1952. P. 4

46. Niebulr, Reinhold., "The Nature and Destiny of Man" New York, Charles Scribner's sons, 1949. P. 10.

47. Nietzche, F, "The Joyful Wisdom" A Gateway Edition; p.p. 167-f.

48. Nietzche, F, " Eccee Hoomo ( Clifton P. Fadiman, Trans, New York The Modern Library, Inc., 1917). Why I am a Fatality, Sec; 7.

49. Patrick, George Thomas White., " Indroduction to Philosophy" London; George Allen & Unwin Ltd., 1961 P. 234.



www.burmeseclassic.com

www.burmeseclassic.com



50. Pfeiffer, John., " The Cell' Neterland (N.V), Time-Life International, 1969.

51. Prabhavananda, Swami., " The Spiritual Heritage of India, "New York : Doubleday & Co., Inc., 1963. P.25

52. Prosch, Harry., "The Genesis of Twentieth Century Philosophy,"London, George Allen&Unwin Ltd., 1964, Chaps. I, II, III.

53. Radhakhrishnan, S., edt, " History or Philosophy ; Eastern and Western, Vol. I, Geroge Allen & Unwin Ltd., 1952, P.26

54. Radhakhrishnan, S., and Moore, Charles, A., (Edited)., "A Source Book in Indian Philosophy" Princeton University Press, 1957. P. 63.

55. Rhodes, F.H.T., "The Evolution of Life," Penguin Books, 1976. P. 248.

56. Roubiczek, Paul., "Existentialism For and Against" Canbridge, 1964, P. 57

57. Russell, Bertrand., "Portraits From Memory: and Other Essays," New York, Simon & Schuster, 1965. P.197

58. Russell "Bertrand., "Power" New York, Simon & Schuster, 1965, P. 272

59. Russell, Bertrand., "Wishdon of the West" London:- Macdonald, 1959

60. Russell, Bertrand., "History of Western Philosophy"New York: Simon & Schuster,Inc.,1945.London; Allen & Unwin, 1953.

61. Sagan, Carl, Leonard, J. N., "Planets" Time-Life International(Neterland) N.V.

62. Shipp, Horance., "Ideas that moved the World" London, Macmillan & Co.,1960. P. 10.

63. Shwe Zan Aung., "Compendium of Philosophy" London,Luzac& Co.Ltd,1963. PP. 277, 279.



www.burmeseclassic.com

www.burmeseclassic.com



64. Simpson, G.G., "Meaning of Evolution" New York: Yale University Press, 1949. P.283

65. Sinha, Jadunath., "Introduction to indian Philosophy," Agra, Lakhmi Narain Agarwal, 1949.P.232

66. Sproul, Edith E, "The Science Book of the Human Body," New York, Pocket Book, Inc., 1963, P. 13

67. Shrivastava,Rama Shanker., " Contemporary Indian Philosophy" Delhi, Munshi, Ram Manohar Lal 1965.P.75

68. Taylor, A.E., " Elements of Metaphysics, " New York, Barness & Noble, 1961, Book IV, Chap II.

69. Titus, Herold, H., "Ethic For Today" New Delhi, Eurasia Publishing House Ltd. 1966, P. 165

70. White Head, Alfred North., " Science and the Modern World, " New York : New American Library of Would Literature, Inc., 1949.

71. Wilson, Colin., "Beyond the outsider" London, Pen Books Ltd, 1965, P.46

72. Windelband, Withelm., "History of Philosophy," Vol II New York; Harper & Row Publishers, 1958.

73. Wisdom, John., Problems of Wind and Matter." Cambridge University Press, 1963

74. Yakhot, O., " What is Dialectics ? " Moscow, Foreign Language Publishing House, 1962. P.69

75. "Fundamentals of Marxism-Leninism" Moscow, Foreign Languages Publishing House, 1963, P 34.



www.burmeseclassic.com

www.burmeseclassic.com

## မြန်မာဘာသာကျမ်းများ

၁။ ဆရာ ဦးမောင်မောင်ကြီး (လယ်တီပဏ္ဍိတ)၊ ပရမတ္ထသံခိပ်ဋီကာ၊ ပ–တွဲ၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၆၈ ခု။

၂။ ဆရာ ဦးမောင်မောင်ကြီး (လယ်တီပဏ္ဍိတ)၊ ပရမတ္ထသံခိပ်ဋီကာ၊ ဒု–တွဲ၊ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၉၇၅ ခု။

၃။ ဇနကာဘိဝံသ၊ အရှင်၊ ဗြဟ္မဇာလသုတ်၊ အမရပူရ၊ နယူးဘားမား ပိဋကတ်ပုံနှိပ်တိုက်။

၄။ ဇနကာဘိဝံသ၊ အရှင်၊ သာမညဖလသုတ်၊ အမရပူရ၊ နယူးဘားမား ပိဋကတ်ပုံနှိပ်တိုက်။

၅။ ဇနကာဘိဝံသ၊ အရှင်၊ အခြေပြုသင်္ဂြိုလ်၊ အမရပူရ၊ နယူးဘားမား ပိဋကတ်ပုံနှိပ်တိုက်။

၆။ ဇနကာဘိဝံသ၊ အရှင်၊ ကမ္မဋ္ဌာန်းဘာသာဋီကာ၊ ရန်ကုန်၊ ကုသလဝတီပုံနှိပ်တိုက်၊ ၁၃၁၈ ခု။

၇။ တိလောက၊ ဦး၊ (သေက္ခတောင်ဆရာတော်)၊ ပဏ္ဍိတဝေဒနီယ ဒီပနီကျမ်း၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင် ပုံနှိပ်တိုက်၊ ၁၃၂၃ ခု။

၈။ တိက္ခိန္ဒြိယ၊ အရှင်၊ သမုပ္ပါဒနိရောဓကကျမ်း၊ ပ–တွဲ၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၇၁ ခု။

၉။ ဒီပဲရင်းဆရာတော်ဘုရားကြီး၊ ပရမတ္ထစက္ခုကျမ်း၊ ရန်ကုန်၊ ဣန္ဒာသယပိဋကတ် ပုံနှိပ်တိုက်၊၁၃၂၂ ခု။

(ပဉ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



၁၀။ နန္ဒမာလာ၊ အရှင်၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန်၊ ပ-တွဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ့အဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၅၊ အနုဿတိကမ္မဋ္ဌာန နိဒ္ဒေသပိုင်း။

၁၁။ နန္ဒမာလာ၊ အရှင်၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန်၊ ဒု-တွဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ့အဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၅၊ အဘိညာဉ် နိဒ္ဒေသပိုင်း။

၁၂။ ပစ္ဆိမာရာမဆရာတော်၊ ဝိသုဒ္ဓိမဂ္ဂမဟာနိဿယ၊ လယ်တီမဏ္ဍိုင် ပုံနှိပ်တိုက်၊ စာ ၂၁။

၁၃။ မဟာစည်ဆရာတော်၊ အနတ္တလက္ခဏသုတ်တရားတော်ကြီး၊ ရန်ကုန် သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်။ ၁၉၇၇ ခု။

၁၄။ မဟာစည်ဆရာတော်၊ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ နိဿယ၊ စ-တွဲ၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၆၉ခု။

၁၅။ မဟာစည်ဆရာတော်၊ ဝိသုဒ္ဓိမဂ်မြန်မာပြန်၊ ဒု-တွဲ၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၇၄ ခု။

၁၆။ မဟာစည်ဆရာတော်၊ ဝိသုဒ္ဓိမဂ်မြန်မာပြန်၊ စ-တွဲ၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၇၁ ခု။

၁၇။ မဟာစည်ဆရာတော်၊ အနတ္တလက္ခဏသုတ်တရားတော်ကြီး၊ ရန်ကုန် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၇၇ ခု။

၁၈။ မဟာဝိသုဒ္ဓါရာမဆရာတော်၊ ပရမတ္ထ သရူပဘေဒနီကျမ်း၊ ဒု-တွဲ၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၉၊ စာ-၃၇၂-၃၄၂။

၁၉။ မေဓာဝီဆရာဆိုင်၊ ဋီကာကျော် မြန်မာပြန်၊ ပ-တွဲ၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၆၇၊ စိတ်ပိုင်း၊ စေတသိက်ပိုင်း။

၂၀။ မေဓိနီဆရာတော်၊ သတိပဋ္ဌာနမေဓိနီ၊ ရန်ကုန်၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ၁၉၅၆ ခု။

(ပဉ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



၂၁။ လယ်တီဆရာတော်၊ ဝိပဿနာဒီပနီ။ ရန်ကုန်၊ ဟံသာဝတီပိဋကတ်
ပုံနှိပ်တိုက်၊ ၁၉၄၈ ခု။

၂၂။ လယ်တီဆရာတော်၊ ဘာဝနာဒီပနီ၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၊ ၁၉၇၂ ခု။

၂၃။ လယ်တီဆရာတော်၊ ကမ္မဋ္ဌာန်းကျမ်းကြီး၊ ရန်ကုန်၊ ဟံသာဝတီ
ပုံနှိပ်တိုက်၊ ၁၉၅၅ ခု။

၂၄။ လယ်တီဆရာတော်၊ အာနာပါနဒီပနီ၊ ရန်ကုန်၊ ဟံသာဝတီ
ပုံနှိပ်တိုက်၊ ၁၉၆၆ ခု။

၂၅။ လယ်တီဆရာတော်၊ အနတ္တဒီပနီ၊ ရန်ကုန်လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊
၁၉၆၃ ခု။

၂၆။ လယ်တီဆရာတော်၊ ကမ္မဋ္ဌာနဒီပနီ၊ ရန်ကုန် သုဓမ္မဝတီပုံနှိပ်တိုက်၊
၁၃၁၈ ခု။

၂၇။ လယ်တီဆရာတော်၊ အာဟာရဒီပနီ၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊
၁၉၅၇ ခု။

၂၈။ လယ်တီဆရာတော်၊ ဗောဓိပက္ခိယဒီပနီ၊ ရန်ကုန်၊ သုဓမ္မဝတီ ပုံနှိပ်
တိုက်၊ ၁၃၁၁ ခု။

၂၉။ လယ်တီဆရာတော်၊ အနတ္တဒီပနီကျမ်းသစ်၊ ရန်ကုန် ဟံသာဝတီ
ပုံနှိပ်တိုက်၊ ၁၃၁၅ ခု။

၃၀။ အဂ္ဂမဟာဘိဝံသ၊ အရှင်၊ အဘိဓာန်နိဿယသစ်၊ ရန်ကုန် ၁၉၇၇ ခု။

ဆင့်ပွားပါဠိ မြန်မာပြန်ကျမ်းများ

၃၁။ သီလက္ခန္ဓဝဂ်ပါဠိတော်၊ မြန်မာပြန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၊ ၁၉၆၆ ခု။

၃၂။ မဟာဝဂ် ပါဠိတော် မြန်မာပြန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၊ ၁၉၅၇ ခု။

၃၃။ ပါထိကဝဂ်မြန်မာပြန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနအဖွဲ့ ပုံနှိပ်တိုက်၊
၁၉၆၇ ခု။

၃၄။ မူလပဏ္ဏာသပါဠိတော် မြန်မာပြန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၊ ၁၉၆၀ ခု။



www.burmeseclassic.com

www.burmeseclassic.com



၃၅။ မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၀ ခု။

၃၆။ ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၀ ခု။

၃၇။ သဂါထာဝဂ္ဂနှင့် နိဒါနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၀ ခု။

၃၈။ ခန္ဓဝဂ္ဂနှင့် သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၀ ခု။

၃၉။ မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၀ ခု။

၄၀။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် (စတုက္ကနိပါတ်) မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၀ ခု။

၄၁။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် (ပဉ္စက – နိပါတ်) မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၀ ခု။

၄၂။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် (အဋ္ဌက – နိပါတ်) မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၅ ခု။

(ဟူမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# အက္ခရာစဉ် အညွှန်း

(ပဌမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

## က


ကမူး၊ အဲလ်ဘာတ် ၁၁၉၊၁၂၀
ကလာပ်စည်း ၁၆
ကသိုဏ်း ၃၁၆၊ ၃၁၇၊ ၃၁၈၊
၃၁၉၊ ၃၂၀၊ ၃၂၂၊ ၃၂၆၊
၃၂၇၊ ၃၂၈၊ ၃၂၉၊ ၃၃၀၊
၃၃၁၊ ၃၃၆၊ ၃၃၇၊ ၃၃၉၊
၃၄၀၊ ၃၄၃၊ ၃၄၄၊ ၃၄၅၊
ကသိုဏ်းနိမိတ် ၃၁၈၊ ၃၃၉၊
ကာဗွန်ဒိုင်အောက်ဆိုဒ် ၁၄၊
ကာဗွန်ဒြပ်စင် ၁၅၊
ကာယနုပဿနာ
  သတိပဋ္ဌာန် ၃၆၄၊ ၃၈၀၊
ကာယပသာဒရုပ် ၂၅၅
ကာရဒ္ဓါရဝီထိ ၂၅၀
ကာလ အာကာသ ၂၂၃၊ ၂၂၇
ကိလေသာတရား ၁၉၅၊ ၁၉၆
ကိလေသာတို့ကို အပြီးတိုင်၊
  စွန့်လွှတ်ခြင်း ၃၇၅
ကုသိုလ် ၂၀၈၊ ၂၁၄၊ ၂၆၂
ကဲကီဂတ် ၁၁၁၊၁၁၂၊၁၁၃
၁၁၄၊၁၁၅၊၁၁၆
ကံ ၁၉၅၊၁၉၆၊၁၉၈၊၂၀၂၊
၂၀၃၊ ၂၀၄၊ ၂၀၅၊ ၂၀၇၊
၂၀၈၊ ၂၁၂၊ ၂၁၄၊ ၂၂၁၊
၂၂၂၊ ၂၃၂၊ ၂၃၃၊ ၂၃၉၊
၂၆၁၊ ၂၆၂၊ ၂၆၃၊ ၂၆၄၊
၂၆၅၊ ၂၆၆၊ ၂၆၇၊ ၃၄၉၊
၃၇၂
ကံစွမ်းအင် ၂၃၂၊ ၂၃၃
ကံအဟုန်ကုန်၍သေခြင်း ၂၆၆
ကိုပါးနီးကပ်စ် ၃၉၊၄၀၊၄၂၊
၄၃၊၄၄၊၄၅၊၅၄
ကက်ပလာ ၄၂၊၄၃၊၄၄
ကောင်းကင်ကသိုဏ်း ၃၂၉၊၃၄၄
ကောင်းမြတ်သော
  အရာများ ၁၄၉
ကန့်၊ အင်မေနျူရယ် ၁၇၂
ကပ္ပိလရသေ့ ၂၂၅
ကမ္မဇကလာပ် ၂၆၈
ကမ္မဇရုပ် ၂၄၈
ကမ္မနိမိတ် ၂၅၁
ကမ္မနိယာမ ၂၀၈၊ ၂၂၂
ကမ္မရုပ် ၁၉၅၊ ၂၀၂၊ ၂၀၃
ကမ္မသရိရ ၁၉၆၊ ၂၆၁၊ ၂၆၅
ကမ္ဘာပြုမိုး ၁၄




www.burmeseclassic.com

www.burmeseclassic.com




ကမ္ဘာဖြစ်ပေါ်လာပုံ ၁၂
ကမ္ဘာဗဟိုပြုသီအိုရီ ၃၈၊၃၉၊၄၀
ကမ္ဘာသည်စကြဝဠာ၏
ဗဟိုမှလျှောကျ
သွားခြင်း ၅၆
ကမ္ဘာဦးတိရစ္ဆာန်ကြီးများ ၁၈
ကမ္ဘာ၏ဖြစ်စဉ် ၁၄
ကမ္ဘာ့ဗိသုကာ ၁၄၅
ကမ္ဘာ့ဝိညာဉ်ကြီး ၉၁
ကမ္ဘာ့အတ္တ ၁၄၅
ကယ်တင်မှု ၂၄၀
ကိုယ်ကျင့်တရားတန်ဖိုး ၈၉၊၂၀၆
ကိုယ်ကျင့်တရားပညာ ၁၅၁
ကျဆုံးသောသူ ၁၁၈
ကျောက်ဖြစ်ရုပ်ကြွင်းပညာ ၆၈
ကြားသိစိတ်အစဉ် ၂၄၉
ကြားသိမှု ၁၈၀
ကြံသိစိတ်၏တည်ရာ
မှီရာရုပ် ၃၇၉
ကြိုတင်ဖန်တီးစီစဉ်ထား
သော ဖြစ်ရပ်များ ၁၁၇
ကြယ်တံခွန် ၅၀၊၅၁
ကြယ်၏ဘဝဖြစ်စဉ် ၉
ကွန့် ၁၇၄

ခ

ခဏိကသမာဓိ ၃၀၆၊၃၈၁၊၃၈၃
ခရုကမာ ၆၉
ခရော့ဆော့တယ်လီဂျိုင်း ၆၇
ခရစ်ယာန်ဘာသာ ၁၀၁
ခေတ်သစ်ဒဿနပညာရှင်များ ၈၇
၈၈၊၁၅၄
ခေတ်သစ်အတွေး
အခေါ်များ ၁၅၄
ခန္ဓာကိုယ်ကိုညှဉ်းဆဲနှိပ်စက်
သော အကျင့်များ ၂၂၇
ခန္ဓာငါးပါး ၂၃၇၊၂၇၈၊၃၀၂၊
၃၀၃၊၃၀၄၊၃၀၅၊၃၀၆၊
၃၁၀၊၃၇၃၊၃၇၉၊၃၈၀၊
၃၈၂၊၃၈၃
ချိုကူတီယန်ဂူ ၇၄
ချန်ဒရာ ဘက္ကချရိယ
ခရစ်ရှ်နန် ၂၄၁
ချိန်ဘာလင် ၇၊၈
ချမ်းသာစွာနေရသော
ရဟန်း ၃၀၉

ဂ

ဂဏနာနည်း ၃၅၅၊၃၅၆၊၃၅၉၊
၃၆၃
ဂတိနိမိတ် ၂၅၁၊၂၆၇
ဂရိအလွမ်းပြဇာတ်များ ၈၇
ဂိဂန်တိုပိသီးကပ်စ် ၇၇
ဂစ်ဗွန်း ၂၀
ဂတ်မိုင်တန် ၂၄၊၂၅
ဂန္ဒီ၊ မဟတ္တမ ၂၄၁
ဂယ်လီလီယို ၄၂၊၄၄၊၄၅
ဂယ်လက်ဆီ ၃၊၄၊၉၊၅၂၊၅၃၊
၅၄၊၅၅၊၅၆၊
၂၇၉၊၂၈၀
ဂုဏ်သိက္ခာမြင့်မားသူ ၂၁၊၃၉
ဂျာဗားလူ ၇၄




www.burmeseclassic.com

www.burmeseclassic.com




ဂျာမန်ဒဿနပညာရှင်များ ၁၇၂
ဂျီဘရော်တာ ၇၃
ဂျူပီတာ ၄၇၊ ၄၈
ဂျက်ဖရီ ၈
ဂျင်း၊ ဆာဂျိမ်း ၈
ဂျိမ်း၊ ဝီလျံ ၁၇၅
ဂျိမ်းပိုးလေ့၊ ဒေါက်တာ ၄၆၊ ၄၇
ဂျိမ်းဝါဒ ၁၉၂၊ ၁၉၃၊ ၁၉၄၊
၁၉၅၊ ၁၉၆၊ ၁၉၇၊ ၁၉၈
ဂျိမ်းဝါဒီများ ၂၆၁
ဂြိုဟ်တို့၏ရွေ့လျားခြင်း
ဆိုင်ရာနိယာမသုံးခု ၄၃
ဂွန်ဖိုသီရီယမ် ၇၂

ဃ

ဃာနဒွါရဝီထိ ၂၅၀

င

ငရဲဘုံအကြောင်း ၃၁

စ

စကြဝဠာ ၃၊ ၉၊ ၂၁၊ ၃၇၊ ၃၈၊
၄၁၊ ၄၅၊ ၅၅၊ ၅၆၊ ၅၇၊
၅၈၊ ၅၉၊ ၆၄
စကြဝဠာကြီး
မဖြစ်ပေါ်မီအခြေအနေ ၃
စကြဝဠာဆိုင်ရာ
ဆင့်ကဲဖြစ်စဉ် ၇၄
စကြဝဠာဆိုင်ရာ
ဒြပ်ဆွဲအားနိယာမ ၄၄
စကြဝဠာ၏လျှို့ဝှက်ချက်
တို့ကိုသိနိုင်စွမ်းသူ ၈၈
စကြဝဠာ၏သံသရာ ၅၆
စကြဝဠာ၏အစ ၃၊ ၅၊ ၅၅
စကြဝဠာ၌
အမြင့်မြတ်ဆုံးသောသူ ၉၀
စတိုးဝစ် ၁၄၉
စတုတ္ထ စတုက္က ၃၇၂၊ ၃၇၃၊
၃၇၄၊ ၃၇၅၊ ၃၇၆
စတုတ္ထဈာန် ၃၂၅
စတုတ္ထအရူပဈာန် ၃၃၃
စပင်နိုဇာ ၁၆၈၊ ၂၅၂
စနစ်အတွင်း၌မှန်ကန်မှု ၁၅၉
စာပေခေတ်
အတွေးအခေါ် ၁၀၅၊ ၁၀၇
စီစီဖော့စ် ၁၂၀၊ ၁၂၁
စီနေကာ ၈၇
စေဇန်း ၁၃၅
စေတနာ ၃၀၁
စေတနာစေတသိက် ၂၆၂
စေတသိကဒုက္ခ ၃၀၅
စေတသိက် ၂၄၈၊ ၂၆၀၊ ၂၇၂၊
၂၇၈၊ ၃၀၁၊ ၃၂၁၊ ၃၃၄
စက္ခုဒွါရ ၁၇၇
စက္ခုဒွါရဝီထိ ၂၄၉၊ ၂၅၂
စက္ခုပသာဒရုပ် ၂၅၅၊ ၂၅၆
စောင့်စည်းခြင်း ၁၉၈
စစ်မှန်သောတရားများ ၁၄၉
စိတ် ၁၅၇၊ ၁၆၅၊ ၁၆၆၊
၁၆၇၊ ၁၇၀၊ ၁၇၂၊ ၁၇၃၊
၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊
၁၈၀၊ ၂၆၁၊ ၂၇၁၊ ၂၇၂၊
၃၁၅၊ ၃၁၆၊ ၃၁၈၊ ၃၁၉၊




www.burmeseclassic.com

www.burmeseclassic.com




၃၂၀၊၃၂၁၊၃၂၂၊၃၃၄၊
၃၃၅၊၃၃၆၊၃၆၁၊၃၆၃၊
၃၆၅၊၃၆၀၊၃၇၀၊၃၇၁၊
၃၇၉

စိတ်ကူးကြံသိသည့်
  စိတ်အစဉ် ၂၅၀
စိတ်ကူးသဘောများ ၁၄၅
စိတ်ကိုခွဲခြားစိတ်
  ဖြာခြင်းကျမ်း ၁၇၈
စိတ်ခဏ ၂၅၀
စိတ်ဆန္ဒ ၉၂၊၉၃၊၉၄၊၉၅
  ၉၆၊၉၇၊၉၈
စိတ်ဆန္ဒလွတ်လပ်မှု ၁၅၁
စိတ်ဓာတ်ကျသည့်ရောဂါ ၂၅
စိတ်နှင့်ရုပ်တို့အပြန်အလှန်
  ဆက်နွယ်နေမှု ၁၆၇
စိတ်ပျက်ခြင်းဝေဒနာ ၁၂၇
စိတ်ပျက်ဖွယ်ရာ
  ကောင်းသောလူ့အဖြစ် ၁၂၈
စိတ်ဖြစ်စဉ် ၁၇၃၊၁၇၆၊
  ၃၃၄၊၃၃၆
စိတ်ရောဂါ ၂၄၊၂၅
စိတ်ရုပ်ဆက်သွယ်မှု
  ပြဿနာ ၁၆၇၊၂၀၆
စိတ်ရုပ်ပြဿနာ ၁၇၉
စိတ်ရုပ်ယှဉ်ပြိုင်ဝါဒ ၁၇၀၊၂၅၈
စိတ်ရုပ်အစဉ် ၂၄၇
စိတ်သည်သာမည ၂၄၈၊၂၇၂
စိတ်အခြေခံဝတ္ထု ၁၅၇၊၁၆၀
  ၁၆၂၊၁၆၅၊၁၇၂၊၁၇၃၊
  ၁၇၄၊၁၇၅၊၁၇၆၊၁၇၉၊

၁၀၀၊၁၀၁၊၁၀၅၊၂၀၆၊
၂၆၀၊၂၉၉၊၃၀၀၊
၃၀၆၊
၃၀၂၊၃၀၄၊၃၀၆

စိတ်၏အမှီခံဝတ္ထု ၂၅၄
စိတ္တဇကလာပ် ၂၆၈
စိတ္တဇရုပ် ၂၆၈
စိတ္တနုပဿနာ ၃၆၈၊၃၇၁
စိတ္တမူလဝါဒီ ၂၄၈
စိတ္တသင်္ခါရ ၃၆၅၊၃၆၇၊၃၆၈
စန်တီရာဂို ၁၂၁၊၁၂၅
စိန္တာမယဉာဏ် ၃၀၅၊၃၀၆
စိန့်သောမတ်အကွိုင်းနပ်စ် ၁၅၁
စိန့်ဩဂတ်စ်တင်း ၁၅၀
စွန့်ပစ်ခံရခြင်း ၁၁၈၊၁၂၆

**ဆ**

ဆာတိုးရီးယပ်စ်၊ နော်မန် ၂၅
ဆာလောင်သောဝမ်းဗိုက်
  အနီးဝန်းကျင်လောက်သာ
  ရောက်နိုင်သော အတွေး
  အမြင်များ ၂၆
ဆီလီကွန် ၁၂
ဆူပါနိုဗာ ၁၁
ဆောဂန်၊ ကားလ် ၃
ဆေတန် ၄၇၊၄၉
ဆောက်တည်ရာရသူ ၃၀၇
ဆင်ခြင်ခြင်းတရား ၉၀၊၉၁၊၉၃၊
  ၉၄၊၉၅၊၉၇၊၉၈၊၁၁၆၊
  ၁၂၈၊၁၃၉၊၁၄၁၊၁၈၆
ဆင်ခြင်ခြင်းအမိကဝါဒီ ၈၃




www.burmeseclassic.com

www.burmeseclassic.com




ဆင်ခြင်ဉာဏ် ၂၇၊ ၂၈၊ ၃၀၊ ၈၅
ဆင်ခြင်ဉာဏ်ရှိသော
သတ္တဝါ ၉၂
ဆင်ခြင်နိုင်မှုစွမ်းရည် ၈၇
ဆင်ခြင်နည်းကျခြင်း ၉၀
ဆင်ခြင်မှုဆန့်ကျင်ဝါဒ ၉၄
ဆင်ခြင်မှုမပါသော ဒဿန
ဆိုင်ရာယုံကြည်မှု ၁၁၇
ဆင်သတ္တဝါတို့၏
အိမ်ဗော်လျူးရှင်းဖြစ်စဉ် ၇၂
ဆင်းသက်ပုံအခြေခံတူ၍
တည်ဆောက်မှုစနစ်လည်း
တူသောလက္ခဏာ
ရပ်များ ၆၆
ဆတ်၊ ယန်ပေါလ် ၁၂၃၊ ၁၂၄၊
၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၂၈
ဆန်ဒေါဂျ ၁၉၂
ဆန္ဒတဏှာ ၁၄၄
ဆယ်လီဗရမ် ၂၈၇
ဆယ့်ကိုးရာစုပထမကာလ ၁၂၉
ဆဲလ် ၁၆၊ ၂၀၊ ၆၅၊ ၂၈၃၊
၂၈၄၊ ၂၈၆

### ဍ

ဇိဝှဒ္ဒါရဝိထိ ၂၅၀
ဇီဝမုတ္တ ၂၀၃၊ ၂၃၂
ဇီဝအတ္တ ၁၇၉၊ ၁၉၂၊ ၁၉၄၊
၂၂၀၊ ၂၂၃၊ ၂၂၄၊ ၂၂၅၊
၂၂၆၊ ၂၃၂၊ ၂၃၅၊ ၂၃၆
ဇော ၂၅၂၊ ၂၆၀၊ ၂၆၂၊ ၂၆၃၊
၂၆၄၊ ၂၆၅၊ ၃၂၂၊ ၃၃၄၊
၃၃၈

### ဈ

ဈာန ၂၃၀
ဈာန် ၃၁၈၊ ၃၂၁၊ ၃၂၂၊
၃၂၃၊ ၃၂၄၊ ၃၂၅၊ ၃၂၆၊
၃၂၇၊ ၃၂၈၊ ၃၂၉၊ ၃၃၀၊
၃၃၁၊ ၃၃၂၊ ၃၃၃၊ ၃၃၄၊
၃၃၇၊ ၃၃၈၊ ၃၃၉၊ ၃၄၀၊
၃၄၁၊ ၃၄၂၊ ၃၄၃၊ ၃၄၅၊
၃၄၆၊ ၃၄၈၊ ၃၄၉၊ ၃၆၄၊
၃၆၅၊ ၃၆၆၊ ၃၆၇၊ ၃၆၈၊
၃၆၉၊ ၃၇၀၊ ၃၇၁၊ ၃၇၂၊
၃၇၃
ဈာန်ဇောစိတ်များ ၃၂၂
ဈာန်ဝင်စားခြင်း ၃၂၄
ဈာန်သမာဓိ ၃၂၂
ဈာန်အင်္ဂါငါးပါး ၃၂၁

### ည

ညာယျဂိုဏ်း ၂၁၉၊ ၂၂၀၊ ၂၂၁
၂၂၃
ညာဝါးဖြန်းသန်း
နေသောလူ့လောကကြီး ၂၄

### ဌ

ဌီ ၂၅၀၊ ၃၇၃

### တ

တစ်ခဏငြိမ်းအေးသူ ၃၀၉
တစ်ခုတည်းသော
အမှန်အရှိတရား ၂၃၄




www.burmeseclassic.com

www.burmeseclassic.com




တဂိုး၊ ရာဘင်ဒြာနတ် ၂၄၁
တတိယစတုက္က ၃၆၀၊၃၆၉၊ ၃၇၀၊၃၇၁
တတိယစျာန် ၃၂၄၊၃၂၅
တတိယအရူပစျာန် ၃၃၃
တဒါရုံ ၂၅၂
တပအကျင့် ၂၂၀
တမလွန်ဘဝ ၁၄၀၊၂၃၃
တာကာနာခရေအိုင် ၇၆
တာဝန်အရပြုလုပ်ရခြင်း ၂၃၃
တီ၊ မောရစ် ၇၇
တီတန် ၄၉
တေတိရိယ ၁၉၀
တော်စတွိုင်း၊ လီယို ၁၃၆
တိုးတက်ခြင်း ၂၂၊၁၃၂
ပေါင်ဆွာနာ ၇၄
တိုင်ချိုဘရာ ၄၂
တိုင်ပင်ပုန်ကန်မှု ၁၃၁
တန်ခိုးရှင် ၅
တန်ခိုးအာဏာကြီး
လိုသောဆန္ဒ ၁၀၁၊၁၀၄
တန်ခိုးအာဏာရရေးသည်
အဆုံးပန်းတိုင် ၁၀၄
တမ္ဗတ္တာငါးပါး ၂၆၉
တယ်ရိုဒက်တိုင်း ၆၆
တယ်လီဆီယို၊ ဘာနာဝတီဒီနို ၁၅၂
တိုလ်မီ ၃၇၊၃၈၊၃၉၊၄၀၊၅၄

ထရိုင်လိုပိုဒွန် ၇၂
ထာဝရတည်နေနိုင်သော
သဘော ၂၇၇
ထာဝရတည်မြဲသောသဘော ၁၆၅
ထာဝရဘုရား ၃၉၊၄၄၊၄၅၊၅၅၊
၅၆၊၅၇၊၆၃၊၆၅၊၇၉၊
၉၉၊၁၀၀၊၁၁၄၊၁၁၅၊
၁၁၇၊၁၂၃၊၁၃၀၊၁၃၁၊
၁၃၂၊၁၃၅၊၁၃၆၊၁၄၇၊
၁၅၀၊၁၅၁၊၁၅၂၊၁၅၈၊
၁၆၀၊၁၆၆၊၁၆၇၊၁၆၈၊
၁၆၉၊၁၇၀၊၁၇၁၊၁၇၂၊
၁၇၉၊၁၉၂၊၁၉၃၊၂၂၂၊
၂၂၃၊၂၂၄၊၂၂၅၊၂၂၆၊
၂၂၇၊၂၂၉၊၂၃၂၊၂၃၄၊
၂၄၀၊၂၄၁၊၂၄၂၊၂၄၄၊
၂၆၀၊၃၀၄
ထာဝရဘုရားက ဒဏ်ခတ်ခြင်း၁၅၁
ထာဝရဘုရား၏ စိတ်အသိများ
ဖြင့်တည်ဆောက်ထား
သော လောကကြီး ၇၉
ထာဝရဘုရား၏လက်ရာတော် ၄၄
ထာဝရလွတ်မြောက်ခြင်း ၂၀၃
၂၃၂၊၃၁၅
ထာဝရသုခခံစားနိုင်သော
ကောင်းကင်ဘုံ ၂၃၂
ထာဝရအပြစ်ဒဏ် ၁၅၁
ထိနမိဒ္ဓ ၃၂၀
ထိသိသည့်စိတ်အစဉ် ၂၅၀
ထူလသရီရ ၂၆၉
ထင်ပေါ်ကျော်ကြားလိုခြင်း ၁၀၄


**ထ**


ထပနာနည်း ၃၅၅
ထရီတန် ၅၀




www.burmeseclassic.com

www.burmeseclassic.com




ထုတ်ယူဆင်ခြင်ခြင်း ၁၅၄
ထွက်လေဝင်လေအပေါ်
  ရှုမှတ်အားထုတ်
    သော ကျင့်စဉ် ၃၅၃

**ဒ**

ဒရိုင်ယိုပီးသီးကပ်စ် ၇၇
ဒဿနဆိုင်ရာမှန်ကန်မှုများ ၁၅၅
ဒဿနပြဿနာများကျမ်း ၁၇၇
ဒါန ၂၆၂
ဒါရနာ ၂၃၀
ဒါဝင်၊ ချားစ် ၆၅၊၇၀၊၇၉၊
  ၈၀၊၈၁
ဒီဂန်ဘရဂိုဏ်း ၁၉၃
ဒီမောခရိတပ်စ် ၁၄၃
ဒီလှိုင်းသီအိုရီ ၈
ဒုတိယကမ္ဘာစစ် ၁၃၁
ဒုတိယကမ္ဘာစစ်အတွင်းက
  လူ့အချင်းချင်းသတ်
    ဖြတ်ပွဲများ ၂၀
ဒုတိယစတုက္က ၃၆၅၊၃၆၆၊
  ၃၆၇၊၃၆၈
ဒုတိယစျာန် ၃၂၃၊၃၂၄၊
  ၃၃၄၊၃၄၁
ဒုတိယအရူပစျာန် ၃၃၁၊၃၃၂
ဒူဆယ် ၇၄
ဒေးကား၊ ရဲန်နီ ၁၅၄၊၁၅၅၊
  ၁၅၆၊၁၅၇၊၁၅၈၊၁၅၉၊
  ၁၆၀၊၁၆၁၊၁၆၅၊၁၆၆၊
  ၁၇၀၊၂၀၆၊၂၄၇၊၃၀၄
ဒုက္ခမှလွတ်မြောက်နိုင်
    သောနည်း ၉၇
ဒုက္ခဟူသမျှကင်းသော
    လွတ်မြောက်မှု ၂၂၄
ဒင်းဒရိုက် ၂၀၄
ဒိုင်နိုဆော ၆၉
ဒိုင်ယာလက်တစ်နည်း ၉၀၊၉၁
ဒိုင်ယာလက်တစ်နည်းကျ
  ပြောင်းလဲနေသော
ဒိုင်ရုပ်ဖြစ်စဉ် ၁၇၂
ဒိုင်ယာလက်တစ်ဖြစ်စဉ် ၉၀
ဒိုင်ယာလက်တစ်ရုပ်ဝါဒ ၁၇၂၊
  ၁၇၃၊၁၇၄
ဒိုင်ယာလက်တစ်
  ရုပ်ဝါဒီ ၂၇၂၊၃၀၆
ဒန် ၃၀
ဒြပ်ဆွဲအား ၅၉၊၁၀၀
ဒြပ်တို့၏ဆွဲငင်မှု ၇
ဒြပ်မဲ့ဆင်ခြင်မှု ၁၁၃
ဒိဗ္ဗစက္ခု ၃၃၉၊၃၃၄
ဒိဋ္ဌိဝါဒ ၁၆၅၊၂၅၀
ဒွန်သဘော ၁၆၅

**ဓ**

ဓမ္မ ၁၉၇
ဓမ္မသင်္ဂဏီကျမ်း ၂၅၃
ဓမ္မာနုပဿနာ
  သတိပဋ္ဌာန် ၃၇၆၊၃၀၀

**န**

နဂါးငွေ့တန်း ၅၂၊၅၄၊၂၇၉
နပိုလီယန်စစ်ပွဲများ ၁၂၉




www.burmeseclassic.com

www.burmeseclassic.com




နယူတန် ၄၄၊၄၅
နာမရူပ ပရိစ္ဆေဒဉာဏ် ၃၇၇
နားစည် ၂၈၆
နိယာမ ၂၂၉
နိရောဓ ၃၈၄၊၃၇၅
နိရောဓနှစ်မျိုး ၃၇၅
နိရောဓသမာပတ် ၃၃၃၊၃၃၄
၃၃၈
နိရောဓနုပဿနာ ၃၇၁
နိရှေး ၉၇၊၉၈၊၉၉၊၁၀၀
၁၀၁၊၁၀ ၂၊၁၀၄၊၁၀၅၊
၁၀၆၊၁၀၇
နိဝရဏ ၃၂၀၊၃၂၁၊၃၄၂၊
၃၆၈၊၃၆၉
နိယန်ဒါတောင်ကြား ၇၄
နိယန်ဒါသယ်လူ ၇၄
နေ ၅၁၊၅၂၊၅၃၊၅၄၊၅၅၊၁၈၈
နေစကြဝဠာ ၄၂၊၄၇၊၅၁
နေဗဟိုပြုသီအိုရီ ၃၉
နေအဖွဲ့အစည်း ၁၁၊၄၇၊၅၁၊၅၄
နေ၏ အချင်း ၆
နို့တိုက်မွေးမြူသော
သတ္တဝါ ၇၀
နက်ပ်ကျွန်းဂြိုဟ် ၆၊၄၇၊၅၀
နက်ဖြူလာ ၆
နက်ဖြူလာ ဟိုက်ပေါ်သဆီး ၇
နက္ခတ္တဆိုင်ရာတော်လှန်ရေး ၄၀
နိုင်ငံများ၏ဘဝဖြစ်စဉ် ၁၉
နိစ္စသညာ ၃၇၁
နိစ္စသဘော ၁၄၃၊၁၄၇
နတ္ထိဘာဝ ၃၃၂
နတ္ထိသဘာဝ ၁၁၄
နန္ဒမာလာ၊ အသျှင် ၃၅၇
နဗ်ကြောမွှာဆုံ ၂၈၄၊၂၈၅
နဗ်ကြောအဖွဲ့အစည်း ၁၇၃
နိဗ္ဗိဒါနုပဿနာ ၃၇၁
နိဗ္ဗာန် ၂၀၃၊၃၃၄၊၃၇၄၊၃၇၅
နာမ် ၃၃၈
နာမ်ခန္ဓာ ၂၇၈
နာမ်ဝါဒ ၁၇၆
နာမ်အစဉ် ၂၆၀
နျူကလိယ ၂၈၄
နျူကလိယယစ်အက်ဆစ် ၁၆
နျူကလီယိုတိုက်ဒြပ်
ပေါင်းများ ၁၆
နျူရှန်း ၂၈၃၊၂၈၄၊၂၈၅
နှေးနှေးရေတွက်သော
နည်း ၃၅၆၊၃၅၇
နှစ်ဆယ်ရာစုပထမကာလ
စိတ်ပညာရှင်များ ၁၇၆


BURMESE CLASSIC .com

## ပ


ပကုဓကစ္စာယန ၂၀၄၊၂၁၁
၂၁၂၊၂၁၃၊၂၁၅၊၃၁၅
ပညာ ၂၆၁
ပညတ်များ ၁၄၇
ပညတ်သဘော ၂၃၅
ပဋိနိဿဂ္ဂါနုပဿနာ ၃၇၁
ပဋိဘာဂနိမိတ် ၃၂၀၊၃၂၁
၃၂၂၊၃၂၃၊၃၂၄၊၃၂၅၊
၃၂၆၊၃၂၇၊၃၂၈၊၃၃၉




www.burmeseclassic.com

www.burmeseclassic.com




ပဋိသန္ဓေစိတ် ၂၄၈၊ ၂၇၁
ပထမကမ္ဘာစစ် ၁၃၁
ပထမစတုက္က ၃၅၄၊ ၃၅၅၊ ၃၅၉၊ ၃၆၀၊ ၃၆၃
ပထမစျာန် ၃၂၂၊ ၃၂၃၊ ၃၂၄
ပထမအကြောင်းတရား ၁၉၂
ပထမအရူပစျာန် ၃၃၁၊ ၃၄၁
ပထဝီကသိုဏ်း ၃၂၆၊ ၃၆၄
ပဓာနကျသော
ကံရှစ်မျိုး ၁၉၆
ပရမအတ္တ ၁၈၈၊ ၁၉၁၊ ၁၉၂၊ ၂၃၅၊ ၂၃၆၊ ၂၇၇၊ ၂၄၂၊ ၂၄၃၊ ၃၄၉၊ ၃၅၀
ပရမတ္ထသဘော ၂၃၅၊ ၂၆၈
ပရာနယာမ ၂၂၉
ပရိကမ္မနိမိတ် ၃၁၉၊ ၃၂၀၊ ၃၃၆
ပရိကမ္မသမာဓိ ၃၁၉၊ ၃၂၀၊ ၃၃၆
ပရိနိဗ္ဗာန် ၃၃၈
ပရိတ်ပလာဇမ် ၁၆၊ ၆၅
ပရိတက်စတင့်ဂိုဏ်း ၄၀
ပရိတိန်း ၁၆
ပရိတွန်အမှုန် ၉၊ ၁၀
ပရိုင်းမိတ် ၇၄
ပရတ်ယာ ဟာရ ၂၁၀
ပလီဆီယိုဆော ၆၉
ပလီဆီယိုမာစတိုဒွန် ၇၂
ပလူတို ၄၇၊ ၅၀
ပလေတို ၈၇၊ ၈၈၊ ၁၀၉၊ ၁၄၂
၁၄၄၊ ၁၄၅၊ ၁၄၆၊
၁၄၇၊ ၁၄၈၊ ၁၄၉
ပလေတိုဝါဒသစ် ၁၄၉
ပလောတီးနပ်စ် ၁၄၉၊ ၁၅၀
ပလက်နက်တယ်ဆီမယ်
သီအိုရီ ၇
ပလိုင်စတိုးဆင်း ၇၀၊ ၇၂၊ ၇၃
ပလိုင်းအိုဆင်း ၇၀၊ ၇၁၊ ၇၂၊ ၇၃
ပဿဒရုပ် ၂၅၀
ပါစကယ် ၁၁၃
ပါဒကပဉ္စမစျာန် ၃၄၀၊ ၃၄၅
ပါဘမိမံသဂိုဏ်း ၂၁၉
ပါရမီ ၂၆၁၊ ၃၁၉၊ ၃၃၉၊ ၃၄၆
ပိကင်းလူ ၇၄
ပီတိ ၃၂၁၊ ၃၂၄၊ ၃၅၅၊ ၃၆၅၊
၃၆၆၊ ၃၆၇၊ ၃၇၁
ပုထုဇဉ် ၃၀၄၊ ၃၀၇
ပုရာဏကဿပ ၂၀၄၊ ၂၀၅၊ ၂၀၆
ပူပန်သောက ၁၂၅၊ ၁၂၆
ပူပန်သောကရောက်နေ
သောသတ္တဝါ ၁၂၆
ပိုးလော့၊ ဂျိမ်း ၄၆
ပုဂ္ဂလအတ္တ ၁၉၂
ပင်နီယမ်ဂလင်း ၁၆၆
ပစ်ဒဏ်ခတ်ထားသော
လွတ်လပ်ခြင်း ၁၂၆
ပစ္စယပရိဂ္ဂဟဉာဏ် ၃၇၀
ပစ္စဝေက္ခနာဝသီ ၃၂၃
ပစ္စေကဗုဒ္ဓ ၃၃၃
ပဉ္စဒွါရဝီထိ ၂၀၀




www.burmeseclassic.com

www.burmeseclassic.com




ပဋ္ဌဒွါရဝဇ္ဇန်းစိတ် ၂၅၁
ပဋ္ဌမစျာန် ၃၂၅၊ ၃၃၉၊ ၃၄၅၊ ၃၄၈၊ ၃၆၄
ပန်းတိုင် ၁၈၉၊ ၂၀၃
ပုံစံများ ၁၄၅
ပုံစံအရမှန်ကန်မှု ၁၆၀
ပုံသဏ္ဌာန်မဲ့သောအရာ ၁၉၀
ပုံသဏ္ဌာန်ရှိသောပုဂ္ဂိုလ် ၂၄၁
ပျော်ရွှင်မှုစံပြု ဝါဒီများ ၂၉၇
ပြုလုပ်ခြင်းအကြောင်းတရား ၂၂၃
ပြင်ပရုပ်လောက ၁၅၈၊ ၁၇၁
ပြင်ပလောကနှင့် စပ်လျဉ်းသော ကျွန်ုပ်တို့၏ အသိတရားများကျမ်း ၁၇၈
ပြင်ပအကြောင်းတရား ၄၃၊ ၄၄
ပြောင်းလဲခြင်း ၁၄၄၊ ၁၄၈၊ ၁၇၅၊ ၂၇၈

**ဖ**

ဖောဋ္ဌဗ္ဗာရုံ ၁၇၇
ဖော်ဆောင်လက္ခဏာများ ၁၆၈
ဖန်ဆင်းမှု ၁၈၈

**ဗ**

ဗရူနို ၄၁၊ ၄၅၊ ၁၅၃
ဗရှန်တိုဆော ၆၉
ဗဟိုနာဗ်ကြောစနစ် ၁၇၃
ဗဟိုနာဗ်ကြောအဖွဲ့အစည်း ၁၇၆
ဗီးနပ်စ် ၄၇၊ ၄၈
ဗိုက်တာင်းအစီအစဉ် ၄၆
ဗတ်ဖွန် ၆
ဗုဒ္ဓ ၂၁၅၊ ၂၂၅၊ ၂၀၆၊ ၃၀၄၊ ၃၀၅၊ ၃၄၆၊ ၃၄၉၊ ၃၅၀၊ ၃၅၃
ဗုဒ္ဓဒဿန ၂၄၇၊ ၂၄၈၊ ၂၄၉၊ ၂၅၈၊ ၂၆၁၊ ၂၆၅၊ ၂၆၈၊ ၂၇၁၊ ၂၇၂၊ ၂၇၃၊ ၂၇၇၊ ၂၇၈၊ ၂၈၈၊ ၃၀၅၊ ၃၀၆၊ ၃၀၃၊ ၃၀၇
ဗုဒ္ဓဝါဒ ၁၆၈၊ ၁၉၂၊ ၂၁၉၊ ၂၂၈၊ ၂၃၆၊ ၃၁၅
ဗျာပါဒ ၃၂၀၊ ၃၂၄
ဗြဟဒါရညက ၁၈၉
ဗြာဟ္မဏကျမ်းများ ၁၈၇
ဗြဟ္မာ ၁၈၇၊ ၁၈၈၊ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃၊ ၂၂၅၊ ၂၃၅၊ ၂၃၆၊ ၂၃၇၊ ၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁၊ ၂၄၂၊ ၃၁၅၊ ၃၄၉၊ ၃၅၀
ဗိုင်ရေဂျာ (၁) ၄၉

**ဘ**

ဘဂျမ်း၊ ဦး ၂၄
ဘရှန်း၊ ရောဘတ် ၇၅
ဘဝကူးပြောင်းခြင်း ၁၈၇
ဘဝကိုအဓိပ္ပာယ်ရှိစေခြင်း ၁၁၉
ဘဝဆိုင်ရာအမှန်တရား ၃၈၆
ဘဝတဏှာ ၉၈
ဘဝဖြစ်တည်မှု ပမာန




www.burmeseclassic.com

ဝါဒီများ ၁၁၁၊၁၁၃၊ ၁၁၆၊၁၁၉၊၁၂၈၊ ၁၃၂၊၁၃၃၊၁၃၅၊၁၃၆၊၃၀၄
ဘဝရေအလျဉ် ၃၀၃
ဘဝလွတ်မြောက်ရေး ၂၂၂
ဘဝဝေဒနာအထွေထွေ ၁၁၅
ဘဝသစ်တစ်ဖန် ၁၇၄
ဘဝအနိဋ္ဌာရုံများ ၁၃၀
ဘဝ၏ဆောက်တည်ရာ ၁၆၁ ၂၄၂
ဘဝ၏နိဂုံး ၁၅၄
ဘဝ၏ အချည်းနှီးသဘော ၁၂၀
ဘဝ၏ အဆုံးပန်းတိုင် ၂၃၂
ဘဝ၌ငြိမ်းအေးသူ ၃၀၇
ဘဝင်စိတ် ၂၄၉၊ ၂၅၀၊ ၂၅၁၊ ၂၅၂၊ ၂၅၅၊ ၂၅၈၊ ၂၅၉၊ ၃၁၀၊၃၃၆၊၃၃၇
ဘဝဂ်စလန ၂၅၁
ဘဝဂ်ုပစ္ဆေဒ ၂၅၁
ဘာကလီ၊ ဂျော့ ၈၉၊၁၇၁
ဘာမျှမရှိသောအခြေအနေ ၂၂၃
ဘာမျှအဓိပ္ပာယ်မရှိသော ဘဝ ၁၂၀
ဘာသာ ၁၄၂၊၁၅၁၊၁၅၃
ဘာဝနာ ၂၀၉
ဘာဝနာနည်း ၂၁၅
ဘာဝနာမယဉာဏ် ၃၀၅၊၃၀၆
ဘေကွန်၊ ဖရန့်ဆစ် ၁၅၃
ဘင် ၂၅၀၊၃၇၃
ဘာ့ဂ်ဆွန် ၁၇၅
ဘိုင်ရွန် ၁၃၁
ဘတ္တိယောဂ ၂၃၉

မ

မကောင်းမှုဒုစရိုက်များ ၁၅၁
မတွေ့ဝေသောအားဖြင့် သိခြင်း ၃၆၆၊၃၆၇၊ ၃၆၉၊၃၇၀
မန ၂၂၀၊ ၂၂၁၊ ၂၂၂ ၂၂၆၊ ၂၂၇၊ ၂၃၃
မနုဿဗေဒပညာရှင်များ ၁၇
မနောဓာတ် ၂၅၉
မနောဒွါရဝီထိ ၂၅၀
မပြည့်စုံသူ၏စိတ် ၉၉
မဖောက်ပြန်သောနိယာမ ဥပဒေသ ၄၅
မယုံကြည်နိုင်သော စိတ်ဝေဒနာ ၁၁၆
မရဏာသန္နဇော ၂၆၇
မသိဝါဒ ၁၇၆
မသေသင့်ဘဲသေခြင်း ၂၆၆
မဟာ (မဟတ်) ၂၆၉
မဟာကဗျာခေတ် ၁၀၆၊၁၉၂ ၂၀၄
မဟာစည်ဆရာတော် ၂၁၄
မဟာဗြဟ္မာ ၂၂၄၊၂၂၅ ၂၆၀၊၂၆၅
မဟာဘာရတ ၁၀၆၊၂၂၇
မဟာဝီရ ၁၉၂၊၂၀၄
မာကျူရီ ၁၂၄
မာယာသဖွယ်လောက ၄၇



www.burmeseclassic.com

www.burmeseclassic.com




မိမိကံကြမ္မာကိုဖန်တီးမည့်သူ ၉၉
မိမိကိုယ်ကိုမိမိညှဉ်းဆဲသော ကျင့်စဉ်များ ၂၀၂၊၂၀၉
မိမိကိုယ်ကိုသတ်သေသူ ၂၅
မိမိကိုယ်တိုင်ရပ်တည်နိုင်သော အရာ ၁၆၅
မိမိတာဝန်ကို မိမိရယူသူ ၁၁၈
မိမံသဂိုဏ်း ၂၃၂၊၂၃၃
မိမိလိုရာကိုဖန်ဆင်းနိုင်ခြင်း ၃၄၅
မိမိအတ္တအကျိုးအတွက် ကြည့်မြင်သောအမြင် ၁၀၅
မိမိ၏ကံကြမ္မာကို မိမိကဝင် ဖန်တီးရသူ ၁၂၄
မိသိန်း ၁၄
မီးကသိုဏ်း ၃၂၆၊၃၂၇ ၃၄၃၊၃၄၄ ၃၄၅၊၃၄၆
မိုရစ်သီယမ် ၇၂
မိုး၊ ပက်ထရစ် ၂၇၉
မက်ဆိုဟာစ်ပတ်စ် ၇၁
မက္ခလိဂေါသာလ ၂၀၄၊၂၀၆ ၂၀၈၊၂၀၉
မင်္ဂညာဏ် ၃၆၅
မင်္ဂဖိုလ် ၃၁၈၊၃၆၅
မဂ္ဂကျင့်စဉ် ၃၈၁၊၃၈၃၊၃၈၄
မဂ္ဂနည်း ၂၁၅၊၃၈၆
မိုင်အိုးဆင်း ၇၀၊၇၂
မားစ် ၄၇၊၄၈
မာ့က်စ်ဝါဒ ၁၇၂
မာ့က်စ်ဝါဒီများ ၁၂၇
မိစ္ဆာဒိဋ္ဌိသုတ်သင်ရေးအဖွဲ့ ၄၁
မဇ္ဈေကေတ္တဝါဒ ၁၇၉
မဇ္ဈိမပဋိပဒါနည်း ၃၈၀
မည်သည့်နေရာတွင်မဆို ရှိသောအရာကို မြင်နိုင်သောအစွမ်း ၃၄၅
မည်သည့် အသံမျိုးကိုမဆို ကြားနိုင်ခြင်းအစွမ်း ၃၄၅
မတ်မတိုဒွန်း ၇၃
မေတ္တာ ၂၃၉
မန်းမက် ၇၃
မန္တက ၁၈၈
မော်လ်တန် ၇၊၈
မျိုးတူစု ၆၅
မျက်ကြည်လွှာ ၂၈၆
မြေကသိုဏ်း ၃၁၆၊၃၂၆ ၃၃၁၊၃၄၃
မြင်သိစိတ်အစဉ် ၂၅၀၊၂၅၂
မြင်းသတ္တဝါတို့၏ အိမ်ဖော်လျှူးရှင်းဖြစ်စဉ် ၇၁
မြန်မြန်ရေတွက်သောနည်း ၃၅၆
မှတ်ညာဏ်များ ၂၉၉
မျှော်လင့်စရာကင်းမဲ့သည့် ဝေဒနာ ၁၁၅
မျှော်လင့်ချက်ကင်းမဲ့နေသူ ၈၇


**ယ**


ယူကလစ် ၁၅၉
ယူရေးနပ်(စ်) ၄၇၊၅၀
ယေဘုယျနာမ်များ ၁၄၅၊၁၄၆ ၁၄၉
ယောဂကျင့်စဉ် ၂၂[illegible]


(ယွမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com




ယောဂဂိုဏ်း ၂၁၉၊ ၂၂၇၊ ၂၂၈၊ ၃၁၇၊ ၃၇၂

ယောဂဒဿန၏ကျင့်စဉ် အဆင့်ရှစ်ဆင့် ၂၂၈

ယောဂီ ၂၂၀၊ ၂၂၉၊ ၂၃၀

ယာစ်ပါ၊ ကားလ် ၁၁၆၊ ၁၁၇

ယင်ပူဇော်ခြင်း ၂၃၂၊ ၂၃၃

ယုတ္တိဖွဲ့စည်းမှု ၁၇၈

ယုတ္တိဗေဒ ၉၄၊ ၁၅၁

ယန္တရားဖြစ်စဉ် ၁၅၂

ယန္တရားဝါဒ ၁၇၂

ယုံကြည်သက်ဝင်ခြင်း ၁၅၁

**ရ**

ရသဘာဒေဝ ၁၉၂

ရဟန္တာ ၃၂၃၊ ၃၃၃

ရဒါခရစ်ရှ်နန် ၂၄၁

ရာမာနုဂျ ၂၃၄၊ ၂၃၈၊ ၂၃၉

ရာမာပီးသီးကပ်စ် ၇၆

ရာမာယန ၁၀၆

ရိနေဆဲန့် ၁၅၂

ရူပစျာန် ၃၂၄၊ ၃၃၀၊ ၃၃၁ ၃၃၈၊ ၃၄၆

ရူပစျာန်အဆင့်ငါးဆင့် ၃၂၄

ရူပါရုံ ၁၇၇

ရူပက္ခန္ဓာ ၂၉၆၊ ၃၀၀

ရေကသိုဏ်း ၃၂၆၊ ၃၄၀

ရေတွက်ခြင်းနှင့်စပ်လျဉ်းသော ကမ္မဋ္ဌာန်း ၃၅၈

ရေမွန်ဒတ် ၇၄

ရောင့်ရဲတင်းတိမ်ခြင်းသဘော ၂၈

ရည်မှန်းချက်ပန်းတိုင်တစ်ခုခု အတွက်နည်းလမ်း ၁၀၄

ရည်ရွယ်ချက်တစ်ခုကိုပြည့်စုံဖို့ အတွက် ဖြစ်ပေါ်နေသော သတ္တဝါ ၇၉

ရုပ်ဆယ်၊ ဘာထရန် ၅၇၊ ၁၀၂၊ ၁၀၃၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၇၉၊ ၁၈၁၊ ၂၈၂၊ ၃၀၆၊ ၃၀၆

ရုပ်ကြမ်းခန္ဓာ ၂၃၆

ရုပ်ကြမ်းဝါဒ ၂၁၅

ရုပ်တို့၏သက်တမ်း ၂၈၁

ရုပ်ခန္ဓာ ၂၃၆

ရုပ်နာမ်ကိုပိုင်းခြား သိသောဉာဏ် ၃၇၇

ရုပ်နာမ်တို့၏ သဘာဝအမှန် ၃၇၆

ရုပ်ပိုင်းနိယာမ ၁၇၂

ရုပ်ဝါဒ ၁၇၂၊ ၁၇၄၊ ၁၇၆၊ ၁၈၆၊ ၃၀၆

ရုပ်ဝါဒီများ ၂၄၈၊ ၂၇၂၊ ၃၇၈

ရုပ်သည်စိတ်၏ထုတ်လုပ်မှု ၁၇၄

ရုပ်သည်ပဓာန ၈၁၊ ၁၇၄၊ ၂၄၈၊ ၂၇၂

ရုပ်သွင်ပညာ ၆၅

ရုပ်အကြောင်းတရား ၂၂၃

ရုပ်အခြေခံဝတ္ထု ၈၉၊ ၁၆၀၊ ၁၇၁၊ ၁၇၂၊ ၁၇၆၊ ၁၇၈၊ ၁၇၉၊ ၁၈၀၊ ၁၈၁




www.burmeseclassic.com

www.burmeseclassic.com




၂၄၇၊ ၂၆၀
၃၀၆၊ ၃၈၁
ရုပ်၏ထုတ်လုပ်မှု ၁၇၄
ရွေ့ရှားနိုင်မှုဆိုင်ရာအယူအဆ ၄၄
ရှေ့နောက်ဆီလျော်မှု ၁၆၀
ရှေးရိုးစံထား ရူပဗေဒ ၂၀၂
ရှေးရှေးကဖြစ်ခဲ့ဖူးသော
ဘဝအစဉ်ကိုသိနိုင်ခြင်း
အစွမ်း ၃၄၆
ရှော၊ ဘားနတ် ၂၄
ရှိုပင်ဟောင်ဝါ ၁၉၊ ၃၀၊ ၉၂
၉၃၊ ၉၅၊ ၉၇
၉၈၊ ၁၃၀
ရှိတ်စပီးယား ၁၅
ရှန်ကရ (သင်္ကရ) ၂၃၄၊ ၂၃၅
၂၃၆၊ ၂၃၇
ရွှေဇံအောင်၊ ဦး ၂၅၃

**လ**

လ ၆၊ ၁၁၊ ၃၉
လာပလာ့စ် ၆၊ ၇
လာမက်ထရီ၊ ဂျေ ၄
လာမွန်တော့ဖ် ၁၃၀
လိကီ၊ ဂျိုနသန် ၇၆
လိကီ၊ ရစ်ချတ် ၇၆
လိကီ၊ လူးဝစ် ၇၅
လီနင် ၁၇၄
လီယိုပါဒီ ၁၃၁
လူကိုစိုးမိုးချုပ်ကိုင်နေ
သော စွမ်းအား ၉၃
လူကိုမျောက်များက
ကဲ့ရဲ့ကြပုံ ၂၀
လူစီပတ်စ် ၁၄၃
လူတို့၏ အမူအကျင့် ၂၉
လူဗဟိုပြုဒဿန ၁၁၁
လူယုတ်မာ ၂၄
လူသတ္တဝါတို့အားဒုက္ခ
အပေါင်းမှ
ကယ်တင်သူ ၂၃၀
လူအဖြစ်သို့ ဆင့်ကဲဖြစ်စဉ်
အားဖြင့်သာရောက်ရှိ
လာခြင်း ၇၃
လူ၏ဂုဏ်သိက္ခာ ၄၀၊ ၈၆၊ ၈၇
၈၈၊ ၈၉၊ ၉၀၊ ၁၂၉
၁၃၅၊ ၁၄၁၊ ၁၆၀
၂၄၃၊ ၃၈၄
လူ၏ အစ ၁၇
လူ့စိတ်၏ အနှစ်သာရ ၉၂
လူ့ဘဝသို့ ဘာကြောင့်မှန်း
မသိဘဲရောက်လာသူ ၁၂၆
လူ့ရုပ်ပုံလွှာ ၃၉၊ ၄၆၊ ၉၀
လူ့အတွင်းသန္တာန်အကြောင်း
တိတိပပရှင်းမပြ
နိုင်သောပညာရပ်များ ၁၁၆
လူ့အသိဉာဏ်၊ ဆင်ခြင်ဉာဏ်၏
အထွတ်အထိပ်ဖြစ်သော
သိပ္ပံပညာ ၂၂
လေကသိုဏ်း ၃၂၇၊ ၃၄၁၊ ၃၄၃
လေတွင်ပျံသန်းနိုင်သော
သတ္တဝါများ ၁၇




www.burmeseclassic.com

www.burmeseclassic.com



လောကကြီးကိုဖန်တီး
စီစဉ်သူ ၂၂၂
လောကစံ ၂၄၂၊၃၇၆
လောကအလယ်၌
ထည်ဝါသူ ၉၂
လောကအလယ်၌
သိမ်ငယ်သူ ၇၇
လိုအပ်မှုသဘော ၉၀
လက်တွေ့စမ်းသပ်ခြင်း ၆၃
လိုက်ဗနိစ် ၁၆၇၊၁၆၈၊၁၇၀
လော့ခ်၊ ဂျွန် ၇၉၊၁၇၀၊၁၇၁
လိဂ်သရီရ ၂၆၉
လုပ်ငန်းတူသော်လည်း
ဆင်းသက်မှုအခြေခံကွဲ
လက္ခဏာများ ၆၆၊၆၇
လွင့်မျောနေသောအယူအဆ
အတွေးအမြင် ၃၇၂
လွတ်မြောက်ရေး
တရား ၁၉၃၊၂၃၃
လွတ်မြောက်သွားသော
အတ္တ ၂၂၇
လွတ်လပ်ခြင်း ၉၁၊၁၂၄၊၁၂၆

## ဝ

ဝသီ ၂၆၁၊၃၂၆၊၃၂၇
ဝသီဘော် ၃၃၂၊၃၃၃
ဝါသနာ ၅၆၁
ဝိဂတပစ္စည်း ၂၇၁
ဝိစာရ ၃၂၁၊၃၂၃၊၃၂၄
ဝိညာနက္ခန္ဓာ ၃၀၁၊၃၇၉၊၃၈၀
ဝိညာဏ် ၁၄၁၊၁၄၂၊၁၅၁
၁၅၂၊၁၅၄၊၁၆၅၊၁၇၄
၁၇၆၊၁၇၉၊၁၉၀၊၂၀၅
၂၁၂၊၂၁၅၊၂၂၃၊၂၃၈
၃၀၄၊၃၃၃
ဝိတက် ၃၂၁၊၃၂၃၊၃၂၄
ဝိဒေဟမုတ္တိ ၂၃၂
ဝိပဿနာ ၂၈၉၊၃၀၄၊၃၀၅
၃၃၃၊၃၆၄၊၃၆၅၊၃၆၈
၃၇၀၊၃၇၁၊၃၇၃၊၃၇၄
၃၇၅၊၃၇၆၊၃၇၈၊၃၈၀
၃၈၃၊၃၈၆
ဝိပဿနာဉာဏ် ၂၈၉၊၃၄၉
၃၆၅၊၃၈၃
ဝိရာဂါနုပဿနာ ၃၇၁
ဝီရိယ ၂၆၁
ဝီရိယမဂ္ဂင် ၃၈၁
ဝိသေသိကဂိုဏ်း ၂၁၉၊၂၂၅
၂၂၆
ဝိသုဒ္ဓိမဂ် ၃၂၀၊၃၆၀၊၃၆၆
၃၇၀
ဝီစိကိစ္ဆာ ၃၂၁
ဝီထိ ၂၃၁
ဝီထိစိတ် ၂၄၉၊၂၅၂၊၂၆၂
၃၃၄၊၃၃၆၊၃၃၇၊၃၃၈
ဝုဋ္ဌာနသီ ၂၅၆
ဝုဋ္ဌောစိတ် ၂၅၂၊၂၅၉၊၃၃၆
ဝေဒနာကျမ်းများ ၁၈၇
ဝေဒခေတ် ၁၁၉၊၁၈၅၊၁၈၆
၁၈၇



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာနုပဿနာ
 သတိပဋ္ဌာန် ၃၆၈၊၃၇၂
ဝေဒနာက္ခန္ဓာ ၂၆၉၊၃၇၉
 ၃၈၀
ဝေဒန္တဂိုဏ်း ၂၁၉၊၂၃၄၊၃၇၂
ဝေဒန္တဓမ္မကဖော်ပြသည့်
 သစ္စာတရားကိုနားလည်
 သဘောပေါက်ရန်အတွက်
 ပြင်ဆင်ရမှု
 အဆင့် (၄) ဆင့် ၂၃၇
ဝေပုလ္လတောင် ၂၉၀
ဝေဘူဆရာတော် ၃၇၇
ဝိဇ္ဇာဉာဏ် ၁၉၆၊၁၉၇၊၂၀၃
 ၂၂၁၊၂၃၆
ဝပ်ဆင် ၁၇၆

**သ**

သညာ ၂၆၁၊၂၉၉၊၃၀၀
 ၃၀၃၊၃၁၀
သညာက္ခန္ဓာ ၂၉၉၊၃၇၉၊၃၈၀
သတိ ၂၆၁
သတိပဋ္ဌာန် ၂၁၅၊၂၄၃
သတိပဋ္ဌာန်ကျင့်စဉ် ၃၀၆၊၂၅၃
သတိမဂ္ဂင် ၃၈၁
သဘာဝတရား ၁၆၈၊၁၇၀
သဘာဝလောကကြီးအား
 မိမိလိုအင်များအတွက်
 ချုပ်ကိုင်စေစားနိုင်
 စွမ်းသူ ၂၁၊၈၅
သဘာဝဝါဒ ၁၈၆
သဘာဝအလှတရားများ၌
 ခံစားနစ်မျောနေခြင်း ၉၇
သမထ ၃၀၆၊၂၁၅၊၃၆၄
သမထကမ္မဋ္ဌာန်း ၃၂၁
သမထကျင့်စဉ် ၃၁၆၊၃၄၆
 ၃၄၉
သမထဝိပဿနာကျင့်စဉ် ၃၀၆
သမန္တရပစ္စယသတ္တိ ၂၆၀၊၂၇၁
သမာဓိဋ္ဌိမဂ္ဂင် ၃၈၂
သမာဓိ ၂၃၁၊၂၆၁၊၃၀၅
 ၃၂၀၊၃၃၆၊၃၃၇
 ၃၇၀၊၃၇၁၊၃၇၈
သမာဓိစွမ်းအား ၁၉၁
သမာဓိမဂ္ဂင် ၃၈၁
သမာပဇ္ဇနဝသီ ၃၂၂
သမာပတ် ၃၃၄
သမိုင်း၏တိုးတက်စဉ် ၉၂
သဿတဝါဒ ၂၁၂၊၃၄၈
သာမိုန်ျူကလီးယားဖြစ်စဉ် ၁၀
သိတတ်သောရုပ်သည်ပင်
 စိတ် ၂၄၈
သိတတ်သောသဘောသည်
 စိတ် ၂၄၈
သိမှုကိစ္စ ၂၃၁
သိမှုအစဉ် ၁၇၃
သီအိုရမ် ၁၅၉
သီးခြားဖန်ဆင်းခြင်း
 သီအိုရမ် ၆၄၊၆၅၊၆၆၊၇၃
သီးခြားအတ္တများ ၁၄၆၊၁၄၉
သီးသီးသန့်သန့်တည်ရှိနေသော
 အရာ ၂၆



www.burmeseclassic.com

www.burmeseclassic.com




သုခုမသရီရ ၂၆၉

သုဂတိသို့ရောက်စေနိုင်သော ကျင့်ဆောင်မှု ၁၆၀

သူတစ်ပါး၏စိတ်အခြေအနေ အကြံအစည်ကိုသိနိုင်ခြင်း အစွမ်း ၃၄၅

သူရဲကောင်းကိုးကွယ်မှုဝါဒ ၁၀၂

သူ့အလိုလိုမှန်နေသော အဆို ၁၅၄၊၁၅၉

သေခြင်းတရား ၁၁၈၊၁၂၈ ၁၄၈

သေဖို့ရန်မွေးဖွားလာရခြင်း ၁၁၄

သောတဒ္ဒါရဝီထိ ၂၄၃

သံယောဇဉ် ၃၂၃

သံသယနည်း ၁၅၅

သံသယဝါဒ ၁၈၆၊၂၀၉ ၂၁၁၊၃၁၆

သံသရာ ၁၈၅၊၂၀၃၊၂၀၈ ၂၂၁၊၂၂၂၊၂၂၇ ၂၃၂၊၂၃၃၊၂၃၆ ၂၄၂၊၃၇၂၊၃၈၇

သံသရာ၌တည်ဆောက်ရာ ရခြင်း ၂၇၉

သက်စကျောက်လွှာ ၆၈

သက်နှောင်းကျောက်လွှာ ၆၉

သက်မဲ့ကျောက်လွှာ ၆၈

သက်ရှိတို့၏ ဆင့်ကဲဖြစ်စဉ် သီအိုရီ ၆၄

သက်ရှိဖြစ်ပေါ်လာခြင်း၏ ရည်ရွယ်ချက် ၁၇

သက်ရှိဖြစ်ပေါ်လာရေးအတွက် အခြေခံဒြပ်ပေါင်းများ ၁၅

သက်ရှိဘဝစတင်မွေးဖွားရာ အရပ် ၁၄

သက်ရှိဘဝတို့၏ဖြစ်စဉ် ၁၂

သက်လယ်ကျောက်လွှာ ၆၉

သက်လွှမ်းကျောက်လွှာ ၆၉

သင်္ခါရ ၂၇၊၃၀၂၊၃၀၃ ၃၀၄၊၃၀၈၊၃၀၉ ၃၁၀၊၃၇၄၊၃၈၂

သင်္ခါရတရား ၂၅၈

သင်္ခါရဓမ္မ ၂၇၊၂၉၃

သင်္ခါရက္ခန္ဓာ ၃၀၁၊၃၈၀

သင်္ချာကာရိကာကျမ်း ၂၆၉

သင်္ချာဂိုဏ်း ၂၁၉၊၂၂၅၊၂၂၆ ၂၂၇၊၂၆၉

သင်္ချာပညာ ၁၅၄၊၁၅၉

သချိုင်း၏ဟိုမှာဘက် ၃၄၈

သစ္စာတရား ၂၆၃

သဥ္ဇယဗေလဋ္ဌပုတ္တ ၂၀၄၊၂၀၉ ၂၁၀

သတ္တလောကတွင်ထိပ်တန်း အကျဆုံး

သတ္တလောကတွင် ထည်ဝါသူ ၈၆

သတ္တလောက၌ အမြင့်မြတ် ဆုံးသောသူ ၁၄၇

သဒ္ဒါရုံ ၁၄၃၊၁၇၇

သဒ္ဒါ ၁၉၇၊၂၃၉ ၂၄၀၊၂၆၀

သိဒ္ဓတ္ထ ၂၀၃

သန္တိရဏစိတ် ၂၅၂၊၂၅၆




www.burmeseclassic.com

သန္ဓေဗေဒ ၆၇
သိပ္ပံနည်း
သိပ္ပံနည်းကျကြည့်ရှု
 လေ့လာခြင်း ၆၃
သဗ္ဗစိတ္တသာဓာရဏ
 စေတသိက် ၂၆၁
သမ္ပဋိစ္ဆိုန်းစိတ် ၂၅၂၊၂၅၈
သမ္ပရာဗျာနာတ ၂၃၁
သမ္မသနဉာဏ် ၃၇၈
သမ္မာကမ္မန္တမဂ္ဂင် ၃၈၃
သမ္မာဝါစာမဂ္ဂင် ၃၈၃
သမ္မာသင်္ကပ္ပမဂ္ဂင် ၃၈၃
သမ္မာအာဇီဝမဂ္ဂင် ၃၈၃
သုံးဆယ့်တစ်ဘုံ ၂၆၆
သုတ္တန်ခေတ် ၁၈၆၊၁၈၇
 ၂၁၉
ဩကာသလောက ၂၆၆
သွေတန်ဘရဂိုဏ်း ၁၉၃

**ဟ**

ဟဒယ ၂၅၃၊၂၅၄
ဟဒယဝတ္ထု ၂၅၃
ဟာကျူလိစ် ၅၃
ဟာရာကလိုက်တပ်စ် ၁၄၂၊၂၈၁
ဟီလီယမ် ၁၀၊၅၁
ဟေဂယ် ၉၀၊၉၁၊၉၂၊၉၇၊၉၈
 ၁၁၄၊၁၂၈၊၁၂၉
 ၁၃၀၊၁၃၂၊၁၇၂
ဟေလီကြယ်တံခွန် ၅၁
ဟိုက်ဒရိုဂျင်ဆိုင်ယာနိုဒ် ၁၄
ဟိုက်ဒရိုဂျင်အဏုမြူ ၉၊၁၀
ဟိုက်ဒက်ဂါးမား၊ မာတင် ၁၁၇၊၁၁၈
ဟိုမိုအီရက်တပ်စ် ၇၇
ဟစ်တလာ ၁၀၆
ဟတ်စလေ ၁၅
ဟိန်း ၁၃၁
ဟိန္ဒူဘာသာ ၁၈၆၊၂၁၉
ဟျူမ်း၊ ဒေးဗစ် ၈၉၊၁၇၁၊၁၇၂
 ၃၀၅၊၃၀၆

**အ**

အကိရိယဝါဒ ၂၀၄၊၂၀၈
 ၂၁၂
အကုသိုလ် ၂၀၈၊၂၆၂
အကောင်းမြင်သမား ၃၀
အကြောင်းမဲ့သော
အကြောင်းတရား ၅၊၁၈၉
အကြောင်းအကျိုးဆက်နွယ်
မှု ၁၆၆၊၂၆၁၊၂၇၈
အကြောင်းအကျိုးတရား ၂၂၇
 ၂၄၇၊၂၆၅
အကြွင်းမဲ့ဝိညာဉ် ၉၁
အချည်းနှီးသတ္တဝါ ၈၈
အချည်းနှီးအသက်ရှင်နေရ
 သောအဖြစ်ကို ရွံ့
 ကြောက်သော
 သတ္တဝါ ၁၁၄
အချိန်နှင့်နေရာ ၂၂၃
အခြားသူများအတွက်ပါ
တာဝန်ယူလုပ်
ဆောင်နေရသူ ၁၂၅
အခြေခံပြုသောဈာန် ၃၃၉

www.burmeseclassic.com




အခြေခံဝတ္ထု၏
    ဂုဏ်ရည်များ ၁၆၈
အစစ်အမှန်တရား ၈၈၊၉၀၊၁၉၂
    ၂၁၅၊၂၂၂၊၂၂၆
အစစ်အမှန်တရားကို
    သိနိုင်သူ ၈၈
အစစ်အမှန်လောက ၁၄၅၊၁၄၆
    ၁၄၉
အစဉ်ပြောင်းလဲဖောက်ပြန်
    နေသောလောက ၁၄၅
အစဉ်အမြဲ တိုးတက်ရွေ့လျား
    နေသောသဘော ၉၁
အစွဲတဏှာ ၁၉၅၊၁၉၆
အဆိုးဘက်မှရှုမြင်သော
    အမြင် ၁၃၀
အဆင့်မြင့်ဖွံ့စည်းမိသော
ရုပ်တို့၏ထုတ်လုပ်မှု ၁၇၃
    ၂၁၃
အဆုံးစွန်ကောင်းမြတ်သူ ၂၃၉
အဆုံးစွန်သော အမှန်
    တရား ၈၇၊၈၉
အဆုံးပန်းတိုင် ၂၃၁
အဇိတကေသကမ္ဗလ ၂၁၃
    ၂၁၄၊၂၁၅
အညိုရောင်ကသိုဏ်း ၃၂၈
    ၃၄၁၊၃၄၄
အဋ္ဌကထာ ၂၃၄
အတီတဘဝင်စိတ် ၂၅၁၊၂၅၆
အတွေ့အကြုံအဓိကဝါဒီ ၃၀၆
အတွေးအခေါ်စာပေခေတ် ၁၈၅
အတွေးအခေါ်ဆိုင်ရာ
    တော်လှန်ရေး ၆၅
အထူးချွန်ဆုံးသူ ၁၀၀၊၁၀၂
    ၁၀၄
အထုံဝသီ ၃၂၆၊၃၂၇၊၃၄၆
အဒွိတ္တဝါဒ ၂၃၈
အဓိဋ္ဌာနဝသီ ၃၂၂
အဓိပ္ပာယ်မဲ့သော အထီးကျန်
    သောဘဝ ၅၇
အဏုမြူဝါဒီများ ၁၄၃၊၁၄၈
    ၁၅၀
အနာဂါမ် ၃၃၃
အနုပညာလက်ရာ ၁၃၃
အနုဗန္ဓနာနည်း ၃၅၅၃၅၉
    ၃၆၀၊၃၆၁
    ၃၆၂၊၃၆၃
အနှံ့နှင့်သက်ဆိုင်သော
    စိတ်အစဉ် ၂၄၉
အနက်ဇီမင်းနိစ် ၁၄၂
အနိစ္စ ၃၇၂၊၃၇၃၊၃၇၄
    ၃၇၅၊၃၈၁၊၃၈၂၊၃၈၃
အနိစ္စနုပဿနာ ၃၇၁၊၃၇၄
အနိစ္စလက္ခဏာ ၃၇၄၊၃၈၃
အနတ္တ ၂၈၈၊၂၈၉၊၂၉၉
    ၃၀၀၊၃၀၁၊၃၀၂
    ၃၀၆၊၃၄၉၊၃၅၃
    ၃၇၈၊၃၈၀၊၃၈၁
    ၃၈၂၊၃၈၃၊၃၈၄
    ၃၈၆၊၃၈၇
အနန္တစကြဝဠာ ၅၆၊၅၇
အနန္တရ ပစ္စယသတ္တိ ၂၅၉




www.burmeseclassic.com

www.burmeseclassic.com




အနန္တဝိညာဉ် ၈၁၊၈၂၊၈၇
၁၂၃၊၁၂၈
အပေးအယူလုပ်ရင်း ဆက်ဆံ
ပေါင်းသင်းနေသည့်
လောကကြီး ၂၄
အပြုအမူ ပဓာနဝါဒီ ၂၅၇
အပြုအမူဝါဒ ၁၉၆၊၃၇၅
အဖြူရောင်ကသိုဏ်း ၃၂၇၊၃၂၈
၃၄၄၊၃၄၅၊၃၄၆
အဗြဟ္မာစရိယာ ၂၀၁
အဘိညာဉ် ၁၈၄၊၂၄၂၊၃၃၈
၃၄၀၊၃၄၂၊၃၄၅
၃၄၆၊၃၄၈
အဘိညာဉ် ပဥ္စမစျာန် ၃၄၀
အဘိဇ္ဈာ ၃၂၄
အမိုးနီးယား ၁၄
အမြင်ရှုထောင့်နှင့်ဆက်နေ
သော လောက ၁၀၅
အမြင့်ဆုံးစျာန် ၃၃၃
အမြင့်မြတ်ဆုံးသော
သတ္တဝါ ၂၁
အမှန်တကယ်ရှိသော
လောက ၁၅၇
အမှန်သစ္စာ ၁၈၃
အမှန်အရှိတရား ၂၃၅၊၂၃၆
၂၃၇
အရသာ သိစိတ်အစဉ် ၂၅၀
အရဟတ် ၂၀၃
အရဟတ္တမဂ်ဖိုလ် ၃၆၅
အရိယာတရား ၃၀၉
အရိယာမဂ် ၃၉၅
အရိုးမာငါးများ ၆၉
အရင်းရှင် ၁၃၃၊၁၃၇
အရောင်ကသိုဏ်းများ ၃၂၇
အရှေ့တိုင်းမှ ဘာသာရေး
အတွေးအခေါ်
ပညာရှင်များ ၁၇၅
အရစ္စတာချုစ် ၃၄
အလူမီနီယမ် ၁၂
အလင်းနှစ် ၅၂၊၂၉၄
အလင်းရောင်ကသိုဏ်း ၃၂၇
၃၃၀၊၃၄၅
အလယ်ခေတ် ၃၉၊၃၈၊၆၃
၁၅၁၊၁၅၂
အဝါရောင်ကသိုဏ်း ၃၂၇
အဝိဇ္ဇာ ၂၀၃၊၂၁၉၊၂၂၁
၂၃၅၊၂၃၆၊၂၃၉
၂၄၀၊၂၉၇၊၃၄၈
အသိဉာဏ် ၂၂၊၂၄၊၂၇၊၃၈၇
အသိရှိသမာဓိ ၂၃၁
အသိလွန်သမာဓိ ၂၃၁
အသိသညာ ၁၅၉
အသံမထွက်သောရုပ်တို့၏
လှုပ်ရှားခြင်းသည်
တွေးခေါ်ကြံစည်
ခြင်း ၁၉၆
အသက်ကောင် ၃၇၂
အသက်ဇီဝ၏ အခြေခံ ၁၅
အသက်တမ်းစေ့၍ အသက်
ကုန်၍ သေခြင်း ၂၆၆
အသက်ရှင်နေလိုမှု ဆန္ဒ ၈၇


(ပဥ္စမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com




အသက်၏ ယေဘုယျ
လက္ခဏာများ ၃၆
အသမ္မရာဈျာနာတ ၂၃၁
အသုံးကျတန်ဖိုး ၁၃၄
အသွင်လောက ၁၄၅
အဟေတုကဝါဒ ၂၀၅၊၂၀၀
အဟောသိကံ ၂၃၂၊၂၆၅
အဟံကာရ ၂၆၉၊၂၇၀
အာကာသ ၁၉၀၊၂၂၃
အာကာသပညတ် ၃၃၂
အာဇီဝကကျင့်စဉ် ၂၀၉
အာနာပါနကျင့်စဉ် ၃၆၄
၃၇၂၊၃၇၇
အာနပါနဿတိ ၃၅၃
အာရစ္စတိုတယ်လ် ၃၀၊၄၃၊၇၉
၁၄၆၊၁၄၇၊၁၄၀
အာရုပ္ပ ၃၂၅၊၃၃၀
အာရုပ္ပကမ္မဋ္ဌာန်း ၃၃၀
အာရုံငါးပါးကို အသုံးပြု
ရသော သိပ္ပံနည်း ၀၀
အာရုံတွေ့ အခြေပြုဒဿန
ပညာရှင်များ ၀၉
အာရုံရုပ်တရားများ ၁၉၅
အာရုံအားဖြင့်သိခြင်း ၃၆၆
၃၆၇
အာဝဇ္ဇန်းစိတ် ၂၅၁၊၂၅၆
အာဝဇ္ဇနဝသီ ၃၂၃
အာသန ၂၂၉
အာသဝ ၁၅၇
အာဟာရဇရုပ် ၂၆၀
အားငယ်စရာမရှိသူ ၂၄၂
အိလိယက် ၀၇
အီဖော်လျူးရှင်းသီအိုရီ ၆၃၊၆၄
၆၅၊၇၃၊၀၁၊၀၂
၀၅၊၀၆၊၁၄၁၊၁၇၃
အီလက်ထရွန်အမှုန် ၉၊၁၀
အီသာခေတ် ၁၀၀၊၂၂၃
အီအိုဆင်း ၇၀၊၇၁၊၇၂
အီအိုဟစ်ပတ်စ် ၇၁
အီးကိုလမ်ဘီ ၇၃
အီးအင်ပါရေတာ ၇၃
အော်စထရာလိုပီးသီးကပ်စ် ၇၄
၇၅၊၇၇
အော်စထရာလိုပီးသီးကပ်စ်
ရောဘတ်စတပ်စ် ၇၅
အော်ရီဘင်ဒို၊ ရှရီ ၂၄၁
အော်ရန်ဂူတန်မျောက်ဝံ ၇၇
အော်လီဂိုဆင်း ၇၀၊၇၁၊၇၂
အက်စီယမ် ၁၅၄၊၁၅၅၊၁၅၇
၁၅၉
အက်ဆက်တီကိုလိုင်း ၂၀၅
အက်ဆွန် ၂၀၄
အက်ဒီနိုဆင်းတြိုင်ဖော့စဖိတ် ၁၆
အက်ဒီနိုဆင်းဒိုင်ဖော့စဖိတ် ၁၆
အက်ပီကျူးရီးယန်း
ဂိုဏ်းသားများ ၁၄၇
အက်ပီကျူးရပ်စ် ၁၄၀
အင်ဒရိုမီးဒါးစ် ၂၇၉
အင်အားနည်းသူ၏စိတ် ၉၉
အင်္ဂါဂြိုဟ် ၄၆၊၄၇




www.burmeseclassic.com

www.burmeseclassic.com




အင်္ဂါရှစ်ပါးပါဝင်သော မဂ္ဂကျင့်စဉ် ၂၁၅၊ ၂၄၃၊ ၃၀၄

အိုင်းစတိုင်း၊ အဲလ်ဘတ် ၈၆၊ ၁၅၉

အတ္တ ၈၈၊ ၁၄၃၊ ၁၄၂၊ ၁၄၃၊ ၁၄၄၊ ၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၄၈၊ ၁၄၉၊ ၁၅၀၊ ၁၅၁၊ ၁၅၂၊ ၁၅၃၊ ၁၅၄၊ ၁၅၆၊ ၁၅၇၊ ၁၅၈၊ ၁၆၀၊ ၁၆၁၊ ၁၆၃၊ ၁၆၅၊ ၁၆၆၊ ၁၆၇၊ ၁၆၉၊ ၁၇၀၊ ၁၇၁၊ ၁၇၂၊ ၁၇၃၊ ၁၇၄၊ ၁၇၅၊ ၁၇၆၊ ၁၇၈၊ ၁၇၉၊ ၁၈၀၊ ၁၈၁၊ ၁၈၅၊ ၁၈၇၊ ၁၈၈၊ ၁၉၁၊ ၁၉၂၊ ၁၉၄၊ ၁၉၅၊ ၁၉၆၊ ၁၉၇၊ ၁၉၈၊ ၂၀၁၊ ၂၀၂၊ ၂၀၃၊ ၂၀၄၊ ၂၀၆၊ ၂၀၈၊ ၂၁၂၊ ၂၁၇၊ ၂၂၀၊ ၂၂၁၊ ၂၂၂၊ ၂၂၅၊ ၂၂၆၊ ၂၂၇၊ ၂၂၈၊ ၂၃၁၊ ၂၃၂၊ ၂၃၃၊ ၂၃၄၊ ၂၃၅၊ ၂၃၆၊ ၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁၊ ၂၄၂၊ ၂၄၅၊ ၂၄၇၊ ၂၆၅၊ ၂၇၇၊ ၂၈၀၊ ၂၈၁၊ ၂၉၆၊ ၂၉၈၊ ၂၉၉၊ ၃၀၁၊ ၃၀၂၊ ၃၀၄၊ ၃၀၅၊ ၃၀၆၊ ၃၀၇၊ ၃၀၈၊ ၃၁၀၊ ၃၁၃၊ ၃၁၅၊ ၃၄၆၊ ၃၄၈၊ ၃၄၉၊ ၃၅၀၊ ၃၅၁၊ ၃၅၃၊ ၃၇၂၊ ၃၈၂၊ ၃၈၄

အတ္တကိုလမထကျင့်စဉ် နည်း ၂၀၉၊ ၂၁၅

အတ္တဇီဝ ၁၇၄၊ ၁၈၅၊ ၂၂၃၊ ၂၄၂၊ ၂၇၇၊ ၂၉၉၊ ၃၀၁၊ ၃၀၆၊ ၃၅၀၊ ၃၅၃၊ ၃၈၁၊ ၃၈၂

အတ္တဒိဋ္ဌိ ၁၇၉၊ ၂၈၈၊ ၂၉၆၊ ၃၅၁

အတ္တဝါဒ ၁၇၉၊ ၁၈၀၊ ၁၈၁၊ ၂၀၂၊ ၂၄၂၊ ၂၇၄၊ ၂၇၉

အတ္တဝါဒီ ၁၄၂၊ ၁၇၉၊ ၁၈၀၊ ၁၈၁၊ ၂၄၂

အတ္တသညာ ၃၇၁

အတ္တ၏သီးသန့်ဖြစ်ပွားမှု စင်ကြယ်မှု ၂၃၁

အတ္တ၏အမှန်သဘာဝကို သိမြင်နိုင်သော ကျင့်စဉ် ၂၂၈

အနတ္တမရှုပ် ၁၄၄

အိန္ဒိယဒဿနကိုဏ်းများ ၂၂၈၊ ၂၃၃၊ ၃၁၅၊ ၃၇၂

အိန္ဒိယဒဿနသမိုင်း ၁၈၆၊ ၂၁၅၊ ၂၆၁

အိန္ဒြေ ၂၂၆၊ ၂၃၀၊ ၂၆၉

အပ်ရှား၊ ဂျိမ်း ၇၈

အပ္ပနာချောန်လေးပါး ၃၇၃၊ ၃၇၆

အပ္ပနာသမာဓိ ၃၂၂၊ ၃၃၇

အယ်လိဇဘက်ဘုရင်မ (ပထမ) ၂၈၈




www.burmeseclassic.com

www.burmeseclassic.com



သာ

**ဥ**

ဥတုဇရုပ် ၂၀၄
ဥပစာရသမာဓိ ၂၄၄၊၂၅၃
၂၆၈၊၂၉၈၊၃၀၁၊၃၀၅
ဥပဒေသစည်းမျဉ်း
လေးခု ၁၅၅
ဥပနိဿဒ်ကျမ်းများ ၁၈၇
၁၈၈၊၁၈၉၊၁၉၀
ဥပနိဿဒ်အတွေးအခေါ်
များ ၁၈၆၊၁၈၇
ဥပါဒါန် ၁၅၆၊၁၇၆၊၁၇၇
၁၈၆၊၁၈၈၊၂၂၁
၂၂၂၊၂၃၃
ဥပစ္ဆေဒကကံဖြစ်၍ သေခြင်း ၂၁၃
ဥပဒ် ၁၉၉၊၂၉၈
ဦးနှောက် ၂၁၊၇၄၊၇၅၊၁၇၃
၁၇၄၊၁၇၆၊၂၅၆
၂၈၅၊၂၈၆၊၂၈၇
ဥဂ္ဂဟနိမိတ် ၂၅၃၊၂၅၄၊၂၅၉
၂၆၀၊၂၆၁၊၂၆၈
ဥစ္ဆေဒဒိဋ္ဌိ ၁၇၁
ဥစ္ဆေဒဒိဋ္ဌိဝါဒီ ၃၀၈
ဥတ္တရမိမံသဂိုဏ်း ၁၇၅
ဥဒ္ဓစ္စ ၂၅၄

**ဧ**

ဧကဂ္ဂတာ ၂၅၅၊၂၅၇၊၂၅၈
၂၇၈

---



www.burmeseclassic.com

www.burmeseclassic.com

# နန္ဒာသိန်းဇံ ၏ ထုတ်ဝေပြီးစာအုပ်များ

၁။ အတွေးအခေါ်တို့လွင့်မျောခြင်းနှင့်
လူ၏ဆောက်တည်ရာ (၁၉၈၃) - ၄၀၀၉၄၁၀၅၀၉

၂။ ဘဝအဓိပ္ပါယ်နှင့် ဘဝသစ္စာ (၁၉၇၅) - ၃၅/၈၉(၁)

၃။ ကိုယ်ကျင့်တည်ကြည်ခြင်းနှင့်
အဆင့်မြင့်ခရီးစဉ် (၁၉၇၇) - ၃၈၀/၈၉(၈)

၄။ စီးပွားရေးနှင့် စစ်ရေးဖျူဟာ (၁၉၉၂) - ၂၅/၉၂(၂)

၅။ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း (၁၉၇၉) - ၃၉၄/၈၉(၈)

၆။ မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း (၁၉၈၀) -၄၈၇/၈၈(၁၁)

၇။ စိတ်အဆင့်ဆင့်မြင့်တက်ခြင်းသဘာဝ (၁၉၇၅) - ၂၁၁/၈၉(၅)

၈။ အရိုမခွဲနမှ တွေးမြင်ရန့်တို့ ငွေ့ပျံနေဆဲ (၁၉၉၅) - ၁၃၆/၉၅(၃)

၉။ အသွင်သဏ္ဌာန်တို့နောက်ကွယ်၌ (၁၉၉၃) - ၄၀၈/၉၄(၇)

၁၀။ ကြာ (၁၉၉၂) - ၄၁၄/၉၁(၁၀)

၁၁။ မှန်သောစကားကိုဆိုခြင်းနှင့် ပတ်သက်သော
မှတ်ချက်များ (၁၉၈၈) - ၃၉၃/၈၉(၈)

၁၂။ ထေရဝါဒနှင့် ပတ်သက်သောမှတ်ချက်များ (၂၀၀၁)
၃၀၂/၂၀၀၀(၅)

၁၃။ တွေးချိန်ချင့်စရာ (၁၉၉၉) - ၁၀၄၈/၂၀၀၁(၁၀)

၁၄။ နက္ခတ်ဗေဒင်နှင့် မြန်မာ့အတွေးအမြင်အစဉ်အလာ

၁၅။ မြေဆည်ရာ (၁၉၈၉) - ၄၂၂/၈၈(၇)

၁၆။ THROUGH LIFE'S PERILS(1983) - 1148

၁၇။ မနက်ဖြန်များကိုဖြတ်သန်းနေသော စိတ်ကူးများ (၂၀၀၃)
၈၆၂/၂၀၀၂(၁၀)

၁၈။ ပြောရင်းပြောနေမည့် ချစ်ခြင်းမေတ္တာ (၂၀၀၄)-၃၀၉/၂၀၀၄(၄)

၁၉။ သမုဒ်ပင်လယ်ပြာ နှိုင်းပမာ (၂၀၀၈) - ၄၀၀၂၄၃၀၃၀၈

၂၀။ နောင်တကင်းရာသို့... (၂၀၀၉) - ၄၀၀၇၉၇၀၇၀၉

www.burmeseclassic.com